ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်

(၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# မှတ်တမ်း

# (ပထမတွဲ)

၂၀၁၉ ခုနှစ်  ဒီဇင်ဘာလ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပဲခူးတိုင်းဒေသကြီးလွှတ်တော်

# ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်

# (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# မှတ်တမ်း

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အစည်းအဝေးပထမနေ့ မှတ်တမ်း(၉.၁၂.၂၀၁၉ ) ရက်နေ့ | |
| | (က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁ |
| | (ခ) တိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၁ |
| | (ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ | ၂ |
| | (ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၂ |
| | (င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၃ |
| | (စ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးဝင်းမြင့်၏ မိန့်ခွန်းနှင့် သဝဏ်လွှာများအား တိုင်းဒေသကြီးလွှတ်တော်က မှတ်တမ်းတင်ခြင်း။ | ၃ |
| | (ဆ) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားခြင်း။ | ၄ |
| | (ဇ) တိုင်းဒေသကြီး ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားခြင်း။ | ၅ |

(ဈ) တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး(၁)ဦး ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်သွင်းခြင်း။ ၈

(ည) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက် မေးမြန်းသည့် မေးခွန်း အား တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၉

(ဋ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးကြည် မေးမြန်းသည့် မေးခွန်း(၂)ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၂

(ဌ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်အောင် မေးမြန်းသည့် မေးခွန်း (၂)ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၇

(ဍ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးငွေးလွင် မေးမြန်းသည့် မေးခွန်း(၂)ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၉

(ဎ) ဦးဇော်နိုင်ဦး၊ **သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "အမျိုးသားလျှပ်စစ် ဓါတ်အားရရှိရေးစီမံကိန်း (N.E.P) လုပ်ငန်းများနှင့်ပတ်သက်၍ နယ်ပယ်ကဏ္ဍ အသီးသီး၌ တာဝန်ယူဆောင်ရွက်လျက်ရှိသော တင်ဒါအောင်ကုမ္ပဏီများအား ကျန်ရှိ နေသေးသော 11. Line တည်ဆောက်ရေးလုပ်ငန်းများကို အမြန်ဆုံး ပြီးစီးအောင် ဆက်လက် ဆောင်ရွက်ကြရန်အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရ စက်မှု၊ လျှပ်စစ် နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က အလေးထား ကြပ်မတ်ထိန်းကျောင်းပေးနိုင်ရေး တိုက်တွန်းကြောင်း"** အဆိုတင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။ ၂၁

(ဏ) ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(ဒုတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။ ၂၇

## ၂။ အစည်းအဝေး ဒုတိယနေ့ မှတ်တမ်း (၁၀.၁၂.၂၀၁၉)ရက်နေ့

(က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၂၉

(ခ) တိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၂၉

(ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ ၃၀

(ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ ၃၀

(င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ ၃၁

(စ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း (၂)ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၃၁

(ဆ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစည်သူလွင် မေးမြန်းသည့် မေးခွန်းအား တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၃၄

(ဇ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသူရဇော် မေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၄၀

(ဈ) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၄၄

(ည) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲလင်းနိုင်နှင့် ဦးဇော်လင်းထိုက် မေးမြန်းသည့်မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၄၇

(ဋ) ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာ ကော်မတီအစီရင်ခံစာကို ရေးရာကော်မတီအဖွဲ့ဝင် ဗိုလ်မှူးနေလင်း၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်က တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း။ ၅၆

(ဌ) ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီအစီရင်ခံစာကို ရေးရာကော်မတီအဖွဲ့ဝင် ဦးသက်မင်းဇော်၊ ပေါက်ခေါင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း။ ၅၉

(ဍ) ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"BRCCA အဖွဲ့ကို ဖျက်သိမ်းသော်လည်း BRCCA အဖွဲ့၏လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်နေသော BRCB(T) အဖွဲ့ကို ရပ်ဆိုင်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လိုအပ်သည့် စည်းမျဉ်းစည်းကမ်းများ စနစ်တကျရေးဆွဲပြီး တိုင်းဒေသကြီး တည်ဆောက်ရေးကြီးကြပ်မှုကော်မတီအဖွဲ့မှ QC အဖွဲ့များ စနစ်တကျထားရှိပြီး တည်ဆောက်ရေးလုပ်ငန်းများအား ကြပ်မတ်ဆောင်ရွက်ရန် တိုက်တွန်းကြောင်း"** အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။ ၆၀

(ဎ) ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)ရပ်နားကြောင်းနှင့် အစည်းအဝေး (တတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၇၀

## ၃။ အစည်းအဝေး တတိယနေ့ မှတ်တမ်း (၁၁.၁၂.၂၀၁၉)ရက်နေ့


(က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၇၁

(ခ) တိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၇၁

(ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ ၇၂

(ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ ၇၂

(င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ ၇၃

(စ) ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“BRCCA အဖွဲ့ကို ဖျက်သိမ်းသော်လည်း BRCCA အဖွဲ့၏လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်နေသော BRCB(T) အဖွဲ့ကို ရပ်ဆိုင်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လိုအပ်သည့် စည်းမျဉ်းစည်းကမ်းများ စနစ်တကျရေးဆွဲပြီး တိုင်းဒေသကြီး တည်ဆောက်ရေးကြီးကြပ်မှုကော်မတီအဖွဲ့မှ QC အဖွဲ့များ စနစ်တကျထားရှိပြီး တည်ဆောက်ရေးလုပ်ငန်းများအား ကြပ်မတ်ဆောင်ရွက်ရန် တိုက်တွန်းကြောင်း”** အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။ ၇၃

(ဆ) အဆိုကို တိုင်းဒေသကြီး လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခြင်း။ အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခြင်း။ ၇၅

(ဈ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၂)ဦး မေးမြန်းသည့်မေးခွန်း(၂)ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၇၅

(ည) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းစံနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးကျော်မင်း မေးမြန်းသည့် မေးခွန်း(၂)ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၈၀

(ဋ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၈၇

(ဌ) တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသိန်းထူး မေးမြန်းသည့် မေးခွန်း(၂)ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၉၂

(ဍ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ မေးမြန်းသည့် မေးခွန်း (၂)ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၉၆

(ဎ) ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး အဖြစ် ခန့်အပ်တာဝန်ပေးရန် အမည်စာရင်းအဆိုပြုတင်သွင်းထားသော ပုဂ္ဂိုလ်နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်း ကော်မတီ၏ကိုယ်စား ရေးရာကော်မတီအတွင်းရေးမှူး ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က ဥပဒေကြောင်းအရ ထောက်ခံ ဆွေးနွေးခြင်း။ ၉၈

(ဎ) ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အဆိုပြုတင်သွင်းခဲ့သည့် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၁၀၄

(ဏ) ပဲခူးတိုင်းဒေသကြီးလွှတ်တော် စည်ပင်သာယာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအစီရင်ခံစာကို ရေးရာကော်မတီအဖွဲ့ဝင် ဦးမျိုးမြင့်အောင်၊ သနပ်ပင် မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) က တိုင်းဒေသကြီး လွှတ်တော်သို့ တင်သွင်းခြင်း။ ၁၀၄

(တ) ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့)ရပ်နားကြောင်းနှင့် အစည်းအဝေး(စတုတ္ထနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။ ၁၀၉

## ၄။ အစည်းအဝေး စတုတ္ထနေ့ မှတ်တမ်း (၁၂.၁၂.၂၀၁၉)ရက်နေ့

(က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၁၁၀

(ခ) တိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ အထ မြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၁၁၀

(ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ ၁၁၁

(ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ ၁၁၁

(င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ ၁၁၂

(စ) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့်မေးခွန်း(၂)ခုအား တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က ဖြေကြားခြင်း။ ၁၁၃

(ဆ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်နိုင် မေးမြန်းသည့် မေးခွန်းအား တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က ဖြေကြားခြင်း။ ၁၁၇

(ဇ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက် မေးမြန်းသည့် မေးခွန်းအား တိုင်းဒေသကြီး ဥပဒေချုပ်က ဖြေကြားခြင်း။ ၁၁၇

(ဈ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးက ဖြေကြားခြင်း။ ၁၁၉

(ည) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့် မေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးက ဖြေကြားခြင်း။ ၁၂၃

(ဋ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၂)ဦး မေးမြန်းသည့်မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးက ဖြေကြားခြင်း။ ၁၂၉

(ဌ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၂)ဦး မေးမြန်းသည့်မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးက ဖြေကြားခြင်း။ ၁၃၃

(ဍ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသူရဇော် မေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးက ဖြေကြားခြင်း။ ၁၃၆

(ဎ) ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမား ရေးရာကော်မတီ အစီရင်ခံစာကို ရေးရာကော်မတီအတွင်းရေးမှူး ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း။ ၁၄၂

(ဏ) ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(ပဉ္စမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း။ ၁၄၈

## ၅။ အစည်းအဝေး ပဉ္စမနေ့ မှတ်တမ်း (၁၃.၁၂.၂၀၁၉)ရက်နေ့


(က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၁၄၉

(ခ) တိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ အထ မြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၁၄၉

(ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ ၁၅၀

(ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ ၁၅၀

(င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ ၁၅၁

(စ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက် မေးမြန်းသည့် မေးခွန်း(၂)ခု အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၅၂

(ဆ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်နိုင်ဦး မေးမြန်းသည့် မေးခွန်း(၂)ခု အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၆၁

(ဇ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်နိုင်ဦး မေးမြန်းသည့် မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၆၃

(ဈ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်စိန် မေးမြန်းသည့် မေးခွန်း (၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၆၄

(ည) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်စိန် မေးမြန်းသည့် မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၇၁

(ဋ) ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာ ကိစ္စရပ်များဆိုင်ရာ ကော်မတီအစီရင်ခံစာကို ရေးရာကော်မတီအဖွဲ့ဝင် ဦးဇော်မင်းဦး (ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က တိုင်းဒေသကြီး လွှတ်တော်သို့ တင်သွင်းခြင်း။ ၁၇၃

(ဌ) ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"BRCCA အဖွဲ့ကို ဖျက်သိမ်းသော်လည်း BRCCA အဖွဲ့၏လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက် နေသော BRCB(T) အဖွဲ့ကို ရပ်ဆိုင်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လိုအပ်သည့် စည်းမျဉ်းစည်းကမ်းများ စနစ်တကျရေးဆွဲပြီး တိုင်းဒေသကြီး တည်ဆောက်ရေးကြီးကြပ်မှုကော်မတီအဖွဲ့မှ QC အဖွဲ့များ စနစ်တကျထားရှိပြီး တည်ဆောက်ရေးလုပ်ငန်းများအား ကြပ်မတ်ဆောင်ရွက်ရန် တိုက်တွန်းကြောင်း"** အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၁၇၈

(ဍ) ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပဉ္စမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(ဆဋ္ဌမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။ ၂၀၄

# ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်

# (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်း

| စဉ် | အမည် | မဲဆန္ဒနယ်/တာဝန် |
|---|---|---|
| ၁။ | ဦးခင်မောင်ရင် | လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ လွှတ်တော်ဥက္ကဋ္ဌ |
| ၂။ | ဦးဝင်းသိန်း | ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဝန်ကြီးချုပ် |
| ၃။ | ဦးကြည်ဇင် | ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊<br>လွှတ်တော်ဒုတိယဥက္ကဋ္ဌ |
| ၄။ | ဗိုလ်မှူးကြီးလှမျိုးရွှေ | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်<br>လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး |
| ၅။ | ဦးညွန့်ရွှေ | ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး |
| ၆။ | ဦးအောင်ဇော်နိုင် | မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး |
| ၇။ | ဒေါက်တာစောညိုဝင်း | သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်<br>စည်ပင်သာယာရေးဝန်ကြီး |
| ၈။ | ဦးသန်းဝင်း | ပြင်ပပညာရှင်<br>စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး |
| ၉။ | ဦးထွန်းထွန်းဦး | ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး |
| ၁၀။ | ဒေါ်ညွန့်ညွန့်ငွေ | အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>လူမှုရေးဝန်ကြီး |

| | | |
|---|---|---|
| ၁၁။ | ဒေါ်နော်ပွယ်စေး | ကရင်တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ် |
| | | ကရင်တိုင်းရင်းသားရေးရာဝန်ကြီး |
| ၁၂။ | ဦးညွန့်ရွှေ | ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၃။ | ဦးကျော်မင်းစံ | ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၄။ | ဦးမျိုးမြင့်အောင် | သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၅။ | ဦးမျိုးခိုင် | ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၆။ | ဦးမျိုးကြည် | ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၇။ | ဒေါ်ရီရီထိုက် | ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၈။ | ဦးအောင်နိုင်ဦး | ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၉။ | ဦးညီညီထွေး | ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၀။ | ဦးလင်းလင်းကျော် | ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၁။ | ဦးသန်းထိုက်အောင် | ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၂။ | ဦးသူရဇော် | ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |

| | | |
|---|---|---|
| ၂၃။ | ဦးဝင်းမြင့် | ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၄။ | ဒေါ်လှလှဝင်း | ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၅။ | ဦးအေးမင်းဝင်း | တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၆။ | ဦးမိုးမခ | တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၇။ | ဒေါက်တာကျော်ကျော် | ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၈။ | ဦးစည်သူလွင် | ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၉။ | ဦးဇော်မင်းဦး(ခ) | ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | ဦးတင်ဆန်းဦး | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၀။ | ဦးသက်စိန် | ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၁။ | ဒေါ်နွယ်နီဝင်း | ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၂။ | ဦးကျော်ဇေယျ | အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၃။ | ဦးငွေးလွင် | အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၄။ | ဦးခင်မောင်ဝင်း | ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |

| | | |
|---|---|---|
| ၃၅။ | ဦးဌေးလွင် | ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၆။ | ဦးသက်ဝင်းလှိုင် | ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၇။ | ဦးကျော်ဇေယျ | ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၈။ | ဦးသက်မင်းဇော် | ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၉။ | ဦးဝင်းနိုင် | ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၀။ | ဒေါ်ဇင်မိုးထိုက် | ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၁။ | ဒေါ်ပပဟန် | ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၂။ | ဦးရဲလင်းနိုင် | ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၃။ | ဦးဇော်နိုင်ဦး | သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၄။ | ဦးဇော်လင်းထိုက် | သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၅။ | ဦးညွန့်ဝေ | ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၆။ | ဦးအုန်းသွင် | ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |

| | | |
|---|---|---|
| ၄၇။ | ဒေါ်မူမူခင် | သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၈။ | ဦးမောင်မောင်လွင် | သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၉။ | ဦးမျိုးအောင် | လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၀။ | ဦးအောင်အောင် | မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၁။ | ဦးစောသူရအောင် | အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၂။ | ဦးဉာဏ်ဝင်း | ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၃။ | ဦးထူးခိုင် | ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၄။ | ဦးမောင်မောင်ဦး | နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၅။ | ဦးကျော်ကျော်နိုင် | နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၆။ | ဦးအေးဝင်း | မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၇။ | ဦးဝင်းကို | မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၈။ | ဦးအောင်ကိုမင်း | ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |

| | | |
|---|---|---|
| ၅၉။ | ဦးစန်းမြင့်(ခ) | ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | ဦးဆန်းမြင့် | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၆၀။ | ဗိုလ်မှူးလှမိုးသိန်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၁။ | ဗိုလ်မှူးအောင်ကျော်မိုး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၂။ | ဗိုလ်မှူးနေလင်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၃။ | ဗိုလ်မှူးလင်းမင်းလတ် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၄။ | ဗိုလ်မှူးသိန်းထူး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၅။ | ဗိုလ်မှူးရဲဝင်းထွန်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၆။ | ဗိုလ်မှူးဖြိုးဟိန်းကျော် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၇။ | ဗိုလ်မှူးအောင်မိုးလွင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၈။ | ဗိုလ်မှူးပြည့်ဖြိုးဇော် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၉။ | ဗိုလ်မှူးကျော်သူရိန်အောင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၀။ | ဗိုလ်မှူးမျိုးမင်းဇော် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၁။ | ဗိုလ်မှူးကျော်မျိုးသန့် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၂။ | ဗိုလ်မှူးအောင်ဆန်းလင်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၃။ | ဗိုလ်မှူးဝင်းအောင်သန်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၄။ | ဗိုလ်မှူးအောင်မျိုးမင်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၅။ | ဗိုလ်ကြီးကျော်မင်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၆။ | ဗိုလ်ကြီးခင်မောင်ဝင်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၇။ | ဗိုလ်ကြီးမင်းသိန်းထိုက် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |

# ဖိတ်ကြား၍ တက်ရောက်လာကြသည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် မဟုတ်သည့် ပြင်ပပုဂ္ဂိုလ်များအမည်စာရင်း

| | | |
|---|---|---|
| ၇၈။ | ဦးမောင်မောင်အေး | တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် |
| ၇၉။ | ဦးအုန်းမြင့် | တိုင်းဒေသကြီးဥပဒေချုပ် |
| ၈၀။ | ဒေါ်သန်းဝင်း(ခ) | တိုင်းဒေသကြီးစာရင်းစစ်ချုပ် |
| | ဒေါ်သန်းသန်းဝင်း | |
| ၈၁။ | ဦးစိုးသိန်း | အကြံပေးအဖွဲ့ဝင် |
| ၈၂။ | ဒေါက်တာမြသောင်း | အကြံပေးအဖွဲ့ဝင် |
| ၈၃။ | ဦးသိန်းလှိုင် | အကြံပေးအဖွဲ့ဝင် |
| ၈၄။ | ဒေါ်နုနုဆွေ | အကြံပေးအဖွဲ့ဝင် |
| ၈၅။ | ဒေါ်မြင့်မြင့်ကြည် | အကြံပေးအဖွဲ့ဝင် |
| ၈၆။ | ဦးငွေးဝင်း | အကြံပေးအဖွဲ့ဝင် |
| ၈၇။ | ဒေါ်ဇင်မာထူး | အကြံပေးအဖွဲ့ဝင် |
| ၈၈။ | ဒေါ်ကြည်ကြည်တင် | အကြံပေးအဖွဲ့ဝင် |
| ၈၉။ | ဒေါ်သန်းသန်းဆင့် | အကြံပေးအဖွဲ့ဝင် |
| ၉၀။ | ဦးရဲနိုင်ဝင်း | အကြံပေးအဖွဲ့ဝင် |
| ၉၁။ | ဒေါ်ရည်မွန်ငွေး | အကြံပေးအဖွဲ့ဝင် |
| ၉၂။ | ဒေါ်အိချိုဇင်နိုင် | အကြံပေးအဖွဲ့ဝင် |
| ၉၃။ | ဦးဇော်မင်း | အကြံပေးအဖွဲ့ဝင် |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# ပထမနေ့ မှတ်တမ်း
# ၁၃၈၁ ခုနှစ် နတ်တော်လဆန်း ၁၃ ရက်
# ၂၀၁၉ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်
# (တနင်္လာနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)ကို နံနက် (၁၀:၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်ကဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်က ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၆၆ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၈၆.၈၄ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ ထက်ဝက်ဦးရေထက်ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ၄(ခ)အရ ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့) အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (ပထမနေ့)အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ခွင့်ပန်ကြားသွားမည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ ဖြစ်ပါတယ်။ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ညွန့်ညွန့်ဌေး (ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန)၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစောသူရအောင်၊ ပဲခူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းစံ၊ ပေါက်ခေါင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ် အမှတ်၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်အောင်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးဝင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရဲဝင်းထွန်းနှင့် ဗိုလ်မှူးပြည့်ဖြိုးဇော်တို့သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် (၉.၁၂.၂၀၁၉)

ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ယင်းတို့(၁၀)ဦး၏ ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-ဒီကနေ့ ပဲခူးတိုင်းဒေသကြီး လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၇၆)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ (၁၀)ဦး ဖြစ်ပါ တယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။လွှတ်တော်က အတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုမှတ်တမ်း တင်ကြောင်း ကြေညာပါတယ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ မိန့်ခွန်းနှင့် သဝဏ်လွှာများအား တိုင်းဒေသကြီးလွှတ်တော်က မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ၂၀၁၃ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၃၈ပုဒ်မခွဲငယ်(က)နှင့် (ခ)တို့အရ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ မိန့်ခွန်းနှင့်သဝဏ်လွှာများအား မှတ်တမ်းတင်ခြင်းအစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

- (၁၅-၉-၂၀၁၉)ရက်နေ့ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အထိမ်းအမှတ် အခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်း၊
- (၂၄-၁၀-၂၀၁၉)ရက်နေ့ (၇၄)နှစ်မြောက်ကုလသမဂ္ဂနှစ်ပတ်လည်နေ့သို့ ပေးပို့သည့် သဝဏ်လွှာ၊
- (၇-၁၁-၂၀၁၉)ရက်နေ့ (၆၄)နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာနှင့်
- (၂၁.၁၁.၂၀၁၉)ရက်နေ့ (၉၉)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာတို့အားတိုင်းဒေသကြီးလွှတ်တော်မှ မှတ်တမ်း တင်ကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား– ဒုတိယအကြိမ် ပဲခူး တိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားထားသောပုဂ္ဂိုလ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သလျက် နှုတ်ခွန်းဆက်သအပ်ပါတယ်။

တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ကျန်းမာစွာ တက်ရောက်လာကြသည့်အတွက် များစွာဝမ်းမြောက်ပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

ယခုဆိုလျှင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ကျင်းပနိုင်တဲ့အတွက် ပဲခူးတိုင်းဒေသကြီး လွှတ်တော်အနေဖြင့် ပုံမှန်အစည်းအဝေး(၁၄)ကြိမ်၊ အထူး အစည်းအဝေး(၃)ကြိမ်နှင့် အရေးပေါ်အစည်းအဝေး(၆)ကြိမ် လွှတ်တော်အစည်းအဝေးစုစုပေါင်း(၂၃) ကြိမ် ကျင်းပခဲ့ပါသည်။ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူ့ထံမှ ပြည်သူ့ထံသို့ ဆောင်ပုဒ်အတိုင်း ပြည်သူများမှ ရွေးကောက်တင်မြှောက်ပေးလိုက်သည့် ကိုယ်စားလှယ် များဖြစ်၍ ပြည်သူ့ထံသို့ ဝေးလံသည့်ဒေသ၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ဒေသများသို့ သွားရောက် တွေ့ဆုံပြီး လွှတ်တော်အတွေ့အကြုံများ ရှင်းလင်းတင်ပြခြင်း၊ မြို့နယ်စည်ပင်သာယာရေး လုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ပြည်သူအချို့၏ အခက်အခဲအကူအညီ တောင်းခံခြင်း များကို ပြည်သူများကို ကိုယ်စားပြုဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များဖြစ်သည့်အားလျော်စွာ ပြည်သူ့

အကျိုးပြုလုပ်ငန်းများကို လွှတ်တော်တွင်းနှင့် လွှတ်တော်ပြင်ပတွင် ဥပဒေနှင့်အညီ ဖြေရှင်းပေးလျက်ရှိသည့်အတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါတယ်။

ယခု ပဲခူးတိုင်းဒေသကြီးလွှတ်တော်(၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် အသင့်ဖြစ်ပြီးဖြစ်သောအဆို(၂)ခု၊ ကြယ်ပွင့်ပြမေးခွန်း(၁၄၄)ခု၊ ကြယ်ပွင့်မပြမေးခွန်း(၇၃)ခု၊ စုစုပေါင်း(၂၁၉)ခုတို့ကို တင်သွင်းဆောင်ရွက်မှာဖြစ်သည့်အပြင် ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်(၁)ဦး ခန့်အပ်တာဝန်ပေးရန် လွှတ်တော်မှအတည်ပြုချက်ရယူရန်နှင့် လွှတ်တော်ရေးရာကော်မတီ(၇)ခုမှ အစီရင်ခံစာများတင်သွင်းခြင်း၊ ကော်မတီအစီရင်ခံစာများဖြင့် တင်သွင်းထားသော အကြံပြုချက်များအား အစိုးရအဖွဲ့ဝင်များမှ ပြန်လည်ရှင်းလင်းတင်ပြခြင်း၊ ပဲခူးတိုင်းဒေသကြီး အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်ဥပဒေ(မူကြမ်း) တင်သွင်းခြင်း၊ ပဲခူးတိုင်းဒေသကြီး အသေးစားချေးငွေလုပ်ငန်းဥပဒေ(မူကြမ်း) ပြင်ဆင်ချက်အဆိုတင်သွင်းရေးနှင့် အတည်ပြုချက်ရယူခြင်း၊ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များ၏ ပစ္စည်းခွန်စည်းကြပ် ကောက်ခံခြင်းဆိုင်ရာ နည်းဥပဒေအပေါ် ပြင်ဆင်ချက်အဆိုတင်သွင်းခြင်းများကို ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူများကို ကိုယ်စားပြု၍အဆိုများ၊ မေးခွန်းများမေးမြန်းရာတွင် နိုင်ငံတော်နှင့် ပြည်သူများ၏အကျိုးစီးပွားကို ရှေ့ရှုလျက် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ထောင်ရေးလုပ်ငန်းများကို အစဉ်တစိုက်အလေးထားဂရုပြု၍ ဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း ပြောကြားရင်းနိဂုံးချုပ်အပ်ပါတယ်။

## တိုင်းဒေသကြီး ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- တိုင်းဒေသကြီးဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားရန် ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားဖို့ ဖိတ်ခေါ်အပ်ပါတယ်။

**ဦးဝင်းသိန်း[ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]။** ။ အားလုံးပဲမင်္ဂလာပါခင်ဗျား- ဒီနေ့ကျင်းပတဲ့ ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို တက်ရောက်လာကြသော လေးစားအပ်ပါသည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါးကျန်းမာ၊ ချမ်းသာကြစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

လက်ရှိကျင်းပနေတဲ့ လွှတ်တော်ပုံမှန်အစည်းအဝေးကြီးမှသည် တိုင်းဒေသကြီးအတွက် အကျိုးရှိတဲ့ ဥပဒေလည်း ပြုစုပြင်ဆင်ပြဋ္ဌာန်းနိုင်ကြောင်းလည်း ကျွန်တော်အနေနဲ့ ဦးစွာဆန္ဒပြုအပ်ပါတယ်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ၂၅၆(က)(ခ)အရ ဌာနဆိုင်ရာများ အပေါ်မှာ စီမံခန့်ခွဲခြင်း၊ လမ်းညွှန်ကြီးကြပ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်းလုပ်ငန်းများကို **Check And Balance** လုပ်ပြီးတော့ လွှတ်တော်နှင့်တကွ ဆောင်ရွက်လျက်ရှိပါတယ်။ အုပ်ချုပ်ရေးယန္တရား ချောမွေ့စွာလည်ပတ်နိုင်ရေး နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်တို့ရဲ့ ဦးဆောင်လမ်းညွှန်မှုတွေ၊ လွှတ်တော်အသီးသီးက ပြဋ္ဌာန်းခဲ့တဲ့ဥပဒေတွေ၊ တည်ဆဲဥပဒေတွေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ အုပ်ချုပ်ရေး၊ ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ ပဲခူးတိုင်းဒေသကြီး ပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဦးစားပေးကဏ္ဍ အချက်(၁၂)ချက်ကို အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ အထူးသဖြင့် လျှပ်စစ်ဓာတ်အားများပိုမိုရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကျေးလက်မြို့ပြဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ စက်မှုကဏ္ဍ(အသေးစား၊ အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး) SMEကဏ္ဍ၊ စက်မှုလက်မှုဇုန်များ (Industrial Park) ပေါ်ထွက်လာရေး၊ ခရီးသွားလုပ်ငန်းများ တိုးတက်ရေးလုပ်ငန်းများကို လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဒေသခံများနဲ့ ပူးပေါင်းပြီးတော့ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါတယ်။ အထူးသဖြင့် ပြည်သူ့ဘဏ္ဍာငွေများ သုံးစွဲတဲ့နေရာမှာ ဒေသလိုအပ်ချက်လုပ်ငန်းများလျာထား၍ လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်နေကြသည်မှာ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အသိပဲဖြစ်ပါ တယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား(၂)နှင့်တကွဇယား(၅)ပါ လုပ်ပိုင်ခွင့်များအရ တိုင်းဒေသကြီးရဲ့ အခွန်အကောက်ဥပဒေကြမ်းများအရ ဘဏ္ဍာငွေ (Budget) များရေးဆွဲတဲ့နေရာမှာ သက်ဆိုင်ရာမြို့နယ်များမှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များကို (၂)ဘီလီယံစီ Budget လျာထား ရေးဆွဲဆောင်ရွက်စေတာ အသိပဲဖြစ်ပါတယ်။ ဒါဟာအစိုးရအနေနဲ့ ပြည်သူများနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ဒေသမှာ အမှန်တကယ်လုပ်ငန်းလိုအပ်ချက်တွေကို သိရှိပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်ပေးဖို့အတွက် ကျွန်တော်တို့စီမံပြီးတော့ ဆောင်ရွက်ခဲ့ကြတာဖြစ်တဲ့အတွက် တစ်နည်းအားဖြင့် Citizen’s budget system တစ်ခုကိုကျင့်သုံးတာဖြစ်တဲ့အတွက် ဒါ အတော်ကြီးကို ကျွန်တော်တို့အနေနဲ့ ပြည်သူတွေဘက်က အလေးထားအပ်တဲ့ အစီအစဉ်တစ်ခုဖြစ်ကြောင်းလည်း ပြောကြားလိုပါတယ်။

တိုင်းဒေသကြီးအတွင်းမှာ အစိုးရအဖွဲ့အနေဖြင့် ပြည်သူလူထုတွေ့ဆုံပွဲများ ပြုလုပ်တဲ့နေရာမှာ ဒေသခံများအနေဖြင့် လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဒေသဖွံ့ဖြိုးရေးကိစ္စတင်ပြချက်များစွာရှိကြောင်းတွေ့ရပါတယ်။ တင်ပြချက်များဖြည့်ဆည်းနိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးများပါဝင်တဲ့ စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ၊ ပြည်သူလူထုပါဝင်တဲ့ ဘဏ္ဍာငွေသုံးစွဲရေးတွေမှာ၊ အစိုးရ၊ လွှတ်တော်၊ ဌာနဆိုင်ရာများ ညှိနှိုင်းပြီးတော့ အမှန်တကယ် အရေးကြီး လိုအပ်တဲ့လုပ်ငန်းတွေ အထူးသဖြင့် ဆောက်လုပ်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သဘာဝ

ဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းတွေ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီမှာ ဆွေးနွေးတိုင်ပင်ပြီးတော့ ဘဏ္ဍာငွေများသုံးစွဲတဲ့နေရာမှာ ကျကျနနမှန်မှန်ကန်ကန်ဖြစ်စေဖို့ အရေးကြီးပါကြောင်းလည်း ပြောကြားလိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၏ မေးမြန်းမှု၊ အဆိုတင်ပြမှုတွေအပေါ်မှာ ဖြေကြားခဲ့တဲ့ ကတိကဝတ်လုပ်ငန်းများ၊ ပြည်သူများရဲ့တင်ပြချက်များ၊ ဌာနဆိုင်ရာများရဲ့နည်းပညာများ လုပ်ထုံးလုပ်နည်း လိုအပ်ချက်များနှင့်လုပ်ငန်းများ၊ သဘာဝဘေးအခြေအနေကြောင့် လိုအပ်ချက်လုပ်ငန်းများအပေါ် သုံးသပ်ပြီးတော့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် စီမံကိန်းရေးဆွဲရာမှာ ဘဏ္ဍာငွေခွဲဝေရာမှာ ဦးစားပေး ထည့်သွင်းဆောင်ရွက်ခြင်းအားဖြင့် မိမိတို့အဆိုပြုထားတဲ့ အဆိုပြုချက်များနဲ့ တင်ပြတောင်းဆိုမှုများလည်းပဲ (၂)ဘီလီယံအစီအစဉ်ကနေတစ်ဆင့်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ကြဖို့ကိုလည်း တိုက်တွန်းပြောကြားလိုပါတယ်။

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခုဆိုလျှင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်က စတင်နေပြီဖြစ်တဲ့အတွက် ကိုယ်စားလှယ်တော်ကြီးများအနေဖြင့် မိမိတို့ကိုယ်စားပြုသောနယ်မြေတွေမှာ ဆောင်ရွက်နေတဲ့ တည်ဆောက်ရေးလုပ်ငန်းတွေကို အချိန်မီပြီးစီးဖို့ အရည်အသွေးတွေကိုလည်းပဲ ကြည့်ရှုစောင့်ရှောက်ပြီးတော့ အားနည်းချက်/အားသာချက်တွေကိုလည်းပဲ အစိုးရအဖွဲ့ထံ တင်ပြပေးဖို့ကိုလည်း သတိပြုစေလိုပါတယ်။ ဒီနေရာမှာ မိမိတို့လက်မှတ်ထိုးတဲ့ကိစ္စတွေမှာ မှားယွင်းစွာမဖြစ်စေဖို့ လက်မှတ်ထိုးတဲ့ကိစ္စတွေက မှန်မှန်ကန်ကန်ပြီးစီးမှုရှိ/မရှိ ဒီလိုမဟုတ်လို့ရှိလျှင် ကျွန်တော်တို့ စစ်ဆေးတဲ့နေရာမှာ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးတွေ ဒီကဏ္ဍမှာ လက်မှတ်ထိုးတာပါဝင်နေတဲ့အတွက် ဒါလေးတွေကို သတိထားဖို့နဲ့ မှန်မှန်ကန်ကန်ဖြစ်စေရေး တင်ပြလိုပါတယ်။ ကျွန်တော်တို့အနေနဲ့ သတိပြုဆောင်ရွက်ရမယ့် တခြားကိစ္စတစ်ခုကတော့ သတင်းမီဒီယာကိစ္စ ဖြစ်ပါတယ်။ လူမျိုးရေး၊ ဘာသာရေး၊ ဘာသာအယူဝါဒ၊ နိုင်ငံရေးယုံကြည်ချက်များကွဲလွဲမှုစသည့် မတူကွဲပြားမှုများကိုအခြေခံပြီးတော့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ချိန်မှာ အချို့သောမီဒီယာများက တိုင်းပြည်ရဲ့အစိုးရသိက္ခာကျအောင်၊ လုပ်ငန်းတွေအဟန့်အတားဖြစ်အောင် သွေးခွဲရန်တိုက်ပေးတာတွေ၊ လှုံ့ဆော်မှုတွေ၊ မုန်းတီးမှုတွေဖြစ်အောင် နိုင်ငံတကာသတင်းမီဒီယာတွေကအစ ရေးသားနေကြတာ နေ့စဉ်နဲ့အမျှ ကြုံတွေ့နေရတာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒီကိစ္စတွေနဲ့ပတ်သက်လို့ ICJ မှာဖြေရှင်းဖို့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်က မကြာသေးခင်ကပဲ ထွက်ခွာသွားပြီး နိုင်ငံတကာခုံရုံးကို သွားနေတာလည်းပဲ အားလုံးအသိပဲဖြစ်ပါတယ်။ ဒီလိုအမုန်းပွားမှုတွေဖြစ်ပွားအောင်၊ တိုင်းပြည်ရဲ့တည်ဆောက်ရေးလုပ်ငန်းတွေမှာ နှောင့်နှေးအောင် တည်ငြိမ်ရေးတွေ၊ အေးချမ်းမှုတွေပျက်ပြားအောင် ဆောင်ရွက်နေတာတွေတားဆီးဖို့ ပြည်သူလူထုနဲ့တစ်သားတည်းရှိဖို့ ပြည်သူတွေအားလုံးသတိပြုကြဖို့ လိုအပ်ပါတယ်။ ငြိမ်းချမ်းရေး၊ စည်းလုံးညီညွတ်ရေးတွေ ဆောင်ရွက်ရာမှာ တစ်ချို့သော Social Media တွေရဲ့ရေးသားမှုတွေကလည်း အန္တရာယ်ရှိတာကို တွေ့ရပါတယ်။ မတူကွဲပြားမှုတွေအပေါ်မှာ အပြန်အလှန်လေးစားခြင်း၊ နားလည်ခြင်း၊ ငြိမ်းချမ်းစွာ

နေထိုင်ခြင်းအားဖြင့် လောကပါလတရားနှင့်အညီကျင့်သုံးသော ဒီမိုကရေစီစနစ်ကို တည်ဆောက်ကြမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော်ကြီး ဖြစ်ထွန်းအောင်မြင်ဖို့အတွက် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်တို့ရဲ့ ဦးဆောင်မှုနှင့်အတူ ချီတက်တဲ့နေရာမှာ ကျွန်တော်တို့နိုင်ငံမှာ များစွာအခက်အခဲရှိနေတာတွေ့ရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး လွှတ်တော်မှာ ဆွေးနွေးလျက်ရှိပြီးတော့ ရခိုင်အရေးကိစ္စဟာလည်းပဲ ခုနကျွန်တော်တင်ပြထားခဲ့တဲ့ အတိုင်း ICJ မှာ တရားစွဲမှုတွေဖြစ်တဲ့အတွက် မြန်မာနိုင်ငံဟာ အားလုံးပြည်သူ၊ အစိုးရ၊ လွှတ်တော်များ တိုင်းရင်းသားများ အားလုံး လက်တွဲရမယ့်အချိန်အခါပဲဖြစ်ပါတယ်။ ပြောင်းလဲချိန်တန်ပြီးဆိုတဲ့အတိုင်း ဒီမိုကရေစီအသွင်ကူပြောင်းရေးကာလမှာ အရာရာပြုပြင်ပြောင်းလဲ ဖော်ဆောင်လျက်ရှိတဲ့ပြည်သူများ ပူးပေါင်းပါဝင်လာကြဖို့အတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ၊ စီမံကိန်းသဘောတရားတွေမှာလည်း နားလည်သဘောပေါက်ဖို့ ပြည်သူတွေကို အသိပညာပေးခြင်း၊ ဆွေးနွေးခြင်း၊ (Public awareness) တွေများစွာ လုပ်နိုင်ကြဖို့လိုသလို ပြည်သူတွေရဲ့အမှန်တကယ်လိုအပ်ချက်တွေကိုလည်း လွှတ်တော်ကိုယ်စားလှယ်များမှ ဖော်ထုတ်ပြီး ကူညီဆောင်ရွက်ပေးကြဖို့လည်းပဲ အစိုးရ၊ ဌာနလုပ်ငန်းတွေကို လွှတ်တော်ရဲ့ တာဝန်အရ စောင့်ကြည့်ခြင်း၊ တင်ပြခြင်းတွေပြုလုပ်ဖို့လိုသလို တစ်ဖက်မှာလည်း အစိုးရရဲ့ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှု၊ တရားဥပဒေစိုးမိုးရေး၊ ဥပဒေလေးစားလိုက်နာရေး၊ သဘာဝအန္တရာယ်ကာကွယ်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ အုပ်ချုပ်ရေးယန္တရား ချောမွေ့လည်ပတ်ရေးတွေမှာလည်း ပူးပေါင်းဆောင်ရွက်ပေးကြဖို့လည်း တိုက်တွန်းပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေဖြင့် အစိုးရ၊ လွှတ်တော်နှင့် ဥပဒေပြုရေးအဖွဲ့များကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်အပ်နှင်းထားတဲ့ တာဝန်နှင့်လုပ်ပိုင်ခွင့်တွေအတိုင်း ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်ကြီး(၃)ရပ်သည် အပြန်အလှန်စောင့်ကြည့်ထိန်းသိမ်းဆောင်ရွက်ကြတဲ့နေရာမှာ ပြည်သူများဘက်ကိုမျက်နှာမူပြီးတော့ တိုင်းပြည်တည်ငြိမ်အေးချမ်းစေဖို့၊ တရားဥပဒေစိုးမိုးစေဖို့၊ ဒေသဖွံ့ဖြိုးစေဖို့နှင့် အများအကျိုး၊ပြည်သူအကျိုး၊ နိုင်ငံ့အကျိုးကြည့်ပြီးတော့ ကောင်းမွန်တဲ့စေတနာထားပြီး လွှတ်တော်နှင့် အစိုးရပူးပေါင်းဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်း တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးအများကြီးတင်ရှိပါတယ်။

## တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး(၁)ဦး ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်သွင်းခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး(၁)ဦး ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းသိန်း[ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]။** ။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား ၂၀၁၉ခုနှစ် ဒီဇင်ဘာ ၉ ရက် ယနေ့ ကျင်းပပြုလုပ်သော ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်အနေဖြင့် ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈ ပုဒ်မခွဲ (ခ) ပုဒ်မခွဲ ငယ်(၁)အရလည်းကောင်း၊ တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၈ (က) အရလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး၏ တရားလွှတ်တော် တရားသူကြီးအဖြစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လျာထားသော မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်တရားရုံးမှ ခရိုင်တရားသူကြီး ဒေါ်အေးအေးသန့် မှတ်ပုံတင်အမှတ်၊ ၇/ပခန(နိုင်) ၀၂၆၂၂၇၏အမည်စာရင်းကို ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အမည်စာရင်းတင်သွင်းအပ်ပါတယ်ခင်ဗျား။ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးအရည်အချင်းများနှင့် ညီညွတ်မှုရှိပါကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှလည်း သဘောထားပြန်ကြားခဲ့ပြီးဖြစ်၍ ဒေါ်အေးအေးသန့်၏ ကိုယ်ရေးအချက်အလက်များကိုလည်း တိုင်းဒေသကြီးလွှတ်တော်သို့ ပေးပို့တင်ပြထားပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး ခန့်အပ်တာဝန်ပေးအပ်နိုင်ရေးအတွက် အမည်စာရင်း အဆိုပြုတင်သွင်းခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့်လွှတ်တော် ကိုယ်စားလှယ်များရှိပါက ယနေ့(၁၆:၀၀)နာရီထက် နောက်မကျစေဘဲ လွှတ်တော်ရုံးဝန်ထမ်းအကြီးမှူးထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-ယခု လွှတ်တော်ကိုယ်စားလှယ်(၄)ဦးကမေးမြန်းသည့် မေးခွန်း(၈)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များကသက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးကပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ပထမဦးစွာ ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ပန်းတောင်းမြို့နယ်၊ ဥဿျှစ်ပင်မြို့၌ နယ်မြေမီးသတ်စခန်း၊ ဝန်ထမ်းအိမ်ရာနှင့် မီးသတ်ရေသယ်ယာဉ် (၁)စီး အမြန်ဆုံးချထားပေးရန် အစီအစဉ်ရှိ/မရှိ”**နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ **"ပန်းတောင်းမြို့နယ်၊ ဥဿျှစ်ပင်မြို့၌ နယ်မြေမီးသတ်စခန်း၊ ဝန်ထမ်းအိမ်ရာနှင့် မီးသတ်ရေသယ်ယာဉ်(၁)စီး အမြန်ဆုံး ချထားပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်း၍ပန်းတောင်းမြို့နယ်၊ ဥဿျှစ်ပင်မြို့သည် ဖွံ့ဖြိုးတိုးတက်လာသည်နှင့် အမျှ အိမ်ထောင်စု၊လူဦးရေများပြားလာသောကြောင့် လူနေထူထပ်လာပါသဖြင့် မီးဘေးအန္တရာယ် ကြုံတွေ့ ကာကွယ်ခြင်း၊ မီးဘေး၊ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက အချိန်မီရှာဖွေကယ်ဆယ်ရေး၊ မီးငြိမ်းသတ်နိုင်ရေးတို့အတွက် နယ်မြေမီးသတ်စခန်း၊ ဝန်ထမ်းအိမ်ရာနှင့် မီးသတ်ရေသယ်ယာဉ်ကား လိုအပ်လျက်ရှိပါသည်။

ယခင်ကျေးရွာအုပ်စုအဆင့်၌ပင် အရန်မီးသတ်အဖြစ် အဆောက်အဦရှိသော်လည်း ချောင်းကမ်းပါး ဘေးဖြစ်၍ ရေတိုက်စားသောကြောင့် အန္တရာယ်ဖြစ်ပေါ်နေကြောင်းလည်း တင်ပြလာပါသည်။ (၂၀၁၆) ခုနှစ်တွင် သန္ဓေမီးသတ်တပ်ဖွဲ့ဖြစ်လာပြီး ဝန်ထမ်းများခန့်အပ်ခြင်း၊ မီးသတ်ယာဉ်ရရှိလာခြင်းရှိသော် လည်းမီးသတ်ယာဉ်၊ ရေသယ်ယာဉ်များကို Mainလမ်း (ပန်းတောင်း- တောင်ကုတ်လမ်း)ဘေး အများ ပြည်သူအိမ်ရှေ့တွင် ရပ်ထားရပါသည်။ ယခုအခါ မြေနေရာလည်း အသင့်ရှိပြီဖြစ်ကြောင်း တင်ပြလာ သဖြင့် အမှန်တကယ်လိုအပ်လျက်ရှိသော ပန်းတောင်းမြို့နယ်၊ ဥဿျှစ်ပင်မြို့နယ်မြေမီးသတ်စခန်း၊ ဝန်ထမ်းအိမ်ရာနှင့် မီးသတ်ရေသယ်ယာဉ်တို့အား အနီးစပ်ဆုံးဘတ်ဂျက်တွင် ထည့်သွင်းလျာထား ပေးရန် အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဒေါ်ဇင်မိုးထိုက် မေးမြန်းသည့် မေးခွန်းအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]။** ။ ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပန်းတောင်းမြို့နယ်၊ ဥဿျှစ်ပင်မြို့၌ နယ်မြေမီးသတ်စခန်း၊ ဝန်ထမ်းအိမ်ရာနှင့် မီးသတ်ရေသယ်ယာဉ်(၁)စီး အမြန်ဆုံးချထားပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်း သည့်မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးတွင် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး (၁)ခု၊ ခရိုင်မီးသတ်ဦးစီးမှူးရုံး(၄)ခု၊ ခရိုင်မီးသတ်စခန်း(၄)ခု၊ မြို့နယ်မီးသတ်ဦးစီးမှူးရုံး(၂၈)ခု၊ မြို့နယ် မီးသတ် စခန်း(၂၈)ခု၊ နယ်မြေမီးသတ် စခန်း(၇၀)ခုတို့အား ဖွင့်လှစ်ရန် ဖွဲ့စည်းပုံခွင့်ပြုမိန့်ကျပြီး ဖြစ်ပါ သည်။ ဖွဲ့စည်းပုံခွင့်ပြုပြီး နယ်မြေမီးသတ် စခန်း(၇၀)ခုအနက် ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်အထိ နယ်မြေ မီးသတ်စခန်း (၁၇)ခုသာ ဆောက်လုပ်ပေးနိုင်ခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ဥဿျှစ်ပင်နယ်မြေမီးသတ်စခန်းတွင် မီးငြိမ်းသတ်ယာဉ် (၁)စီး၊ ဥဿျှစ်ပင်အရန်မီးသတ်စခန်းတွင် မီးငြိမ်းသတ်ယာဉ်(၁)စီးနှင့် မီးသတ်ရေသယ်ယာဉ်(၁)စီး၊ စုစုပေါင်း

မီးသတ်ယာဉ်(၃)စီး တာဝန်ချထားပြီး လက်ရှိတွင် အရန်မီးသတ်စခန်းတွင် အခြေပြုကာ တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

ပဲခူးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာနအနေဖြင့် ဖွဲ့စည်းပုံခွင့်ပြုပြီးသော မီးသတ်စခန်းများတွင် မီးသတ်စခန်းများဆောက်လုပ်ခြင်း၊ ဝန်ထမ်းနေအိမ်များဆောက်လုပ်ခြင်း၊ မီးသတ်ယာဉ်များဖြည့်တင်းခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဖြည့်တင်းဆောင်ရွက်လျက်ရှိပြီး ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်နယ်မြေမီးသတ်စခန်းအတွက် မီးသတ်ရေသယ်ယာဉ်(၁)စီး လက်ရှိချထားပေးရန်မရှိပါကြောင်းနှင့် (၂)ထပ်နယ်မြေမီးသတ်စခန်းဆောက်လုပ်ရန်အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ရန်ပုံငွေတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက ဆောက်လုပ်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဥက္ကဋ္ဌကြီးရှင့်-ဆက်စပ်မေးခွန်းမေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။သက်ဆိုင်ရာဝန်ကြီးအနေနဲ့ မေးခွန်း ပြန်လည်ဖြေကြားသွားတဲ့အခါမှာ(၂)ထပ်နယ်မြေ မီးသတ်စခန်း ဆောက်လုပ်ရန်အတွက်ကတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ရန်ပုံငွေတင်ပြတောင်းခံသွားပြီးတော့ ရန်ပုံငွေရရှိလျှင် လုပ်ဆောင်ပေးမယ်လို့ ဖြေကြားထားပြီးတော့ မီးသတ်ရေယာဉ်တစ်စီးကတော့ ချထားပေးဖို့မရှိဘူးလို့ ဖြေတဲ့အတွက် ယခုလက်ရှိ ရှိနေတဲ့မီးသတ်ရေယာဉ်နဲ့တင် လုံလောက်တဲ့အတွက် ချထားပေးခြင်း မရှိတာလား၊ ဒါမှမဟုတ်လျှင် အစိုးရအဖွဲ့ကိုတင်ပြတောင်းခံပေးသွားမှာ မဟုတ်ဘူးလားဆိုတာနဲ့ ပတ်သက်ပြီးတော့ မေးခွန်းအား ရှင်းရှင်းလင်းလင်း ပြန်လည်ဖြေကြားပေးဖို့ ဆက်စပ်မေးခွန်းအဖြစ် မေးမြန်းအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ဒေါ်ဇင်မိုးထိုက် မေးမြန်းသည့်ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ လုံခြုံရေးနှင့်နယ်စပ် ရေးရာဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]။** ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား- ကျွန်တော်တို့ဖွဲ့စည်းပုံအရ နယ်မြေမီးသတ်စခန်းတစ်ခုမှာ မီးငြိမ်းသတ်ယာဉ်(၁)စီး၊ ရေသယ်ယာဉ်(၁)စီး၊ စုစုပေါင်း(၂)စီးသာ ခွင့်ပြုထားရှိပြီးဖြစ်ပါတယ်။ လက်ရှိမှာ ဥသျှစ်ပင်နယ်မြေမီးသတ်စခန်းတွင် မီးငြိမ်းသတ်ယာဉ်(၂)စီးနှင့် မီးသတ်ရေသယ်ယာဉ်(၁)စီး စုစုပေါင်း(၃)စီး တာဝန်ချ

ထားပြီးဖြစ်တဲ့အတွက် ကျွန်တော်တို့ မီးငြှိမ်းသတ်ယာဉ်(၁)စီးကို ထပ်မံချထားပေးခြင်း မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ဖွဲ့စည်းပုံပြည့်ပြီးဖြစ်တဲ့အတွက် ထပ်မံချထားဖို့မရှိကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ဝေါမြို့နယ်၊ မြို့မမီးသတ်စခန်းတွင် မီးသတ်ရေသယ်ကား အသစ်(၁)စီးချပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့် မေးခွန်းနှင့်

(၂) **"ဝေါမြို့တံတားအဆင်းတွင် မြို့မိ၊ မြို့ဖများမှ တည်ဆောက်ပေးထားသော မီးသတ်အဆောက်အဦမှာ ဖယ်ရှားပေးရမည်ဖြစ်သည့်အတွက် မီးသတ်အဆောက်အဦခွဲ အသစ်(၁)ခု ခွင့်ပြုပေးရန်အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း(၂)ခုတို့ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ **"ဝေါမြို့နယ်၊ မြို့မမီးသတ်စခန်းတွင် မီးသတ်ရေသယ်ကား အသစ်(၁)စီးချပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်း၍ ဝေါမြို့နယ် မြို့မမီးသတ်စခန်းတွင် လက်ရှိအသုံးပြုနေသော မီးသတ်ရေသယ်ကားမှာ ယခင်က ပုဂ္ဂလိကအလှူရှင်တစ်ဦးမှ လှူဒါန်းထားသော TE ကားအမျိုးအစားဖြစ်ပါသည်။ ထိုကား၏ အင်ဂျင်ပိုင်းမှာ ချို့ယွင်းလာခဲ့သဖြင့် ယခင်လှူဒါန်းထားသူမှာ ပြန်လည်ပြင်ဆင်ပေးခဲ့သော်လည်း ယခုအခါ ပြန်လည်ပြင်ဆင်ရန် ပြင်ဆင်စရိတ်မရှိခြင်း၊ စွမ်းအင်ပြည့်အသုံးပြုနိုင်ရန် အခြေအနေမရှိတော့တာကြောင့် ဌာနမှရေသယ်ကားသစ်တစ်စီး ခွင့်ပြုချထားပေးနိုင်ပါရန် အစီအစဉ်ရှိ/ မရှိကို မေးခွန်းမေးမြန်းရခြင်း ဖြစ်ပါသည်။

**ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ **"ဝေါမြို့တံတားအဆင်းတွင် မြို့မိ၊ မြို့ဖများမှ တည်ဆောက်ပေးထားသော မီးသတ်အဆောက်အဦမှာ ဖယ်ရှားပေးရမည်ဖြစ်သည့်အတွက် မီးသတ်အဆောက်အဦခွဲအသစ်(၁)ခု ခွင့်ပြုပေးရန်အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ဝေါမြို့တံတားအဆင်းတွင် မြို့မိ၊ မြို့ဖများမှ တည်ဆောက်ပေးထားသော မီးသတ်အဆောက်အဦမှာ ယခုအခါ ဝေါမြို့အလယ် ပဲခူး-စစ်တောင်းတူးခြင်း၊ တံတားကြီးကို ယခင် (၂) လမ်းသွားမှ ယခုအခါ (၄) လမ်းသွား တည်ဆောက်ခဲ့ရာတွင် လမ်းချဲ့ထွင်ရာတွင် လမ်းဦးစီးမြေပေါ်တွင် တည်ဆောက်ထားခဲ့သော မီးသတ်အဆောက်အဦးမှာ ဖယ်ရှားပေးရမှာဖြစ်တဲ့အတွက် မီးသတ်ကားများထားရန်နှင့် မီးသတ်ဝန်ထမ်းများ နေထိုင်ရန်နေရာ အဆောက်အဦလိုအပ်မှုကြောင့် ဝန်ထမ်းအိမ်ရာပါ မီးသတ်အဆောက်အဦခွဲအသစ်တစ်ခု ခွင့်ပြုရန် အစီအစဉ်ရှိ/ မရှိကို မေးခွန်းမေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးမျိုးကြည် မေးမြန်းသည့် မေးခွန်း(၂)ခုအား လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]**။ ။ ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဝေါမြို့နယ်၊ မြို့မမီးသတ်စခန်းတွင် မီးသတ်ရေသယ်ကား အသစ်(၁) စီးချပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့် မေးခွန်းကိုဖြေကြားသွားမှာဖြစ်ပါတယ်။ မီးသတ်ဦးစီး ဌာန ဖွဲ့စည်းပုံခွင့်ပြုချက်အရ မြို့နယ်မီးသတ်စခန်းတွင် မီးငြှိမ်းသတ်ယာဉ်(၂)စီး၊ မီးသတ် ရေသယ်ယာဉ် (၁)စီး၊ မီးသတ်ရေသယ်ယာဉ်(၁)စီး၊ စုစုပေါင်းမီးသတ်ယာဉ်(၄)စီး တာဝန်ချထား ဆောင်ရွက်သွား ရမည်ဖြစ်ရာ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်မီးသတ်စခန်းတွင် မီးငြှိမ်းသတ်ယာဉ် (၄)စီးနှင့် မီးသတ် ရေသယ်ယာဉ်(၁)စီး စုစုပေါင်း(၅)စီး တာဝန်ချထားပြီးဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာနအနေဖြင့် ဖွဲ့စည်းပုံခွင့်ပြုပြီးသော မီးသတ်စခန်းများတွင် ဖွဲ့စည်းပုံပြည့်မီစေရေးအတွက် မီးသတ်စခန်းများနှင့် ဝန်ထမ်းနေအိမ်များဆောက်လုပ်ခြင်းနှင့် မီးသတ် ယာဉ်များဖြည့်တင်းပေးခြင်းတို့ကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေဖြင့် နှစ်စဉ်ဖြည့်တင်း ဆောင်ရွက်လျက်ရှိပြီး ဝေါမြို့နယ်မီးသတ်စခန်းတွင် လက်ရှိမီးငြှိမ်းသတ်ယာဉ်(၄)စီးနှင့် မီးသတ် ရေသယ်ယာဉ်(၁)စီး၊ စုစုပေါင်း(၅)စီးတာဝန်ချထားပြီးဖြစ်သည့်အတွက် ဖွဲ့စည်းပုံပြည့်ပြီးဖြစ်ပါ၍ မီးသတ်ရေသယ်ယာဉ်သစ်(၁)စီး ထပ်မံတာဝန်ချထားပေးနိုင်ခြင်း မရှိပါကြောင်းဖြေကြားအပ်ပါသည်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]**။ ။ ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဝေါမြို့တံတားအဆင်းတွင် မြို့မိ၊ မြို့ဖများမှ တည်ဆောက်ပေး ထားသော မီးသတ်အဆောက်အဦမှာ ဖယ်ရှားပေးရမည်ဖြစ်သည့်အတွက် မီးသတ်အဆောက်အဦခွဲ အသစ်(၁)ခု ခွင့်ပြုပေးရန်အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ဝေါမြို့နယ်တွင် မြို့နယ်မီးသတ်စခန်းသည် ဝေါမြို့၊ အရှေ့ဘက်ကမ်း ရပ်ကွက်၊ ရန်ကုန်-မော်လမြိုင်လမ်းဘေးတွင်တည်ရှိပြီး မီးသတ်ယာဉ်(၄)စီး၊ တပ်ဖွဲ့ဝင်(၁၁)ဦး တာဝန် ချထားဆောင်ရွက်လျက်ရှိပါသည်။

ဝေါမြို့နယ် မီးသတ်စခန်းခွဲသည့် ဝေါမြို့၊ ဘိုးဘုံရပ်ကွက်၊ ရန်ကုန်-မော်လမြိုင်လမ်းတွင် တည်ရှိ ပြီး မီးသတ်ယာဉ်(၁)စီး။ တပ်ဖွဲ့ဝင်(၄)ဦး တာဝန်ချထားဆောင်ရွက်လျက်ရှိရာ ရန်ကုန်- မော်လမြိုင် (၂)လမ်းသွားတံတားအား တိုးချဲ့တည်ဆောက်ရာတွင် တံတားချဉ်းကပ်လမ်းနှင့် မလွတ်ကင်းသည့် အတွက် ဝေါမြို့နယ်၊ မီးသတ်စခန်းခွဲ အဆောက်အဦ(၁၂)ပေ ဖျက်သိမ်းပေးရမည်ဖြစ်သော်လည်း ကျန်ရှိသည့်နေရာတွင်ပင် မီးသတ်ယာဉ်(၁)စီးနှင့် တပ်ဖွဲ့ဝင်(၄)ဦးတာဝန်ချထား၍ရပါသဖြင့် ဝေါမြို့နယ် မီးသတ်စခန်းခွဲ အဆောက်အဦချထားပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ဘယ်မေးခွန်းလဲ။

**ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။(၂)ခုလုံးပါခင်ဗျား။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ဝန်ကြီးဖြေသွားတဲ့အထဲမှာ ကျွန်တော်တို့ မြို့မှာ မီးသတ်ယာဉ်(၄)စီး၊ ရေသယ်ကား(၁)စီး (၅)စီးက ဖွဲ့စည်းပုံအရ ပြည့်သွားပြီလို့ ဖြေကြားသွားတာ ဖြစ်ပါတယ်။ တကယ်တမ်းကျတော့ ကျွန်တော်တို့ ဖွဲ့စည်းပုံအရပြည့်တာ ကျွန်တော်တို့ မီးသတ်ကား (၁)စီးဆိုလည်း ကျွန်တော်တို့မြို့က မြို့မိမြို့ဖတွေကနေပြီးတော့ ဝယ်ပြီးလှူဒါန်းထားတာ ဖြစ်ပါတယ်။ ရေသယ်ကားကလည်း ကျွန်တော်တို့ဆီက ပုဂ္ဂလိကအလှူရှင်(၁)ဦးက လှူဒါန်းထားတာ ဖြစ်ပါတယ်။ ရေသယ်ကားက ရှိတာတော့မှန်ပါတယ်ခင်ဗျား။ ဒါပေမယ့် တကယ်တမ်းကျတော့ TE အမျိုးအစားလည်း ဖြစ်တယ်။ နှစ်ကလည်းကြာပြီဖြစ်တဲ့အတွက် လက်တွေ့အသုံးပြုလို့မရတော့ပါဘူး။ ပြီးခဲ့တဲ့နှစ်ပိုင်း လောက်က ကျွန်တော်တို့ ဝေါမှာ ဘောလုံးကွင်းရှေ့က ဆိုင်ခန်းမီးလောင်ပါတယ်။ မီးလောင်တဲ့အချိန်မှာ မီးသတ်ကားပဲ မီးသွားသတ်နိုင်ပြီးတော့ ရေသယ်ကားက အသုံးပြုလို့မရတဲ့အတွက် ဘုရားကြီးမြို့က ရေသယ်ကားကို ခေါ်ပြီးသုံးရပါတယ်။ အဲ့ဒီတော့ တကယ်တမ်း ကျွန်တော်တို့က ဆိုင်ခန်း(၁)ခန်းကျော် လောက်ပဲ မီးငြိမ်းသတ်ရမဲ့နေရာမှာ အဲ့ဒီနေ့က ဆိုင်ခန်း(၇)ခန်း၊ (၈)ခန်းလောက်ထိ လောင်ကျွမ်းသွား တာရှိပါတယ်။ တကယ်တော့ ကျွန်တော်တို့ ဆန်းစစ်ကြည့်တဲ့အခါမှာ ရေသယ်ကားက အရေအတွက်သာ ရှိပြီး တကယ်တမ်းအသုံးပြုလို့မရတဲ့အတွက် ကျွန်တော်တို့မြို့ရဲ့လိုအပ်ချက်ကို ကျွန်တော်က လွှတ်တော် မှာ မေးမြန်းခြင်းဖြစ်ပါတယ်။ အဲ့ဒီတော့ ကျွန်တော့်ကို ၂၀၁၉-၂၀၂၀ ဘတ်ဂျက်မှာ အစိုးရအဖွဲ့ကိုတင်ပြ ပြီးတော့ မီးသတ်ရေသယ်ကားအသစ်(၁)စီး ထပ်မံချထားပေးဖို့ အစီအစဉ်ရှိ/မရှိ ဆက်စပ်မေးခွန်း မေးမြန်း အပ်ပါတယ်။

**ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ နောက်ဒုတိယမေးခွန်းမှာ ဝန်ကြီး ဖြေသွားတဲ့အထဲမှာ ကျွန်တော်တို့အဆောက်အဦက ရှေ့က ၁၂ ပေ ဖျက်လျှင် မီးသတ်ကား(၁)စီးနှင့် ဝန်ထမ်းနေလို့ရတာမှန်ပါတယ်။ ဒါပေမယ့် တကယ်တမ်းကျတော့ ဒါကလမ်းဦးစီးမြေပေါ်မှာလည်း ရှိတယ်။ တံတားအဆင်းချဉ်းကပ်လမ်းမှာလည်းဖြစ်နေတဲ့အတွက် အန္တရာယ်လည်းများပါတယ်။ လမ်းနဲ့ လည်း အရမ်းကပ်ပါတယ်။ ကပ်တဲ့အခါကျတော့ ကျွန်တော်တို့မြို့က မြို့မိမြို့ဖတွေက မြေနေရာရှာ

ပြီးတော့ အဆောက်အဦအသစ်(၁)ခု ရမယ်ပေါ့ဆိုလျှင် ကျွန်တော်တို့က အဲ့ဒီဘက်မှာ မီးသတ်ကားနဲ့ ဝန်ထမ်းတွေနေဖို့ ရေရှည်အတွက်ကောင်းအောင် စီစဉ်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ လက်ရှိ အဆောက်အဦကလည်း ၁၂ပေ ဖြစ်တဲ့အချိန်အပြင် ကျွန်တော်တို့မမွေးခင်လောက်ကတည်းက ဆောက်ထားတဲ့ အဆောက်အဦပါ။ လက်ရှိဖျက်လျှင် အပေါ်ကSlabကို တော်တော်လေးထိန်းပြီး ဖျက်ရမဲ့ အနေအထားရှိပါတယ်။ ဒါလက်ရှိ ကျွန်တော်တို့က မဖြစ်မနေနိုင်ငံတော်ကလည်း မလုပ်ပေးနိုင်တဲ့ အချိန်မှာ ယာယီအသုံးပြုနိုင်ဖို့အတွက် စီစဉ်ခြင်းဖြစ်ပါတယ်။ အဲ့ဒီတော့ ဒီအဆောက်အဦအတွက်ကိုလည်း ဝန်ကြီးအနေနဲ့ ပြန်လည်စဉ်စားပြီးတော့ အစိုးရ၏ ၂၀၂၀-၂၀၂၁ဘတ်ဂျက်မှာ လျာထားပေးဖို့ အစီအစဉ် ရှိ/မရှိ ဆက်စပ်မေးခွန်းအဖြစ် ကျွန်တော် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးကြည် မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)၊ မေးခွန်းအမှတ်စဉ်(၂)တို့နှင့်စပ်လျဉ်းသည့် ဆက်စပ်မေးခွန်း(၂)ခုအား လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]။** ။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမျိုးကြည်မေးမြန်းတဲ့ ဆက်စပ်မေးခွန်း(၂)ခုကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဦးစွာပထမမေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်မီးသတ်စခန်း အတွက် ရေသယ်ယာဉ်အသစ်(၁)စီး ချထားပေးရန်အတွက် လာမည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေး ဘတ်ဂျက်မှာ ထည့်သွင်းတောင်းခံသွားမှာဖြစ်ပါကြောင်းနှင့် ဘဏ္ဍာငွေရရှိပါက ဝယ်ယူဖြည့်တင်းပေး သွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]။** ။ဆက်လက်ပြီး ဒုတိယမေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်မီးသတ်စခန်း အဆောက်အဦကို ချထားပေးရန်အစီအစဉ် ရှိ/မရှိနှင့်ပတ်သက်၍ ဖြေကြားသွားမှာဖြစ်ပါတယ်။ ဒီတိုင်း ဒေသကြီးအတွင်းမှာ ဖွဲ့စည်းပုံကျပြီး နယ်မြေမီးသတ်စခန်း(၇၀)ခုအနက်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေး နှစ်မှာ (၁၇)ခုပဲဆောက်လုပ်ပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။ ကျန်တဲ့(၅၃)ခုကို ဆောက်လုပ်ပေးဖို့ ကျန်တဲ့ အနေအထားရှိပါတယ်။ လာမည့် ၂၀၂၀-၂၀၂၁ ဘတ်ဂျက်မှာလည်း ဖွဲ့စည်းပုံကျပြီးဖြစ်တဲ့ နယ်မြေ မီးသတ်စခန်းများကို ဦးစားပေးဘဏ္ဍာငွေတင်ပြပြီးတော့ ဆောက်လုပ်ပေးရမှာဖြစ်တဲ့အတွက် ဝေါမြို့နယ်မီးသတ်စခန်းခွဲများကို ဆောက်လုပ်ပေးဖို့အတွက် ဘဏ္ဍာငွေတောင်းခံမှုအစီအစဉ် မရှိသေး ပါကြောင်း ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဝေါမြို့နယ်၊ ညောင်ခါးရှည်ရဲတပ်ဖွဲ့စခန်းတွင် လိုအပ်နေသောဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။**"ဝေါမြို့နယ်၊ ညောင်ခါးရှည်ရဲတပ်ဖွဲ့စခန်းတွင် လိုအပ်နေသောဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်း၍ ဝေါမြို့နယ် ညောင်ခါးရှည်ရဲတပ်ဖွဲ့စခန်းတွင် အရာရှိ ၇ ဦး၊ အခြားအဆင့် ၂၇ ဦး၊ စုစုပေါင်း ၃၄ ဦးတာဝန် ထမ်းဆောင်နေပါသည်။ ဝန်ထမ်း ၃၄ ဦးတွင် အိမ်ထောင်သည် ၂၃ ဦးရှိပါတယ်၊ စခန်းတွင် နေအိမ် လိုင်းခန်း ၁၁ ခန်းသာရှိတဲ့အတွက် ဝန်ထမ်းဦးရေနှင့် လိုင်းခန်းမျှတမှုမရှိဘဲ နေအိမ်လိုင်းခန်း လိုအပ်ချက်ရှိပါသဖြင့် ဝန်ထမ်းလိုင်းခန်းထပ်မံချထားပေးရန် အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးမျိုးကြည် မေးမြန်းသည့် မေးခွန်းအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]။** ။ ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဝေါမြို့နယ်၊ ညောင်ခါးရှည်ရဲတပ်ဖွဲ့စခန်းတွင် လိုအပ်နေသော ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားပေးမှာ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ဝေါမြို့နယ်၊ ညောင်ခါးရှည်နယ်မြေရဲစခန်းတွင် ဖွဲ့စည်းပုံအင်အားမှာ (၈+၃၇=၄၅)ဦးဖြစ်ပြီး လက်ရှိအင်အားမှာ (၇+၂၇=၃၄)ဦးဖြင့် တာဝန်ထမ်းဆောင် လျက်ရှိပါသည်။ ညောင်ခါးရှည်နယ်မြေရဲစခန်းတွင် ၁၉၆၉ခုနှစ်တွင် ဆောက်လုပ်ထားသည့် (သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်း) ရဲစခန်းရုံး(အဟောင်း) အဆောက်အဦ(၁)လုံး၊ ၂၀၁၈ခုနှစ်တွင် ဆောက်လုပ်ခဲ့သော(သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်း) ရဲစခန်းရုံး (အချုပ်ပါ) အဆောက်အဦ(အသစ်)(၁)လုံး၊ ၁၉၇၁ ခုနှစ်တွင် ဆောက်လုပ်ခဲ့သော (ဓနိမိုး၊ထရံကာ၊ ပျဉ်ခင်း)လုံးချင်း(၁)လုံး၊ ၁၉၈၃ခုနှစ်တွင် ဆောက်လုပ် ခဲ့သော (ဓနိမိုး၊ ထရံကာ၊ ပျဉ်ခင်း) လုံးချင်း(၁)လုံး၊ ၁၉၇၁ခုနှစ်တွင် ဆောက်လုပ်ခဲ့သော (ဓနိမိုး၊ ထရံကာ၊ ပျဉ်ခင်း) (၂)ခန်းတွဲ ၁ထပ် (၂)လုံး၊ ၂၀၁၀ ခုနှစ်တွင် ကိုယ့်အားကိုယ်ကိုးဖြင့် ဆောက်လုပ် ခဲ့သော (ဓနိမိုး၊ ထရံကာ၊ပျဉ်ခင်း) လုံးချင်း(၂)လုံး၊ ၂၀၀၉ခုနှစ်တွင်ဆောက်လုပ်ခဲ့သော ကိုယ့်အား ကိုယ်ကိုး (ဓနိမိုး၊ ထရံကာ၊ ပျဉ်ခင်း) လုံးချင်း(၁)လုံး၊ ၂၀၀၈ခုနှစ်တွင် ကိုယ့်အားကိုယ်ကိုးဖြင့် ဆောက်လုပ်ခဲ့သော(ဓနိမိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း) (၂)ခန်းတွဲ ၁ထပ်(၁)လုံး၊ ၂၀၀၅ ခုနှစ်တွင် ကိုယ့်အား ကိုယ်ကိုးဖြင့် ဆောက်လုပ်ခဲ့သော (ဓနိမိုး၊ ထရံကာ၊ ပျဉ်ခင်း) လူပျိုဆောင်(၁)လုံးတို့ရှိပါသည်။

ညောင်ခါးရှည်နယ်မြေရဲစခန်းတွင် တပ်ဖွဲ့ဝင်(၃၄)ဦးရှိရာ လူပျို(၁၀)ဦးမှာရဲစခန်းဝင်းတွင် နေထိုင်ပါသည်။ အိမ်ထောင်သည်(၂၄)ဦးရှိသည့်အနက် (၂၁)ဦးမှာ ရဲစခန်းဝင်းတွင်နေထိုင်ပြီး၊ ကျန်(၃)ဦးမှာ ပြင်ပရှိမိဘဆွေမျိုးများထံတွင် နေထိုင်လျက်ရှိပါသည်။ ညောင်ခါးရှည်နယ်မြေ ရဲစခန်းတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် (ဖ)ခန်းတွဲ ၂ထပ်(၁)လုံးဆောက်လုပ်ခွင့်ရရှိရေးအတွက် ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၏ ၁၈.၁.၂၀၁၉ ရက်စွဲပါစာအမှတ်၊ ၁၈၂၀(၀၁)/၉၀၇ /ထောက်၃ဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်သို့ တင်ပြတောင်းခံခဲ့သော်လည်း ဆောက်လုပ်ခွင့်မရရှိခဲ့သဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်းနှင့် ရရှိပါက ဆောက်လုပ်ပေးသွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဦးအောင်အောင်၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"မင်းလှမြို့နယ်၊ လက်ဆက်ကျေးရွာအုပ်စု၊ စိန်ကန့်လန့်ကျေးရွာတွင် သန္ဓေမီးသတ်စခန်း တစ်ခုချထားပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်းနှင့်

(၂) **"မင်းလှမြို့နယ်၊ စစ်ကွင်းမြို့တွင် မီးသတ်စခန်းတစ်ခု ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်း(၂)ခုတို့ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်အောင်၊မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။**"မင်းလှမြို့နယ်၊ လက်ဆက်ကျေးရွာအုပ်စု၊ စိန်ကန့်လန့်ကျေးရွာတွင် သန္ဓေ မီးသတ်စခန်းတစ်ခု ချထားပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ မင်းလှမြို့နယ်၊ လက်ဆက်ကျေးရွာအုပ်စုစိန်ကန့်လန့်ကျေးရွာတွင် သန္ဓေမီးသတ်ဝန်ထမ်း(၅)ဦး မီးသတ်ကား(၂)စီးနှင့် အရန်မီးသတ်ဝန်ထမ်း(၇၀)ဦးရှိပြီး ယခုလက်ရှိ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးနေရာတွင်သာ ထားရှိတာဝန်ထမ်းဆောင်နေရပါသည်။ ယခုအခါ မြေနေရာရရှိပြီးဖြစ်သောကြောင့် သန္ဓေမီးသတ်စခန်းတစ်ခုချထားပေးရန်အစီအစဉ်ရှိ/မရှိနှင့် ချထားပေးမည်ဆိုပါက မည်သည့်ကာလတွင် ရရှိနိုင်မည်ကို သိရှိလိုကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ မေးမြန်းအပ်ပါသည်။

**ဦးအောင်အောင်၊မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ **"မင်းလှမြို့နယ်၊ စစ်ကွင်းမြို့တွင် မီးသတ်စခန်းတစ်ခု ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ မင်းလှမြို့နယ်၊ စစ်ကွင်းမြို့တွင် သန္ဓေမီးသတ်ဝန်ထမ်းနှင့် ကားများရှိသော်လည်းအရန် မီးသတ်စခန်းတွင် နေရာအခက်အခဲဖြင့် တာဝန်ထမ်းဆောင်နေရသောကြောင့် စစ်ကွင်းမြို့သန္ဓေမီးသတ်အတွက် မြေနေရာရရှိပြီးဖြစ်ပါ၍ မီးသတ်စခန်းတစ်ခုဆောက်လုပ်ပေးရန်နှင့် မည်သည့်အချိန်ကာလတွင်ရရှိမည်ကို သိရှိလိုသောကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အား မေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးအောင်အောင် မေးမြန်းသည့် မေးခွန်း(၂)ခုအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]။** ။ ဦးအောင်အောင်၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"မင်းလှမြို့နယ်၊ လက်ဆက်ကျေးရွာအုပ်စု၊ စိန်ကန့်လန့်ကျေးရွာတွင် သန္ဓေမီးသတ်စခန်းတစ်ခုချထားပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားပေးမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးတွင် တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး(၁)ခု၊ ခရိုင်မီးသတ်ဦးစီးမှူးရုံး(၄)ခု၊ ခရိုင်မီးသတ်စခန်း(၄)ခု၊ မြို့နယ်မီးသတ်ဦးစီးမှူးရုံး(၂၈)ခု၊ မြို့နယ်မီးသတ်စခန်း(၂၈)ခု၊ နယ်မြေမီးသတ်စခန်း(၇၀)ခုတို့အားဖွင့်လှစ်ရန် ဖွဲ့စည်းပုံခွင့်ပြုမိန့်ကျပြီးဖြစ်ပါသည်။ ဖွဲ့စည်းပုံခွင့်ပြုပြီး နယ်မြေမီးသတ်စခန်း(၇၀)ခုအနက် ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်အထိ နယ်မြေမီးသတ်စခန်း(၁၇)ခုသာ ဆောက်လုပ်ပေးနိုင်ခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်၊ လက်ဆက်ကျေးရွာအုပ်စု၊ စိန်ကန့်လန့်ကျေးရွာတွင် သန္ဓေမီးသတ်စခန်း ဖွဲ့စည်းပုံခွင့်ပြုမိန့်မှာ (၂၆-၁၂-၂၀၁၃)ရက်တွင် ရရှိထားပြီးဖြစ်သဖြင့် ပဲခူးတိုင်း ဒေသကြီး မီးသတ်ဦးစီးဌာနအနေဖြင့် ဖွဲ့စည်းပုံခွင့်ပြုပြီးသော မီးသတ်စခန်းများတွင် မီးသတ်စခန်းများ ဆောက်လုပ်ခြင်း၊ ဝန်ထမ်းနေအိမ်များဆောက်လုပ်ခြင်း၊ မီးသတ်ယာဉ်များဖြည့်တင်းခြင်း လုပ်ငန်းများကို တိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဖြည့်တင်းဆောင်ရွက်လျက်ရှိပြီး မင်းလှမြို့နယ်၊ စိန်ကန့်လန့်နယ်မြေမီးသတ် စခန်းဆောက်လုပ်ရန်အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ရန်ပုံငွေ တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက ဆောက်လုပ်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြား အပ်ပါသည်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]။** ။ ဦးအောင်အောင်၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"မင်းလှမြို့နယ်၊ စစ်ကွင်းမြို့တွင် မီးသတ်စခန်းတစ်ခု ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာနအနေဖြင့် ဖွဲ့စည်းပုံခွင့်ပြုပြီးသော မီးသတ်စခန်းများတွင် မီးသတ်စခန်းများဆောက်လုပ်ခြင်း၊ ဝန်ထမ်းနေအိမ်များဆောက်လုပ်ခြင်း၊ မီးသတ်ယာဉ်များဖြည့်တင်းခြင်း လုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဖြည့်တင်းဆောင်ရွက်လျက်ရှိပြီး စစ်ကွင်းမြို့နယ်၊ စစ်ကွင်း နယ်မြေမီးသတ်စခန်း ဆောက်လုပ်ရန်အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ရန်ပုံငွေ တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက ဆောက်လုပ်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြား အပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ထန်းတပင်မြို့နယ်၊ ဇရပ်ကြီးနယ်မြေရဲစခန်းအတွင်း ဝန်ထမ်းအိမ်ရာ တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်

(၂) **"ပဲခူးတိုင်းဒေသကြီးအတွင်း ပါဝါအိတ်ဇောပိုက် (Power Exhaust Pipe)တပ် မော်တော်ဆိုင်ကယ်များအား ဖမ်းဆီးအရေးယူနိုင်ခြင်း ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်း(၂)ခု တို့ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ **"ထန်းတပင်မြို့နယ်၊ ဇရပ်ကြီးနယ်မြေရဲစခန်းအတွင်း ဝန်ထမ်းအိမ်ရာ တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ"**နှင့်စပ်လျဉ်း၍ ထန်းတပင်မြို့နယ်၊ ဇရပ်ကြီးနယ်မြေရဲစခန်းအတွင်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ရဲတပ်ဖွဲ့အင်အားစာရင်းမှာ ရဲအုပ်(၁)ဦး၊ ဒုရဲအုပ် (၂)ဦး၊ တပ်ကြပ်ကြီး (၁)ဦး၊ ဒုတပ်ကြပ်(၅)ဦး၊ ရဲတပ်သား (၂၄)ဦး၊ စုစုပေါင်း(၃၄)ဦး တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

ရဲစခန်းအတွင်းနေ တပ်ဖွဲ့ဝင် လူပျို/ အပျို (၁၆)ဦး၊ စခန်းအပြင်နေ လူပျို(၃)ဦး၊ စခန်း အတွင်းနေ အိမ်ထောင်သည် (၇)ဦး၊ စခန်းအပြင်နေ အိမ်ထောင်သည်(၈)ဦး နေထိုင်ကြပါသည်။ ရဲစခန်း အတွင်းရှိ လူနေအိမ်အဆောက်အဦ (၆)ခန်းတွဲတစ်လုံးသာရှိပြီး ကျန်ရဲတပ်ဖွဲ့ဝင်များမှာ စခန်းအတွင်း ဖြစ်သလို နေထိုင်ရပြီး တစ်ချို့မှာ စခန်းတွင်းပြင်ပတွင် နေထိုင်ရလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ထန်းတပင်မြို့နယ်၊ ဇရပ်ကြီးနယ်မြေရဲစခန်းအတွင်းတွင် ဝန်ထမ်းအိမ်ရာ တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါသည်။

**ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ **"ပဲခူးတိုင်းဒေသကြီးအတွင်း ပါဝါအိတ်ဇောပိုက်(Power Exhaust Pipe)တပ် မော်တော်ဆိုင်ကယ်များအား ဖမ်းဆီးအရေးယူနိုင်ခြင်း ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအတွင်း မော်တော်ဆိုင်ကယ်များစွာရှိပြီး တချို့မှာပါဝါအိတ်ဇောပိုက် (Power Exhaust Pipe)များ တပ်ဆင်မောင်းနှင်ပြီး တစ်ချို့မှာ တမင်ရည်ရွယ်၍ အိတ်ဇောများကို ဖြတ်တောက်ပြီး စီးနင်းမောင်းနှင်နေသည်ကို တွေ့ရှိရပါသည်။

ထိုကဲ့သို့ မောင်းနှင်ကြသည့်အတွက် သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးချို့တဲ့သူများနှင့် သာမန်ပြည်သူများမှာ အထိတ်တလန့်ဖြစ်ကြရပါသည်။

သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီးအတွင်း ပါဝါအိတ်ဇောပိုက် (Power Exhaust Pipe) တပ် မော်တော်ဆိုင်ကယ်များအား ဖမ်းဆီးအရေးယူနိုင်ခြင်းရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ကြယ်ပွင့်ပြ မေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးဌေးလွင် မေးမြန်းသည့် မေးခွန်း(၂)ခုအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]။** ။ ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ထန်းတပင်မြို့နယ်၊ ဇရပ်ကြီးနယ်မြေရဲစခန်းအတွင်း ဝန်ထမ်းအိမ်ရာ တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ"**နှင့်စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်၊ ဇရပ်ကြီးနယ်မြေရဲစခန်းတွင် ဖွဲ့စည်းပုံအင်အားမှာ (၈+၃၇=၄၅)ဦးဖြစ်ပြီး လက်ရှိ အင်အားမှာ (၃+၃၁=၃၄)ဦးဖြင့် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ဇရပ်ကြီးနယ်မြေရဲစခန်းတွင် ၁၉၆၁ခုနှစ်တွင် နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဆောက်လုပ်ထားသည့် (သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်း) ရဲစခန်းရုံးအဆောက်အဦ (၁)လုံး၊ ၂၀၁၁ခုနှစ်တွင် ဆောက်လုပ်ခဲ့သော (သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်း) (၆)ခန်းတွဲ၁ထပ်(၁)လုံး၊ ၁၉၉၆ခုနှစ်တွင် ကိုယ့်အားကိုယ်ကိုးဖြင့်ဆောက်လုပ်ခဲ့သော (သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်း) ရဲရိပ်သာ (၁)လုံးတို့ရှိပါသည်။

ဇရပ်ကြီးနယ်မြေရဲစခန်းအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် (၆)ခန်းတွဲ ၁ထပ်(၂)လုံး၊ (၄)ခန်းတွဲ၁ထပ်(၁)လုံး၊ လူပျိုဆောင်(၁)လုံး ဆောက်လုပ်ခွင့်ရရှိရေးအတွက် ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၏ ၁၈.၁.၂၀၁၉ ရက်စွဲပါစာအမှတ်၊ ၁၈၂၀(၀၁)/ ၉၀၇/ထောက်၃ဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သို့ တင်ပြတောင်းခံခဲ့သော်လည်း ဆောက်လုပ်ခွင့်မရရှိခဲ့သဖြင့်၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်တွင် ဆက်လက်တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]။** ။ ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပဲခူးတိုင်းဒေသကြီးအတွင်း ပါဝါအိတ်ဇောပိုက် (Power Exhaust Pipe)တပ် မော်တော်ဆိုင်ကယ်များအား ဖမ်းဆီးအရေးယူနိုင်ခြင်း ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်းကိုဖြေကြားသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ စီးပွားရေးကောင်းမွန်ခြင်းနှင့် ရထားလမ်းကားလမ်းများဆုံရာဖြစ်ခြင်း၊ မြန်မာနိုင်ငံအနှံအပြားသို့ ဆက်သွယ်သွားလာရာတွင် အချက်အချာကျနေခြင်းတို့ကြောင့် ပြည်သူများခရီးသွားလာရာတွင် မရှိမဖြစ်လိုအပ်သော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များသုံးစွဲမှုမှာလည်း တနေ့တခြားများပြားလာခဲ့ပါသည်။ မော်တော်ဆိုင်ကယ်သုံးစွဲသူများအနက် တချို့သောလူငယ်/လူလတ်ပိုင်းအရွယ်များမှာ စိတ်ခံစားချက်ကို အခြေခံကာပါဝါအိတ်ဇောပိုက်(Power Exhaust Pipe)များ တပ်ဆင်မောင်းနှင်ပြီး တချို့မှာ တမင်ရည်ရွယ်၍ အိတ်ဇောများကိုဖြတ်တောက်ပြီး စီးနင်းမောင်းနှင်နေသည်ကို တွေ့ရှိရပါသည်။ တချို့သောပြည်သူများမှာ ၎င်းတို့၏အိတ်ဇောပိုက်များ ပေါက်ပြဲပျက်စီးခြင်းတို့အား ပြင်ဆင်ခြင်းမပြုဘဲ မောင်းနှင်နေခြင်းကိုတွေ့ရှိရပါသည်။

ပဲခူးတိုင်းဒေသကြီးနယ်မြေအတွင်း မော်တော်ဆိုင်ကယ်များသုံးစွဲမှုမှာလည်း တနေ့တခြား များပြားလာမှုနှင့်အတူ လုပ်သားပြည်သူများအနေဖြင့် ယာဉ်မတော်မဆမှုများကြောင့် လူ့အသက် ပေါင်းများစွာ၊ လူမှုစီးပွားဘဝထိခိုက်ပျက်စီးနေခြင်းများကို အချိန်မီထိန်းချုပ်လျော့ချနိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် သက်ဆိုင်ရာဒေသအသီးသီးတွင် ခရိုင်/မြို့နယ် အလိုက် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီဝင်များ၊ ကုန်းလမ်းပို့ဆောင်ရေးနှင့် ညွှန်ကြားမှု ဦးစီးဌာနမှဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့မှဝန်ထမ်းများ၊ လုပ်ငန်းလိုင်စင်နှင့်သယ်ယူပို့ဆောင် ရေး ကြီးကြပ်ညှိနှိုင်းမှုဌာနမှဝန်ထမ်းများ၊ယာဉ်လုပ်ငန်းများကြီးကြပ်မှုကော်မတီတို့ပါဝင်သော ပူးပေါင်း အဖွဲ့များဖြင့် အစိုးရရုံးဖွင့်ရက်များတွင် အချိန်နှင့်နေရာသတ်မှတ်ပြီး စည်းကမ်းပျက်ယာဉ်များအား စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိပါသည်။ ပဲခူးတိုင်းဒေသကြီးနယ်မြေအတွင်း စည်းကမ်းပျက် မော်တော်ယာဉ်များအား ဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့ရာ ၂၀၁၈ခုနှစ်တွင် စည်းကမ်းပျက်ယာဉ် (၂၆၀၈၁)စီးအနက်မှ ပါဝါအိတ်ဇောတပ် မော်တော်ဆိုင်ကယ်(၂၅၈)စီး၊ ၂၀၁၉ခုနှစ်၊ဇန်နဝါရီလမှ နိုဝင်ဘာလအထိ စည်းကမ်းပျက်ယာဉ်(၂၁၅၈၃)စီးအနက်မှ ပါဝါအိတ်ဇောတပ်မော်တော်ဆိုင်ကယ် (၂၈၄)စီးတို့အား ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ မော်တော်ဆိုင်ကယ်များတွင် ပါဝါအိတ်ဇောများ တပ်ဆင်မောင်းနှင်ခြင်းမရှိစေရေး အတွက် ယာဉ်/လမ်းစည်းကမ်းအသိပညာပေးခြင်း၊ ၂၀၁၅ခုနှစ်တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေ ပုဒ်မ၅၅အရ ပြဋ္ဌာန်းချက်နှင့်အညီ ပါဝါအိတ်ဇောများ တပ်ဆင်မောင်းနှင်ခြင်းများ လျော့နည်းပပျောက် စေရေး အရှိန်အဟုန်မြှင့် ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ် ပါသည်။

**ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "အမျိုးသား လျှပ်စစ်ဓါတ်အားရရှိရေး စီမံကိန်း (N.E.P) လုပ်ငန်းများနှင့်ပတ်သက်၍ နယ်ပယ်ကဏ္ဍအသီးသီး၌ တာဝန်ယူဆောင်ရွက်လျက်ရှိသော တင်ဒါအောင်ကုမ္ပဏီများအား ကျန်ရှိနေသေးသော 11. Line တည်ဆောက်ရေးလုပ်ငန်းများကို အမြန်ဆုံးပြီးစီးအောင် ဆက်လက်ဆောင်ရွက်ကြရန်အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က အလေးထား ကြပ်မတ်ထိန်းကျောင်းပေးနိုင်ရေး တိုက်တွန်းကြောင်း" အဆိုတင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဦးဇော်နိုင်ဦး၊ သဲကုန်း မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"အမျိုးသားလျှပ်စစ်ဓါတ်အားရရှိရေး စီမံကိန်း(N.E.P)လုပ်ငန်းများနှင့် ပတ်သက်၍ နယ်ပယ်ကဏ္ဍအသီးသီး၌ တာဝန်ယူဆောင်ရွက်လျက်ရှိသော တင်ဒါအောင်ကုမ္ပဏီ များအား ကျန်ရှိနေသေးသော 11. Line တည်ဆောက်ရေးလုပ်ငန်းများကို အမြန်ဆုံးပြီးစီးအောင်**

**ဆက်လက်ဆောင်ရွက်ကြရန်အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က အလေးထားကြပ်မတ် ထိန်းကျောင်းပေးနိုင်ရေး တိုက်တွန်းကြောင်း"**အဆိုကို တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၉ ရက် ယနေ့ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို တက်ရောက်လာကြတဲ့ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်အစည်းအဝေးခန်းမအတွင်းမှာ ရှိကြသူအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်နိုင်ဦးပဲ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့အဆိုကို ဆက်လက်တင်သွင်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- **"အမျိုးသားလျှပ်စစ်ဓါတ်အားရရှိရေးစီမံကိန်း(N.E.P)လုပ်ငန်းများနှင့်ပတ်သက်၍ နယ်ပယ်ကဏ္ဍအသီးသီး၌ တာဝန်ယူဆောင်ရွက်လျက်ရှိသော တင်ဒါအောင်ကုမ္ပဏီများအား ကျန်ရှိနေသေးသော 11. Line တည်ဆောက်ရေးလုပ်ငန်းများကို အမြန်ဆုံးပြီးစီးအောင် ဆက်လက်ဆောင်ရွက်ကြရန်အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က အလေးထားကြပ်မတ် ထိန်းကျောင်းပေးနိုင်ရေး တိုက်တွန်းကြောင်း"**အဆိုကို တင်သွင်းသွားမှာဖြစ်ပါတယ်။ အဆိုရဲ့ ရည်ရွယ်ချက်၊ အကျိုးအကြောင်းဖော်ပြချက်များကို ဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- ပြည်ထောင်စုအစိုးရက ကမ္ဘာ့ဘဏ်ချေးငွေများဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသော အမျိုးသားလျှပ်စစ်ဓါတ်အားရရှိရေးစီမံကိန်း (Myanmar National Electric Fication Program – NEP Road Map )အရ (၂၀၃၀)ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး လျှပ်စစ်မီးလင်းရေးအစီအမံများကို (၂၀၁၃-၂၀၁၄) ခုနှစ်များမှ စတင်ပြီး အခြေပြုဆောင်ရွက်လာကြရာ ယခုအခါတွင် နိုင်ငံတကာ၏ စံနှုန်းများနှင့်အညီ ပစ္စည်းတင်ဒါ၊ လုပ်ငန်းတင်ဒါများဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် တင်ဒါအောင်ကုမ္ပဏီများမှ လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း အားလုံးအသိပင်ဖြစ်ပါတယ်။

ထိုသို့ဆောင်ရွက်ရာတွင် ဦးစားပေးအဆင့်အလိုက် မဟာဓါတ်အားလိုင်းနှင့် (၂)မိုင်အတွင်း၊ (၃)မိုင်အတွင်း၊ (၅)မိုင်နှင့်ပြင်ပဟူ၍ အဆင့်ဆင့်စီမံဆောင်ရွက်ကြရာတွင် ပထမဦးစွာ မဟာဓါတ်အားလိုင်းနှင့် (၂)မိုင်အတွင်းကျရောက်သော ကျေးရွာများအတွက် 11 Line သွယ်တန်းခြင်းနှင့် Transformer တည်ဆောက်ခြင်းလုပ်ငန်းများကို တင်ဒါအောင်ကုမ္ပဏီအသီးသီးက သွယ်တန်းတည်ဆောက်ရန် ဖြစ်ပါတယ်။

မိမိတို့ပဲခူးတိုင်းဒေသကြီးအနေဖြင့် ပဲခူးတိုင်း(အရှေ့)တွင် ကျေးရွာပေါင်း (၅၉၁)ရွာအတွက် အောက်ဖော်ပြပါကုမ္ပဏီက တာဝန်ယူဆောင်ရွက်ပါတယ်။

(၁) Now Engineering Co;Ltd.

(၂) Soe Moe Than Co;Ltd.

(၃) Zeya and Associates Co;Ltd.

(၄) Danayarzar Co;Ltd.

(၅) Myan Pyi Htun Co;Ltd.

(၆) Hitachi, Soe Electric and Mechinexy Co;Ltd.

(၇) Asia Energy Supply Services Co;Ltd.တို့ကလည်းကောင်း

ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်းမှာ ကျေးရွာပေါင်း (၈၈၃) ရွာရှိပြီးတော့ အောက်ဖော်ပြပါ ကုမ္ပဏီ(၆)ခုကလည်းကောင်း–

(၁) Zeya and Associates Co;Ltd.

(၂) Yaung Ni Oo Electric Co;Ltd.

(၃) Danayarzar Co;Ltd.

(၄) Hitachi, Soe Electric and Mechinexy Co;Ltd.

(၅) HT.LT Co;Ltd.

(၆) Super Mega Co;Ltd. တို့က တာဝန်ယူတည်ဆောက်ကြရတာ ဖြစ်ပါသည်။

အထက်ဖော်ပြပါ ကုမ္ပဏီအသီးသီးတို့အနက် မိမိတို့သဲကုန်းမြို့နယ်တွင် တာဝန်ယူရရတဲ့ Danayarzar Co;Ltd. နှင့် Zeya and Associates Co;Ltd.တို့သည် လုပ်ငန်းများကို မိုးကာလမတိုင်မီနှင့် မိုးကာလအတွင်း စိုက်ပျိုးရေးလုပ်ငန်းများကြောင့်လည်းကောင်း၊ မိုးရွာသွန်းမှု၊ ရေများမှုကြောင့် လည်းကောင်း၊ လိုင်းတည်ဆောက်ရေးလုပ်ငန်းများကိုလည်းကောင်း ၊ လိုင်းတည်ဆောက်ရေး လုပ်ငန်း များကို ကောင်းကောင်းလုပ်ဆောင်နိုင်ခဲ့ခြင်းများမရှိသည့်အတွက် 11 Line တိုင်စိုက်ထူခြင်းလုပ်ငန်း ကိုပင် ၅၀%ပင်မပြီးစီးသေးပါ။ ထိုစဉ်အချိန်က ရာသီဥတုသဘောသဘာဝကြောင့် လုပ်ငန်းများ ကြန့်ကြာနေသည်ကို လက်ခံနိုင်သော်လည်း ယခုအခါ စပါးများရိတ်သိမ်းနေသည့်ကာလ၊ အချို့မြို့နယ်၊ အချို့နေရာတို့မှာ သက်ငယ်စပါးများကို စိုက်ပျိုးခြင်းကြောင့် လယ်များ၊ စပါးများရိတ်သိမ်းပြီးတဲ့အချိန် မတ်ပဲများ၊ ဆောင်းသီးနှံများပြန်လည်စိုက်ပျိုးရန်အချိန် အချို့ဆိုလျှင်စိုက်ပျိုးပြီးလို့ အပင်များအတော် ကြီးလာတဲ့ အနေအထားမှာဖြစ်ပါသဖြင့် ကုမ္ပဏီများမှာ ကျန်ရှိနေသေးတဲ့ 11 Line စိုက်ထူခြင်း လုပ်ငန်းများ၊ ကြိုးသွယ်တန်းခြင်းလုပ်ငန်းများ၊ Transformer တည်ဆောက်ခြင်းလုပ်ငန်းတို့ကို အလျင် အမြန်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါတယ်။ ဒီနေရာမှာ မိမိတို့သဲကုန်းမြို့နယ်အနေနဲ့ အခြေအနေကို ဥပမာအနေနဲ့တင်ပြချင်ပါတယ်။ သဲကုန်းမြို့နယ်မှာဆိုလျှင် မြို့(၄)မြို့နဲ့ဖွဲ့စည်းထားပြီးတော့(၁) သဲကုန်း၊ (၂)ပုတီးကုန်း၊ (၃)ဆင်မြီးဆွဲ၊ (၄)အင်းမမြို့တို့ပဲ ဖြစ်ပါတယ်။ သဲကုန်း၊ ပုတီးကုန်း၊ ဆင်မြီးဆွဲမြို့ (၃)မြို့တို့မှာ (N.E.P) လုပ်ငန်းများအတွက် Danayarzar Co;Ltd. ကလည်းကောင်း၊ အင်းမမြို့မှာ (N.E.P) လုပ်ငန်းများအတွက် Zeya Co;Ltd. ကလည်းကောင်း၊ အသီးသီးတာဝန်ယူတည်ဆောက်

လျက်ရှိရာ (၁၇.၁၁.၂၀၁၉) ရက်စွဲအရစာရင်းအရ သဲကုန်းနယ်မြေမှာ ၂မိုင်အတွင်း စာရင်းပါရှိတဲ့ ကျေးရွာ(၃၆)ရွာအနက် 11 Line တိုင် (၉၅၉)တိုင် စိုက်ထူရမှာဖြစ်သော်လည်း (၄၉၁)တိုင်သာ စိုက်ထူပြီးခြင်း၊ ပုတီးကုန်းနယ်မြေအတွက် (၂)မိုင်အတွင်းစာရင်းပါရှိသော ကျေးရွာ(၂၇)ရွာအတွက် 11 Line တိုင်(၆၉၇)တိုင် စိုက်ထူရမှာဖြစ်သော်လည်း (၃၂၇)တိုင်သာစိုက်ထူပြီးခြင်း၊ ဆင်မြီးဆွဲနယ်မြေ (၂)မိုင်အတွင်း စာရင်းပါရှိသောကျေးရွာ(၂၂)ရွာအတွက် 11 Line တိုင် (၅၅၆)တိုင်စိုက်ထူရမှာဖြစ် သော်လည်း (၂၁၃)တိုင်သာစိုက်ထူပြီးစီးခြင်း၊ အင်းမနယ်မြေအတွက် တာဝန်ယူရသော Zeya Co;Ltd ၏ (၁၃.၁၁.၂၀၁၉) ရက်စွဲစာရင်းအရ ကျေးရွာပေါင်း(၃၁)ရွာအတွက် 11 Line တိုင် (၇၉၃)တိုင် စိုက်ထူရန်ဖြစ်သော်လည်း တိုင်ထုတ်ယူပြီးတာ (၆၄၇)တိုင် အဲ့ဒီတိုင်ထဲကမှ (၃၉၇)တိုင်သာ စိုက်ထူ ပြီးစီးကြောင်းသိရှိရပါတယ်။ လုပ်ငန်းပြီးစီးမှုအခြေအနေကို ရာခိုင်နှုန်းအနေနဲ့နှိုင်းယှဉ်ကြည့်မယ် ဆိုလျှင် ၄၀%ခန့်သာပြီးစီးကြောင်းကို တွေ့ရှိရမှာဖြစ်ပါတယ်။ အထက်မှာတင်ပြခဲ့တဲ့ အခြေအနေပုံစံမျိုးခြင်း ဆင်တူရိုးမှား အလားတူပုံစံမျိုးကို ပဲခူးတိုင်းဒေသကြီးမှာရှိတဲ့ မြို့နယ်အသီးသီးမှာလည်း တွေ့ကြုံနေရမယ်လို့ မိမိမှာယုံကြည်ယူဆပါတယ်။ ယခင်လုပ်ငန်းများ ဆောင်ရွက်ကျစဉ်က မိုးရာသီ လယ်ယာစိုက်ပျိုးရေးကာလနဲ့ မိုးရေအခြေအနေ၊ ရာသီဥတုအခြေအနေများအရလုပ်ကိုင်နေရတာ ကြောင့် မိမိအနေနဲ့ သဘောပေါက်နားလည်ပါတယ်။ လုပ်ငန်းကြန့်ကြာမှုတို့ကို၊ ပြီးစီးမှုရာခိုင်နှုန်း နည်းသည်တို့ကို အထူးမဆွေးနွေးလိုပေမယ့် ယခုအခါမိုးစပါးများ ရိတ်သိမ်းရသည့်အပြင် ဆောင်းသီးနှံ၊ ပဲမျိုးစုံ၊ ပဲအမျိုးမျိုးဆက်လက် စိုက်ပျိုးလုပ်ကိုင်နေမှုများရှိပါသဖြင့် (N.E.P) 11 Line တည်ဆောက်ရန် တောင်သူများရဲ့သီးနှံစိုက်ပျိုးတဲ့အခြေအနေ၊ အချိန်ကာလအပေါ်မှာမူတည်ပြီးတော့ တင်ဒါအောင် ကုမ္ပဏီက မြန်မြန်ဆန်ဆန်နဲ့ အမြန်ဆုံးဆက်လက်ဆောင်ရွက်ကြဖို့ လိုအပ်မှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား (N.E.P)စီမံကိန်းလုပ်ငန်းကြီးဟာ မြန်မာနိုင်ငံအတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးမှာကျေးလက်နေပြည်သူများရဲ့ ကြီးမားတဲ့မျှော်မှန်းချက်ဖြစ်သလို ဤစီမံကိန်းကြီးကို အမြန်ဆုံးအကောင်အထည်ဖော်လာမည်ဆိုပါက ပြည်သူလူထုရဲ့ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ စတဲ့ကဏ္ဍတို့မှာ မြန်မြန်ဆန်ဆန် တိုးတက်ဖွံ့ဖြိုးလာမှာ မလွဲကေန် ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား ဒီ(N.E.P) စီမံကိန်းဟာ ပြည်ထောင်စု အစိုးရအဖွဲ့ ဦးဆောင်ပြီးတော့ လုပ်ကိုင်ဆောင်ရွက်တာ စီမံခန့်ခွဲတာမှန်သော်လည်း မိမိစီမံခန့်ခွဲတဲ့ ဒီစီမံကိန်းရဲ့တစ်စိတ်တစ်ဒေသ ကိုခံစားသွားရမဲ့ တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်အစိုးရအဖွဲ့ရဲ့ အဓိကကျတဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတို့ မိမိတို့ရဲ့တိုင်း၊ မိမိတို့ရဲ့ပြည်နယ်၊ မိမိတို့ရဲ့ Focal ဝန်ကြီး ဌာနက တာဝန်တစ်ခုလည်းဖြစ်တဲ့အပြင် အဲ့ဒီတာဝန်တစ်ခုကို အဲ့ဒီတိုင်း၊ အဲ့ဒီပြည်နယ်၊ အဲ့ဒီအစိုးရ၊ အဲ့ဒီ ဝန်ကြီးဌာနက ဘယ်လောက်ထိစောင့်ကြည့်တယ်။ ဘယ်လောက်ထိထိန်းကျောင်းတယ်။ ဘယ်လောက် ထိန်းကျောင်း ကြပ်မတ်ပြီးတော့ ဘယ်လောက်ကျန်သေးတယ်။ စသည်အားဖြင့် တာဝန်ရှိသူအားလုံး တို့ဟာ ဘယ်လောက်ထိန်းကျောင်းကြပ်မတ်နေတယ်ဆိုတာဟာ မှတ်ကျောက်တစ်ခုအနေနဲ့ သွားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာတစ်ခုတင်ပြချင်တာက တာဝန်ကို ကျွန်တော်တို့က ဦးဆောင်နိုင်မှုမရှိဘဲနဲ့

တာဝန်ရှောင်လွှဲတဲ့သဘောမျိုးနဲ့ ပြည်ထောင်စုအစိုးရကလုပ်နေတာပဲ၊ ပြည်ထောင်စုနဲ့ပဲ တိုက်ရိုက်ဆိုင်တယ်ဆိုပြီးတော့ ကျွန်တော်တို့က မျက်နှာလွှဲခဲပစ်လုပ်တာမျိုး သို့မဟုတ် မလုပ်၊ မရှုပ်၊မပြုတ် ပုံစံမျိုးတွေလုပ်နေကြမယ်ဆိုလျှင်တော့ လုပ်နေသူလုပ်နေကြတဲ့အစိုးရအဖွဲ့ရဲ့ မှတ်ကျောက်တွေဖြစ်မယ်ဆိုတဲ့အတွက် တာဝန်ရှိသူအစိုးရအဖွဲ့ကသာ တကယ်လို့ ထက်မြက်ထိရောက်တဲ့ ဒီစီမံကိန်းအလုပ်တွေကို ပြည်ထောင်စုအစိုးရနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတို့နဲ့ ချိတ်ဆက်ပြီးတော့ လိုအပ်သလို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန် နိုင်ငံရေးသဘောအရ လိုအပ်နေတဲ့အချိန်ဖြစ်နေပါတယ်။ သို့ပါသောကြောင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ပြည်သူတို့ရဲ့ယုံကြည်ကိုးစားမှုကို ပိုမိုရရှိစေရေး၊ ပြည်သူတို့ရဲ့လူမှုဘဝဖြစ်တဲ့ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍတို့မှာ မြန်မြန်ဆန်ဆန်ဖွံ့ဖြိုးတိုးတက်လာနိုင်စေရေးတို့အတွက် မိမိတို့တာဝန်ယူစဉ်ကာလအတွင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ မှတ်တမ်းကောင်းများထားခဲ့နိုင်ရေးတို့အတွက် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး (N.E.P)အမျိုးအစားစီမံကိန်းရဲ့ ကျန်ရှိနေတဲ့လုပ်ငန်းများကို တင်ဒါအောင်ကုမ္ပဏီများက အမြန်ဆုံးမြန်မြန်ဆန်ဆန် ဆက်လက်ဆောင်ရွက်ပေးကြရန် တိုင်းဒေသကြီးအစိုးရအဖွဲ့က ထိန်းကျောင်းကြပ်မတ်ပေးနိုင်ရေးအဆိုကို ကျွန်တော် သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)ဦးဇော်နိုင်ဦးမှ အစိုးရအဖွဲ့သို့ လေးနက်စွာ တိုက်တွန်းကြောင်း တင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။အဆိုကို ထောက်ခံမည့်သူရှိပါက ဆက်လက်ထောက်ခံဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးအေးမင်းဝင်း၊တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ယနေ့အစည်းအဝေးသို့ကြွရောက်လာကြသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဂုဏ်သရေရှိလူကြီးမင်းများအားလုံး မင်္ဂလာပါလို့နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းဝင်းဖြစ်ပါတယ်။ ယခုသဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇော်နိုင်ဦးတင်သွင်းသွားတဲ့အဆိုဟာ ကျွန်တော်တို့တိုင်းဒေသကြီးအတွက် အင်မတန်မှအရေးကြီးတဲ့အဆိုဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့မြို့မှာဆိုလျှင် ဒီ (N.E.P) စီမံကိန်း (၂)မိုင်အတွင်း ပထမဦးစားပေး ကျေးရွာပါတဲ့ (၉၇)ရွာမှာဆိုလျှင် တာဝန်ယူဆောင်ရွက်တဲ့ ကုမ္ပဏီ(၂)ခုရှိပါတယ်။ အဲ့ဒီ (၉၇)ရွာထဲမှာ ယခုလက်ရှိ စီမံကိန်းမှာလုပ်ငန်း၁၀ရာခိုင်နှုန်း ပြီးသွားတာသုံးပုံတစ်ပုံ တောင်မပြည့်သေးပါဘူး။ အဲ့ဒီအတွက် ဒီလုပ်ငန်းကိုဆောင်ရွက်နေတဲ့ ကုမ္ပဏီတွေကို ကျွန်တော်တို့မြို့မှာဆိုလျှင် ကြပ်မတ်မှုကအင်မတန်နည်းပါတယ်။ ဘာလို့လဲဆိုလျှင် ပြည်ထောင်စုကနေ တင်ဒါအောင်လာတဲ့ ကုမ္ပဏီတွေဖြစ်တဲ့အတွက် သူတို့ကိုကြပ်မတ်ထိန်းကျောင်းမှုက မရှိသလောက် ဖြစ်ပါတယ်။ အဲ့ဒီအတွက် ဒီအဆိုဟာ အင်မတန်မှအရေးကြီးတဲ့ အဆိုလည်းဖြစ်ပါတယ်။ အဲ့ဒီအတွက် ဦးဇော်နိုင်ဦးသဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)ကတင်သွင်းတဲ့ **“အမျိုးသား လျှပ်စစ်ဓါတ်အားရရှိရေး**

**စီမံကိန်း(N.E.P)လုပ်ငန်းများနှင့်ပတ်သက်၍ နယ်ပယ်ကဏ္ဍအသီးသီး၌ တာဝန်ယူဆောင်ရွက်လျက်ရှိသော တင်ဒါအောင်ကုမ္ပဏီများအား ကျန်ရှိနေသေးသော 11. Line တည်ဆောက်ရေး လုပ်ငန်းများကို အမြန်ဆုံးပြီးစီးအောင် ဆက်လက်ဆောင်ရွက်ကြရန်အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က အလေးထားကြပ်မတ်ထိန်းကျောင်းပေးနိုင်ရေး တိုက်တွန်းကြောင်း”**အဆိုကို လွှတ်တော်တွင် လက်ခံဆွေးနွေးသင့်ကြောင်း ထောက်ခံပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီးအဆိုကို ထောက်ခံဆွေးနွေးရန်ရှိပါက ဖိတ်ခေါ်ပါတယ်။

**ဦးမောင်မောင်ဦး၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌခင်ဗျား ကျွန်တော်ကတော့ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးဖြစ်ပါတယ်။ ကျွန်တော်တို့ (N.E.P) စီမံကိန်းတည်ဆောက်ရာမှာ အခက်အခဲဘာရှိလဲဆိုလျှင် ကျွန်တော်တို့ဆီမှာဆိုလျှင် ကျွန်တော်တို့ရှင်းရတာ နံပါတ်(၁) နေရာရွေးချယ်တဲ့အခါမှာ တင်ဒါအောင်ကုမ္ပဏီတွေကနေပြီးတော့ ကျေးရွာအုပ်ချုပ်ရေးမှူးတွေ၊ ကျေးရွာရပ်မိ/ရပ်ဖတွေကို မချိတ်ဆက်ပဲနဲ့ လုပ်ဆောင်သွားတာတွေရှိပါတယ်။ အဲ့ဒီမှာတစ်ယောက်နဲ့တစ်ယောက် အယူအဆလွဲပြီးတော့ ငါ့လယ်ထဲကိုစိုက်တယ်။ ငါ့ခြံထဲကို စိုက်တယ်။ ဒီလိုမျိုးတွေဖြစ်ရပါတယ်။ အမှန်ကတော့ ရွာမှာ ပေါင်းစပ်ဆွေးနွေးပြီးတော့ စိုက်လို့ရှိလျှင် ပြဿနာမတက်ပါဘူး။ နေရာမတောင်း ခွင့်မတောင်းဘဲနဲ့ လုပ်သွားတယ်။ ဒါမျိုးတွေ လည်းကြုံရပါတယ်။ ဒုတိယအချက်က အချိန်ထပ်ယူတယ်။ ဒါပေမယ့် (၃)လနဲ့လည်းမပြီးတော့ဘူး။ (၅)လဆိုပြီးထပ်ပေးပါတယ်။ တည်ဆောက်နေတဲ့ဟာတွေကို ကြည့်တဲ့အခါမှာ လုပ်သားအင်းအား နည်းပါးတယ်။ လုပ်ငန်းပမာဏများပြားတယ်။ ဒါမျိုးတွေတွေ့နေရပါတယ်။ အဲ့ဒီတော့ လုပ်တဲ့အချိန်က တိုတောင်းပါတယ်။ အချိန်နည်းပါတယ်။ ဘာကြောင့်နည်းရတာလဲဆိုလျှင် ခုနကလမ်းပေါ်မှာ ဆွဲရတာတွေမဟုတ်ဘဲ ကွင်းပြင်တွေပေါ်မှာ ဆွဲရတာဖြစ်တဲ့အတွက် စိုက်ပျိုးချိန်တွေနဲ့ အံကိုက်ညှိပြီးတော့ လုပ်သားအင်အားများများနဲ့ ဒီလယ်ကွင်းကို အလျင်ပြီးအောင်လုပ်ရပါမယ်၊ ရွာထဲကတော့သိပ်ပြဿနာမရှိပါဘူး ဒါပေမယ့် အဲ့လိုမျိုးတွေ မလုပ်တဲ့အတွက် အခုဆိုလျှင် အဆိုရှင်တင်ပြခဲ့တဲ့ အတိုင်းပဲ ပြီးစီးမှုရာခိုင်နှုန်းက ၅၀ မပြောနဲ့ ၃၀ % တောင်မပြီးသေးပါဘူး။ နောက်ထပ်လည်း ပြီးနိုင်ဖို့ကတော်တော်လေး လုပ်ရပါဦးမယ်။ ဒါကြောင့် အဆိုရှင်တင်သွင်းတဲ့ ပဲခူးတိုင်းဒေသကြီးအစိုးရ စက်မှု၊ လျှပ်စစ်နဲ့လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က အလေးထားထိန်းကျောင်း ကြပ်မတ်ပေးနိုင်ရေး တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန်သင့်ကြောင်း ဆွေးနွေးအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဦးဇော်နိုင်ဦးတင်သွင်းတဲ့ အဆိုကို တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းဝင်း၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးမောင်မောင်ဦးတို့(၂) ဦးကနေ ထောက်ခံသွားပါတယ်။ အဆိုမှာ **"အမျိုးသားလျှပ်စစ်ဓါတ်အားရရှိရေး စီမံကိန်း(N.E.P) လုပ်ငန်းများနှင့်ပတ်သက်၍ နယ်ပယ်ကဏ္ဍအသီးသီး၌ တာဝန်ယူဆောင်ရွက်လျက်ရှိသော တင်ဒါအောင်ကုမ္ပဏီများအား ကျန်ရှိနေသေးသော 11. Line တည်ဆောက်ရေးလုပ်ငန်းများကို အမြန်ဆုံးပြီးစီးအောင် ဆက်လက်ဆောင်ရွက်ကြရန်အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က အလေးထား ကြပ်မတ်ထိန်းကျောင်းပေးနိုင်ရေး တိုက်တွန်းကြောင်း"** အဆိုဖြစ်ပါတယ်။ ဒါ့ကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ ဆန္ဒရယူပါမယ်။ အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလားခင်ဗျား။

[ လွှတ်တော်က သဘောမတူသူမရှိပါ။]

**ဥက္ကဋ္ဌ**။ ။အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မရှိသည့်အတွက် ဦးဇော်နိုင်ဦး၏အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်ကသဘောတူကြောင်း ကြေညာပါတယ်။ ဦးဇော်နိုင်ဦး တင်သွင်းသည့်အဆိုကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အစည်းအဝေးရပ်နားတဲ့အခါ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ ယနေ့ (၁၆:၀၀)နာရီထက် နောက်မကျစေဘဲ အမည်စာရင်း ပေးသွင်းကြရန် ဖြစ်ပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(ပထမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(ဒုတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)ကို (၁၁:၃၀)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့) ကို၂၀၁၉ခုနှစ် ဒီဇင်ဘာလ(၁၀)ရက် (အင်္ဂါနေ့) နံနက် (၁၀:၀၀)နာရီအချိန်မှာ ဆက်လက် ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# ဒုတိယနေ့ မှတ်တမ်း
# ၁၃၈၁ ခုနှစ် နတ်တော်လဆန်း ၁၄ ရက်
# ၂၀၁၉ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်
# (အင်္ဂါနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို နံနက် (၁၀:၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်ကဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး ဦးကိုကိုဦး ဒုတိယညွှန်ကြားရေးမှူးချုပ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်က ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့ အစည်းအဝေးကို ၆၈ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၈၉.၄၇ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက်ကျော်လွန်တာကြောင့် ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ၄(ခ)အရ ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့) အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်(၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့) အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စား ခွင့်ပန်ကြားသွားမည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း [ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်း [ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီး]၊ ပေါင်းတည် မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးထွန်းထွန်းဦး [ဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန]၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကြည်ဇင် [ဒုတိယဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်]၊ ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ ပြည် မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးဝင်းနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရဲဝင်းထွန်းတို့သည် ကိုယ်တိုင်

ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် (၁၀.၁၂.၂၀၁၉) ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ယင်းတို့ (၈)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒီကနေ့ ပဲခူးတိုင်းဒေသကြီး လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၇၆)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ (၈)ဦး ဖြစ်ပါ တယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။လွှတ်တော်က အတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စား လှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခု လွှတ်တော်ကိုယ်စားလှယ် (၃)ဦးက မေးမြန်းသည့် မေးခွန်း(၃)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ပထမဦးစွာ ဦးကျော်မင်းစံ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏"**ပဲခူးမြို့နယ်တွင် တရားဥပဒေစိုးမိုးရေးအတွက် ရဲတပ်ဖွဲ့ဝင်များကို တိုးမြှင့်ခန့်ထားပေးရန်နှင့် ၎င်းတို့အတွက် သင့်တော်သော ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ**"နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်မင်းစံ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ **"ပဲခူးမြို့နယ်တွင် တရားဥပဒေစိုးမိုးရေးအတွက် ရဲတပ်ဖွဲ့ဝင်များကို တိုးမြှင့်ခန့်ထားပေးရန်နှင့် ၎င်းတို့အတွက် သင့်တော်သော ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်း၍ ယခုအခါ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်တွင် ခိုးဆိုးလုယက်မှုများ၊ ရာဇဝတ်မှုများ၊ များပြားလာသည်ကို ကြားသိနေရပါသည်။ ရဲတပ်ဖွဲ့ဝင် လုံလောက်မှုမရှိသည်ကိုလည်း သိရှိရပါသည်။ ဝန်ထမ်းအိမ်ရာလည်း လုံလောက်မှုမရှိပါ။

သို့ဖြစ်ပါ၍ သင့်တော်သောရဲတပ်ဖွဲ့ဝင်အင်အား ဖြည့်ဆည်းပေးခြင်းနှင့် ရဲတပ်ဖွဲ့ဝင်များအတွက် ဝန်ထမ်းအိမ်ရာများ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ညောင်လေးပင်မြို့နယ်၊ မဒေါက်မြို့ရှိ နယ်မြေမီးသတ်စခန်း၏ မီးသတ်ကားအဝင်အထွက် လမ်းနေရာအား ကွန်ကရစ်ခင်းပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ **"ညောင်လေးပင်မြို့နယ်၊ မဒေါက်မြို့ရှိ နယ်မြေမီးသတ်စခန်း၏ မီးသတ်ကားအဝင်အထွက်လမ်းနေရာအား ကွန်ကရစ်ခင်းပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ မဒေါက်မြို့တွင် နယ်မြေမီးသတ်စခန်းတစ်ခုရှိပါသည်။ မီးသတ်အဆောက်အဦမှာ မဒေါက်မြို့ မြို့မ(၁)ရပ်ကွက်၊ ညောင်လေးပင်-မဒေါက်-ရွှေကျင် လမ်းမကြီးဘေးတွင်ရှိပါသည်။ ယခင်က မီးသတ်စခန်း အဆောက်အဦအဟောင်းမှာ မြို့မ(၂)ရပ်ကွက် မင်းလမ်းဘေးတွင်တည်ရှိပြီး နံဘေးတွင်လည်း လူနေအိမ်များနှင့် ကျပ်ညှပ်နေကာ မီးသတ်ကားလည်း ထား၍မရပါ။

ထို့ကြောင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် မေးခွန်းမေး၍ တင်ပြတောင်းခံခဲ့ရာရရှိပြီး (၂၀၁၇-၂၀၁၈)ဘတ်ဂျက်ဖြင့် ယခုအဆောက်အဦကို ဆောက်လုပ်ခဲ့ခြင်းဖြစ်ပါသည်။

ယခုအခါ အဆောက်အဦပြီးစီး၍ မီးသတ်ကားများထားရာတွင် အဆင်ပြေသွားသော်လည်း မီးသတ်အဆောက်အဦနှင့် ကားလမ်းကြားတွင် မြေသားများဖြစ်၍ ကားအဝင်အထွက်နှင့် ကားလမ်းပေါ် အတက်အဆင်း အဆင်မပြေပါ။

သို့ဖြစ်ပါ၍ အဆိုပါမဒေါက်မြို့နယ်မြေမီးသတ်စခန်းအဆောက်အဦနှင့် ညောင်လေးပင်- မဒေါက်- ရွှေကျင် ကားလမ်းမကြား မီးသတ်ကားအဝင်အထွက် (အတက်အဆင်း)နေရာအား ကွန်ကရစ်ခင်း ပေးရန် အစီအစဉ်ရှိ/ မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုကို လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]။** ။ ဦးကျော်မင်းစံ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပဲခူးမြို့နယ်တွင် တရားဥပဒေစိုးမိုးရေးအတွက် ရဲတပ်ဖွဲ့ဝင်များကို တိုးမြှင့်ခန့်ထားပေးရန်နှင့် ၎င်းတို့အတွက် သင့်တော်သော ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကိုဖြေကြားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်တွင် ရဲစခန်း(၈)ခုရှိပါသည်။ ပဲခူးမြို့နယ်ရဲတပ်ဖွဲ့တွင် အရာရှိခွင့်ပြု(၇၅)ဦး၊ အခြားအဆင့် ခွင့်ပြု(၃၃၆)ဦး၊ အရာရှိလက်ရှိ(၅၃)ဦး၊ အခြားအဆင့်လက်ရှိ(၃၂၇)ဦး စုစုပေါင်းခွင့်ပြု(၄၃၁)ဦး၊ လက်ရှိ အရာရှိ/အခြားအဆင့်ပေါင်း (၃၈၀)ဦးရှိပြီး ပဲခူးမြို့နယ်ရဲတပ်ဖွဲ့သို့ ပြောင်းဝင်အရာရှိ/အခြားအဆင့်များ ရောက်ရှိလာပါက အင်အားဖြည့်တင်း ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ပဲခူးမြို့နယ်ရဲတပ်ဖွဲ့ရှိရဲစခန်းများတွင်လုံးချင်း(၁)ထပ်(၃၀)လုံး၊(၂)ခန်းတွဲ(၁) ထပ်(၃၁)လုံး၊ (၃)ခန်းတွဲ(၁)ထပ် (၄)လုံး၊ (၄)ခန်းတွဲ(၁)ထပ် (၁၅)လုံး၊ (၅)ခန်းတွဲ(၁)ထပ် (၂)လုံး၊ (၆)ခန်းတွဲ ၁ထပ် (၈)လုံး၊ (၆)ခန်းတွဲ ၂ထပ်(၁)လုံးတို့ရှိပါသည်။

ပဲခူးမြို့နယ်ရဲတပ်ဖွဲ့ရှိ ရဲစခန်းများအတွက် ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၏ ၁၈.၁.၂၀၁၉ ရက်စွဲပါစာအမှတ်၊ ၁၈၂၀(၀၁)/၉၀၇/ထောက်၃ဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သို့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် (၆)ခန်းတွဲ၂ထပ်(၁၁)လုံး၊ လူပျိုဆောင်(၃)လုံး တင်ပြတောင်းခံခဲ့သော်လည်း ဆောက်လုပ်ခွင့်မရရှိခဲ့သဖြင့် ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်တွင် ဆက်လက်တင်ပြ တောင်းခံသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]။** ။ ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ညောင်လေးပင်မြို့နယ်၊ မဒေါက်မြို့ရှိ နယ်မြေမီးသတ် စခန်း၏ မီးသတ်ကားအဝင်အထွက်လမ်းနေရာအား ကွန်ကရစ်ခင်းပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ မဒေါက် မြို့နယ်မြေမီးသတ်စခန်း၏မီးသတ်ကား အဝင်အထွက်လမ်းနေရာအား ကွန်ကရစ်ခင်းပေးနိုင်ရေး အတွက် ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ရန်ပုံငွေတင်ပြတောင်းခံ သွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနလက်အောက်ရှိ မုန်း-ရေအိုးစင်လမ်းကတ္တရာခင်းခြင်းလုပ်ငန်းအား အရည်အသွေးစစ်ဆေးရေးလုပ်ငန်းစဉ်အား မည်ကဲ့သို့ဆောင်ရွက်သည်၊ လုပ်ငန်းပြီးစီးမှုရာခိုင်နှုန်းအား မည်ကဲ့သို့အတည်ပြုသည်၊ မည်သည့်ကုမ္ပဏီ၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်မှ တာဝန်ယူဆောင်ရွက်သည်ကို သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ **"၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနလက်အောက်ရှိ မုန်း-ရေအိုးစင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းအား အရည်အသွေးစစ်ဆေးရေးလုပ်ငန်းစဉ်အား မည်ကဲ့သို့ဆောင်ရွက်သည်၊ လုပ်ငန်းပြီးစီးမှုရာခိုင်နှုန်းအား မည်ကဲ့သို့အတည်ပြုသည်၊ မည်သည့်ကုမ္ပဏီ၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်မှ တာဝန်ယူဆောင်ရွက်သည်ကို သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်း၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် မုန်း-ရေအိုးစင်လမ်း (၉၆၈၅'×၁၄'×၀၀') ကတ္တရာခင်းခြင်းလုပ်ငန်းအား (၂၇.၁၁.၂၀၁၈)ရက်နေ့တွင် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ပြီး (၃၀.၉.၂၀၁၉)ရက်နေ့တွင်ပြီးစီးကြောင်း သိရှိရပါသည်။ ၎င်းလုပ်ငန်းစတင်ဆောင်ရွက်ချိန်မှစပြီး ပြီးစီးချိန်ထိ လုပ်ငန်းအကောင်အထည်ဖော်မှုအခြေအနေနှင့် အရည်အသွေးပြည့်မီခြင်းရှိ/မရှိကို မည်သူက တာဝန်ခံစိစစ်သည်ကို မသိရှိရပါ။ လုပ်ငန်းစတင်အကောင်အထည်ဖော်ဆောင်ရွက်ရန် မြို့နယ်စီမံကိန်းရုံးသို့ ပေးပို့သည့်စာရင်းတွင် (၂၄၃.၄၇၄)သန်းဖြင့် ဆောင်ရွက်ရန်လျာထားပြီး လုပ်ငန်းပြီးစီးသည့်အချိန်တွင် (၂၅၁.၁၃)သန်းဖြင့် ဆောင်ရွက်ပြီးစီးကြောင်းဖော်ပြထားသည်ဟု သိရှိရပါသည်။ လမ်းကြီးကြပ်ရေးကော်မတီများ၊ ဒေသခံပြည်သူများ၊ ၎င်းလမ်းလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်နေသည့် ကျွမ်းကျင်လုပ်သားကြီးများမှ လုပ်ငန်းဆောင်ရွက်မှုများသည် အားနည်းချက်များရှိကြောင်း၊ လုပ်ငန်းသုံးပစ္စည်းများအား ပြည့်ဝစွာသုံးစွဲထားခြင်းမရှိကြောင်း၊ လမ်းအရည်အသွေးမှာလည်း ကောင်းမွန်မှုမရှိကြောင်း၊ တင်ပြလာပါသဖြင့် မိမိကိုယ်တိုင် ကွင်းဆင်းပြီး တာဝန်ခံဆိုသူအား တွေ့ဆုံ၍ တွက်ချက်မှုပုံစံ၊ BP/BQ Drawing များအားပေးပို့ရန် (၂)ကြိမ်တိုင်တောင်းခဲ့သော်လည်း ယခုလုပ်ငန်းပြီးစီးပြီဟုပြောသည်အထိ ပေးပို့ခဲ့ခြင်းမရှိပါ။ လုပ်ငန်းပြီးစီးမှုအဆင့်ဆင့်အား မြို့နယ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီမှသော်လည်းကောင်း၊ လမ်းကြီးကြပ်ရေးကော်မတီမှသော်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များမှသော်လည်းကောင်း ပြီးစီးမှုရာခိုင်နှုန်းအား ထောက်ခံထားခြင်းမရှိပါ။ ထို့ကြောင့် ၎င်းလမ်းနှင့်ပတ်သက်၍ မည်သည့်အဖွဲ့အစည်း၊ ကုမ္ပဏီ၊ လူပုဂ္ဂိုလ်မှ တာဝန်ယူဆောင်ရွက်သည်၊ အရည်အသွေးစစ်ဆေးမှုအား မည်ကဲ့သို့ဆောင်ရွက်သည်၊ လမ်းပြီးစီးမှုအဆင့်ဆင့်အား မည်သည့်အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်က ပြီးစီးမှုရာခိုင်နှုံးအား မည်သို့သတ်မှတ်သည်ကို သိရှိလိုပါကြောင်း မေးမြန်းရခြင်းဖြစ်ပါ သည်။

**ဥက္ကဋ္ဌ**။ ။ဦးစည်သူလွင် မေးမြန်းသည့် မေးခွန်းအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]**။ ။ ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနလက်အောက်ရှိ မုန်း-ရေအိုးစင် လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းအား အရည်အသွေးစစ်ဆေးရေးလုပ်ငန်းစဉ်အား မည်ကဲ့သို့ ဆောင်ရွက်သည်၊ လုပ်ငန်းပြီးစီးမှုရာခိုင်နှုန်းအား မည်ကဲ့သို့အတည်ပြုသည်၊ မည်သည့်ကုမ္ပဏီ၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်မှ တာဝန်ယူဆောင်ရွက်သည်ကို သိရှိလိုပါကြောင်း"**နှင့်စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ တောင်ငူ-မုပ္ပလင်လမ်း မုန်းမြို့ဈေး လမ်းမှ ရေအိုးစင်ကျေးရွာသွား မြေသားလမ်းစုစုပေါင်း(၁၁၈၈၀)ပေလမ်းပေါ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရန်ကုန်အရှေ့ပိုင်း ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ တာဝန်ယူလျက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုငွေ(၇၁.၉၃၁) သန်းဖြင့် ကတ္တရာလမ်း(၂၁၉၅' × ၁၄')နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုငွေ(၂၅၁.၁၃) သန်းဖြင့် ကတ္တရာလမ်း (၉၆၈၅' × ၁၄')နှင့် Box Culvert (၄' × ၄' × ၂၄') (၃)စင်းတို့အား ဆောင်ရွက်ပေးခဲ့ပါသည်။ မြေလမ်းမှ ကတ္တရာလမ်း (၁၁၈၈၀' × ၁၄') အဆင့်တိုးမြှင့်ဖောက်လုပ်ခြင်းနှင့် Box Culvert (၃)စင်းဆောင်ရွက်ပေးခြင်းဖြင့် မုန်းမြို့ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် ခွင့်ပြုငွေစုစုပေါင်းမှာ (၃၂၃.၀၆၁)သန်းဖြစ်ပါသည်။

ကျောက်ကြီးမြို့နယ်၊ မုန်းမြို့ဒေသသည် နယ်စပ်ဒေသဖွံ့ဖြိုးရေးနယ်မြေတွင် မပါဝင်သော်လည်း နယ်မြေဒေသ၏ လိုအပ်ချက်အရမြေပြင်ကွင်းဆင်းစစ်ဆေးပေးခဲ့ပြီးနယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့သောလုပ်ငန်းဖြစ်ပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် လုပ်ငန်းမစတင်မီ လုပ်ငန်းဆောင်ရွက်မည့်နေရာအား (၂.၁၂.၂၀၁၈)ရက်နေ့တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှတာဝန်ရှိသူများ မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ရာ ကျောက်ကြီးမြို့နယ်နှင့် မုန်းမြို့ဒေသမှ အောက်ပါပုဂ္ဂိုလ်များပါဝင်ခဲ့ပါသည် -

| | | |
|---|---|---|
| – | ဦးစည်သူလွင် | လွှတ်တော်ကိုယ်စားလှယ်၊ကျောက်ကြီးမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁) |
| – | ဦးမင်းလွင် | ကျောက်ကြီးမြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| – | ဦးမြင့်ဝင်း | မုန်းမြို့အုပ်ချုပ်ရေးမှူး၊ မုန်းမြို့ |
| – | မုန်းမြို့အုပ်ချုပ်ရေးရုံးမှဖွဲ့စည်းထားသည် | လမ်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ |

(၂.၁၂.၂၀၁၈)ရက်နေ့ မြေပြင်ကွင်းဆင်းစစ်ဆေးစဉ် လွှတ်တော်ကိုယ်စားလှယ်နှင့် နယ်မြေဒေသခံများ၏ တင်ပြချက်နှင့် မြေပြင်စစ်ဆေးတွေ့ရှိချက်အရ ကျေးရွာတွင်း ရေစီးရေလာကောင်းမွန်စေရန်အတွက် Box Culvert (၃)စင်းပြုလုပ်ပေးရန် လိုအပ်ကြောင်းစစ်ဆေးတွေ့ရှိရသဖြင့် ဝန်ကြီးဌာနသို့ တင်ပြခဲ့ရာဝန်ကြီးဌာနမှ (၄' × ၄' × ၂၄') Box Culvert (၃)စင်းထပ်မံခွင့်ပြုပေးခဲ့ခြင်းဖြစ်ပါသည်။

ထို့ကြောင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကျောက်ကြီးမြို့နယ် မုန်းမြို့ဈေးလမ်း-ရေအိုးစင်ကျေးရွာအတွက် ခွင့်ပြုပေးငွေမှာမြေလမ်းမှ ကတ္တရာလမ်းအဆင့်တိုးမြှင့်ဖောက်လုပ်ပေးခြင်း (၉၆၈၅' ×၁၄')အတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ (၂၄၃.၄၇၄)သန်းနှင့် Box Culvert (၄' × ၄' × ၂၄') (၃)စင်းအတွက် ငြိမ်းချမ်းရေးအတွက်တည်ဆောက်မှုလုပ်ငန်းများရန်ပုံငွေမှ (၇.၆၅၆)သန်းစုစုပေါင်း (၂၅၃.၁၃)သန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

လမ်းလုပ်ငန်းနှင့် Box Culvertများ တည်ဆောက်နေစဉ်အတွင်း လုပ်ငန်းအရည်အသွေးပြည့်မီရေး၊ အချိန်မီပြီးစီးရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွဲ့စည်းပေးထားသောအဖွဲ့ဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင်(၁)ကြိမ်၊ ၂၀၁၉ ခုနှစ် မတ်လတွင်(၁)ကြိမ်၊ ၂၀၁၉ခုနှစ် မေလတွင် (၁)ကြိမ်၊ ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် (၂)ကြိမ် စုစုပေါင်း(၅)ကြိမ် မြေပြင်ကွင်းဆင်း၍ စနစ်တကျစစ်ဆေးခဲ့ပါသည်။

မြေပြင်ကွင်းဆင်းစစ်ဆေးသည့် အကြိမ်တိုင်းတွင် မုန်းမြို့ဈေးလမ်း-ရေအိုးစင် လမ်းခင်းခြင်းလုပ်ငန်းကြီးကြပ်ရေးအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းပြီးဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ ကော်မတီဝင်များ၏ တင်ပြချက်၊ တွေ့ရှိချက်များကိုလည်း အလေးထားပြီး ပြင်ဆင်ဆောင်ရွက်ပေးခဲ့သည့်အပြင် ကျေးရွာမှ အကူအညီတောင်းခံသည့် ကိစ္စများကိုလည်းကူညီပေးခဲ့ပါသည်။ လမ်းလုပ်ငန်းများစစ်ဆေးရာတွင်လည်း ကော်မတီဝင်များ ကိုယ်တိုင်လိုက်ပါခဲ့ပြီး အောက်ပါလုပ်ငန်းများကို အဓိကထားစစ်ဆေးခဲ့ပါသည် -

- အသုံးပြုသည့် ကျောက်များ Size မှန်ကန်ကောင်းမွန်မှုရှိ/မရှိ၊
- ကတ္တရာအရည်အသွေးကောင်းမွန်ခြင်းရှိ/မရှိ၊
- လမ်းပုခုံးလုပ်ငန်းများဆောင်ရွက်ခြင်းရှိ/မရှိ၊
- လမ်းအရှည်၊ လမ်းအကျယ် အတိုင်းအတာပြည့်မီမှုရှိ/မရှိ၊
- လမ်းမှတ်တိုင်များ၊ လိုအပ်သည့်နေရာများတွင် ရေမြောင်းတူးဖော်ထားခြင်းရှိ/မရှိ၊
- အလွှာအလိုက် ဆောင်ရွက်မှုမှန်/မမှန်အားလမ်းဖောက်စစ်ဆေးခြင်းများ ။

ဦးစီးဌာနမှ ဖွဲ့စည်းတာဝန်ပေးအပ်ထားသောအောက်ပါပုဂ္ဂိုလ်များပါဝင်သည့် မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့မှ လုပ်ငန်းပြီးစီးမှု၊ လုပ်ငန်းအရည်အသွေး ပြီးစီးမှုရာခိုင်နှုန်းများအား (QC/Estimate) များနှင့် တိုက်ဆိုင်စစ်ဆေးလျက် လုပ်ငန်းအားထောက်ခံတင်ပြပြီး တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည် -

- ဒုတိယညွှန်ကြားရေးမှူး (၁)ဦး အဖွဲ့ခေါင်းဆောင်
  ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး
- ဦးစီးအရာရှိ (၁)ဦး အဖွဲ့ဝင်
  လုပ်ငန်းတာဝန်ခံ
  ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးရုံး
- အငယ်တန်းအင်ဂျင်နီယာ (၁)ဦး အဖွဲ့ဝင်
  နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကျောက်ကြီးမြို့နယ် မုန်းမြို့ဈေးလမ်းမှ ရေအိုးစင်ကျေးရွာအထိ မြေသားလမ်း(၁၁၈၈၀)ပေနှင့် Box Culvert (၄' × ၄' × ၂၄') (၃)စင်းတည်ဆောက်ခြင်းလုပ်ငန်းအား စနစ်တကျ ဆောင်ရွက်ခဲ့ကြောင်း အောက်ပါစာရွက်စာတမ်းအထောက်အထား၊ ဓာတ်ပုံမှတ်တမ်းများနှင့်အတူ ပူးတွဲပေးပို့တင်ပြထားပါသည် -

- လုပ်ငန်းမစတင်မီ(၂.၁၂.၂၀၁၈)ရက်နေ့ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းမှတ်တမ်း၊
- လုပ်ငန်းဆောင်ရွက်ပြီးသည်အထိ ၅.၃.၂၀၁၉၊ ၂၈.၅.၂၀၁၉၊ ၄.၉.၂၀၁၉နှင့် ၂၆.၉.၂၀၁၉ မြေပြင်ကွင်းဆင်းစစ်ဆေးမှုမှတ်တမ်း၊

လမ်းအရည်အသွေးစစ်ဆေးရေးနှင့်ပတ်သက်၍ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော လုပ်ငန်းဖြစ်သဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဦးစီး၍ ဦးစီးဌာန၊ အင်ဂျင်နီယာဌာနခွဲမှ အင်ဂျင်နီယာများပါဝင်သော အရည်အသွေးစစ်ဆေးရေးကော်မတီဖြင့် စနစ်တကျ စစ်ဆေးဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

လုပ်ငန်းပြီးစီးမှုအား ပထမအကြိမ်(၂၅%)ပြီးစီးမှုကို လုပ်ငန်းတစ်ခုခြင်းအလိုက် လုပ်ငန်းတိုးတက်မှုပြဇယား၊ ပြီးစီးမှုမှတ်တမ်းဓာတ်ပုံများ၊ သက်ဆိုင်ရာဒေသရုံး၏ ပြီးစီးမှုထောက်ခံချက်များဖြင့်လည်းကောင်း၊ ဒုတိယအကြိမ်(၅၀%)ပြီးစီးမှုကို လုပ်ငန်းတိုးတက်မှုပြဇယား၊ ပြီးစီးမှုမှတ်တမ်းဓာတ်ပုံများ၊ မြေပြင်ကွင်းဆင်းစစ်ဆေးချက်အစီရင်ခံစာ၊ ဦးစီးဌာနမှ ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် အရည်အသွေးစစ်ဆေးရေးအဖွဲ့၏(Work Done & Quality Control) စစ်ဆေးချက်များဖြင့်လည်းကောင်း၊ တတိယအကြိမ်(၇၅%)ပြီးစီးမှုကို လုပ်ငန်းတစ်ခုခြင်းအလိုက် လုပ်ငန်းတိုးတက်မှုပြဇယား၊ ပြီးစီးမှုမှတ်တမ်းဓာတ်ပုံများ၊ သက်ဆိုင်ရာဒေသရုံး၏ ပြီးစီးမှုထောက်ခံချက်များဖြင့်လည်းကောင်း၊ အပြီးသတ်(၁၀၀%)ပြီးစီးမှုကို လုပ်ငန်းတိုးတက်မှုပြဇယား၊ ပြီးစီးမှုမှတ်တမ်းဓာတ်ပုံများ၊မြေပြင်ကွင်းဆင်းစစ်ဆေးချက်အစီရင်ခံစာ၊ ဦးစီးဌာနမှဖွဲ့စည်းတာဝန်ပေးအပ်သည့် အရည်အသွေးစစ်ဆေးရေးအဖွဲ့၏ (Work Done &Quality Control) စစ်ဆေးချက်များဖြင့် လည်းကောင်း အဆင့်ဆင့်ကြီးကြပ်စစ်ဆေးခြင်းများဖြင့် ဒေသရုံးမှလုပ်ငန်းပြီးစီးကြောင်း ထောက်ခံတင်ပြလာမှု အပေါ် ဌာနအကြီးအကဲထံသို့ လုပ်ငန်းပြီးစီးမှုများတင်ပြပြီး ဝန်ကြီးဌာနစီမံခန့်ခွဲရေး ကော်မတီ

အစည်းအဝေးတွင် အတည်ပြုချက်ရယူကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်ကြီးကြပ် ဆောင်ရွက်ထားရှိပါကြောင်းပြန်လည် ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား ဆက်စပ် မေးခွန်း မေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဝန်ကြီးဖြေသွားတဲ့အထဲမှာ လည်း ပါပါတယ်ခင်ဗျာ့။ ကျွန်တော့်မေးခွန်းထဲမှာလည်း ပါပါတယ်။ ဒါကဘာလဲဆိုတော့ အတိုင်း အတာနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်စီမံကိန်းရုံးကို သွားရောက်မေးမြန်းတဲ့အခါမှာလည်း စီမံကိန်းရုံး မှာ ပေ ၉၆၈၅ × ၁၄ ကျွန်တော်တို့ လမ်းတို့မည်သည် ပေအရှည်ပါရပါမယ်။ အကျယ်ပါရပါမယ်။ ထုပါ ရပါမယ်။ ဒီမှာထုပျောက်နေတယ်။ ကျွန်တော် စီမံကိန်းရုံးကို ဂဏန်းကျန်ခဲ့လားလို့မေးတော့ သူကိုယ် တိုင်လည်း သူ့ကိုမူလရုံးကပေးပို့စဉ်ကကို ဒီတိုင်းပဲပေးထားတယ်လို့ ပြောပါတယ်။ ယခုဝန်ကြီး ဖြေကြားထားတဲ့အထဲမှာလည်း ကျွန်တော်တို့ ပေ ၉၆၈၅ × ၁၄ ပဲရှိပါတယ်။ ကျွန်တော်တို့က လမ်းတို့ မည်သည်က အတိုင်းအတာပါမယ်။ အကျယ်ပါရမယ်။ ထုပါရမယ်။ ထုကိုဖျောက်ထားတဲ့ပုံစံဖြစ်နေ ပါတယ်။ အဲ့ဒီတော့ ဒီထုမရှိဘဲနဲ့ လမ်းဘယ်လိုခင်းမလဲ။ ကျွန်တော်တို့က ထုကိုစစ်ဆေးတိုင်းတာတဲ့ အခါမှာ ဘယ်လိုပုံစံမျိုးနဲ့စစ်ဆေးတိုင်းတာမလဲ။ နောက်တစ်ချက်က ကျွန်တော်တို့က ဌာနကလုပ်တဲ့ လုပ်ငန်းကို ဌာနကပဲ QCပိုင်းနှင့် အရည်အသွေးပိုင်းကို စစ်ဆေးပါတယ်။ အဲ့ဒီလို စစ်ဆေးပြီးတဲ့အခါ မှာလည်း ကျွန်တော်တို့က ပွင့်လင်းမြင်သာမှုရှိစေချင်ပါတယ်။ ပွင့်လင်းမြင်သာစွာနဲ့ ခုနကလို အကြိမ် ကြိမ်ပေါ့နော် (၅)ကြိမ်တိုင်တိုင်စစ်ဆေးခဲ့တယ်။ (၅)ကြိမ်တိုင်တိုင်စစ်ဆေးခဲ့တယ်ဆိုတဲ့နေရာမှာ လည်း ကျွန်တော်ကိုယ်တိုင် သက်ဆိုင်ရာညွှန်မှူးကို (၂)ကြိမ်တိတိ ဖုန်းဆက်ပါတယ်။ လမ်းနဲ့ပတ်သက် ပြီးတော့ ဒီလိုဒီလိုလှည့်ပတ်နေတာတော့များနေပြီ။ အဲ့ဒီတော့ ညွှန်မှူးကြီး အားတဲ့ တစ်ရက်ကျရင် ကျွန်တော်နဲ့တိုက်ဆိုင်ပြီးတော့ ကျွန်တော်တို့(၂)ယောက် ကွင်းဆင်းပြီး မြေပြင်မှာဖြစ်နေတဲ့ အခြေအနေကိုလည်း ပြောပြချင်ပါတယ်။ ကျွန်တော်သူ့ကို ဖုန်းလှမ်းဆက်ပြီး ဆက်သွယ်ပါတယ်။ အဲ့ဒီအချိန်မှာလည်း အကြောင်းအမျိုးမျိုးကြောင့် သူမလာနိုင်တဲ့အခါမှာ ကွင်းဆင်းစစ်ဆေးလို့မရပါဘူး။ အဲ့ဒီမှာကျွန်တော်တို့ မြို့နယ်တည်ဆောက်ရေးကော်မတီကိုလည်း ဒါဆိုလျှင် မြို့နယ်တည်ဆောက်ရေး ကော်မတီအနေနဲ့စစ်မယ်။ စစ်မယ်ဆိုပြန်တော့လည်း ဒီဟာသည် ပြည်ထောင်စုကလုပ်တဲ့ လုပ်ငန်းဖြစ် တယ်။ ဌာနတွင်းQCပဲ စစ်လို့ရတယ်ဆိုတဲ့အဖြေသာလျှင် ရပါတယ်။ အဲ့ဒီတော့ အခုကျွန်တော် Power Pointမှာလည်း တင်ပြထားပြီးဖြစ်ပါတယ်။ လမ်းရဲ့အရည်အသွေးကို မှန်မှန်ကန်ကန်စစ်ဆေးခဲ့မယ် ဆိုလျှင် ဒီလမ်းက ဒီအခြေအနေဖြစ်နေစရာ အကြောင်းလုံးလုံးကိုမရှိပါဘူး ဥက္ကဋ္ဌကြီးခင်ဗျား။ အဲ့ဒီတော့

ကျွန်တော့်အနေနဲ့ ဆက်စပ်မေးခွန်း မေးမြန်းလိုတာကတော့ လမ်းရဲ့ထုထည်ဘယ်လောက်ရှိတယ် ဆိုတာရယ်။ ကျွန်တော်တို့ လမ်းရဲ့ Estimate , Drawing , BPBQ တွေကို ကျွန်တော်တို့ မြို့နယ် တည်ဆောက်ရေးကော်မတီအနေနဲ့သော်လည်းကောင်း၊ ဒါမှမဟုတ် တိုင်းဒေသကြီးအစိုးရအဖွဲ့က တာဝန်ပေးအပ်တဲ့ သက်ဆိုင်ရာQCစစ်ဆေးရေး အဖွဲ့အစည်းတစ်ခုခုကသော်လည်းကောင်း၊ ဒီလမ်းနဲ့ ပတ်သက်ပြီးတော့ အရည်အသွေးနဲ့ပတ်သက်ပြီး ထပ်မံစစ်ဆေးပေးရန် အစီအစဉ်ရှိ/မရှိကို ကျွန်တော် ဆက်စပ်မေးခွန်းအနေနဲ့ မေးမြန်းလိုပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ဦးစည်သူလွင်မေးမြန်းသည့် ဆက်စပ်မေးခွန်းအား လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]။** ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော် ဒီလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစည်သူလွင်ရဲ့ဆက်စပ်မေးခွန်းကို စာနဲ့ပေးပို့ ဖြေကြားသွားပါမယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဗိုလ်မှူးကြီးလှမျိုးရွှေ[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]။** ။ ဦးစည်သူလွင် ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ စာဖြင့်ဖြေကြားမှုမှာ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်အတွင်း နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ တောင်ငူ-မုပ္ပလင်လမ်း၊ မုန်းမြို့ ဈေးလမ်းမှတစ်ဆင့် ရေအိုးစင်ကျေးရွာသွား မြေသားလမ်းပေါ်တွင်လမ်းအရှည်(၉၆၈၅)ပေ၊ အကျယ် (၁၄)ပေ၊ (၉)လက်မထုဖြင့် ခွင့်ပြုငွေကျပ်သန်း(၂၄၃.၄၇၄)ဖြင့် မြေသားလမ်းမှ ကတ္တရာလမ်းထိအဆင့် တိုးမြှင့် ဖောက်လုပ်ပေးခဲ့ပါသည်။ လုပ်ငန်းစတင်ဆောင်ရွက်စဉ်ကပင် လုပ်ငန်းစတင်သည့်နေရာနှင့် လုပ်ငန်းပြီးဆုံးမည့်နေရာများတွင် လုပ်ငန်း Sign Board များ စိုက်ထူထားပါသည်။ ၎င်း Sign Board တွင် ဝန်ကြီးဌာနအမည်၊ ဦးစီးဌာနအမည်၊ လုပ်ငန်းအမည်၊ ခွင့်ပြုငွေ၊ လမ်းအရှည်၊ အကျယ်၊ ထု များအား အများမြင်သာအောင် ဖော်ပြထားပြီးဖြစ်ပါသည်။

ဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့သည့် လမ်းဖြစ်သည့်အတွက် ဦးစီးဌာန၏အင်ဂျင်နီယာ အဖွဲ့မှ သတ်မှတ်ထားသော စံချိန်၊ စံညွှန်းများနှင့်အညီ ဆောင်ရွက်ခဲ့သောလမ်းဖြစ်ပါသည်။ ထပ်မံ စစ်ဆေးလိုပါက ထပ်မံ၍စစ်ဆေးပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခု လွှတ်တော် ကိုယ်စားလှယ်(၅)ဦးက မေးမြန်းသည့် မေးခွန်း(၇)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့်မေးခွန်းများဖြစ်သည့်အတွက်

လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါ တယ်။

**ဥက္ကဋ္ဌ။** ။ပထမဦးစွာ ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ဒိုက်ဦးမြို့နယ်၊ ဘိုင်းဒါးဆည်ရေဖြင့် နွေစပါးစိုက်ပျိုးရန်အတွက် ပျက်စီးနေသော တူးမြောင်းအဆောက်အဦများအား အချိန်မီပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်းနှင့်

(၂) **"ဒိုက်ဦးမြို့နယ်၊ ဘိုင်းဒါးဆည်ရေပေးမြောင်းနှင့်အဆောက်အဦများ ပြန်လည်ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့်မေးခွန်း(၂)ခုတို့ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။**"ဒိုက်ဦးမြို့နယ်၊ ဘိုင်းဒါးဆည်ရေဖြင့် နွေစပါးစိုက်ပျိုးရန်အတွက် ပျက်စီးနေသော တူးမြောင်းအဆောက်အဦများအား အချိန်မီပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ဒိုက်ဦးမြို့နယ်၊ ရွှေအင်ဒုံကျေးရွာအုပ်စုမှ တောင်သူများသည် ၂၀၁၉ခုနှစ် နွေစပါးရာသီတွင် နွေစပါးစိုက်ပျိုးလိုသော်လည်း ၂၀၁၈ခုနှစ် မိုးကာလရေကြီးမှုကြောင့် ဘိုင်းဒါးဆည်ရေသောက်စနစ်လက်တံ(၁) မြောင်းပေါ်ရှိ တူးမြောင်းအဆောက်အဦအချို့ ပျက်စီးမှု ဖြစ်ပေါ်ခဲ့သဖြင့် စိုက်ပျိုးရေမရရှိခဲ့ပါ။ သို့ဖြစ်ပါ၍ ၂၀၂၀ နွေစပါးရာသီတွင် နွေစပါးစိုက်ပျိုးနိုင်ရန် ပျက်စီးနေသော-

- လက်တံမြောင်း(၁)ပေါ်ရှိ ရေတားရိုးမြောင်းကူးအဆောက်အဦ(၂)ခုအား ပြုပြင်ပေးပါ ရန်၊
- လက်တံမြောင်း(၁)ပေါ်တွင် အရေးပေါ်လွှဲပေါက်(၁)ခု တည်ဆောက်ပေးပါရန်၊
- လက်တံမြောင်း(၁)ပေါ်ရှိ ရေကျအဆောက်အဦ(၄)ခုအား ပြုပြင်ပေးပါရန်၊
- လက်တံမြောင်း(၁)ပေါ်ရှိ ရေပြင်ညီအဆောက်အဦ(၂)ခုအား ပြုပြင်ပေးပါရန်နှင့် ရေပေး မြောင်း ရေမစိမ့်နိုင်ရန် ကွန်ကရစ်မြောင်း ပြုလုပ်ပေးပါရန်၊
- လက်တံမြောင်းအမှတ်(၁) ဇမ္ဗူ့ရန်အောင်ဘုန်းကြီးကျောင်းအနီးတွင် မြောင်းကူး လှည်းလမ်းတံတား(၁)စင်း တည်ဆောက်ပေးပါရန်၊
- လက်တံမြောင်းအမှတ်(၁) မိုင်နာ(၁၀)ပေါ်ရှိတံတား(၁)စင်းနှင့် ရိုးဖြတ်အဆောက်အဦ (၁)ခု ပျက်စီးနေမှုအား ပြုပြင်ပေးပါရန်နှင့် ရိုးအား ပြန်လည်တူးဖော်ပေးပါရန်၊
- လက်တံမြောင်းအမှတ်(၁) မိုင်နာ(၁၁)ပေါ်တွင် လှည်းလမ်းတံတားတည်ဆောက်ပေးပါ ရန်၊
- လက်တံမြောင်းအမှတ်(၁) မိုင်နာ(၁၁)ပေါ်ရှိ ခြောက်ပေရိုးမြောင်းကူးအဆောက်အဦ ပြုပြင်ရန်နှင့် ခြောက်ပေရိုးအား ပြန်လည်တူးဖော်ပေးပါရန်၊

- လက်တံ(၁) မိုင်နာ(၁၂)မြောင်းပေါ်ရှိ တံတား(၁)စင်းနှင့် ဦးဘိုရိုးဖြတ် အဆောက်အဦ (၁)ခု ပျက်စီးနေမှုအား ပြုပြင်ပေးပါရန်နှင့် ဦးဘိုရိုးအား ပြန်လည်တူးဖော်ပေးပါရန် ဒေသခံတောင်သူလယ်သမားများမှ (၅.၂.၂၀၁၉)ရက်စွဲဖြင့် တင်ပြတောင်းခံထားပြီးလည်း ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဒိုက်ဦးမြို့နယ်၊ ဘိုင်းဒါးဆည်ရေဖြင့် နွေစပါးစိုက်ပျိုးရန်အတွက် ဖော်ပြပါ ပျက်စီးနေသော တူးမြောင်းအဆောက်အဦများအား အချိန်မီပြင်ဆင်ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါသည်။

**ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။**"ဒိုက်ဦးမြို့နယ်၊ ဘိုင်းဒါးဆည်ရေပေးမြောင်းနှင့် အဆောက်အဦများ ပြန်လည်ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်း၍ ဒိုက်ဦးမြို့နယ်၊ ဘိုင်းဒါးဆည် တိုက်ရိုက်မြောင်း(၁၂)နှင့် လက်တံ(၃)မြောင်း မိုင်နာ(၄)ရှိ ရေနုတ်မြောင်းအဆောက်အဦများသည် တောင်ကျချောင်းဖြစ်သည့် ပွဲလေးချောင်း၏ ဘေးဝဲယာတွင် တည်ရှိပါသည်။ ထို့ကြောင့် မိုးရာသီကာလ၌ ရေတိုက်စားခြင်းခံရလေ့ရှိပြီး ရေငုပ်ပြွန်အား သဲဖုံးလွှမ်းမှုဖြစ်ပေါ်နေပါသည်။ ထို့အပြင် တိုက်ရိုက်မြောင်း(၁၂)တွင်လည်း ချောင်းရေတိုက်စားသဖြင့် ကမ်းပါးများပြိုကျပြီး တူးမြောင်းမှာ နှစ်စဉ် ပြတ်တောက်ခဲ့ပါသည်-

- လက်တံမြောင်း (၃)မိုင်နာ(၄)တွင် ရေတံလျှောက် (ရေပေးမြောင်း) တည်ဆောက်ပေးပါရန်၊
- လက်တံမြောင်း(၄)ပေါ်ရှိ ပွဲလေးချောင်း ရေငုပ်ပြွန်အား ရေတိုက်စားမှုမှ ကာကွယ်ရန်၊
- တိုက်ရိုက်မြောင်း(၁၂)အား ပွဲလေးချောင်း ရေတိုက်စားမှုမှ ကာကွယ်ရန်၊
- လက်တံမြောင်း(၄)ပေါ်ရှိ ရေပြင်ညီအဆောက်အဦပေါ်တွင် လှည်းကူးတံတား တည်ဆောက်ပေးရန်၊
- တူးမြောင်းလမ်းမကြီးပေါ်ရှိ ကိုးတဲစုတံတားချဉ်းကပ်လမ်းပြုပြင်ခြင်းနှင့် မြေငှားကျင်းဖြတ် ပိုက်လုံးတံတားတည်ဆောက်ပေးရန် ဒေသခံတောင်သူများမှ လက်မှတ်ထိုးစာရင်းနှင့် မှတ်တမ်းဓါတ်ပုံများဖြင့် တင်ပြတောင်းခံထားပြီးလည်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဒိုက်ဦးမြို့နယ် ဘိုင်းဒါးဆည်ဖော်ပြပါ ရေပေးမြောင်းနှင့်အဆောက်အဦများ ပြန်လည်ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးသူရဇော်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)နှင့် (၂)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဒိုက်ဦးမြို့နယ်၊ ဘိုင်းဒါးဆည်ရေဖြင့် နွေစပါး စိုက်ပျိုးရန်အတွက်**

**ပျက်စီးနေသော တူးမြောင်းအဆောက်အဦများအား အချိန်မီပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားရမှာဖြစ်ပါတယ်။ နွေစပါးစိုက်ပျိုးရန်အတွက် ပျက်စီးနေသော တူးမြောင်းအဆောက်အဦများအား အချိန်မီပြုပြင်ပေးရန် လုပ်ငန်း(၉)ခုအနက်မှ အမှတ်စဉ်(၆၊ ၈၊ ၉) လုပ်ငန်းများမှာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်မှ ဦးစားပေးလုပ်ငန်းများကို (၂၀၁၉-၂၀၂၀)ခု ဘတ်ဂျက်သဘာဝဘေးရန်ပုံငွေဖြင့်ဆောင်ရွက်ပါ၊ ပြန်လည်တင်ပြပါဟု မှတ်ချက်ပြုခဲ့ သော်လည်း ရန်ပုံငွေမရရှိခဲ့ပါသဖြင့် (၂၀၂၀-၂၀၂၁)ခု တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေတွင် လျာထား တင်ပြ တောင်းခံပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေ မရရှိပါက ဆောင်ရွက်ပေးနိုင်မည် မဟုတ်ပါကြောင်း လေးစားစွာဖြင့်ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ဒိုက်ဦးမြို့နယ်၊ ဘိုင်းဒါးဆည်ရေပေးမြောင်းနှင့် အဆောက်အဦများ ပြန်လည်ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ”**နှင့်စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားပေးမှာဖြစ်ပါတယ်။ ဒိုက်ဦးမြို့နယ်၊ ဘိုင်းဒါးဆည်ရေပေး မြောင်းနှင့်အဆောက်အဦများ ပြန်လည်ပြုပြင်ပေးရန်နှင့် ပတ်သက်၍ လုပ်ငန်း(၅)ခုအနက် အမှတ်စဉ်(၂) လက်တံမြောင်း(၄)ပေါ်ရှိ ပွဲလေးချောင်းရေ တိုက်စားမှုမှ ကာကွယ်ပြုပြင်ခြင်းနှင့် ရေလုပ်ပြွန်အတွက် ရေပေးမြောင်းအား တိုးချဲ့တူးဖော်ခြင်းလုပ်ငန်းအား (၂၀၁၉-၂၀၂၀)ခု ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ရန်ပုံငွေဖြင့် ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြထားပြီးဖြစ်ပါကြောင်း လေးစားစွာဖြင့် ရှင်းလင်းဖြေကြား အပ်ပါသည်။

**ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဥက္ကဋ္ဌကြီးခင်ဗျား- ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ဘယ်မေးခွန်းလဲ။

**ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။မေးခွန်း (၁)နှင့် (၂)ပါ နှစ်ခုလုံးပါ။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဒီကနေ့ ဝန်ကြီးဖြေသွားတဲ့ မေးခွန်း(၉)ခု အနက်မှ ၆၊၈၊၉ ကိုသာ ဖြေကြားသွားပြီးတော့ ၁၊၂၊၃၊၄၊၅၊၇သည် ဖြေကြားမှုထဲမှာ မပါ လာဘူး ဖြစ်ပါတယ်။ သို့သော်လည်း ကျွန်တော်ဒီနေ့ပျက်စီးနေတဲ့ပုံတွေကို မှတ်တမ်းဓာတ်ပုံနှင့်တကွ တင်ပြထားပြီးလည်း ဖြစ်ပါတယ်။ အင်မတန်မှ မှတ်တမ်းဓါတ်ပုံတွေကို တင်ပြသော်လည်းပဲ တော်တော်

ကြည့်မကောင်းတဲ့အနေအထားတွေ ဖြစ်နေတာကိုလည်းပဲ ထင်သာမြင်သာရှိအောင်လို့ တင်ပြရခြင်း ဖြစ်ပါတယ်။ အဲ့ဒီတော့ ဒါတွေကို ပြုပြင်ဆောင်ရွက်ဖို့မရှိဘူးဆိုလျှင်လည်း လက်ရှိအနေအထားမှာ သမိုင်းပြတိုက်ပဲ ပို့ရမဲ့အနေအထားတွေပဲဖြစ်ပါတယ်။ တောင်သူလယ်သမားများက ကျွန်တော်တို့ကို တင်ပြပြီးတော့မှ သက်ဆိုင်ရာဌာနကနေ ကွင်းဆင်းပြီးတော့မှ ပျက်စီးမှုအနေအထား၊ အချက်အလက်တွေကို စုပေါင်းပြီးတော့မှ (၅.၂.၂၀၁၉)ထဲကနေတင်ပြတောင်းခံထားတာ ဒီကနေ ၆၊၈၊၉ ပဲဖြေကြားထားတာဖြစ်ပါတယ်။ ဒီအတွက် ဒေသခံတောင်သူများရဲ့တင်ပြချက်ကို ဘာတွေတင်ပြလည်းဆိုတဲ့ အနေအထားမှာ ၂၀၁၂ ခုနှစ်လယ်ယာမြေဥပဒေရှေ့ပိုင်းမှာ ဆောင်ရွက်တာဖြစ်တဲ့အတွက် လျော်ကြေးမရတာကတစ်ကြောင်း၊ နွေစပါးစိုက်ပျိုးဖို့ရေလိုလို့ ရေတောင်းတော့လည်းပဲ မပေးနိုင်တဲ့အကြောင်း၊ ပြုပြင်ဆောင်ရွက်ဖို့ ဘတ်ဂျက်တင်တောင်းတော့လည်းပဲ ဘတ်ဂျက်မှာမပါလာတဲ့အတွက် လယ်သမားတွေရဲ့ အခက်အခဲက အင်မတန်မှ စပါးဈေးကကျတာတစ်ကြောင်းနဲ့ အခက်အခဲတွေ ကြုံတွေ့နေရတဲ့အပေါ် မိမိတို့လယ်ယာမြေသည် ရှိရင်းစွဲလယ်(၁၀)ကေရှိသည်ဆိုကြပါစို့ လျော့သွားတဲ့လယ်မြေတန်ဖိုးလည်း မရရှိတဲ့အတွက် ဒါကိုနိုင်ငံတော်အစိုးရအနေနဲ့ ဘယ်လိုပြုပြင်ဆောင်ရွက်ပေးမလဲဆိုတဲ့အပေါ်မှာ ဒီကနေ့ ဝန်ကြီးဌာနဖြေကြားထားတဲ့အပေါ်မှာ ၆၊၈၊၉ လုပ်ငန်းကိုသာ ဖြေကြားသွားတာ ဖြစ်တယ်။ ကျန်တဲ့ ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၇ကို မည်သို့ဆောင်ရွက်ပေးမယ်ဆိုတာကို သိရှိလိုကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါတယ်။

**ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဒုတိယမေးခွန်းအနေနဲ့ လုပ်ငန်း(၅)ခုအနက်မှ အမှတ်စဉ်(၂) လက်တံမြောင်း(၄)ပေါ်ရှိ ပွဲလေးချောင်းရွာ ဖြေကြားထားတာ ဖြစ်ပါတယ်။ အဲ့ဒီတော့ကျန်နေတဲ့ မြောင်းတွေကိုလည်းပဲ မည်သို့မည်ပုံ မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သွားဖို့အတွက် အစီအစဉ်ရှိ/မရှိဆိုတာ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဦးသူရဇော် မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)၊ အမှတ်စဉ်(၂)တို့နှင့် စပ်လျဉ်းသည့် ဆက်စပ်မေးခွန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်တို့ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသူရဇော် ဆက်စပ်ပြီးတော့မေးမြန်းတဲ့ မေးခွန်းအမှတ်စဉ်၅(ဃ)၊(၂)နဲ့ပတ်သက်ပြီးတော့ ဖြေကြားပေးမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ Power Point နဲ့တင်ပြခဲ့တဲ့ အဆောက်အဦပျက်စီးမှုများကို ကျွန်တော်တို့ကိုယ်တိုင်လည်း မျက်မြင်ကိုယ်တွေ့ တွေ့လိုက်ရသလို နောက်တစ်ခုကတော့ ပထမဦးဆုံးတင်ပြလိုတာကတော့ ဆည်မြောင်းနဲ့ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှာ

ကျွန်တော်တို့ အလျင်အစိုးရများ တာဝန်ယူတဲ့ခေတ်မှာ ဆည်များကိုတည်ဆောက်ခဲ့ပေမယ့်လည်း ကျွန်တော်တို့ ရေပေးဝေမှုစနစ်များ Cannel Network တွေကို ပြီးပြည့်စုံအောင် မတည်ဆောက်နိုင်ခဲ့တာရယ်၊ နောက်တစ်ခုက တစ်ချို့သောရေပေးဝေမှုမြောင်းများဟာ မြေသားမြောင်းများ ပျက်စီးယိုယွင်းနေတာ နေရာဒေသတော်တော်များများမှာရှိပါတယ်။ သို့ပေမယ့်လည်း ကျွန်တော်တို့နိုင်ငံတော်ရဲ့ဘဏ္ဍာငွေရရှိမှုအပေါ်မှာ မူတည်ပြီးတော့ ပြုပြင်ထိန်းသိမ်းနိုင်မှုများက အလွန်အင်မတန်အားနည်းနေတာကို ပထမဦးစွာတင်ပြလိုပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့အထဲမှာ မှန်ပါတယ်။ ကျွန်တော်တို့ ဖ၊၈၊၉ကိုသာလုပ်ဖို့အတွက် ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်ချက်အပေါ်မှာ ဆောင်ရွက်ဖို့တင်ပြထားသော်လည်းပဲ ကိုယ်စားလှယ်တော်ကြီး တင်ပြတောင်းဆိုတဲ့ ၁၊၂၊၃၊၄၊၅၊၇ စတဲ့လုပ်ငန်းများနဲ့ပတ်သက်ပြီးတော့ မိမိတို့ဝန်ကြီးဌာနကနေပြီးတော့ ဆည်မြောင်းနဲ့ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့ ကွင်းဆင်းစိစစ်ပြီးတော့ စိစစ်ချက်ရလဒ်အပေါ်မှာ ဆောင်ရွက်မဲ့အခြေအနေများကို စာဖြင့်ပြန်လည်ဖြေကြားပေးမှာဖြစ်ပါကြောင်းကို လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဆက်လက်ပြီးတော့ အစီအစဉ်၅(ဃ)(၂)ဖြစ်တဲ့ မေးခွန်းမှာလည်းပဲ ဝန်ကြီးဌာနအနေနဲ့ ဖြေကြားထားတဲ့ အမှတ်စဉ်(၂) လက်တံမြောင်း(၄)ပေါ်မှာရှိတဲ့ ပွဲလေးချောင်းရေတိုက်စားမှုမှ ကာကွယ်ရန်အတွက် သဘာဝဘေးမှ တင်ပြတောင်းခံထားတာရှိပြီး ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ ၁၊၃၊၄၊၅ နဲ့ပတ်သက်တဲ့လုပ်ငန်းများကိုလည်းပဲ ဆောင်ရွက်နိုင်မဲ့အခြေအနေများကို ကွင်းဆင်းစိစစ်ပြီးတော့ တွေ့ရှိတဲ့တွေ့ရှိချက်များအရ ရေရရှိမှုအပေါ်မှာ ကျွန်တော်တို့အနေနဲ့ စိစစ်ချက်ရလဒ်အပေါ်မှာ စာဖြင့်ဆောင်ရွက်မဲ့ပုံစံများကို ပေးပို့ဖြေကြားပေးမှာဖြစ်ပါကြောင်း လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဒိုက်ဦးမြို့နယ်၊ ဘိုင်းဒါးဆည်နှင့်ပတ်သက်၍ နွေစပါးစိုက်ပျိုးရန် ပျက်စီးနေသော တိုက်ရိုက်မြောင်း(၆)ပေါ်ရှိ ကျွန်းချောက်ရိုးမြောင်းဖြတ် အဆောက်အဦပြင်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။**"ဒိုက်ဦးမြို့နယ်၊ ဘိုင်းဒါးဆည်နှင့်ပတ်သက်၍ နွေစပါးစိုက်ပျိုးရန် ပျက်စီးနေသော တိုက်ရိုက်မြောင်း(၆)ပေါ်ရှိ ကျွန်းချောက်ရိုးမြောင်းဖြတ် အဆောက်အဦပြင်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ဒိုက်ဦးမြို့နယ် ဆင်ဇလုပ်ကျေးရွာအုပ်စု တောင်သူများသည် ၂၀၂၀ နွေစပါးရာသီတွင် နွေစပါးစိုက်ပျိုးလိုပါသည်။ တိုက်ရိုက်မြောင်း(၆)ပေါ်ရှိ ကျွန်းချောက်ရိုးမြောင်းဖြတ်အဆောက်အဦသည် ရေပေးဝေရာတွင် မြောင်းကျိုးပေါက်မှု

မကြာခဏဖြစ်ပေါ်ပြီး ပြုပြင်ချိန်ကြာမြင့်မှုကြောင့် ရေရရှိမှုနောက်ကျခြင်း၊ အဆင်မပြေခြင်းများ ဖြစ်ပေါ်ခဲ့ပါသည်။ ထိုသို့ဖြစ်ပေါ်မှုများကို ဒေသခံတောင်သူများမှ (၅.၂.၂၀၁၉)ရက်စွဲဖြင့် ဓါတ်ပုံမှတ်တမ်းများနှင့် လက်မှတ်ထိုးစာရင်းများပါ တင်ပြတောင်းခံထားပါသည်။

သို့ဖြစ်ပါသောကြောင့် ဘိုင်းဒါးဆည်နှင့်ပတ်သက်၍ နွေစပါးစိုက်ပျိုးရန် ပျက်စီးနေသော တိုက်ရိုက်မြောင်း (၆)ပေါ်ရှိ ကျွန်းချောက်ရိုးမြောင်းဖြတ် အဆောက်အဦပြင်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ရွှေကျင်မြို့နယ်၊ ဒလဆိပ်ကျေးရွာအုပ်စု၊ ရွှေခါးမိုကျေးရွာတွင်ရှိသော မြစ်ကျိုးအင်းအား ဒလဆိပ်ကျေးရွာပိုင်အစုအဖွဲ့အင်း (သို့မဟုတ်) ဖွံ့ဖြိုးရေးအင်းအဖြစ် လုပ်ကိုင်ခွင့်ပြုပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ **"ရွှေကျင်မြို့နယ်၊ ဒလဆိပ်ကျေးရွာအုပ်စု၊ ရွှေခါးမိုကျေးရွာတွင်ရှိသော မြစ်ကျိုးအင်းအား ဒလဆိပ်ကျေးရွာပိုင်အစုအဖွဲ့အင်း (သို့မဟုတ်) ဖွံ့ဖြိုးရေးအင်းအဖြစ် လုပ်ကိုင်ခွင့်ပြုပေးနိုင်ခြင်း ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ရွှေကျင်မြို့နယ်၊ ဒလဆိပ်ကျေးရွာနှင့် ရွှေခါးပိုကျေးရွာနှစ်ရွာကို ဝန်းရံလျက်ရှိသော စစ်တောင်းမြစ်သည် (၂၄.၇.၂၀၁၉) မွန်းလွဲ(၃)နာရီတွင် ချောင်းပြတ်ကျိုးသွားပါသည်။ ထိုဒလဆိပ်ချောင်းကျိုးအင်းသည် ရွှေကျင်မြို့အပိုင်ဖြစ်ပြီး စီမံခန့်ခွဲမှုသည် ရွှေကျင်ငါးဦးစီးမှ စီမံခွင့်ရရှိသော အင်းဖြစ်ကြောင်းသိရပါသည်။ ယခင်အခါကလည်း ရွှေကျင်မြို့နယ်တွင်ရှိသော ပုဇွန်မြောင်းချောင်းကျိုးအင်းသည် ညောင်လေးပင်နှင့်နီးသည့်အတွက် ရွှေကျင်မြေဖြစ်ပါသော်လည်း ညောင်လေးပင်ငါးဦးစီးမှ စီမံခွင့်ရရှိခြင်း၊ ကွင်းဒလကြီးချောင်းကျိုးအင်းသည်လည်း ရွှေကျင်မြေဖြစ်သော်လည်း ညောင်လေးပင်နှင့်နီးသည့်အတွက် ညောင်လေးပင်ငါးဦးစီးမှ စီမံခွင့်ရရှိခဲ့သည့် သာဓကများလည်းရှိပါသည်။ ယခု ဒလဆိပ်ချောင်းကျိုးအင်းသည် ရွှေကျင်မြို့နယ်အတွင်း၌ရှိပါသဖြင့် ဒလဆိပ်ချောင်းကျိုးအင်းအား ရွှေကျင်ငါးဦးစီးမှ စီမံခွင့်လည်းရရှိထားပါ၍ ဒလဆိပ်ကျေးရွာအပိုင်အစုအဖွဲ့ (သို့မဟုတ်) ဒလဆိပ်ကျေးရွာသူကျေးရွာသားများ လုပ်ပိုင်ခွင့် ခွင့်ပြုပေးနိုင်ခြင်းရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ။** ။ယခု ကိုယ်စားလှယ်(၂)ဦးမေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဒိုက်ဦးမြို့နယ်၊ ဘိုင်းဒါးဆည်နှင့်ပတ်သက်၍ နွေစပါး စိုက်ပျိုးရန်**

**ပျက်စီးနေသော တိုက်ရိုက်မြောင်း(၆)ပေါ်ရှိ ကျွန်းချောက်ရိုးမြောင်းဖြတ် ဆောက်အဦ ပြင်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားပေးမှာဖြစ်ပါတယ်။ ဒိုက်ဦးမြို့နယ်၊ ဘိုင်းဒါးဆည်နှင့်ပတ်သက်၍ နွေစပါးစိုက်ပျိုးရန် ပျက်စီးနေသော တိုက်ရိုက်မြောင်း(၆)ပေါ်ရှိ ကျွန်းချောက်ရိုးမြောင်းဖြတ် အဆောက်အဦပြင်ဆင်ပေးရန်အတွက် (၂၀၂၀-၂၀၂၁)ခု ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းကို လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါ သည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ရွှေကျင်မြို့နယ်၊ ဒလဆိပ်ကျေးရွာအုပ်စု၊ ရွှေခါးမို ကျေးရွာတွင် ရှိသော မြစ်ကျိုးအင်းအား ဒလဆိပ်ကျေးရွာပိုင် အစုအဖွဲ့အင်း (သို့မဟုတ်) ဖွံ့ဖြိုးရေးအင်းအဖြစ် လုပ်ကိုင်ခွင့်ပြုပေးနိုင်ခြင်း ရှိ/မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားပေးမှာဖြစ်ပါတယ်။ ရွှေကျင်မြို့နယ်တွင် မှတ်တမ်းများအရ ဂရန်အင်း(၃၀)ရှိပါသည်။ ဒလဆိပ်ချောင်းကျိုးမှာ စစ်တောင်းမြစ် ကျိုးပျက်ရာမှ ဖြစ်ပေါ်လာသော မြစ်ကျိုးအင်းတစ်ခုဖြစ်ပြီး လက်ရှိအားဖြင့် ဂရန်အင်းအဖြစ် သတ်မှတ်ထားခြင်း မရှိသေးဘဲ ငါးဖမ်းကိရိယာလိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်အဖြစ် သတ်မှတ်ထားသောနေရာဖြစ်၍ ပဲခူးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ၁/၂၀၁၈နှင့်အညီ ငါးဖမ်းကိရိယာလိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုလျက်ရှိပါကြောင်း လေးစားစွာဖြင့်ရှင်းလင်း ဖြေကြားအပ်ပါသည်။

**ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဥက္ကဋ္ဌကြီးရှင်- ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါတယ်။

**ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။လွှတ်တော်ဥက္ကဋ္ဌကြီးရှင်- ငါးဦးစီးက တော့ ကျွန်မတို့ ရွှေကျင်မြို့နယ်မှာခန့်မှန်းလို့ရတာ ဂရန်အင်းကတော့ (၃၀)ရှိပါတယ်။ ဒလဆိပ်ချောင်းကျိုးအင်းကတော့ စစ်တောင်းမြစ်ကျိုးရာကနေဖြစ်ပေါ်လာတဲ့ မြစ်ကျိုးအင်းလေးတစ်ခုဖြစ်တယ်ဆိုပြီးတော့ ငါးဖမ်းကိရိယာလိုင်စင်နဲ့ လုပ်ခွင့်ပြုထားပါတယ်လို့သာဖြေသွားတာ အောက်ခြေမှာ ပြဿနာတွေ အများကြီးနဲ့ ရင်ဆိုင်နေရပါတယ်။ ဒါကြောင့်မို့ ကျွန်မ လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် ဆက်စပ်မေးခွန်းလေး မေးချင်တာကတော့ လာမဲ့၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ဒလဆိပ်ချောင်းကျိုးအင်းကို စမ်းသပ်တင်ဒါအဖြစ်ပေးနိုင်ခြင်းရှိ/မရှိနဲ့ အကယ်၍ရှိပါက ဒလဆိပ်ကျေးရွာသူ/ကျေးရွာသား ကျေးရွာအစုအဖွဲ့ပိုင် ရေလုပ်သားများအတွက် လုပ်ပိုင်ခွင့်ပေးနိုင်ခြင်း ရှိ/မရှိဆိုတဲ့ ဆက်စပ်မေးခွန်းလေးကို ကျေးဇူးပြုပြီးတော့ ဖြေကြားပေးပါရှင်။ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဒေါ်လှလှဝင်း မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကနေ ပြဋ္ဌာန်းထားတဲ့ ရေချိုငါးလုပ်ငန်းဥပဒေ ၁/၂၀၁၈နှင့်အညီ ကျွန်တော်တို့ ငါးဖမ်းကိရိယာလိုင်စင်ဖြင့် လုပ်ပိုင်ခွင့်ပြုထားတယ်လို့ ကျွန်တော်တို့ဖော်ပြထားပါတယ်။ အဲ့ဒီတော့ ဒီကိရိယာနဲ့လုပ်ကိုင်ထားတဲ့အဆင့်ကနေပြီး ကျွန်တော်တို့ကစမ်းသပ်တင်ဒါချက်ဖြင့် ဆောင်ရွက်မဲ့ အခြေအနေကတော့ ငါးလုပ်ငန်းလေလံတင်ရောင်းချရေးအဖွဲ့မှာ အစည်းအဝေးထိုင်ပြီးတော့မှ ဆောင်ရွက်သင့်တဲ့အခြေအနေများကို စာဖြင့် ပြန်လည်ဖြေကြားပေးမှာဖြစ်ပါတယ်။ ဒုတိယတစ်ပိုင်း ဖြစ်တဲ့ အစုအဖွဲ့ကိုပေးဖို့ရှိ/မရှိကို ကျွန်တော်တို့ပေးဖို့ဆိုတဲ့နေရာမှာ ၁/၂၀၁၈ ရေချိုငါးလုပ်ငန်း ဥပဒေမှာပါဝင်တဲ့အတိုင်းပဲ ဥပဒေနှင့်အညီ ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ အဲ့ဒီတော့ ၁/၂၀၁၈ ရေချိုငါးလုပ်ငန်းဥပဒေမှာ ကျွန်တော်တို့ ဒီတင်ဒါချက်တွေ၊အင်းတွေကို ဒီမိုကရေစီစနစ်အရ နိုင်ငံသားတိုင်းမှာ အခွင့်အရေးရှိပါတယ်။ နိုင်ငံသားတိုင်းမှာ အခွင့်အရေးရှိတဲ့အခါမှာ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံသူ/နိုင်ငံသားတွေရဲ့ စီးပွားရေးအဆင်မပြေမှုတွေအပေါ်မှာ မူတည်ပြီးတော့ ကျွန်တော်တို့ အခြေခံလူတန်းစားတွေရဲ့ စားဝတ်နေရေးအဆင်ပြေနိုင်ဖို့ရန်အတွက် တိုင်းဒေသကြီးလွှတ်တော်ကနေပြီး စေတနာရှေ့ထားပြီးတော့ ပြဋ္ဌာန်းပေးခဲ့တဲ့ အစုအဖွဲ့များကို တစ်စုတစ်ဖွဲ့တည်း ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြင့် တိုက်ရိုက်ပေးနိုင်ဖို့အတွက် ပြဋ္ဌာန်းထားပြီးလည်းဖြစ်ပါတယ်။ အဲ့ဒီတော့ ၁/၂၀၁၈ဥပဒေမှာ ပြဋ္ဌာန်းထားတဲ့အတိုင်းပဲ တရားဥပဒေစိုးမိုးရေးကိုအခြေခံပြီး အစုအဖွဲ့အဖြစ် ဆောင်ရွက်လိုတယ်ဆိုလျှင် အစုအဖွဲ့မှတ်ပုံတင်ပြီး ဝင်ရောက်ယှဉ်ပြိုင်မည်ဆိုပါက တစ်စုတစ်ဖွဲ့တည်းဖြစ်လျှင် ဥပဒေနှင့်အညီ တိုက်ရိုက်ဆောင်ရွက်ခွင့်ရမှာဖြစ်ပြီး အပြိုင်ရှိလျှင် လေလံတင်ဆုံးဖြတ်ရမှာဖြစ်ပါကြောင်းကို လေးစားစွာဖြင့် ရှင်းလင်းဖြေကြား အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ညောင်ကပွင်အုပ်စု၊ ကုန်းကြီးရွာထိပ်တွင် ကံမရိုးတံတား(၁)စင်းနှင့် ထန်းသုံးခွအုပ်စု၊ ထန်းသုံးခွရွာထိပ်တွင် ကံမရိုးကူးတံတား(၁)စင်းတို့အား တည်ဆောက်နိုင်ရေးအတွက် အနီးဆုံးဘဏ္ဍာရေးနှစ်တွင် စီမံကိန်းရေးဆွဲပြီး တိုင်းဒေသကြီးလွှတ်တော်သို့ လျာထားတင်ပြဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ **“ညောင်ကပွင်အုပ်စု၊ ကုန်းကြီးရွာထိပ်တွင် ကံမရိုးတံတား(၁)စင်းနှင့် ထန်းသုံးခွအုပ်စု၊ ထန်းသုံးခွရွာထိပ်တွင် ကံမရိုးကူး တံတား**

**(၁)စင်းတို့အား တည်ဆောက်နိုင်ရေးအတွက် အနီးဆုံးဘဏ္ဍာရေးနှစ်တွင် စီမံကိန်းရေးဆွဲပြီး တိုင်းဒေသကြီးလွှတ်တော်သို့ လျာထားတင်ပြဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ”** နှင့်စပ်လျဉ်း၍ ပေါင်းတည် မြို့နယ်နှင့်သဲကုန်းမြို့နယ်တို့ဆက်စပ်သော ကံမရိုးချောင်းတည်ရှိပါသည်။ ထိုချောင်းသည် တောင်သူလယ်သမားများ ရေသွင်းရေထုတ်ပြုလုပ်ရန် အလွန်အရေးပါသော ရိုးချောင်းဖြစ်ပါသည်။ ထိုရိုးချောင်း ပြန်လည်တူးဖော်ခြင်းများ ဆောင်ရွက်ခဲ့သဖြင့် တောင်သူလယ်သမားများ ထုတ်ကုန် သယ်ယူပို့ဆောင်ရေးအတွက် အခက်အခဲများစွာကြုံတွေ့နေရပါသည်။ ရိုးကူးချောင်းတံတားမရှိသဖြင့် သီးနှံများအချိန်မီ စိုက်ပျိုးရိတ်သိမ်းရန်လည်း အခက်အခဲရှိပါသည်။ ထို့ကြောင့် ညောင်ကပွင်အုပ်စု၊ ကုန်းကြီးရွာထိပ်တွင် ကံမရိုးတံတား(၁)စင်းနှင့် ထန်းသုံးခွအုပ်စု၊ ထန်းသုံးခွရွာထိပ်တွင် ကံမရိုးကူး တံတား(၁)စင်းတို့အား တည်ဆောက်နိုင်ရေးအတွက် အနီးဆုံးဘဏ္ဍာရေးနှစ်တွင် စီမံကိန်းရေးဆွဲပြီး တိုင်းဒေသကြီးလွှတ်တော်သို့ လျာထားတင်ပြဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လေးစားစွာ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“တောင်နဝင်းဆည် ရေပေးဝေရေးလက်တံ B1 နှင့် Class B အဆင့်ဝင် ကျေးလက်လမ်းတို့ တွေ့ဆုံ ဖြတ်သန်းရာနေရာတွင် ဆည်မြောင်းကူးတံတားတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ”** နှင့် စပ်လျဉ်း သည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ **“တောင်နဝင်းဆည် ရေပေး ဝေရေး လက်တံ B1 နှင့် Class B အဆင့်ဝင် ကျေးလက်လမ်းတို့ တွေ့ဆုံဖြတ်သန်းရာနေရာတွင် ဆည်မြောင်းကူးတံတား တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ”** နှင့်စပ်လျဉ်း၍ သဲကုန်းမြို့နယ်၊ အုတ်ဖို အုပ်စုနှင့် သဲကုန်းမြို့ကိုချိတ်ဆက်သည့် လင်းရောင်ခြည်လမ်းသည် အဆိုပါကျေးရွာအုပ်စုနှင့် ဝက်ပုတ်-သဲကုန်း-ပြည်လမ်းမကြီးကိုဝင်ရောက်ဆက်သွယ်သည့် B အဆင့်ကျေးလက်လမ်းပိုင်းတစ်ခုဖြစ်ပါသည်။ ပ.ဆ.င လမ်းမကြီးကိုမချိတ်ဆက်မီ ဆည်မြောင်းနှင့်ရေအသုံးချရေးဦးစီးဌာနမှ စီမံခန့်ခွဲသည့် ဆည်ရေ ပေးဝေရေးလက်တံ(B1)တို့ တွေ့ဆုံဖြတ်ကျော်ရပါသည်။ အဆိုပါမြောင်းတူးနေရာတွင် (၆)ပေအကျယ် ပိုက်ပြွန်ချ၍ တံတားသဖွယ်ကူးသန်းနေရခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဆည်မြောင်းကူးတံတားတစ်စင်း အမြန်ဆုံးတည်ဆောက်ပေးနိုင်ရေး မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ညောင်ကပွင်အုပ်စု၊ ကုန်းကြီးရွာထိပ်တွင် ကံမရိုးတံတား**

**(၁)စင်းနှင့် ထန်းသုံးခွအုပ်စု၊ ထန်းသုံးခွရွာထိပ်တွင် ကံမရိုးကူးတံတား(၁)စင်းတို့အား တည်ဆောက်နိုင်ရေးအတွက် အနီးဆုံးဘဏ္ဍာရေးနှစ်တွင် စီမံကိန်းရေးဆွဲပြီး တိုင်းဒေသကြီးလွှတ်တော်သို့ လျာထားတင်ပြဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားပေးမှာဖြစ်ပါတယ်။ (၂၀၁၈-၂၀၁၉)ခု ဘဏ္ဍာရေးနှစ်တွင် ပေါင်းတည်မြို့နယ်၊ ရေကြီးနစ်မြုပ်မှု လျော့ပါးသက်သာစေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ရန်ပုံငွေဖြင့် ကမ္မရိုးတူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါသည်။ ကမ္မရိုးတူးဖော်လိုက်သဖြင့် ရေစီးရေလာကောင်းမွန်သွားသည့်နည်းတူ ညောင်ကပ်ပင်အုပ်စုနှင့် ထန်းသုံးခွအုပ်စုတို့ရှိ တောင်သူများအတွက် ချောင်းတစ်ဖက်ကမ်းသို့ ကူးရန် အခက်အခဲများ ကြုံတွေ့နေရသည်မှာလည်း မှန်ကန်ပါသည်။ သို့ဖြစ်ပါ၍ ကုန်းကြီးကျေးရွာ ထိပ်တွင် အလျား ၅၈'၊ အကျယ် ၁၃' ၆" ရှိ တံတားတစ်စင်းနှင့် ထန်းသုံးခွရွာထိပ်တွင် အလျား ၄၈'၊ အကျယ် ၁၃' ၆" ရှိ သံကူကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ပေးမှသာ တောင်သူများ လယ်ယာလုပ်ငန်း လုပ်ကိုင်သွားလာရန်အတွက် အဆင်ပြေချောမွေ့စေမည်ဖြစ်ပါသည်။ ကုန်းကြီးရွာထိပ်ရှိ တံတားတည်ဆောက်ရန်အတွက် ခန့်မှန်းကုန်ကျငွေ ကျပ်(၃၂.၅၀)သန်း ကုန်ကျမည်ဖြစ်ပြီး ထန်းသုံးခွ ရွာထိပ်ရှိ တံတားတည်ဆောက်ရန်အတွက် ကျပ်(၂၇.၀)သန်း၊ စုစုပေါင်းတံတား(၂)စင်းအတွက် ငွေကျပ် (၅၉.၅)သန်း ခန့်မှန်းကုန်ကျမည်ဖြစ်ကြောင်းကို တင်ပြအပ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းများအား (၂၀၁၉-၂၀၂၀)ခု ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေတွင် လျာထားတင်ပြထားခြင်းမရှိသည့်အတွက် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်းကို လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“တောင်နဝင်းဆည် ရေပေးဝေရေးလက်တံ B1 နှင့် Class B အဆင့်ဝင်ကျေးလက်လမ်းတို့ တွေ့ဆုံဖြတ်သန်းရာနေရာတွင် ဆည်မြောင်းကူးတံတား တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားပေးမှာဖြစ်ပါတယ်။ တည်ဆောက်ရေး (၂)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တောင်နဝင်းဆည်ရေ သောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်း၏ ဆက်စပ်ဧရိယာအတွင်းတည်ရှိသော သဲကုန်းမြို့နယ်၊ အုတ်ဖိုစုနှင့် သဲကုန်းမြို့ကို ချိတ်ဆက်သည့် အုတ်ဆွဲရွာထိပ်ရှိ လင်းရောင်ခြည်လမ်း ဆည်မြောင်းကုန်းအား ရေရှည်ခိုင်မြဲသောဂုံးအဖြစ် ပြုပြင်ဆောင်ရွက်ပေးနိုင်ရေး တင်ပြလာမှုအပေါ် ဂုံးအဖြစ်ဆိုလို သောနေရာသည် B-1-R (RD-6+ 500)ပေ နေရာတွင်ရှိသော 4' Ø R.C.C Pipe Culvert ကို ဆိုလိုပါသည်။ ၎င်း Pipe Culvert သည် ယခင်က လင်းရောင်ခြည်လမ်းဖြတ်အဖြစ် ကျေးရွာလူထုမှ ဆောင်ရွက်ထားသော မြောင်းဖြတ်အဆောက်အအုံတစ်ခုဖြစ်ပါသည်။ ၎င်းနေရာ၏အောက်(၅၀)ပေခန့်အကွာတွင် ယခင်က တောင်နဝင်းရေသောက်စနစ် စတင်စဉ်ကတည်းက ဆောက်လုပ်ပေးထားသော R.C.C Slab Bridge တစ်ခုရှိပါသည်။ ယင်းတံတားပေါ်သို့ အုတ်ဆွဲကျေးရွာ မီးလင်းရေးဆောင်ရွက်စဉ် Transformer နှင့် ကြွေသီးများ

တင်ဆောင်သော တန်ချိန်(၃၀)ခန့် ကားကြီးများဖြင့် ဖြတ်သန်းစဉ်Slab Bridge သည် အောက်မျက်နှာပြင်ကွန်ကရစ်များ ပျက်စီးခဲ့ရပါသည်။ ထို့ကြောင့် ယခင်အဆင့်မြှင့်တင်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့စဉ်အချိန်တွင် တည်ဆောက်ရေး(၂)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲ ရေးဦးစီးဌာနမှ တာဝန်ခံများနှင့်ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဆရာကြီးဦးအောင်သန်းနှင့် တစ်ကြိမ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်နိုင်ဦးနှင့်တစ်ကြိမ် ကွင်းဆင်းပြီးပျက်စီး သွားသော အုတ်ဆွဲရွှာထိပ်ရှိတံတားကို ပြန်လည်ဆောင်ရွက်ပေးရန်နှင့် လင်းရောင်ခြည်လမ်း 4' ØR.C.C Pipe Culvert ကို တူးမြောင်းရေလမ်းနှင့်ပြန်တည့်၍ မူလအတိုင်းဆောင်ရွက်ပေးရန် ညှိနှိုင်း လမ်းညွှန်မှုခံယူခဲ့ပါသည်။ တည်ဆောက်ရေး(၂)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် လင်းရောင်ခြည်လမ်းဖြစ်မြောက်ရေးကော်မတီနှင့်လည်းတွေ့ဆုံ၍ ညှိနှိုင်းဆောင်ရွက်ပြီးဖြစ်ပါသည်။

ထို့ကြောင့် တံတား(၂)စင်းသည် (၅၀)ပေခန့်သာကွာဝေးခြင်း၊ ရန်ပုံငွေအခြေအနေအရလည်း စဉ်းစားဆောင်ရွက်ရခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များနှင့်လည်း ဆောင်ရွက်ရန်မလိုဟု တည်ဆောက် ရေး(၂)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တာဝန်ခံများမှညှိနှိုင်း ဆောင်ရွက်ထားပြီး လည်းဖြစ်ပါသဖြင့် ဆောင်ရွက်ပေးရန်လတ်တလောအနေဖြင့် အစီအစဉ်မရှိသေးပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဦးရဲလင်းနိုင်၊ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား-ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ မေးခွန်းအမှတ်စဉ် ၅(စ)ကို သက်ဆိုင်ရာဝန်ကြီးဖြေသွားတဲ့ ဖြေကြားချက်နှင့်ပတ်သက်ပြီးတော့ ဆက်စပ်မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ သက်ဆိုင်ရာဝန်ကြီးလည်း နယ်မြေကိုကွင်းဆင်းခဲ့ပြီးဖြစ်ပါတယ်။ ဒီချောင်း တံတားလိုအပ်တယ်ဆိုတဲ့အကြောင်းကိုလည်း ဝန်ကြီးသိရှိပြီးလည်းဖြစ်ပါတယ်။ ဒါကြောင့်မို့ ရိုးတူး ဖော်တာကိုလည်း ဝန်ကြီးအနေဖြင့်ကွင်းဆင်းပြီးတော့ ပြောသင့်ပြောထိုက်တဲ့စကားအပြင် မပြောသင့် မပြောထိုက်တဲ့စကားများပါ ဒေသခံများကြားမှာ ပြောကြားခဲ့တာ ဝန်ကြီးကိုယ်တိုင်လည်း သိရှိပြီးဖြစ် မှာပါ။ ဒါကြောင့်မို့ သက်ဆိုင်ရာဝန်ကြီးအနေနဲ့ စီမံကိန်းရေးဆွဲပြီးတော့ တိုင်းဒေသကြီးလွှတ်တော်ကို တင်ပြပေးနိုင်ခြင်းရှိ/မရှိဆိုတဲ့ မေးခွန်းအပေါ်မှာ ပြန်လည်ဖြေကြားထားတာကတော့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ဆိုပြီးတော့ ဖြေကြားထားတာရှိပါတယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်သည် စီမံကိန်းရေးဆွဲပြီး ကျွန်တော်တို့ တိုင်းဒေသကြီးလွှတ်တော်မှာ အတည်ပြုပြီးဖြစ်ပါတယ်။ မိမိဒေသမှာဘယ်လုပ်ငန်းသည် ဖွံ့ဖြိုးမှုအတွက်ပါတယ်။ ဘယ်လုပ်ငန်းသည် ဖွံ့ဖြိုးမှုအတွက်မပါဘူးဆိုတာ ကျွန်တော်တို့တိုင်းဒေသကြီး

လွှတ်တော်ကိုယ်စားလှယ်များ လုံးဝသိရှိပြီးလည်းဖြစ်ပါတယ်။ ကိုယ်စားလှယ်တိုင်းသိရှိပြီးဖြစ်ပါတယ်။ ဒီနေရာမှာ ၂၀၁၉–၂၀၂၀ဘဏ္ဍာနှစ်မှာ စီမံကိန်းရေးဆွဲလျာထားခြင်းမရှိပါကြောင်း ဖြေကြားတဲ့အပေါ်မှာ ကျွန်တော်တို့တွေသည် ၂၀၁၉–၂၀၂၀ နဲ့ပတ်သက်ပြီးတော့ တိတိကျကျသိရှိပြီးဖြစ်ပါတယ်။ မပါမှန်းကို သိရှိပြီးလည်းဖြစ်ပါတယ်။ ဒါကို ၂၀၁၉–၂၀၂၀ဘဏ္ဍာနှစ်မှာ လျာထားခြင်းမရှိတဲ့အတွက် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိကြောင်း ဖြေကြားထားတာဖြစ်ပါတယ်။ ဒါကြောင့်မို့ ဝန်ကြီးအနေနဲ့ ၂၀၂၀–၂၀၂၁မှာ စီမံကိန်းလျာထားပြီး တိုင်းဒေသကြီးလွှတ်တော်သို့ ဘဏ္ဍာငွေလျာထားချက် ခွင့်ပြုနိုင်ရေးအတွက် တင်ပြပေးနိုင်ခြင်းရှိ/မရှိ သက်ဆိုင်ရာဝန်ကြီးအား ဆက်စပ်မေးခွန်းအဖြစ် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဦးရဲလင်းနိုင်မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ အားလုံးပဲ မင်္ဂလာပါ။ အစီအစဉ်၅(စ)နဲ့ပတ်သက်ပြီးတော့ မေးမြန်းတဲ့ ဆက်စပ်မေးခွန်းနဲ့ ပတ်သက်ပြီး ဖြေကြားပေးမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- ကျွန်တော်တို့ ၂၀၂၀ တင်ပြတဲ့ လုပ်ငန်းနဲ့ပတ်သက်ပြီးတော့ ဆည်မြောင်းနဲ့ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်သင့်တဲ့ လုပ်ငန်းများနဲ့ ကုန်ကျမယ့်နှုန်းများကို ခန့်မှန်းတွက်ချက်ပြီး တင်ပြထားပြီးဖြစ်ပါတယ်။ သို့ပါ၍ ၂၀၂၀–၂၀၂၁ခုနှစ်မှာ ဦးစားပေးအစီအစဉ်အရ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဘဏ္ဍာငွေ စိစစ်ရေးအဖွဲ့ကို တင်ပြပေးမှာဖြစ်ပါကြောင်း လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဥက္ကဋ္ဌကြီးခင်ဗျား- ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဘဏ္ဍာရန်ပုံငွေနဲ့ သက်ဆိုင်တဲ့အတွက်ကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့လည်း အခက်အခဲဖြစ်မယ်ဆိုတာ ကျွန်တော်သိပါတယ်။ ဒီဆက်စပ်မေးခွန်းမေးရတဲ့ရည်ရွယ်ချက်က ဝန်ကြီးအနေနဲ့ အမှတ်မှားမှာစိုးတဲ့အတွက် ကျွန်တော်မေးရခြင်းဖြစ်ပါတယ်။ B1 လက်တံပေါ်မှာရှိနေတဲ့ ဒီတံတားနှစ်စင်းမှာ ဘယ်ဟာပိုပြီး အရေးပါသလဲဆိုလျှင် ကျွန်တော်လွှတ်တော်မှာမေးခွန်းမေးမြန်းတဲ့ လင်းရောင်ခြည် လမ်းပေါ်က တံတားသည် လမ်းမကြီးပေါ်မှာရှိနေတဲ့တံတားဖြစ်တဲ့အတွက်ကြောင့် ဒါပိုအရေးပါတဲ့ တံတားတစ်စင်း

ဖြစ်ပါတယ်။ လိုအပ်ချက်များတဲ့ တံတားတစ်စင်းလည်းဖြစ်ပါတယ်။ ဒါပေမယ့် မလုပ်လိုက်နိုင်တာသည် ဝန်ကြီးဖြေကြားသွားတဲ့အထဲမှာလည်း ပါပါတယ်။ လုပ်ငန်းတွ ေဆောင်ရွက် စဉ်မှာ ဘေးမှာကပ်လျက်ရှာတံတားတွေသည် ပျက်စီးမှုဖြစ်သွားတဲ့အတွက် အဲ့ဒီတံတားကို ဦးစားပေးလိုက်ရတယ်။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်ကြီးတွေ ကွင်းဆင်းပြီးတော့ အဲ့ဒီတံတားကို ဦးစားပေးလိုက်ရတယ်။ ဒီဘက်ကမူလလျာထားတဲ့ လမ်းမကြီးပေါ်ကတံတားကို ကျွန်တော်တို့ မလုပ်လိုက်နိုင်ဘူး။ နောက်ပြီးသက်ဆိုင်ရာလမ်းကော်မတီနဲ့လည်း ညှိနှိုင်းပြီးသားဖြစ်တယ်ဆိုပြီး ဝန်ကြီးကဖြေကြားသွားတာရှိပါတယ်။ အဲ့ဒီတော့ကျွန်တော်တို့ပြီးသွားတဲ့ လကုန်ပိုင်းမှာ ကရင်တိုင်းရင်းသားဝန်ကြီးနဲ့ သက်ဆိုင်ရာကရင်တိုင်းရင်းသားကျေးရွာများကို ကွင်းဆင်းတဲ့အခါမှာ အဲ့ဒီတိုင်းရင်းသားကျေးရွာတွေက ဒီလအကုန်ပိုင်းကပဲတင်ပြလိုက်တာပါ။ ဒီလင်းရောင်ခြည်လမ်းပေါ်မှာ ရှိနေတဲ့တံတားမှာ သူတို့ကျေးရွာဖြတ်သန်းသွားလာရေးအတွက် အလွန်တရာအခက်အခဲဖြစ်နေတယ်။ ဒါကြောင့် ဒီတံတားကို ဝန်ကြီးအနေနဲ့ စဉ်းစားပေးပါဆိုတာကို ဝန်ကြီးနှင့်ကျွန်တော့်ကို တင်ပြသွားတာရှိတဲ့အတွက်ကြောင့် ကျွန်တော်လွှတ်တော်မှာ မေးခွန်းအနေနဲ့မေးမြန်းရခြင်းဖြစ်ပါတယ်။ ဝန်ကြီးအနေနဲ့ ဒီတံတားက အရေးပါတဲ့တံတားတစ်စင်းဖြစ်တဲ့အပြင် အခက်အခဲလည်း အမှန်တကယ်ရှိနေတဲ့အတွက်ကြောင့် ဒါလေးကိုမှတ်သားထားပြီးတော့ နီးစပ်ရာဘဏ္ဍာနှစ်မှာ ထည့်သွင်းစဉ်းစားပေးနိုင်ဖို့အတွက် ဆက်စပ်မေးခွန်းမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးဇော်လင်းထိုက် မေးမြန်းသည့်ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းထိုက် မေးမြန်းထားတဲ့ မေးခွန်းအမှတ်စဉ်၅(ဆ) ဆက်စပ်မေးခွန်းနဲ့ပတ်သက်ပြီးတော့ ရှင်းလင်းဖြေကြားပေးမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား ကိုယ်စားလှယ်တော်ကြီးမေးမြန်းတဲ့ တံတားနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ဖြေကြားတဲ့ထဲမှာလည်း ပါ,ပါတယ်။ ဒေသခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအပြင် လမ်းကော်မတီနဲ့လည်း ညှိနှိုင်းထားပြီးဖြစ်တယ်လို့ အောက်ခြေကွင်းဆင်းစိစစ်ချက်အရ တင်ပြထားပြီးဖြစ်ပါတယ်။ နောက်တစ်ခုကတံတားနှစ်စင်းဟာ တစ်စင်းနဲ့တစ်စင်း ပေ(၅၀)ပဲကွာတယ်ဆိုတော့ ပွင့်ပွင့်လင်းလင်းပြောရလျှင်တံတားနှစ်ခုကပ်နေတယ်လို့ ဆိုလိုရင်းအဓိပ္ပါယ်ပဲဖြစ်ပါတယ်။ အဲ့ဒီအတွက် ကျွန်တော်တို့က နိုင်ငံတော်ဘဏ္ဍာအလေအလွင့် အဆုံးအရှုံးမရှိစေရေးအတွက် နောက်တစ်ခုက အခုခေတ်မှာ ကျေးရွာတစ်ရွာ၊ ကျောင်းတစ်ကျောင်းလိုချင်နေကြတာ ပြီးတော့ ခွဲခြားပြီးတော့ ဆက်ဆံမှုတွေ ဒါတွေလည်း ရှိပါတယ်။ အဲ့ဒီတော့ဆိုလိုတာက ဆည်မြောင်းနဲ့ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆောင်ရွက်ပေးတဲ့

လုပ်ငန်းများဟာ တစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့တည်းအတွက် ဆောင်ရွက်ပေးတာမဟုတ်ဘဲနဲ့ အများပြည်သူသွားလာနိုင်အောင် ဆောင်ရွက်ပေးခြင်းဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ ဒါ အောက်ခြေမှာ ညှိနှိုင်းထားခြင်းဖြစ်တဲ့အတွက် အောက်ခြေမှာသာ ဒေသလွှတ်တော်ကိုယ်စားလှယ်များနဲ့ ဒေသခံပြည်သူများညှိနှိုင်းစဉ်းစားပြီးတော့ စိစစ်ဆောင်ရွက်သင့်တဲ့ လုပ်ငန်းဖြစ်ပါကြောင်းကို လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဦးမိုးမခ၊တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ပဲခူးတိုင်းဒေသကြီး မြေ/စစ်ကော်မတီသို့ စိစစ်တင်ပြထားသော မြေသိမ်းအမှုများ ကြန့်ကြာနေမှုအား အလျင်အမြန် ပြီးပြတ်အဆုံးအဖြတ်ချပေးနိုင်ရန် တိုင်းမြေစစ်ကော်မတီအနေဖြင့် မည်သို့စီစဉ်ဆောင်ရွက်ထားရှိမှုအား သိရှိလိုပါကြောင်း”** နှင့်စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမိုးမခ၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ **“ပဲခူးတိုင်းဒေသကြီး မြေ/စစ် ကော်မတီသို့ စိစစ်တင်ပြထားသောမြေသိမ်းအမှုများ ကြန့်ကြာနေမှုအား အလျင်အမြန် ပြီးပြတ် အဆုံးအဖြတ်ချပေးနိုင်ရန် တိုင်းမြေစစ်ကော်မတီအနေဖြင့် မည်သို့စီစဉ်ဆောင်ရွက်ထားရှိမှုအား သိရှိလိုပါကြောင်း”** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် မြေ/စစ်ကော်မတီသို့ မြေသိမ်းအမှုများနှင့် စပ်လျဉ်း၍ စိစစ်တင်ပြရန် ဗဟိုမှချပေးသောအမှု(၇၀)မှု၊ တိုင်းမှချပေးသောအမှု(၈၄)မှု၊ ခရိုင်မှ ချပေးသော အမှု(၁၄)မှု နှင့် မြို့နယ်သို့ တင်ပြတိုင်ကြားသော အမှု(၅)မှု စုစုပေါင်း ယနေ့အထိ (၁၇၃)မှုရှိရာ တောင်ငူမြို့နယ် မြေစစ်ကော်မတီအနေဖြင့် (၁၀၇)မှုအား စိစစ်၍ အထက်အဆင့်ဆင့်သို့ တင်ပြခဲ့ပြီး ဖြစ်ပါသည်။ (၁၈)မှုမှာ အပြီးအပြတ်ဖြေရှင်းပြီးဖြစ်၍ (၄၈)မှုမှာ စိစစ်ဆဲဖြစ်ပါသည်။

မိမိတို့မြို့နယ် မြေ/စစ်ကော်မတီအနေဖြင့် စိစစ်တင်ပြပြီး အမှုတစ်ရာကျော်ထဲမှ တစ်ချို့အမှုများသည် ကာလကြာမြင့်နေပြီဖြစ်ပြီး မပြီးမပြတ်အဆုံးအဖြတ်မပေးနိုင်ဘဲ ဖြစ်နေခြင်းကြောင့် တိုင်ကြားသူများက လွှတ်တော်ကိုယ်စားလှယ်များကိုသာ ဝေဖန်ပြစ်တင်နေကြခြင်းများ အမြဲခံနေရပါသည်။

သို့ပါ၍ တိုင်းမြေစစ်ကော်မတီအနေဖြင့် ကြန့်ကြာနေသော မြေသိမ်းမှုများအား အမြန်ဆုံးအပြီးအပြတ် အဆုံးအဖြတ်ပေးနိုင်ရေး မည်သို့စီစဉ်ဆောင်ရွက်နေသည်ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးမိုးမခမေးမြန်းသည့် မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ဦးမိုးမခ၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ပဲခူးတိုင်းဒေသကြီးမြေ/စစ်ကော်မတီသို့ စိစစ်တင်ပြထားသော မြေသိမ်းအမှုများ ကြန့်ကြာနေမှုအား အလျင်အမြန် ပြီးပြတ်အဆုံးအဖြတ်ချပေးနိုင်ရန် တိုင်းမြေ/စစ်ကော်မတီအနေဖြင့် မည်သို့စီစဉ်ဆောင်ရွက်ထားရှိမှုအား သိရှိလိုပါကြောင်း”** နှင့်စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားပေးမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီသို့ မြေသိမ်းအမှုများနှင့်စပ်လျဉ်း၍ စိစစ်တင်ပြရန် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ ချပေးသော အမှုတွဲ(၇၀)တွဲ၊ တိုင်းလယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှချသော အမှုတွဲ(၈၄)တွဲ၊ ခရိုင်လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ ချပေးသောအမှုတွဲ(၁၄)တွဲနှင့် မြို့နယ်လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီသို့ တင်ပြတိုင်ကြားသော အမှုတွဲ(၅)တွဲ၊ စုစုပေါင်း ယနေ့အထိ အမှုတွဲ(၁၇၃)တွဲရှိရာ တောင်ငူမြို့နယ် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအနေဖြင့် အမှုတွဲ(၁၀၇)တွဲအားစိစစ်၍ အထက်အဆင့်ဆင့်သို့ တင်ပြခဲ့ပြီးဖြစ်ရာ အမှုတွဲ(၁၈)တွဲမှာ အပြီးအပြတ် ဖြေရှင်းပြီးဖြစ်၍ ကျန်ရှိသော အမှုတွဲမှာ(၄၈)တွဲသာ ကျန်ရှိပါသည်။ ကျန်ရှိသော အမှုတွဲ(၄၈)တွဲအား ခရိုင်လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီသို့ စိစစ်တင်ပြရန် အကြောင်းကြားထားပြီးဖြစ်ရာ ခရိုင်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ တိုင်းလယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီသို့ ပြန်လည်တင်ပြလာပါက အမှုတွဲများအား တိုင်းဒေသကြီးလယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အစည်းအဝေးများ၌ တင်ပြဆွေးနွေးသွားမည်ဖြစ်ပါကြောင်းနှင့် တိုင်းဒေသကြီး/ပြည်နယ်အနေနဲ့ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအစည်းအဝေးမှာ (၁)လလျှင် အနည်းဆုံး(၂)ကြိမ် တင်ပြဆွေးနွေးဆောင်ရွက်လျက်ရှိပါကြောင်းကို လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးမိုးမခ၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား-ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးမိုးမခ၊တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဝန်ကြီးဖြေတာကတော့ ကျွန်တော်တို့ မေးလိုက်တဲ့ အမှုတွဲတွေအတိုင်းကိုပဲ ပြန်ဖြေသလိုဖြစ်နေပါတယ်ခင်ဗျား- ကျွန်တော်သိချင်တာက မပြီး

ပြတ်သေးတဲ့အမှုတွေက ဘယ်လိုအဆင့်မှာရောက်နေလဲ။ ဥပမာပေါ့ ဗဟိုလယ်ယာမြေစစ်ကော်မတီကို တင်ထားပြီး ပြန်မကျလို့ကြာနေတာလား၊ ကျွန်တော်တို့တိုင်းမှာပဲ စစ်ဖို့ကျန်နေတာလား ဒါမှမဟုတ် ဗဟိုကကျလာပြီးမှ ကြန့်ကြာမှုတွေရှိနေတာလားဆိုတဲ့အကြောင်းလေးကို သိချင်ပါတယ်ခင်ဗျာ့ အဲ့ဒါလေးကို ရှင်းရှင်းလင်းလင်းလေးပြန်ပြီးတော့ ဖြေကြားပေးစေချင်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးမိုးမခမေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ အားလုံး တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမခမေးမြန်းတဲ့ မေးခွန်းအမှတ်စဉ်၅(ဇ) ဆက်စပ်မေးခွန်းနှင့်ပတ်သက်ပြီး ဖြေကြားပေးမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့အထဲမှာ တောင်ငူမြို့နယ်အတွက် အမှုတွဲ(၁၇၃)တွဲရှိတဲ့နေရာမှာ တိုင်းဒေသကြီးကို တင်ပြထားတဲ့အမှု(၁၀၇)တွဲကိုစိစစ်ပြီးတော့ အထက်အဆင့်ဆင့်ကို တင်ပြခဲ့တဲ့နေရာမှာလို့ တင်ပြထားတာဖြစ်ပါတယ်။ အဲ့ဒီတော့(၁၇၃)တွဲမှာ (၁၀၇)တွဲသာလျှင် တိုင်းဒေသကြီးကို ရောက်ပြီးတော့ တိုင်းဒေသကြီးကနေတစ်ဆင့် ဗဟိုကိုဆက်လက်တင်ပြထားတာမျိုးရှိပါတယ်။ အဲ့ဒီအထဲကမှ (၁၈)တွဲကတော့ လုံးဝပြီးပြတ်ပြီး (၄၈)တွဲကတော့ ဆောင်ရွက်ဖို့ကျန်နေတယ်ဆိုတာ တင်ပြထားပါတယ်။ အဲ့ဒီတော့အားလုံးစုစုပေါင်း (၁၀၇)တွဲလို့ပြောလျှင် ကျန်တဲ့အမှုတွဲတွေက (၁၇၃)တွဲမှာ အမှုတွဲပေါင်း (၆၀)ကျော်က မြို့နယ်/ခရိုင်တွေမှာ စိစစ်ဖို့ကျန်ရှိနေသေးတယ်ဆိုတာ ကျွန်တော်တို့က တင်ပြခြင်းဖြစ်ပါတယ်။ အဲ့ဒီတော့ကျန်ရှိတဲ့အမှုတွဲများ အမှုတစ်ခုချင်းနဲ့ပတ်သက်ပြီး တိုင်းဒေသကြီး လယ်ယာမြေနဲ့ အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ ရပ်/ ကျေး/ မြို့နယ်/ ခရိုင်များမှ စိစစ်တင်ပြတဲ့အမှုတွဲများကို တိုင်းဒေသကြီးအချုပ်အနေနဲ့ လိုအပ်တဲ့အကြံဉာဏ်များ၊ လိုအပ်တဲ့ ဆုံးဖြတ်ချက်များချမှတ်ပြီး ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှု ဗဟိုလယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီသို့ ကျွန်တော်တို့က တင်ပြဆောင်ရွက်ရတာရှိပါတယ်။ တစ်ချို့သောလုပ်ငန်းများကလည်း သက်ဆိုင်ရာဝန်ကြီးဌာနများရဲ့သဘောထားကို မေးမြန်းဆောင်ရွက် ရတာမျိုးရှိပါတယ်။ သို့ပါသောကြောင့် အမှုတွဲအပိုင်းအလိုက် ရောက်ရှိနေတဲ့နေရာနဲ့အချိန်ကိုတော့ သီးခြားစာဖြင့်ပေးပို့ဖြေကြားပေးမှာဖြစ်ပါကြောင်းကို လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးမိုးမခ၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ စာဖြင့်ဖြေကြားချက်မှာ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီသို့ မြေသိမ်းအမှုများနှင့် စပ်လျဉ်း၍ စိစစ်တင်ပြရန် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်း

ခံရမှုများ ပြန်လည်စိစစ်ရေးဇဟိုကော်မတီမှ ချပေးထားသော အမှုတွဲ(၇၁)တွဲ၊ တိုင်းဒေသကြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီသို့ ချပေးထားသော အမှုတွဲ(၈၄)တွဲ၊ ခရိုင်လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီသို့ ချပေးထားသော အမှုတွဲ(၁၄)တွဲနှင့် မြို့နယ်လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်း ခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီသို့ တင်ပြတိုင်ကြားသော အမှုတွဲ(၅)တွဲ၊ စုစုပေါင်းယနေ့အထိ အမှုတွဲ(၁၇၃)တွဲရှိပါသည်။ တောင်ငူမြို့နယ်အတွင်းရှိ မြေ/စစ်အမှုတွဲများနှင့်ပတ်သက်၍ လယ်ယာ မြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဇဟိုကော်မတီမှ ချထားပေးသော အမှုတွဲ (၇၁)တွဲရှိသည့်အနက် အမှုတွဲပိတ်သိမ်းပြီး (၄၈)တွဲရှိပြီး ကျန်ရှိနေသည့်အမှုတွဲ(၂၂)တွဲအား လယ်ယာ မြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဇဟိုကော်မတီသို့ တင်ပြထားပြီး ဖြစ်ပါသည်။ တိုင်းဒေသကြီးလယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီအနေဖြင့် အမှုတွဲပေါင်း(၈၄)တွဲရှိသည့်အနက် အမှုတွဲပိတ်သိမ်းပြီး (၂၁)တွဲရှိပြီး ကျန်ရှိသည့် အမှုတွဲ(၆၃)တွဲအား (၃)လအတွင်း အမြန်ပြီးပြတ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည် ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် စာဖြင့်ဖြေကြားရန်ကျန်ရှိသည့် ဆက်စပ် မေးခွန်းများနှင့်ပတ်သက်၍ (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကျင်းပပြီးသည့်နေ့မှ (၁)ပတ်အတွင်း လွှတ်တော်သို့တင်ပြပေးဖို့ တိုက်တွန်းပါတယ်။

**ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာ ကော်မတီအစီရင်ခံစာကို ရေးရာကော်မတီအဖွဲ့ဝင် ဗိုလ်မှူးနေလင်း၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်က တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း**

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- တိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီအစီရင်ခံစာကို ရေးရာကော်မတီအဖွဲ့ဝင်ဗိုလ်မှူးနေလင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်က တိုင်းဒေသကြီး လွှတ်တော်သို့ တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဗိုလ်မှူးနေလင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်။** ။ ဒုတိယအကြိမ် ပဲခူး တိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာ ကော်မတီမှ(၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့်အစီရင်ခံစာ(၄/၂၀၁၉)

**နိဒါန်း**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီသည် ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ ပေးအပ်သော တာဝန်များကို လေးစားလိုက်နာလျက် လွှတ်တော်အစည်းအဝေးများ ကျင်းပချိန်အတွင်း လွှတ်တော်ကိုယ်စားလှယ်များ စည်းကမ်းတကျတက်ရောက်နိုင်ရေး၊ ပျက်ကွက်မှုများ၊ ခွင့်တိုင်ကြားမှုများအား မှတ်တမ်းတင်ခြင်း၊ တက်ရောက်လာကြသော ကိုယ်စားလှယ်များ၏ အခွင့်အရေးပြည့်ဝစွာခံစားနိုင်ရေးနှင့်ရေးရာကော်မတီများ၏ အစည်းအဝေးကျင်းပမှုများအား လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြအစီရင်ခံခြင်းများကို ပြုလုပ်ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ရည်ရွယ်ချက်**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီ၏ လုပ်ငန်းများဆောင်ရွက်နိုင်စေရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များ တင်ပြတောင်းဆိုသော အချက်အလက်များနှင့် အခွင့်အရေးများ အပြည့်အဝဆောင်ရွက်နိုင်ရန် ရည်ရွယ်ပါသည်။

**အစီရင်ခံသည့်ကာလအတွင်း ကော်မတီ၏ဆောင်ရွက်ချက်များ**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၃/၂၀၁၉) တွင် အောက်ပါတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်-

- (၃၀.၁၀.၂၀၁၉)ရက်နေ့တွင် ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်လှလှဝင်းမှ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်အပေါ် တိုင်ကြားခဲ့သောကိစ္စအတွက် နှစ်ဦးနှစ်ဖက်ခေါ်ယူ ဆွေးနွေးမေးမြန်းမှုများ ပြုလုပ်ခြင်း။
- (၂၆.၁၁.၂၀၁၉)ရက်နေ့တွင် ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက်အပေါ် တိုင်ကြားလာသည့်ကိစ္စနှင့်ပတ်သက်၍ ဒေါ်ရီရီထိုက်အား တွေ့ဆုံမေးမြန်းစိစစ်လေ့လာခဲ့ပြီး လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြအစီရင်ခံခဲ့ပါသည်။

**အစီရင်ခံသည့်ကာလအတွင်း ကော်မတီ၏တွေ့ရှိချက်များ**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီသည် အောက်ပါအတိုင်း စိစစ်တွေ့ရှိခဲ့ပါသည်-

- ကော်မတီသို့ တင်ပြလာသော တိုင်ကြားစာများကို လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်နှင့်အညီ စိစစ်ဆောင်ရွက်ခြင်း၊ တွေ့ဆုံဆွေးနွေးခြင်း၊ အကြံပြုခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

- လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ပိုင်ခွင့် တာဝန်များကို ပြည်သူများမှ သေချာစွာ နားမလည်ကြ၍ လွဲမှားသောအသိဖြင့် မှားယွင်းတိုင်ကြားမိခြင်းများရှိသဖြင့် တွေ့ဆုံမေးမြန်းညှိနှိုင်းသောအခါ တိုင်ကြားသူများမှ မိမိတို့အမှားအယွင်းများရှိကြောင်း နားလည်သဘောပေါက်ပြီး ညှိနှိုင်းပြေလည်မှုများ ရရှိခဲ့ပါသည်။

**အစီရင်ခံသည့်ကာလအတွင်း ကော်မတီ၏အကြံပြုချက်များ**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီ၏ အကြံပြုချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များ လေ့လာနိုင်ရန်နှင့် ကိုယ်စားလှယ်များ အချင်းချင်း အမြင်ချင်းဖလှယ်ကာ မိမိတိုင်းဒေသကြီးလွှတ်တော်၏ လွှတ်တော်ဆိုင်ရာလုပ်ငန်း ဆောင်ရွက်ချက်များနှင့် ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ ပိုမိုအားကောင်းရန်အတွက် ပွင့်လင်းရာသီဖြစ်သော ဇန်နဝါရီလပိုင်းလောက်တွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်နှင့် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သို့ လေ့လာနိုင်ရန် အကြံပြုအပ်ပါသည်။ လေ့လာရေးခရီးစဉ် သွားရောက်ရာတွင် ခရီးစဉ်မှတ်တမ်းများ ရေးဆွဲပြုစုတင်ပြနိုင်ရေး အတွက် သက်ဆိုင်ရာလွှတ်တော်ဝန်ထမ်း(၂)ဦး ထည့်သွင်းပေးသင့်ပါသည်။
- လွှတ်တော်ကိုယ်စားလှယ်များအချင်းချင်း တိုင်ကြားလာသည့်ကိစ္စရပ်များတွင် လူမှုရေး ကိစ္စရပ်များသာဖြစ်ပြီး ငွေကြေးကိစ္စရပ်များပါဝင်ခြင်းမရှိပါက လွှတ်တော်ဥက္ကဋ္ဌမှ ပေါင်းစပ်ညှိနှိုင်းပေးပါရန်၊
- ပါတီဝင်ကိုယ်စားလှယ်အချင်းချင်း ဖြစ်ပွားသည့် ကိစ္စရပ်များဖြစ်ပါက ပါတီဘက်မှ စစ်ဆေးဆောင်ရွက်ချက်များအတိုင်းသာ ဆောင်ရွက်သွားရန်တို့ကို အကြံပြုပါသည်။

**ကော်မတီ၏ရှေ့လုပ်ငန်းစဉ်များ**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီသည် ရှေ့လုပ်ငန်းစဉ်များကို အောက်ပါအတိုင်း ဆောင်ရွက်ရန် လျာထားပါသည်-

- ကော်မတီသည် လွှတ်တော်၏ပုံမှန်အစည်းအဝေးများ၊ အရေးပေါ်အစည်းအဝေးများ၊ အထူးအစည်းအဝေးများအား စနစ်တကျ ကျင်းပနိုင်ရေး၊ လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေး နှင့် လွှတ်တော်ကိုယ်စားလှယ်များ အခွင့်အရေးအပြည့်အဝရရှိရေးကို ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
- တိုင်းဒေသကြီးလွှတ်တော်မှ ပေးအပ်လာသောတာဝန်နှင့်ဝတ္တရားများကို စနစ်တကျ တာဝန်ကျေပွန်စွာ ထမ်းဆောင်သွားမည်ဖြစ်ပါသည်။

- ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးများ၊ အထူးအစည်းအဝေးနှင့် အရေးပေါ်အစည်းအဝေးကျင်းပချိန်တွင် ကိုယ်စားလှယ်များ ခွင့်တိုင်ကြားလျှင် စာဖြင့်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း ဥက္ကဋ္ဌ(သို့မဟုတ်)အတွင်းရေးမှူးထံ ခွင့် တိုင်ကြားရမည် ဖြစ်ပါသည်။

**နိဂုံး**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီသည် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ ဖွံ့ဖြိုးတိုးတက်ရေး၊ လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် ထိရောက်စွာဆောင်ရွက်နိုင်ရေး၊ အဆင်ပြေချောမွေ့စေရေး၊ ရည်ရွယ်ချက်များ ပေါက်မြောက်အောင်မြင်စေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာ အစီရင်ခံတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး လွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ ယနေ့(၁၆:၀၀)နာရီထက် နောက်မကျစေဘဲ အမည်စာရင်းတင်သွင်းကြဖို့ ဖြစ်ပါတယ်။

**ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီအစီရင်ခံစာကို ရေးရာကော်မတီအဖွဲ့ဝင် ဦးသက်မင်းဇော်၊ ပေါက်ခေါင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း**

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီး လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီအစီရင်ခံစာကို ရေးရာ ကော်မတီအဖွဲ့ဝင် ဦးသက်မင်းဇော်၊ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က တိုင်းဒေသကြီး လွှတ်တော်သို့ တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသက်မင်းဇော်၊ ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ (ဒုတိယအကြိမ် ပဲခူးတိုင်း ဒေသကြီး လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီမှ တင်သွင်းသောအစီရင်ခံစာ(၄/၂၀၁၉)အား နောက်ဆက်တွဲဖြင့် ဖော်ပြပါမည်။)

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက လွှတ်တော်ရုံးဂန်ထမ်းအကြီးအမှူးထံ ယနေ့ (၁၆:၀၀)နာရီထက်နောက်မကျစေဘဲ အမည်စာရင်း တင်သွင်းကြဖို့ ဖြစ်ပါတယ်။

**ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "BRCCA အဖွဲ့ကို ဖျက်သိမ်းသော်လည်း BRCCA အဖွဲ့၏လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက် နေသော BRCB(T) အဖွဲ့ကို ရပ်ဆိုင်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လိုအပ်သည့် စည်းမျဉ်းစည်းကမ်းများ စနစ်တကျရေးဆွဲပြီး တိုင်းဒေသကြီး တည်ဆောက်ရေးကြီးကြပ်မှုကော်မတီအဖွဲ့မှ QC အဖွဲ့များ စနစ်တကျထားရှိပြီး တည်ဆောက်ရေးလုပ်ငန်းများအား ကြပ်မတ်ဆောင်ရွက်ရန် တိုက်တွန်းကြောင်း" အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"BRCCAအဖွဲ့ကို ဖျက်သိမ်းသော်လည်း BRCCA အဖွဲ့၏ လုပ်ထုံး လုပ်နည်းများအတိုင်း ဆောင်ရွက်နေသော BRCB(T)အဖွဲ့ကို ရပ်ဆိုင်း၍ တိုင်းဒေသကြီးအစိုးရ အဖွဲ့အနေဖြင့် လိုအပ်သည့်စည်းမျဉ်းစည်းကမ်းများ စနစ်တကျရေးဆွဲပြီး တိုင်းဒေသကြီး တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီအဖွဲ့မှ QCအဖွဲ့များ စနစ်တကျထားရှိပြီး တည်ဆောက်ရေး လုပ်ငန်းများအား ကြပ်မတ်ဆောင်ရွက်ရန် တိုက်တွန်းကြောင်း"**အဆိုကို တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲမင်္ဂလာပါ။ အားလုံးစိတ်ချမ်းသာ၊ ကိုယ်ကျန်းမာရှိကြပါစေ လို့လည်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒီနေ့(၁၀.၁၂.၂၀၁၉)ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တွင် တည်ဆောက်ရေးလုပ်ငန်းများစစ်ဆေးရာတွင် BRCB(T)အဖွဲ့ကိုရပ်ဆိုင်း၍ တိုင်းဒေသကြီး တည်ဆောက်ရေးလုပ်ငန်းများ ကြီးကြပ်မှုကော်မတီမှ QCအဖွဲ့များကို စနစ်တကျထားရှိပြီးကြပ်မတ်ရန် တိုက်တွန်းကြောင်းအဆိုကို တင်သွင်းမည့် နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်နိုင်ဖြစ်ပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား ဒီအဆိုကို တင်သွင်းရခြင်းရည်ရွယ်ချက်ကတော့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းစီ ထမ်းဆောင်ရမည့်တာဝန်ကိုသာ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်းတာဝန်များအရ မိမိမဲဆန္ဒနယ်မှ ပြည်သူများ၏ကိုယ်စား ပညာရေး၊ ကျန်းမာရေးအစရှိတဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဌာနဆိုင်ရာများနဲ့ ပူးပေါင်းဆောင်ရွက်

တဲ့အခါမှာ ဘတ်ဂျက်များလေလွင့်ဆုံးရှုံးမှုလျော့နည်းရေးနှင့် မှန်တာကိုလက်ခံကျင့်သုံးပြီး မှားတာတွေ့ရင် အမှားကိုပြင်ဆင်ရန်ထောက်ပြဖို့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ တာဝန်ဖြစ်တဲ့အတွက် ဒီအဆိုကိုတင်သွင်းရခြင်းဖြစ်ပါတယ်။

ကျွန်တော်ရဲ့အဆိုအနေနဲ့ QCအဖွဲ့ကိုဖျက်သိမ်းစေခြင်းမဟုတ်ပဲ ပြင်ပပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသော ကြားခံအဖွဲ့အစည်းဖြစ်သည့် BRCB(T)အဖွဲ့ကို ရပ်ဆိုင်းစေခြင်းသာဖြစ်ပါတယ်။ ဆက်လက်၍ ကျွန်တော်အဆိုရဲ့ အကျိုးကြောင်းဖော်ပြချက်ကိုတင်ပြပါမယ်။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သည် လွှတ်တော်၏သဘောထားရယူခြင်းမရှိဘဲ တိုင်းဒေသကြီးတည်ဆောက်ရေး လုပ်ငန်းများစစ်ဆေးရန် ဖွဲ့စည်းထားသည့် BRCCA အဖွဲ့ကိုအားနည်းချက်များ၊ အဆင်မပြေမှုများများစွာရှိသည့်အတွက် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် နဝမပုံမှန်အစည်းအဝေးတွင် ထန်းတပင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းသည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖွဲ့စည်းတာဝန်ပေးထားသော တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးစစ်ဆေးရေးအဖွဲ့မှ ဖွဲ့စည်း တာဝန်ပေးထားသော တည်ဆောင်ရေးလုပ်ငန်းများ အရည်အသွေးစစ်ဆေးရေးအဖွဲ့ BRCCA အနေဖြင့် ပြည်သူ့လွှတ်တော်တွင် အောင်မြင်ခဲ့သည့်အဆိုအရ Third Partyစနစ်ကို ကျင့်သုံးနိုင်ရန် ဥပဒေ/နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များပေါ်ထွက်လာသည်အထိရပ်ဆိုင်း၍ ဆောင်ရွက်သင့်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့အား တိုက်တွန်းခဲ့သည့်အဆိုကို လွှတ်တော်တွင် အောင်မြင်ခဲ့သည့်အတိုင်း BRCCAအဖွဲ့ကို ရပ်သိမ်းခဲ့ပါတယ်။ ထိုကဲ့သို့ BRCCAအဖွဲ့ကို ရပ်သိမ်းပြီးသော်လည်း နောက်တစ်ကြိမ်ထပ်မံ၍ BRCCAအဖွဲ့ကဲ့သို့ လုပ်ထုံးလုပ်နည်းများအတိုင်း BRCB(T) အဖွဲ့ကို ဖွဲ့စည်းဆောင်ရွက် ပြန်ပါတယ်။ BRCCA ကိုရပ်သိမ်းသော်လည်း ၎င်းအဖွဲ့၏ လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်နေသော BRCB(T)အဖွဲ့ကိုရပ်ဆိုင်း၍ တိုင်းဒေသကြီးအစိုးရအနေဖြင့် လိုအပ်သည့် စည်းမျဥ်း/ စည်းကမ်းများ စနစ်တကျရေးဆွဲပြီး တိုင်းဒေသကြီးတည်ဆောက်ရေးလုပ်ငန်းများကြီးကြပ်မှုကော်မတီမှ QCအဖွဲ့များစနစ်တကျထားရှိပြီး တည်ဆောက်ရေးလုပ်ငန်းများအား ကြပ်မတ်ဆောင်ရွက်ရန် တိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား ကျွန်တော်တင်ပြခဲ့တဲ့ ကျွန်တော့်ရဲ့အဆိုကိုကြည့်မယ်ဆိုလျှင် နဝမပုံမှန်အစည်းအဝေးမှာ BRCCA ကို ရပ်ဆိုင်းဖို့အဆိုအောင်လို့ ဖျက်သိမ်းခဲ့ပြီး မကြာခင်အချိန်မှာပဲ BRCB(T)ကိုထပ်မံဖွဲ့စည်းခဲ့တယ်။ ဒီနေရာမှာကြည့်မယ်ဆိုလျှင် အစိုးရအဖွဲ့လုပ်ရပ်က တည်ဆောက်ရေးလုပ်ငန်းကုမ္ပဏီတစ်ခုရဲ့ လုပ်ရပ်လိုဖြစ်နေတာကို တွေ့ရပါတယ်။ ဘာကြောင့်လဲဆိုတော့ တည်ဆောက်ရေးလုပ်ငန်းကုမ္ပဏီတစ်ခုက စည်းမျဥ်း/စည်းကမ်းများချိုးဖောက်လို့ Black List သွင်းခံရတဲ့အခါမှာ ဒီနာမည်ကို Black List အသွင်းခံရလျှင် နောက်နာမည်တစ်မျိုးနဲ့ ကုမ္ပဏီတစ်ခု ထပ်ထောင်မယ်ဖြစ်နေတာကို တွေ့ရှိရပါတယ်။ မည်သို့ပင်ဆိုစေကာမူ BRCB(T)အဖွဲ့ကို ထပ်မံဖွဲ့စည်းလိုက်ပြန်ပါတယ်။ BRCB(T)ဆိုတာ Tကို (Temporary) ယာယီအဖွဲ့ဖြစ်ပါတယ်။ ယာယီဆိုပေမဲ့ ယခုအခြေအနေမှာတော့ တင်ဒါကော်မတီများဖွဲ့စည်းတဲ့အခါမှာ BRCB(T) မှ ကိုယ်စားလှယ်များထည့်သွင်း

ဖွဲ့စည်း၍ တိုင်းဥပဒေနှင့်အညီ လုပ်ဆောင်သွားရန်ဆိုပြီး လုပ်ငန်းတာဝန်တွေ ထပ်ဆောင်းပေးအပ်ထားတာကိုလည်း တွေ့ရှိရပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား BRCB(T) အဖွဲ့မဖွဲ့စည်းမီ (၃၁.၁.၂၀၁၉) ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပူးပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဆောင်သော အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များရဲ့ ရှေးလုပ်ငန်းစဉ်များကို ရင်းနှီးပွင့်လင်းစွာဆောင်ရွက်နိုင်ရေး တွေ့ဆုံဆွေးနွေးပွဲတွင် ပဲခူးတိုင်းဒေသကြီး တည်ဆောက်ရေးလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီအဖွဲ့ ဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်(၇)ဦးမှ တင်ပြဆွေးနွေးချက်များကိုလည်း BRCB(T) အဖွဲ့ဖွဲ့စည်းသည့်အခါ အလေးထားထည့်သွင်းစဉ်းစားခြင်းမရှိဘဲ ဖွဲ့စည်းခဲ့တာကိုလည်း တွေ့ရပါတယ်။ လွှတ်တော်ကိုယ်စားလှယ်(၇)ဦး၏ ဆွေးနွေးချက်များအနက်မှ အဓိကအချက်(၃)ချက်ကို တင်ပြချင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များဆွေးနွေးချက်မှာ Third Party မှ QC လုပ်တဲ့အခါ သူ့ရဲ့တာဝန်ယူမှု၊ တာဝန်ခံမှုဟာ ဘာတွေလည်းဆိုတာကို တိကျစွာဖော်ပြရန် လိုအပ်ပါတယ်လို့ ဆွေးနွေးတဲ့အခါမှာ အစိုးရအဖွဲ့က ပြန်လည်ဆွေးနွေးတင်ပြချက်ကတော့ ဆောက်လုပ်နေစဉ် စစ်ဆေးတင်ပြသည့်အထောက်အထား၊ မှတ်တမ်းများပေါ်တွင်သာ တာဝန်ယူမည်လို့ ပြန်လည်ဆွေးနွေးထားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ဆွေးနွေးချက်နောက်တစ်ခုကတော့ လုပ်ငန်းပြီးစီးသည့်ရာခိုင်နှုန်းအလိုက်ငွေထုတ်ပေးသည့်အခါ မည်သည့်မည်သူ့အတည်ပြုချက်ဖြင့် ထုတ်ပေးရမည်ကို ထည့်သွင်းပြဋ္ဌာန်းရန်လိုအပ်ပါတယ်လို့ ဆွေးနွေးထားတဲ့အခါကျတော့ အစိုးရအဖွဲ့မှ ယခုဆောင်ရွက်မည့်အဖွဲ့နှင့် မသက်ဆိုင်ပါ။ ဌာနမှတာဝန်ယူ/တာဝန်ခံဆောင်ရွက်ရမည်သာဖြစ်ပါသည်လို့ ပြန်လည်ဆွေးနွေး ဖြေကြားထားပါတယ်။

နောက်တစ်ချက် လွှတ်တော်ကိုယ်စားလှယ်ဆွေးနွေးချက်က QCအဖွဲ့များအနေဖြင့် လုပ်ငန်းများကွင်းဆင်းစစ်ဆေးတဲ့အခါမှာ သက်ဆိုင်ရာဒေသခံကိုယ်စားလှယ်များ မြို့နယ်/ရပ်ကျေး တည်/ကော်အဖွဲ့များနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်ဟု စည်းကမ်းချက်တွေထည့်သွင်းဖော်ပြရန် ဆွေးနွေးချက်အပေါ် အစိုးရအဖွဲ့မှ ပြန်လည်ဆွေးနွေးထားသည်ကတော့ ပူးပေါင်းဆောင်ရွက်ရာတွင် သို့သော်ဆောင်ရွက်မည့်ပုံစံသည် လုပ်ငန်းသဘောအရ လိုအပ်ချက်ရှိပါက မတိုင်မီ တွေ့ဆုံဆွေးနွေးစေခြင်းဖြစ်ပြီး မလိုအပ်ပါက ဆောင်ရွက်ပြီးမှသာ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များကို ရှင်းပြစေခြင်းလို့ပြန်လည်ဆွေးနွေးထားသည့်အတွက် လွှတ်တော်နှင့်ပူးပေါင်းဆောင်ရွက်မှုမရှိသည့်အပြင် တာဝန်ယူမှု၊ တာဝန်ခံမှုမရှိတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- QCကုမ္ပဏီများအတွက် လုပ်ငန်းစစ်ဆေးခများကို ပဲခူးတိုင်းဒေသကြီးတွင် ၂ ရာခိုင်နှုန်းရယူထားသည့်အနက်မှ ၀.၃ ရာခိုင်နှုန်းကို BRCB(T)အဖွဲ့၏ ဝန်ဆောင်ခအဖြစ် ဖြတ်တောက်ရယူထားသည်ကို သိရှိရသည့်အတွက် BRCB(T) အဖွဲ့အတွက် ဖြတ်တောက်ရယူထားသည့် QCကုမ္ပဏီများအနေဖြင့် ဝန်ဆောင်မှုပေးရခြင်းနှင့် စစ်ဆေးခရရှိသည့်

ငွေကြေး မျှတမှုမရှိသည်ကိုလည်း တွေ့ရှိရပါတယ်။ BRCB(T)အဖွဲ့မှ ဖြတ်တောက်ရယူထားသည့် ငွေကြေးများကိုလည်း မည်သည့်နေရာတွင် မည်သို့သုံးစွဲထားသည်ကိုလည်း မသိရှိရပါ။ ၎င်းအပြင် တည်/ကော်နှင့် စာချုပ်ချုပ်ထားသော Estimate များတွင်ပါဝင်သော အရည်အသွေးပြည့်မီမှုမရှိသည့် ပစ္စည်းများကို QC အဖွဲ့မှ လက်မခံသော်လည်း BRCB(T) မှ လက်ခံပေးခြင်းများလည်း ရှိနေပါတယ်။ တစ်ချို့ QC အဖွဲ့များက တည်ဆောက်ရေးလုပ်ငန်းကုမ္ပဏီများမှ လုပ်ငန်းမစတင်ခင် အချိန်မီ အကြောင်းကြားသော်လည်း လာရောက်ကြည့်ရှုစစ်ဆေးခြင်းမရှိဘဲ ၂၅ ရာခိုင်နှုန်းပြီးစီးမှ လာရောက်ကြည့်ရှုပြီး ပြီးစီးသည့်လုပ်ငန်းများကို ပြန်လည်သိမ်းနေခြင်းများလည်းရှိနေပါတယ်။

လေးစားအပ်တဲ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေပါဝင်သော တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေနှင့် စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်များကိုတင်ပြရလျှင် တိုင်းနှင့်ပြည်နယ်(၁၄)ခုရှိသည့်အနက် ရှမ်းအရှေ့/ရှမ်းတောင်/ရှမ်းမြောက်၊ ပဲခူးရှေ့/ပဲခူးအနောက်နှင့် နေပြည်တော်နယ်မြေများဟူ၍ စုစုပေါင်း (၁၈)ခု ခွဲခြားပြီး ဖော်ပြထားပါတယ်။ ၎င်း(၁၈)ခုအနက် ကချင်ပြည်နယ်၊ စစ်ကိုင်း၊ တနင်္သာရီ၊ မွန်ပြည်နယ်နှင့် ရှမ်း/မြောက်ပိုင်းတွေမှာတော့ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက တာဝန်ပေးအပ်တဲ့ မြို့နယ်နှင့်ခရိုင် တည်ဆောက်ရေးနှင့်အရည်အသွေးစစ်ဆေးရေးကော်မတီ တိုင်းဒေသကြီး/ပြည်နယ်အဆင့် တည်ဆောက်ရေးလုပ်ငန်းစစ်ဆေးရေးကော်မတီက တာဝန်ယူဆောင်ရွက်ပါတယ်။ လုပ်ငန်းဆောင်ရွက်ရသည့် ကုမ္ပဏီများထံမှ QCများအတွက် ဖြတ်တောက်ရယူခြင်းမရှိပါ။ ရှမ်းရှေ့/ရှမ်းတောင်နှင့် နေပြည်တော်အပါအဝင် တိုင်းနှင့်ပြည်နယ်(၁၁)ခုမှာတော့ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ပုဂ္ဂလိကအရည်အသွေးစစ်ဆေးရေးကုမ္ပဏီများကို တာဝန်ပေးအပ် ဆောင်ရွက်စေပါတယ်။ အရည်အသွေးစစ်ဆေးတာကို လုပ်ငန်းတန်ဖိုးများအပေါ် ရာခိုင်နှုန်းဖြင့် သတ်မှတ်ပြီး လုပ်ငန်းတန်ဖိုးအရစ်လိုက် ထုတ်ယူရရှိမှုအပေါ် သက်ဆိုင်ရာကော်မတီမှ တိုက်ရိုက်ပေးချေခြင်းဖြစ်ပါတယ်။ ပဲခူးအရှေ့/ပဲခူးအနောက်ဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီးတစ်ခုသာလျှင် QC ခန့်ထားခြင်းကို BRCB(T)က ရွေးချယ်တာဝန်ပေးအပ်ခြင်းဖြစ်ပြီး စာချုပ်ချုပ်ဆိုခြင်းကိုလည်း QC ကုမ္ပဏီနှင့် BRCB(T)တို့နှစ်ဦးနှစ်ဖက် ချုပ်ဆိုဆောင်ရွက်ခြင်းဖြစ်သည့်အတွက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍပါဝင်မှုမရှိတာကို တွေ့ရမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား ကျွန်တော့်ရဲ့တင်ပြချက်များကို အချုပ်ဆိုရလျှင် ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီးမှာ တည်ဆောက်ရေးလုပ်ငန်းများစစ်ဆေးမှုနှင့်ပတ်သက်ပြီး QC ခန့်ထားခြင်း၊ ရွေးချယ်တာဝန်ပေးအပ်ခြင်း၊ စာချုပ်ချုပ်ဆိုခြင်းများကို BRCB(T) ကတိုက်ရိုက်ဆောင်ရွက်သည့်အတွက် (၁)တာဝန်ယူမှု၊တာဝန်ခံမှုမရှိခြင်း (၂)အဂတိလိုက်စားမှုများရှိနေခြင်း (၃) ဌာနဆိုင်ရာများနှင့် ကုမ္ပဏီများအပေါ် လွှမ်းမိုးချုပ်ကိုင်မှုများခြင်း (၄)ငွေကုန်သလောက် ထိရောက်မှုမရှိဘဲ ဘတ်ဂျက်လေလွင့်ဆုံးရှုံးမှုများရှိနေခြင်း (၅)တာဝန်ရှိသည့်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍမပါဝင်သော်လည်း အမှန်တကယ်မြေပြင်တွင်

သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များက အဓိကလှုပ်ရှားဆောင်ရွက်နေရခြင်းတို့ဖြစ်သောကြောင့် တိုင်းနှင့် ပြည်နယ်(၁၄)ခုရှိသည့်အနက် အများဆုံးအသုံးပြုနေသော အကောင်းဆုံးဖြစ်သည့် ပဲခူးတိုင်း ဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လိုအပ်သည့်စည်းမျဉ်း/စည်းကမ်းများ စနစ်တကျရေးဆွဲပြီး BRCB(T) အဖွဲ့ကိုရပ်ဆိုင်းကာ တိုင်းဒေသကြီးတည်ဆောက်ရေးလုပ်ငန်းများကြီးကြပ်မှုကော်မတီမှ QC အဖွဲ့များ စနစ်တကျထားရှိပြီး တည်ဆောက်ရေးလုပ်ငန်းများအား ကြပ်မတ်ဆောင်ရွက်ရန် တိုက်တွန်းကြောင်း အဆိုကို တိုင်းဒေသကြီးလွှတ်တော်သို့ လေးစားစွာတင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။အဆိုကို ထောက်ခံမယ့်သူရှိပါက ဆက်လက်ထောက်ခံဆွေးနွေးဖို့ ဖိတ်ခေါ် ပါတယ်။

**ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များ၊ အကြံပေးအရာရှိများအားလုံးကို မင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက်သလိုပါတယ်။ ကျွန်တော်ကတော့ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်ကျော်နိုင်တင်သွင်းသည့်အဆိုကို လွှတ်တော်တွင် လက်ခံဆွေးနွေးသင့်ကြောင်း ထောက်ခံ ဆွေးနွေးမည့် ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင်ဖြစ်ပါတယ်။ ဦးကျော်ကျော်နိုင်အဆိုထဲမှာ တော်တော်လေးပြည့်စုံတဲ့အတွက် ကျွန်တော် အနည်းငယ်သာ ဆွေးနွေးလိုပါတယ်။ ဥပမာအားဖြင့် လွှတ်တော်ကိုယ်စားလှယ်တိုင်းသိနေတဲ့ BRCCA မှ BRCB(T) သို့ ပြောင်းလဲဖွဲ့စည်းတာသည် အမည်သာပြောင်းသွားပေမယ့် ဒီလူတွေ၊ ဒီစည်းကမ်းတွေပဲ ဖြစ်နေတဲ့ အတွက် လွှတ်တော်ကိုယ်စားလှယ်များသည် အင်မတန်စိတ်ညစ်ရပါတယ်။ တခါတရံ BRCB(T)ကနေ ငွေတွေထုတ်ပေးဖို့ လက်မှတ်မရတဲ့အတွက် ကုမ္ပဏီများမှဆက်မလုပ်နိုင်လို့ လုပ်ငန်းများ ကြန့်ကြာမှုများရှိပါတယ်။ နောက် Extension တောင်းရမဲ့ကုမ္ပဏီတွေလည်းရှိပါတယ်။ နောက်တစ်ခု က လမ်း၊ တံတားများကို နွေရာသီတွင် ဆောင်ရွက်ပြီး၊ မိုးရာသီရောက်တော့ (၁)လခန့်သာကြာမည်၊ အလွန်ဆုံး (၂)လအတွင်းမှာ လမ်းပျက်တယ်ဆိုတာ QC တွေ BRCB(T)တွေက မသိဘူးလား၊ အရည်အသွေးကို ဘယ်လိုစစ်သလဲဆိုတာကို ကျွန်တော်စဉ်းစားလို့မရပါဘူး။ တလိုင်းအိုင်ကျေးရွာမှ ကျောက်ကြီးပေါက်အထိ န-တ-လကလုပ်တဲ့လမ်းသည် အလျင်ကကျောက်ချောလမ်းတွေဖြစ်ပြီး တံတားဆောက်တဲ့အခါ ကျောက်ချောလမ်းအပေါ်မှာ ကျောက်ကိုအေးအေးဆေးဆေးမတင်ဘဲနဲ့ မြေကြီးတွေကိုတင်ပြီးမှ ကျောက်တင်တဲ့အတွက် ၎င်းလမ်းမှာရက်ပိုင်းအတွင်း ပြိုသွားပါတယ်။ QC တွေက ဘယ်သွားပြီး၊ ဘာလုပ်နေလို့လဲဆိုတဲ့မေးခွန်းကို မေးရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ အချုပ်အား ဖြင့်ဆိုရလျှင် ဦးကျော်ကျော်နိုင်တင်သွင်းတဲ့ **“BRCCA အဖွဲ့ကိုဖျက်သိမ်းသော်လည်း BRCCA အဖွဲ့၏ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်နေသော BRCB(T) အဖွဲ့ကိုရပ်ဆိုင်း၍ တိုင်းဒေသကြီးအစိုးရ**

**အဖွဲ့အနေဖြင့် လိုအပ်သည့်စည်းမျဉ်း၊ စည်းကမ်းများ စနစ်တကျရေးဆွဲပြီး တိုင်းဒေသကြီး တည်ဆောက်ရေးကြီးကြပ်မှုကော်မတီအဖွဲ့မှ QCအဖွဲ့များ စနစ်တကျထားရှိပြီး တည်ဆောက်ရေး လုပ်ငန်းများအား ကြပ်မတ်ဆောင်ရွက်ရန် တိုက်တွန်းကြောင်း”** အဆိုကို လွှတ်တော်တွင် လက်ခံဆွေးနွေးသင့်ပါကြောင်း ကျွန်တော်ထောက်ခံဆွေးနွေးအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး အဆိုကို ထောက်ခံဆွေးနွေးမယ့်သူရှိပါက ဖိတ်ခေါ်ပါတယ်။

**ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဒီကနေ့အခမ်းအနားကို ကြွရောက်လာကြတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ဦးကျော်ကျော်နိုင် တင်သွင်းတဲ့ **“BRCCA အဖွဲ့ကို ဖျက်သိမ်းသော်လည်း BRCCA အဖွဲ့လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်နေသော BRCB(T)အဖွဲ့ကိုရပ်ဆိုင်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လိုအပ်သည့် စည်းမျဉ်း/ စည်းကမ်းများ စနစ်တကျရေးဆွဲပြီး တိုင်းဒေသကြီးတည်ဆောက်ရေးကြီးကြပ်မှုကော်မတီအဖွဲ့မှ QCအဖွဲ့များ စနစ်တကျထားရှိပြီး တည်ဆောက်ရေးလုပ်ငန်းများ ကြပ်မတ်ဆောင်ရွက်ရန် တိုက်တွန်းကြောင်း”** အဆိုနှင့်ပတ်သက်ပြီးတော့ လွှတ်တော်တွင် လက်ခံဆွေးနွေးသင့်ကြောင်းကို ထောက်ခံဆွေးနွေးသွားမဲ့ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က ဦးစည်သူလွင်ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- ကျွန်တော်တို့အဆိုရှင်တင်သွင်းသွားတဲ့ အထဲမှာလည်း အားလုံးပြည့်ပြည့်စုံစုံပါပြီးဖြစ်ပါတယ်။ အဲ့ဒီတော့ ကျန်တဲ့ကျွန်တော်တို့ ပြည်ထောင်စု လွှတ်တော်ကနေ ပေးပို့တဲ့ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီရဲ့အစီရင်ခံစာမှာလည်းပဲ တည်ဆောက်ရေး QC ကြီးကြပ်မှုတွေနဲ့ပတ်သက်ပြီးတော့ ကြားခံအဖွဲ့အစည်းမလိုဘဲနဲ့ သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့များကသာ တိုက်ရိုက်ကြီးကြပ်ပြီးတော့ ကွပ်ကဲဆောင်ရွက်တယ်ဆိုတာကိုလည်း ကျွန်တော်တို့တွေ့ရှိရပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ ပဲခူးတိုင်းကျမှ ထူးထူးခြားခြား ကြားခံအဖွဲ့အစည်းတစ်ခုကိုထားရှိပြီးတော့ QCအဖွဲ့တွေကို ထိန်းချုပ်နေတာသည် မလိုအပ်တဲ့အဆင့်တွေများလာသလို နောက်ပြီးမလိုအပ်ဘဲနဲ့ QC ကုမ္ပဏီတွေဘက်ကလည်း ဒီကြားခံအဖွဲ့အစည်းကိုပေးရတဲ့ ပြီးခဲ့တဲ့လတွေတုန်းက ကျွန်တော်တို့ မြေပြင်ကိုကွင်းဆင်းစစ်ဆေးတဲ့အခါမှာ QCကုမ္ပဏီတွေကို ခေါ်ယူပြီးတော့ မေးမြန်းတာတွေ၊ စိစစ်တာတွေ ကျွန်တော်တို့ငွေစာရင်းကော်မတီအနေနဲ့ လုပ်ခဲ့တာရှိပါတယ်။ အဲ့ဒီတော့တစ်ချို့ကုမ္ပဏီတွေက 0.5 ပေးရတယ်။ တစ်ချို့ကုမ္ပဏီတွေက 0.3 ပေးရတယ်။ စသဖြင့် ဒီလိုပေးနေရတဲ့ တစ်ချို့ QC ကုမ္ပဏီများမှာလည်း သူတို့ရတဲ့ဝင်ငွေနဲ့ ပြန်ပြီးတော့ ပေးရတဲ့ကုန်ကျစရိတ်တွေက မကာမိတဲ့အတွက် သူတို့ QC လုပ်ငန်းတွေကို စစ်ဆေးတဲ့အခါမှာ အားနည်းတာတွေဖြစ်ပေါ်လာတာကိုလည်း ကျွန်တော်တို့အနေနဲ့ တွေ့ရှိခဲ့ရပါတယ်။ ရတဲ့ငွေနဲ့ သူတို့ပြန်ပြီးတော့သုံးရတဲ့ခရီးစရိတ်နဲ့ မကာမိတဲ့အခါမှာ အဲ့လိုအခြေအနေတွေဖြစ်တဲ့အတွက် ဒီ QC လုပ်ငန်းတွေကို ကွင်းဆင်းစစ်ဆေးတဲ့

အခါမှာ အားနည်းချက်တွေဖြစ်ခဲ့တယ်ဆိုတာကိုလည်း ကျွန်တော်တို့အကြမ်းဖျင်း သုံးသပ်မိခဲ့ပါတယ်။ ဒါကြောင့်မို့လို့ မလိုအပ်ဘဲ ကြားခံအဖွဲ့အစည်းဖြစ်တဲ့ BRCB(T) ကိုဖျက်သိမ်းပြီးတော့ ကျွန်တော်တို့ တိုင်းဒေသကြီးကြီးကြပ်ရေးအဖွဲ့ကနေပဲ တိုင်းဒေသကြီးတည်ဆောက်ရေးလုပ်ငန်းများအား တိုက်ရိုက် ကြပ်မတ်ရန် တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်တွင် လက်ခံဆွေးနွေးသင့်ကြောင်း ကျွန်တော့် အနေနဲ့ ထောက်ခံဆွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဦးကျော်ကျော်နိုင်တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြတဲ့ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဌေးလွင် နှင့် ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစည်သူလွင်တို့ ကိုယ်စားလှယ်(၂)ဦးက ထောက်ခံသွား ပါတယ်။ အဆိုမှာ **"BRCCA အဖွဲ့ကို ဖျက်သိမ်းသော်လည်း BRCCA အဖွဲ့၏ လုပ်ထုံးလုပ်နည်းများ အတိုင်း ဆောင်ရွက်နေသော BRCB(T)အဖွဲ့ကို ရပ်ဆိုင်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လိုအပ်သည့် စည်းမျဉ်းစည်းကမ်းများ စနစ်တကျရေးဆွဲပြီး တိုင်းဒေသကြီးတည်ဆောက်ရေး ကြီးကြပ်မှု ကော်မတီအဖွဲ့မှ QCအဖွဲ့များ စနစ်တကျထားရှိပြီး တည်ဆောက်ရေးလုပ်ငန်းများအား ကြပ်မတ် ဆောင်ရွက်ရန် တိုက်တွန်းကြောင်း"** အဆို ဖြစ်ပါတယ်။ ဒါ့ကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ ဆန္ဒရယူပါမယ်။ အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလားခင်ဗျား။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ယနေ့အစည်းအဝေးကို ကြွရောက်လာကြသူများအားလုံးမင်္ဂလာပါလို့ ဦးစွာ ပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီးလွှတ်တော်အနေနဲ့ ဥပဒေများကို ကျင့်သုံးပြီး ဥပဒေပြုရေးကို ဦးဆောင်ပြီးတော့ တိုင်းဒေသကြီးအတွက် လိုအပ်တဲ့ဥပဒေများကို ရေးဆွဲ ရတဲ့အဖွဲ့အစည်းတစ်ရပ်ဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ကျင့်သုံးရတဲ့ ဥပဒေတွေမှာ Mother Law လို့ခေါ်တဲ့ဖွဲ့စည်းပုံအခြေခံဥပဒေကို အလေးထားပြီးတော့ ကျင့်သုံးနေရတာရှိပါတယ်။ ဒီနေရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြောရမယ်ဆိုလျှင် ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပုဒ်မ၂၅၇ မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပြည်ထောင်စုဥပဒေနှင့်အညီ လည်းကောင်း၊ ပြည်ထောင်စုအစိုးရနှင့် ကြိုတင်ညှိနှိုင်း၍လည်းကောင်း၊ မိမိတာဝန်ယူ အကောင် အထည်ဖော်ရသည့် လုပ်ငန်းများကိုဆောင်ရွက်ရန် (က)တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆိုင်ရာ

နယ်ဘက်ဝန်ထမ်းအဖွဲ့အစည်းများကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်ဆိုပြီးတော့ ပြဋ္ဌာန်းထားပါတယ်။ ဒုတိယအချက်အနေနဲ့ လိုအပ်သောနယ်ဘက်ဝန်ထမ်းများကို ခန့်အပ်နိုင်သည်ဆိုပြီးတော့ ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့်မို့လို့ တိုင်းဒေသကြီးအစိုးရအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော အဖွဲ့အစည်းကို တိုင်းဒေသကြီးဥက္ကဋ္ဌအနေနဲ့ အရင်ဆုံးဆုံးဖြတ်ပေးဖို့ ကျွန်တော်ံအနေနဲ့ တင်ပြလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းဆိုလျှင် ကျွန်တော်တို့လွှတ်တော်က ဒီအဖွဲ့အစည်းကို ဖျက်သိမ်းပိုင်ခွင့်ရှိ/မရှိကို ထပ်မံပြီးတော့ စဉ်းစားရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီ/မညီအပိုင်းကို အလျှင်ဆုံးစဉ်းစားဆုံးဖြတ်နိုင်ဖို့အတွက် အရေးကြီးပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့လွှတ်တော်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီတဲ့ အရာတစ်ခုကို ဖျက်သိမ်းလိုက်မယ်ဆိုလျှင် လွှတ်တော်ရဲ့ဂုဏ်သိက္ခာပါထိခိုက်နိုင်တဲ့အပြင် ကျွန်တော်တို့ ကိုယ်စားပြုအဖွဲ့အစည်းရဲ့ဂုဏ်သိက္ခာပါ ထိခိုက်လာနိုင်တဲ့ အတိုင်းအတာရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီအပိုင်းကိုလည်းပဲ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီ/မညီဆုံးဖြတ်နိုင်ဖို့ သက်ဆိုင်ရာဆုံးဖြတ်နိုင်တဲ့ အဖွဲ့အစည်းတစ်ရပ်ကို တင်ပြဖို့လိုအပ်တဲ့အတွက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီးကို တင်ပြလိုပါတယ်။

ဒါ့အပြင် အဆိုရှင်ကပြောသွားတဲ့ အပိုင်း(၁)ပိုင်းရှိပါတယ်။ နောက်ဆုံးမှာ အဂတိလိုက်စားမှုများရှိနေသဖြင့် ဒါကျွန်တော်တို့လွှတ်တော်အနေနဲ့ လက်လွှတ်စပယ် ပြောသင့်ပြောထိုက်တဲ့ စကားမဟုတ်ပါဘူး။ အဂတိလိုက်စားလျှင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မတီကနေ အရေးယူပိုင်ခွင့်ရှိပါတယ်။ ဒီလိုအရေးယူခွင့်ရှိလျှင် တရားရုံးကဆုံးဖြတ်ရမဲ့ အပိုင်း(၁)ပိုင်းရှိပါတယ်။ အဂတိလိုက်စားမှုရှိတယ်လို့ လက်လွှတ်စပယ်ပြောလျှင် ကျွန်တော်တို့လွှတ်တော်ရဲ့ဂုဏ်သိက္ခာကို ထိခိုက်စေပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ ဒီအဂတိလိုက်စားမှုရှိ/မရှိကိုလည်းပဲ သက်ဆိုင်ရာတရားရုံးက ဆုံးဖြတ်ရမဲ့ အပိုင်းဖြစ်ပါတယ်။ အဲ့ဒီတော့ သက်ဆိုင်ရာတရားရုံးက မဆုံးဖြတ်သရွေ့ အဂတိလိုက်စားမှုရှိနေတယ်လို့ ကျွန်တော်တို့ လွှတ်တော်အနေနဲ့ ပြောပိုင်ခွင့်မရှိပါဘူး။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာတရားရုံးက ဆုံးဖြတ်ပြီးတော့ ပြစ်ဒဏ်တစ်ရပ်ရပ်ချမှတ်ပြီးမှသာ အဂတိလိုက်စားမှုမြောက်တယ်/မမြောက်ဘူးဆိုတာကို ကျွန်တော်တို့ ဆုံးဖြတ်ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုပြောတဲ့နေရာမှာ ကျွန်တော်တို့ တိုင်းဒေသကြီး လွှတ်တော်အနေနဲ့ လွှတ်တော်ရဲ့ဂုဏ်သိက္ခာကိုရှေးရှုပြီးလျှင် လက်လွှတ်စပယ် မပြောဖို့လည်း လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ အဂတိလိုက်စားမှုရှိတယ်ဆိုလျှင် ရှိတယ်ဆိုတဲ့အကြောင်းဆုံးဖြတ်ပြီးမှသာ လွှတ်တော်မှာ ထည့်သွင်းပြောကြားဖို့လိုအပ်ပါတယ်။

ဒါကြောင့်မို့လို့ အဆိုတွေနဲ့ပတ်သက်လျှင် ကန့်သတ်ထားတဲ့ စည်းကမ်းချက်များလည်း လွှတ်တော်ဆိုင်ရာဥပဒေထဲမှာ ပြဋ္ဌာန်းထားပြီးသားရှိပါတယ်။ ဒီနေရာမှာ၁၁၉(င)မှာ မဆီလျော်သော အကြောင်းပြချက်များ၊ ခိုင်လုံသောအထောက်အထားမရှိသည့်ယူဆချက်များ၊ မသင့်လျော်သော အသုံးအနှုန်းများ၊ ဂုဏ်သိက္ခာကိုထိခိုက်စေနိုင်သည့် ဖော်ပြချက်များမပါရှိစေရဆိုတာ အတိအလင်းပြဋ္ဌာန်းထားပါတယ်။ ဒါ့ကြောင့်မိုလို့ အဆိုရှင်တင်သွင်းထားတဲ့နေရာမှာ ဒီအပိုင်းတွေနဲ့ပတ်သက်ပြီးတော့

အထောက်အထားခိုင်ခိုင်မာမာမရှိဘဲနဲ့ လက်လွှတ်စပယ်ပြောသွားတဲ့ အပိုင်းတွေတွေ့ရှိနေပါတယ်။ အဆိုရှင်တင်ပြသွားတဲ့ အချက်(၅)ချက်အပေါ်မှာ ခိုင်မာတဲ့အထောက်အထား တရားရုံးတစ်ရုံးက ဆုံးဖြတ်ပေးပြီးမှသာ အဂတိလိုက်စားမှုမြောက်/မမြောက် ဆုံးဖြတ်ပေးမဲ့အပိုင်းတွေကို အဂတိလိုက်စားမှုများရှိနေတယ်ဆိုတဲ့ ပြောကြားချက်တွေက လွန်စွာအထောက်အထားမဲ့တဲ့အကြောင်းကို တင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုအဆိုတွေနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့လွှတ်တော်ရဲ့ ဂုဏ်သိက္ခာကိုရှေးရှုပြီးတော့ အလျင်ဆုံးတင်ပြလိုပါတယ်။ ဒီနေရာမှာအဆိုကို ဖွဲ့စည်းပုံဥပဒေအနေနဲ့ မညီသော အဖွဲ့အစည်းဖြစ်လျှင် ဒီအဆိုနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ဆွေးနွေးပိုင်ခွင့်ကို ပြုသင့်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းဆိုလျှင် ကျွန်တော်တို့ လွှတ်တော်အနေနဲ့ ဒီအပိုင်းကိုလက်ခံဆွေးနွေးရန် မသင့်ကြောင်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များသို့ တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- အဆိုရှင်၏တင်ပြချက်ပါ အဂတိလိုက်စားမှုစကားရပ်နှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၉ (င) အရ လွှတ်တော်၏မှတ်တမ်းတွင်တင်သွင်းရန် မလိုအပ်ကြောင်းဆုံးဖြတ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဒီအဆိုနှင့်ပတ်သက်ပြီးတော့ ဦးရဲလင်းနိုင် ပေါင်းတည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ကန့်ကွက်ထားတဲ့အတွက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် ဦးကျော်ကျော်နိုင်တင်သွင်းသည့်အဆိုကို တိုင်းဒေသကြီးလွှတ်တော်တွင် လက်ခံဆွေးနွေးရန် သဘောမတူသည့် လွှတ်တော်ကိုယ်စားလှယ်များရှိသည့်အတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၁ (ထ) (၁) အရ လျှို့ဝှက်ဆန္ဒပြုသည့်နည်းလမ်းဖြင့် လွှတ်တော်၏ ဆန္ဒကိုရယူပါမယ်။ ဒီလိုဆောင်ရွက်ရာမှာ ဆန္ဒမဲပေးခြင်းကို Evoting applications ဆန္ဒမဲပေးပုံအဆင့်ဆင့်ဖြင့် လွှတ်တော်၏ ဆန္ဒကိုရယူပါမယ်။ ဒီလိုဆန္ဒရယူရာမှာ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဆန္ဒမဲပေးရန် အသင့်ပြင်ပါဟုဆိုသည်နှင့် Evoting applications အား ရွေးချယ်ပြီး မိမိနံပါတ်ဖြင့်နှိပ်၍ ဝင်ရန်ဖြစ်ပါတယ်။ ဆန္ဒမဲပေးနိုင်ပါပြီဟု ဆိုသည်နှင့် မိမိကြိုက်နှစ်သက်ရာတစ်ခုအား ရွေးချယ်ပြီး မဲပေးနိုင်ပါတယ်။

**ဥက္ကဋ္ဌ။** ။အကယ်၍ ထောက်ခံဆန္ဒပြုသည့် လွှတ်တော်ကိုယ်စားလှယ် ဦးရေများလျှင် အဆိုကို လက်ခံဆွေးနွေးရန် သဘောတူသည်ဟူ၍ လည်းကောင်း၊ နည်းလျှင် အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူဟုလည်းကောင်း လွှတ်တော်သို့ ကြေညာမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပထမဆုံးတစ်ကြိမ်ဖြင့် အစမ်းလေ့ကျင့်ပါမယ်။ စပြီးသုံးတာဆိုတော့ မှားမှာစိုးလို့ပါ။

**ဥက္ကဋ္ဌ။** ။ဆန္ဒမဲပေးရန် အသင့်ရှိစေလိုပါတယ်။

**ဥက္ကဋ္ဌ။** ။ဥက္ကဋ္ဌမှ မဲပေးပါဟုဆိုသည်နှင့် Evoting applications အား ရွေးချယ်ပြီး မိမိနံပါတ်ဖြင့် နှိပ်၍ဝင်ပါ။ မိမိနံပါတ်နဲ့ မိမိတို့၏ရှေ့မှာ လျှို့ဝှက်နံပါတ်တွေ ခုံတိုင်းခုံတိုင်းမှာ ကပ်ထားပါတယ်။ ဆန္ဒမဲပေးပိုင်ခွင့်မရှိသည့်သူများအတွက် နံပါတ်မရှိပါဘူး။ လွှတ်တော်အဖွဲ့များမှ လိုက်ပါဆောင်ရွက်ပေးပါ။

**ဥက္ကဋ္ဌ။** ။အားလုံးအဆင်သင့်ဖြစ်ပါသလားခင်ဗျား- အဆင်သင့်ဖြစ်လျင် အစမ်းလေ့ကျင့်ပါမယ်။ ဥက္ကဋ္ဌမှ မဲပေးရန်အသင့်ပြင်ပါဟုဆိုသည်နှင့် Evoting အား ရွေးချယ်ပြီး မိမိနံပါတ်ဖြင့် နှိပ်၍ဝင်ပါ။ ဆန္ဒမဲပေးနိုင်ပါပြီဟု ဆိုသည်နှင့် မိမိကြိုက်နှစ်သက်ရာတစ်ခုအား ရွေးချယ်ပြီး မဲပေးနိုင်ပါတယ်။ ထောက်ခံမဲ၊ ကြားနေမဲ၊ ကန့်ကွက်မဲ မိမိကြိုက်နှစ်သက်ရာမဲပေးပြီးသည်နှင့် ပုံပါအတိုင်း မဲရလဒ်များကို တွေ့မြင်နိုင်ပါတယ်။ ယခုစတင်ပြီးတော့ အစမ်းလေ့ကျင့်ပါမယ်။

**ဥက္ကဋ္ဌ။** ။မဲပေးရန်အသင့်ပြင်ပါ။

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခုအချိန်မှစ၍ မဲပေးနိုင်ပါပြီ။

**ဥက္ကဋ္ဌ။** ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးဆောင်ရွက်လို့ရပါသလားခင်ဗျား။

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခုဆန္ဒမဲပေးသည့်စနစ်နှင့်ပတ်သက်ပြီးတော့ ကြိုတင်ပြင်ဆင်ရန်လိုအပ်သည့်အတွက် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့) နံနက် (၀၉:၃၀)နာရီအချိန်မှာ ပြန်လည်လေ့ကျင့်ပြီးတော့ (၁၀:၀၀)နာရီအချိန် စမဲ့ အစီအစဉ်မှာ ပြန်လည်ထည့်သွင်းဆောင်ရွက်မှာဖြစ်ပါတယ်။ ယနေ့တော့ လေ့ကျင့်တာ လတ်တလော ဖြစ်နေတဲ့အတွက် ဒီနေ့အစီအစဉ်ကို ခေတ္တဆိုင်းငံ့ထားပြီးတော့ (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့) ၂၀၁၉ခုနှစ်၊ ဒီဇင်ဘာလ (၁၁)ရက်နေ့မှာ ကျွန်တော်တို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အဲ့ဒီတော့နံနက် (၀၉:၃၀)နာရီအရောက် လွှတ်တော်ခန်းမထဲကို လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကြွရောက်ကြဖို့နဲ့ ကြိုတင်လေ့ကျင့်ဖို့ လိုအပ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(ဒုတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(တတိယနေ့) ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို (၁၂:၄၅)နာရီတွင် ရပ်နားပါ မယ်။ ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့) ကို၂၀၁၉ခုနှစ် ဒီဇင်ဘာလ(၁၁)ရက် (ဗုဒ္ဓဟူးနေ့) နံနက်(၁၀:၀၀) နာရီအချိန်မှာ ဆက်လက်ကျင်းပ သွားမှာဖြစ်ကြောင်းကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာ နိုင်ပါပြီခင်ဗျား။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# တတိယနေ့ မှတ်တမ်း
# ၁၃၈၁ခုနှစ်၊ နတ်တော်လဆန်း ၁၅ ရက်
# [၂၀၁၉ခုနှစ်ဒီဇင်ဘာလလ ၁၁ ရက်]
# (ဗုဒ္ဓဟူးနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတတိယနေ့ကို နံနက်၁၀:၀၀နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်ကဆောင်ရွက်ပြီး အခမ်းအနားမှူး အဖြစ် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်က ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့ အစည်းအဝေးကို ၆၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ ၈၈.၁၆ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက်ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်း ဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅(ဂ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတတိယနေ့ အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ခွင့်ပန်ကြားသွားမည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း [ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်နိုင် [ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]၊ ကဝမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ [ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန]၊ ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်လှလှဝင်း၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကို၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးနေလင်း၊ ဗိုလ်မှူးရဲဝင်းထွန်းနှင့် ဗိုလ်မှူးပြည့်ဖြိုးဇော်တို့သည် ကိုယ်တိုင်

ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် (၁၁.၁၂.၂၀၁၉)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက် နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ယင်းတို့(၉)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ် ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့မှာ တက်ရောက် ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ ၉ ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြု ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုမှတ်တမ်း တင်ကြောင်း ကြေညာပါတယ်။

## ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "BRCCA အဖွဲ့ကို ဖျက်သိမ်းသော်လည်း BRCCA အဖွဲ့၏လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက် နေသော BRCB(T) အဖွဲ့ကို ရပ်ဆိုင်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လိုအပ်သည့် စည်းမျဉ်းစည်းကမ်းများ စနစ်တကျရေးဆွဲပြီး တိုင်းဒေသကြီး တည်ဆောက်ရေးကြီးကြပ်မှုကော်မတီအဖွဲ့မှ QC အဖွဲ့များ စနစ်တကျထားရှိပြီး တည်ဆောက်ရေးလုပ်ငန်းများအား ကြပ်မတ်ဆောင်ရွက်ရန် တိုက်တွန်းကြောင်း" အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က **"BRCCA အဖွဲ့ကို ဖျက်သိမ်းသော်လည်း BRCCA အဖွဲ့၏**

**လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်နေသော BRCB(T) အဖွဲ့ကို ရပ်ဆိုင်း၍ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် လိုအပ်သည့်စည်းမျဉ်းစည်းကမ်းများ စနစ်တကျရေးဆွဲပြီး တိုင်းဒေသကြီး တည်ဆောက်ရေးကြီးကြပ်မှုကော်မတီအဖွဲ့မှ QC အဖွဲ့များ စနစ်တကျထားရှိပြီး တည်ဆောက်ရေး လုပ်ငန်းများအား ကြပ်မတ်ဆောင်ရွက်ရန် တိုက်တွန်းကြောင်း”** အဆိုကို (၁၀.၁၂.၂၀၁၉)ရက်နေ့တွင် တင်သွင်းခဲ့မှုအပေါ် ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)နှင့် ဦးစည်သူလွင်၊ ကျောက်ကြီး မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)တို့က ထောက်ခံဆွေးနွေးခဲ့ပြီး ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)က ကန့်ကွက်ဆွေးနွေးခဲ့ပါတယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-ဦးကျော်ကျော်နိုင် တင်သွင်းတဲ့ အဆိုကို တိုင်းဒေသကြီးလွှတ်တော်က လက်ခံဆွေးနွေးရန်သဘောမတူသည့် လွှတ်တော်ကိုယ်စားလှယ် ရှိသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၁ (ထ) (၁) အရ လျှို့ဝှက်ဆန္ဒပြုသည့် နည်းလမ်းဖြင့် လွှတ်တော်၏ ဆန္ဒကိုရယူပါမယ်။ ဒီလို ဆောင်ရွက် ရာမှာ ဆန္ဒမဲပေးခြင်းကို Evoting applications ဆန္ဒမဲပေးပုံ အဆင့်ဆင့်ဖြင့် လွှတ်တော်၏ဆန္ဒကို ရယူပါမယ်။ ဒီလိုဆန္ဒရယူရာမှာ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဥက္ကဋ္ဌကြီးမှ ဆန္ဒမဲပေးရန် အသင့်ပြင်ပါဟုဆိုသည်နှင့် Evoting applications အား ရွေးချယ်ပြီး မိမိနံပါတ်ဖြင့်နှိပ်၍ ဝင်ရန်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှ ဆန္ဒမဲပေးနိုင် ပါပြီဟု ဆိုသည်နှင့် မိမိကြိုက်နှစ်သက်ရာတစ်ခုအား ရွေးချယ်ပြီး မဲပေးနိုင်ပါတယ်။ အကယ်၍ ထောက်ခံဆန္ဒပြုသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေများလျှင် အဆိုကို လက်ခံဆွေးနွေးရန် သဘော တူသည်ဟူ၍ လည်းကောင်း၊ နည်းလျှင် အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူဟုလည်းကောင်း လွှတ်တော်သို့ ကြေညာမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးရန် အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခုထောက်ခံတဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ(၄၂)ဦး၊ ကန့်ကွက်မဲ(၂၀)ဦးဖြစ်၍ ထောက်ခံဆန္ဒမဲများသည့်အတွက် ဦးကျော်ကျော်နိုင်၏အဆိုကို တိုင်းဒေသကြီးလွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ကြေညာပါတယ်။

**အဆိုကို တိုင်းဒေသကြီးလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ပါကြောင်း လွှတ်တော် ဥက္ကဋ္ဌက ကြေညာခြင်း**

**အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် လွှတ်တော်ရုံးဝန်ထမ်း အကြီးအမှူးထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဦးကျော်ကျော်နိုင်၏အဆိုကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါ လွှတ်တော်ရုံး ဝန်ထမ်းအကြီးအမှူးထံ ယနေ့(၁၆:၀၀)နာရီထက်နောက်မကျစေဘဲ အမည်စာရင်းတင်သွင်းကြဖို့ ဖြစ်ပါတယ်။

**ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း**

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခု လွှတ်တော် ကိုယ်စားလှယ်(၄)ဦးက မေးမြန်းသည့် မေးခွန်း(၄)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ပထမဦးစွာ ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ကျေးရွာအုပ်စုများတွင် ပုံစံ ၆၆/၆ အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်မရရှိသေးသူများ၊ ပျက်စီး၊ ပျောက်ဆုံးဖြစ်နေသူများအား ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။**"ကျေးရွာအုပ်စုများတွင် ပုံစံ ၆၆/၆ အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်မရရှိသေးသူများ၊ ပျက်စီး၊ ပျောက်ဆုံးဖြစ်နေသူများအား ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာအုပ်စုများတွင် ပုံစံ၆၆/၆ အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်မရရှိသေးသူများ ပျက်စီး၊ ပျောက်ဆုံးဖြစ်နေသူများ အများအပြားရှိနေသေးကြောင်း ယနေ့ လ.ဝ.ကရုံးများတွင် လူများ ကြိတ်ကြိတ်တိုး စည်ကားနေသည်ကို ကြည့်ခြင်းအားဖြင့် သိမြင်နိုင်ပါသည်။ ပြည်သူများမှရုံးသို့

ကိုယ်တိုင်သွားရောက်လုပ်ကိုင်ရသဖြင့် လူအများအပြားဖြင့်လုပ်ရသဖြင့် အချိန်ပေးစောင့်ဆိုင်းရခြင်း၊ အချိန်မပေးလိုသူများမှ ကြားပွဲစားများမှတစ်ဆင့် ဆောင်ရွက်ကြသဖြင့် အဂတိတရားများဖြစ်ပေါ်ခြင်း၊ ဌာနတွင်ဝန်ထမ်းများတွင်လည်း အဂတိတရားများဖြစ်ပေါ်စေနိုင်ခြင်း စာရွက်စာတမ်းများ ပြည့်စုံမှု မရှိသဖြင့် ရုံးသို့အခေါက်ခေါက်အခါခါသွားရသဖြင့် အချိန်ကုန်လူပန်းဖြစ်ခြင်းစသည့် အကြောင်းများ ဖြစ်ပေါ်စေနိုင်သည့်အတွက် ပြည်သူများအလွယ်တကူ လက်လှမ်းမီနိုင်ပြီး အချိန်ကုန်၊ ငွေကုန်၊ လူပမ်း သက်သာစေရန် ကျေးရွာအုပ်စုများသို့ ပုံစံ၆၆/၆ အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်များအား ကွင်းဆင်း ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"လက်ပံတန်းမြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာအုပ်စု (၅၃)ခုရှိ အိမ်ထောင်စုဇယားနှင့် မှတ်ပုံတင် များအား ပြည်သူများအတွက် စီမံချက်ချမှတ်ပြီး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ **"လက်ပံတန်းမြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာအုပ်စု (၅၃)ခုရှိ အိမ်ထောင်စုဇယားနှင့် မှတ်ပုံတင်များအား ပြည်သူများအတွက် စီမံချက်ချမှတ်ပြီး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီ ခရိုင်၊ လက်ပံတန်းမြို့နယ်အတွင်းရှိရပ်ကွက်နှင့် ကျေးရွာအုပ်စု(၅၃)စုအတွင်းရှိ ပြည်သူများမှာ မှတ်ပုံ တင်နှင့် အိမ်ထောင်စုဇယားများမရှိသေးသည့် ပြည်သူများအတွက် ကွင်းဆင်းတွေ့ဆုံပွဲများမှတစ်ဆင့် သိရှိရပါသည်။ တချို့ကျေးရွာအုပ်စုများနှင့် လက်ပံတန်းမြို့ပေါ် (လ.ဝ.က)ရုံးနှင့် မိုင်(၂၀)ခန့် ဝေးကွာ နေသည်ကတစ်ကြောင်း၊ အစိုးရဌာနဆိုင်ရာများနှင့် ဆက်ဆံရမည်မှာ ဝန်လေးနေသည်ကတစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် မှတ်ပုံတင်နှင့် အိမ်ထောင်စုဇယားများ စီမံချက်ချမှတ်ရန် လုပ်ဆောင် ပေးနိုင်မည်ဆိုပါက ပြည်သူများမှ ဝမ်းပန်းတသာကြိုဆိုကြသည်မှာ သေချာလှပါသည်။ သို့ပါ၍ သက်ဆိုင်ရာဝန်ကြီးမှ ၎င်းနှင့်သက်ဆိုင်သည့် ဦးစီးဌာနများ ပေါင်းစပ်ညှိနှိုင်းပြီးဆောင်ရွက်ပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးထွန်းထွန်းဦး[ဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန]။** ။ ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ကျေးရွာအုပ်စုများတွင် ပုံစံ ၆၆/၆ အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်မရရှိသေးသူများ၊ ပျက်စီး၊ ပျောက်ဆုံးဖြစ်နေသူများအား ကျေးရွာ**

**များသို့ ကွင်းဆင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ”**နှင့် စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားပေးမှာဖြစ်ပါတယ်။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားလုပ်သားပြည်သူများ၏ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးသည့် လုပ်ငန်းအား ၂၀၁၁-ခုနှစ်မှ၂၀၁၅ခုနှစ်အထိ မိုးပွင့်စီမံချက်များဖြင့် ရပ်ကွက်/ကျေးရွာများသို့ အိမ်တိုင်ရာရောက် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီး၊ ၂၀၁၆ခုနှစ်မှစ၍ ရွှေ့ပြောင်းနေထိုင်သူများအား ဖြေလျှော့နည်းဖြင့်လည်းကောင်း၊ နှစ်စဉ်ကျောင်းဖွင့်ရာသီများတွင် အခြေခံပညာကျောင်းများသို့လည်းကောင်း၊ သစ္စာစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါသည်။

၂၀၁၉ခုနှစ်တွင်လည်း ပြည်ထောင်စုဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီစက်ရုံ/အလုပ်ရုံများမှ အလုပ်သမားများနှင့် ရပ်ကွက်/ကျေးရွာများရှိ နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ရန် ကျန်သူများအား သစ္စာစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီး၊ ယခုအခါနေ့စဉ်ရုံးသို့ လာရောက်ဆောင်ရွက်ကြသော ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများဆောင်ရွက်ပေးလျက်ရှိပါသည်။

မိမိဌာနအနေဖြင့် မြို့နယ်ရုံးများတွင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ဆောင်ရွက်ခြင်းလုပ်ငန်းများအပြင် နိုင်ငံခြားသားထိန်းသိမ်းရေးလုပ်ငန်း၊ နိုင်ငံခြားသားမှတ်ပုံတင်ခြင်း၊ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများပါ ဆောင်ရွက်လျက်ရှိခြင်း၊ နေ့စဉ်ရုံးသို့ လာရောက်ဆောင်ရွက်ကြသော ပြည်သူများအား ဆောင်ရွက်ပေးနေခြင်းများကြောင့် ရပ်ကွက်/ကျေးရွာများသို့ အမြဲတမ်း ကွင်းဆင်းဆောင်ရွက်ပေးနိုင်မှုမရှိဘဲ သွားလာရန်ခက်ခဲဝေးလံသော ကျေးရွာများသို့ ဦးစားပေးကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိကျေးရွာများသို့ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးရန်ကိစ္စနှင့် ပတ်သက်၍ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများမှ ဆောင်ရွက်ပေးရမည့်သူစာရင်း စာရင်းကောက်ယူပြုစု၍ သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးရုံးများသို့ ကွင်းဆင်းဆောင်ရွက်ပေးရန် ညှိနှိုင်းတင်ပြလာပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြေကြားအပ်ပါသည်။

**ဦးထွန်းထွန်းဦး[ဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန]။** ။ ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“လက်ပံတန်းမြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာအုပ်စု (၅၃)ခုရှိ အိမ်ထောင်စုဇယားနှင့် မှတ်ပုံတင်များအား ပြည်သူများအတွက် စီမံချက်ချမှတ်ပြီး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ”**နှင့် စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားပေးမှာ ဖြစ်ပါတယ်။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသား

လုပ်သားပြည်သူများ၏ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးသည့်လုပ်ငန်းအား၂၀၁၁-ခုနှစ်မှ ၂၀၁၅ခုနှစ်အထိ မိုးပွင့်စီမံချက်များဖြင့် ရပ်ကွက်/ကျေးရွာများသို့ အိမ်တိုင်ရာရောက် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီး၊ ၂၀၁၆ခုနှစ်မှစ၍ ရွှေ့ပြောင်းနေထိုင်သူများအား ဖြေလျော့နည်းဖြင့်လည်းကောင်း၊ နှစ်စဉ်ကျောင်းဖွင့်ရာသီများတွင် အခြေခံပညာကျောင်းများသို့ လည်းကောင်း၊ သစ္စာစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါသည်။

၂၀၁၉ခုနှစ်တွင်လည်း ပြည်ထောင်စုဝန်ကြီးဌာန၏လမ်းညွှန်ချက်နှင့်အညီ စက်ရုံ/အလုပ်ရုံများမှ အလုပ်သမားများနှင့် ရပ်ကွက်/ကျေးရွာများရှိ နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ရန် ကျန်သူများအား သစ္စာစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီး၊ ယခုအခါ နေ့စဉ်ရုံးသို့လာရောက် ဆောင်ရွက်ကြသောပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

မိမိဌာနအနေဖြင့် မြို့နယ်ရုံးများတွင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြား ဆောင်ရွက်ခြင်းလုပ်ငန်းများအပြင် နိုင်ငံခြားသားထိန်းသိမ်းရေးလုပ်ငန်း၊ နိုင်ငံခြားသား မှတ်ပုံတင်ခြင်း၊ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများပါ ဆောင်ရွက်လျက်ရှိခြင်း၊ နေ့စဉ်ရုံးသို့ လာရောက်ဆောင်ရွက်ကြသော ပြည်သူများအား ဆောင်ရွက်ပေးနေခြင်းများကြောင့် ရပ်ကွက်/ကျေးရွာ များသို့ အစဉ်အမြဲ အမြဲတမ်းကွင်းဆင်းဆောင်ရွက်ပေးနိုင်မှုမရှိဘဲ သွားလာရန်ခက်ခဲ ဝေးလံသော ကျေးရွာများသို့ ဦးစားပေးကွင်းဆင်းဆောင်ရွက်ပေးလျက် ရှိပါသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း လက်ပံတန်းမြို့နယ်အတွင်းရှိကျေးရွာများသို့ အိမ်ထောင်စုလူဦးရေ စာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးရန်ကိစ္စနှင့် ပတ်သက်၍ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများမှ ဆောင်ရွက်ပေးရမည့်သူစာရင်းကောက်ယူ ပြုစု၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးများသို့ ကွင်းဆင်းဆောင်ရွက်ပေးရန် ညှိနှိုင်းတင်ပြလာပါက ဥပဒေ၊လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါ ကြောင်း ဖြေကြားအပ်ပါသည်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား- ဆက်စပ် မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ကျွန်တော်တင်ပြခဲ့တဲ့ထဲမှာ ဝန်ကြီးဖြေသွားတာလည်း ပြည့်စုံသလောက်ရှိပါတယ်။ ကျွန်တော်ထပ်ဆင့်တင်ပြချင်တာက ဝန်ကြီး တင်ပြတဲ့ပထမအပိုဒ်မှာ ကျွန်တော်တို့ နံပါတ်(၁)မှာ မိုးပွင့်စီမံကိန်းနဲ့ဆောင်ရွက်တယ်။ ၂၀၁၆ ခုနှစ်

မှစ၍ရွှေ့ပြောင်းနေထိုင်သူများအား ဖြေလျော့နည်းဖြင့် ဆောင်ရွက်တယ်။ နောက်တစ်ခါသစ္စာစီမံချက်ဖြင့် ဆောင်ရွက်တယ်။ နောက်တစ်ခုက မြို့နယ်ရုံးများမှာ နိုင်ငံသားစိစစ်ရေးကတ်ပြားများလုပ်တဲ့အခါမှာ နေ့စဉ်များပြားတယ်ဆိုတာကလည်း ကျွန်တော်တို့ များတဲ့နေ့လည်းရှိပါတယ်။ မများတဲ့နေ့လည်းရှိပါတယ်။ ကျွန်တော်တင်ပြချင်တာကတော့ လာလုပ်တဲ့သူများရတဲ့ရည်ရွယ်ချက်က လုပ်တဲ့အချိန်ကြာမြင့်တာထက် ထိုင်စောင့်နေရတဲ့လူတွေကများနေတာဖြစ်ပါတယ်။ ဆိုလိုတာက လုပ်ပြီးတော့ထိုင်စောင့်ရတဲ့အချိန်မှာ လူတွေကများနေတော့ ဒီရုံးကအရမ်းအလုပ်လုပ်တာပဲလို့ ကျွန်တော်တို့က ထင်တာ။ အမှန်မှန်ကမဟုတ်ဘူး ထိုင်စောင့်နေရတာက ကြာနေတာ။ ကျွန်တော်တို့ ဖြတ်ဖြတ်သွားနေတာ သွားဝင်မေးကြည့်တယ်။ လူတွေကတော့ အများကြီးပဲဝင်မေးကြည့်လိုက်လျှင် ကျွန်တော်တို့က စောင့်နေတာ။ အဲ့လိုကများနေတဲ့အတွက်ကြောင့် ဒါလည်းဝန်ကြီးကို သိစေချင်တယ်။

နောက်တစ်ချက်က ကျွန်တော်တို့မြို့က စောစောကကျွန်တော်ပြောသွားသလိုမျိုး ဒီအိမ်ထောင်စုဇယားနှင့် မှတ်ပုံတင်တစ်ချို့ပျဉ်းကတိုးကုန်းတို့ ကွမ်းသီးတစ်ပင်တို့ ဟိုဘက်မှာဆို ရှမ်းစုရိုးစွယ်ဒါဥက္ကဋ္ဌကြီးမဲဆန္ဒနယ်မြေပါ။ ဒီဘက်မြင်ကဝတို့ အောင်လံကုန်းတို့ တော်တော်ဝေးတဲ့ ဌာနတွေပါ။ နောက်တစ်ခါ သီတာကုန်း။ အဲ့လိုဝေးတဲ့ဌာနတွေမှာ သွားရေးလာရေးခက်ခဲတဲ့ဌာန စိစိပေါက်ပေါက်လုပ်လိုက်လို့ဆိုလျှင် (၁၀)ခု၊ (၁၂)ခုလောက် ရှိပါတယ်။ အဲ့ဒီ(၁၀)ခု၊ (၁၂)ခုလောက်ကို တင်ပြတယ်ဆိုလည်း သူတို့ကမလာနိုင်ဘူး။ ဝန်ကြီးတို့ကညွှန်ကြားပေးမှ သူတို့ကလာရဲတဲ့သဘော ဖြစ်နေတယ်။ ဝန်ကြီးတို့ခွင့်ပြုချက်မရလျှင် သူတို့က ဆင်းရမှာကြောက်နေလားမသိဘူး။ တင်ပြတဲ့ အခါမျိုးကြတော့လည်း သူတို့ကမလာနိုင်တဲ့အတွက် အလုပ်များနေတယ်။ အလုပ်များနေတယ်ဖြစ်ပြီး ဒီဟာကိုစီမံချက်ချ၍ ဝန်ကြီးအနေနဲ့ ဆောင်ရွက်ပေးမည်ဆိုလို့ရှိလျှင် အစိုးရပုံရိပ်အတွက် လည်းကောင်းမယ်။ နိုင်ငံသူ/နိုင်ငံသားတွေအတွက်လည်း အကျိုးရှိမှာဖြစ်တဲ့အတွက် ဝန်ကြီးအနေနဲ့ ဒီဟာလေးတွေကိုဆောင်ရွက်ပေးနိုင်မယ်ဆိုလို့ရှိလျှင်တော့ ကျွန်တော်တို့ လက်ပံတန်းမြို့နယ်က ပြည်သူများကိုယ်စားကျွန်တော်လည်းတင်ပြရကျိုးနပ်တာပေါ့ဗျာ။ အားလုံးကို ကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ။** ။ဦးမျိုးအောင် မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးထွန်းထွန်းဦး[ဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန]။** ။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာသူများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် မေးမြန်းတဲ့ ဆက်စပ်မေးခွန်းကို ပြန်လည်ဖြေကြားပေးမှာဖြစ်ပါတယ်။ ကျွန်တော်တို့ မြို့နယ်လ.ဝ.က ရုံးတွေမှာ ပိတ်ရက်မဟုတ်တဲ့ရက်တွေမှာတော့ လူအများစည်ကားနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ ပျောက်ဆုံး၊ ပျက်စီးလုပ်တဲ့

အခါမှာ အမှုတွဲတွေရှာဖွေရတာရှိပါတယ်။ တန်းပြီးတော့ ဆောင်ရွက်ပေးလို့မရတာ ရှိပါတယ်။ ဒါကြောင့်မို့လို့ အမှုတွဲရှာဖွေရတဲ့နေရာတွေမှာ ကြန့်ကြာနေတာတွေရှိတဲ့အတွက် ဒါမကြာသင့်ဘဲနဲ့ ကြာတယ်လို့ အမြင်လည်းရှိလျှင်ရှိနိုင်ပါလိမ့်မယ်။ ဘာကြောင့်လည်းဆိုတော့ တကယ်ပျောက်ဆုံး၊ ပျက်စီးတဲ့ဟာတွေဆိုလျှင် အမှုတွဲအောက်မှာအထပ်ထပ်ကို ပြန်ရှာရတဲ့အတွက် ဒါကြာတာလည်း ဖြစ်နိုင်ပါတယ်။ ကျွန်တော်ှအနေနဲ့ စနေ၊ တနင်္ဂနွေပိတ်ရက်တွေမှာ နယ်ကို ကွင်းဆင်းဆောင်ရွက်ဖို့ အတွက်လည်း ဝန်ကြီးဌာနအနေနဲ့ မှာကြားထားတာရှိပါတယ်။ နောက်ပြီးတော့ ဝေးလံတဲ့နေရာတွေ ကွင်းဆင်းဖို့ကိုလည်းပဲ ဆောင်ရွက်ထားတာရှိပါတယ်။ ဒါကြောင့်မို့လို့ ဝေးလံတဲ့နေရာတွေမှာ ရပ်/ကျေး အုပ်ချုပ်ရေးမှူးတွေကလည်း အဓိကကျပါတယ်။ ဘာကို အဓိကကျတယ်ပြောချင်လည်းဆိုတော့ ရပ်/ကျေးအုပ်ချုပ်ရေးမှူးတွေကနေတစ်ဆင့် ကျွန်တော်တို့မြို့နယ် တွေမှာလည်းပဲ ရှိပါတယ်။ ရပ်/ကျေး အုပ်ချုပ်ရေးမှူးတွေက ကိုယ့်ဒေသမှာရှိတဲ့ ပြည်သူတွေကနေပြီး မှတ်ပုံတင်အသစ်ပြန်လုပ်မယ့်လူတွေ ဘယ်နှစ်ဦးရှိတယ်။ ဒါတွေကိုစာရင်းပြုစုပြီး မြို့နယ် လ.ဝ.က ရုံးနဲ့ချိတ်ဆက်ပြီးတော့ ကျွန်တော်တို့ မြို့နယ်တွေမှာ ဆောင်ရွက်တာ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးတွေရဲ့ တကယ့်လုပ်နိုင်တဲ့ စွမ်းအားပေါ်မှာ မူတည်ပြီးတော့ ကျွန်တော်တို့မြို့နယ်တွေမှာဆိုရင် အုပ်စုတွေ(၅)ခု၊ (၆)ခုလောက်ကို ကွင်းဆင်း ဆောင်ရွက်တာ တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျေးရွာရပ်/ကျေးအုပ်ချုပ်ရေးမှူးတွေကနေ စာရင်း ပြုစုပြီးတော့ မြို့နယ်လ.ဝ.ကနဲ့ ချိတ်ဆက်ဆောင်ရွက်ဖို့ မှာကြားပြီးဖြစ်တဲ့အတွက် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်မှ ကျေးရွာရပ်/ကျေးအုပ်ချုပ်ရေးမှူးတွေကို စာရင်းကောက်ယူပြီးလို့ရှိလျှင် မြို့နယ်လ.ဝ.ကနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးပါလို့ ကျွန်တော်လည်းမှာကြားထားတာဖြစ်၍ ချိတ်ဆက် ဆောင်ရွက်လျှင် အမြန်ဆုံးဆောင်ရွက်မှာဖြစ်ပါတယ်။ ကျွန်တော့်ဌာနအနေနဲ့လည်း ကျွန်တော်သီးသန့် ဒါမျိုးဆောင်ရွက်ဖို့လည်း မှာကြားထားတာရှိတဲ့အတွက် ပဲခူးမှာလည်းပဲ တော်တော်များများ ဆောင်ရွက်နေတာတွေရှိပါတယ်။ ကျွန်တော့်အနေနဲ့ ရပ်/ကျေးအုပ်ချုပ်ရေးမှူးကို ချိတ်ဆက် ဆောင်ရွက်ဖို့ကိုလည်း မြို့နယ်လ.ဝ.ကတွေကို ညွှန်ကြားထားပြီးဖြစ်တဲ့အတွက် ဒါကို ဆက်လက် ဆောင်ရွက်ပါမယ် လို့ ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးကျော်မင်းစံ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပဲခူး မြို့နယ်၏ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ရုံးအဆောက်အဦအား သင့်တော်သော နေရာသို့ရွှေ့၍ ပြည်သူများ အဆင်ပြေချောမွေ့မှုရှိစေရေး ကျယ်ပြန့်သော အဆောက်အဦရုံးနေရာ အသစ်တစ်ခုကို တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်မင်းစံ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ **"ပဲခူးမြို့နယ်၏ လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ရုံးအဆောက်အဦအား သင့်တော်သောနေရာသို့ရွှေ့၍ ပြည်သူများ**

**အဆင်ပြေချောမွေ့မှုရှိစေရေး ကျယ်ပြန့်သော အဆောက်အဦရုံးနေရာအသစ်တစ်ခုကို တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့်စပ်လျဉ်း၍ ယခုအခါ ပဲခူးမြို့နယ်၏ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ ရုံးအဆောက်အဦသည် အလွန်ကျဉ်းမြောင်းနေပြီး ပြည်သူများမှတ်ပုံတင် ပြုလုပ်ရာတွင် နေရာထိုင်ခင်း အခက်အခဲရှိခြင်း၊ ဝန်ထမ်းများအတွက် သင့်တင့်မျှတသော ရုံးခန်းနှင့် အသုံးအဆောင်ပစ္စည်းများ မရှိခြင်းကြောင့် သင့်တော်မျှတသော ရုံး၊ အဆောက်အဦနှင့် အသုံးအဆောင်ပစ္စည်းများဖြင့် ရုံးအသစ်တစ်ခုကိုတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဗိုလ်ကြီးကျော်မင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၏ **“ပဲခူးတိုင်းဒေသကြီးအတွင်း ဆိုင်နှင့်ဆိုင်ခန်းများ၊ အလုပ်ရုံများရှိ ပညာသင်ကြားခွင့်မရသော ကလေးသူငယ်များအား ပညာသင်ကြားခွင့်ရရှိရေးနှင့် ယင်းတို့၏ အနာဂါတ်ဘဝလုပရေး အစိုးရအဖွဲ့အနေဖြင့် မည်သို့စီမံဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုပါကြောင်း”** နှင့်စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဗိုလ်ကြီးကျော်မင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်။** ။ **“ပဲခူးတိုင်းဒေသကြီးအတွင်း ဆိုင်နှင့်ဆိုင်ခန်းများ၊ အလုပ်ရုံများရှိ ပညာသင်ကြားခွင့်မရသော ကလေးသူငယ်များအား ပညာသင်ကြားခွင့်ရရှိရေးနှင့် ယင်းတို့၏ အနာဂါတ်ဘဝလုပရေး အစိုးရအဖွဲ့အနေဖြင့် မည်သို့စီမံဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုပါကြောင်း”** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအတွင်းမြို့များရှိ ဆိုင်၊ ဆိုင်ခန်းများနှင့် အလုပ်ရုံများတွင် ကလေးသူငယ်များအကြောင်းအမျိုးမျိုးဖြင့် အလုပ်လုပ်နေရပြီး ပညာသင်ကြားခွင့် အခွင့်အရေးဆုံးရှုံး နေရတာမြင်တွေ့နေရပါတယ်။ ကလေးသူငယ်များသည် မိဘများ၏ ပညာရေးအသိနည်းပါးခြင်းကြောင့်ဖြစ်စေ၊ စားဝတ်နေရေးမပြေလည်ခြင်းတို့ကြောင့်ဖြစ်စေ ပညာသင်ကြားရမည့်အချိန်မှာ ပညာသင်ကြားခွင့်မရဘဲအလုပ်လုပ်နေရခြင်းဖြစ်ပါသည်။

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- ကလေးသူငယ်များ၏အရေးနှင့် စပ်လျဉ်း၍ ကလေးသူငယ်တိုင်းလူ့အဖွဲ့အစည်း၏ ကာကွယ်စောင့်ရှောက်မှုကို ဦးဦးဖျားဖျားရယူပိုင်ခွင့်ရှိသည် ဆိုသောဆောင်ပုဒ်အရ တာဝန်ရှိသူများသည် ကလေးသူငယ်များ၏ အကောင်းဆုံးအကျိုးစီးပွား အတွက် ရှေးရှုဆောင်ရွက်ရမည်ဟုလည်းကောင်း၊ ကလေးသူငယ်ဥပဒေပုဒ်မ၂၄(ခ)တွင် အလုပ်သမားဝန်ကြီးဌာနသည် အလုပ်လုပ်သောကလေးသူငယ်များ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ရပိုင်ခွင့်များ ထိခိုက်နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရမည်ဟုလည်းကောင်း၊ ပုဒ်မ၂၆ (က)တွင် အစိုးရဌာန၊ အဖွဲ့အစည်းများသည် မိမိတို့ သက်ဆိုင်ရာကဏ္ဍအလိုက် တက်နိုင်သမျှအကောင်အထည်ဖော်ဆောင်ရွက်ပေးရမည်ဟု ပြဋ္ဌာန်းထားတာတွေ့ရပါသည်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- ပညာသင်ကြားရေးနှင့်ပက်သက်၍ ကလေးသူငယ်ဥပဒေပုဒ်မ ၂၀တွင် ကလေးသူငယ်တိုင်းသည် ပညာသင်ကြားရေးဆိုင်ရာ အခွင့်အလမ်းများ ရရှိစေရမည်ဟုလည်းကောင်း၊ နိုင်ငံတော်က ဖွင့်လှစ်ထားသောကျောင်းများတွင် အခြေခံပညာ (မူလတန်းအဆင့်)ကိုအခမဲ့ သင်ယူနိုင်ခွင့်ရှိစေရမည်ဟုလည်းကောင်း၊ ပုဒ်မ၂၂တွင် ကလေးသူငယ်တိုင်းသည် ဘက်စုံဖွံ့ဖြိုးရေးအတွက် စာပေများဖတ်ရှုနိုင်ခွင့်၊ ဗဟုသုတများလေ့လာဆည်းပူးနိုင်ခွင့်ရှိစေရမည်ဟုလည်းကောင်း သတ်မှတ်ပြဋ္ဌာန်းထားရှိပါတယ်။

သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီးအတွင်း ဆိုင်နှင့်ဆိုင်ခန်းများ၊ အလုပ်ရုံများရှိ ပညာသင်ကြားခွင့်မရသော ကလေးသူငယ်များအား ပညာသင်ကြားခွင့်ရရှိရေးနှင့် ယင်းတို့၏အနာဂတ်ဘဝလုပရေး အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မည်သို့စီမံဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးထွန်းထွန်းဦး[ဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန]။** ။ ဦးကျော်မင်းစံ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပဲခူးမြို့နယ်၏ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ရုံးအဆောက်အဦအား သင့်တော်သောနေရာသို့ရွှေ့၍ ပြည်သူများအဆင်ပြေချောမွေ့မှုရှိစေရေး ကျယ်ပြန့်သော အဆောက်အဦရုံးနေရာအသစ်တစ်ခုကို တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားမှာဖြစ်ပါသည်။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ) အနေဖြင့် ဌာနပိုင်ရုံးဖွင့်လှစ်နိုင်ခြင်းမရှိသေးသော ခရိုင်/မြို့နယ်ဦးစီးမှူးရုံးများ၊ အိုမင်းဟောင်းနွမ်းနေပြီဖြစ်သော ခရိုင်/မြို့နယ်ဦးစီးမှူးရုံးများ အသစ်ပြန်လည်ဆောက်လုပ်နိုင်ရေးအတွက် ဘဏ္ဍာရေးနှစ်အလိုက် လျာထားတင်ပြတောင်းခံပြီး ရန်ပုံငွေခွင့်ပြုချက်ရရှိပါက ဦးစားပေးအစီအစဉ်အလိုက် ဆောင်ရွက်ပေးလျက်ရှိပါသည်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးကျော်မင်းစံမေးမြန်းထားသည့် ပဲခူးမြို့နယ်ဦးစီးမှူးရုံးအနေဖြင့် ရုံးအဆောက်အဦကျဉ်းမြောင်းခြင်း၊ ပြည်သူများမှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်ရာတွင် နေရာထိုင်ခင်းအခက်အခဲရှိခြင်း၊ ဝန်ထမ်းများအတွက် သင့်တင့်မျှတသောရုံးခန်းနှင့်အသုံးအဆောင်ပစ္စည်းများ မရှိခြင်းများကြောင့် ကျယ်ပြန့်သော အဆောက်အဦရုံးနေရာသစ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိကိစ္စနှင့် ပတ်သက်၍ ပဲခူးမြို့နယ်ဦးစီးမှူးရုံးသည် ဌာနပိုင်အဆောက်အဦဖြစ်ခြင်း၊ ဟောင်းနွမ်းဆွေးမြေ့နေခြင်း မဟုတ်ခြင်းများကြောင့် ရုံးနေရာသစ်တည်ဆောက်ရန်ကိစ္စအား ပြည်ထောင်စုဝန်ကြီးရုံးသို့ တင်ပြတောင်းခံသွားမည်ဖြစ်ပြီး လက်ရှိတွင်

အဆောက်အဦဆောက်လုပ်ခွင့်မရရှိသေးပါသဖြင့် လက်ရှိအခြေအနေတွင် နေရာသစ်သို့ ပြောင်းရွှေ့နိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးထွန်းထွန်းဦး[ဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန]။** ။ ဗိုလ်ကြီးကျော်မင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၏ **“ပဲခူးတိုင်းဒေသကြီးအတွင်း ဆိုင်နှင့်ဆိုင်ခန်းများ၊ အလုပ်ရုံများရှိ ပညာသင်ကြားခွင့်မရသော ကလေးသူငယ်များအား ပညာသင်ကြားခွင့်ရရှိရေးနှင့် ယင်းတို့၏ အနာဂါတ်ဘဝလှပရေး အစိုးရအဖွဲ့အနေဖြင့် မည်သို့စီမံဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုပါကြောင်း”**နှင့်စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနသည် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ဆက်ဆံရေး ကောင်းမွန်ခြင်းဖြင့် တည်ငြိမ်အေးချမ်းသည့် လုပ်ငန်းခွင်များဖြစ်ပေါ်စေရန် အလုပ်သမားဥပဒေပါရပိုင်ခွင့်များကို မှန်မှန်နှင့်အပြည့်အဝရရှိခံစားစေရန် လုပ်ငန်းခွင်မတော်တဆ ထိခိုက်မှုနှင့် လုပ်ငန်းခွင်ရောဂါရရှိမှုလျော့နည်းကျဆင်းစေရန် အပြည်အပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ အလုပ်သမားရေးရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ဆိုင်နှင့်ဆိုင်ခန်းများ၊အလုပ်ရုံများရှိ ပညာသင်ကြားခွင့်မရသော ကလေးသူငယ်များအား ပညာသင်ကြားခွင့်ရရှိရေးနှင့် ယင်းတို့အနာဂတ်ဘဝလှပရေးနှင့်စပ်လျဉ်း၍ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနအနေဖြင့် **ဆိုင်နှင့်ဆိုင်ခန်းများ၊ အလုပ်ရုံများရှိပညာ သင်ကြားခွင့်မရသော ကလေးသူငယ်များအား ပညာသင်ကြားခွင့်နှင့်ပတ်သက်၍ ဆောင်ရွက်နေခြင်းမရှိပါကြောင်း**နှင့် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနအနေဖြင့် ၁၉၅၁ခုနှစ် အလုပ်ရုံများ အက်ဥပဒေပုဒ်မ ၁၂၊ ၂၄၊ ၂၅၊ ၂၉၊ ၃၆၊ ၅၂၊ ၇၅၊ ၇၆၊ ၇၇၊ ၇၈၊ ၇၉ တို့တွင် ပြဋ္ဌာန်းထားသော ကလေးလူရွယ်အလုပ်သမားများနှင့်ဆိုင်သော ကန့်သတ်ချက်များနှင့် ၂၀၁၆ခုနှစ်ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေပုဒ်မ ၁၃၊ ၁၄ တို့တွင် ပြဋ္ဌာန်းထားသော ကလေးလူရွယ်အလုပ်သမားများနှင့် သက်ဆိုင်သော ကန့်သတ်ချက်များနှင့်အညီ(အလုပ်ချိန်၊နားချိန်ဆောင်ရန်/ရှောင်ရန်များ) စည်းကြပ်ဆောင်ရွက်ရပါသည်။

ပညာသင်ကြားရေးနှင့်ပတ်သက်၍ ကလေးသူငယ်ဥပဒေပုဒ်မ ၂၀ တွင် ကလေးသူငယ်တိုင်းသည် ပညာသင်ကြားရေးဆိုင်ရာအခွင့်အလမ်းများ ရရှိစေရမည်ဟုလည်းကောင်း၊ နိုင်ငံတော်က ဖွင့်လှစ်ထားသော ကျောင်းများတွင် အခြေခံပညာ(မူလတန်းအဆင့်)ကို အခမဲ့သင်ယူနိုင်ခွင့်ရှိစေရမည်ဟုလည်းကောင်း၊ ပုဒ်မ၂၂တွင်ကလေးသူငယ်တိုင်းသည် ဘက်စုံဖွံ့ဖြိုးရေးအတွက် စာပေများ ဖတ်ရှုနိုင်ခွင့်၊ ဗဟုသုတများ လေ့လာဆည်းပူးနိုင်ခွင့်ရှိစေရမည်ဟုလည်းကောင်း သတ်မှတ်ပြဋ္ဌာန်းထားရှိပါသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ဆိုင်နှင့်ဆိုင်ခန်းများ၊ အလုပ်ရုံများရှိ ပညာသင်ကြားခွင့်မရသော ကလေးသူငယ်များအား ပညာသင်ကြားခွင့်ရရှိရေးနှင့်ပတ်သက်၍ ကျောင်းပြင်ပမူလတန်းပညာရေး NFPE လုပ်ငန်းကိုဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်က ဖွင့်လှစ်သင်ကြားနေသော အခြေခံပညာကျောင်းများတွင် ပညာသင်ကြားရန် အခက်အခဲရှိနေသောဆိုင်နှင့်ဆိုင်ခန်းများ၊ အလုပ်ရုံများတွင် အလုပ်လုပ်နေကြသော ကလေးသူငယ်များအတွက် ယင်းတို့၏ဘဝသာယာလှပရေးအတွက် ၎င်းတို့နားချိန်များတွင် ပညာသင်ကြားနိုင်ရန်အတွက် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနမှ ကျောင်းပြင်ပမူလတန်းပညာရေးကို ၂၀၁၈-၂၀၁၉ပညာသင်နှစ်တွင် သင်ကြားခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါသည်။

ယခု၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် ပဲခူးတိုင်းဒေသကြီးအနေဖြင့် မြို့နယ်ပေါင်း(၁၀) မြို့နယ်အထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ပဲခူးအရှေ့တွင် ကျောက်တံခါး၊ တောင်ငူ၊ ရေတာရှည်နှင့် ပဲခူးအနောက်တွင် လက်ပံတန်း၊ မင်းလှ၊ ကြို့ပင်ကောက်၊ ပြည်၊ ပေါက်ခေါင်း၊ ပန်းတောင်း၊ သဲကုန်း မြို့နယ်ပေါင်း(၁၀)မြို့နယ်တွင် ကျောင်းသားအင်အား(၄၆၈)ဦး၊ ဆရာ/ဆရာမ(၅၁)ဦးဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ယင်းမြို့နယ်(၁၀)မြို့နယ်တွင် NFPE ကျောင်းသား၊ကျောင်းသူများ အလုပ်နားချိန်ဖြစ်သော ညနေပိုင်းအချိန်များတွင် မိမိတို့မြို့နယ်အလိုက် တစ်နေ့စာသင်ချိန်(၂:၃၀)နာရီဖြင့် တစ်ပတ်တွင်(၅) ရက်ဖြင့်သင်ကြားလျက်ရှိပါသည်။

ကျောင်းသား၊ ကျောင်းသူများသည် ပထမအဆင့်တွင် Level 1 (Kg,G-1, G-2) Level 2 (G-3, G-4,G-5)ကို သင်ကြားရပါသည်။ Level 2 အောင်မြင်ပြီးပါက အခြေခံပညာကျောင်းများနှင့် ချိတ်ဆက်ပြီး တက္ကသိုလ်ဝင်တန်းပြီးဆုံးသည်အထိ တက်ရောက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ပြည်မြို့နယ်မှ မကြယ်စင်ဖြိုး၊ ပန်းတောင်းမြို့နယ်မှ မောင်အောင်ကိုဦးတို့(၂)ဦးမှာ တက္ကသိုလ်ဝင်တန်းကိုအောင်မြင်ခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင်လည်း တောင်ငူမြို့နယ်မှ မထက်ထက်ဇင်၊ သာယာဝတီမြို့နယ်မှ မသိမ့်သိမ့်ဇော်တို့(၂)ဦးမှာလည်း တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့ပါသည်။ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် NFPEကျောင်းသား(၁)ဦးလျှင် ငွေ(၅၇၀၀ဝိ/)ကျပ်နှင့် စာအုပ်(၁)ဒါဇင်ခွဲကို ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ သင်ကြားပေးသော ဆရာ/ဆရာမ(၁)ဦးလျှင် ထောက်ပံ့ငွေတစ်လ (၉၀၀၀ဝိ/)ကျပ် မြို့နယ်ကြီးကြပ်ရေး ဆရာ(၁)ဦးလျှင် (၁၀၀၀၀ဝိ/)ကျပ်၊ တိုင်းဒေသကြီး ကြီးကြပ်ရေး(၁)ဦးလျှင် (၁၁၀၀၀ဝိ/)ကျပ်ကို ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနမှ ထောက်ပံ့ပေးလျက်ရှိပါသည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းနေရွယ်ကလေးအားလုံး တစ်ဦးတစ်ယောက်မကျန် ပညာသင်ကြားခွင့်ရရှိရေးအတွက် ဘက်စုံထောင့်စုံမှ ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်းဖြေကြားအပ်ပါသည်။

**ဦးကျော်မင်းစံ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား- ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးကျော်မင်းစံ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား- ပဲခူးမြို့နယ်ရုံးကို သွားလေ့လာတဲ့အခါမှာ အင်မတန်မှ ပြည့်ကြပ်တာကိုတွေ့ရပါတယ်။ ဝန်ထမ်းကလည်း မလုံလောက်ဘူး။ နောက်ပြီး အရမ်းကိုကြပ်နေတဲ့အတွက်ကြောင့်မို့ လုပ်ရ/ကိုင်ရတာအဆင်မပြေတဲ့အခြေအနေတွေကို သိရှိရပါတယ်။ နောက်မြေနေရာလည်းရှိထားတယ်လို့ သိရှိရပါတယ်။ ဒါကြောင့်မို့ ဒီဟာကို ဝန်ကြီးအနေဖြင့် အစိုးရအဖွဲ့ကိုတင်ပြပြီးတော့ လာမည့်ဘဏ္ဍာရေးနှစ်မှာ ထည့်သွင်းပေးနိုင်မယ်ဆိုလျှင် ပြည်သူတွေအတွက်လည်း အများကြီးကောင်းပါတယ်။ နောက် လူဦးရေကလည်း (၅)သိန်းလောက်ရှိတဲ့အခါမှာ မှတ်ပုံတင်မရသေးတဲ့ လူကအများကြီးရှိတယ်။ အဲ့ဒီအတွက်ကြောင့်မို့ တိုင်းပြည်အတွက်လည်းကောင်းမယ်၊ လာမဲ့ ၂၀၂၀ ကျလျှင်လည်း ပိုပြီးတော့အဆင်ပြေချောမွေ့ ပါမယ်။ ဒါလေးကို ကျွန်တော်တင်ပြပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဗိုလ်ကြီးကျော်မင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်။** ။ ဥက္ကဋ္ဌကြီးခင်ဗျား- ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဗိုလ်ကြီးကျော်မင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်။** ။ ဝန်ကြီးဖြေသွားတဲ့အထဲမှာတော့ အပိုဒ်(၃)မှာ ပဲခူးတိုင်းဒေသကြီးအတွင်း ဆိုင်နှင့်ဆိုင်ခန်းများ၊ အလုပ်ရုံများရှိပညာသင်ကြားခွင့်မရသော ကလေးသူငယ်များအား ပညာသင်ကြားခွင့်ရရှိရေးနှင့်ပတ်သက်၍ ကျောင်းပြင်ပမူလတန်းပညာရေး NFPE လုပ်ငန်းကိုဆောင်ရွက်လျက်ရှိတဲ့နေရာမှာ မြို့နယ်(၁၀) မြို့နယ်၊ ကျောင်းသား (၄၆၈)ဦး၊ ဆရာမ(၅၁)ဦးနဲ့ တစ်ပတ်ကို (၅)ရက် သင်ကြားလျက်ရှိတယ်လို့ သိရပါတယ်။ ကျောင်းပြင်ပ ပညာရေးနှင့် တစ်သက်တာပညာဦးစီးဌာနကနေပြီး ဆောင်ရွက်လျက်ရှိတယ်ဆိုတာ သိရတဲ့အတွက် ဝမ်းသာပါတယ်။

ကျွန်တော့်အနေဖြင့် ဆက်စပ်မေးခွန်းအနေနဲ့မေးချင်တာကတော့ ဆိုင်များနှင့်အလုပ်သမားများဥပဒေ ၂၀၁၆ ပုဒ်မ ၁၃ ပုဒ်မခွဲ(က)မှာ အသက်(၁၄)နှစ်မပြည့်တဲ့ မည်သူမဆို ဆိုင်တစ်ခုခု၌ ဖြစ်စေ၊ အလုပ်ဌာန၌ဖြစ်စေ အလုပ်မလုပ်စေရ သို့မဟုတ် လုပ်ခွင့်မပြုရဟူ၍လည်းကောင်း၊ ပုဒ်မ ၁၄ ပုဒ်မခွဲ (ခ)မှာ အသက်(၁၄)နှစ်ပြည့်ပြီး (၁၆)နှစ်မပြည့်သေးတဲ့ မည်သူ့ကိုမျှ ညဥ့်(၆)နာရီမှ မနက်(၆)နာရီ အချိန်အတွင်း မခိုင်းစေရ သို့မဟုတ် အလုပ်လုပ်ခွင့်မပြုရဆိုပြီး အတိအလင်း သတ်မှတ်ပြဋ္ဌာန်းထားပါတယ်။ ပြဋ္ဌာန်းချက်များကို မလိုက်နာခြင်းနဲ့ပတ်သက် ပြီးတော့ ပုဒ်မ ၂၇ မှာ မည်သည့် အလုပ်ရှင်မဆို ပုဒ်မ ၁၃ ၊ ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း

ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို (၆)လထက်မပိုတဲ့ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ငါးဆယ်မှ အများဆုံးကျပ်သိန်းတစ်ရာအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမယ်လို့လည်း ဥပဒေမှာအတိအလင်းပြဋ္ဌာန်းထားပါတယ်။ ဥပဒေဆိုတာ လေးစားလိုက်နာဖို့လိုအပ်ပါတယ်။ လေးစားလိုက်နာအောင်လည်း အကောင်အထည်ဖော်ပေးဖို့ လိုအပ်ပါတယ်။ ဥပဒေကို လေးစားလိုက်နာမှသာလျှင် တရားဥပဒေစိုးမိုးရေးက ပိုမိုပြီးတော့အားကောင်းလာမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေကိုလေးစားလိုက်နာရေးနှင့် ပညာသင်ကြားခွင့်မရသူတွေ ပညာသင်ကြားခွင့် ဆုံးရှုံးစေရေးအတွက် အသက်(၁၄)နှစ် မပြည့်သေးတဲ့ ကလေးသူငယ်များ ဆိုင်နှင့် အလုပ်ဌာနများမှာ အလုပ်စေခိုင်းခြင်းမပြုရေး သို့မဟုတ် လုပ်ခွင့်မပြုစေရေးအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် စစ်ဆေးကြပ်မတ်ပေးသွားရန် အစီအစဉ်ရှိ/မရှိ ထပ်ဆင့်မေးခွန်းအဖြစ် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးကျော်မင်းစံမေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍လည်းကောင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးကျော်မင်းမေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍လည်းကောင်း လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးထွန်းထွန်းဦး[ဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန]။** ။ အားလုံးမင်္ဂလာပါ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းစံမေးမြန်းသည့် ဆက်စပ်မေးခွန်းကို ဖြေကြားရမယ်ဆိုလို့ရှိလျှင် မနေ့ကလည်းပဲ ပြည်ထောင်စုဝန်ကြီးနဲ့ အစည်းအဝေးမှာ တွေ့တဲ့အချိန်မှာ ပဲခူးမြို့ရုံးသစ်ကို နေရာကြပ်တည်းနေတဲ့အတွက် ဆောက်ဖို့ဆိုပြီးတော့ ကျွန်တော် နှုတ်ဖြင့်လည်းပဲ တင်ပြထားပြီးဖြစ်ပါတယ်။ ဌာနကိုလည်း မြေနေရာလည်းပဲရှိတဲ့အတွက် ဌာနကို လည်း ပြည်ထောင်စုအဆင့်ကို ရုံးသစ်တည်ဆောက်ဖို့ဆိုပြီးတော့ တရားဝင်စာဖြင့်တင်ပြခိုင်းပါမယ်။ စာနဲ့တင်ပြပြီးလို့ရှိလျှင် စာနဲ့ပဲအကြောင်းပြန်ပေးပါမယ်။ ဘယ်နေ့၊ ဘယ်ရက်မှာ စာဖြင့်တင်ပြထားပြီဆိုတဲ့အကြောင်းကို အကြောင်းပြန်ပေးပါမယ်။

**ဦးထွန်းထွန်းဦး[ဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန]။** ။ ဦးကျော်မင်းစံ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ စာဖြင့် ဖြေကြားချက်ကို နောက်ဆက်တွဲဖြင့်ဖော်ပါမည်]။

**ဦးထွန်းထွန်းဦး[ဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန]။** ။ ဗိုလ်ကြီးကျော်မင်း မေးမြန်းသည့် ဆက်စပ်မေးခွန်းအား (၁၄)နှစ်ပြည့်သူ မည်သူမဆို ကလေး

အလုပ်သမားစာရင်းဆိုတာမှန်ပါတယ်။ ကျွန်တော်တို့ ကလေးအလုပ်သမား ကောက်ယူရေးကို ပြည်ထောင်စုအဆင့်ကနေပြီး အမျိုးသားအဆင့်အနေနဲ့ ဒုသမ္မတ ဦးမြင့်ဆွေကိုယ်တိုင် ကလေး အလုပ်သမားပပျောက်ရေးစာရင်း ကောက်ယူရေးအစီအစဉ်တွေကို စတင်ဆောင်ရွက်တော့မှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တော့မှာဖြစ်တဲ့အတွက် (၁၄)နှစ်မပြည့်သေးတဲ့ကလေးအလုပ်သမား ကျွန်တော်တို့နိုင်ငံမှာ လမ်းဘေးမှာပန်းရောင်းနေတဲ့ ကလေးတွေ၊ တချို့ လက်ဖက်ရည်ဆိုင်တွေမှာ လုပ်နေတဲ့ ကလေးတွေ စာရင်းတွေလည်းပဲ ကျွန်တော်တို့ ပဲခူးတိုင်းအနေနဲ့ ပြန်လည်ကောက်ယူ နေတာတွေရှိပါတယ်။ ဒီလိုမျိုးကောက်ယူရာမှာလည်း ဥပဒေအရ အတင်းအကြပ်ဆောင်ရွက်လို့ မရတဲ့ ကိစ္စတွေရှိပါတယ်။ ဘာတွေရှိလည်းဆိုတော့ ကလေးအလုပ်သမားတွေက မိဘတွေက တကယ် အဆင်မပြေလို့ ထားတဲ့ဟာကို ကျွန်တော်တို့က မလုပ်နဲ့ဆိုပြီးတော့ အစိုးရကဥပဒေအတိုင်း တင်းတင်း ကြပ်ကြပ်ဆောင်ရွက်လို့ မရသေးတာရှိတဲ့အတွက် ဒုသမ္မတဦးဆောင်တဲ့ အမျိုးသား ကလေး အလုပ်သမားကောက်ယူရေးအဖွဲ့ကလည်း ကျွန်တော်တို့ နေပြည်တော်မှာ ပြည်ထောင်စုအဆင့် အစည်းအဝေးသွားတဲ့အခါမှာ ကလေးအလုပ်သမားကောက်ယူရေး ILO နဲ့ စာချုပ်,ချုပ်ထားတဲ့အတွက် ကလေးအလုပ်သမားကောက်ယူရေးကို ဆောင်ရွက်နေတာတွေ ရှိပါတယ်။ ဆောင်ရွက်နေတာရှိတဲ့ အတွက် ပဲခူးတိုင်းအနေနဲ့လည်း ဒါကိုကောက်ယူပြီးတော့ ဆောင်ရွက်နေပါတယ်။ ဆောင်ရွက်ပြီးတော့ ဥပဒေအတိုင်း ဆောင်ရွက်နိုင်အောင်လည်းပဲ ကျွန်တော်တို့တိုင်းအနေနဲ့ ကြိုးစားနေပါတယ်။ ပြည်ထောင်စုအဆင့်ကလည်းပဲ ဒါကို ဆောင်ရွက်ဖို့ လုပ်နေတယ်ဆိုတဲ့အကြောင်းကို ပြန်လည်တင်ပြ အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခု လွှတ်တော် ကိုယ်စားလှယ်(၄)ဦးက မေးမြန်းသည့် မေးခွန်း(၆)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင် ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ကျောက်ကြီးမြို့နယ်၊ ကျွန်းပင်ဆိပ်ကျေးရွာအုပ်စု၊ ကျွန်ပင်ဆိပ်ကျေးရွာ တိုက်နယ်ဆေးရုံအား မည်သည့်အချိန်တွင် ဖွင့်လှစ်ပေးမည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ **"ကျောက်ကြီးမြို့နယ်၊ ကျွန်းပင်ဆိပ်ကျေးရွာအုပ်စု၊ ကျွန်ပင်ဆိပ်ကျေးရွာ တိုက်နယ်ဆေးရုံအား မည်သည့်အချိန်တွင် ဖွင့်လှစ်**

**ပေးမည်ကို သိရှိလိုပါကြောင်း”** နှင့်စပ်လျဉ်း၍ကျောက်ကြီးမြို့နယ်၊ ကျွန်းပင်ဆိပ်ကျေးရွာအုပ်စု၊ ကျွန်းပင်ဆိပ်ကျေးရွာ တိုက်နယ်ဆေးရုံအား (၂၀၁၆-၂၀၁၇)ခုဘဏ္ဍာနှစ်တွင် ၅၀% နှင့် စတင်ဆောက်လုပ်ခဲ့ပြီး (၂၀၁၇-၂၀၁၈) ဘဏ္ဍာနှစ်တွင် ၅၀% ဖြင့် ဇင်ချောင်း Co.ltd အား ၂၀၁၈ မတ်လတွင် ပြီးစီးအောင် ဆောင်ရွက်ရန် တင်ဒါစနစ်ဖြင့် လုပ်ကိုင်ခွင့်ပြုခဲ့ကြောင်း သိရှိရပါသည်။ ၂၀၁၈ မတ်လတွင် ပြီးစီးအောင် ဆောင်ရွက်ရမည်ဖြစ်သော်လည်း မပြီးသဖြင့် ၂၀၁၈ဇွန်လအထိ Extension ပေးခဲ့သည်ဟု သိရှိရပါသည်။ သို့ရာတွင် ကုမ္ပဏီမှ မတ်လနောက်ပိုင်းမှစ၍ လုပ်ငန်း ၁၀၀% ပြီးစီးအောင် ဆောင်ရွက်ခြင်းမပြုတော့ပါ။ ယခုအခါတွင် ၎င်းကျွန်းပင်ဆိပ် တိုက်နယ်ဆေးရုံအား အသုံးပြုနိုင်ရန်အတွက် ဖွဲ့စည်းပုံလည်းရရှိပြီးဖြစ်ပါသောကြောင့် မည်သည့်အချိန်တွင် ဖွင့်လှစ်ပေးမည်ကို သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်း အပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“သဲကုန်းမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် ကျောင်းဆောင်သစ်များ တင်ပြတောင်းခံပေးရန် အစီအစဉ်ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“သဲကုန်းမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် ကျောင်းဆောင်သစ်များ တင်ပြတောင်းခံပေးရန် အစီအစဉ်ရှိ/မရှိ”** နှင့် စပ်လျဉ်း၍ အကောင်အထည်ဖော်လျက်ရှိသော အမျိုးသားပညာရေးစီမံကိန်း၏ စနစ်သစ်ပညာရေးတွင် (KG+12) (၁၃ တန်း) ထားရှိမည့်စနစ်ကို ပြင်ဆင်တည်ဆောက်လျက်ရှိရာ အထက်တန်းကျောင်းများအတွက် စာသင်ခန်းလိုအပ်ချက်များတိုးပွားလာမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ သဲကုန်းမြို့နယ်အတွင်းရှိ

| | | |
|---|---|---|
| ၁။ | သဲကုန်း | (အ.ထ.က) |
| ၂။ | အင်းမ | (အ.ထ.က) |
| ၃။ | အင်းမ | တပ်နယ် (အ.ထ.က) |
| ၄။ | ဝက်ပုတ် | (အ.ထ.က) |
| ၅။ | ဆင်မြီးဆွဲ | (အ.ထ.က) |
| ၆။ | ပုတီးကုန်း | (အ.ထ.က၊ ယခုနှစ်အဆောင်သစ်များချထားအတည်ပြုပြီး) |

စသည့် အထက်တန်းကျောင်းများတွင် ကျောင်းသားဦးရေနှင့် စာသင်ခန်း၊ စာသင်ဆောင် မျှတစေရေးအတွက် ကျောင်းဆောင်သစ်များကို တင်ပြတောင်းခံပေးနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီး ဌာနကို လွှတ်တော်မှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ညွန့်ညွန့်ဌေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]။** ။ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ကျောက်ကြီးမြို့နယ်၊ ကျွန်းပင်ဆိပ်ကျေးရွာအုပ်စု၊ ကျွန်ပင်ဆိပ်ကျေးရွာ တိုက်နယ်ဆေးရုံအား မည်သည့်အချိန်တွင် ဖွင့်လှစ်ပေးမည်ကို သိရှိလိုပါကြောင်း"** နှင့်စပ်လျဉ်းသည့် မေးခွန်းကိုဖြေကြားမှာဖြစ်ပါတယ်။ ကျောက်ကြီးမြို့နယ်၊ ကျွန်းပင်ဆိပ်တိုက်နယ်ဆေးရုံအား ကုသရေး ဦးစီးဌာန၊ နေပြည်တော်၏ (၂၄.၁၂.၂၀၁၈)ရက်စွဲပါ စာအမှတ်-ကမဘ / ဃ-၀၇၁ / ၂၈၃အရ (၂၄.၁၂.၂၀၁၈)ရက်နေ့မှစ၍ တိုက်နယ်ဆေးရုံအသစ်တိုးချဲ့ ခွင့်ပြုခဲ့ပါသည်။

တိုက်နယ်ဆေးရုံအသစ်ဖွင့်လှစ်ခွင့်ရရှိသည့်အတွက် ဤရုံး၏ (၂၃.၁.၂၀၁၉)ရက်စွဲပါ စာအမှတ်-၃၀၅ / ပခတ-ကုသ / သနပခန့် / ၂၀၁၉အရ သူနာပြုဆရာမ(၂)ဦးအား တာဝန်ချထားစေခဲ့ပြီး ကျောက်ကြီးမြို့နယ်ဆေးရုံတွင် ခေတ္တတွဲဘက်တာဝန်ထမ်းဆောင်နေလျက်ရှိပါသည်။ ၎င်းနောက် ကုသရေးဦးစီးဌာန၊ နေပြည်တော်၏(၂၉.၃.၂၀၁၉)ရက်စွဲပါစာအမှတ်-အစရ-၁(က-၁)၂၀၁၉/၀၆၇၈ အရ နေ့စားဝန်ထမ်း(၃)ဦးအားခန့်ထားခွင့်ပြုထားခဲ့ပါသည်။

ကျွန်းပင်ဆိပ်တိုက်နယ်ဆေးရုံအတွက် လိုအပ်သော ဆေးရုံသုံးပစ္စည်းများချထားပေးနိုင်ပါရန် ဤရုံး၏ (၂၇.၂.၂၀၁၉)ရက်စွဲပါစာအမှတ်-၈၇၂/ပခတ-ကုသ/ဆေးပစ္စည်း/၂၀၁၉အရ ကုသရေးဦးစီး ဌာန၊နေပြည်တော်သို့ဆက်လက်တင်ပြတောင်းခံထားပြီးဖြစ်ပါသည်။

ကျောက်ကြီးမြို့နယ်၊ ကျွန်းပင်ဆိပ်တိုက်နယ်ဆေးရုံ ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် လွှဲပြောင်း လက်ခံခြင်းများ ကြန့်ကြာနေသဖြင့် ကျန်ရှိနေသောလုပ်ငန်းအနည်းငယ်အား အပြီးသတ် ဆောင်ရွက်ရန် မြို့နယ်ကုသရေးဦးစီးဌာနမှ ကုမ္ပဏီထံ အကြောင်းကြားသော်လည်း အကြောင်းပြန်ကြားခြင်းမရှိသဖြင့် တင်ပြလာမှုအပေါ် အဆိုပါကုမ္ပဏီထံ ဤရုံး၏ (၁၈.၃.၂၀၁၉)ရက်စွဲပါစာအမှတ်- ၁၂၁၃ / ပခတ - ကုသရေး / ဆဦ / ၂၀၁၉အရအကြောင်းကြားထားခဲ့ပါသည်။

အဆိုပါကုမ္ပဏီထံထပ်မံ၍ ကျန်ရှိလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်ပြီး လွှဲပြောင်းလက်ခံ ဆောင်ရွက်နိုင်ရန် (၁၀.၅.၂၀၁၉)ရက်စွဲပါစာအမှတ်-၁၉၃၇ / ပခတ-ကုသရေး / ဆဦ / ၂၀၁၉အရ ထပ်မံ အကြောင်းကြားထားခဲ့ပါသည်။ ၎င်းနောက်ဤရုံး၏(၄.၇.၂၀၁၉)ရက်စွဲပါစာအမှတ်-၂၈၇၉ / ပခတ- ကုသရေး / ဆဦ / ၂၀၁၉အရတတိယအကြိမ်အကြောင်းကြားခဲ့ပါသည်။

မြို့နယ်ကုသရေးဦးစီးဌာန၊ကျောက်ကြီးမြို့၏ (၂၅.၁၀.၂၀၁၉) ရက်စွဲပါစာအမှတ်-၁၅၈၅ / မနမ / ပခတ / အဆောက်အဦ / ၂၀၁၉အရ ဆောင်ရွက်ရန်ကျန်ရှိနေသော လုပ်ငန်းများအား အမြန်ဆုံး ဆောင်ရွက်ရန် ကျန်ရှိလုပ်ငန်းစာရင်းနှင့်အတူပူးတွဲ၍အကြောင်းကြားထားပြီးဖြစ်ပါသည်။

ကျောက်ကြီးမြို့နယ် ကျွန်းပင်ဆိပ်တိုက်နယ်ဆေးရုံ၏ ကျန်ရှိနေသော လုပ်ငန်းအနည်းငယ်အား ကုမ္ပဏီမှ အပြီးသတ်ဆောင်ရွက်ပြီး တိုက်နယ်ဆေးရုံအတွက် လိုအပ်လျက်ရှိသော ဆေးရုံသုံး ပစ္စည်းများ

ထောက်ပံ့ပေးပြီးဖြစ်ပါက တိုက်နယ်ဆေးရုံဖွင့်လှစ်ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဒေါ်ညွန့်ညွန့်ဌေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]။** ။ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"သဲကုန်းမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း ကျောင်းများတွင် ကျောင်းဆောင်သစ်များ တင်ပြတောင်းခံပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း ကျောင်း၊ သဲကုန်းအတွက် ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေ လွှတ်တော်ကတိကဝတ် ခေါင်းစဉ်မှ အန္တရာယ်ရှိကျောင်းဆောင်ဟောင်းဖျက်သိမ်း၍ (၁၄၀x၃၀)ပေ RCC (၃)ထပ်အသစ် ဆောက်လုပ်ရန် မြို့နယ်ဦးစားပေးအမှတ်စဉ်(၁)ဖြင့်လည်းကောင်း၊ အခြေခံပညာအထက်တန်းကျောင်း၊ အင်းမအတွက် ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေ လွှတ်တော်ကတိကဝတ်ခေါင်းစဉ်မှ ကျောင်းသားဦးရေအရ (၉၀x ၃၀)ပေ Steel Structure (၁)ထပ်တိုးချဲ့ ဆောက်လုပ်ရန် မြို့နယ် ဦးစားပေးအမှတ်စဉ်(၂)ဖြင့်လည်းကောင်း၊ အခြေခံပညာအထက်တန်းကျောင်း၊ အင်းမတပ်နယ်အတွက် ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေလွှတ်တော်ကတိကဝတ်ခေါင်းစဉ်မှ ကျောင်းသား ဦးရေအရ (၉၀x၃၀)ပေ Steel Structure (၁)ထပ်တိုးချဲ့ ဆောက်လုပ်ရန် မြို့နယ်ဦးစားပေးအမှတ်စဉ် (၃)ဖြင့်လည်းကောင်း၊ အခြေခံပညာအထက်တန်းကျောင်း၊ ဝက်ပုတ်အတွက်၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေ လွှတ်တော်ကတိကဝတ်ခေါင်းစဉ်မှ ကျောင်းသားဦးရေအရ (၉၀x၃၀)ပေ Steel Structure (၁)ထပ် တိုးချဲ့ဆောက်လုပ်ရန် မြို့နယ်ဦးစားပေးအမှတ်စဉ်(၅)ဖြင့်လည်းကောင်း၊ အခြေခံ ပညာအထက်တန်းကျောင်း၊ ဆင်မြီးဆွဲအတွက် ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေ လွှတ်တော်ကတိကဝတ်ခေါင်းစဉ်မှ ကျောင်းသားဦးရေအရ(၁၂၀x ၃၀)ပေ Steel Structure (၁)ထပ် တိုးချဲ့ဆောက်လုပ်ရန် မြို့နယ်ဦးစားပေးအမှတ်စဉ်(၄)ဖြင့်လည်းကောင်း အခြေခံပညာအထက်တန်း ကျောင်း၊ ပုတီးကုန်းတွင်ပတ္တမြားဆောင် (၂၈၀x၃၉)ပေ၊ အုတ်ကြွပ်မိုး၊ အုတ်ညှပ်(အန္တရာယ်) ဆောင် အစား၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်းရန်ပုံငွေ လွှတ်တော်ကတိကဝတ်ခေါင်းစဉ်မှ အန္တရာယ်ရှိ ကျောင်းဆောင်အားဖျက်သိမ်း၍ (၁၄၀x ၃၀)ပေ RCC (၃)ထပ်တိုးချဲ့ဆောက်လုပ်ရန် တင်ဒါခေါ်ယူ ဆောင်ရွက်ဆဲဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား- ဆက်စပ် မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- ဝန်ကြီးဖြေကြားသွားတဲ့အထဲမှာလည်း ပါ,ပါတယ်။ ကုမ္ပဏီကို (၄)ကြိမ် တိုင်တိုင် ဌာနကနေပြီး အကြောင်းကြားတယ်။ ၁၈ ရက် ၃ လပိုင်းမှာ တစ်ကြိမ်၊ ၁၀ ရက် ၅ လပိုင်းမှာ တစ်ကြိမ်၊ ၄ ရက် ၇ လပိုင်းမှာ တစ်ကြိမ်၊ ၂၅ ရက် ၁၀ လပိုင်းမှာတစ်ကြိမ် အကြောင်းကြားတဲ့အထဲမှာ လအားဖြင့်တွက်ရင်လည်း ၃ လပိုင်းကတည်းက အကြောင်းကြားထားတာ ၁၀ လပိုင်းအထိကို ကုမ္ပဏီက မင်းတို့ဌာနကဘယ်လိုပဲ အကြောင်းကြားကြား ငါတို့ကတော့ နေချင်သလိုနေမယ်၊ လုပ်ချင်သလိုလုပ်မယ်ဆိုတဲ့ ပုံစံမျိုးကို သူ့ဘက်က ကျွန်တော်တို့ကိုပြနေတဲ့ပုံစံ ဖြစ်နေပါတယ်။ ကျွန်တော်တို့အနေနဲ့က အစိုးရဌာနဆိုတာ ကျွန်တော်တို့ နိုင်ငံတော် အစိုးရရဲ့ ဌာနရဲ့အောက်မှာ လုပ်နေတဲ့ လက်ရှိအာဏာပိုင်အစိုးရကို ဒီကုမ္ပဏီလုပ်တဲ့သူက မထီလေးစား/မထီမဲ့မြင်အပြုအမူမျိုး အခြေအနေကို သက်ရောက်နေပါတယ်။ အဲ့ဒီတော့ ဒီ ၇ လ အတွင်းမှာ ဒီလောက်အကြိမ်ကြိမ် အကြောင်းကြားတာကို ဆက်သွယ်ဆောင်ရွက်မှုလည်း မရှိဘူး၊ လေးစားလိုက်နာမှုမရှိတာကိုလည်း တွေ့ရပါတယ်။ နောက်ပြန်လည်ပြီးပြင်ရမဲ့ ကျွန်တော်ကိုယ်တိုင်လည်း ဒီကိစ္စကို ကွင်းဆင်းပြီး သွားကြည့်ခဲ့တယ်။ ပြီးခဲ့တဲ့ ၆ ရက်နေ့ကလည်း ကျွန်တော်ကိုယ်တိုင်သွားပြီး ကြည့်ခဲ့တဲ့အချိန်မှာ လည်းပဲ ကုမ္ပဏီအနေနဲ့ လုပ်ပေးရမဲ့အတိုင်းအတာက ဘာမှကိုမကျန်တော့ပါဘူး။ သို့သော်လည်းပဲ ဒီက ဒီလောက်အကြိမ်ကြိမ် အကြောင်းကြားထားတာတောင်မှ အလေးဂရုထားခြင်းမရှိတဲ့ ကုမ္ပဏီကို စာချုပ်ပါအတိုင်း မည်ကဲ့သို့အရေးယူဆောင်ရွက် သွားမယ်ဆိုတာကို တိတိကျကျနဲ့ ဝန်ကြီးအနေဖြင့် ပြန်လည်ဖြေကြားပေးစေချင်ပါတယ်။

နောက်တစ်ခုကတော့ တိုက်နယ်ဆေးရုံကို ကျွန်တော့်ရဲ့မေးခွန်းမှာလည်း ပါ,ပါတယ်။ မည်သည့်အချိန်တွင် ဖွင့်လှစ်ပေးမည်ကိုသိရှိလိုပါကြောင်း၊ ကျွန်တော်က အချိန်ကိုတိတိကျကျ မေး ထားတာ။ ဒါပေမယ့် ဝန်ကြီးရဲ့ဖြေကြားမှုထဲမှာ လိုအပ်လျက်ရှိသော ဆေးရုံသုံးပစ္စည်းများ ထောက်ပံ့ ပေးပြီးဖြစ်ပါက တိုက်နယ်ဆေးရုံဖွင့်လှစ်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ် ပါသည်လို့ ဖြေထားတာပါ,ပါတယ်။ အဲ့ဒီတော့ ဒီမှာ၇လအတွင်းမှာ အကြောင်းကြားတဲ့ ကုမ္ပဏီက ၇ လ လောက်ကြာသွားပြီလာမလုပ်ဘူး။ အခုဒီမှာ ကုမ္ပဏီမှအပြီးသတ်ဆောင်ရွက်ပြီးဆိုတော့ ကုမ္ပဏီက လာပြီးတော့ မဆောင်ရွက်မချင်း ဆေးရုံကဖွင့်လို့ရတဲ့အခြေအနေမှာ မရှိနေဘူး ဖြစ်နေပါတယ်။ အဲ့ဒီတော့ ဒီဟာလေးကို ဝန်ကြီးအနေနဲ့လည်း တိတိကျကျနဲ့ ဥပမာ-(၂)လအတွင်း၊ (၃)လအတွင်း စသည်ဖြင့် တိုင်း Limit လေးထားပြီးတော့ တိတိကျကျနဲ့ ဘယ်အချိန်မှာဖွင့်လှစ်ပေးနိုင်မယ်၊ ကုမ္ပဏီကိုမည်ကဲ့သို့စာချုပ်ပါအတိုင်း အရေးယူတိတိကျကျဆောင်ရွက်မည်ဆိုတာလေးကို ဆက်စပ် မေးခွန်းအနေဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးစည်သူလွင် မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ လူမှုရေး ဝန်ကြီးက ပြန်လည် ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ညွန့်ညွန့်ဌေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]။** ။ ဦးစည်သူလွင်မေးမြန်းထားတဲ့ မေးခွန်းတွေကို ကျွန်မအနေဖြင့် ထပ်မံပြီးတော့ တိုင်းကျန်းမာရေးဌာနကို မကြာခဏဆိုသလိုပဲ ဒီကိစ္စနဲ့ ပတ်သက်ပြီး ညှိနှိုင်းနေပါတယ်။ ညှိနှိုင်းပြီးတော့ လုပ်ငန်းလုပ်ဖို့လည်းပဲ ကုမ္ပဏီကိုရအောင်ခေါ်ပါဆိုပြီးတော့လည်း ခေါ်ခိုင်းနေပါတယ်။ ခေါ်ခိုင်းနေတဲ့အခါမှာ မလာတဲ့အချိန်မှာ မလာတဲ့အကြောင်း အကြောင်းမကြားဘဲနဲ့ လာတဲ့အချိန်ကိုလည်းပဲ မသိရသေးတာ၊ ဘယ်အချိန်လာမယ် မသိရသေးတာဖြစ်နေတဲ့အတွက် နောက်ကျသွားတာဖြစ်ပါတယ်။ ခွင့်လွှတ်ပေးဖို့လည်း တောင်းပန်ပါတယ်။ အဲ့ဒီတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးသိချင်တဲ့ ဘယ်အချိန်မှာ ဒါကိုပြန်လုပ်ပေးမလဲဆိုတာ ကျွန်မကိုယ်တိုင်ဝင်ရောက်ပြီးတော့မှ ဒါကိုဆောင်ရွက်ရတော့မဲ့ အနေအထားဖြစ်တဲ့အတွက် ဆောင်ရွက်ပေးပါမယ်။ ပြီးတဲ့အခါမှာ သူ့ကိုလည်းပဲလာပြီးတော့ မလုပ်တော့ဘူးဆိုလျှင် စာချုပ်ပါ စည်းမျဉ်းစည်းကမ်းအတိုင်း အရေးယူဆောင်ရွက်ဖို့ ဆက်လက်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်လို့ ဖြေကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဗိုလ်မှူးသိန်းထူး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၏

(၁) **“ပန်းတောင်းမြို့နယ်၊ ပေကုန်းအထက်တန်းကျောင်းခွဲရှိ ကျောင်းဆောင်များ ပျက်စီးနေမှုအား ပြင်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့်မေးခွန်းနှင့်

(၂) **“ပန်းတောင်းမြို့နယ်၊ ဒန့်သလွန်အခြေခံပညာအထက်တန်း ကျောင်းခွဲရှိကျောင်းဆောင်များ ပျက်စီးနေမှုကိုဖျက်သိမ်း၍ ကျောင်းဆောင်သစ်ဆောက်လုပ်ပေး ရန် အစီအစဉ်ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးသိန်းထူး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်။** ။ **“ပန်းတောင်းမြို့နယ်၊ ပေကုန်းအထက်တန်းကျောင်းခွဲရှိ ကျောင်းဆောင်များ ပျက်စီးနေမှုအား ပြင်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိ”** နှင့်စပ်လျဉ်း၍ ပန်းတောင်းမြို့နယ်၊ ပေကုန်းအထက်တန်းကျောင်းခွဲတွင် ကျောင်းသား၊ ကျောင်းသူ (၃၅၃)ဦး ပညာသင်ကြားလျက်ရှိပြီး အနီးအနားရှိကျေးရွာပေါင်း(၁၃)ရွာမှ မှီခိုအားထားနေရသောကျောင်းဖြစ်ပါသည်။ ကျောင်းဝင်းအတွင်း အဆောက်အဦ(၃)ခုရှိပြီး ယင်းအဆောက်အဦများမှာ ယခင်ကခုတင်(၄၀)ဆံ့ဆေးရုံအဖြစ် အသုံးပြုခဲ့ကာ ၂၀၀၀ပြည့်နှစ်တွင် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းရယူထားသော အဆောက်အဦများဖြစ်ကြောင်းသိရှိရပါသည်။ ယင်းတို့အနက် ပင်မဆောင်နှင့် ရုံးဆောင်တို့မှာနံရံများအက်ကွဲခြင်း၊ အုတ်ကျွတ်မိုးများပျက်စီးနေခြင်း၊ မျက်နှာကျက်များ ပေါက်ပြဲကျိုးပဲ့နေခြင်း၊ ကွန်ကရစ်ကြမ်းခင်းများ ပေါက်ပြဲပျက်စီးနေခြင်းတို့ကြောင့် ပြင်ဆင် ပေးရန်အစီအစဉ်ရှိ/မရှိမေးမြန်းအပ်ပါသည်။

**ဗိုလ်မှူးသိန်းထူး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်။** ။ **"ပန်းတောင်းမြို့နယ်၊ ဒန့်သလွန်အခြေခံပညာအထက်တန်း ကျောင်းခွဲရှိကျောင်းဆောင်များ ပျက်စီးနေမှုကိုဖျက်သိမ်း၍ ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပန်းတောင်းမြို့နယ်၊ ဒန့်သလွန်အထက်တန်းကျောင်းခွဲတွင် ကျောင်းသား၊ ကျောင်းသူ(၁၅၇)ဦး ပညာသင်ကြားလျက်ရှိပြီး အနီးအနားရှိကျေးရွာပေါင်း(၁၀)ရွာမှ မှီခိုအားထားနေရသောကျောင်းဖြစ်ပါသည်။ ကျောင်းဝင်းအတွင်း အဆောက်အဦ(၃)ခုရှိပြီး အဆောက်အဦ(၂)ခုမှာ ၁၉၉၉ခုနှစ်ကကျောင်းလိုအပ်ချက်အရ ကျေးရွာရပ်မိရပ်ဖများမှ စုပေါင်းလှူဒါန်းဆောက်လုပ်ခဲ့သော ကျောင်းဆောင်များဖြစ်ပါသည်။ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းမြေစိုက်အဆောက်အဦများဖြစ်ပြီး နှစ်ပေါင်း(၂၀)ခန့်ကြာမြင့်ခဲ့ပြီဖြစ်သဖြင့် အန္တရာယ်ရှိကျောင်းဆောင်များအဖြစ်သို့ ရောက်ရှိလာပါသည်။ သို့ဖြစ်ပါ၍ ကျောင်းသား၊ ကျောင်းသူများ ဘေးအန္တရာယ်ကင်းရှင်းစွာ ပညာသင်ကြားနိုင်ရေးအတွက် အန္တရာယ်ရှိကျောင်းဆောင်များအား ဖျက်သိမ်း၍ ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဗိုလ်မှူးသိန်းထူး မေးမြန်းသည့် မေးခွန်း(၂)ခုအား လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ညွန့်ညွန့်ဌေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]။** ။ဗိုလ်မှူးသိန်းထူး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၏ **"ပန်းတောင်းမြို့နယ်၊ ပေကုန်းအထက်တန်းကျောင်းခွဲရှိကျောင်းဆောင်များ ပျက်စီးနေမှုအား ပြင်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားပေးမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ပေကုန်း-အထက်တန်းကျောင်း(ခွဲ)တွင် ကျောင်းသားအင်အားမှာ အထက်တန်းဆင့်(၁၀၂)ဦး၊ အလယ်တန်းဆင့်(၁၄၀)ဦး၊ မူလတန်းဆင့်တွင် (၁၀၈)ဦး၊ စုစုပေါင်း(၃၅၀)ဦးရှိပါသည်။ ဆရာအင်အားမှာ ကျောင်းအုပ်(၁)ဦး၊ ထက်ပြ(၇)ဦး၊ အလယ်တန်းပြ(၉)ဦး၊ မူလတန်းပြ(၅)ဦး၊ စုစုပေါင်း(၂၂)ဦးရှိပါသည်။ ကျောင်းဆောင်အားဖြင့် (၁၇၀x၂၇)ပေ အုတ်ကြွပ်မိုး၊ အုတ်ညှပ်(၁)ထပ်ဆောင်(၁)ဆောင်နှင့် (၃၄၀x၂၇)ပေအုတ်ကြွပ်မိုး၊ အုတ်ညှပ်(၁)ထပ်ဆောင်(၁)ဆောင်စုစုပေါင်း(၂)ဆောင်ရှိပါသည်။

အဆိုပါကျောင်းရှိပျက်စီးနေသော (၁၇၀x၂၇)ပေ ကျောင်းဆောင်အား ပြင်ဆင်ရန်အတွက် ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်တွင် (၀၄၀၂)ရန်ပုံငွေဖြင့် အကြီးစားပြင်ဆင်ရန် မြို့နယ်ဦးစားပေး အမှတ်စဉ်(၁)ဖြင့် လျာထားတင်ပြထားပြီးဖြစ်ပါကြောင်းလေးစားစွာဖြေကြားအပ်ပါသည်။

**ဒေါ်ညွန့်ညွန့်ဌေး[ဝန်ကြီး၊လူမှုရေးဝန်ကြီးဌာန]။** ။ဗိုလ်မှူးသိန်းထူး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၏**"ပန်းတောင်းမြို့နယ်၊ ဒန့်သလွန် အခြေခံပညာအထက်တန်း ကျောင်းခွဲရှိ**

**ကျောင်းဆောင်များ ပျက်စီးနေမှုကိုဖျက်သိမ်း၍ ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ”**နှင့်စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားပေးမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ဒနုံ့သလွန်အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် ကျောင်းသားအင်အားမှာ အထက်တန်းဆင့်(၂၉)ဦး၊ အလယ်တန်းဆင့်(၅၆)ဦး၊ မူလတန်းဆင့်တွင်(၇၁)ဦး၊ စုစုပေါင်း(၁၅၆) ဦးရှိပါသည်။ ဆရာအင်အားမှာ ကျောင်းအုပ်(၁)ဦး၊ ထက်ပြ(၆)ဦး၊ အလယ်တန်းပြ(၇)ဦး၊ မူလတန်း ပြ(၄)ဦး၊ စုစုပေါင်း(၁၈)ဦးရှိပါသည်။ ကျောင်းဆောင်အားဖြင့် (၁၂၀x၃၀)ပေ ပျဉ်ထောင်၊ သွပ်မိုး၊ ပျဉ်ခင်း (၁)ထပ်ဆောင်(၁)ဆောင်နှင့် (၁၂၀x၃၀)ပေသွပ်မိုးအုတ်ညှပ် (၁)ထပ်ဆောင်(၁)ဆောင်၊ (၈၀x၃၀)ပေ အန္တရာယ်ဆောင် သွပ်မိုးပျဉ်ထောင်၊ မြေစိုက်ဆောင်(၁)ဆောင် စုစုပေါင်း(၃)ဆောင်ရှိပါသည်။ အန္တရာယ်ဆောင်တွင် စာသင်ကြားမှု မရှိပါ။

အဆိုပါကျောင်းအား ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေ၊ လွှတ်တော်ကတိကဝတ်ခေါင်းစဉ်ဖြင့် အန္တရာယ်ရှိကျောင်းဆောင်(၈၀x၃၀)ပေအားဖျက်သိမ်း၍ (၉၀ x၃၀) ပေ Steel Structure (၁)ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်ရန် မြို့နယ်ဦးစားပေးအမှတ်စဉ်(၁၁)ဖြင့် လျာထားတင်ပြထားပြီးဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဗိုလ်မှူးသိန်းထူး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်။** ။ ဥက္ကဋ္ဌကြီးခင်ဗျား- မေးခွန်း အမှတ်စဉ်(၁)၊ အမှတ်စဉ်(၂)နှင့်ပတ်သက်၍ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဗိုလ်မှူးသိန်းထူး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်။** ။ မေးခွန်းအမှတ်စဉ်(၁) နှင့်ပတ်သက်၍ ပေကုန်းကျောင်း Power point မှာလည်း တင်ပြပြီးသားဖြစ်ပါတယ်။ ဝန်ကြီး ဖြေသွားတာက 0402 နှင့် (၁၇၀x၂၇)ပေကျောင်းဆောင်အား အကြီးစားပြင်ဆင်ဖို့ လျာထားပြီး ဖြစ်ကြောင်းကို သိရတဲ့အတွက် ကျေးဇူးတင်ရှိပါတယ်။ ဒါပေမယ့် ကျွန်တော် Power point မှာ တင်ပြခဲ့တဲ့ ရှေ့ကျောင်းဆောင်၊ အဲ့ဒီရှေ့ကျောင်းဆောင်က ကျောင်းအုပ်ဆရာမကြီးရုံးခန်း၊ Library၊ Laboratory ဒါတွေ သုံးပါတယ်။ ဒါကျောင်းဝင်ဝင်ချင်းရဲ့ ကျောင်းရဲ့ပြယုဂ်ဖြစ်ပါတယ်။ အဲ့ဒီအဆောင် မပါ,ပါဘူး။ အဲ့ဒါလေးကို ပြင်ဆင်ပေးဖို့ အစီအစဉ်ရှိ/မရှိ ထပ်ဆင့်မေးခွန်း မေးမြန်းအပ်ပါသည်။

မေးခွန်းအမှတ်စဉ်(၂)နဲ့ပတ်သက်၍ ဒနုံ့သလွန်အထက်တန်းကျောင်းခွဲ အန္တရာယ်ရှိကျောင်းဆောင်မှာ စာသင်ကြားမှုမရှိဘူးဆိုတာမှန်ပါတယ်။ သို့သော် အဲ့ဒီဒနုံ့သလွန်ကျောင်းခွဲဟာ ဒီနှစ်မှ အထက်တန်း ကျောင်းခွဲအဖြစ် တိုးမြှင့်ထားတဲ့ကျောင်းဖြစ်ပါတယ်။ (၉)တန်းအထိပဲ ရှိပါတယ်။ (၁၀)တန်း နောက်နှစ်လာပါလိမ့်မယ်။ နောက်နှစ်(၁၀)တန်းကျောင်းသားလာလို့ရှိလျှင် ထားစရာနေရာ လုံးဝမရှိပါဘူး။ အဆောင်(၃)ဆောင်ရှိတဲ့နေရာမှာ ပညာရေးကချပေးတာ အဆောင်(၁)ဆောင်ပဲ ရှိပါတယ်။

ကျန်တဲ့ကျွန်တော်တင်ပြထားသလိုပဲ ၁၉၉၉ခုနှစ်က ရပ်မိ/ရပ်ဖနဲ့ ကျောင်း အကျိုးတော်ဆောင် ကုမ္ပဏီ ဝိုင်းပြီးလှူဒါန်းဆောက်လုပ်ခဲ့တဲ့(၂)ဆောင်မှာ တစ်ဆောင်က နည်းနည်းလေး အဆင်ပြေနေ သေးတယ်။ ယခု ကျွန်တော် Power point ပြတဲ့အဆောင်က သုံးလို့ မရနိုင်တော့ပါဘူး။ အဲ့ဒီတော့ နောက်နှစ် မှာဆိုလျှင် (၁၀)တန်းကျောင်းအခန်းအတွက်ကို လုံးဝအဆင်မပြေနိုင်တော့ပါဘူး။ အဲ့ဒီအတွက် ဘယ်လို စီစဉ်ဆောင်ရွက်ပေးဖို့ အစီအစဉ်ရှိသလဲဆိုတာကို ထပ်ဆင့်မေးခွန်းအဖြစ် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဗိုလ်မှူးသိန်းထူး မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)၊ အမှတ်စဉ်(၂) တို့နှင့် ပတ်သက်၍ ဆက်စပ်မေးခွန်းကို လူမှုရေးဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ညွန့်ညွန့်ဌေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]။** ။ဗိုလ်မှူးတင်ပြသွားတဲ့အဆောင်တွေကို ခုနကပြောတဲ့ ပညာရေးရန်ပုံငွေချထားမှုနည်းလို့ပဲ တစ်ဆောင်တည်းပဲပေးနိုင်တာမျိုး ဖြစ်နိုင်ပါတယ်။ ဒါပေမယ့်လို့ ကျွန်မတိတိကျကျသိနိုင်အောင် စာဖြင့်ပြန်လည်ဖြေကြားပြီးပေးပါမယ်လို့ ဖြေကြားလို ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒေါ်ညွန့်ညွန့်ဌေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]။** ။ဗိုလ်မှူးသိန်းထူး မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၁) ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ စာဖြင့်ပြန်လည်ဖြေကြားမှုမှာ ကျန်ကျောင်း(၁) ဆောင်သည် ကျောင်းမျက်နှာစာဖြစ်နေသည့်အပြင် စာကြည့်တိုက်၊ ကျောင်းအုပ်ကြီးရုံးခန်း၊ လက်တွေ့ စမ်းသပ်ခန်းပါရှိသည့် ကျောင်းဆောင်ဖြစ်သော (၁၂၄×၃၂)ပေရှိသည့် ခရေဆောင်ကို အကြီးစား ပြင်ဆင်ရန် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်ဦးစီးပေးဖြင့် တင်ပြတောင်းခံသွားမည် ဖြစ်ပါသည်။

**ဒေါ်ညွန့်ညွန့်ဌေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]။** ။ဗိုလ်မှူးသိန်းထူး မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၂) ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ စာဖြင့်ပြန်လည်ဖြေကြားမှုမှာ နောင်လာမည့် ပညာသင်နှစ်တွင် (ဒသမတန်း) ကျောင်းသားများအတွက် (၉၀×၃၀)ပေ Steel Structure (၁)ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ရန် မြို့နယ်ဦးစီးပေးအမှတ်စဉ်(၁၁)ဖြင့် လျာထားတင်ပြပြီး ဖြစ်ရာ အမှန်တကယ်ခွဲဝေရရှိပါက ကျောင်းသားအင်အားနှင့် ကျောင်းဆောင်မှာ လုံလောက်မျှတမှု ရှိပါကြောင်း တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးကျော်ဇေယျ၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"အုတ်တွင်းမြို့နယ်၊ ပေါက်တောကျေးရွာအုပ်စု၊ ၁၆-၁၇ မိုင် ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အဆောက်အဦ ချထားပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်းနှင့်

(၂) **"အုတ်တွင်းမြို့နယ် ပညာရေးကဏ္ဍအတွက် ပညာရေးမှူး(၁)ဦး အမြန်ဆုံးခန့်ထား ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်ဇေယျ၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။**"အုတ်တွင်းမြို့နယ်၊ ပေါက်တောကျေးရွာအုပ်စု၊ ၁၆-၁၇ မိုင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အဆောက်အဦ ချထားပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ တောင်ပေါ်နေကျေးလက်ပြည်သူများ ကျန်းမာရေး အခက်အခဲများ ဖြေရှင်းပေးရန် အမှန်တကယ်လိုအပ်ပါသဖြင့် အုတ်တွင်းမြို့နယ် ပေါက်တောကျေးရွာအုပ်စု၊ ၁၆-၁၇မိုင် ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အဆောက်အဦ ချထားပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါသည်။

**ဦးကျော်ဇေယျ၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။**"အုတ်တွင်းမြို့နယ် ပညာရေးကဏ္ဍအတွက် ပညာရေးမှူး(၁)ဦး အမြန်ဆုံးခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ အုတ်တွင်းမြို့နယ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော မြို့နယ်ပညာရေးမှူးသည် (၁၆.၉.၂၀၁၉)ရက်နေ့တွင် ပင်စင်ယူသွားပါသဖြင့် လစ်လပ်လျက်ရှိနေသည်မှာ (၃)လခန့်ကြာမြင့်နေပြီဖြစ်ပြီး လက်ရှိ တာဝန်ထမ်းဆောင်နေသော ဒုတိယပညာရေးမှူး(၂)ဦးမှာလည်း အပြောင်းအရွှေ့ အမိန့်ကျပြီ ဖြစ်ပါသောကြောင့် လစ်လပ်လျက်ရှိသော မြို့နယ်ပညာရေးမှူး(၁)ဦး အရေးပေါ်လိုအပ်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အမြန်ဆုံးခန့်ထားပေးပါရန် အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးကျော်ဇေယျ မေးမြန်းသည့် မေးခွန်း(၂)ခုအား လူမှုရေးဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ညွန့်ညွန့်ဌေး[ဝန်ကြီး၊လူမှုရေးဝန်ကြီးဌာန]။** ။ဦးကျော်ဇေယျ၊ အုတ်တွင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"အုတ်တွင်းမြို့နယ်၊ ပေါက်တောကျေးရွာအုပ်စု၊ ၁၆-၁၇ မိုင် ကျေးရွာတွင် ကျေးလက် ကျန်းမာရေးဌာန(ခွဲ) အဆောက်အဦ ချထားပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားပေးမှာဖြစ်ပါတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကျေးလက်နေ

ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိရာ လူဦးရေ (၁၀၀၀၀မှ ၁၂၀၀၀)ရှိလျှင် ကျေးလက်ကျန်းမာရေးဌာနအဖြစ်လည်းကောင်း၊ လူဦးရေ (၂၀၀၀မှ ၃၀၀၀) ရှိလျှင် ကျေးလက်ကျန်းမာရေးဌာနခွဲအဖြစ်လည်းကောင်း ဖွင့်လှစ်ပေးမည့်မူဝါဒများချမှတ် အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ပေါက်တောကျေးရွာအုပ်စု၊ ၁၆-၁၇မိုင်ကျေးရွာတွင်လူဦးရေ (၁၇၁၀)ဦး၊အိမ်ခြေ (၃၆၂)အိမ်ရှိ ပါသည်။ ၁၆-၁၇မိုင်ကျေးရွာသည် အုတ်တွင်းမြို့နယ်ဆေးရုံနှင့်(၂၆)မိုင်ခန့်၊ ၂၀-မိုင်ကျေးလက် ကျန်းမာရေးဌာနခွဲနှင့် (၇)မိုင်ခန့်ကွာဝေးပါသည်။

သို့ဖြစ်ပါ၍ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲများ အသစ်တောင်း ဆိုပါက တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တိုက်ရိုက်ခွင့်ပြုနိုင်ခြင်းမရှိဘဲ ကျန်းမာရေး နှင့်အားကစားဝန်ကြီးဌာနမှသာ ခွင့်ပြုနိုင်မည်ဖြစ်ပါ၍ ပူးတွဲပါအချက်အလက်များနှင့် ကိုက်ညီမှုရှိရ မည်ဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။ ကိုက်ညီမှသာလျှင် တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် ဆက်လက်ပြီးတင်ပြပေးနိုင်မည်ဖြစ်ပါကြောင်းကိုလည်း ထပ်လောင်းတင်ပြပါတယ်။

**ဒေါ်ညွန့်ညွန့်ဌေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]။** ။ဦးကျော်ဇေယျ၊ အုတ်တွင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **“အုတ်တွင်းမြို့နယ် ပညာရေးကဏ္ဍအတွက် ပညာရေးမှူး(၁)ဦး အမြန်ဆုံး ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားပေးမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်တွင် မြို့နယ်ပညာရေးမှူး သက်ပြည့်အငြိမ်းစားယူသည့်အတွက် လစ်လပ်လျက်ရှိသော မြို့နယ်ပညာရေးမှူး ရာထူးအတွက် အခြေခံပညာဦးစီးဌာနမှ မြို့နယ်ပညာ ရေးမှူး အပြောင်းအရွှေ့/ ရာထူးပြောင်း/ ရာထူးတိုးများဆောင်ရွက်သည့်အခါတွင် ဖြည့်ဆည်း ခန့်ထား ပေးသွားနိုင်မည်ဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။ ချက်ချင်းခန့်စရာရာထူးတူများ မရှိနိုင် သေးသဖြင့် ဒီအစီအစဉ်ကို ဆောင်ရွက်ပြီးမှသာလျှင် ဖြည့်ဆည်းခန့်ထားပေးနိုင်မှာဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဦးကျော်ဇေယျ၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်စဉ်(၁)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား- မေးခွန်း အမှတ်စဉ်(၁)နှင့်ပတ်သက်၍ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးကျော်ဇေယျ၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား- မူဝါဒအရဆိုလို့ရှိလျှင် ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခု ဖွင့်ဖို့ဆိုလျှင် လူဦးရေ (၂၀၀၀မှ၃၀၀၀)ရှိမှသာလျှင် ခွင့်ပြုလို့ရမှာဖြစ်ပါတယ်။ သို့သော်လည်း ကျွန်တော်တင်ပြတဲ့

နေရာဆိုလို့ရှိလျှင် လူဦးရေအားဖြင့် (၁၇၁၀)ရှိပါတယ်။ သူ့မူဝါဒနဲ့ဆိုရင် (၂၉၀)ဦး လိုအပ်နေတာ ဖြစ်ပါတယ်။ သို့သော်လည်း တောင်ပေါ်နေပြည်သူများနှင့် မြေပြန့်နေပြည်သူများဟာ အင်မတန်မှ ကွာခြားလှပါတယ်။ လမ်းပန်းဆက်သွယ်ရေးအရသော်လည်းကောင်း၊ ပထဝီအနေအထားအရသော် လည်းကောင်း၊ ကျေးလက်ပညာဗဟုသုတရှိမှု၊ ကျန်းမာရေးဗဟုသုတရရှိမှု အနေအထားပေါ်သော် လည်းကောင်း မြေပြန့်နဲ့အင်မတန်မှ ကွာခြားလှပါတယ်။ ဒါကြောင့်မို့လို့ မသေသင့်ဘဲနဲ့ သာမန် ဖြစ်စဉ်ဖြစ်တဲ့ မီးဖွားရာအရသော်လည်းကောင်း၊ သာမန်ဥတုဖျားအရသော် လည်းကောင်း၊ အကြောင်း အမျိုးမျိုးကြောင့် အသက်ဆုံးရှုံးမှုအန္တရာယ်တွေမှ ကာကွယ်ပေးနိုင်ရန်အတွက် ဒီတောင်ပေါ်ကျေးရွာကို ခြွင်းချက်အနေနဲ့ ခွင့်ပြုပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ဦးကျော်ဇေယျ မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)နှင့်စပ်လျဉ်းသည့် ဆက်စပ် မေးခွန်းကို လူမှုရေးဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ညွန့်ညွန့်ဌေး[ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]။** ။ဦးကျော်ဇေယျ ဆက်စပ်မေးခွန်းမေးတဲ့ မေးခွန်းအရဆိုလျှင် ဒီကျေးလက်ကျန်းမာရေးဌာနခွဲကို အသစ်တောင်းဆိုတဲ့နေရာမှာ တင်ပြတောင်းခံ ထားပြီးဖြစ်တယ်ဆိုလျှင် ဘယ်နေ့၊ ဘယ်ရက်က တင်ပြထားတယ်ဆိုတဲ့အကြောင်းအရာလေးကို ပြောပေးပါ။ ပြီးတဲ့အခါမှာ ကျွန်မထပ်ဆင့်၍ တိုက်တွန်းပြီးတော့မှ တင်ပြတောင်းခံဖို့ စာတင်ခိုင်း ပါမယ်။ ဆက်လက်ပြီးတော့ တင်ပြခိုင်းပါမယ်။ ပြီးတဲ့အခါမှာ တင်ပြတဲ့စာကိုလည်းပဲ ကိုယ်စား လှယ်ကြီးထံကို မိတ္တူပြန်လည်ပေးပို့ပေးမည်ဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးရန် အမည်စာရင်းအဆိုပြုတင်သွင်းထားသော ပုဂ္ဂိုလ်နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ၏ကိုယ်စား ရေးရာကော်မတီအတွင်းရေးမှူး ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က ဥပဒေကြောင်းအရ ထောက်ခံဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးရန် အမည်စာရင်းအဆိုပြုတင်သွင်းထားသောပုဂ္ဂိုလ်နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော် တရားဥပဒေ

စိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ၏ကိုယ်စား ရေးရာကော်မတီအတွင်းရေးမှူး ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က ဥပဒေကြောင်းအရ ထောက်ခံဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့)သို့ တက်ရောက်လာကြပါသော ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၊ အကြံပေးပုဂ္ဂိုလ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းကျော် ဖြစ်ပါတယ်။ ကျွန်တော်တင်ပြဆွေးနွေးသွားမဲ့ အကြောင်းအရာကတော့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ် နိုင်ရန် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့) (၉.၁၂.၂၀၁၉) ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော်သို့ အမည်စာရင်းတင်သွင်းလာသော မကွေးတိုင်း ဒေသကြီး ပခုက္ကူခရိုင်တရားရုံး ခရိုင်တရားသူကြီး ဒေါ်အေးအေးသန့်အား တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်း ကော်မတီကိုယ်စား ဥပဒေကြောင်းအရ ထောက်ခံဆွေးနွေး တင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားသူကြီးများခန့်အပ်ခြင်းနှင့်ပတ်သက်၍ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၂)တွင် တိုင်းဒေသကြီး တရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တွင် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် အပါအဝင် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများ သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ ဦးရေ အနည်းဆုံးသုံးဦးမှ အများဆုံးခုနှစ်ဦးအထိ ခန့်အပ်နိုင်သည်ဟု ပြဋ္ဌာန်းထားရှိပါသည်။

ပုဒ်မ ၃၀၈ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၁)တွင် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စု တရားသူကြီးချုပ်၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်တို့နှင့် ညှိနှိုင်းပြီး သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်ရန် အမည်စာရင်းကိုပြုစု၍ ယင်းအမည်စာရင်းကိုလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ညှိနှိုင်းပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ်ခန့်အပ်ရန် အမည်စာရင်းကိုပြုစု၍

ယင်းအမည်စာရင်းများကိုလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ ပေးပို့ရမည်ဟုလည်းကောင်း၊ ပုဒ်မ ၃၀၈ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၂)တွင် ပုဒ်မ ၃၁၀ တွင် သတ်မှတ်ထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီး၏ အရည်အချင်းများနှင့် မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် နိုင်ငံတော်သမ္မတက ပြည်ထောင်စုတရား သူကြီးချုပ်၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားသူကြီးချုပ် တို့နှင့်ညှိနှိုင်းပြီး သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးချုပ်အဖြစ် ခန့်အပ်ရန်လည်းကောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က ပြည်ထောင်စုတရားသူကြီးချုပ်နှင့်ညှိနှိုင်းပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်ရန်လည်းကောင်း အမည်စာရင်းပေးပို့သူများကို ငြင်းပယ်ခွင့်မရှိစေရဟုလည်းကောင်း၊ ပုဒ်မ၃၀၈ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၃)တွင် ပုဒ်မခွဲငယ်(၂)အရ ငြင်းပယ်ခြင်းခံရသော ပုဂ္ဂိုလ်များအစား အမည်စာရင်းသစ်ကို သတ်မှတ်ထားသည့်အတိုင်း ထပ်မံတင်သွင်းခွင့်ရှိသည်ဟုလည်းကောင်း၊ ပုဒ်မ ၃၀၈ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၄)တွင် နိုင်ငံတော်သမ္မတသည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က သဘောတူညီသူများကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ်လည်းကောင်း ခန့်အပ်ရမည်ဟု လည်းကောင်း ပြဋ္ဌာန်းပါရှိပါသည်။

ပုဒ်မ ၃၀၉ ပုဒ်မခွဲ(က)တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများသည် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရမည်ဟုလည်းကောင်း၊ ပုဒ်မ ၃၀၉ ပုဒ်မခွဲ(က)တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများသည် နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ တည်ဆဲဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ အငြိမ်းစားယူပြီး ဖြစ်သည်ဟု မှတ်ယူရမည်ဟု လည်းကောင်း ပြဋ္ဌာန်းပါရှိပါသည်။

တိုင်းဒေသကြီး တရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များနှင့် တိုင်းဒေသကြီး တရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီး များ၏ အရည်အချင်းများနှင့်ပတ်သက်၍ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၁၀ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းပါရှိပါသည်-

- အသက် ၄၅ နှစ်ထက်မငယ်၊ အသက် ၆၅ နှစ်ထက်မကြီးသူ၊

- အသက်ကန့်သတ်ချက်မှအပ ပုဒ်မ ၁၂၀ တွင် ဖော်ပြထားသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့်ပြည့်စုံသူ၊
- ပုဒ်မ ၁၂၁ တွင် ဖော်ပြထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိစေသော ပြဋ္ဌာန်းချက်များနှင့်လည်း ငြိစွန်းခြင်းမရှိသူ။
- (၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ထက်မနိမ့်သော တရားရေးအရာရှိ သို့မဟုတ် ဥပဒေအရာရှိရာထူးတွင် အနည်းဆုံးငါးနှစ်တာဝန်ထမ်းဆောင်ခဲ့သူ သိုမဟုတ် ခရိုင်အဆင့်ထက်မနိမ့်သော တရားရေးအရာရှိ သို့မဟုတ် ဥပဒေအရာရှိရာထူးတွင် အနည်းဆုံး ၁၀ နှစ် တာဝန်ထမ်းဆောင်ခဲ့သူ သို့မဟုတ်
  (၂) တရားလွှတ်တော်ရှေ့နေအဖြစ် အနည်းဆုံး ၁၅ နှစ် အမှုလိုက်ပါဆောင်ရွက် ခဲ့သူ သို့မဟုတ်
  (၃) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ် နိုင်ငံတော်သမ္မတယူဆသူ၊
- နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ် သစ္စာရှိသူ၊
- နိုင်ငံရေးပါတီဝင်မဟုတ်သူ၊
- လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူ၊

၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀ တွင် ဖော်ပြထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသော အရည်အချင်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

- အသက် ၂၅ နှစ် ပြည့်ပြီးသူ၊
- နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသောနိုင်ငံသားဖြစ်သူ၊
- ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံရသည့်အချိန်နှင့် တစ်ဆက်တည်းပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အနည်းဆုံး၁၀နှစ် အခြေချနေထိုင် ခဲ့သူ၊
- ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေတွင် သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံသူဟု ပြဋ္ဌာန်းပါရှိသည်။

ပုဒ်မ ၁၂၁ တွင် ဖော်ပြထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိစေသောပြဋ္ဌာန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

- ပြစ်မှုတစ်ခုခုကိုကျူးလွန်သဖြင့် သက်ဆိုင်ရာတရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းခံရ၍ ထောင်ဒဏ်ကျခံနေရသူ၊
- ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာမတည်မီကဖြစ်စေ၊ အာဏာတည်ပြီးမှဖြစ်စေ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အရည်အချင်းပျက်ယွင်းစေသည့် ပြစ်မှုဖြင့် ပြစ်ဒဏ်ချမှတ်

ခံရခြင်းအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်သည့်ကာလ ကုန်ဆုံးခြင်းမရှိသေးသူ။

- စိတ်ပေါ့သွပ်သည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊
- လူမွဲအဖြစ်သက်ဆိုင်ရာတရားရုံး၏ ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရ သေးသူ၊
- နိုင်ငံခြားအစိုးရ၏ကျေးဇူးသစ္စာကို ခံယူစောင့်ရှောက်ရှိသေသူ သို့မဟုတ် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ သို့မဟုတ် တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူ၊
- နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူသော်လည်းကောင်း တိုင်းတစ်ပါး၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသော အခွင့်အရေးများ သို့မဟုတ် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူ၊
- နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းများမှ ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်း စသည်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ၊ အထောက်အပံ့ရယူသုံးစွဲသူ သို့မဟုတ် ယင်းသို့အထောက်အပံ့ရယူသုံးစွဲသည့် အဖွဲ့အစည်းဝင်ဖြစ်သူ၊
- နိုင်ငံရေးကိစ္စအတွက် ဘာသာရေးကိုအကြောင်းပြု၍ ဆန္ဒမဲပေးရန်သော်လည်းကောင်း၊ ဆန္ဒမဲမပေးရန်သော်လည်းကောင်း၊ ပြောဆိုခြင်း၊ ဟောပြောခြင်း၊ ကြေညာချက်ထုတ်ပြန်ခြင်းနှင့် ယင်းသို့ပြုလုပ်ရန် အားပေးလှုံ့ဆော်ခြင်းပြုသူ သို့မဟုတ် ယင်းသို့ပြုလုပ်သည့်အဖွဲ့အစည်းဝင်ဖြစ်သူ။
- သာသနာ့ဝန်ထမ်း၊
- နိုင်ငံ့ဝန်ထမ်း၊

ခြွင်းချက်။ ယင်းစကားရပ်သည်-

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော လွှတ်တော်များနှင့် အဖွဲ့အစည်းများတွင် ရွေးချယ်ခန့်အပ်ခြင်းခံရသည့် တပ်မတော်သားများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်မသက်ဆိုင်စေရ။

- နိုင်ငံတော်ပိုင် ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်း စသည်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ ရယူသုံးစွဲသူ သို့မဟုတ် ယင်းသို့ရယူသုံးစွဲသည့် အဖွဲ့အစည်းဝင်ဖြစ်သူ၊

ခြွင်းချက်။ - နိုင်ငံတော်ပိုင်ငွေကြေးဟူသော စကားရပ်တွင် အငြိမ်းစား လစာ၊ စရိတ်၊ ငွေကြေးသော်လည်းကောင်း၊ နိုင်ငံတော် အကျိုး အတွက် ဆောင်ရွက်သဖြင့် နိုင်ငံတော်က တရားဝင်ထောက်ပံ့ ချီးမြှင့်ထားသော လစာ၊ စရိတ်၊ ငွေကြေးသော်လည်းကောင်း မပါဝင်၊

- နိုင်ငံတော်ပိုင်မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းဟူသောစကားရပ်တွင် ဥပဒေတစ်ရပ်ရပ် အရသော်လည်းကောင်း၊ တာဝန်အရသော်လည်းကောင်း၊ နိုင်ငံတော်က သုံးစွဲခွင့်ပြုထားသော သို့မဟုတ် နိုင်ငံတော်ထံမှ အခကြေးငွေဖြင့် ငှားရမ်းသုံးစွဲသော နိုင်ငံတော် ပိုင်မြေ၊ အိမ်၊ အဆောက်အအုံနှင့် အခန်းများ၊ အခြား အဆောက်အအုံနှင့်အခန်းများ၊ နိုင်ငံတော်ပိုင် လေယာဉ်၊ ရထား၊ သင်္ဘော၊ မော်တော်ယာဉ်၊ ပစ္စည်း စသည် များမပါဝင်။

- ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာမတည်မီကဖြစ်စေ၊ အာဏာတည်ပြီးမှဖြစ်စေ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အရည်အချင်းပျက်ယွင်းစေသည့် ရွေးကောက်ပွဲဆိုင်ရာ တရားမဲ့ပြုကျင့်မှုကျူးလွန်ခြင်းကြောင့် သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာဥပဒေနှင့် အညီ ဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်ထားသည့် ကာလ ကုန်ဆုံးခြင်းမရှိသေးသူဟု ပြဋ္ဌာန်းထားပါသည်။

လေးစားအပ်ပါသာ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်နိုင်ရန်၂၀၁၉ခုနှစ် နိုဝင်ဘာလ ၁၉ ရက်စွဲပါစာအမှတ်၊ ၅/၁-၁၅/ဦး၁(၁၁၇၇၁)ဖြင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော်သို့ အမည်စာရင်း ပေးပို့လာပြီး ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့) (၉.၁၂.၂၀၁၉)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခဲ့သော မကွေးတိုင်း ဒေသကြီး ပခုက္ကူခရိုင်တရားရုံး ခရိုင်တရားသူကြီး ဒေါ်အေးအေးသန့်အား (၉.၁၃.၂၀၁၉)ရက်နေ့တွင် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီမှ ရေးရာကော်မတီ ရုံးခန်းတွင် ခေါ်ယူတွေ့ဆုံပြီး ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀၊ ၁၂၁၊ ၃၀၈၊ ၃၀၉နှင့် ၃၁၀ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ခဲ့ပါသည်။ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်မည့် ဒေါ်အေးအေးသန့်သည် ပုဒ်မ ၁၂၀ ပါ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အချင်းများနှင့် ပြည့်စုံပြီး ပုဒ်မ ၁၂၁ ပါ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိခြင်း ဟူသော သတ်မှတ်ချက်များ နှင့်လည်း ငြိစွန်းခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါသည်။ ထို့အပြင် ပုဒ်မ ၃၀၉ ပုဒ်မခွဲ(က)ပါ ပါတီနိုင်ငံရေးကင်းရှင်းရမည်ဟူသော သတ်မှတ်ချက်နှင့်လည်း ကိုက်ညီမှုရှိပြီး ပုဒ်မ ၃၁၀ ပါ တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီး များ၏ အရည်အချင်းများနှင့် ပြည့်စုံကြောင်း စိစစ်တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ပုဒ်မ ၃၀၈ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၁)အရ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က အမည်စာရင်းတင်သွင်းလာသော မကွေးတိုင်း ဒေသကြီး ပခုက္ကူခရိုင်တရားရုံး ခရိုင်တရားသူကြီး ဒေါ်အေးအေးသန့်သည် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံ

အခြေခံဥပဒေပြဋ္ဌာန်းချက်များပါ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီကြောင်း တရားဥပဒေ စိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီကိုယ်စား ထောက်ခံတင်ပြအပ်ပါသည်။

**ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က အဆိုပြုတင်သွင်းခဲ့သည့် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ခန့်အပ်တာဝန်ပေးအပ်နိုင်ရေးအတွက် အမည်စာရင်းအဆိုပြု တင်သွင်းခဲ့မှုအပေါ် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူမှာဖြစ်၍ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

[သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်က သဘောမတူသူမရှိပါ။]

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်အားလုံးကသဘောတူသည့်အတွက် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးအဖြစ် ဒေါ်အေးအေးသန့် (ဘ)ဗိုလ်ကြီးသိန်းဇန်၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်၊ ၇/ပခန (နိုင်) ၀၂၆၂၂၇ အား လွှတ်တော်မှ အတည်ပြုကြောင်း ကြေညာပါတယ်။

**ပဲခူးတိုင်းဒေသကြီးလွှတ်တော် စည်ပင်သာယာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစီရင်ခံစာကို ရေးရာကော်မတီအဖွဲ့ဝင် ဦးမျိုးမြင့်အောင်၊ သနပ်ပင် မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) က တိုင်းဒေသကြီး လွှတ်တော်သို့ တင်သွင်းခြင်း**

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီး လွှတ်တော် စည်ပင်သာယာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအစီရင်ခံစာကို ရေးရာ ကော်မတီအဖွဲ့ဝင် ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က တိုင်းဒေသကြီး လွှတ်တော်သို့ တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်စည်ပင်သာယာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့်အစီရင်ခံစာ (၃/၂၀၁၉)

**နိဒါန်း**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စည်ပင်သာယာရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် မိမိတို့ရေးရာကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များနှင့်အညီ တိုင်းဒေသကြီးအတွင်း စည်ပင်သာယာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တစ်စိုက်မတ်မတ် အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ဤအစီရင်ခံသည့်ကာလအတွင်း ကော်မတီအနေဖြင့် မိမိတို့အား တာဝန်ပေးအပ်ထားသည့် တိုင်းဒေသကြီးအစိုးရမှ လွှတ်တော်သို့ ပေးပို့လာ သည့် နည်းဥပဒေ(မူကြမ်း)များကို အဓိကထား ဦးစားပေးဆွေးနွေးခဲ့ကြပါသည်။

**ရည်ရွယ်ချက်**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စည်ပင်သာယာရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် စည်ပင်သာယာရေး ပစ္စည်းခွန်စည်းကြပ်ကောက်ခံခြင်းဆိုင်ရာ နည်းဥပဒေ(မူကြမ်း)၊ စားသောက်ဖွယ်ရာများဆိုင်ရာ နည်းဥပဒေ(မူကြမ်း)နှင့် အဆောက်အဦများ ဆောက်လုပ်ခြင်းဆိုင်ရာ နည်းဥပဒေ(မူကြမ်း)များကို ဆွေးနွေးရန် ရည်ရွယ်ပါသည်။

**အစီရင်ခံသည့်ကာလအတွင်း ကော်မတီ၏ဆောင်ရွက်ချက်များ**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စည်ပင်သာယာရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် တင်ပြပါကာလအတွင်း အောက်ပါလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်-

- (၂၁.၁၀.၂၀၁၉)ရက်နေ့မှ (၂၅.၁၀.၂၀၁၉)ရက်နေ့အထိ အစည်းအဝေးအမှတ်စဉ် (၂၃/၂၀၁၉)ကို ကျင်းပပြုလုပ်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးနည်းဥပဒေဖြစ်သည့် အဆောက်အဦများဆောက်လုပ်ခြင်းဆိုင်ရာ နည်းဥပဒေ(မူကြမ်း)မှ အခန်း(၁) အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက်မှစ၍ အခန်း(၅) အဆောက်အဦများ ပြင်ဆင်ခြင်းကို တားမြစ်ခြင်းအခန်းအထိ တစ်ခန်းချင်း၊ တစ်ပိုဒ်ချင်းအလိုက် ဆွေးနွေးခဲ့ပါသည်။
- (၄.၁၁.၂၀၁၉)ရက်နေ့မှ (၈.၁၁.၂၀၁၉)ရက်နေ့အထိ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၂၄/၂၀၁၉)ကို ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးနည်းဥပဒေဖြစ်သည့် စားသောက်ဖွယ်ရာများဆိုင်ရာ နည်းဥပဒေ(မူကြမ်း)ကို အခန်း(၁)မှအခန်း(၃)အထိ တစ်ခန်းချင်းအလိုက်ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ နောက်ဆက်တွဲပုံစံများနှင့်ပတ်သက်၍ ပြင်ဆင်ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း များကို ဆွေးနွေးခဲ့ကြပါသည်။
- (၁၅.၁၁.၂၀၁၉)ရက်နေ့မှ (၂၂.၁၁.၂၀၁၉)ရက်နေ့အထိ အစည်းအဝေးအမှတ်စဉ် (၂၅/၂၀၁၉)ကို ကျင်းပပြုလုပ်ခဲ့ပြီး စားသောက်ဖွယ်ရာများဆိုင်ရာ နည်းဥပဒေ(မူကြမ်း)နှင့် ပစ္စည်းခွန်စည်းကြပ်ကောက်ခံခြင်းဆိုင်ရာ နည်းဥပဒေ(မူကြမ်း)များကို ပြင်ဆင် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းများ ဆွေးနွေးခဲ့ကြပါသည်။

- (၂၅.၁၁.၂၀၁၉)ရက်နေ့မှ (၂၆.၁၁.၂၀၁၉)ရက်နေ့အထိ ပဲခူးတိုင်းဒေသကြီး လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီနှင့်ပူးပေါင်း၍ စည်ပင်သာယာရေး ပစ္စည်းခွန်စည်းကြပ်ကောက်ခံခြင်းဆိုင်ရာ နည်းဥပဒေများ(မူကြမ်း)ကို ပြင်ဆင်ဖြည့်စွက် ခြင်း၊ ပယ်ဖျက်ခြင်းများ ဆွေးနွေးခဲ့ကြပါသည်။
- (၂၇.၁၁.၂၀၁၉)ရက်နေ့တွင် ကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၂၆/၂၀၁၉)ကို ကျင်းပပြုလုပ်ခဲ့ပြီး ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် တင်သွင်းမည့် ကော်မတီ၏အစီရင်ခံစာကို ဆွေးနွေးခဲ့ကြ ပါသည်။
- (၅.၁၂.၂၀၁၉)ရက်နေ့နှင့် (၆.၁၂.၂၀၁၉)ရက်နေ့များတွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့်ဥပဒေကြမ်းကော်မတီနှင့် ပူးပေါင်း၍ စည်ပင်သာယာရေး ပစ္စည်း ခွန်စည်းကြပ်ကောက်ခံခြင်းဆိုင်ရာနည်းဥပဒေများ(မူကြမ်း)ကို ပြင်ဆင်ဖြည့်စွက် ခြင်း၊ ပယ်ဖျက်ခြင်းများ ဆွေးနွေးခဲ့ကြပါသည်။

**အစီရင်ခံသည့်ကာလအတွင်း ကော်မတီ၏တွေ့ရှိချက်များ**

အမှိုက်ခွဲခြားသန့်စင်စက်အပါအဝင် အမှိုက်ခြေဖျက်စက်ရုံတည်ဆောက်ခြင်းအတွက် ပဲခူး တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ (၂၀၁၇-၂၀၁၈)ခု ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေမှ ငွေကျပ်(၂၂၅၈.၀၈) သိန်း၊ (၂၀၁၈-၂၀၁၉)ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အထွေထွေပိုလျှံရန်ပုံငွေမှ သိုလှောင်ရုံအမိုးမိုးရန် ခွင့်ပြုငွေကျပ်(၈၅)သိန်း၊ (၂၀၁၉-၂၀၂၀)ခု ဘဏ္ဍာရေးနှစ်တွင် စည်ပင် သာယာရေးအဖွဲ့၊ သာမန်အသုံးစရိတ်မှ သံဖရိန်လိုင်းပြုပြင်ရန် ကျပ်သိန်း(၄၀)နှင့် လျှပ်စစ်ကြိုးပြုပြင် ရန် သိန်း(၂၀)၊ စုစုပေါင်းငွေ ကျပ်(၂၄၀၃.၀၈)သိန်း ခွင့်ပြုပေးထားခဲ့သော်လည်း ယင်းစက်ရုံမှာ ရပ်နား ထားကြောင်း တွေ့ရှိရပါသည်။

ပစ္စည်းခွန်စည်းကြပ်ကောက်ခံခြင်းဆိုင်ရာနည်းဥပဒေ၊ စားသောက်ဖွယ်ရာများဆိုင်ရာ နည်းဥပဒေ၊ အဆောက်အဦများဆောက်လုပ်ခြင်းဆိုင်ရာ နည်းဥပဒေ(၃)ခုအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရေးဆွဲ၍ ပဲခူးတိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြထားပြီး ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ ပစ္စည်းခွန် စည်းကြပ်ကောက်ခံခြင်းဆိုင်ရာနည်းဥပဒေ၊ စားသောက်ဖွယ်ရာများဆိုင်ရာ နည်းဥပဒေ(၂)ခုအား ပြင်ဆင်ရမည့်အချက်များ၊ ထပ်မံထည့်သွင်းရမည့်အချက်များ တွေ့ရှိရသဖြင့် ပြင်ဆင်ရန်တင်ပြခဲ့ပြီး ပဲခူးတိုင်းဒေသကြီးလွှတ်တော် စည်ပင်သာယာရေးလုပ်ငန်းများဖွံ့ဖြိုး တိုးတက်ရေးကော်မတီနှင့် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့တို့မှ နည်းဥပဒေအား ပြင်ဆင်ရေးဆွဲလျက်ရှိကြောင်း တွေ့ရှိရပါသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များတွင် ဆောင်ရွက်နေသည့် အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းမှာ မြို့နယ်အားလုံးနီးပါး စိန်ခေါ်မှုတစ်ခုအဖြစ် ကြုံတွေ့နေရပြီး ဝင်ငွေ၊

ထွက်ငွေအရ အရှုံးပေါ်နေသည့်လုပ်ငန်းတစ်ခုဖြစ်ကာ ယခုလက်ရှိကာလတွင် ပဲခူးမြို့၊ ပြည်မြို့တို့တွင် ပုဂ္ဂလိကအမှိုက်သိမ်းစနစ်အား Pilot Project အဖြစ် လုပ်ဆောင်ခွင့်ပြုထားကြောင်း တွေ့ရှိရပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့အသီးသီးမှ လက်ရှိကောက်ခံလျက်ရှိသည့် ဘီးခွန်များမှာ ယာဉ်အမျိုးအစားတူညီသော်လည်း မြို့နယ်အလိုက် ကောက်ခံသည့်နှုန်းထားများမှာ အမျိုးမျိုးကွဲပြားနေခြင်း၊ အချို့သောမြို့နယ်များတွင် ကောက်ခံသည့်နှုန်းထားမှာ ခေတ်ကာလနှင့် မလျော်ညီဘဲ နည်းပါးနေခြင်းများ တွေ့ရှိရပါသည်။

ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့က စည်ပင်သာယာရေးဆိုင်ရာ အခွန်အခများ ကောက်ခံရာတွင် ကောက်ခံရသည့်နယ်မြေအကျယ်အဝန်းနှင့် အခွန်ကောက်ဝန်ထမ်းအင်အား လုံလောက်မှုမရှိခြင်း၊ အခွန်ကောက်ဝန်ထမ်းမဟုတ်သော အခြားဝန်ထမ်းများအား အသုံးပြုနေရမှုများကြောင့် အချိန်ကုန်လူပန်းပြီး ထိရောက်မှုမရှိခြင်း၊ မလိုလားအပ်သည့် အုပ်ချုပ်မှုပြဿနာများ ဖြစ်ပေါ်နိုင်ခြင်းများ တွေ့ရှိရပါသည်။

**အစီရင်ခံသည့်ကာလအတွင်း ကော်မတီ၏အကြံပြုတင်ပြချက်များ**

အမှိုက်ခွဲခြားသန့်စင်စက် အပါအဝင် အမှိုက်ခြေဖျက်စက်ရုံအား စဉ်ဆက်မပြတ် အသုံးပြုနိုင် ရေးနည်းလမ်းများသုံးသပ်ရှာဖွေပြီး ဖော်ဆောင်လုပ်ကိုင်သင့်ကြောင်း အကြံပြုအပ်ပါသည် ။

By Lawများအား နည်းဥပဒေ(မူကြမ်း)အဖြစ် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရေးဆွဲတင်ပြရာ တွင် ခေတ်၊စနစ်နှင့် လျော်ညီသော၊ ပြည်သူအတွက် အကျိုးရှိပြီး ဌာနဆိုင်ရာများ၏ မူဝါဒများကို အထောက်အကူပြုသော နည်းဥပဒေများ ဆောလျင်စွာ ပြဋ္ဌာန်းနိုင်ရေးအတွက် ဌာနမှ ဥပဒေ / မူဝါဒ ပိုင်းဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းများ၊ ကျွမ်းကျင်ပညာရှင်များ၊ အကြံပေးများနှင့် ညှိနှိုင်းတိုင်ပင်ရေးဆွဲနိုင်ရေးနှင့် နည်းဥပဒေများ အသစ်ရေးဆွဲခြင်းသာမက ပြင်ဆင်ရေးဆွဲရမည့် ဥပဒေ၊ နည်းဥပဒေများ အတွက်ပါ ကြိုတင်လျာထားနိုင်ရေး အကြံပြုအပ်ပါသည်။

ပဲခူးမြို့နှင့်ပြည်မြို့များတွင် ပုဂ္ဂလိကအမှိုက်သိမ်းခြင်းစနစ်နှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်ချက်များအပေါ်အခြေခံ၍ တွေ့ရှိရသော အားသာချက်၊ အားနည်းချက်များအား လေ့လာဖော်ထုတ်ခြင်း၊ လုပ်ငန်းများပိုမိုအောင်မြင်အောင် ပံ့ပိုးပေးနိုင်မည့်/ ပံ့ပိုးပေးရမည့် အချက်အလက်များအား စိစစ်သုံးသပ်ခြင်းများဆောင်ရွက်၍ ဆောင်ရွက်ရန်ကျန်ရှိနေသည့် မြို့နယ်များအား ပြန်လည်ရှင်းလင်းချပြ၍ ဆောင်ရွက်စေခြင်း၊ ပုဂ္ဂလိကကုမ္ပဏီများနှင့် ချိတ်ဆက်ပေး၍ စည်းရုံးဆောင်ရွက်စေခြင်းများ ဆောင်ရွက်ပါက အမှိုက်များအား စနစ်တကျစီမံခန့်ခွဲနိုင်ကာ စည်ပင်သာယာရေးအဖွဲ့၏ ဝင်ငွေများ ပိုမိုတိုးတက်ရရှိနိုင်မည်ဖြစ်ကြောင်း အကြံပြုအပ်ပါသည်

မြို့နယ်အလိုက် ဘီးခွန်ကောက်ခံရာတွင် ယာဉ်အမျိုးအစားအလိုက် ကောက်ခံသည့်နှုန်းထားများ တစ်ပြေးညီဖြစ်စေရန်နှင့် ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနက ကောက်ခံရရှိနေသောမော်တော်ယာဉ် သက်တမ်းတိုးစာရင်းများပါ ယာဉ်စာရင်းများနှင့်ကွဲလွဲမှုမရှိစေရန် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာ

ရေးအဖွဲ့မှ စိစစ်ညွှန်ကြားပေးခြင်းများ ဆောင်ရွက်ပေးခြင်းဖြင့် ဘီးခွန်များပိုမိုတိုးတက်၍ ကောက်ခံရရှိနိုင်ကြောင်း အကြံပြုအပ်ပါသည်။

စည်ပင်သာယာရေးအဖွဲ့က စည်ပင်သာယာရေးဆိုင်ရာ အခွန်အခများ ကောက်ခံရာတွင် ပြည်သူတို့၏ စိတ်ပါဝင်စားမှု၊ ယုံကြည်ကိုးစားမှု၊ ပူးပေါင်းပါဝင်မှုများရရှိစေရန်၊ ငွေကြေးအလွဲသုံးစားမှုနှင့် ဝန်ထမ်းမလုံလောက်မှုစသည့် ပြဿနာများ မဖြစ်ပေါ်စေရန်၊ နေရာမရွေး၊ အချိန်မရွေး၊ လူတန်းစားမရွေး လွယ်ကူစွာအသုံးပြု၍ လုံခြုံစိတ်ချစွာ ပေးသွင်းနိုင်စေရန်တို့အတွက် ရည်ရွယ်ပြီး Phone Application အသုံးပြု၍ငွေပေးချေခြင်း (ဥပမာ- မြန်ခွန် စသည်)၊ Mobile Money အသုံးပြု၍ ငွေပေးချေခြင်း(ဥပမာ- WaveMoney၊ TrueMoney၊ KBZ Pay စသည်)တို့ကို ဝန်ထမ်းများအသုံးပြု၍ ကောက်ခံခြင်းအစား ပြောင်းလဲအသုံးပြုနိုင်ရေး အကြံပြုအပ်ပါသည်။

**ကော်မတီ၏ရှေ့လုပ်ငန်းစဉ်များ**

ဒုတိယအကြိမ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် စည်ပင်သာယာရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် အောက်ဖော်ပြပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်-

- တိုင်းဒေသကြီးအစိုးရအဖွဲ့က ပေးပို့လာသော အောက်ပါနည်းဥပဒေများကို ဆက်လက် ဆွေးနွေးသွားရန်-
    - စားသောက်ဖွယ်ရာများဆိုင်ရာနည်းဥပဒေ
    - အဆောက်အဦများ ဆောက်လုပ်ခြင်းဆိုင်ရာဥပဒေ
    - စာကြည့်တိုက်များဥပဒေ
    - ကုန်တင်ကုန်ချဥပဒေ
    - အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများဥပဒေ
- (၂၀၁၉ – ၂၀၂၀) ခု ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုခဲ့သော လုပ်ငန်းများကို မြို့နယ်များသို့ သွားရောက် ကွင်းဆင်းကြည့်ရှုသွားရန်၊
- ဆက်လက်ပြဋ္ဌာန်းမည့် ဥပဒေ၊ နည်းဥပဒေများအား လိုအပ်ပါက မြို့နယ်များသို့ သွားရောက်ကွင်းဆင်း၍ ပြည်သူ့အသံကြားနာပွဲများ ဆောင်ရွက်သွားရန်၊
- ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီလုပ်ငန်းများကို အလျဉ်းသင့်ပါက သွားရောက်လေ့လာသွားရန်၊

**နိဂုံး**

ဒုတိယအကြိမ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် စည်ပင်သာယာရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ ပေးအပ်ထားသည့် ဥပဒေပြုစုခြင်း၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများအား ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ခြင်း၊ စည်ပင်သာယာရေးအဖွဲ့များ၏ အရ/အသုံး ခန့်မှန်းခြေငွေစာရင်းများအား စိစစ်လျှော့ချခြင်း၊ ငြင်းပယ်ခြင်း

များကို အချိန်နှင့်တစ်ပြေးညီ ဖော်ဆောင်နေသကဲ့သို့ ပဲခူးတိုင်းဒေသကြီးအတွင်း စည်ပင်သာယာရေး လုပ်ငန်းများ စနစ်တကျအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပဲခူးတိုင်း ဒေသကြီး စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များနှင့် လက်တွဲ၍ ဆက်လက် ကြိုးစား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီး လွှတ်တော် စည်ပင်သာယာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ ယနေ့(၁၆:၀၀)နာရီထက် နောက်မကျစေဘဲ အမည်စာရင်းတင်သွင်းကြဖို့ ဖြစ်ပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့)ရပ်နားကြောင်းနှင့် အစည်းအဝေး (စတုတ္ထနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒုတိယအကြိမ် ပဲခူး တိုင်းဒေသကြီး လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို (၁၁:၄၅)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၂၀၁၉ခုနှစ် ဒီဇင်ဘာလ(၁၂)ရက် (ကြာသပတေးနေ့) နံနက်(၁၀:၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီခင်ဗျား။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# စတုတ္ထနေ့ မှတ်တမ်း
# ၁၃၈၁ ခုနှစ် နတ်တော်လပြည့်ကျော် ၁ ရက်
# ၂၀၁၉ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်
# (ကြာသပတေးနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို နံနက် (၁၀:၀၀)နာရီအချိန်၌ စတင် ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်ကဆောင်ရွက်ပြီး အခမ်းအနားမှူး အဖြစ် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ပဲခူးတိုင်း ဒေသကြီး လွှတ်တော်က ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒီကနေ့ကျင်းပတဲ့ ဒုတိယ အကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၆၃ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၈၂.၈၉ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက်ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ၄(ခ)အရ ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့) အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိ ကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။လေးစားအပ်ပါသော တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (စတုတ္ထနေ့)အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ခွင့်ပန်ကြားသွားမည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း[ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့]၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး လှမျိုးရွှေ[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဒေါ်ညွန့်ညွန့်ဌေး [ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်း [ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန]၊ ကဝမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ [ဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန]၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်နိုင် [ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန]၊ ပေါင်းတည်မြို့နယ်

မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦး [ဝန်ကြီး၊ လူဝင်မှု ကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန]၊ ကရင်တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စား လှယ် ဒေါ်နော်ပွယ်စေး၊ [ဝန်ကြီး၊ ကရင်တိုင်းရင်သားရေးရာဝန်ကြီးဌာန]၊ မိုးညိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကို၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်း၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသက်စိန်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရဲဝင်းထွန်းနှင့် ဗိုလ်မှူးပြည့်ဖြိုးဇော်တို့သည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် (၁၂.၁၂.၂၀၁၉)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ယင်းတို့(၁၃)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒီကနေ့ ပဲခူးတိုင်းဒေသကြီး လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၇၆)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ (၁၃)ဦး ဖြစ်ပါ တယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။လွှတ်တော်က အတည်ပြုတဲ့အတွက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုမှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခု လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက မေးမြန်းသည့် မေးခွန်း(၃)ခုသည် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က ဖြေကြားရမည့် မေးခွန်းများဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က ပြန်လည် ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီးအတွင်း တရားရုံးများတွင် မိတ္တူလျှောက်ထားရာ၌ သတ်မှတ်ရက်အတွင်း ချိန်းဆိုထားသည့်ရက်အတိုင်း ကြန့်ကြာမှုမရှိစေဘဲ မိတ္တူထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ **"ပဲခူးတိုင်းဒေသကြီးအတွင်း တရားရုံးများတွင် မိတ္တူလျှောက်ထားရာ၌ သတ်မှတ်ရက်အတွင်း ချိန်းဆို ထားသည့်ရက်အတိုင်း ကြန့်ကြာမှုမရှိစေဘဲ မိတ္တူထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တရားရုံးများတွင် အမှုသည်များအနေဖြင့် အမှုအခင်းဖြစ်ကြရာတွင် ဖြစ်ချင်၍မဟုတ်ဘဲ အကြောင်းအမျိုးမျိုးကြောင့် အမှုရင်ဆိုင်ကြရပါသည်။ ဤတွင် တရားရုံးများ၌ မိတ္တူမှန်၊ တာဝန်ခံမိတ္တူမှန်စသည်ဖြင့် လျှောက်ထားကြပါသည်။ လျှောက်ထားသူများသည် တရားရုံးအနီးမှလူများရှိသလို မြို့နယ်အစွန်အဖျားမှလူများ၊ တရားရုံးနှင့်ဝေးသောနေရာမှ လူများဖြစ်ကြပါသည်။ ဤတွင်ဥပမာ- (၁၄) ရက်နေ့ရမည်ချိန်းဆိုသဖြင့် ရုံးသို့လာရောက်သည့်အခါ ညနေမှတစ်ခေါက်ပြန်လာခိုင်းခြင်း၊ နောက်နေ့မှတစ်ခေါက်ပြန်လာခိုင်းခြင်း၊ (၃)ရက်ခန့်ကြာမှ ပြန်လာခိုင်းခြင်းစသည်ဖြင့် ချိန်းဆိုသောကြောင့် အမှုသည်များအနေဖြင့် အခက်အခဲဖြစ်ကြောင်း တင်ပြလာပါသည်။ တရားရုံးဝန်ထမ်းများအနေဖြင့်လည်းအမြန်ကူးခြင်း၊ ပုံမှန်ကူးခြင်းစသည်ဖြင့် သတ်မှတ်ရက်အတွင်းမိမိတို့ဘက်မှ အမှန်တကယ်ထုတ်ပေးနိုင်မည့်ရက်ကိုသာ ချိန်းဆိုသင့်ပါသည်။ ပိုက်ဆံပိုပေးလျှင် မြန်မြန်ရ၊ ပုံမှန်ပေးလျှင် ပြန်ချိန်းခြင်း၊ ထိုကဲ့သို့မဖြစ်စေရေးကြပ်မတ်ပေးရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီးအတွင်းတရားရုံးများတွင် မိတ္တူလျှောက်ထားရာ၌ သတ်မှတ်ရက်အတွင်းချိန်းဆိုထားသည့်ရက်အတိုင်း ကြန့်ကြာမှုမရှိစေဘဲမိတ္တူထုတ်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးကျော်မင်းစံ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်ပရဝဏ်နှင့် အဆောက်အဦများ၊ တရားခွင်များ၊ တရားရုံးများကို တရားရုံးများ၏ အင်္ဂါရပ်များနှင့်ညီညွတ်စေရန်အတွက် ပြုပြင်ထိန်းသိမ်းမှုများကို လုပ်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်မင်းစံ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ **"ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် ပရဝဏ်နှင့် အဆောက်အဦများ၊ တရားခွင်များ၊ တရားရုံးများကို တရားရုံးများ၏ အင်္ဂါရပ်များနှင့် ညီညွတ်စေရန်အတွက် ပြုပြင်ထိန်းသိမ်းမှုများကို လုပ်ဆောင်ပေးရန် အစီအစဉ်ရှိ/မရှိ"နှင့်** စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်ပရဝဏ်နှင့် သက်ဆိုင်ရာခရိုင်တရားရုံးများ၊ မြို့နယ် တရားရုံး များသည် ယခုအခါတွင် ဝန်နှင့်အား မမျှဘဲ တရားခွင်များသည် ကျဉ်းမြောင်းခြင်းရှိခြင်း၊ တရားရုံးများ၏ ဂုဏ်သိက္ခာနှင့် လျော်ညီစွာခင်းကျင်းထားမှု ပုံစံများအားနည်းခြင်း ရှေ့နေရှေ့ရပ်များ ၏ နားနေခန်းများ လုံလောက်စွာမရှိခြင်း၊ အမှုသည်များနားနေရာနှင့် Canteen များမရှိခြင်းတို့ကို တွေ့ရှိနေရပါသည်။

ယခုအခါ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍတို့၌ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရုံးဝင်းနှင့် ပဲခူးတိုင်းလွှတ်တော်တို့မှာ အတော်ပင်သပ်သပ်ရပ်ရပ်နှင့် ခန့်ညားမှုရှိနေသည်ကို တွေ့ရှိရပါ သည်။

သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်နှင့် သက်ဆိုင်ရာတရားရုံးများအား တရားရုံး တော်များ၏ ဂုဏ်အင်္ဂါများနှင့် ခန့်ညားသပ်ရပ်မှုရှိလာစေရန်အတွက် ပြုပြင်ထိန်းသိမ်းရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့်မေးခွန်း(၂)ခုအား တိုင်းဒေသကြီး တရား လွှတ်တော် တရားသူကြီးချုပ်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်အေး[တရားလွှတ်တော် တရားသူကြီးချုပ်]။** ။ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်း မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီးအတွင်း တရားရုံးများတွင် မိတ္တူလျှောက်ထားရာ၌ သတ်မှတ်ရက်အတွင်း ချိန်းဆိုထားသည့်ရက်အတိုင်း ကြန့်ကြာမှုမရှိစေဘဲ မိတ္တူထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားပေးမှာဖြစ်ပါတယ်။ တရားရုံးများအနေဖြင့် မိတ္တူကူးခြင်း နှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာအမှတ်-၆၉၄/၂၀၁၉ " **အမှုတွဲမိတ္တူကူးခြင်းဆိုင်ရာ နည်းဥပဒေများ** " နှင့်အညီလိုက်နာ ဆောင်ရွက်ကြရ ပါသည်။ အဆိုပါ နည်းဥပဒေ အပိုဒ် ၃၈ တွင် **"မိတ္တူထုတ်ပေးရန် အသင့်ဖြစ်မည့်ရက်မှာ မိတ္တူကူးခ ပေးသွင်းသည့်ရက်မှစ၍ ရက်သတ္တသုံးပတ်ထက်မပိုစေရ"** ဟုလည်းကောင်း၊ နည်းဥပဒေ အပိုဒ် ၄၃ တွင် **"မိတ္တူကို အမြန်ရလိုကြောင်း လျှောက်ထားသည့်ကိစ္စတွင် ကျသင့်သောမိတ္တူကူးခ ပေးသွင်းသည့်**

**အချိန်မှစ၍ ၇၂ နာရီထက် နောက်မကျစေဘဲ မိတ္တူထုတ်ပေးရန်အသင့်ရှိစေရမည်**"ဟုလည်းကောင်း ပြဋ္ဌာန်းထားရှိပါသည်။ သို့ပါ၍ ရိုးရိုးမိတ္တူကူးရာတွင် မိတ္တူကူးခပေးသွင်းသည့်ရက်မှစ၍ ရက်သတ္တသုံးပတ်အတွင်း ထုတ်ပေးရမည်ဖြစ်ပြီး အမြန်လျှောက်ထားသည့်ကိစ္စတွင် မိတ္တူကူးခပေးသွင်းသည့်အချိန်မှစ၍ (၇၂) နာရီထက်နောက်မကျစေဘဲ မိတ္တူထုတ်ပေးရမည်ဖြစ်ပါသည်။

တရားရုံးအသီးသီးတွင် မိတ္တူရေးကူးရန်အတွက် မိတ္တူကူးစာရေး၊ အခွင့်ရအရာရှိနှင့် ကြီးကြပ်သူအရာရှိများကို တာဝန်ပေးအပ်ထားရာ မိတ္တူကူးနည်းဥပဒေအပိုဒ် ၉ အရ ၎င်းတို့သည် နည်းဥပဒေကို ဖောက်ဖျက်ခြင်းမရှိစေရန်နှင့် မိတ္တူအားလုံးကို နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲပေးအပ်နိုင်ရေးအတွက် ကြည့်ရှုရန်တာဝန်ရှိကြောင်း ပြဋ္ဌာန်းထားရှိပါသည်။ သို့ပါ၍ မိတ္တူကူးနည်းဥပဒေနှင့်အညီ သတ်မှတ်ချိန်အတွင်း မိတ္တူထုတ်ပေးရေးအတွက် တာဝန်ရှိကြောင်း၊ အဆိုပါ နည်းဥပဒေအပိုဒ် ၉ အရ တာဝန်ကို သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်ပါသည်။

မိတ္တူလာရောက်ထုတ်ယူသည့်အခါ ညနေမှတစ်ခေါက်ပြန်လာခိုင်းခြင်း၊ နောက်နေ့မှတစ်ခေါက်ပြန်လာခိုင်းခြင်း၊ (၃)ရက်ခန့်ကြာမှပြန်လာခိုင်းခြင်း စသည့်ချိန်းဆိုမှုများသည် မဖြစ်သင့်မဖြစ်ထိုက်သော ကိစ္စဖြစ်ပါသဖြင့် သတ်မှတ်ရက်အတွင်း ချိန်းဆိုသည့်ရက်အတိုင်း ကြန့်ကြာမှုမရှိစေဘဲ မိတ္တူထုတ်ပေးနိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်အေး[တရားလွှတ်တော် တရားသူကြီးချုပ်]။** ။ ဦးကျော်မင်းစံ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ “**ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်ပရဝဏ်နှင့် အဆောက်အဦများ၊ တရားခွင်များ၊ တရားရုံးများကို တရားရုံးများ၏ အင်္ဂါရပ်များနှင့်ညီညွတ်စေရန်အတွက် ပြုပြင်ထိန်းသိမ်းမှုများကို လုပ်ဆောင်ပေးရန် အစီအစဉ်ရှိ/မရှိ**”နှင့်စပ်လျဉ်းသည့် မေးခွန်းကိုဖြေကြားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် ပရဝုဏ်နှင့် သက်ဆိုင်ရာခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများ သည် ယခုအခါတွင် ဝန်နှင့်အားမမျှတဘဲ တရားခွင်များသည် ကျဉ်းမြောင်းမှုရှိခြင်း၊ တရားရုံးဂုဏ်သိက္ခာနှင့်လျော်ညီစွာ ခင်းကျင်းထားမှုပုံစံအားနည်းခြင်း၊ ရှေ့နေရှေ့ရပ်များ၏ နားနေခန်းများ လုံလောက်စွာမရှိခြင်း၊ အမှုသည်များနားနေရာနှင့် Canteen များမရှိသည်ကိုတွေ့ရသဖြင့် တရားရုံးဂုဏ်အင်္ဂါနှင့် ခန့်ညားသပ်ရပ်မှုရှိစေရေးအတွက် ပြုပြင်ထိန်းသိမ်းရန် အစီအစဉ်ရှိ/မရှိ မေးမြန်းလာပါသည်။

ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်ပရဝုဏ်တွင် ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်အဆောက်အဦအပြင် ၁၉၉၅ ခုနှစ်၌ ပဲခူးမြို့နယ်တရားရုံး အဆောက်အဦကိုလည်းကောင်း၊ ၁၉၉၉-၂၀၀၀ ပြည့်နှစ်တွင် ရှေ့နေရုံးခန်းကိုလည်းကောင်း၊ ၂၀၁၁ ခုနှစ်တွင် ပဲခူးခရိုင်တရားရုံးအဆောက်အဦကိုလည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် သက်သေနားနေဆောင်တို့ကိုလည်းကောင်း ဆောက်လုပ်ခဲ့သဖြင့်

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်ရုံးဝန်းနေရာတွင် ကြပ်တည်းကျဉ်းမြောင်းမှုရှိနေသည်မှာ မှန်ပါသည်။

၂၀၁၉ ခုနှစ်အတွက် စာရင်းသွင်းထားသည့် အထက်တန်းရှေ့နေ (၉၂) ဦး၊ တရားလွှတ်တော်ရှေ့နေ (၁၀၄) ဦးရှိနေရာ ရှေ့နေအင်အားအနေဖြင့် တိုးတက်လာသကဲ့သို့ တရားရုံးအသီးသီးသို့ တက်ရောက်သည့် အမှုဦးရေတိုးတက်များပြားလာသဖြင့် နေရာနှင့်လူဝန်နှင့်အားမမျှတသကဲ့သို့ ဖြစ်နေပါသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပဲခူးမြို့၊ ကလိ-တပ်ကလေးကျေးရွာ၊ ရန်ကုန်-မန္တလေး ကားလမ်းဘေး အရှေ့ဘက်မျက်နှာစာ ၃၈၀ ပေ၊ အနောက်ဘက် ၅၈၀ ပေ အကျယ်အဝန်းရှိသည့် မြေအားပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် ဆောက်လုပ်ရန်အတွက် မြေနေရာခွဲဝေချထားပေးရန် လျာထားစီမံဆောင်ရွက်နေဆဲ ဖြစ်ပါသဖြင့် မြေနေရာခွဲဝေရရှိပြီး အဆောက်အဦများဆောက်လုပ်နိုင်မည်ဆိုပါက တရားရုံးပရဝုဏ်တွင် တရားရုံးအင်္ဂါရပ်များနှင့်အညီ နေရာထိုင်ခင်းစီမံခန့်ခွဲမှုများ လုပ်နိုင်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

လက်ရှိအခြေအနေတွင် တရားရုံးများ၏ အင်္ဂါရပ်များနှင့်ညီညွတ်စေရန်အတွက် ပြုပြင်ထိန်းသိမ်းမှုများကို ပြုလုပ်ရာတွင် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်နိုင်ခြင်းမရှိသော်လည်း 0402 အဆောက်အဦပြင်ဆင်ထိန်းသိမ်းစရိတ်ခေါင်းစဉ်အောက်မှ ခွဲဝေချထားငွေအသုံးပြု၍ တရားရုံးဂုဏ်အင်္ဂါရပ်နှင့်အညီ အောက်ပါအတိုင်းသပ်ရပ်မှုရှိစေရေးအတွက် ပြုပြင်ဆောင်ရွက်နိုင်ခဲ့ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ်ပါသည်။

**ပဲခူးခရိုင်တရားရုံး**

| | | |
|---|---|---|
| (၁) | အချုပ်ခန်းတိုးချဲ့ပြင်ဆင်ခြင်း | ၃၆၆၀၀၀၀ ကျပ် |
| (၂) | တရားလွှတ်တော်ရှေ့ အုတ်ပန်းခြံစည်းရိုးနှင့် တံခါးမကြီး ဆေးသုတ်မွမ်းမံခြင်း | ၁၇၀၄၀၀၀ ကျပ် |
| (၃) | ပဲခူးခရိုင်တရားရုံး ၄ ခန်းတွဲရေလောင်း အိမ်သာ ၂ လုံးပြုပြင်ခြင်းနှင့် ၄ ခန်းတွဲရေလောင်းအိမ်သာ အသစ်တစ်လုံးဆောက်လုပ်ခြင်း | ၉၀၀၀၀၀၀ ကျပ် |

**ပဲခူးမြို့နယ်တရားရုံး**

| | | |
|---|---|---|
| (၁) | တရားရုံးအမိုးပြုပြင်ခြင်း မျက်နှာကျက်များပြုပြင်ခြင်း | ၁၅၂၀၀၀၀၀ ကျပ် |

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ **“တရားရေးဦးစီးဌာနတွင် ဆင့်စာလုလင်(၄)ဦးအား အမြဲခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ။ "တရားရေးဦးစီးဌာနတွင် ဆင့်စာလုလင်(၄)ဦးအား အမြန်ခန့်ထားပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့ မြို့နယ်တရားရုံးတွင် အမှန်တကယ်ရှိရမည့် စုစုပေါင်းဝန်ထမ်း အင်အားမှာ (၂၀)ဦးဖြစ်သော်လည်းလက်ရှိခန့်ထားပေးသည့် ဝန်ထမ်းအင်အားမှာ (၁၀)ဦးသာရှိပါသည်။ လစ်လပ်ဝန်ထမ်းအင်အား(၁၀)ဦးအနက် ဆင့်စာလုလင် (၄)ဦးမှာလုံးဝမရှိသည့်အတွက် လုပ်ငန်းခွင်တွင် အဆင်ပြေမှုမရှိဘဲနှောင့်နှေးကြန့်ကြာမှုများရှိနေပါသည်။

သို့ဖြစ်ပါ၍ အမှန်တကယ်လိုအပ်လျက်ရှိသော ဆင့်စာလုလင်(၄)ဦးအား အမြန်ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးကျော်ကျော်နိုင် မေးမြန်းသည့် မေးခွန်းအား တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်အေး[တရားလွှတ်တော်တရားသူကြီးချုပ်]။** ။ဦးကျော်ကျော်နိုင်၊ နတ်တလင်း မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"တရားရေးဦးစီးဌာနတွင် ဆင့်စာလုလင်(၄)ဦးအား အမြန်ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်းကိုဖြေကြားပေးမှာ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့နယ်တရားရုံး၏ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ဝန်ထမ်းအင်အားစာရင်း အရ ခွင့်ပြု(၁၆)ဦး၊ ခန့်ထား(၈)ဦး၊ လစ်လပ်(၈)ဦးအနက် ဆင့်စာလုလင်(၄)ဦး လစ်လပ်လျက်ရှိပါသည်။ မြို့နယ်တရားရုံးတွင် ရုံးအကူ(၁)ဦးသာရှိပြီး ၎င်းအား ဆင့်စာလုလင်၏ တာဝန်များကိုပါ ပူးတွဲတာဝန် ပေးထားရသဖြင့် လုပ်ငန်းခွင်တွင် နှောင့်နှေးကြန့်ကြာမှုများရှိနိုင်မှာ ဖြစ်ပါသည်။ ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်အနေဖြင့် ပဲခူးတိုင်းဒေသကြီး တရား လွှတ်တော်၊ ခရိုင်နှင့်မြို့နယ် တရားရုံးများ၏ အခြားအဆင့်ဝန်ထမ်းအင်အားစာရင်းအား လစဉ် အစီရင်ခံလျက်ရှိသဖြင့် လစ်လပ်ဝန်ထမ်းစာရင်းအား တင်ပြထားပြီးဖြစ်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့်လည်း လစ်လပ်ရာထူးနေရာများတွင် ဖြည့်တင်း ခန့်ထားနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ထံသို့ တင်ပြဆောင်ရွက်လျှက်ရှိပါသည်။ ဝန်ထမ်းခန့် ထားခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၆-၆-၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၇/၂၀၁၉ အရ ဖွဲ့စည်းပုံအင်အား၏ ၇၅% သာခန့်ထားရန် သတ်မှတ်ထားရှိပါသည်။ သို့ပါ၍ နတ်တလင်းမြို့နယ် တရားရုံးအတွက် ဆင့်စာလုလင်ခန့်ထားခွင့်ရှိပါက ပဲခူးတိုင်းဒေသကြီး တရား လွှတ်တော်အနေဖြင့် ခန့်ထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခု လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်က မေးမြန်းသည့် မေးခွန်းသည် တိုင်းဒေသကြီးဥပဒေချုပ်က ဖြေကြားရမည့် မေးခွန်း

ဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်က သက်ဆိုင်ရာမေးခွန်းကိုမေးမြန်းပြီးမှ တိုင်းဒေသကြီး ဥပဒေချုပ်က ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပန်းတောင်းမြို့နယ်၊ ဥပဒေရုံးဝန်ထမ်းအိမ်ရာအား (၂၀၂၀-၂၀၂၁) ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားပေးရန် အစီအစဉ် ရှိ/မရှိ**နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ **"ပန်းတောင်းမြို့နယ်၊ ဥပဒေရုံးဝန်ထမ်းအိမ်ရာအား (၂၀၂၀-၂၀၂၁) ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားပေးရန် အစီအစဉ် ရှိ/မရှိ**နှင့် စပ်လျဉ်း၍ ပန်းတောင်းမြို့နယ်တွင် ဥပဒေရုံးဝန်ထမ်းအိမ်ရာမရှိသဖြင့် ပန်းတောင်းမြို့နယ်သို့ ရောက်ရှိလာသော ဥပဒေအရာရှိ၊ ဒုတိယမြို့နယ်ဥပဒေအရာရှိနှင့် ဝန်ထမ်းများစွာမှာ အိမ်ငှားရမ်း နေထိုင်ရသော အခက်အခဲများရှိနေပါသည်။ ဥပဒေရုံးနှင့် ဝန်ထမ်းအိမ်ရာကပ်လျက်ရှိပါက ယခုထက် ပိုမို၍ ဥပဒေကိစ္စများ တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်ပါသည်။ သောကြာနေ့တွင် မိမိနေရပ်သို့ပြန်သည့် အခါ တနင်္လာနေ့တွင် ရုံးသို့အချိန်မီရောက်ရှိနိုင်ရန်လည်း လမ်းပန်းဆက်သွယ်ရေးခက်ခဲသဖြင့် ရုံးအချိန်မီမရောက်နိုင်ခြင်းများလည်း ရှိနေပါသည်။ ဝန်ထမ်းအိမ်ရာနှင့် တာဝန်ထမ်းဆောင်ရပါက စိတ်ချမ်းသာစွာ နိုင်ငံ့တာဝန်များကို ထမ်းဆောင်နိုင်မည်ဖြစ်သဖြင့် ပန်းတောင်းမြို့နယ်၊ ဥပဒေရုံး ဝန်ထမ်းအိမ်ရာအား (၂၀၂၀-၂၀၂၁)ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ဇင်မိုးထိုက် မေးမြန်းသည့်မေးခွန်းအား တိုင်းဒေသကြီးဥပဒေချုပ်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအုန်းမြင့် [တိုင်းဒေသကြီးဥပဒေချုပ်]**။ ။ ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏ **"ပန်းတောင်းမြို့နယ်၊ ဥပဒေရုံးဝန်ထမ်းအိမ်ရာအား (၂၀၂၀-၂၀၂၁)ဘဏ္ဍာနှစ်တွင် ထည့်သွင်း လျာထားပေးရန် အစီအစဉ်ရှိ/မရှိ**နှင့်စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားပေးမှာဖြစ်ပါတယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် မေးမြန်းသည့်မေးခွန်းမှာ ပန်းတောင်းမြို့နယ်ဥပဒေရုံး ဝန်ထမ်းအိမ်ရာအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်း မှုဖြစ်ပြီး ဌာနပိုင်ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခွင့်ရရှိရေးအတွက် ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပန်းတောင်းမြို့နယ်ဥပဒေရုံးနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်နိုင်ရန် ရန်ပုံငွေ တင်ပြတောင်းခံခဲ့ရာ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၏ ငွေလုံးငွေရင်းခွဲဝေချထားမှုအရ ပန်းတောင်း

မြို့နယ်ဥပဒေရုံးဆောက်လုပ်ရန် ရန်ပုံငွေခွဲဝေရရှိခဲ့သော်လည်း ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန် တောင်းခံထားသော ရန်ပုံငွေကျပ် (၄၇.၀၀၀)သန်း ခွဲဝေရရှိခဲ့ခြင်းမရှိပါ။

သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံးအနေဖြင့် ပန်းတောင်းမြို့နယ်ဥပဒေရုံးဝန်ထမ်း အိမ်ရာဆောက်လုပ်နိုင်ရန်အတွက် ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ် ရန်ပုံငွေတင်ပြတောင်းခံသွားမည် ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိပါက ပန်းတောင်းမြို့နယ်ဥပဒေရုံး ဝန်ထမ်းအိမ်ရာအား ဆောက်လုပ်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခုလွှတ်တော်ကိုယ်စားလှယ်(၈)ဦးက မေးမြန်းသည့် မေးခွန်း (၁၀)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ရေတာရှည်မြို့နယ်၊ ဆင်ဝွေကျေးရွာအုပ်စုအတွင်းရှိ ကူးတို့ကုန်းကျေးရွာနှင့် မကျည်းကုန်းကျေးရွာ ရွာချင်းဆက်လမ်းပေါ်ရှိ လိပ်ကျယ်ချောင်းတံတားအောက်ပိုင်း သဘာဝဘေးကြောင့် ပျက်စီးမှုအား အသစ် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ **“ရေတာရှည်မြို့နယ်၊ ဆင်ဝွေကျေးရွာအုပ်စုအတွင်းရှိ ကူးတို့ကုန်းကျေးရွာနှင့် မကျည်းကုန်းကျေးရွာ ရွာချင်းဆက်လမ်းပေါ်ရှိ လိပ်ကျယ်ချောင်းတံတားအောက်ပိုင်း သဘာဝဘေးကြောင့် ပျက်စီးမှုအား အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့်စပ်လျဉ်း၍ရေတာရှည်မြို့နယ် ဆင်ဝွေကျေးရွာအုပ်စုအတွင်းရှိ ကူးတို့ကုန်းကျေးရွာနှင့် မကျည်းကုန်းကျေးရွာ ရွာချင်းဆက်လမ်းပေါ်ရှိ လိပ်ကျယ်ချောင်းအောက်ပိုင်း လှည်းကူးတံတားကို ၂၀၁၆-၂၀၁၇ တိုင်းဒေသကြီးလွှတ်တော်ရန်ပုံငွေမှ ခွင့်ပြုချက် (၂၂)သိန်းနှင့် ကျေးရွာပြည်သူများမှ ထည့်ဝင်ငွေ (၃၂၇၀၀၀၀)ကျပ် စုစုပေါင်း (၅၄၇၀၀၀၀)ကျပ် ကုန်ကျခံ၍ အရှည် (၆၄)ပေ အကျယ် (၁၀)ပေ၊ အမြင့် (၁၅)ပေရှိ ထိုတံတားကို တည်ဆောက်ခဲ့ပါသည်။ (၂၇.၈.၂၀၁၈) ရက်နေ့ ဆွာဆည်တမံကျိုးပေါက်မှုကြောင့် ရေကြီးရေလျှံခြင်းကြောင့် ဒိုက်ခုံများနှင့် တဲအိမ်တစ်လုံးတို့ မျောပါလာပြီး တွယ်ကပ်သဖြင့် တံတားမှာတိမ်းစောင်းပြိုကျနိမ့်ကျခြင်းများဖြစ်၍ ပျက်စီးသွားပါသည်။ ထိုတံတားပျက်စီးမှုကို ဆွာဆည်တမံကျိုးပေါက်မှုကြောင့် သဘာဝဘေးဆိုင်ရာစာရင်းတွင် ထည့်သွင်းဖော်ပြတောင်းခံခဲ့သော်လည်း ယခုအချိန်ထိ ထိုတံတားကို ပြန်လည်တည်ဆောက်အကောင်အထည်

ဖော်ရန် မဆောင်ရွက်ပေးနိုင်သေးပါ။ သို့ဖြစ်ပါ၍ ဆင်ဝွေကျေးရွာအုပ်စုအတွင်းရှိ ပြည်သူလူထုသည် ကူးတို့ကုန်း-မကျည်းကုန်းကျေးရွာချင်းဆက်လမ်းပေါ်ရှိတံတားအား အသုံးမပြုရသည်ဖြစ်သည့်အတွက် ခရီးသွားလာဆက်သွယ်မှု ကုန်ထုတ်မှုတို့တွင် အခက်အခဲများစွာ ကြုံတွေ့နေရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါတံတားအား အမြန်ဆုံးပြန်လည်တည်ဆောက်ပေးနိုင်ပါရန် အစီအစဉ်ရှိ/ မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးမြို့နှင့် ထန်းတောကြီးလမ်းမ ဆက်သွယ်သောလမ်းပေါ်၌တည်ရှိပြီး အထက်ဇိုင်းဂနိုင်းကြီးကျေးရွာအနီးရှိ သဲဖြူချောင်းတံတားမှာ ကျိုးကျပျက်စီးနေ၍လာမည့်မိုးရာသီမတိုင်မီတိုင်းဒေသကြီးအစိုးရအနေဖြင့် အချိန်မီပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ **"ပဲခူးမြို့နှင့် ထန်းတောကြီးလမ်းမ ဆက်သွယ်သောလမ်းပေါ်၌ တည်ရှိပြီး အထက်ဇိုင်းဂနိုင်းကြီးကျေးရွာအနီးရှိ သဲဖြူချောင်းတံတားမှာ ကျိုးကျပျက်စီးနေ၍ လာမည့်မိုးရာသီမတိုင်မီ တိုင်းဒေသကြီးအစိုးရအနေဖြင့် အချိန်မီပြန်လည် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ပဲခူးမြို့နယ်၊ ပဲခူးမြို့နှင့် ထန်းတောကြီးလမ်းမ ဆက်သွယ်သော လမ်းပေါ်ရှိ အထက်ဇိုင်းဂနိုင်းကြီးကျေးရွာအနီးရှိ သဲဖြူချောင်းတံတားမှာ ကုန်ခဲ့သော မိုးရာသီတွင် ရေကြီးရေလျှံဖြစ်မှု သဘာဝဘေးဒဏ်ကြောင့် ပျက်စီးယိုယွင်းခဲ့ပါသည်။ ယခုအခါ တံတား ကျိုးကျပြီး ကျောင်းသား၊ ကျောင်းသူများ ရဟန်းရှင်လူပြည်သူများသွားလာ၍မရအောင် ပျက်စီးသွားပါ သဖြင့် ၎င်းတံတားအား လာမည့်မိုးရာသီမတိုင်မီ အရေးပေါ်ပြုပြင်တည်ဆောက်ပေးနိုင်ရန် လိုအပ်လျက် ရှိနေပါသည်။ တိုင်းဒေသကြီး အစိုးရအနေဖြင့် အချိန်မီပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါ၍ ပြည်သူများကိုယ်စား တင်ပြမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း [ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ရေတာရှည်မြို့နယ်၊ ဆင်ဝွေကျေးရွာအုပ်စုအတွင်းရှိ ကူးတို့ကုန်းကျေးရွာနှင့် မကျည်းကုန်းကျေးရွာ ရွာချင်းဆက်လမ်းပေါ်ရှိ လိပ်ကျယ်ချောင်း တံတား အောက်ပိုင်း သဘာဝဘေးကြောင့် ပျက်စီးမှုအား အသစ်ပြန်လည် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားပေးမှာဖြစ်ပါတယ်။ ရေတာရှည်မြို့နယ် တိုင်းဒေသကြီး

လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသည့် လိပ်ကျယ်ချောင်း (အောက်ပိုင်း) တံတားမှာ ဆင်ဝွေ-ကူတို့ကုန်း-မကျဦးကုန်း-ထိပ်ပေါက်လမ်း (၃/၀မိုင်)ပေါ်တွင် တည်ရှိပြီး (၂၉-၈-၂၀၁၉)ရက်နေ့ ဆွာဆည်တမံရေပိုလွှဲ ကျိုးပေါက်ပျက်စီးပြီး ရေကြီးရေလျှံမှုများကြောင့် တံတား ရေလည်တိုင်များ ယိမ်းယိုင်ပြီး ခိုင်ခံ့မှုမရှိတော့ပါသဖြင့် ဆိုင်ကယ်နှင့်လူများသာ သွားလာအသုံးပြုလျက်ရှိပြီး အခြား မော်တော်ယာဉ်နှင့် ယာဉ်ကြီးများမှာ ၎င်းလမ်းနှင့်ဆက်စပ်လျက်ရှိသော ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနပိုင်လမ်းဖြစ်သော ဘိုးတော်ကုန်း-ထိပ်ပေါက်လမ်း (၄/၅မိုင်) (Class-A၊ ဦးစားပေးအဆင့်-၃) လမ်းအား အသုံးပြုသွားလာနေရပါကြောင်းနှင့် အဆိုပါတံတားအား ကွန်ကရစ်တံတား (၆၅'x၁၆')အဖြစ် ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေ(၁၃၀)ကျပ်သန်းခန့် ကုန်ကျမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှု အပေါ်မူတည်၍ ဦးစားပေးအစီအစဉ်အတိုင်း လျာထားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း [ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးမြို့နှင့် ထန်းတောကြီးလမ်းမဆက်သွယ်သော လမ်းပေါ်၌ တည်ရှိပြီး အထက်ဇိုင်းဂနိုင်းကြီးကျေးရွာအနီးရှိ သဲဖြူချောင်းတံတားမှာ ကျိုးကျပျက်စီးနေ၍ လာမည့် မိုးရာသီမတိုင်မီ တိုင်းဒေသကြီးအစိုးရအနေဖြင့် အချိန်မီပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားပေးမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ မေးမြန်းထားသည့် ပဲခူး-ဇိုင်းဂနိုင်းကြီး ကျေးရွာချင်းဆက်လမ်းပေါ်ရှိ (၇၂'x၁၄'x၂၀') အတိုင်းအတာရှိသော အုတ်ခုံခံ သံဘောင် ယက်မသံကူကွန်ကရစ်သဲဖြူချေ ျ ာင်းတံတားမှာ (၃-၆-၂၀၁၉) ရက်နေ့တွင် မိုးသည်းထန်စွာ ရွာသွန်း မှုကြောင့် တံတား၏ရေလည်တိုင်ပြိုကျခဲ့သဖြင့် (၉-၆-၂၀၁၉) ရက်နေ့တွင် ကျေးလက်လမ်း ဖွံ့ဖြိုးရေး ဦးစီးဌာနမှ မိုးရာသီကာလတွင် သွားလာမှုမပျက်စေရန်အတွက် ယာယီပြင်ဆင်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါ သည်။

အဆိုပါတံတားမှာ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်ထောင်စု(ပြင်ထိန်း) ရန်ပုံငွေ (၃၀.၀၀၀) သန်းဖြင့် တံတား၏သစ်သားကြမ်းခင်းများကိုဖယ်ထုတ်ပြီး သံဘောင်ယက်မခံ၍ သံကူ ကွန်ကရစ်ကြမ်းခင်းများကိုသာ ဆောင်ရွက်ခဲ့ခြင်းဖြစ်၍ တံတားအောက်ခြေရေလည်တိုင်များနှင့် ကမ်းကပ်ခုံများမှာ ကျေးရွာ၏ကိုယ်ထူကိုယ်ထအစီအစဉ်ဖြင့် လွန်ခဲ့သော(၈)နှစ်ခန့်က တည်ဆောက် ခဲ့ခြင်း ဖြစ်ပါသည်။

လက်ရှိအချိန်တွင် ကျေးရွာမှ ယာယီဝါးတံတားဆောင်ရွက်ပြီးသွားလာလျက်ရှိနေသော်လည်း ရဟန်းရှင်လူကျောင်းသားကျောင်းသူများ ရာသီမရွေးသွားလာနိုင်ရန်လိုအပ်ပါသောကြောင့် အမြန်ဆုံး အသစ်ပြန်လည် တည်ဆောက်ပေးနိုင်ပါရန် တင်ပြလာခြင်းဖြစ်ပါ၍(၈၀'x၁၆'x၂၅') အတိုင်းအတာ

ရှိသော သံကူကွန်ကရစ်တံတား တည်ဆောက်ရန်လိုအပ်ပါသည်။ တည်ဆောက်မည်ဆိုပါက ခန့်မှန်း ကုန်ကျငွေ (၂၂၉.၇၀၀)သန်း ကုန်ကျမည်ဖြစ်ပါကြောင်း၊ တံတားဆောင်ရွက်ပြီးစီးပါက ကျေးရွာ (၁၀)ရွာ၊ အိမ်ခြေ (၁၆၀၇)အိမ်၊ လူဦးရေ(၆၄၅၂)အား အကျိုးပြုမည်ဖြစ်ပါသည်။ သို့ပါ၍ ရန်ပုံငွေ ရရှိမှုအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်အလိုက်သာ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား- ဆက်စပ်မေးခွန်းမေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဝန်ကြီးဖြေသွားတာက ဒီတံတားရေလည်တိုင်တွေ ယိမ်းယိုင်ပြီး ခိုင်ခံ့မှုမရှိတဲ့နေရာမှာ ဆိုင်ကယ်နဲ့လူများကသွားလာ အသုံးပြုလျက်ရှိတယ်လို့ ဖြေသွားပါတယ်။ အဲ့ဒီတော့ ဒါကလည်းအမှန်တကယ် ဝန်ကြီးသာ ကွင်းဆင်း ကြည့်ခဲ့မယ်ဆိုလျှင် ဆိုင်ကယ်တွေဟာ သွားလာလို့မရတော့ဘဲနဲ့ ကျောင်းသူ/ ကျောင်းသားတွေနဲ့ ပြည်သူလူထုဟာ အန္တရာယ်ကြီးစွာသွားလာနေရတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ နောက်တစ်ချက်က ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်အတိုင်း လျာထားဆောင်ရွက်ပေးသွားမယ်ဆိုတဲ့ အခါကျတော့ ကျွန်တော်တို့က ဒီတံတားကိုပြီးခဲ့တဲ့နှစ် ဆွာဆည်ကျိုးပေါက်ကတည်းက သဘာဝဘေးနဲ့ တင်ပါဆိုလို့ သဘာဝဘေးနဲ့တင်ထားပါတယ်။ သို့သော်လည်းပဲ အခုတစ်နှစ်ကျော်ကာလသို့ ရောက်ရှိ ခဲ့သည့် တိုင်အောင် ဒီတံတားကိုပြန်လည်ပြုပြင်နိုင်ခြင်းမရှိသေးပါဘူး။ အဲ့ဒီတော့ ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်အတိုင်းဆိုတာ ဘယ်တော့လဲဆိုတာကျွန်တော် တိတိကျကျများ သိနိုင်မယ်ဆိုလျှင် ကျွန်တော်တို့တိတိကျကျသိချင်ပါတယ်။ ဒါလေးကိုတော့ ဝန်ကြီးထပ်ဆင့်ပြီး ဖြေပေးစေချင်ပါတယ်။ အမှန်တကယ်ဒုက္ခရောက်နေတဲ့ ရွာနှစ်ရွာဖြစ်နေတဲ့အတွက်ကြောင့် ကျွန်တော်တို့ တင်ပြရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ရှင်းလင်းဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း [ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ လေးစား အပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါက်တာကျော်ကျော်

မေးမြန်းတဲ့ ဆက်စပ်မေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော်ဖြေရမယ်ဆိုလျှင် ဒီတံတား၊ ဒီလမ်းနဲ့ ပတ်သက်လို့ ကျွန်တော်တို့ အမှန်တကယ် တကယ့်အခက်အခဲရှိ/မရှိကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ကြီးက တင်ပြပြီးသွားပြီ ကျေးလက်လမ်းဦးစီးဌာနကို သေချာလေး ကျွန်တော် စီစဉ် ခိုင်းပါမယ်။ စီစဉ်ခိုင်းလို့မှ လုံလောက်မှုရှိပါတယ်ဆိုလျှင် နီးစပ်ရာဘတ်ဂျက်မှာ ကျွန်တော်တို့ အမြန်ဆုံးစိစစ်ပေးပါမယ်။ ဒီထဲမှာ ဦးစားပေးအစီအစဉ်ဆိုတာက သူ့ထက်ဆိုးဝါးတာရှိလျှင် ဦးစား ပေးတာဖြစ်ပါတယ်။ ရန်ပုံငွေက လိုအပ်သလောက် ခွင့်ပြုငွေကျတာမဟုတ်တဲ့အတွက် ဦးစားပေး အစီအစဉ်လို့ပြောရခြင်းဖြစ်ပါတယ်။ ဦးစားပေးအစီအစဉ်ဆိုတာကလည်း သူ့ထက်ဆိုးဝါးတာ သူ့ထက် ခက်ခဲတာရှိလျှင်တော့ အဲ့ဒီထဲမှာထည့်ရမှာ ဖြစ်ပါတယ်။ အခု လွှတ်တော်ကိုယ်စားလှယ်ကြီး High Line လုပ်ပြီးပြောတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်။ အဲ့ဒီအတွက်လည်း ပြည်သူတွေရဲ့ တကယ့်အခက်အခဲကို လွှတ်တော်ကိုယ်စားလှယ်ကြီးမှတစ်ဆင့် သိရှိရပါတယ်။ အဲ့ဒီတော့ ကျွန်တော့် အနေနဲ့ ကျေးလက်လမ်းဦးစီးဌာနကို သေချာစိစစ်ပြီးတော့ အစီရင်ခံစာတင်ပြခိုင်းပါမယ်။ လိုအပ်လျှင် လိုအပ်သလို ကျွန်တော်ကွင်းဆင်းပါမယ်။ အဲ့ဒီအတွက် အစီရင်ခံစာအရ ကျွန်တော် အမြန်ဆုံး ဦးစားပေးစီစဉ်ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **“ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)အတွင်း ရွှေကျင်-ဝင်းကံ လမ်းပိုင်းရှိ ဂဝံလမ်း အဖြစ် မဆောင်ရွက်ရသေးသော ကျန်ရှိ(၁၂မိုင်၁ဖာလုံ)အား ဆက်လက်ဆောင်ရွက် ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်**

(၂) **“မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ခွင့်ပြုချက်ဖြင့် Myanmar Fiber Optic Communication Network Co.,Ltd၏ စည်းကမ်းမဲ့ မြေအောက်ကေဗယ်ဆက်ကြောင်း လုပ်ငန်းဆောင်ရွက်မှု ကိစ္စနှင့်ပတ်သက်၍ စည်းကမ်းမဲ့ ၎င်းကုမ္ပဏီအား စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်း (၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ **“ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) အတွင်း ရွှေကျင်-ဝင်းကံလမ်းပိုင်းရှိ ဂဝံလမ်းအဖြစ် မဆောင်ရွက်ရသေးသော ကျန်ရှိ(၁၂မိုင်၁ဖာလုံ) အား ဆက်လက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်**စပ်လျဉ်း၍ ယခုမေးမြန်းသော ရွှေကျင်-ဝင်းကံ လမ်းပိုင်းသည် ၂၆ မိုင်ရှိပြီး ၁၄ မိုင်ခန့်မှာ ဂဝံလမ်းအဖြစ် ဆောင်ရွက်ပြီးဖြစ်ပါသည်။ ၎င်းလမ်းဟာ တောင်ငူ-မုပ္ပလင်လမ်းပေါ်တွင်တည်ရှိပြီး ပဲခူးတိုင်း မွန်ပြည်နယ်-ကယားပြည်နယ်တို့ဖြင့် ချိတ်ဆက် ထားသော လမ်းမကြီးလည်းဖြစ်ပါသည်။ ၎င်းလမ်းပေါ်ရှိ ရွှေကျင်-တောင်ဘက်တံတားဟာလည်း ခန့်မှန်းကုန်ကျငွေကျပ် သန်းပေါင်း ၇၀၀၀ခန့်ရှိပြီး ၂၀၂၀- ၇လပိုင်းမှာအပြီးဆောင်ရွက်ဖို့ ဘတ်ဂျက်

ခွင့်ပြုပြီးလည်း ဖြစ်ပါသည်။ သည့်အတွက်ကြောင့် ဂဝံလမ်းခင်းရန် ကျန်ရှိနေသေးသော ၁၂ မိုင် ၁ ဖာလုံအား ၂၀၂၀/၂၀၂၁ ဘတ်ဂျက်နှစ်တွင် လျာထားဆောင်ရွက်နိုင်ဖို့ အစီအစဉ် ရှိ/မရှိ မေးမြန်းရခြင်း ဖြစ်ပါသည်။

**ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ **"မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Myanmar Fiber Optic Communication Network Co.,Ltd၏ စည်းကမ်းမဲ့ မြေအောက်ကေဗယ်ဆက်ကြောင်းလုပ်ငန်း ဆောင်ရွက်မှုကိစ္စနှင့်ပတ်သက်၍ စည်းကမ်းမဲ့ ၎င်းကုမ္ပဏီအား စနစ်တကျကြပ်မတ်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) အတွင်းရှိ ရွှေကျင်-ဝင်းကံလမ်းပိုင်းတွင် MFOCN ကုမ္ပဏီမှ ပုဂ္ဂလိကပိုင်ရာဘာခြံ ၃ ခြံတွင် စနစ်တကျ ချပြခွင့်တောင်းညှိနှိုင်းမှုမရှိဘဲ (အကျယ် ၁ $\frac{1}{2}$' × အနက် ၄'× အလျား ၉၀၀၀') ကျော်တူးပြီးမှ သိရှိ၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးသို့ ခြံပိုင်ရှင်များမှ တင်ပြလာရာ နှစ်ကြိမ်ခေါ်ယူမေးမြန်းရာ တိကျစွာအဖြေပေးနိုင်ခြင်းမရှိဘဲ ရပ်ခိုင်းလိုက်ရပြီး ပိုင်ရှင်များမှ မိမိတို့၏စရိတ်များဖြင့် ပြန်လည်ဖို့ခဲ့ကြရပါသည်။ ၎င်းကုမ္ပဏီ၏လုပ်သားဦးရေမှာ သုံးရာခန့် ပါဝင်ပါသည်။ သည့်အတွက်ကြောင့် စည်းကမ်းမဲ့ကုမ္ပဏီများအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်နိုင်ဖို့ အစီအစဉ် ရှိ/ မရှိ မေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးဝင်းမြင့် မေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့်လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း [ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)အတွင်း ရွှေကျင်-ဝင်းကံလမ်းပိုင်းရှိ ဂဝံလမ်းအဖြစ် မဆောင်ရွက်ရသေးသော ကျန်ရှိ(၁၂မိုင်၁ဖာလုံ)အား ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ရွှေကျင်မြို့နယ်၊ အလယ်မြောင်-ကျောက်ကြီး-စစ်တောင်း-မုပ္ပလင်လမ်း (ရွှေကျင်-ဝင်းကံ)အပိုင်းသည် မိုင် ၉၂/၀ မှ ၁၁၈/၀ အထိ (၂၆မိုင် ၀ဖာလုံ) အရှည်ရှိပြီး (၃၀.၉.၂၀၁၉)ရက်နေ့အထိ ကတ္တရာလမ်း(၂မိုင် ၅.၅ဖာလုံ)၊ အမာခံလမ်း(၉မိုင် ၆.၅ဖာလုံ)၊ မြေလမ်း (၁၃မိုင် ၄ဖာလုံ) ရှိပြီး မြေလမ်းအဆင့် ကျန်ရှိနေသော (၁၃မိုင် ၄ဖာလုံ)အနက် (၁၂မိုင် ၁ဖာလုံ)အား အမာခံလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ရန်အတွက် ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေတွင် တင်ပြတောင်းခံခဲ့သော်လည်း ရန်ပုံငွေခွဲဝေရရှိခြင်းမရှိပါသဖြင့် ရွှေကျင်မြို့နယ်၊ အလယ်မြောင်-ကျောက်ကြီး-စစ်တောင်း-မုပ္ပလင်လမ်း (ရွှေကျင်-ဝင်းကံ)အပိုင်း မိုင်(၉၆/၃ မှ မိုင်၁၁၇/၀)အတွင်း ၁၂မိုင် ၁ ဖာလုံ အား (၄၀)ပေအကျယ် မြေသားတာဘောင် တည်ဆောက်ခြင်းနှင့် မိုင် ၉၂/၂မှ မိုင်၉၄/၂ အတွင်း (၂)မိုင်အား

အမာခံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် လိုအပ်သောရန်ပုံငွေကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံသွားမည် ဖြစ်ပြီး ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် မရရှိပါက ဆောင်ရွက်ပေးနိုင်မည် မဟုတ်ပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း [ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ခွင့်ပြုချက်ဖြင့် Myanmar Fiber Optic Communication Network Co.,Ltd၏ စည်းကမ်းမဲ့ မြေအောက် ကေဗယ် ဆက်ကြောင်းလုပ်ငန်းဆောင်ရွက်မှုကိစ္စနှင့်ပတ်သက်၍ စည်းကမ်းမဲ့ ၎င်းကုမ္ပဏီအား စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားမှာ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမြင့်၏ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဖြေကြားအပ်ပါသည်-

Myanmar Fiber Optic CommunicationNetwork Co.,Ltd သည် ရွှေကျင်မြို့နယ်အတွင်း ဖြတ်သန်း၍ မြေအောက်ကေဘယ်ဆက်ကြောင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် ပဲခူးတိုင်း ဒေသကြီးအစိုးရအဖွဲ့၊ ပဲခူးမြို့၏ (၁၀.၁၂.၂၀၁၈)ရက်စွဲပါ စာအမှတ်၊ ၇/၂-၈/ထောက်၂(၁၁၇၃၉) ခွင့်ပြုချက်နှင့်အတူ ရွှေကျင်မြို့နယ် အုပ်ချုပ်ရေးမှူးရုံးသို့ (၁၁.၃.၂၀၁၉)ရက်စွဲပါစာဖြင့် MFOCN ကုမ္ပဏီမှ ညှိနှိုင်းရေးတာဝန်ခံ ဦးသန်းနိုင်မှ တင်ပြထားခဲ့ပါကြောင်း၊

အဆိုပါMFOCNကုမ္ပဏီသည် ရွှေကျင်မြို့နယ်၊ အုပ်ချုပ်ရေးမှူးရုံးသို့ ကြိုတင်တင်ပြခြင်းမရှိဘဲ ၂၀၁၉ခုနှစ်၊ ဇွန်လပိုင်းမှစ၍ ရွှေကျင်မြို့နယ်အစ ဇလုပ်ကြီးကျေးရွာအုပ်စု၊ ဝင်းကံကျေးရွာမှစ၍ မြေအောက်ကေဘယ်ဆက်ကြောင်းလိုင်းတူးဖော်ခြင်းတို့ကို သက်ဆိုင်ရာကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူး များထံ နှုတ်အမိန့်ဖြင့်အသိပေး၍ ဆောင်ရွက်ခဲ့ရာ ဝင်းကံကျေးရွာမှ ဒုံဇရပ်ကျေးရွာအထိ (၁၄)မိုင်ခန့် လုပ်ငန်းဆောင်ရွက်ပြီးစီးခဲ့ပြီး ဖြစ်ပါသည်။

MFOCN ကုမ္ပဏီသည် မြေအောက်ကေဘယ်ဆက်ကြောင်းလိုင်းတူးဖော်ခြင်းလုပ်ငန်းကို ဒုံဇရပ် ကျေးရွာအုပ်စုတွင် လုပ်ကိုင်ဆောင်ရွက်ခဲ့ရာ ပုဂ္ဂလိကပိုင်ရာဘာခြံ(၃)ခြံတွင် ခွင့်ပြုချက်တောင်းခံခြင်း မရှိ/ညှိနှိုင်းမှုမရှိဘဲ တူးဖော်ခဲ့ကြောင်း ခြံပိုင်ရှင်များမှ တင်ပြလာခဲ့၍ သိရှိခဲ့ရပါကြောင်း၊ ရွှေကျင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်မှ (၁၀.၁၁.၂၀၁၉) ရက်နေ့တွင် ရွှေကျင်မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ MFOCNကုမ္ပဏီမှတာဝန်ခံနှင့် ခြံပိုင်ရှင်များဖြင့် တစ်ကြိမ်၊ ဆက်လက်၍ (၁၃.၁၁.၂၀၁၉)ရက်နေ့တွင် ရွှေကျင်မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ မဲဆန္ဒနယ် အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးဝင်းမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ လမ်းဦးစီး၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ MFOCN ကုမ္ပဏီမှ တာဝန်ခံနှင့် ခြံပိုင်ရှင်များဖြင့် တစ်ကြိမ်၊ စုစုပေါင်း (၂)ကြိမ် ခေါ်ယူညှိနှိုင်းဖြေရှင်းပေးသော်လည်း ခြံပိုင်ရှင်များဘက်မှ နှစ်ရှည်ပင်ရာဘာ စိုက်ပျိုး

ထားရှိမှုအပေါ် ပျက်စီးဆုံးရှုံးမှုနစ်နာကြေးအတွက် ရာဘာပင်တစ်ပင်လျှင် ငွေကျပ်(၂၀၀၀၀) တောင်းခံခဲ့ပါကြောင်း၊ MFOCN ကုမ္ပဏီမှ တာဝန်ခံနှင့် ခြံပိုင်ရှင်များ သဘောတူညီမှုမရရှိသည့်အတွက် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာ ပထမအပတ်မှစ၍ MFOCNကုမ္ပဏီမှ မြေအောက်ကေဘယ်ဆက်ကြောင်းလိုင်း တူးဖော်ခြင်းကို ခေတ္တဆိုင်းငံ့ထားခဲ့ပါကြောင်း စိစစ်တင်ပြအပ်ပါသည်။

Myanmar Fiber Optic Communication Network Co.,Ltd သည် ရွှေကျင်မြို့နယ်အတွင်း ဖြတ်သန်း၍ မြေအောက်ကေဘယ်ဆက်ကြောင်း တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ရန် တင်ပြမှုအပေါ် ရွှေကျင်မြို့နယ်အုပ်ချုပ်ရေးမှူးရုံးအနေဖြင့် လုပ်ငန်းဆောင်ရွက်ရန်အပေါ် ခွင့်ပြုချက်တစ်စုံတစ်ရာ ခွင့်ပြုပေးထားခြင်းမရှိပါကြောင်း၊ အဆိုပါတင်ပြမှုအပေါ် ရွှေကျင်မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၏ ၂၀၁၉ခုနှစ်၊ မတ်လ (၂၁)ရက်စွဲပါစာအမှတ်၊ ၅/၃-၅/ ဦး ၆ ဖြင့် သက်ဆိုင်ရာဌာနများဖြစ်သော မြို့နယ်လမ်းဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများသို့ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်စေရေး စိစစ်ဆောင်ရွက်သွားရန် ညွှန်ကြားထားပါကြောင်းနှင့် အဆိုပါအကြောင်း ကြားစာအား လွှတ်တော်ကိုယ်စားလှယ်များရုံးသို့လည်း မိတ္တူပေးပို့တင်ပြထားပြီးဖြစ်ပါကြောင်း၊

ရွှေကျင်မြို့နယ်အတွင်းMFOCN ကုမ္ပဏီမှ မြေအောက်ကေဘယ်ဆက်ကြောင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့မှုအပေါ် မြို့နယ်လမ်းဦးစီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများပေါင်းစပ်၍ မြေပြင်ကွင်းဆင်းစစ်ဆေး စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

ကျွန်တော် ဆက်လက်ပြီး ဖြည့်စွက်ပြောကြားလိုသည်မှာ ကုမ္ပဏီများက တကယ်တမ်း ဆသရမှာသာ လုပ်ငန်းဆောင်ရွက်ခွင့်ကျတာဖြစ်ပါတယ်။ တိုင်းဒေသကြီး နယ်မြေခံအာဏာပိုင်များကို သေချာအသိပေးဆောင်ရွက်ကြရမှာဖြစ်သလို တကယ်ပုဂ္ဂလိကပိုင်ခြံမြေထဲမှာ ဖြတ်သွားကြမယ်ဆိုလျှင် သူတို့ကို အသိပေးညှိနှိုင်းပြီး ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ အဲ့ဒီလိုသေချာစွာ လုပ်ဆောင်ခြင်းမရှိတဲ့အတွက် ဒီပြဿနာဖြစ်ရတာဖြစ်ပါတယ်။ ၎င်းကိစ္စနှင့်ပတ်သက်ပြီး ကုမ္ပဏီကို ခေါ်ယူ၍ ပြောဆိုပေးပါမည်၊ နောက်နောင်ဒီလိုမဖြစ်ဖို့လည်း အသိပေးပါမယ်၊ လက်ရှိဖြစ်နေသည့်ပြဿနာကို မြို့နယ်အုပ်ချုပ်ရေးမှူးမှတစ်ဆင့် ဖြေရှင်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ဥက္ကဋ္ဌကြီးခင်ဗျား- ဆက်စပ်မေးခွန်းမေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ဘယ်မေးခွန်းလဲ။

**ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။(၂)ခုလုံးပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဝန်ကြီးဖြေသွားတာ ရှေ့လူတွေ ရေးပေးတဲ့ အပေါ်မှာပဲ ဦးတိုက်ပြီးဖြေသွားတယ်လို့ ကျွန်တော့်အနေနဲ့ ခံစားရပါတယ်။ ကျွန်တော် မေးတဲ့မေးခွန်းက ရွှေကျင်-ဝင်းကံလမ်းပိုင်း(၂၆)မိုင်ဟာ ကျွန်တော်တို့ အင်္ဂလိပ်ခေတ်ကတည်းက မဟာဗျူဟာလမ်းအဖြစ် ဖောက်လုပ်ထားတဲ့လမ်းဖြစ်ပါတယ်။ နောက်တစ်ခါ အဲ့ဒီလမ်းအပေါ်မှာပဲ နိုင်ငံတော်ကနေပြီး ဘတ်ဂျက်ကြီးချပေးပြီးတော့ တံတားကလည်း မကြာမီပြီးဆုံးတော့မှာဖြစ်ပါတယ်။ ကျွန်တော် ဒီမေးခွန်းမေးမြန်းရခြင်းကတော့ ဒီတိုင်းဒေသကြီးအစီအစဉ်နဲ့ မဆောင်ရွက်နိုင်ဘူး ဆိုတာလည်း နားလည်ပါတယ်။ သို့သော် ကျွန်တော်တို့ဖြစ်စေချင်တာက သက်ဆိုင်ရာဝန်ကြီးဌာန အနေနဲ့ ဒီလမ်းကိုစနစ်တကျ ကွင်းဆင်းစစ်ဆေးပြီးတော့ အထူးဦးစားပေးလုပ်ငန်းတစ်ခုအနေနဲ့ လုပ်စေချင်တာပါ။ အဲ့ဒီတော့ ကျွန်တော်တို့လမ်းပိုင်းဟာ ၂၀၁၈ ခုနှစ် အာရှဖောင်ဒေးရှင်းက ထုတ်ပြန်တဲ့ မြေသားသိပ်သည်းမှုမှတ်တမ်းအရမှာလည်း ပဲခူးတိုင်း(၂၈)မြို့နယ်မှာ အကောင်းဆုံး လမ်းတစ်လမ်း ဖြစ်ပါတယ်။

နောက်တစ်ချက်က ဒီလမ်းက လမ်းတစ်ခုလုံးမှာ ထပ်ဆင့်မြေသားလမ်းခင်းစရာမလိုတဲ့ အပိုင်း လည်း တော်တော်များများပါရှိတယ်လို့ ကျွမ်းကျင်အင်ဂျင်နီယာတစ်ချို့ရဲ့ ပြောကြားချက်အရ သိရပါ တယ်။ ကျွန်တော့်အနေနဲ့ ဒီလုပ်ငန်းကို ဆွေးနွေးတာဟာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက ကျတဲ့ဖွံ့ဖြိုးတိုးတက်ဖို့ဆိုလျှင် လမ်းနဲ့လျှပ်စစ်ကဏ္ဍဟာ အရေးကြီးတာဖြစ်တဲ့အတွက် တကယ်အဓိက ကျတဲ့ တံတားတစ်ခုပြီးစီးပြီဖြစ်တဲ့အတွက် ဒါကိုအကျိုးရှိရှိသုံးစွဲမယ်ဆိုလျှင် ဒီလမ်းကိုလည်း အထူး ဦးစားပေးအနေနဲ့ ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ဝန်ကြီးအနေနဲ့ ဒီလမ်းနဲ့ပတ်သက်ပြီး စနစ်တကျ ကွင်းဆင်းစစ်ဆေးပြီး ပြည်ထောင်စုအစိုးရသို့ ဦးစားပေးတိုက်တွန်းဖို့ အစီအစဉ်ရှိ/မရှိ ထပ်ဆင့်မေးမြန်း ရခြင်းဖြစ်ပါတယ်။

**ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ နောက်တစ်ချက်က ကျွန်တော်တို့ ဒီကုမ္ပဏီက လုပ်သွားတဲ့လုပ်ငန်းတွေနဲ့ပတ်သက်ပြီး ဝန်ကြီးလည်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဌာနက တင်ပြတဲ့အတိုင်း ပြည့်ပြည့်စုံစုံ ဖြေကြားသွားတာကိုလည်း ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကျွန်တော် ပြောချင်တာက ဒီလောက်လုပ်ငန်းပမာဏကြီးတဲ့အပေါ်မှာ ဒီကုမ္ပဏီတွေအနေနဲ့က သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တောင်တင်ပြခြင်းမရှိဘဲ မြို့နယ်မှာ အလျဉ်းသင့်သလိုလုပ်သွားတာမျိုးကို ကျွန်တော့်အနေနဲ့ မဖြစ်စေချင်တာပါ။ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးဖို့အတွက် ကျွန်တော်တို့ ကုမ္ပဏီတွေကို ဖိတ်ခေါ်ရမယ်။ ကုမ္ပဏီတွေကို ဝိုင်းဝန်းကူညီရမယ်ဆိုတာလည်း ကျွန်တော်တို့ နားလည်သဘောပေါက်

လက်ခံထားပြီးဖြစ်ပါတယ်။ ဒါပေမယ့် ဒီလုပ်ငန်းက အခုလိုရပ်ဆိုင်းလိုက်ရတဲ့အတွက် နောက်ပိတ်ဆုံး အလုပ်သမားတွေ အနေနဲ့ လုပ်အားခမရလို့ ညှိနှိုင်းဖြေရှင်းပေးရတဲ့အဆင့်ကို ရောက်သွားတာဖြစ်တဲ့ အတွက် ကျွန်တော့်အနေနဲ့ကတော့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဒီလိုလုပ်ငန်းမျိုးအပေါ်မှာ စနစ်တကျစီမံခန့်ခွဲ ဆောင်ရွက်ပေးနိုင်ဖို့အစီအစဉ်ရှိ/မရှိ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဦးဝင်းမြင့် မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)၊ မေးခွန်းအမှတ်စဉ်(၂)တို့နှင့် ပတ်သက်သည့် ဆက်စပ်မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း [ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။လေးစား အပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော် ကိုယ်စားလှယ်ကြီး ဦးဝင်းမြင့်မေးမြန်းတဲ့ ဆက်စပ်မေးခွန်းဖြစ်တဲ့ လမ်းပိုင်းနဲ့ပတ်သက်လို့ပြောရလျှင် ကျွန်တော်တို့က ဒီဟာသည်ဦးစားပေးသင့်/မပေးသင့်၊ ဒီဟာသည်ရန်ပုံငွေနဲ့ဖြစ်သင့်/မဖြစ်သင့်ကို ဌာန တွေနဲ့အစိုးရအဖွဲ့ဝန်ကြီးချုပ်နဲ့တကွ အမြဲတမ်းစိစစ်နေပြီး အမြဲတမ်းဆိုတာကလည်း လိုအပ်တဲ့အချိန် မှာ လိုအပ်သလိုစိစစ်ပြီးလျာထားခဲ့ခြင်းဖြစ်ပါတယ်။ အကယ်၍ဒီအပေါ်မှာ အစိုးရရဲ့စိစစ်ချက်တွေက ဒီဟာသည်အရေးကြီးသည်/မကြီးသည် စိစစ်ချက်ရှိပါတယ်။ သက်ဆိုင်တဲ့ကိုယ်စားလှယ်များကလည်း ဒီဟာသည်အရေးကြီးတယ်/မကြီးဘူးထောက်ပြတာကိုလည်း ကျေးဇူးတင်ပါတယ်။ သို့သော် ကျွန်တော် တို့က ဒီအပေါ်မှာရန်ပုံငွေကလည်း ကန့်သတ်ချက်ရှိပါတယ်။ ထို့အတွက် အရေးကြီးခြင်း/မကြီးခြင်း ကလည်း ဒီလမ်းတစ်ခုတည်းကိုလုပ်ဆောင်တာမဟုတ်ပါဘူး။ လမ်းဦးစီးဘတ်ဂျက်၊ ကျေးလက်လမ်း ဘတ်ဂျက်၊ လျှပ်စစ်ဘတ်ဂျက်စသဖြင့် ပြည်ထဲရေးဆို ပြည်ထဲရေးအလျောက် စသည်ဖြင့် သက်ဆိုင်တဲ့ ဝန်ကြီးဌာနအလျောက် လျာထားရတာဖြစ်ပါတယ်။ အဲ့ဒီအတွက်ကို ကျွန်တော်တို့က စီစဉ်ဆောင်ရွက် တဲ့အခါမှာ ကျွန်တော်တို့ သေချာစိစစ်ပါတယ်။ ဒီအပေါ်မှာမူတည်ပြီးမှ ကျွန်တော်တို့ ဖြေကြားခြင်း ဖြစ်ပါတယ်။ နောက်တစ်ခုကလည်း ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးဌာနကို တိုက်တွန်းပေးဖို့ ဆိုတာလည်း သိပ်သဘာဝမကျလှပါဘူး။ ကျွန်တော်တို့ တိုင်းဒေသကြီးမှာ ထည့်ချင်ထည့် ဒါမှမဟုတ် ပြည်သူ့လွှတ်တော်ကနေ ပြည်ထောင်စုဌာနကို မေးမြန်းချင်တယ်ဆိုလျှင် မေးမြန်းသင့်တဲ့မေးခွန်းမျိုး ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

**ဦးသန်းဝင်း [ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်ကြီး ဆက်စပ်မေးခွန်းဖြစ်တဲ့ မေးခွန်းအမှတ်စဉ်(၂)နဲ့ပတ်သက်လို့ ဖြေကြား ရမယ်ဆိုလျှင် ဒီMFOCNကိစ္စက တကယ်လည်း သူဘက်ကမှားယွင်းပါတယ်။ ကျွန်တော်တို့ ခုနကမေးခွန်း

ထဲမှာလည်းဖြေပြီးပါပြီ။ ကျွန်တော်တို့ ခေါ်ယူသတိပေးမယ်လို့ ပြောထားပြီးပါပြီ။ သူတို့က တိုင်းဒေသကြီး အစိုးရပဲဖြစ်ဖြစ် မြို့နယ်ပဲဖြစ်ဖြစ် သူတို့က အသိပေးတာပဲပြောတာ ဒီမှာကျွန်တော်တို့ လုပ်သွားမယ်။ ဒီလောက်ပဲပြောတာ။ တကယ်တမ်းက ဒေသဆိုင်ရာတွေ နယ်ခံတွေရဲ့ ပြည်သူလူထုပိုင်တဲ့ သူတို့ပိုင်နက် ထဲမှာ ဖြစ်လာမဲ့ပြဿနာမျိုးဖြစ်လာလျှင် သူကကြိုတင်ပြီးတော့ ဒီလိုဟာမျိုးကို ကျွန်တော်တို့လုပ်ပါမယ် လို့ ကြိုတင်အကြောင်းကြားခြင်းမရှိဘူး ဖြစ်နေတာပါ။ ကျွန်တော်ဆိုလိုတာက အာဏာပိုင်ကို ကျွန်တော် တို့လုပ်သွားပါ့မယ်။ ကျွန်တော်တို့ လုပ်ငန်းစနေပြီဆိုတာပဲ အသိပေးသွားတာ ဖြစ်ပါတယ်။ တကယ်တမ်း ပြဿနာဖြစ်နိုင်တဲ့နေရာတွေကို သူ့ဘာသာသူဝင်လုပ်သွားတာ ဖြစ်ပါတယ်။ အဲ့ဒီတော့ အဲ့လိုကိစ္စမျိုးတွေကို ကျွန်တော်တို့ ခေါ်ယူသတိပေးပါမယ်။ နောက်နောင်မဖြစ်အောင် ကျေအေးပေးသွားပါမယ်လို့ ဖြေကြားရင်း ဆက်စပ်မေးခွန်းကို ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးဝင်းနိုင်၊ ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပေါက်ခေါင်းမြို့နယ်၊ ဇီးကုန်းကျေးရွာနှင့် ချောင်းခွကြီးကျေးရွာချင်းဆက်လမ်းပေါ်ရှိ တောင်နဝင်း ရေပိုလွှဲချောင်းတံတားကြားရှိ ချဉ်းကပ်လမ်းပြိုကျပျက်စီးနေမှုအား ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းနိုင်၊ ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ **"ပေါက်ခေါင်းမြို့နယ်၊ ဇီးကုန်း ကျေးရွာနှင့် ချောင်းခွကြီးကျေးရွာချင်းဆက်လမ်းပေါ်ရှိ တောင်နဝင်းရေပိုလွှဲချောင်းတံတားကြားရှိ ချဉ်းကပ်လမ်း ပြိုကျပျက်စီးနေမှုအား ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ ပေါက်ခေါင်း မြို့နယ်၊ ဇီးကုန်းကျေးရွာနှင့် ချောင်းခွကြီးကျေးရွာချင်းဆက်လမ်းပေါ်ရှိ တောင်နဝင်းရေပိုလွှဲချောင်း တံတား ဘေးရှိချဉ်းကပ်လမ်းများမှာ မိုးတွင်းကာလရေတိုက်စားမှုများကြောင့် တံတားချဉ်းကပ်လမ်းမှာ ဆိုးရွား စွာပျက်စီးနေပြီး ကျေးလက်နေပြည်သူများအတွက် သွားလာရေးခက်ခဲလျက်ရှိနေပါသည်။

ဇီးကုန်း-ချောင်းခွကြီးလမ်းအရှည်မှာ (၃/၄)မိုင်ရှိပြီးကျေးရွာအုပ်စု(၁)အုပ်စု၊ ကျေးရွာ(၃)ရွာ၊ အိမ်ခြေ(၆၉၄)၊ လူဦးရေ (၂၉၁၁)ဦးတို့မှ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးလုပ်ငန်းများအတွက် မှီခိုအားထားနေရသောကြောင့် အမှန်တကယ်ဆောင်ရွက်ပေးရန် လိုအပ်နေပါသဖြင့် ၂၀၂၀- ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်မြို့ရေိယာအတွင်းရှိ ပန်းတောင်း-တောင်ကုတ်လမ်းနှင့် ပုသိမ်-မုံရွာလမ်း များအား (၂၄)ပေလမ်းအဖြစ် ချဲ့ပြီး AC ခင်းပေးရန် အစီအစဉ် ရှိ/မရှိ**နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်း ဖို့ ဖြစ်ပါတယ်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။**“ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်မြို့ ဧရိယာအတွင်းရှိ ပန်းတောင်း-တောင်ကုတ်လမ်းနှင့် ပုသိမ်-မုံရွာလမ်းများအား (၂၄)ပေ လမ်းအဖြစ် ချဲ့ပြီး AC ခင်းပေးရန် အစီအစဉ် ရှိ/မရှိ**နှင့် စပ်လျဉ်း၍ ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်မြို့သည် ပန်းတောင်း-တောင်ကုတ်လမ်းနှင့် ပုသိမ်-မုံရွာလမ်းဆုံသောနေရာတွင် ရှိသည့်မြို့ဖြစ်သည့်အတွက် ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းတို့သို့ ဖြတ်သန်းသွားလာရာတွင် အဓိကကျသည့် မြို့နေရာ ဖြစ်ပါသည်။ ယခုအခါ ဥသျှစ်ပင်မြို့သည် စီးပွားရေးအရအချက်အချာကျသဖြင့် လူဦးရေလည်း ထူထပ်သလို မြို့အတွင်းမှယာဉ်များ၊ ဖြတ်သန်းသွားလာသောယာဉ်များဖြင့် စည်ကားလျက်ရှိပါသည်။ သို့သော် လမ်းမှာချိုင့်ခွက်များ၊ လမ်းကျဉ်းများဖြစ်နေသဖြင့် သက်မှတ်ချိန်အတွင်း ရောက်ရှိနိုင်ခြင်း မရှိဘဲ ကြန့်ကြာမှုများရှိနေပါသည်။ ယခုအခါ ခရီးသွားယာဉ်များမှာလည်း ပိုမိုများပြားလာသဖြင့် လမ်းသား ချဲ့ရန် အထူးလိုအပ်သလို မြို့အင်္ဂါရပ်နှင့်အညီဖြစ်စေရန် AC ခင်းပေးရန်လည်း လိုအပ်နေပါသည်။ ယင်းလမ်းအားရရှိမည်ဆိုပါက ဒေသခံပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်မြို့ ပြည်သူများနှင့် ခရီးသွားများမှာ လည်း အဆင်ပြေချောမွေ့ပြီးဝမ်းသာရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်မြို့ဧရိယာအတွင်းရှိပန်းတောင်း-တောင်ကုတ်လမ်းနှင့် ပုသိမ်-မုံရွာလမ်းများအား (၂၄)ပေလမ်းအဖြစ်ချဲ့ပြီး AC ခင်းပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းမေးမြန်း အပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း [ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ ဦးဝင်းနိုင်၊ ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ပေါက်ခေါင်းမြို့နယ်၊ ဇီးကုန်းကျေးရွာနှင့် ချောင်းခွကြီး ကျေးရွာချင်းဆက်လမ်းပေါ်ရှိ တောင်နဝင်းရေပိုလွှဲချောင်းတံတားကြားရှိ ချဉ်းကပ်လမ်း ပြိုကျ ပျက်စီးနေမှုအား ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ”**နှင့်စပ်လျဉ်းသည့် မေးခွန်းကိုဖြေကြားမှာ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ်အတွင်း ညောင်ပင်သာ-ဇီးကုန်း-ချောင်းခွကြီး လမ်းပေါ်ရှိ သစ်သားတံတားသည် အတိုင်းအတာအားဖြင့် (၁၀၀’×၁၄’×၁၀’)ရှိပြီး (၂၀၁၄-၂၀၁၅)ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနရန်ပုံငွေဖြင့် **Royal Princes** ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တောင်နဝင်းရေထိန်းတမံ၏ ရေပိုလွှဲချောင်းအား ဖြတ်သန်း ဖောက်လုပ်ထားသော တံတားဖြစ်ပါသည်။

အဆိုပါတံတားသည် တံတားအနေဖြင့် ကြံ့ခိုင်မှုရှိသော်လည်း မိုးတွင်းကာလ မိုးသည်းထန်စွာ ရွာသွန်းသည့်အခါ ရေထိန်းတမံရေပိုလွှဲမှရေများ ပုံမှန်ထက်ပိုမိုစီးဆင်းလာပြီး တံတားကြမ်းခင်းနှင့် လက်ရန်းများ မြုပ်လုနီးပါးအခြေအနေအထိ ရေများမြင့်တက်လာခဲ့ပါသည်။ ထိုရေစီးနှင့်အတူ ဒိုက်များ၊

ဗေဒါများ မျောပါလာပြီး ချဉ်းကပ်လမ်းများအား တိုက်စားသည့်အပြင် ညောင်ပင်သာ-ဇီးကုန်း-ချောင်းခွကြီးလမ်းသည် တံတား၏အထက်အမြင့်ပိုင်းတွင် တည်ရှိနေသည့်အတွက် ထိုလမ်းပေါ်မှ ရေများသည်လည်း ချဉ်းကပ်လမ်းပေါ်သို့ တိုက်ရိုက်စီးဆင်းလာသဖြင့် အဆိုပါတံတားချဉ်းကပ်လမ်းမှာ နှစ်စဉ်နှစ်တိုင်း ပျက်စီးနေပါသည်။ အဆိုပါတံတားချဉ်းကပ်လမ်းများအား ကွင်းဆင်းတိုင်းတာခဲ့ရာ ချဉ်းကပ်လမ်းနှစ်ဖက် ပေ(၂၅၀)ရှည်လျားပြီး နှစ်စဉ်ရေတိုက်စားမှုမှကာကွယ်နိုင်ရန် လက်ရှိမြေနီချဉ်းကပ်လမ်းမှ ကွန်ကရစ်ချဉ်းကပ်လမ်းအဖြစ်သို့ အဆင့်မြှင့်တင်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။ ကွန်ကရစ်ချဉ်းကပ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ် (၁၁.၃၈)သန်းကုန်ကျမည်ဖြစ်ပြီး ၎င်းတံတားအား အသုံးပြုဖြတ်သန်းသွားလာနေသော ကျေးရွာအုပ်စုများမှ ကျေးရွာသားများအနေဖြင့်လည်း နှစ်စဉ်နှစ်တိုင်းမိုးများသည့်အခါ ရေစီးနှင့် မျောပါလာသည့် ဒိုက်များအားဖယ်ရှားခြင်း၊ ပျက်စီး သွားသည့်ချဉ်းကပ်လမ်းများအား မြေဖို့ခြင်းလုပ်ငန်းများပြုလုပ်ပြီး သွားလာရေးအဆင်ပြေစေရန် ဆောင်ရွက်နေရသည့်အတွက် အမှန်တကယ် ဆောင်ရွက်ပေးရန် လိုအပ်နေပါသည်။

သို့ဖြစ်ပါ၍ (၂၀၁၉-၂၀၂၀)ခုဘဏ္ဍာရေးနှစ်တွင် ပါဝင်ခြင်းမရှိသော်လည်း ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားပေးသွားမည်ဖြစ်ပါကြောင်းနှင့် ရရှိပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း [ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်မြို့ရေိယာ အတွင်းရှိ ပန်းတောင်း-တောင်ကုတ်လမ်းနှင့် ပုသိမ်-မုံရွာလမ်း များအား (၂၄)ပေလမ်းအဖြစ် ချဲ့ပြီး AC ခင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့်** စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ပန်းတောင်းမြို့နယ်၊ ပန်းတောင်း-တောင်ကုတ်လမ်းသည် ပြည်ထောင်စုမှ စီမံခန့်ခွဲသည့်လမ်းဖြစ်ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ယင်းလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် ငွေလုံးငွေရင်း ရန်ပုံငွေ ခွဲဝေရရှိထားခြင်းမရှိပါကြောင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေသာ ခွဲဝေရရှိပါသဖြင့် ယင်းလမ်းအား (၂၄)ပေအကျယ်ချဲ့ပြီး AC ခင်းပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားအပ်ပါသည်။

ပန်းတောင်းမြို့နယ်၊ ပုသိမ်-မုံရွာလမ်းသည် ပြည်ထောင်စုမှ စီမံခန့်ခွဲသည့်လမ်းဖြစ်ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မိုင်(၁၀၂/၃-၁၀၄/၄)အတွင်း (၃.၄၂)ကီလိုမီတာအပိုင်းအား (Granular Sub Base၊ Well Graded Base) ကတ္တရာကွန်ကရစ် AC ထပ်ပိုးလွှာတင်ရန်အတွက် ရန်ပုံငွေကျပ် (၁၀၀၀) သန်းကို ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေမှ ခွဲဝေရရှိထားပါသဖြင့် ယခုဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကိုလည်း ထည့်သွင်းဖြေကြားအပ်ပါသည်။

ပုသိမ်-မုံရွာလမ်း ဥသျှစ်ပင်မြို့ရေိယာအတွင်းလမ်းအပိုင်းအား (၂၄)ပေအကျယ်ချဲ့ပြီး AC ခင်းပေးရန် လတ်တလောတွင် အစီအစဉ်မရှိသေးပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဥက္ကဋ္ဌကြီးရှင့်- ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဒေါ်ဇင်မိုးထိုက်၊ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ပန်းတောင်း- တောင်ကုတ်လမ်းနဲ့ ပုသိမ်-မုံရွာလမ်းဆိုတာ တိုင်းဒေသကြီးကနေပြီးတော့ စီမံခန့်ခွဲလို့မရဘဲနဲ့ ပြည်ထောင်စုက နေပြီး စီမံခန့်ခွဲလို့ရတဲ့လမ်းဆိုတာကိုလည်း နားလည်ပါတယ်။ အဲ့ဒီနေရာမှာ မူလတုန်းက ပန်းတောင်း- တောင်ကုတ် လမ်းက BOTစနစ်နဲ့ ယူထားတာဖြစ်တဲ့အတွက် BOT စနစ်နဲ့ ယူထားတဲ့ကာလအတွင်းမှာ လုံးဝလုပ်ဆောင်ပေးနိုင်ခြင်းမရှိတဲ့အတွက် လမ်းကလည်း အများကြီးစုတ်ပြတ်နေပြီး ချိုင့်ခွက်တွေ ဖြစ်နေပြီးတော့ တောင်ကုတ်ကိုသွားတဲ့ တောင်ပေါ်လမ်းအပိုင်းတွေမှာဆိုလျှင် လုံးဝကိုမပြင်နိုင်ဘူး။ မြေသားတွေပြိုကျတဲ့ကိစ္စတွေလည်း မလုပ်နိုင်ဘဲနဲ့ ဒါ ဒီတောင်ပေါ် လမ်းကနေပြီးတော့ ယာဉ်တွေ ခဏခဏမှောက်တဲ့ပြဿနာတွေလည်း ကြုံရပါတယ်။ အဲ့ဒီအခါမှာ ပြီးခဲ့တဲ့ ၂၀၁၉-၂၀၂၀ ဘတ်ဂျက်မှာလည်း ကျွန်မတို့ တိုင်းဒေသကြီးငွေလုံးကနေပြီးတော့ လျာထားဆောင်ရွက်ဖို့စီစဉ်ပါတယ်။ အဲ့ဒီအခါမှာ ကျွန်မတို့ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရဲ့ သက်ဆိုင်ရာကော်မတီကလည်း စိစစ်လျှော့ချလိုက်တဲ့အခါမှာ ကျွန်မတို့ ပန်းတောင်းမြို့နယ်ရဲ့ ပန်းတောင်း-တောင်ကုတ်လမ်းပိုင်းမှာ တိုင်းဒေသကြီးလွှတ်တော်ရဲ့ ဘတ်ဂျက်အနေနဲ့မရခဲ့ပါဘူး။ အဲ့ဒီအခါမှာ ကျွန်မတို့ ပန်းတောင်းမြို့နယ်ရဲ့ အနေအထားကို ကြည့်မယ်ဆိုလျှင် ပန်းတောင်း-တောင်ကုတ်လမ်းနဲ့ပတ်သက်ပြီး ပုသိမ်-မုံရွာလမ်း ဖြတ်သန်းတဲ့အပိုင်းက အများဆုံးဖြစ်ပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ကနေပြီးတော့ စီမံခန့်ခွဲလို့ရတဲ့ လမ်းအပိုင်းက အနည်းငယ်ပဲရှိပါတယ်။ အဲ့ဒီတော့ ပြည်သူတွေရဲ့ အမြဲတမ်းနေ့တစ်ဓူဝ ဖြတ်သန်းသွားလာနေတဲ့လမ်းအပိုင်းဟာ ယခုလက်ရှိအစိုးရသက်တမ်း ကာလလက်ထက်အတွင်းမှာ လုပ်ဆောင်ပေးနိုင်မှုမရှိသလောက်ပဲဖြစ်တဲ့အခါမှာ ကျွန်မတို့ တွေ့ဆုံပွဲတွေသွားတဲ့အခါမှာ ပြည်သူတွေအနေနဲ့ အများဆုံးတောင်းဆိုတဲ့ လမ်းအပိုင်းလည်းဖြစ်ပါတယ်။ အဲ့ဒီအထဲမှာမှ ကျွန်မတို့က ဥသျှစ်ပင်ကို မြို့ရေိယာလေးအတွင်းကိုပဲ မြို့အင်္ဂါရပ်နှင့်ညီစေရန်အတွက် AC ခင်းပေးဖို့လမ်းအနေနဲ့ တောင်းဆိုရခြင်းဖြစ်ပါတယ်။ အဲ့ဒီတော့ မြို့တွေကို စနစ်တကျခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့အတွက်က ပြည်ထောင်စုအစိုးရက စီမံခန့်ခွဲတဲ့လမ်း တိုင်းဒေသကြီးအစိုးရစီမံခန့်ခွဲတဲ့လမ်းလို့ အစိုးရကခွဲခြားမနေဘဲနဲ့ တိုင်းဒေသကြီးအစိုးရအနေနဲ့ လည်း ထည့်သွင်းလျာထားပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။ အဲ့ဒီအတွက် ထည့်သွင်းလျာထားပေးနိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးအနေနဲ့ ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနဲ့ တကယ်လို့လုံးဝ တိုင်းဒေသကြီးအစိုးရအနေနဲ့ စီစဉ်ဆောင်ရွက်ပေးဖို့မရှိဘူးဆိုလျှင်လည်း သက်ဆိုင်ရာတိုင်းဒေသကြီး လမ်းဦးစီးဌာနကနေတစ်ဆင့် ပြည်ထောင်စုမှာ စီမံခန့်ခွဲသွားလာနိုင်ဖို့ကို

ဝန်ကြီးအနေနဲ့ လမ်းညွှန်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိအား ဆက်စပ်မေးခွန်းအဖြစ် မေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ဇင်မိုးထိုက်မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း [ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်ဇင်မိုးထိုက် မေးမြန်းတဲ့မေးခွန်းနှင့်စပ်လျဉ်းလို့ကျွန်တော် ဖြေမယ်ဆိုလျှင် ဒေါ်ဇင်မိုးထိုက် ပြောကြားသလိုပဲ မြို့အင်္ဂါရပ်နှင့်ညီဖို့အတွက် AC ခင်းဖို့လိုအပ်တယ်ဆိုတာ အများကြီးလက်ခံပါတယ်။ တစ်ခြားတိုင်းနဲ့ ပြည်နယ်မှာ လိုအပ်လျှင်လိုအပ်သလို AC ခင်းထားတာတွေရှိသလို AC နဲ့ခင်းလျှင်လည်း နှစ်ပေါင်းများစွာကြာရှည်ခံတာလည်းဖြစ်ပါတယ်။ သို့သော် ဒီအပေါ်မှာ ရန်ပုံငွေရရှိမှုကိုလည်း ကျွန်တော်တို့က တစ်ချက်ကြည့် ကြရပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးက ဒီအပေါ်မှာ High Line လုပ်ပြီး မေးမြန်းထားတဲ့အတွက် ကျွန်တော်ဒီကိစ္စနဲ့ပတ်သက်ပြီး လမ်းဦးစီးဌာနကို သေချာလေး ကွင်းဆင်းစိစစ်ခိုင်းပြီးတော့ သူတို့အစီရင်ခံစာရယ် နောက်တစ်ခါစိစစ်ပြီး ဒီအပေါ်မှာကြည့်ရှုပြီးတော့မှ လိုအပ်လျှင်လိုအပ်သလို ဆောင်ရွက်ပေးသွားနိုင်မှာဖြစ်ပါကြောင်း။ သို့သော် ၂၀၂၀-၂၀၂၁ မှာလျာထားပေးမှာဖြစ်ပါကြောင်းလို့ ကျွန်တော်တို့ ပြောကြားလို့မရပါဘူး။ ဒီအပေါ်မှာ အခြေအနေအရပ်ရပ်ကို ကြည့်ရှုသုံးသပ်ပြီးမှ ထည့်ပေးပါမယ်ဆိုတဲ့အကြောင်း ဆက်စပ်မေးခွန်းကို ဖြေကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"အလယ်ကုန်း-ဖိုးခေါင်-စံရွှေလမ်း ၅/၁ မိုင်မှ ၆/၆ မိုင် ၂၉၀ ပေအထိ ၁ မိုင် ၅ ဖာလုံ ၂၉၀ ပေအရှည် ကျောက်ကြမ်းလမ်းအား မြေနီကျောက်စရစ်ဖြင့်ခင်းကြိတ်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ **"အလယ်ကုန်း-ဖိုးခေါင်-စံရွှေလမ်း ၅/၁ မိုင်မှ ၆/၆ မိုင် ၂၉၀ ပေအထိ ၁ မိုင် ၅ ဖာလုံ ၂၉၀ ပေအရှည် ကျောက်ကြမ်းလမ်းအား မြေနီကျောက်စရစ်ဖြင့်ခင်းကြိတ်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ ၂၀၁၉- ၅လပိုင်း သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ်၊ စံရွှေကျေးရွာအုပ်စု၊ ညောင်သာယာ၌ ဝန်ကြီးချုပ်၏ ပြည်သူနှင့်တွေ့ဆုံပွဲတွင် မြစ်မခမြစ်ကူးတံတား စံရွှေဘက်ခြမ်းချဉ်းကပ်လမ်း (အထက်ဖော်ပြပါ မေးခွန်းပါအတိုင်းအတာ)ပါ ကျောက်ချောလမ်းသည် ကျောက်ချောလမ်းအဖြစ်မှ ယခုအခါ ကျောက်များပေါ်၍

ကျောက်ကြမ်းလမ်း အဖြစ် ရောက်နေပါသည်။ ၎င်းလမ်းအားပြင်ဆင်ပေးရန် အစီအစဉ်ရှိပါသလားဟု စံရွေးကျေးရွာနေ ဦးမျိုးမြင့်မှမေးမြန်းခဲ့ရာ ဝန်ကြီးချုပ်၏ တာဝန်ပေးမှုအရ ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာခင်းမည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေး နှစ်တွင် ပြင်/ထိန်းအဖြစ် ဂဝံကြေဖြင့် ဆောင်ရွက်ပေးမည်ဟုဖြေကြားခဲ့သဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြင်/ထိန်းလုပ်ငန်းတွင် ၎င်းကျောက်ကြမ်းလမ်းအားမြေနီကျောက်စရစ်ဖြင့် ခင်းကြိတ် ပေးပြီး လမ်းပန်းဆက်သွယ်ရေးချောမွေ့စေရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မြစ်မခ အနောက်ဘက်ကမ်းရှိ ကျေးရွာအုပ်စု(၈)အုပ်စုရှိ ဒေသခံပြည်သူတို့ကိုယ်စား မေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“(၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေးတွင် သက်ဆိုင်ရာဝန်ကြီးမှ လက်ပံတန်း-တော်လသ-ထိန်တော-မိုးညို-တာပွန်-နတ်တလင်း လမ်းပိုင်းကို ယခုလာမည့်ပွင့်လင်းရာသီတွင် ရာသီမရွေးသွားလာနိုင်သည့်လမ်းအဖြစ် ဆောင်ရွက်ပေးမည်ဟု ဖြေကြားခဲ့သော်လည်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် လုပ်ငန်းများရေးဆွဲပြီး ဘဏ္ဍာငွေများ ခွဲဝေပြီးဖြစ်ပါသဖြင့် မည်သည့်ဘဏ္ဍာငွေဖြင့် ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း”** နှင့် စပ်လျဉ်းသည့်မေးခွန်းကိုမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ **“(၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် သက်ဆိုင်ရာဝန်ကြီးမှ လက်ပံတန်း-တော်လသ-ထိန်တော-မိုးညို-တာပွန်-နတ်တလင်းလမ်းပိုင်းကို ယခု လာမည့်ပွင့်လင်းရာသီတွင် ရာသီမရွေးသွားလာနိုင်သည့်လမ်းအဖြစ် ဆောင်ရွက်ပေးမည်ဟု ဖြေကြားခဲ့သော်လည်း ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ် လုပ်ငန်းများရေးဆွဲပြီး ဘဏ္ဍာငွေများ ခွဲဝေပြီး ဖြစ်ပါသဖြင့် မည်သည့်ဘဏ္ဍာငွေဖြင့် ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း”** နှင့် စပ်လျဉ်း၍ လက်ပံတန်း-တော်လသ-ထိန်တော-မိုးညို-တာပွန်-နတ်တလင်းလမ်းပိုင်းသည် မိုင်တိုင် ၁၃၅၁ မှ မိုင်တိုင် ၅၆/၃ အပိုင်းသည် မိုးညိုမြို့နယ်တွင်ရှိသော လမ်းပိုင်းဖြစ်ပါသည်။ ၎င်းလမ်းပိုင်းရှိ မိုင်တိုင် အမှတ် ၄၄/၂ မှ ၄၈/၅ လမ်းပိုင်းသည် အမာခံကျောက်များကိုဖယ်ထုတ်ပြီး သက်တမ်းနုမြေနီများဖြင့်သာ ခင်းထား သဖြင့် လူစီးကားများ၊ ကုန်ကားများသွားလာရာတွင် ရွှံ့ဗွက်သဲနစ်နေသည်ကို ပြီးခဲ့သည့် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် (power point) ဖြင့်ပြပြီး ဆွေးနွေးခဲ့ပြီးဖြစ်ပါသည်။

ဆွေးနွေးချက်များကို သက်ဆိုင်ရာဝန်ကြီးမှ ပြန်လည်ဖြေကြားရာတွင် ယခုလာမည့် ပွင့်လင်း ရာသီတွင် ရာသီမရွေးသွားလာနိုင်သည့်လမ်းအဖြစ် ဆောင်ရွက်ပေးမည်ဟုဖြေကြားခဲ့ပါသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်လုပ်ငန်းများရေးဆွဲပြီး ဘဏ္ဍာငွေများခွဲဝေပြီးဖြစ်ပါသဖြင့် မည်သည့်ဘဏ္ဍာငွေဖြင့် ဆောင်ရွက်မည်ကိုသိရှိလို၍ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ်(၂)ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း [ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"အလယ်ကုန်း-ဖိုးခေါင်-စံရွှေးလမ်း ၅/၁ မိုင်မှ ၆/၆ မိုင် ၂၉၀ ပေအထိ ၁ မိုင် ၅ ဖာလုံ ၂၉၀ ပေအရှည် ကျောက်ကြမ်းလမ်းအား မြေနီကျောက်စရစ်ဖြင့် ခင်းကြိတ်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားပေးမှာဖြစ်ပါတယ်။ သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ်၊ လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော အလယ်ကုန်း-ဖိုးခေါင်-စံရွှေးလမ်းသည် (၆မိုင် ၆ဖာလုံ ၂၉၀)ပေရှိပြီး လက်ရှိလမ်းအမျိုးအစားမှာ ကတ္တရာလမ်း (၅မိုင် ၁ဖာလုံ)၊ ကျောက်လမ်း (၁မိုင် ၅ဖာလုံ ၂၉၀ပေ) ဖြစ်ပါသည်။မိုင် ၅/၁ မှ ၆/၆+၂၉၀' အထိ (၁မိုင် ၅ဖာလုံ ၂၉၀ပေ) ကျောက်လမ်းအပိုင်းသည် မိုးရာသီကာလတွင် သဘာဝဘေးဒဏ်ကြောင့် လမ်းပျက်စီးမှုဖြစ်ပေါ်ခဲ့ပါသဖြင့် ကျောက်ကြမ်းလမ်းအဆင့်သို့ ရောက်ရှိနေခြင်းအား ပြင်ဆင်ရန်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေလျာထားတင်ပြတောင်းခံခဲ့သော်လည်း ခွဲဝေရရှိခြင်း မရှိပါသဖြင့် လက်ရှိသွားလာမှုအဆင်ပြေစေရန်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် အနည်းငယ်ပြင်ဆင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အလယ်ကုန်း-ဖိုးခေါင်-စံရွှေးလမ်း(၁မိုင် ၅ဖာလုံ ၂၉၀ပေ)လမ်းအပိုင်းအား ကျောက်ချောလမ်းအဆင့်သို့ တိုးမြှင့်ဆောင်ရွက်ရန်အတွက် လိုအပ်ရန်ပုံငွေကို တိုင်းဒေသကြီး ဖြည့်စွက်ငွေလုံးငွေရင်းရန်ပုံငွေတွင် ထည့်သွင်းလျာထားတောင်းခံသွားမည်ဖြစ်ပြီးရရှိပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း [ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"(၁၃)ကြိမ်မြောက်ပုံမှန် အစည်းအဝေးတွင် သက်ဆိုင်ရာ ဝန်ကြီးမှ လက်ပံတန်း-တော်လသာ-ထိန်တော-မိုးညို-တာပွန်-နတ်တလင်း လမ်းပိုင်းကို ယခုလာမည့် ပွင့်လင်းရာသီတွင် ရာသီမရွေးသွားလာနိုင်သည့်လမ်းအဖြစ် ဆောင်ရွက်ပေးမည်ဟု ဖြေကြားခဲ့သော်လည်း ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ် လုပ်ငန်းများရေးဆွဲပြီး ဘဏ္ဍာငွေများ ခွဲဝေပြီးဖြစ်ပါသဖြင့် မည်သည့်ဘဏ္ဍာငွေဖြင့် ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း"** နှင့်စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားပေးမှာ ဖြစ်ပါတယ်။ လက်ပံတန်း-မိုးညို-နတ်တလင်းလမ်းသည် မိုးညိုမြို့နယ်အတွင်း မိုင် ၁၃/၁ မှ ၅၆/၃ အထိ ၄၃မိုင် ၂ဖာလုံ အရှည်ရှိပြီး လက်ရှိလမ်းအမျိုးအစားမှာ ကတ္တရာလမ်း ၂၈မိုင်၅ဖာလုံ နှင့် ကျောက်လမ်း ၉မိုင် ၂ဖာလုံ၊ မြေလမ်း ၅မိုင် ၃ဖာလုံ ဖြစ်ပါကြောင်း၊ မိုးညိုမြို့နယ်၊ လက်ပံတန်း-မိုးညို-နတ်တလင်း လမ်း မိုင် ၄၄/၃ မှ ၄၈/၅ အထိ လမ်းအပိုင်းအား မြေသားတာဘောင် (၃၀ပေ) အကျယ် တိုးချဲ့ခြင်း လုပ်ငန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းတင်ဒါစနစ်ဖြင့် ဆောင်ရွက်ခဲ့ပြီး မြေသား တာဘောင်ဖို့

ကြိတ်ခြင်းအတွက် မူလလမ်းမျက်နှာပြင်အား ခွာထုတ်ပြီး ဂဝံမြေနီများကို ဖြည့်ခင်း ကြိတ်ခြင်း ဆောင်ရွက်ခဲ့သော်လည်း မိုးရာသီကာလအတွင်း ဝန်တင်ယာဉ်များ ဖြတ်သန်းသွားလာမှု များပြားခြင်းကြောင့် လမ်းသားမှာ ဆိုးဝါးစွာပျက်စီးလျက်ရှိပါကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ခွဲဝေရရှိသော တိုင်းဒေသကြီး ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် မိုင် ၄၄/၂ မှ ၄၄/၃အတွင်း (၁ဖာလုံ) ဆိုးဝါးစွာပျက်စီးနေသော လမ်းအပိုင်းအား မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ပြီး မိုင် ၄၄/၃ မှ ၄၈/၅ အတွင်း ၄မိုင်အား ကျောက်ချောလမ်းအဖြစ်သို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် လိုအပ်ရန်ပုံငွေကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေတွင် လျာထားတွက်ချက် တင်ပြတောင်းခံသွားမည်ဖြစ်ပြီးရရှိပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ရန်ကုန်-မန္တလေးလမ်း အမြန်လမ်းမကြီးဖောက်လုပ်ရာတွင် ပါဝင်ထားသည့် လယ်ယာမြေများအား နစ်နာကြေးပေးရာတွင်မရရှိဘဲ ကျန်နေသည့်ကိစ္စအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၏ (၂၆.၉.၂၀၁၆)ရက်စွဲပါ တင်ပြစာနှင့်ပတ်သက်၍ မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်းသည့်မေးခွန်းနှင့်

(၂) **"ရန်ကုန်-မန္တလေးလမ်း အမြန်လမ်းမကြီးဖောက်လုပ်စဉ် ဒိုက်ဦးမြို့နယ်အတွင်း နစ်နာကြေးလျော်ကြေးများအား (၂၉.၃.၂၀၁၄)ရက်နေ့တွင် ပေးလျော်ခြင်းကိစ္စအား အကြောင်းပြု၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၏ (၂၉.၈.၂၀၁၆)ရက်စွဲပါ တိုင်ကြားစာနှင့်ပတ်သက်၍ မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ **"ရန်ကုန်-မန္တလေးလမ်း အမြန်လမ်းမကြီး ဖောက်လုပ်ရာတွင် ပါဝင်ထားသည့် လယ်ယာမြေ များအားနစ်နာကြေးပေးရာတွင် မရရှိဘဲ ကျန်နေသည့်ကိစ္စအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၏ (၂၆.၉.၂၀၁၆)ရက်စွဲပါတင်ပြစာနှင့် ပတ်သက်၍ မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း"** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ အုတ်သျှစ်ကုန်းကျေးရွာအုပ်စု၊ ဖဒီမြောင် လွမ်းပိုအေးစု၊ တောင်ကလေး၊ လှည်းဝိုင်း ကျေးရွာများရှိ တောင်သူ(၁၄)ဦးတို့မှ ရန်ကုန်-မန္တလေးလမ်းအမြန်လမ်းဖောက်လုပ်ရာ၌ ပါဝင်သွားသည့် မြေများအား နစ်နာကြေးပေးလျော်ရာတွင် မြေဧရိယာလွဲမှားနေခြင်း၊ နစ်နာကြေးလုံးဝ မရရှိဘဲ ကျန်နေခြင်းများ ဖြစ်ပေါ်နေကြသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှစိစစ်၍ ဖြေရှင်းဆောင်ရွက်ပေးနိုင်ပါရန် ကျွန်တော်ဦးသူရဇော်ကိုယ်တိုင် (၂၆.၉.၂၀၁၆) ရက်စွဲပါစာဖြင့် တင်ပြတိုင်ကြားထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် ရန်ကုန်-မန္တလေးလမ်းအမြန်လမ်း ဖောက်လုပ်ရာတွင် ပါဝင်ထားသည့် လယ်ယာမြေများအား နစ်နာကြေးပေးရာတွင် မရရှိဘဲ ကျန်နေသည့်ကိစ္စအား ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသူရဇော်၏ (၂၆.၉.၂၀၁၆)ရက်စွဲပါ တင်ပြစာနှင့် ပတ်သက်၍ မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါသည်။

**ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ **"ရန်ကုန်-မန္တလေးလမ်း အမြန်လမ်းမကြီး ဖောက်လုပ်စဉ် ဒိုက်ဦးမြို့နယ်အတွင်း နစ်နာကြေးလျော်ကြေးများအား (၂၉.၃.၂၀၁၄) ရက်နေ့တွင် ပေးလျော်ခြင်းကိစ္စအား အကြောင်းပြု၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၏ (၂၉.၈.၂၀၁၆)ရက်စွဲပါ တိုင်ကြားစာနှင့်ပတ်သက်၍ မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း"** နှင့်စပ်လျဉ်း၍ ရန်ကုန်-မန္တလေးလမ်းအမြန်လမ်းမကြီး ဖောက်လုပ်စဉ် ဒိုက်ဦးမြို့နယ် အတွင်း နစ်နာကြေးလျော်ကြေးများအား (၂၉.၃.၂၀၁၄)ရက်နေ့တွင် ပေးလျော်ခဲ့ပါသည်။ ထိုသို့ ပေးလျော်ခဲ့သော်လည်း ပါဝင်သွားသည့် လယ်ယာမြေနှင့်သက်ဆိုင်သည့် တောင်သူများအား ပေးလျော် ခဲ့ခြင်းမရှိ လျော်ကြေးမရရှိဘဲ၊ ကျန်ရှိနေသည့် ဒိုက်ဦးမြို့နယ်၊ ကုက္ကိုင်းကျေးရွာအုပ်စု၊ ကုက္ကိုင်း ကျေးရွာရှိ တောင်သူ(၃၄)ဦးတို့ မြေဧရိယာ (၄၈.၅၅)ကေအတွက် နစ်နာကြေး/လျော်ကြေးရရှိရေး သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဖြေရှင်းဆောင်ရွက်ပေးပါရန် ကျွန်တော်ဦးသူရဇော်ကိုယ်တိုင် (၂၉.၈.၂၀၁၆)ရက်စွဲဖြင့် တင်ပြတိုင်ကြား ထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဖောက်လုပ်စဉ် ဒိုက်ဦးမြို့နယ်အတွင်း နစ်နာကြေး၊ လျော်ကြေးများအား (၂၉.၃.၂၀၁၄)ရက်နေ့တွင် ပေးလျော်ခြင်းကိစ္စအား အကြောင်းပြု၍ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသူရဇော်၏ (၂၉.၈.၂၀၁၆)ရက်စွဲပါ တိုင်ကြားစာနှင့်ပတ်သက်၍ မည်ကဲ့သို့ဆောင်ရွက်ထားသည်ကို သိရှိလိုပါ ကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးသူရဇော် မေးမြန်းသည့် မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း [ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏**"ရန်ကုန်-မန္တလေးလမ်း အမြန်လမ်းမကြီး ဖောက်လုပ် ရာတွင် ပါဝင်ထားသည့် လယ်ယာမြေများအား နစ်နာကြေးပေးရာတွင်မရရှိဘဲ ကျန်နေသည့်ကိစ္စအား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၏ (၂၆.၉.၂၀၁၆)ရက်စွဲပါတင်ပြစာနှင့် ပတ်သက်၍ မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း"** နှင့်စပ်လျဉ်းသည့် မေးခွန်းကို

ဖြေကြားမှာဖြစ်ပါတယ်။ ဒိုက်ဦးမြို့နယ်၊ အုတ်သျှစ်ကုန်း ကျေးရွာအုပ်စု (ဖဒီမြောင်၊ လွမ်းပိုအေးစု ၊ တောင်ကလေး၊ လှည်းဝိုင်း) ကျေးရွာများရှိ တောင်သူ(၁၄)ဦးတို့မှ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ဖောက်လုပ်ရာတွင် ပါဝင်သွားသည့်မြေများအတွက် နစ်နာကြေးမရရှိသေးကြောင်း တင်ပြလာခြင်းတွင် လျော်ကြေးငွေပေးလျော်ပြီးသော မှတ်တမ်းများဖြင့် တိုက်ဆိုင်စစ်ဆေးနိုင်ရန်အတွက် တောင်သူများ၏ အမည် ၊ အဘအမည်၊ မှတ်ပုံတင် အမှတ် ၊ မြေရာဇဝင်မှတ်တမ်းများ လိုအပ်မည်ဖြစ်ပါသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှလည်း ဒိုက်ဦး မြို့နယ်၊ အုတ်သျှစ်ကုန်း ကျေးရွာနေတောင်သူ(၁၂)ဦးမှ လျော်ကြေးမရရှိသေးကြောင်း ဦးကျော်အောင်မှ တင်ပြလာသည့်ကိစ္စရပ်အား စိစစ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာလယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ စိစစ်ရေးကော်မတီအဖွဲ့၏ မြေပိုင်ဆိုင်ကြောင်း မြေရာဇဝင်မှတ်တမ်းများနှင့် လျော်ကြေးမရရှိသေးသူများ၏ အမည်စာရင်းများပေးပို့ပေးပါရန် (၁၁.၆.၂၀၁၉) ရက်စွဲပါစာအမှတ်၊ ၄၅၂/ လ၀-၂(က) / အမြန်လမ်း / ၂၀၁၉ ဖြင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ညွှန်ကြားရေးမှူးထံသို့ ရန်ကုန်– မန္တလေးအမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့်ကြီးကြပ်ရေးအဖွဲ့မှ တင်ပြခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ (၁၅.၇.၂၀၁၉) ရက်စွဲပါစာအမှတ်၊ ၇/၂-၂/ ထောက်၃ (၇၁၁၈)ဖြင့် ဒိုက်ဦးမြို့နယ်၊ အုတ်သျှစ်ကုန်းကျေးရွာနေတောင်သူများ၏ မြေပိုင်ဆိုင်ကြောင်း မြေရာဇဝင်မှတ်တမ်းများပူးတွဲ၍ လျော်ကြေးငွေမရရှိသေးသူများ၏ အမည်စာရင်းများပေးပို့ရန် တောင်ငူခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီသို့ အကြောင်းကြားထားပါကြောင်းနှင့် အချက်အလက်များရရှိပါက နစ်နာ ကြေးရရှိရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း [ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ရန်ကုန်-မန္တလေးလမ်း အမြန်လမ်းမကြီး ဖောက်လုပ်စဉ် ဒိုက်ဦး မြို့နယ်အတွင်း နစ်နာကြေးလျော်ကြေးများအား (၂၉.၃.၂၀၁၄)ရက်နေ့တွင် ပေးလျော်ခြင်းကိစ္စအား အကြောင်းပြု၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၏ (၂၉.၈.၂၀၁၆) ရက်စွဲပါ တိုင်ကြားစာနှင့် ပတ်သက်၍ မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ဖောက်လုပ်စဉ်က ဒိုက်ဦးမြို့နယ်၊ ကုက္ကိုင်းကျေးရွာအုပ်စု၊ ကုက္ကိုင်းကျေးရွာရှိ ဦးစိန်ကုလား(ပါ) တောင်သူ(၃၄) ဦး၏ မြေဧရိယာ (၄၈.၅၅) ဧကအတွက် နစ်နာကြေး /လျော်ကြေးငွေရရှိရေး ဖြေရှင်းဆောင်ရွက်ပေးရန် ဒိုက်ဦးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးသူရဇော်မှ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးထံသို့ တင်ပြခဲ့ရာ စက်မှု၊ လျှပ်စစ်နှင့်လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး၏ ညွှန်ကြားချက်ဖြင့် လမ်းဦးစီးဌာန၊ ပဲခူးတိုင်း ဒေသကြီးမှ (၂၈.၉.၂၀၁၆) ရက်စွဲပါစာအမှတ်၊ အခမ / ၂၀၁၆ / ပခတ / မြေယာ(လျော်ကြေး)/ ၂၇၈၈ ဖြင့် ရန်ကုန်-

မန္တလေးအမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့ထံသို့ စိစစ်ပြန်ကြားပေးရန် အမှုတွဲကို ပေးပို့ခဲ့ပါသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့သည် (၂၉.၃.၂၀၁၄) ရက်နေ့တွင် ဒိုက်ဦးမြို့နယ်၊ ကုက္ကိုင်းကျေးရွာရှိ ဦးခင်မောင်လတ်(ပါ) တောင်သူ (၉၆)ဦးပိုင် ဥယျာဉ်ခြံမြေ (၁၅၈.၃၃)ကေအတွက် (၁)ကေလျှင် (၅)သိန်းကျပ်နှုန်းဖြင့် လျော်ကြေးငွေ ကျပ်(၇၉၁၆၅၀၀၀/-)ပေးလျော်ခဲ့ပြီး ဖြစ်ပါသည်။

လျော်ကြေးငွေရရှိရန်တင်ပြသော တောင်သူ(၃၄)ဦး၏မြေများသည် မြေအမျိုးအစားတိကျ ပြည့်စုံစွာဖော်ပြထားခြင်းမရှိခြင်း၊ အမြန်လမ်းမကြီး၏လမ်းနယ် (၄၀၀')အတွင်း ပါဝင်သွားခြင်းရှိ/မရှိကို ဒိုက်ဦးမြို့နယ်၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ စိစစ်ရေးကော်မတီအဖွဲ့မှ မြေပုံ /မြေပြင် ကွင်းဆင်းစိစစ်အတည်ပြုပေးရန် လိုအပ်နေပါသဖြင့် ကွင်းဆင်းစိစစ်အတည်ပြုပေးပါရန်နှင့် စိစစ် တွေ့ရှိချက်၊ မြေရာဇဝင်မှတ်တမ်းများကို ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေး နှင့်ကြီးကြပ်ရေးအဖွဲ့သို့ ပေးပို့ပေးပါရန် (၃၀.၁၁.၂၀၁၆) ရက်စွဲပါစာအမှတ်-၁၁၂၈ / လင- ၂(က)/ အမြန်လမ်း/ ၂၀၁၆ဖြင့် ဒိုက်ဦးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၊ မြို့နယ်အုပ်ချုပ်ရေးမှူးထံသို့ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့်ကြီးကြပ်ရေးအဖွဲ့မှ ညှိနှိုင်းအကြောင်း ကြားထားပြီးဖြစ်ပါကြောင်းနှင့် စာရင်းအချက်အလက်များရရှိပါက နစ်နာကြေးရရှိရေး စီစဉ်ဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဥက္ကဋ္ဌကြီးခင်ဗျား- ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ဘယ်မေးခွန်းလဲ။

**ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။မေးခွန်း(၂)ခုလုံးပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား- သက်ဆိုင်ရာ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနကို လွှတ်တော် ကိုယ်စားလှယ်ကိုယ်တိုင် (၂၆.၉.၂၀၁၆) ရက်စွဲပါတင်ပြစာနှင့်ပတ်သက်၍ တင်ပြတိုင်ကြားထား တာကိုလည်းပဲ လက်ရှိ၂၀၁၉ခုနှစ်ရက်စွဲမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ညွှန်ကြားရေးမှူးထံ တင်ပြပြီး တော့မှ ညှိနှိုင်းအကြောင်းကြားထားတဲ့စာသည် (၃)နှစ်ကျော်ကြာ စောင့်ဆိုင်းနေရသဖြင့် မည်သည့်

အတွက်ကြောင့် (၃)နှစ်ကျော်ကြာ ကြန့်ကြာနေသလဲဆိုတာလေးကို မေးချင်ပါတယ်။ ဆက်လက်ပြီးတော့ ညှိနှိုင်းအကြောင်းကြားထားသောစာသည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ (၁၅.၇.၂၀၁၉) ရက်စွဲပါစာအမှတ် ၇/၂-၂/ထောက်(၇၁၁၈)ဖြင့် ဒိုက်ဦးမြို့နယ် အုတ်သျှစ်ကုန်းကျေးရွာနေ တောင်သူများ၏ မြေပိုင်ဆိုင်ကြောင်းမှတ်တမ်းများပို့ခဲ့၍ လျော်ကြေးငွေမရရှိသေးသူများ၏ အမည်စာရင်းပေးပို့ရန် တောင်ငူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ)သို့ ညှိနှိုင်းအကြောင်းကြားထားပါတယ်ဆိုတဲ့ စကားသည် ကျွန်တော်တင်ပြတဲ့စာသည် ဒိုက်ဦးမြို့နယ်ကျေးရွာအုပ်စု ဘယ်လောက်ဆိုတာပါတာဖြစ်ပါတယ်။ သို့သော်လည်းပဲ လက်ရှိတောင်ငူခရိုင်ဆိုတာကို ထည့်သွင်းဖြေကြားထားတဲ့အပေါ်မှာ မည်သို့ဖြေကြားထားတယ်ဆို တာကိုလည်းပဲ သိရှိလိုကြောင်း ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါတယ်။

**ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဒုတိယမေးခွန်းအနေနဲ့ကတော့ (၂၉.၃.၂၀၁၄)ရက်နေ့ ပေးလျော်တဲ့ကိစ္စကိုအကြောင်းပြုပြီးတော့ ကျွန်တော်ဦးသူရဇော်ကိုယ်တိုင်ပဲ (၂၉.၈.၂၀၁၆)ရက်စွဲပါနဲ့ တင်ပြတိုင်ကြားထားသော်လည်းပဲ (၃၀.၁၁.၂၀၁၆)ရက်စွဲပါစာအမှတ်နဲ့ပဲ ဒိုက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးထံ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့်ကြီးကြပ်ရေးအဖွဲ့မှ ညှိနှိုင်းအကြောင်းကြားထားပါတယ်။ စာရင်းအချက်အလက်များရရှိပါက နစ်နာကြေးရရှိရေး စီစဉ်ဆောင်ရွက်ပေးသွားမယ်ဆိုတဲ့ စာအမှတ်သည် ၂၀၁၆ခုနှစ်ကပဲ ကိုယ်တိုင်တင်ပြတယ်။ ၂၀၁၆ ခုနှစ်ကပဲ ညှိနှိုင်းအကြောင်းကြားစာထုတ်ထားပြီးတော့ ယခုအချိန်အထိ စာရင်းအချက်အလက်များ တင်ပြနိုင်ခြင်းမရှိတာကို မည်ကဲ့သို့ ကြပ်မတ်ဆောင်ရွက်သွားမည်ကို သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ဦးသူရဇော်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)၊ အမှတ်စဉ်(၂)တို့နှင့် စပ်လျဉ်းသည့် ဆက်စပ်မေးခွန်း(၂)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း [ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးသူရဇော် မေးမြန်းတဲ့ ဆက်စပ်မေးခွန်းနဲ့ပတ်သက်လို့ ကျွန်တော်ဖြေကြားရမယ်ဆိုလျှင် ၂၀၁၆ ခုနှစ်က တိုင်ကြားထားတဲ့ မေးခွန်းစာလည်းဖြစ်ပါတယ်။ အဲ့ဒီမှာ ကျွန်တော်တို့က စာတွေကော၊ တိုင်ကြားမှုတွေကော အများကြီးပါ။ ဒါ ကျွန်တော်တို့ အင်မတန်အလုပ်ရှုပ်ခဲ့တဲ့တာဝန်ယူစဉ်ကပါ။ အဲ့ဒီမှာ ကျွန်တော်တို့ ဒီထဲမှာစာတွေနဲ့ ပတ်သက်လို့ အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာနိုင်တာတွေလည်း ရှိပါတယ်။

ဥပမာ- ကြားညှပ်တာနဲ့ဘာနဲ့ စသည်ဖြင့်ပေါ့နော်။ အဲ့ဒီမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးကို မေးခွန်း ပြန်မေးရမလို ဖြစ်နေပါတယ်။ ဘာလို့အခုချိန်ကျမှ (၃)နှစ်ကျော်ကြာမှ ဒီလွှတ်တော်မှာ ဒီမေးခွန်းကို မေးရတာလဲလို့ မေးရမလိုဖြစ်နေတယ်။ အဲ့ဒီအချိန်မှာကျွန်တော်တို့ မလုပ်ရသေးလျှင် ဘာဖြစ်လို့ မလုပ်ရသေးသလဲဟု ထပ်ပြီးတော့ မေးမြန်းသင့်ပါတယ်။ (၃)နှစ်ကျော်ကြာတယ်ဆိုတာထက် (၃)နှစ် ကျော်ကြာရတဲ့အကြောင်း အရင်းအမျိုးမျိုးရှိတယ်ဆိုတာလည်း ကျွန်တော် ဝန်ခံပါတယ်။ သို့သော် လွှတ်တော်ကိုယ်စားလှယ်ကြီး က အဲ့ဒီအချိန်တုန်းက ၂၀၁၆ ခုနှစ် ၉ လပိုင်း မေးတယ်။ နောက် ၁လ၊ ၂လ သို့မဟုတ် ၄၊ ၅၊ ၆ လကြာမှ မလုပ်လျှင်တော့ အဲ့အချိန်မှာမေးလျှင် ပိုပြီးသင့်တော်မှာ ဖြစ်ကြောင်းလည်း ဖြေကြားအပ်ပါတယ်။ သို့သော် ကျွန်တော် ဒါ ဆက်စပ်မေးခွန်းကို ဖြေကြားခြင်း ဖြစ်ပါတယ်။ တကယ်တမ်းတိုင်ကြားတာနဲ့ ပတ်သက်လို့ တကယ်တမ်း ကြပ်ကြပ်မတ်မတ်ဆောင်ရွက် ခဲ့တာက ပြီးခဲ့တဲ့နှစ်တွေက ကြပ်ကြပ်မတ် မတ်လိုက်ဆောင်ရွက်တဲ့အတွက် ဒီအပေါ်မှာ ၂၀၁၉ ခုနှစ်မှာ လုပ်ဆောင်ကြတဲ့အတွက် ၂၀၁၉ ခုနှစ်မှာ လုပ်ဆောင်ကြရခြင်း ဖြစ်ပါတယ်။

**ဦးသန်းဝင်း [ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ နောက် ဆက်စပ်မေးခွန်းနဲ့ပတ်သက်လို့ ဖြေရမယ်ဆိုလျှင် ပေးပို့ထားတဲ့ကိစ္စသည် ယခုအချိန်ထိ ပြန်ကြားစာ မရောက်ရှိသေးကြောင်းကို ပြန်လည်ဖြေကြားလိုပါတယ်။ အကယ်၍ ဒီမှာထပ်ဆင့်ပြီးတော့ တစ်ချို့ကိစ္စ တွေကလည်းမေးထားတယ်။ ပြန်ကြားစာက မရောက်ရှိသေးဘူး။ ဒီအပေါ်မှာ ကျွန်တော်တို့ ထပ်လောင်းပြီးတော့ ကျွန်တော်တို့ကထပ်မံပြီးတော့ နှိုးဆော်စာအဖြစ် ထပ်ဆင့်ပြီးထုတ်ပြန်ပေး သွားမှာဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဥက္ကဋ္ဌကြီးခင်ဗျား- ကျွန်တော်ဆက်စပ် မေးခွန်းမေးတဲ့အထဲမှာ တောင်ငူခရိုင်ဟုလွဲမှားနေတဲ့အပေါ်မှာ ဖြေကြားခြင်းမရှိတဲ့အတွက် ဆက်လက် ဖြေကြားပေးဖို့ ထပ်ဆင့်မေးခွန်း မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။တောင်ငူခရိုင်ဆိုတဲ့ကိစ္စတွေကို ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးသန်းဝင်း [ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ ကျွန်တော် နည်းနည်းလေးရှင်းပြလိုပါတယ်။ အဲ့ဒီမှာလည်း ကျွန်တော် အမြန်လမ်းကနေမှ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ကို ပေးပါတယ်။ အဲ့ဒီမှာလည်း မှားယွင်းခြင်းဆိုတာနဲ့ပတ်သက်လို့ မှာယွင်းတယ်လို့ပဲ ကျွန်တော်ယူဆပါတယ်။ ကျွန်တော်မှားယွင်းပြီးရေးခဲ့တာတော့ မဟုတ်ပါဘူး။ အစိုးရအဖွဲ့ရုံးကနေ မှားယွင်းပြီးရေးခဲ့တာပါ။ အမှန်ကတော့ ပဲခူးခရိုင်ရေးရမှာပါ။ ပဲခူးခရိုင်ရေးရမှာကို တောင်ငူခရိုင်ဟုမှား ရေးထားတာ ဖြစ်ပါတယ်။ တောင်ငူခရိုင်ဟုမှားယွင်းနေတာကို ပြန်ကြားခြင်းမရှိတော့ ဒီမှာတင်ကြန့်ကြာ

နေပုံရပါတယ်။ ကျွန်တော်တို့အနေနဲ့ မှားယွင်းပြီးရေးခဲ့တဲ့သူကို ပြန်လည်ပြီးတော့မှ ကျွန်တော်တို့ ပဲခူး ခရိုင်ကို ပြန်လည်ပြီးတောင်းခံပေးသွားဖို့ ထပ်ဆင့်သတိပေးပြောကြားမည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒီမေးခွန်းနဲ့ ပတ်သက်ပြီး တော့ ရန်ကုန်–မန္တလေးအမြန်လမ်းမကြီးဖောက်လုပ်စဉ် နစ်နာတဲ့တောင်သူများရဲ့ နစ်နာကြေးတောင်း ခံတာဆိုလျှင် ကျွန်တော်တို့ လွှန်ခဲ့တဲ့(၃)နှစ်လောက်က တောင်းခံတာပေါ့နော် ပြည်သူတွေရဲ့ မျှော်လင့်ချက်ကို ကျွန်တော်တို့အစိုးရနဲ့လွှတ်တော်က ဆောင်ရွက်ပေးရမဲ့တာဝန်ရှိပါတယ်။ အခု လွှတ်တော်ကိုယ်စားလှယ်က ဒါကိုမေးမြန်းလာတဲ့အခါကျတော့ ဒီမှာမျှော်လင့်ချက် ရောင်ခြည်ရလာ တယ်။ ရလာတာကို သက်ဆိုင်ရာအစိုးရအဖွဲ့က တာဝန်ရှိတဲ့ဝန်ကြီးအနေနဲ့ ဒီမျှော်လင့်ချက်ကို အကောင်အထည်ဖော်လာအောင် ထပ်မံပြီးတော့ ကျွန်တော်တို့ Reminder ပေါ့ စာတွေထပ်ထွက်ပေးဖို့ လည်း လိုအပ်ပါတယ်။ ဒါကို တိတိကျကျဖြစ်လာအောင် သက်ဆိုင်ရာတောင်သူလယ်သမားများလည်း သိရှိလာအောင် ကျွန်တော်တို့ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်ကနေတစ်ဆင့် မိတ္တူပေးပြီး ဆက်လက်ပြီးဆောင်ရွက်ပေးဖို့ တိုက်တွန်းပါတယ်။ ကျေးဇူးတင်ပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမား ရေးရာကော်မတီ အစီရင်ခံစာကို ရေးရာကော်မတီအတွင်းရေးမှူး ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီအစီရင်ခံစာကို ရေးရာ ကော်မတီအတွင်းရေးမှူး ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က တိုင်းဒေသကြီး လွှတ်တော်သို့တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဒုတိယအကြိမ် ပဲခူးတိုင်း ဒေသကြီး လွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီမှ (၁၄) ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် အစီရင်ခံစာ(၄/၂၀၁၉)

**နိဒါန်း**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ပညာရေးကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီမှ မိမိတို့ပဲခူးတိုင်းဒေသကြီးအတွင်း တွေ့ကြုံဖြတ်သန်းခဲ့ရသော ရေးရာကော်မတီဆိုင်ရာကိစ္စရပ်များအား ပူးပေါင်းဆောင်ရွက်မှုများ၊

ပြည်သူတို့ ရွေးချယ်တင်မြှောက်သော ပြည်သူ့အစိုးရသစ်လက်ထက်တွင် ပြုပြင်ပြောင်းလဲတိုးတက်နိုင်ရန်အတွက် ထပ်မံဆောင်ရွက်ရန် ကျန်ရှိနေသောလုပ်ငန်းများနှင့် ဆောင်ရွက်သင့်သော ကိစ္စရပ်များကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်အတွက် အစီရင်ခံစာပြုစုတင်ပြရခြင်းဖြစ်ပါသည်။

**ရည်ရွယ်ချက်**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီသည် ပဲခူးတိုင်းဒေသကြီးအတွင်းရှိပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကိစ္စရပ်များကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံဆောင်ရွက်ထားမှုများနှင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်မှုတို့ပေါင်းစပ်၍ သက်ဆိုင်ရာကဏ္ဍအသီးသီးရှိဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်တို့နှင့်အညီ ပြည်သူလူထုအားနည်းမှန်လမ်းမှန်ဖြင့် အခွင့်အရေးများ၊ အကျိုးခံစားခွင့်များရရှိနိုင်စေရန် ရည်ရွယ်ပါသည်။

**အစီရင်ခံသည့်ကာလအတွင်းကော်မတီ၏ဆောင်ရွက်ချက်များ**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီသည် အစီရင်ခံသည့်ကာလအတွင်း အစည်းအဝေးကျင်းပခြင်းနှင့် ကွင်းဆင်းဆောင်ရွက်ခြင်းများကို အောက်ပါအတိုင်းအပိုင်း(၂)ပိုင်းခွဲ၍ တင်ပြမည်ဖြစ်ပါသည်-

**(က) အစည်းအဝေးကျင်းပခြင်း**

- ကော်မတီသည်(၂၁.၁၀.၂၀၁၉)ရက်နေ့မှ(၂၂.၁၀.၂၀၁၉)ရက်နေ့အထိပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊သာယာဝတီမြို့နယ်ရှိအောင်မြင်သောအထည်ချုပ်စက်ရုံအလုပ်သမားများ၏ အလုပ်သမားဥပဒေပါ အလုပ်သမားအခွင့်အရေးများ ဆုံးရှုံးနေရခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ ပဲခူးမြို့နယ်ညောင်အင်းပြည်ပစက်မှုဇုန်ရှိ လိမ္မော်ရောင်အထည်ချုပ်စက်ရုံ အလုပ်သမားများ၏ အကူအညီတောင်းခံစာအား ပဲခူးမြို့နယ်ချည်မျှင်နှင့် အထည်လိပ်အလုပ် သမားအဖွဲ့အစည်းအတွင်းရေးမှူးမှ ဥပဒေနှင့်အညီ ဆောင်ရွက်ပေးပါရန် တင်ပြလာခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ ကော်မတီသို့ အောင်မြင်မှုအထည်ချုပ်သင်တန်းကျောင်း Partnership Managerမှ အောင်မြင်မှုအထည်ချုပ်သင်တန်းကျောင်း စီမံကိန်းနှင့် ပတ်သက်၍ လာရောက်ဆွေးနွေးခွင့်ပြုပါရန်နှင့် ကျောင်းသို့လာရောက်လေ့လာနိုင်ပါရန် ဖိတ်ကြားလာခြင်းနှင့်ပတ်သက်၍လည်းကောင်း ဆွေးနွေးခဲ့ပါသည်။
- (၁.၁၁.၂၀၁၉)ရက်နေ့တွင် ကော်မတီသို့ အောင်မြင်မှုအထည်ချုပ်သင်တန်းကျောင်းမှ နောင်အနာဂတ်တွင် သင်တန်းကျောင်းအား ပိုမိုတိုးတက်ကောင်းမွန်သော လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊ အမျိုးသမီးများအတွက် လုံခြုံခိုင်မာသော အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်နှင့် အောင်မြင်မှုအထည်ချုပ်သင်တန်းကျောင်း စီမံကိန်းအား လာရောက်ဆွေးနွေးခွင့်ပြုပါရန် တင်ပြလာခြင်းနှင့် ပတ်သက်၍

ပဲခူးတိုင်းဒေသကြီးလွှတ်တော်၊ အစည်းအဝေးခန်းမ၌ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့ပါသည်။

- (၂၅.၁၁.၂၀၁၉)ရက်နေ့မှ (၂၇.၁၁.၂၀၁၉)ရက်နေ့အထိ ရေးရာကော်မတီခန်းမတွင် အောင်မြင် သောအထည်ချုပ်စက်ရုံနှင့် ဟွာရှိန်အထည်ချုပ်စက်ရုံများသို့ ကွင်းဆင်း အစီရင်ခံစာရေးသားခြင်း၊ အုတ်ဖိုမြို့နယ် အခြေခံပညာဦးစီးဌာန မြို့နယ်ပညာရေးမှူး ရုံး၏ ရာထူးတိုး၊ ရာထူးပြောင်းကိစ္စများအား မူဝါဒနှင့်အညီ ဆောင်ရွက်ခဲ့ခြင်း မရှိသည့်အတွက် တိုင်ကြားစာနှင့် ပတ်သက်၍လည်းကောင်း၊ Bellmart Myanmar အထည်ချုပ်စက်ရုံမှ အလုပ်သမားများကို ခွဲခြားဆက်ဆံ၍ အချိန်ပိုခိုင်းစေနေသည့် ကိစ္စအား ဖြေရှင်းဆောင်ရွက်ပေးပါရန် တိုင်ကြားစာနှင့်ပတ်သက်၍လည်းကောင်း၊ ပြည်မြို့နဝဒေးသကြားစက်တွင် နစ်နာခဲ့သော အချိန်ပိုလုပ်ခလစာများအား တရားဥပဒေ နှင့်အညီ ဆောင်ရွက်ပေးရန်တိုင်ကြားစာနှင့်ပတ်သက်၍လည်းကောင်း ဆွေးနွေးခဲ့ပါသည်။
- (၃.၁၂.၂၀၁၉)ရက်နေ့ နံနက်(၁၀:၀၀)နာရီတွင် ရေးရာကော်မတီခန်းမတွင် အခြေခံ ပညာဦးစီးဌာန ရာထူးတိုး/ရာထူးပြောင်းကိစ္စများအား မူဝါဒနှင့်အညီ ဆောင်ရွက်ခဲ့ခြင်း မရှိသည့်အတွက် ပြန်လည်စိစစ်ပေးပါရန်တင်ပြလာခြင်းနှင့်ပတ်သက်၍ ရေးရာ ကော်မတီဝင်များနှင့်အတူ ပဲခူးတိုင်းဒေသကြီးပညာရေးညွှန်ကြားရေးမှူးရုံး၊ ဒုတိယ ညွှန်ကြားရေးမှူး၊ တိုင်ကြားသူများတက်ရောက်ဆွေးနွေးခဲ့ပါသည်။

**(ခ) ကွင်းဆင်းဆောင်ရွက်ခြင်း**

- ကော်မတီသည် (၂.၁၁.၂၀၁၉)ရက်နေ့ကွင်းဆင်းအစီအစဉ်တွင် အလုပ်သမားရေးရာ အကြံပေးဦးရဲနိုင်ဝင်း၊ ပဲခူးတိုင်းဒေသကြီးအလုပ်သမားညွှန်ကြားရေး ဦးစီးဌာနတိုင်းဦးစီး မှူး၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာနတိုင်းဦးစီးမှူး၊ အလုပ်သမား ရေးရာ ဆက်ဆံရေးဦးစီးဌာနတိုင်းဦးစီးမှူး၊ လူမှုဖူလုံရေးအဖွဲ့ တိုင်းတာဝန်ခံနှင့် ပဲခူးတိုင်းဒေသကြီး စက်မှုဇုန်ကြီးကြပ်ရေးကော်မတီအတွင်းရေးမှူး ဦးဟိန်းထက်တို့ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ပါသည်။ နံနက်(၀၉:၀၀)နာရီတွင် သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ်ရှိ အောင်မြင်သောအထည်ချုပ်စက်ရုံတွင် အလုပ်သမားဆိုင်ရာ ဥပဒေများကို ဌာနဆိုင်ရာများ နှင့်အတူအလုပ်သမား(၁၆၈)ဦးနှင့် အလုပ်ရှင်၊ ရုံးပိုင်း ဆိုင်ရာ တာဝန်ရှိသူများအား ရှင်းလင်းဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၂ခုနှစ် လူမှုဖူလုံရေးအကြောင်း သိကောင်းစရာများ၊ ရပိုင်ခွင့်ရှိသည့် အကျိုးခံစားခွင့်များ၊ ဆေးဝါးကုသပေးမှုများနှင့်လူမှုဖူလုံရေး Smart Cardများအကြောင်း၊ လုပ်ငန်းခွင် ပြင်ပထိခိုက်မှုများအကြောင်း ဆွေးနွေးခဲ့ပြီး (၂.၁၁.၂၀၁၉)ရက်နေ့ နေ့လယ်(၁၁:၀၀) နာရီတွင် ကော်မတီသည် သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ် ဟွာရှိန်အထည်ချုပ်

စက်ရုံတွင် အလုပ်သမားဆိုင်ရာဥပဒေ၊ ရပိုင်ခွင့်များ ရှင်းလင်းဆွေးနွေးပွဲကို တိုင်းအဆင့် အလုပ်သမားဆိုင်ရာ ဦးစီးမှူးများနှင့် လွှတ်တော်ဥပဒေအကြံပေးတို့နှင့်အတူ ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။ ဟွာရှိန် အထည်ချုပ်စက်ရုံတွင်အလုပ်သမား(၂၂၀)ဦးနှင့် စက်ရုံ ပိုင်ရှင်၊ ရုံးအဖွဲ့များတက်ရောက် ဆွေးနွေးခဲ့ပါသည်။

**အစီရင်ခံသည့်ကာလအတွင်းကော်မတီ၏တွေ့ရှိချက်များ**

ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမား ရေးရာကော်မတီ၏ တွေ့ရှိချက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

- ကော်မတီသည် (၂.၁၁.၂၀၁၉)ရက်နေ့ နံနက်(၀၉:၀၀)နာရီတွင် သာယာဝတီခရိုင် သာယာဝတီမြို့နယ်ရှိ အောင်မြင်သောအထည်ချုပ်စက်ရုံတွင် အလုပ်သမားဆိုင်ရာ ဥပဒေများကို ဌာနဆိုင်ရာများနှင့်အတူ အလုပ်သမား(၁၆၈)ဦးနှင့် အလုပ်ရှင်၊ရုံးပိုင်း ဆိုင်ရာတာဝန်ရှိသူများအား အလုပ်သမားဥပဒေပါ အခွင့်အရေးကိစ္စရပ်များ၊ ဥပဒေ၊ ရပိုင်ခွင့်များကို သိရှိနားလည်မှု အတော်အတန်သင့်ရှိကြောင်း၊ အလုပ်သမားများ၏ ဖယ်ရီကားခကို လာမည့်နိုဝင်ဘာလမှစ၍ ကျခံသွားမည်ကိုအလုပ်ရှင်ကတိပြုချက် အားထပ်မံ၍ သတိပေးခဲ့ကြောင်းတွေ့ရှိရပါသည်။
- (၃.၁၂.၂၀၁၉)ရက်နေ့နံနက်(၁၀:၀၀)နာရီတွင်ရ ရေးရာကော်မတီခန်းမ၌ အခြေခံပညာ ဦးစီးဌာန ရာထူးတိုး/ရာထူးပြောင်းကိစ္စများအား မူဝါဒနှင့်အညီဆောင်ရွက်ခဲ့ခြင်း မရှိသည့်အတွက် တိုင်ကြားခြင်းအပေါ် ကြားနာမှုကျင်းပခဲ့ပါသည်။ ကြားနာမှု ကျင်းပ နိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမား ရေးရာကော်မတီသို့ (၃၁.၁၀.၂၀၁၉)ရက်စွဲပါစာဖြင့် ပေးပို့တိုင်ကြားစာအရ ရေးရာ ကော်မတီမှ (၂၅.၁၁.၂၀၁၉)ရက်နေ့ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များအား ကြားနာမှုသို့တက်ရောက်ရန် (၂၆.၁၁.၂၀၁၉)ရက်စွဲဖြင့် ပဲခူး တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ပေးပို့ တင်ပြခဲ့ပါသည်။ သို့ရာတွင်ကြားနာမှုကျင်းပသည့်(၃.၁၂.၂၀၁၉)ရက်နေ့တွင် ဖိတ်ကြား ပေးရန် စာရင်းပါတာဝန်ရှိ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခြင်းမရှိခဲ့ပါကြောင်း တွေ့ရှိရပါသည်။

**အစီရင်ခံသည့်ကာလအတွင်းကော်မတီ၏ အကြံပြုချက်များ**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ၏ အကြံပြုချက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

- ပဲခူးမြို့နယ် ညောင်အင်းပြည်ပစက်မှုဇုန်ရှိ လိမ္မော်ရောင်အထည်ချုပ်စက်ရုံနှင့် ပတ်သက်၍ တိုင်ကြားစာအား စက်ရုံအတွင်းရှိ လုပ်ငန်းညှိနှိုင်းရေးကော်မတီမှ စတင်

ဖြေရှင်းဆောင်ရွက်သင့်ပါကြောင်း တင်ပြတိုင်ကြားသူမြို့နယ်ချည်မျှင်နှင့် အထည်လိပ်အလုပ်သမားအဖွဲ့အစည်းအတွင်းရေးမှူးထံအကြောင်းပြန်ရန် အကြံပြုအပ်ပါသည်။

– သာယာဝတီမြို့နယ် အောင်မြင်သော အထည်ချုပ်စက်ရုံအလုပ်သမားများ၏ တိုင်ကြားစာနှင့် ပတ်သက်၍ (၂.၁၁.၂၀၁၉)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး စက်မှုဇုန်ကြီးကြပ်ရေးကော်မတီအတွင်းရေးမှူး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန၊ လူမှုဖူလုံရေးအဖွဲ့ တိုင်းအဆင့်ဦးစီးမှူးများနှင့်ပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်ခဲ့ရာ အလုပ်ရှင်၊ အလုပ်သမားပြဿနာများကြီးထွားမလာစေရန်၊ အလုပ်သမားရပိုင်ခွင့်များကို ဥပဒေနှင့်အညီ မှန်ကန်လွတ်လပ်စွာရရှိနိုင်စေရန်၊ အလုပ်သမားရေးရာ(၄)ဌာနသည် စဉ်ဆက်မပြတ် ထိန်းညှိ ကြီးကြပ်ရန်လိုကြောင်းအကြံပြုအပ်ပါသည်။

– (၃၁.၁၀.၂၀၁၉)ရက်စွဲပါ အုတ်ဖိုမြို့နယ် အခြေခံပညာဦးစီးဌာနမှ ရာထူးတိုး၊ ရာထူးပြောင်းကိစ္စများအား မူဝါဒနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းမရှိသည့်အတွက် တိုင်ကြားမှုကို ကြားနာမှုပြုလုပ်နိုင်ရန် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီက ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြအကြောင်းကြားပြီးဖြစ်သော်လည်း ကြားနာမှုကျင်းပသည့် (၃.၁၂.၂၀၁၉) ရက်နေ့တွင် ဖိတ်ကြားရန်စာရင်းပါ ဌာနဆိုင်ရာတာဝန်ရှိသူများ လုံးဝတက်ရောက်မှုမရှိပါ။ သို့အတွက် လွှတ်တော်၏လုပ်ငန်းစဉ်များပျက်ကွက်ပြီး ရေးရာကော်မတီ၏အလုပ်ချိန်များ ဆုံးရှုံးရ သည့်အပြင် လွှတ်တော်ကြီး၏ ဂုဏ်သိက္ခာကိုထိခိုက်စေပါသည်။ ပြည်သူကို ကိုယ်စားပြုခြင်း၊ ဥပဒေပြုခြင်း၊ ဌာနဆိုင်ရာများနှင့် အစိုးရအပေါ် စောင့်ကြည့်လေ့လာထိန်းကျောင်းခြင်းလုပ်ငန်းများဖြစ်သည့် လွှတ်တော်ကြီး၏ အဓိကတာဝန်များကို ဖော်ဆောင်ရန် လွှတ်တော်၏ရေးရာကော်မတီများတွင် တာဝန်ရှိပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီက တာဝန်အရဆောင်ရွက်မည့် ကြားနာခြင်း လုပ်ငန်းအတွက် သက်ဆိုင်ရာအဆင့်ဆင့်သို့ အကြောင်းကြားပြီးဖြစ်သော်လည်း လွှတ်တော်ရေးရာကော်မတီ၏ လုပ်ငန်းစဉ်များ၊ အဆင်ပြေချောမွေ့မှုမရှိခြင်း၊ ရေးရာကော်မတီ၏လုပ်ငန်းစဉ်များ လွဲချော်ပျက်ကွက်ရခြင်းသည် နောင်တွင် တိုင်းဒေသကြီးအတွက် ရလဒ်ကောင်းများရရှိလာနိုင်တော့မည် မဟုတ်ပါကြောင်းနှင့် ဒီမိုကရေစီနစ်၏ သဘောသဘာဝနှင့် ပကတိအခြေအနေအရ လွှတ်တော်၏ လုပ်ငန်းစဉ်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာအသီးသီးတို့မှ ပါဝင်ပူးပေါင်းကူညီဆောင်ရွက်ပေးကြရန် အထူးလိုအပ်ပါကြောင်းအကြံပြုအပ်ပါသည်။

**ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များ**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များတွင် မိမိတို့ကော်မတီသည် ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရသော ရေးရာကော်မတီဖြစ်သဖြင့် ကွင်းဆင်းဆောင်ရွက်မှုသာပြည်သူများ၏ ပညာရေး၊ကျန်းမာရေး၊ လူမှုရေးနှင့်အလုပ်သမားရေးရာများကိုသိရှိနိုင်မည်ဖြစ်၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှ ကွင်းဆင်းအစီအစဉ်များ၊ ကြားနာပွဲတစ်စိတ်တစ်ပိုင်းဖြစ်သော တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်းများကို ချမှတ်ဆောင်ရွက်ပေးနိုင်ပါရန် ရှေ့လုပ်ငန်းစဉ်များကို အောက်ပါအတိုင်းတင်ပြအပ်ပါသည်-

- အုတ်ဖိုမြို့နယ်အခြေခံပညာဦးစီးဌာနမြို့နယ်ပညာရေးမှူးရုံး၏ ရာထူးတိုး၊ ရာထူးပြောင်းကိစ္စများအားမူဝါဒနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းမရှိသည့်အတွက် ပြန်လည်စိစစ်ပေးရန် (၃၁.၁၀.၂၀၁၉)ရက်နေ့ရက်စွဲပါ ဦးအောင်ဖြိုးကျော်နှင့် ဦးသိန်းတန်ရီ၏ တိုင်ကြားစာနှင့် ပတ်သက်၍ ကြားနာပွဲတစ်စိတ်တစ်ပိုင်းဖြစ်သောတွေ့ဆုံဆွေးနွေးပွဲဆောင်ရွက်ရန် ရှေ့လုပ်ငန်းစဉ်ချမှတ်ပါသည်။
- Bellmart Myanmar အထည်ချုပ်စက်ရုံမှ အလုပ်သမားများကိုခွဲခြားဆက်ဆံ၍ အချိန်ပိုခိုင်းစေနေသည့်ကိစ္စအား ဖြေရှင်းဆောင်ရွက်ပေးပါရန် (၁၄.၁၁.၂၀၁၉)ရက်စွဲပါ ဦးကျော်ကျော် (Bellmart Myanmarအထည်ချုပ်စက်ရုံ အခြေခံအလုပ်သမားအဖွဲ့အစည်းဥက္ကဋ္ဌ)၏တိုင်ကြားစာနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးပွဲဆောင်ရွက်ရန် ရှေ့လုပ်ငန်းစဉ်ချမှတ်ထားပါသည်။
- ပြည်မြို့နယ်၊ မြရွာ၊ နဝဒေးသကြားစက် အခြေခံအလုပ်သမားအဖွဲ့အစည်းဥက္ကဋ္ဌ ဦးမင်းကျော်ဦး၏ (၁.၁၁.၂၀၁၉)ရက်စွဲပါ နဝဒေးသကြားစက်အလုပ်သမားများ၏ နစ်နာခဲ့သော အချိန်ပိုလုပ်ခလစာများအား တရားဥပဒေနှင့်အညီ ပြန်လည်ရရှိရေးကူညီဆောင်ရွက်ပေးနိုင်ရန် တိုင်ကြားစာနှင့်ပတ်သက်၍ ကွင်းဆင်းဆောင်ရွက်ရန် ရှေ့လုပ်ငန်းစဉ် ချမှတ်ထားပါသည်။

**နိဂုံး**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီသည် ပဲခူးတိုင်းဒေသကြီးအတွင်းပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကိစ္စရပ်များကို ပဲခူးတိုင်းဒေသကြီး အုပ်ချုပ်ရေးကဏ္ဍဦးဆောင်သူအစိုးရအဖွဲ့၏ စီမံဆောင်ရွက်ထားမှုများနှင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်မှုများကိုပေါင်းစပ်၍ ပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကိစ္စရပ်များ ပြည့်ပြည့်ဝဝ အကျိုးခံစားခွင့်ရရှိစေရန် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာ ကော်မတီအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ ယနေ့ (၁၆:၀၀)နာရီထက်နောက်မကျစေဘဲ အမည်စာရင်းတင်သွင်းကြဖို့ ဖြစ်ပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(ပဥ္စမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်း ဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို (၁၂:၀၀)နာရီတွင် ရပ်နား ပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပဥ္စမနေ့) ကို၂၀၁၉ခုနှစ် ဒီဇင်ဘာလ(၁၃)ရက် (သောကြာနေ့) နံနက် (၁၀:၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပ မည် ဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာ နိုင်ပါပြီခင်ဗျား။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# ပဉ္စမနေ့ မှတ်တမ်း
# ၁၃၈၁ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်
# [၂၀၁၉ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်]
# (သောကြာနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ ကို နံနက် ၁၀:၀၀နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး ဦးကိုကိုဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်က ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့ အစည်းအဝေးကို ၆၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၈၂.၈၉ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက်ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဥ္စမနေ့ အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူရမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဥ္စမနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ခွင့်ပန်ကြားသွားမည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း [ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးလှမျိုးရွှေ [ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ညွန့်ညွန့်ဌေး [ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန]၊ ကရင်တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်ပွယ်စေး [ဝန်ကြီး၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီးဌာန]၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းစံ၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်း၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထူးခိုင်၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကို၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်

ကိုယ်စားလှယ် ဦးဝင်းမြင့်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးနေလင်း၊ ဗိုလ်မှူးရဲဝင်းထွန်းနှင့် ဗိုလ်မှူးလှမိုးသိန်းတို့သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် (၁၃-၁၂-၂၀၁၉) ရက်နေ့ အစည်းအဝေးသို့မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ၎င်းတို့(၁၃)ဦး၏ ကိုယ်စားလေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ ၁၃ ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြု ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုမှတ်တမ်းကြောင်း ကြေညာ ပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခု လွှတ်တော် ကိုယ်စားလှယ်(၃)ဦးက မေးမြန်းသည့် မေးခွန်း(၉)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်

ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ (၄)နှစ်တာကာလအတွင်း မြို့နယ်(၂၈)မြို့နယ်၌ လယ်ယာမြေပြဿနာများ ဖြစ်ပွားနေသည့် မူမမှန်ပုံစံ(၇)ကို မည်မျှပယ်ဖျက်ထား၍ အကျင့်ပျက်ဝန်ထမ်းမည်မျှကို အရေးယူထားပြီး၊ အမှုတွဲပေါင်းမည်မျှထိ ဖြေရှင်း ဆောင်ရွက်ပေးနေရသည်ကို သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်းသည့်မေးခွန်းနှင့်

(၂) **"ပဲခူးတိုင်းဒေသကြီး မြေ/စစ်အဖွဲ့အနေဖြင့် ဝေါမြို့နယ် မြေ/စစ်အဖွဲ့မှ စိစစ်တင်ပြ ထားသော အမှုတွဲ(၂)တွဲအား စိစစ်ပြီးစီးခြင်းရှိ/မရှိ သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုတို့ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ (၄)နှစ်တာကာလအတွင်း မြို့နယ်(၂၈)မြို့နယ်အတွင်း လယ်ယာမြေပြဿနာများ ဖြစ်ပွားနေသည့် မူမမှန်ပုံစံ(၇)ကို မည်မျှပယ်ဖျက်ထားသည်၊ အကျင့်ပျက်ဝန်ထမ်းမည်မျှ အရေးယူထားပါသည်၊ အမှုတွဲပေါင်းမည်မျှထိ ဖြေရှင်းဆောင်ရွက်ပေးနေရပါသည်ကို သိရှိလိုပါ၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်း ခြင်းဖြစ်ပါတယ်။

အကျိုးအကြောင်းဖော်ပြချက်အနေဖြင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လယ်ယာမြေ ပြဿနာများ ဖြစ်ပွားနေသည့် မူမမှန်ပုံစံ(၇)များ အများဆုံးဖြေရှင်းနေရသည်ကို တွေ့မြင်နေရပါသည်။ ဥပမာအနေဖြင့် ဝေါမြို့နယ် ကပင်ကျေးရွာတွင် မူလလက်ငုတ် ဦးတင်စိုးမှ မိမိလယ်ယာမြေအား တစ်ဆက်စပ်တည်း လုပ်ကိုင်နေသည်မှာ ယနေ့အချိန်ထိ ဖြစ်ပါသည်။ သို့ရာတွင် ပုံစံ(၇)ထွက်ရှိ သည့်အခါ တစ်ဆက်စပ်တည်း လုပ်ကိုင်နေသော မူလပိုင်ရှင် ဦးတင်စိုးအမည်မဟုတ်ဘဲ လာရှိုးမြို့နေ ဒေါ်ကျွမ်းဝေရှင် အမည်ဖြင့် ထွက်ရှိနေပါသည်။ ထိုဖြစ်စဉ်မျိုး အမှုတွဲပေါင်း ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် (၂၈)မြို့နယ်အတွင်း ဖြစ်ပေါ်နေသည်ကိုလည်း သိရှိရပါသည်။ ၎င်းဖြစ်စဉ်များနှင့် ပတ်သက်၍ အကျင့်ပျက်ဝန်ထမ်းပေါင်းမည်မျှထိ အရေးယူဆောင်ရွက်ထားသည်ကို သိရှိလိုပါ၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်းဖြစ်ပါသည်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ပဲခူးတိုင်းဒေသကြီး မြေ/စစ်အဖွဲ့ အနေဖြင့် ဝေါမြို့နယ် မြေ/စစ်အဖွဲ့မှ စိစစ်တင်ပြထားသော အမှုတွဲ(၂)တွဲအား စိစစ်ပြီးစီးခြင်းရှိ/ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းမှာဖြစ်ပါတယ်။

အကျိုးအကြောင်းဖော်ပြချက်အနေဖြင့် ဝေါမြို့နယ်၊ တနော်ကျွန်းကျေးရွာ၊ ခလရ(၂)အမည်ဖြင့် ပုံစံ(၇)ထွက်ရှိပြီး ဒေသခံတစ်ချို့အား သီးစားချထားသည့် လယ်ယာမြေ(၁၀)ဧကနှင့် ဝေါမြို့နယ်၊ ရန်ကုန်-မော်လမြိုင် ကားလမ်းဘေးရှိ ကွင်းအမှတ် (၇၀၄)၊ အကွက်အမှတ် (ကွင်းချောင်းမြောက်)၊ ဦးပိုင် (၁/၃၁)၊ ဧရိယာ (၂.၁၁)ဧက အမှုတွဲများကို ပဲခူးတိုင်းဒေသကြီး မြေ/စစ်အစည်းအဝေးများတွင် စိစစ်ပြီးစီးခြင်းရှိ/မရှိ သိရှိလိုပါသည်။ ဒေသခံပြည်သူများမှလည်း နှောင့်နှေးကြန့်ကြာနေမှုများကြောင့် လွှတ်တော်ကိုယ်စားလှယ်များရုံးသို့ လာရောက်မေးမြန်းလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ မြေ/စစ်အဖွဲ့မှ စိစစ်ပြီးတင်ပြထားသော အမှုတွဲ(၂)တွဲအား စိစစ်ပြီးစီးခြင်း ရှိ/ မရှိ သိရှိလိုပါ၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဒေါ်ရီရီထိုက် မေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဝေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက်မေးမြန်းသည့် **“ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ (၄)နှစ်တာကာလအတွင်း မြို့နယ်(၂၈)မြို့နယ်၌ လယ်ယာမြေပြဿနာများဖြစ်ပွားနေသည့် မူမမှန်ပုံစံ(၇)ကို မည်မျှပယ်ဖျက်ထား၍ အကျင့်ပျက်ဝန်ထမ်းမည်မျှကို အရေးယူထားပြီး၊ အမှုတွဲပေါင်းမည်မျှထိ ဖြေရှင်းဆောင်ရွက်ပေးနေရသည်ကို သိရှိလိုပါကြောင်း”**နှင့် စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ပဲခူးခရိုင်အတွင်း ပုံစံ(၇)ထုတ်ပေးခဲ့ရာတွင် ဝေါမြို့နယ်၊ ညောင်လေးပင်မြို့နယ်၊ ဒိုက်ဦးမြို့နယ်နှင့် ရွှေကျင်မြို့နယ်များတွင် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)အား မှားယွင်းမှုများ ဖြစ်ပေါ်ခဲ့သည်ကို စိစစ်တွေ့ရှိရသဖြင့် ဝေါမြို့နယ်မှ လက်ထောက်ဦးစီးမှူး (၁)ဦးအား နှစ်တိုးတစ်ကြိမ်ရပ်ဆိုင်းသည့်ပြစ်ဒဏ်၊ ညောင်လေးပင်မြို့နယ်မှ မြေတိုင်းစာရေး (၁)ဦးအား မြေတိုင်း-၄ ရာထူးမှ မြေတိုင်း-၅ ရာထူးသို့ ရာထူးတစ်ဆင့်လျှော့သည့် ပြစ်ဒဏ်၊ ရွှေကျင်မြို့နယ်မှ မြေတိုင်းစာရေး(၁)ဦးအား မြေတိုင်း-၄ ရာထူးမှ မြေတိုင်း-၅ ရာထူးသို့ ရာထူးတစ်ဆင့်လျှော့ချပြီး အခြားပြည်နယ်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေသည့် ပြစ်ဒဏ်အား နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြစ်ဒဏ်များချမှတ်၍ အရေးယူဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ဒိုက်ဦးမြို့နယ်မှ မြေတိုင်းစာရေး(၁)ဦးနှင့် ကဝမြို့နယ်မှ မြေတိုင်းစာရေး(၁)ဦးအား နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန်အတွက် စစ်ဆေးဆောင်ရွက်နေဆဲဖြစ်ပါသည်။

တောင်ငူခရိုင်အတွင်း လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ကိစ္စနှင့်ပတ်သက်၍ တောင်ငူမြို့နယ်မှ လက်ထောက်ဦးစီးမှူး(၁)ဦးအား ထုတ်ပယ်ခြင်း၊ မြေတိုင်း၄(၁)ဦးကို သတိပေးပြစ်ဒဏ်ချမှတ်၍ အခြားပြည်နယ်သို့ ပြောင်းရွှေ့စေခြင်း၊ မြေတိုင်း ၅ (၁)ဦးကို သတိပေးပြစ်ဒဏ် ချမှတ်ခဲ့ကြောင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) အတုပြုလုပ်ခဲ့သည့် ရေတာရှည်မြို့နယ်မှ မြေတိုင်း ၄ (၁)ဦးအား ဆွာမြို့နယ်ရဲစခန်းတွင် (ပ) ၂၁၉/၂၀၁၇၊ ရာဇသတ်ကြီး၊ ပုဒ်မ (၄၂၀/၄၆၈)အရ

အမှုဖွင့်အရေးယူဆောင်ရွက်ထားခြင်း၊ ဖြူးမြို့နယ်တွင် မြေတိုင်း ၄၊ (၁)ဦးအား ဌာနဆိုင်ရာ စစ်ဆေးရေးအဖွဲ့မှ ဌာနဆိုင်ရာစစ်ဆေးဆောင်ရွက်ဆဲဖြစ်ကြောင်းနှင့် ထန်းတပင်မြို့နယ်တွင် မြေတိုင်း ၄၊ (၁)ဦး အားရာထူးမှ ထုတ်ပယ်ခြင်းအပြစ်ဒဏ် ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

ပြည်ခရိုင်အတွင်း ပေါက်ခေါင်းမြို့နယ်မှ လက်ထောက်ဦးစီးမှူး(၁)ဦးအား ဌာနမှ ထုတ်ပယ်ခဲ့ပြီးဖြစ်ပါသည်။

သာယာဝတီခရိုင်အတွင်း လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) ကိစ္စနှင့်ပတ်သက်၍ မင်းလှမြို့နယ်မှ ဒုဦးစီးမှူး (၁)ဦးနှင့် လက်ထောက်ဦးစီးမှူး (၁)ဦးတို့အား နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ စာဖြင့် သတိပေးပြစ်ဒဏ်ချမှတ်ခဲ့ပြီးဖြစ်ကြောင်း၊ ပုံစံ(၇)များ မမှန်မကန်ပြင်ဆင်ပြီး စိုက်ပျိုးစရိတ်ငွေထုတ်ချေးခဲ့သည့် ကျေးရွာအုပ်စုချေးငွေစိစစ်ရေးအဖွဲ့၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့အား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တရားစွဲဆိုဆောင်ရွက်ရန် သာယာဝတီခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ (၂.၁၀.၂၀၁၉)ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၃၇/၂၀၁၉)ဆုံးဖြတ်ချက် အပိုဒ် ၆ (ဂ)အရ အကြောင်းကြားထားပြီးဖြစ်ကြောင်း၊ ပုံစံ(၇)များ မမှန်မကန်ပြင်ဆင်ပြီး စိုက်ပျိုးစရိတ်ငွေထုတ်ချေးခဲ့သည့် (၂၁)စောင်အား မင်းလှမြို့နယ် (လယ်/စီ)အဖွဲ့မှ အမှန်အတိုင်း ပြန်လည်ပြင်ဆင်ထားပြီး ဖြစ်ပါသည်။

မင်းလှမြို့နယ်မှ မြေတိုင်းစာရေး(၂)ဦးအား အရေးယူနိုင်ရေးအတွက် ဌာနဆိုင်ရာစုံစမ်း စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ(၁)ဦးနှင့် အဖွဲ့ဝင်များအား ခေါ်ယူမှတ်တမ်းတင် သတိပေးထားပြီး၊ ၎င်းတို့အား ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များအဖြစ် နောက်နောင်တွင် ရွေးချယ်တာဝန်ပေးအပ်ခြင်းမပြုလုပ်ရန် အပြစ်ပေးအရေးယူထားပြီးဖြစ်ကြောင်း၊ စားကျက်မြေအတွင်းပုံစံ(၇)ထုတ်ပေးသည့်အတွက် မြို့နယ်/ရပ်ကျေး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များအား အရေးယူနိုင်ရေး၊ ဌာနဆိုင်ရာ စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီးအတွင်း လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ကိစ္စနှင့်ပတ်သက်၍ ဒုဦးစီးမှူး (၁)ဦး၊ လက်ထောက်ဦးစီးမှူး (၁)ဦး၊ မြေတိုင်းစာရေး(၂)ဦးတို့အား သတိပေးပြစ်ဒဏ်ချမှတ်ခြင်း၊ မြေတိုင်းစာရေး(၂)ဦးအား အခြားပြည်နယ်သို့ ပြောင်းရွှေ့စေခြင်း၊ လက်ထောက်ဦးစီးမှူး(၁)ဦးအား နှစ်တိုး(၁)ကြိမ် ရပ်ဆိုင်းသည့် ပြစ်ဒဏ်ချမှတ်ခြင်း၊ မြေတိုင်းစာရေး(၂)ဦးအား ရာထူးတစ်ဆင့်လျှော့ချသည့် ပြစ်ဒဏ်ချမှတ်ခြင်း၊ လက်ထောက်ဦးစီးမှူး (၂)ဦး၊ မြေတိုင်းစာရေး(၁)ဦးတို့အား ရာထူးမှထုတ်ပယ်ခြင်း၊ မြေတိုင်းစာရေး(၅)ဦးအား ဌာနဆိုင်ရာ စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပုံစံ(၇)၊ (၂၁)စောင်အား ပြင်ဆင်ပယ်ဖျက်ထားရှိပါကြောင်း လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက်မေးမြန်းသည့် **"ပဲခူးတိုင်း**

**ဒေသကြီး မြေ/စစ်အဖွဲ့အနေဖြင့် ဝေါမြို့နယ် မြေ/စစ်အဖွဲ့မှ စိစစ်တင်ပြ ထားသော အမှုတွဲ(၂)တွဲအား စိစစ်ပြီးစီးခြင်းရှိ/မရှိ သိရှိလိုပါကြောင်း”** နှင့် စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ တနော်ကျွန်းကျေးရွာ၊ ခရလ(၂)အမည်ဖြင့် ပုံစံ(၇) ထွက်ရှိပြီး ဒေသခံတစ်ချို့အား သီးစားချထားသည့် လယ်ယာမြေ(၁၀)ကေနှင့် ပတ်သက်၍ တင်ပြစာအား စိစစ်ဆောင်ရွက်သွားရန်နှင့် ဆောင်ရွက်ပြီးစီးမှုအားပြန်လည်တင်ပြရန် (၃.၁.၂၀၁၉)ရက်နေ့ ရက်စွဲပါစာအမှတ်၊ ၀၀၁/၁-ကော်မတီ/မြေ(တိုင်း)/၂၀၁၉ဖြင့် ခရိုင်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီသို့ အကြောင်းကြားထားပြီး ခရိုင်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးကော်မတီမှ စိစစ်ဆောင်ရွက်ဆဲဖြစ်ပါကြောင်းနှင့် ဝေါမြို့နယ်၊ ရန်ကုန်-မော်လမြိုင်ကားလမ်းဘေးရှိ ကွင်းအမှတ် (၇၀၄)၊ အကွက်အမှတ်-ကွင်းချောင်းမြောက်၊ ဦးပိုင်-၁/ဌာန (၂.၁၁)ကေနှင့်ပတ်သက်၍ ခရိုင်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီသို့ (၂၀.၈.၂၀၁၉)ရက်စွဲပါစာအမှတ်၊ ၃၄၇/၁-ကော်မတီ/မြေ(တိုင်း)/၂၀၁၉ဖြင့် တင်ပြလာပါသဖြင့် ပဲခူးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ၏ (၁၀.၁၀.၂၀၁၉) ရက်နေ့တွင် ကျင်းပပြုလုပ်သော (၉/၂၀၁၉) လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း လေးစားစွာဖြင့် ရှင်းလင်း ဖြေကြားအပ်ပါသည်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဥက္ကဋ္ဌကြီးရှင့်- မေးခွန်း(၂)ခုလုံးကို ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။အခုဖြေကြားပေးသွားတဲ့ ဝန်ကြီးကို အင်မတန်မှ ကျေးဇူးတင်ရှိပါကြောင်း ပဏာမပြောကြားလိုပါတယ်။ တကယ့်ကို စေ့စေ့စပ်စပ်နဲ့ ပြည့်ပြည့်စုံစုံလေး ဖော်ပြပေးတဲ့အတွက် လေးနှစ်တာကာလ လွှတ်တော်ရဲ့သက်တမ်းမှာ သက်ဆိုင်ရာ ဝန်ကြီးက ယခုလိုဖြေကြားမှုသည် ပြည်သူလူထုအကျိုးကို စေ့စပ်ပြီးတော့ ဖြေကြားတဲ့အတွက်လည်း ဝန်ကြီးကို ဂုဏ်ယူပါတယ်လို့ ပြောကြားလိုပါတယ်။ ပထမဆက်စပ်မေးခွန်းအနေနဲ့ စားကျက်မြေအတွင်း ပုံစံ(၇)ထုတ်ပေးသည့်အတွက် မြို့နယ်ရပ်/ကျေး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အား အရေးယူနိုင်ရေး ဌာနဆိုင်ရာ စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်ဆိုတဲ့ ကိစ္စလေးကို ကျွန်မလည်း သိချင်သလို တခြားကိုယ်စားလှယ်တွေလည်း သိချင်မှာပဲ။ ဒါကို ဝန်ကြီးအနေနဲ့ အခုလွှတ်တော်အစည်းအဝေးမှာ ဖြေကြားလို့ရလျှင် ဘယ်မြို့နယ်တွေကို ဒီလိုမျိုး စိစစ်နေလဲဆိုတာ ဖြေကြားပေးစေချင်ပါတယ်။ လတ်တလောမှာ

နှုတ်ဖြင့်ဖြေကြားပေးလို့မရလျှင်လည်း လွှတ်တော်အစည်းအဝေးပြီးတဲ့ အချိန်မှာ စာဖြင့်ဖြေကြားပေးဖို့ မေတ္တာရပ်ခံပါတယ်။

ဒုတိယဆက်စပ်မေးခွန်းအနေနဲ့ ခရိုင်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ စိစစ်ဆောင်ရွက်ဆဲဖြစ်ပါကြောင်း အဲဒီတစ်ချက်က ပဲခူးတိုင်းဒေသကြီး မြေစစ် ဒီတစ်ပတ်ခေါ်မယ့် အစည်းအဝေးမှာ ဒီအမှုတွဲလေးကို တိုင်းဒေသကြီးမြေစစ်မှာ စိစစ်ပေးရာတွင် ပါဝင်ဖို့ကို ကူညီဆောင်ရွက်ပေးဖို့ မေတ္တာရပ်ခံတင်ပြပါတယ်။ ဒုတိယအချက်ကတော့ ပဲခူးတိုင်း ဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ၏ (၁၀.၁၀.၂၀၁၉) ရက်နေ့တွင် ကျင်းပပြုလုပ်သော (၉/၂၀၁၉) လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်းဆိုတာနဲ့ ပတ်သက်၍ (၉/၂၀၁၉) ပဲခူးတိုင်းဒေသကြီး မြေစစ် အစည်းအဝေးရဲ့ ဆုံးဖြတ်ချက်စာရွက်လေးကို လွှတ်တော်ပြီးတဲ့အချိန်မှာ လွှတ်တော်ကို ပေးပို့ပေးဖို့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဒေါ်ရီရီထိုက် မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)၊ မေးခွန်းအမှတ်စဉ်(၂)နှင့် ပတ်သက်သည့် ဆက်စပ်မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ပထမဦးစွာ မေးခွန်းအမှတ်စဉ် ၅(က)(၁)နှင့် ပတ်သက်တဲ့ ဆက်စပ်မေးခွန်းဖြစ်သည့် စားကျက်မြေအတွင်းမှာ ပုံစံ(၇)ထုတ်ပေးထားတာကို ကျွန်တော်တို့ စိစစ်နေတာက လောလောဆယ် ကျွန်တော်တို့ ဒီအမှုနဲ့ ပတ်သက်ပြီးတော့ ဖြစ်နေတာက မင်းလှမြို့နယ် ရေကျော်ကျေးရွာ စားကျက်မှာဖြစ်နေတာ ဖြစ်တဲ့ အတွက် မင်းလှမြို့နယ် စားကျက်မြေထဲမှာ ပုံစံ(၇)ထုတ်ပေးထားတာနဲ့ ပတ်သက်ပြီး စိစစ်ဆောင်ရွက် နေတဲ့အခြေအနေဖြစ်ပါတယ်။ တခြားမြို့နယ်များမှာ ဒီလိုမျိုး စားကျက်မြေထဲမှာ ပုံစံ(၇)ထုတ်ပေး ထားတာရှိလို့ တင်ပြတိုင်ကြားလာတာရှိလျှင် ကျွန်တော်တို့အနေနဲ့ စိစစ်ဆောင်ရွက် အရေးယူပေးနိုင် မည်ဖြစ်ပါကြောင်းကို လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်း ၅(က)(၂)မှာ မြေစစ်အမှုတွဲများနှင့် ပတ်သက်ပြီးတော့ ကျွန်တော်တို့ တိုင်းဒေသကြီးအနေနဲ့ တစ်လကို (၂)ကြိမ် အစည်းအဝေးခေါ်ယူကျင်းပလျက်ရှိပါတယ်။ အဲ့ဒီတော့ တစ်လကို (၂)ကြိမ်ကျင်းပတဲ့နေရာမှာ ခရိုင်အလိုက်ခေါ်ယူကျင်းပတာဖြစ်ပြီးတော့ စိစစ်ဆောင်ရွက်ပြီး တိုင်းကိုတင်ပြလာတဲ့ အမှုတွဲအားလုံးကို ပုဂ္ဂိုလ်ရေးအရ ကျောသားရင်သားမခွဲခြားဘဲ စိစစ်ဆောင်ရွက် ပေးလျက်ရှိပါကြောင်းကို လေးစားစွာဖြင့် ဖြေကြားအပ်ပါတယ်။

နောက်ဒုတိယအချက်အနေနဲ့ (၁၀.၁၀.၂၀၁၉)လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှာ ဆွေးနွေးထားတဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး ဆွေးနွေးချက်များဟာ သိမ်းဆည်းမြေများနဲ့ ပတ်သက်လျှင် ဗဟို

မြေစစ်ကို တင်ပြပြီး ဆုံးဖြတ်ချက်ခံယူရတာမျိုးရှိသလို တစ်ချို့သော အမှုတွဲများကလည်း ဝန်ကြီးဌာနများရဲ့ သဘောထားကို တောင်းယူတဲ့အမှုတွဲများလည်း ရှိပါတယ်။ သို့ပါ၍ တိုင်းဒေသကြီးက ဆွေးနွေးချက်များဟာ ပြီးပြတ်တဲ့ ဆုံးဖြတ်ချက် ဖြစ်ချင်မှ ဖြစ်မှာပါ။ ဗဟိုမြေစစ်ကော်မတီရဲ့ ဆုံးဖြတ်အတည်ပြုချက်ကို ရယူဆောင်ရွက်ရတာဖြစ်တဲ့အတွက် အမှုတွဲနဲ့ပတ်သက်ပြီးတော့ အခြေအနေက နောက်ဆုံးဆုံးဖြတ်ချက်ချမှသာလျှင် ဒီဆုံးဖြတ်ချက်ကို ရယူဆောင်ရွက်မယ်ဆိုလျှင် ပိုပြီးတော့ သင့်တော်တဲ့အကြောင်း ကျွန်တော့်အနေနဲ့ ရှင်းလင်းတင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ပဲခူးတိုင်းဒေသကြီးလယ်စီအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ ခရိုင်လယ်စီအဖွဲ့မှ ညွှန်ကြားထားမှုအပေါ် ယနေ့အချိန်ထိ ဆောင်ရွက်ခြင်းမရှိသည့် မြို့နယ်လယ်စီအဖွဲ့အား မည်သို့ကြပ်မတ်ထိန်းကျောင်းပေးမည်ကို သိရှိလိုပါကြောင်း”**နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ပဲခူးတိုင်းဒေသကြီးလယ်/စီအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ ခရိုင်လယ်စီအဖွဲ့သို့ ညွှန်ကြားပြီး ခရိုင်လယ်စီအဖွဲ့မှ မြို့နယ်လယ်/စီအဖွဲ့သို့ ညွှန်ကြားထားမှုအပေါ် ယနေ့အချိန်ထိဆောင်ရွက်ခြင်းမရှိသည့် မြို့နယ်လယ်/စီအဖွဲ့အား မည်သို့ကြပ်မတ်ထိန်းကျောင်းပေးမည်ကို သိရှိလိုပါ၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခြင်းဖြစ်ပါတယ်။

အကျိုးအကြောင်းဖော်ပြချက်အနေဖြင့် ဝေါမြို့နယ် စက်စုကျေးရွာ မြေနုကျွန်းများကို မြေနုကျွန်းဥပဒေအတိုင်း ဆောင်ရွက်သွားရန် တိုင်းဒေသကြီး လယ်/စီအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်အရ ခရိုင်လယ်/စီအဖွဲ့သို့ ညွှန်ကြားထားပြီးဖြစ်ပါသည်။ ခရိုင်လယ်/စီအဖွဲ့မှလည်း မြို့နယ်လယ်စီအဖွဲ့သို့ ဆက်လက်ညွှန်ကြားခဲ့ပြီးဖြစ်သော်လည်း မြို့နယ်လယ်/စီအဖွဲ့မှ ယနေ့အချိန်ထိ လုပ်ကိုင်ဆောင်ရွက်ပေးခြင်းမရှိပါ။ ဒေသခံပြည်သူများမှလည်း အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းမရှိသည့် မြို့နယ်လယ်စီအဖွဲ့အား ကြပ်မတ်ထိန်းကျောင်းပေးပါရန်နှင့် အမြန်ဆုံးအကောင်ထည်ဖော်ဆောင်ရွက်ပေးရန် တင်ပြလာပါသည်။ သို့ဖြစ်ပါ၍ တိုင်းဒေသကြီးလယ်စီအဖွဲ့၏အစည်းအဝေးဆုံးဖြတ်ချက်အပေါ် လိုက်ပါဆောင်ရွက်မှုအားနည်းသော မြို့နယ်လယ်စီအဖွဲ့အား ကြပ်မတ်ထိန်းကျောင်းပေးရန်နှင့် အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် အစီအစဉ် ရှိ/မရှိ မေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဒေါ်ရီရီထိုက် မေးမြန်းသည့် မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက်မေးမြန်းသည့် **“ပဲခူးတိုင်းဒေသကြီးလယ်/စီအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ ခရိုင်လယ်/စီအဖွဲ့မှ ညွှန်ကြားထားမှုအပေါ်**

**ယနေ့အချိန်ထိ ဆောင်ရွက်ခြင်းမရှိသည့် မြို့နယ်လယ်စီအဖွဲ့အား မည်သို့ကြပ်မတ်ထိန်းကျောင်း ပေးမည်ကို သိရှိလိုပါကြောင်း”**နှင့် စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ဝေါမြို့နယ်၊ စက်စု ကျေးရွာအုပ်စု မြေနုကျွန်းနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးလယ်စီအဖွဲ့၏ (၁၆.၉.၂၀၁၉)ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၉) ဆုံးဖြတ်ချက်အပိုဒ် (၃၀-ဆ)အရ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ဆောင်ရွက်ရန်အချက်များအား သိရှိလိုက်နာဆောင်ရွက်ရန် ပဲခူးခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ (၂၂.၁၀.၂၀၁၉) ရက်စွဲပါစာအမှတ်၊ ၆/၁-၅/ဦး ၆ (၂၃၅)ဖြင့် ဝေါမြို့နယ်၊ စက်စုကျေးရွာအုပ်စုအတွင်းရှိ စိုက်ပျိုးလုပ်ကိုင်နိုင်ခြင်းမရှိသေးသည့် မြေနုကျွန်းမြေဧရိယာများအား စက်စုကျေးရွာအုပ်စုအတွင်းရှိ လယ်မဲ့၊ ယာမဲ့ (၉၀)ဦးအား ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေအခန်း (၁၂)ပါ မြေနုကျွန်းမြေ လုပ်ပိုင်ခွင့်ချထားခြင်း ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ကိုင်ခွင့်ပြုခွဲဝေချထားပေးပါရန်၊ ဦးတိုးဝင်းနှင့်အဖွဲ့မှ ၎င်းတို့လက်ရှိစိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် မြေဧရိယာ (၆၇.၄၅)ဧကအား ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့်အညီ ပုံစံ(၇)ရရှိရေးဆက်လက်လျှောက်ထားဆောင်ရွက်သွားရန်၊ ဦးတိုးဝင်း နှင့်အဖွဲ့မှ အခြားတောင်သူများ၏ ပုံစံ(၇)ရရှိထားသည့် မြေဧရိယာ (၂၂.၇၀)ဧကအတွင်း ကျူးကျော် လုပ်ကိုင်နေမှုအား ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ဆောင်ရွက်သွားရန် မြို့နယ်လယ်ယာမြေစီမံ ခန့်ခွဲမှုအဖွဲ့သို့ အကြောင်းကြားထားခဲ့ပြီးဖြစ်ကြောင်း၊ ထိုသို့အကြောင်းကြားမှုအပေါ် (၂၇.၁၁.၂၀၁၉) ရက်နေ့တွင် ဝေါမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ စက်စုကျေးရွာအုပ်စု၊ လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့နှင့် ဦးတိုးဝင်းပါအဖွဲ့တို့အား ခေါ်ယူတွေ့ဆုံခဲ့ပါကြောင်း၊ ဦးတိုးဝင်းပါအဖွဲ့မှ လာရောက် ခဲ့ခြင်းမရှိပါကြောင်း၊ မြေနုကျွန်းခွဲဝေချထားရန် တန်းစီဇယားလည်း ရေးဆွဲထားပြီးဖြစ်ကြောင်း၊ တစ်ဦးချင်းအား မြေနုကျွန်းခွဲဝေချထားပေးရန် မြေကွက်ရိုက်တိုင်းတာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မြေတိုင်းတာ ဆောင်ရွက်ရာတွင် အခက်အခဲမရှိစေရေး လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်ပါကြောင်း၊၂၀၁၉ခုနှစ် ဒီဇင်ဘာလပထမအပတ်အတွင်း မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့မှ လွှတ်တော်ကိုယ်စားလှယ်များကို ဖိတ်ကြားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကို လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဥက္ကဋ္ဌကြီးရှင့်- ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဝန်ကြီးဖြေကြားတဲ့အထဲမှာ ဒီဇင်ဘာလ ပထမအပတ်ထဲမှာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ လွှတ်တော်ကိုယ်စားလှယ်များကို ဖိတ်ကြား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဆိုတာ အခုပဲ ဒီဇင်ဘာဒုတိယအပတ်ဖြစ်နေပါပြီ။ လွှတ်တော်

ဥက္ကဋ္ဌကြီးရှင့်။ မေးခွန်းမေးမှ မြို့နယ်က အလုပ်လုပ်ပါတယ်။ မေးခွန်းမေးပြီး တစ်ရက်နှစ်ရက်လောက် နေလျှင် လွှတ်တော်ကိုယ်စားလှယ်ကြီး အစည်းအဝေးတက်ပါ။ အဲ့ဒီတော့ ဝန်ကြီးတို့ အောက်ခြေမှာ ဖြစ်နေတာကို သိရအောင်လို့ တင်ပြတာပါ။ ဝန်ကြီးတို့ ညွှန်ကြားလိုက်တိုင်း ဝန်ကြီးတို့ ဆုံးဖြတ်ချက် တွေပေးလိုက်တိုင်း၊ ဒါကို အချိန်နဲ့ တစ်ပြေးညီ ဆောင်ရွက်ခြင်းမရှိဘူးဆိုတာကို သက်ဆိုင်ရာ ဝန်ကြီး ဌာနတွေ သိအောင်လို့ ဒီနေရာမှ တင်ပြခြင်းဖြစ်ပါတယ်။ အချိန်နဲ့တစ်ပြေးညီတို့၊ ညွှန်ကြားချက်တို့ လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်တယ်ဆိုတာ အင်မတန်မှ နှောင့်နှေးကြန့်ကြာပြီးတော့ မလုပ်ဆောင်ပါဘူး။ တိုက်တိုက်တွန်းတွန်းပြောတာတောင်မှ မလုပ်ဘူးဆိုတာကို ပြောပြတာပါ။ ဒါကြောင့်မို့ ဦးတိုးဝင်းတို့ အဖွဲ့က လာရောက်ခြင်းမရှိတာပါ။ မရှိတာက သူ့ကိစ္စ၊ သူ့ကို ညွှန်ကြားထားပြီး ဖြစ်တဲ့အတွက် မြို့နယ်လယ်စီက လုပ်ရမှာ သူ့ကိစ္စ၊ ဒါက ဥပဒေနှင့်အညီ ဆောင်ရွက်ရမှာ၊ ဘာဖြစ်လို့လဲ ဆိုတော့ ဒေသခံပြည်သူတွေက ဒီအပေါ်မှာ နစ်နာနေတယ်။ နောက် လယ်သမားကြီးတွေ ပိုင်ဆိုင်နေတဲ့ ကေ(၂၀)ကျော်မှာလည်း ကျူးလုပ်နေတာကို လယ်သမားကြီးတွေက ဒီအတိုင်းငုတ်တုတ်ထိုင်ကြည့် နေရတာ၊ တရားရုံးမှာလည်း အမှုဆွဲတာ ပြစ်ဒဏ်(၂)ကြိမ် ချမှတ်ပြီးပြီ။ တစ်ကြိမ်တည်းတောင်မဟုတ်ဘူး။ ဒါက တရားရုံးက ချမှတ်တဲ့အပေါ်မှာလည်း အပြစ်ရှိကြောင်း ဒဏ်ရိုက်ပြီးပြီ။ (၂)ကြိမ်၊ ဒါကို နစ်နာတဲ့ တောင်သူလယ်သမားကြီးတွေဆိုလျှင် သူတို့ကမှာ မလုပ်ရဘဲ ဒီအတိုင်းထိုင်ကြည့်နေရတယ်။ ဥပဒေမဲ့ လုပ်နေတဲ့သူတွေက ရှေ့တန်းရောက်ပြီးတော့ ဥပဒေနှင့်အညီ အခွင့်အရေးရှိတဲ့ လူတွေကကျတော့ ဥပဒေ အတိုင်း မခံစားရဘူး။ မြန်မာနိုင်ငံကနေချမှတ်ထားတဲ့ တည်ဆဲဥပဒေတွေအရ အကျုံးဝင်တဲ့သူတွေက နောက်ရောက်ပြီးတော့ ဥပဒေမဲ့လုပ်တဲ့သူတွေက ရှေ့ရောက်ပြီး မင်းမူခြယ်လှယ်နေတာ၊ တရားဥပဒေ စိုးမိုးရေးကို စိန်ခေါ်နေသလို ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒါ ဒီဇင်ဘာလ ဒုတိယအပတ်ဖြစ်ပါတယ်။ ဒီဇင်ဘာလအတောအတွင်းမှာ မြို့နယ်လယ်စီအနေနဲ့ ခရိုင်လယ်စီနဲ့ ပူးပေါင်းပြီး ကြပ်မတ်ဆောင်ရွက်ပေးဖို့ ဝန်ကြီးအနေနဲ့ ဒေသခံပြည်သူတွေရဲ့ ကိုယ်စား ကျွန်မတို့တိုင်းပြည်ရဲ့အစိုးရအနေနဲ့ ပုံရိပ်ကျဆင်းမှုတွေ၊ ပြည်သူတွေက အလေးထားမှုတွေ အားနည်းနေတဲ့အပေါ်မှာ ဒါလေးကို မြန်ဆန်ဆောင်ရွက်အောင် ကူညီပေးဖို့ (၄)နှစ်လည်းရှိပြီဖြစ်တဲ့အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ပြည်သူတွေရဲ့ ကိုယ်စား တင်ပြအပ်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ရီရီထိုက် မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက်တင်ပြတဲ့မေးခွန်းအမှတ်စဉ် ၅က(၃)ရဲ့ ဆက်စပ်မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဒီမိုကရေစီစနစ်ကို ကျင့်သုံးတဲ့အခါမှာ လူ့အခွင့်အရေးကို အဓိက တန်ဖိုးထားရပါတယ်။ တန်ဖိုးထားတဲ့အခါမှာ တင်ပြထားတဲ့ အမှုတွဲအရဆိုလျှင် ဦးတိုးဝင်းနဲ့အဖွဲ့က

ပုံစံ(၇)များရရှိထား၍ လုပ်ပိုင်ခွင့်ရရှိထားတဲ့ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်၊ ပြည်သူများဖြစ်ပါတယ်။ ဖြစ်တဲ့ အခါကျတော့ သူ့ရဲ့လုပ်ပိုင်ခွင့်ကို ပြန်လည်ရုပ်သိမ်းဖို့ လုပ်ထုံးလုပ်နည်းနဲ့အညီ ရုပ်သိမ်းဖို့ လိုပါတယ်။ ရုပ်သိမ်းပြီးတော့မှ တခြား ရသင့်ရထိုက်တဲ့ ပုဂ္ဂိုလ်တွေကို စနစ်တကျ ပြန်လည်ခွဲဝေရမဲ့ အစီအစဉ် ဖြစ်ပါတယ်။ အဲ့ဒီတော့ တစ်ဖက်မှာလည်း right ရှိနေတဲ့အတွက် သူတို့ရဲ့ အခွင့်အရေးကို တန်ဖိုးထားတဲ့အနေနဲ့ ဆုံးဖြတ်ချက်ဆိုတာ နှစ်ခုထုတ်လို့မရပါဘူး။ ဆုံးဖြတ်ချက်ဆိုတာ တစ်ခုပဲ ထုတ်ရပါတယ်။ ဆုံးဖြတ်ချက်ထုတ်ပေးလိုက်တဲ့အခါမှာ ဦးတိုးဝင်းပါအဖွဲ့မှာ လုပ်ပိုင်ခွင့်တွေရထားတဲ့ အခါမှာ သူတို့ရဲ့လုပ်ပိုင်ခွင့်ကို ပြန်လည်ရုပ်သိမ်းနိုင်ဖို့အတွက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့က ဖိတ်ကြားသော်လည်း လာရောက်ခဲ့ခြင်းမရှိပါဘူး။ မရှိတဲ့အခါမှာ ကျွန်တော်တို့မှာ နောက်ထပ် ထပ်ပြီးတော့ မြေနုကျွန်းခွဲဝေချထားတဲ့ တန်းစီဇယားကိုလည်း အဆင်သင့်ရေးဆွဲထားပါတယ်။ မြေနုကျွန်းနဲ့ပတ်သက်တဲ့ မြေကွက်တိုင်းတာဆောင်ရွက်ဖို့ကိုလည်း ဧကဘယ်လောက်ရှိတာလဲ တိုင်းတာဆောင်ရွက်ဖို့လိုပါတယ်။ အဲ့ဒီတော့ ဒီလုပ်ငန်းစဉ် အဆင့်ဆင့်ကို မြို့နယ်လယ်ယာမြေစီမံ ခန့်ခွဲမှုအဖွဲ့ကလည်း ခရိုင်နဲ့ညှိနှိုင်းပြီးတော့ ဆောင်ရွက်နေဆဲဖြစ်ပါတယ်။ လက်ရှိဆောင်ရွက်နေတဲ့ လယ်ယာ မြေစီမံခန့်ခွဲမှုလုပ်ငန်းများဟာ တစ်ဦးတစ်ယောက်တည်းရဲ့ အာဏာနဲ့ဆောင်ရွက်ရတာ မဟုတ်ဘဲနဲ့ ၂၀၁၂ ခုနှစ် လယ်ယာမြေစီမံခန့်ခွဲမှုဥပဒေအရ လယ်ယာမြေစီမံခန့်ခွဲမှု အဆင့်ဆင့်ရဲ့ လမ်းညွှန်ကြီးကြပ်မှုလိုပါတယ်။ လက်ရှိဆောင်ရွက်နေတဲ့ ဝေါမြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ လုပ်ဆောင်ချက်ကလည်း တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ဆွေးနွေးဆုံးဖြတ်ချက် အပေါ်မှာ လိုက်ပါဆောင်ရွက်ခြင်းဖြစ်ပါတယ်။ မိမိအနေနဲ့ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှာ အဖွဲ့ဝင် အနေနဲ့ ဆောင်ရွက်ရတာဖြစ်တဲ့အတွက် ကျွန်တော်တို့ ဒီနေ့ လွှတ်တော်မှာ တင်ပြပေးတဲ့ ဆက်စပ် မေးခွန်းနဲ့ ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ကျင်းပတဲ့အခါ ဆွေးနွေးတင်ပြပေးမှာဖြစ်ပြီးတော့ မိမိအနေနဲ့ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ဆုံးဖြတ်ချက်အပေါ်မှာ သာလျှင် ကူညီဆောင်ရွက်ပေးနိုင်တဲ့ အနေအထားမျိုးဖြစ်ပါကြောင်းကို လေးစားစွာဖြင့် ရှင်းလင်း ဖြေကြားအပ်ပါတယ်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ အခုက ပိုင်ဆိုင်တာမဟုတ်ဘူး။ တောင်သူ လယ်သမားတွေရဲ့ ဥပဒေနဲ့ အညီထုတ်ပေးထားတဲ့ ပုံစံ(၇)ကို ဦးတိုးဝင်းတို့က ကျူးကျော်လုပ်တာ၊ ဦးတိုးဝင်းတို့ အရင်က ကျူးကျော်ပြီးလုပ်နေတဲ့ မြေရှင်ဖြစ်တဲ့ ဧက (၇၀)ကျော်ကို ရွာသူ/ ရွာသားတွေက ဦးတိုးဝင်းတို့ကို တိုင်းဒေသကြီးနဲ့ ခရိုင်လယ်စီက သူတို့ကို ပုံစံ(၇)တွေထုတ်ပေးဖို့ ရွာသူရွာသားတွေက သဘောတူတယ်။ ဒါ သူတို့အဖွဲ့ကို ဥပဒေနဲ့အညီ အခွင့်အရေးပေးထားတယ်။ (၇၀)ကေကို ပုံစံ(၇) ပေးမယ် အချက် (၃)ချက်နဲ့ ၊ ခုနက ဝန်ကြီးအမှတ်မှားမှာစိုးလို့ (၂၂.၇၀)ဆိုတာက တောင်သူ လယ်သမားတွေရဲ့ လယ်ယာမြေဖြစ်ပြီး ပုံစံ(၇)ထဲမှာ ဦးတိုးဝင်းတို့က ကျူးကျော်လုပ်တာ၊ ဒါလေးကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဝန်ကြီးကို ရှင်းလင်းတင်ပြခြင်းဖြစ်ပါတယ်။ ကျန်တာ မြေနုကျွန်း

တွေက မြေနုကျွန်းဥပဒေအတိုင်းသွားမယ်။ မြေရင့်ဖြစ်တာကို ဦးတိုးဝင်းတို့အဖွဲ့အား ပေးမယ်။ (၂၂.၇၀) ကေကေ တမင်သက်သက်ကြီး လယ်သမားတွေ မလုပ်ရဘဲနဲ့ သူတို့က ကျူးကျော်ပြီး လုပ်နေတာ (၂)နှစ်(၃)နှစ်လောက်ရှိပြီ။ ဒါလေးကို ဝန်ကြီးရှင်းလင်းအောင် တင်ပြခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ် ဥက္ကဋ္ဌကြီး။

**ဥက္ကဋ္ဌ။** ။သက်ဆိုင်ရာဝန်ကြီးမှ အဖွဲ့အစည်းသို့ ပြည့်စုံအောင် ရှင်းလင်းတင်ပြပေးဖို့ တိုက်တွန်းပါတယ်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"သဲကုန်းမြို့နယ်၊ ကန့်လန့်ကုန်းကျေးရွာအုပ်စု၊ မယ်ဇလီတိုင်းတမံ ရေစားကမ်းပါး ပြိုကျမှုအား ကျောက်ကြီးစီခြင်းနှင့် တမံပြန်လည်ပြုပြင်ခြင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်

(၂) **"သဲကုန်းမြို့နယ်၊ ရဲ့ရဲ့ကန်ကျေးရွာအနီး သဲကုန်းကြီးချောင်းပေါ်တွင် Spill Out Structure နှစ်ခု တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း (၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ သဲကုန်းမြို့နယ် ကန့်လန့်ကုန်းကျေးရွာအုပ်စု၊ မယ်ဇလီတိုင်းတမံရေစားကမ်းပါးပြိုကျမှုအားကျောက်ကြီးစီခြင်းနှင့် တမံပြန်လည်ပြုပြင်ခြင်း ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိစပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းမှုဖြစ်ပါတယ်။

အကျိုးအကြောင်းဖော်ပြချက်အနေဖြင့် မေးခွန်းတွင်ဖော်ပြထားသော မယ်ဇလီတိုင်းတမံသည် ရှေးနှစ်ပေါင်းများစွာက ဒေသခံလယ်သမားများစုပေါင်းတည်ဆောက်ခဲ့သော လယ်လုပ်တမံဖြစ်ပြီး ဆည်မြောင်းရေ မရရှိသောနေရာဖြစ်၍ ဝန်လူးချောင်းရေကိုပိတ်ကာ ရေလှောင်တမံအဖြစ် အသုံးပြုခဲ့ကြပါသည်။ ယခုအခါ တမံပြိုကျပျက်စီးသွားသဖြင့် ပြန်လည်ပြုပြင်ပေးစေလိုကြောင်း ဒေသခံလယ်သမားများက ဝန်ကြီးချုပ်၏ သဲကုန်းမြို့နယ် ရင်းတိုက်မှော်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံအတွင်း လူထုတွေ့ဆုံပွဲတွင် တင်ပြခဲ့ပါသည်။

၎င်းမယ်ဇလီတိုင်းတမံရေစားကမ်းပါးပြိုကျမှုအား ကျောက်ကြီးစီခြင်း၊ တမံပြုပြင်ခြင်း ပြန်လည်ဆောင်ရွက်ပေးမည်ဆိုပါက မိုးစပါးအတွက် မိုးနှောင်းကာလအောင်ရေကေ (၂၀၀၀) အကျိုးပြုမည်ဖြစ်ပါသည်။

**ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ သဲကုန်းမြို့နယ် ရဲ့ရဲ့ကန်ကျေးရွာအနီး သဲကုန်းကြီးချောင်းပေါ်တွင် Spill Out Structure နှစ်ခုတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းမှာဖြစ်ပါတယ်။

အကျိုးအကြောင်းဖော်ပြချက်အနေဖြင့် သဲကုန်းကြီးချောင်းသည် အလျား(၉)မိုင်ကျော်ရှိပြီး သဲကုန်းမြို့၏ အရှေ့မြောက်ဘက်မှ သဲကုန်းမြို့၏ အနောက်တောင်ဘက်ရှိအင်းမအင်းရှိရာသို့ စီးဆင်းရာ အင်းမအင်းအတွင်းသို့ တိုက်ရိုက်စီးဆင်းရခြင်းမျိုးမဟုတ်ဘဲ ပြည်မြို့နယ်ဘက်မှ သဲကုန်းမြို့နယ် အင်းမအင်းဆီသို့ စီးဝင်သောရေဆိုးထုတ်ချောင်းရေနှင့်အတူ ပူးပေါင်းစီးဝင်ရပါသည်။ မိုးများစွာရွာသွန်းခြင်းနှင့် ချောင်းရေကျချိန်တို့တွင် မေးခွန်းတွင်ပါရှိသော သဲကုန်းကြီးချောင်းရေနှင့် ၎င်းစီးဝင်ရသည့် ပြည်မြို့နယ်ဘက်လာသော ရေဆိုးထုတ်ချောင်းရေတို့သည် ရေLevelတူညီလာသည့် အချိန်တိုင်း သဲကုန်းကြီးချောင်းဘောင်များကျိုးကျပြီး အနီးရှိလယ်မြေများပေါ်တွင် သဲနုန်းပို့ချခြင်းများ နှစ်စဉ်လိုလို ခံစားရပါသည်။ ထို့အတွက် နိုင်ငံတော်မှလည်းချောင်းကျိုး/ မြောင်းကျိုးများ ပြင်ဆင်နိုင်ရေးအတွက် ရန်ပုံငွေများလည်းချထားပေးနေရသည့် အခြေအနေဖြစ်ပါသည်။ သို့ပါသောကြောင့် ကျိုးကျပျက်စီးသွားသော/ နိုင်သောနေရာများတွင် Spill Out Structure နှစ်ခုတည်ဆောက်ပေးမည်ဆိုပါကလယ်မြေဧက (၂၀၀၀)ကျော် အကျိုးပြုမည်ဖြစ်သည်။ ထို့အပြင် နှစ်စဉ်ကုန်ကျနေရသော ဘဏ္ဍာငွေများလည်း သက်သာမည်ဖြစ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးဇော်နိုင်ဦး မေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ သဲကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်နိုင်ဦး မေးမြန်းသည့် **"သဲကုန်းမြို့နယ်၊ ကန့်လန့်ကုန်းကျေးရွာအုပ်စု၊ မယ်ဇလီတိုင်းတမံ ရေစားကမ်းပါးပြိုကျမှုအား ကျောက်ကြီးစီခြင်းနှင့် တမံပြန်လည်ပြုပြင်ခြင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။

သဲကုန်းမြို့နယ် ကန့်လန့်ကုန်းအုပ်စု မယ်ဇလီတိုင်းတမံသည် ဝန်လူးချောင်းပေါ်တွင် ဒေသခံလယ်သမားများ စုပေါင်းတည်ဆောက်၍ လယ်မြေဧက (၂၀၀၀)အတွက် မိုးစပါး အောင်ရေနှင့် ပျိုးထောင်ရေတို့ကို ဖြည့်ဆည်းနိုင်ခဲ့သည့်တမံဖြစ်ပါသည်။ ယခုအခါတွင် တမံ ပြိုကျပျက်စီးနေသည့်အတွက် ဒေသခံတောင်သူများ မိုးစပါးပျိုးထောင်ရေနှင့်အောင်ရေကောင်းစွာ မရရှိပဲ သီးနှံပျက်စီးမှုများရှိသည့်အတွက် ပြုပြင်တည်ဆောက်ပေးရန် (၈.၃.၂၀၁၉)ရက်နေ့တွင် ကျင်းပပြုလုပ်သော ဝန်ကြီးချုပ်နှင့် ဒေသခံတောင်သူများတွေ့ဆုံပွဲတွင် တောင်သူဦးမြင့်ဦးမှ တင်ပြထားသည့်လုပ်ငန်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းအား အမြန်ဆုံးဆောင်ရွက်နိုင်ရန် (၂၀၁၈-၂၀၁၉)ခု ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေမှာ အချိန်တိုအတွင်းသိသာထင်ရှားစွာ အကျိုးဖြစ်ထွန်းနိုင်မည့် လုပ်ငန်းတွင် ထည့်သွင်းတောင်းခံခဲ့သော်လည်း ရန်ပုံငွေပါဝင်ခြင်းမရှိခဲ့ပါသဖြင့် (၂၀၂၀-၂၀၂၁)ခု

ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ သဲကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်နိုင်ဦး မေးမြန်းသည့် **"သဲကုန်းမြို့နယ်၊ ရဲ့ရဲ့ကန်ကျေးရွာအနီး သဲကုန်းကြီးချောင်းပေါ်တွင် Spill Out Structure နှစ်ခု တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားမှာ ဖြစ်ပါတယ်။

သဲကုန်းမြို့နယ်ရှိ သဲကုန်းကြီးချောင်းသည် အလျား(၉)မိုင်ကျော် ရှည်လျားပြီး သဲကုန်းမြို့နယ် အရှေ့ဘက်တောမှ စတင်စီးဆင်းလာပြီး ရေဆိုးထုတ်ချောင်းထဲသို့ စီးဝင်ပါသည်။ သဲချောင်း အမျိုးအစားဖြစ်ပြီး သစ်တောများပြုန်းတီးမှုကြောင့် သဲနုန်းများ ရေစီးနှင့် ပါဝင်မှု များလာပြီး သဲနုန်း ပို့ကျ၍ ချောင်းဘောင်များရေကျော်ပြီး နှစ်စဉ်ကျိုးပေါက်တတ်သည့် ချောင်းဖြစ်ပါသည်။ ချောင်းဘောင် ကျိုးပေါက်မှုကြောင့် ဒေသခံတောင်သူများ စိုက်ပျိုးပြီး စပါးခင်းများ နှစ်စဉ်ပျက်စီးမှုများရှိနေပါသည်။ သို့ဖြစ်ပါ၍ ချောင်းရေမြင့်တက်ချိန်တွင် ချောင်းဘောင်ကို တိုက်စားမှုမရှိစေဘဲ ရေကျော်နိုင်သည့် အမြင့် Level တစ်ခုသတ်မှတ်၍ Spill Out Structure နှစ်ခုကို တည်ဆောက်သွားမည့် လုပ်ငန်းအမျိုးအစား ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းအား (၂၀၂၀-၂၀၂၁)ခု ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေမရရှိပါက ဆောင်ရွက်ပေးနိုင်မည်မဟုတ်ပါကြောင်း လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"သဲကုန်းမြို့နယ်၊ နွယ်ကောက်ကျေးရွာအုပ်စု၊ နွယ်ကောက်ကျေးရွာအနီး (ရွာထိပ်)တွင်ရှိသော ကင်းတက်ချောင်းပေါ်တွင် Check Structure တစ်ခု တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ သဲကုန်းမြို့နယ်-နွယ်ကောက်ကျေးရွာအုပ်စု၊ နွယ်ကောက်ကျေးရွာအနီး (ရွာထိပ်)တွင်ရှိသော ကင်းတက်ချောင်းပေါ်တွင် Check Structure တစ်ခုတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းမှာ ဖြစ်ပါတယ်။

အကျိုးအကြောင်းဖော်ပြချက်အနေဖြင့် ဆည်ရေသောက်ရေိယာပြင်ပရှိ ကွင်းအမှတ်(၉၁၀/ ၉၁၂) ရှိလယ်ဧက (၄၀၀)ခန့်သည် ယခင်ကချောင်းရေကို ပင်းတားပုံစံမျိုးဖြင့်တားကာရွာအတွင်းမှ ဖြတ်သန်း

စီးဆင်းစေပြီး မိုးစပါးကိုစိုက်ပျိုးလုပ်ကိုင်ခဲ့သော်လည်း ယခုအခါဖော်ပြပါ ကင်းတက်ချောင်းသည် အောက်ဖက်၌ သဲထုတ်ယူမှုများကြောင့် ချောင်းကြမ်းပြင်နိမ့်ကျသွားသည့်အတွက် တောင်သူများ၏ လက်လုပ်ပင်းတားအနေနှင့် လုံးဝရေမရရှိသဖြင့် ထိုနေရာ၌ Check Structure တစ်ခု တည်ဆောက် ပေးမည်ဆိုပါက ကွင်းအမှတ် (၉၁၀/၉၁၂) ရှိလယ်ဧက(၄၀၀)ခန့်ကို အမှီပြုလုပ်ကိုင်နေကြသော တောင်သူများ စားဝတ်နေရေး အဆင်ပြေစေမည်ဖြစ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးဇော်နိုင်ဦး မေးမြန်းသည့် မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ သဲကုန်း မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်နိုင်ဦး မေးမြန်းသည့် **"သဲကုန်း မြို့နယ်၊ နွယ်ကောက်ကျေးရွာအုပ်စု၊ နွယ်ကောက်ကျေးရွာအနီး (ရွာထိပ်)တွင်ရှိသော ကင်းတက်ချောင်းပေါ်တွင် Check Structure တစ်ခု တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ် နွယ်ကောက်ကျေးရွာအုပ်စုရှိ ကွင်းအမှတ်(၉၁၁/ ၉၁၂)ရှိ လယ်ဧက (၄၀၀)ခန့်အား စိုက်ပျိုးရေ ရရှိနိုင်ရေးအတွက် ကင်းတက်ချောင်းပေါ်တွင် နွယ်ကောက် ကျေးရွာထိပ်၌ Check Structure တစ်ခု တည်ဆောက်ပေးရန် လိုအပ်လျက်ရှိပါသည်။ အဆိုပါ လုပ်ငန်းအား ဆောင်ရွက်ရခြင်းဖြင့် မိုးစပါး၊ နွေစပါးများအား ရေအခက်အခဲမရှိ ရယူစိုက်ပျိုးလာ နိုင်မည်ဖြစ်သည့်အပြင် ချောင်းတစ်ဖက်ကမ်းနှင့် တစ်ဖက်သို့ မိုးရာသီတွင် ဖြတ်သန်းသွားလာနိုင် မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းအား (၂၀၂၀-၂၀၂၁)ခု ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေမရရှိပါက ဆောင်ရွက်ပေးနိုင်မည်မဟုတ်ပါကြောင်း လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးနှင့် ဓါတ်မြေသြဇာများ အမှန်တကယ် အာနိသင် ရှိ/မရှိ၊ သုံးစွဲရန် သင့်/မသင့်၊ သုံးစွဲရန် မသင့်ပါက တောင်သူလယ်သမားများထံ မရောက်ရှိနိုင်ရေး အတွက် ပဲခူးတိုင်းဒေသကြီးအတွင်း စီမံဆောင်ရွက်ထားရှိမှု ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်းနှင့်

(၂) **“ဖြူးမြို့နယ်၊ ပြောင်သေကျေးရွာအုပ်စုအတွင်းရှိ ပြောင်သေချောင်းအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိ”**နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုတို့ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးနှင့် ဓါတ်မြေဩဇာများ အမှန်တကယ်အာနိသင်ရှိ/ မရှိ၊ သုံးစွဲရန် သင့်/ မသင့်၊ သုံးစွဲရန်မသင့်ပါက တောင်သူလယ်သမားများထံ မရောက်ရှိနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအတွင်း စီမံဆောင်ရွက်ထားမှုရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းမှာဖြစ်ပါတယ်။

အကျိုးအကြောင်းဖော်ပြချက်အနေဖြင့် ယခုအခါ နိုင်ငံတော်အတွင်းရှိ တောင်သူလယ်သမားများ အသုံးပြုနေသော ပိုးသတ်ဆေးများ၊ ပေါင်းသတ်ဆေးများနှင့် ဓါတ်မြေဩဇာများထဲမှ အချို့သည် အာနိသင်မရှိခြင်း၊ အာနိသင်အပြည့်အဝ မရှိခြင်း၊ ဘေးထွက်ဆိုးကျိုးများရှိနေခြင်းတို့ကို အသုံးပြုသော တောင်သူလယ်သမားများထံမှ ကြားသိရပါသည်။ ယင်းအန္တရာယ်ရှိ ပစ္စည်းများ သုံးစွဲကြခြင်းဖြင့် လောလောဆယ်တောင်သူလယ်သမားများအတွက် ကုန်ထုတ်လုပ်ငန်းများ ထိခိုက်ကျဆင်းခြင်း၊ ရေရှည်တွင် လယ်ယာမြေများ ပျက်စီးခြင်းများ ဖြစ်နိုင်ပါသည်။

သို့ဖြစ်ပါ၍ တောင်သူလယ်သမားများအပြင် အများပြည်သူအကျိုးအတွက် လယ်ယာသုံး ပိုးသတ်ဆေးများ၊ ပေါင်းသတ်ဆေးများနှင့် ဓါတ်မြေဩဇာများကို ပဲခူးတိုင်းဒေသကြီးအတွင်း စိစစ်ကြပ်မတ်စစ်ဆေးအရေးယူပေးရန် ရှိ/မရှိ မေးမြန်းလိုပါသည်။

**ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ဖြူးမြို့နယ်၊ ပြောင်သေကျေးရွာ အုပ်စုအတွင်းရှိ ပြောင်သေချောင်းအား ပြန်လည်တူးဖော်ပေးနိုင်ရန် အစီအစဉ်ရှိ/ မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းမှာဖြစ်ပါတယ်။

အကျိုးအကြောင်းဖော်ပြချက်အနေဖြင့် ဖြူးမြို့နယ်၊ ပြောင်သေကျေးရွာအုပ်စုအတွင်းရှိ ပဲခူးရိုးမကို မြစ်ဖျားခံပြီး စစ်တောင်းမြစ်အတွင်းသို့ စီးဆင်းနေသည့် ပြောင်သေချောင်းရှိပါသည်။ အဆိုပါချောင်းမှာ ယခုအခါ ကွေ့ကောက်စွာဖြင့် စီးဆင်းလျက်ရှိခြင်းကြောင့် နုန်းကျစ် သဲနုန်းများဖို့လာပြီး ချောင်းရေယာ ကျဉ်းမြောင်းကာ မိုးရာသီအခါ၌ ရေစီးရေလာနှေးကွေးကြန့်ကြာမှုများဖြစ်ပွားလျက် လူနေအိမ်အချို့နှင့် မိုးစပါးစိုက်ခင်းများ ရေလွှမ်းမိုးခံရကာ ဆုံးရှုံးနစ်နာမှုများ ကြုံတွေ့နေရပါသည်။

ပြောင်သေချောင်းမှာ ပြောင်သေကျေးရွာတောင်ဘက် ရန်ကုန်-မန္တလေးကားလမ်းတံတားနှင့် မီးရထားသံလမ်းတံတားများကို ဖြတ်ကျော်စီးဆင်းရပါသည်။ ရန်ကုန်-မန္တလေးကားလမ်းတံတား အကျယ်မှာ (၄၄)ပေခန့် ရှိသော်လည်း ချောင်းအကျယ်မှာ (၂၄)ပေခန့်သာ ရှိတော့သဖြင့် ပေ(၂၀)ခန့်မှာ သဲနုန်းများဖို့ချပြီး တဖြည်းဖြည်းကျဉ်းမြောင်းလာသည်ကို တွေ့ရှိရပါသည်။ ၎င်းအပြင် မီးရထား သံလမ်းတံတားမှာ (၄၆)ပေ အကျယ်ရှိသော်လည်း ချောင်းမှာ ပေ(၂၀)ခန့်သာရှိတော့သဖြင့် တံတား

ဘေးဝဲယာအစွန်(၂)ခန်းမှာ သဲနုန်းများဖို့ချပြီး ပိတ်ဆို့၍ ကျဉ်းမြောင်းလာသည်ကို တွေ့ရှိရပါသည်။ ရန်ကုန်-မန္တလေး ကားလမ်းနှင့် ရထားလမ်းအကြား အချို့နေရာများတွင် (၈)ပေ(၁၀)ပေခန့်သာ ကျန်ရှိတော့သည်ကို တွေ့ရှိရပါသည်။ မီးရထားလမ်းအရှေ့ဘက်တွင်လည်း အဆိုပါချောင်းမှာ ကျဉ်းမြောင်းသွားပြီး မြေလိမ်မြေကောက် စီးဆင်းလျက်ရှိခြင်းတို့ကြောင့် မိုးရာသီ၌ရေစီးရေလာနှေးကွေးမှုဖြစ်ပေါ်ပြီး လင်းယောခင်ကျေးရွာရှိ လူနေအိမ်ခြေ (၈၀)ခန့်၊ မိုးစပါးစိုက်ကေ (၁၅၀၀)ခန့် နှစ်စဉ်ရေလွှမ်းမိုးမှုခံနေရကြောင်း တွေ့ရှိရပါသည်။

ဤသို့အားဖြင့် ပြည်သူများ တောင်သူများ၏ နှစ်စဉ်ကြုံတွေ့နေရသည့် အဆိုပါ ပြဿနာများ ပြေလည်စေရန် ပြောင်သေချောင်းအား သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/ မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးသက်စိန် မေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဖြူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်စိန် မေးမြန်းသည့် **“ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးနှင့် ဓါတ်မြေဩဇာများ အမှန်တကယ် အာနိသင် ရှိ/မရှိ၊ သုံးစွဲရန် သင့်/မသင့်၊ သုံးစွဲရန် မသင့်ပါက တောင်သူလယ်သမားများထံ မရောက်ရှိနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအတွင်း စီမံဆောင်ရွက်ထားရှိမှု ရှိ/မရှိ”** နှင့်စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီးအတွင်း တောင်သူလယ်သမားများအသုံးပြုနေသော ပိုးသတ်ဆေးများ၊ ပေါင်းသတ်ဆေးများထဲမှ အချို့သည် အာနိသင်မရှိခြင်း၊ အာနိသင်အပြည့်အဝမရှိခြင်း၊ ဘေးထွက်ဆိုးကျိုးများရှိနေခြင်းတို့ကို ပဲခူးတိုင်းဒေသကြီးအတွင်း၌ စိစစ်ကြပ်မတ်စစ်ဆေး အရေးယူ ဆောင်ရွက်လျက်ရှိပါသည်။ နှစ်အလိုက် ပိုးသတ်ဆေးများအရည်အသွေး စစ်ဆေးထားရှိမှုအခြေအနေကို ပူးတွဲပါအတိုင်းဖော်ပြအပ်သည်။

အရည်အသွေးစစ်ဆေးသောဆေးများအနက် ရွှေနဂါးပေါင်းသတ်ဘုရင် ၂၀ ဒဗလျူပီ ပေါင်းသတ်ဆေးအား မှတ်ပုံတင်ရာတွင် ဖော်ပြထားခြင်းမရှိသော အဆိပ်ရှိပစ္စည်း (ChlorimuronEthyl) အား ရောနှောထည့်သွင်းထုတ်လုပ်ပြီး ရောင်းချနေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ယင်းပိုးသတ်ဆေး၏ မှတ်ပုံတင်အမှတ် (၂၀၁၅-၂၇၅၇)အား ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ (၂.၁၀.၂၀၁၉) နေ့စွဲပါ ရုံးအမိန့်စာအမှတ် ၅/၂၀၂၁၉ဖြင့် မှတ်ပုံတင်ပယ်ဖျက်ခဲ့ပါသည်။ ဈေးကွက်အတွင်း ဆက်လက်ရောင်းချနေသည်ကို စစ်ဆေးတွေ့ရှိပါက ပိုးသတ်ဆေးဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း တိုင်းအတွင်း ညွှန်ကြားချက်ထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။

ပိုးသတ်ဆေးဆိုင်များအား ဆက်လက်၍ စစ်ဆေးခြင်းလုပ်ငန်းများကို တိုင်းအတွင်းရှိ ခရိုင် (၄)ခရိုင်မှ မြေပြင်ကွင်းဆင်း စစ်ဆေးရေးအဖွဲ့များ ခရိုင်ချင်းလဲ၍ စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။ ဈေးကွက်အတွင်း တောင်သူများအသုံးပြုနေသော ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများထဲမှ အချို့သည် အာနိသင်မရှိခြင်း၊ အာနိသင်အပြည့်အဝမရှိခြင်း ဘေးထွက်ဆိုးကျိုး များရှိနေခြင်းစသည်တို့မှ ကင်းဝေးစေရန် တရားမဝင်ပိုးသတ်ဆေးများ ရောင်းဝယ်ဖောက်ကားမှုများကို စစ်ဆေးအရေးယူမှုများလည်း ဆောင်ရွက်လျက်ရှိပါသည်။ ဆောင်ရွက်ထားရှိမှု အခြေအနေကို နှစ်အလိုက် ပူးတွဲပါအတိုင်း ဖော်ပြအပ်ပါသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း လိုင်စင်ရှိမြေသြဇာအရောင်းဆိုင်များတွင် ရောင်းချနေသော မှတ်ပုံတင်ထားပြီး မြေသြဇာများသည် အရည်အသွေးစံချိန်စံညွှန်းစစ်ဆေးပြီး မြေသြဇာများ ဖြစ်ပါသည်။ မြေသြဇာထုတ်ပိုးပစ္စည်းပေါ်တွင် တင်သွင်း၊ ထုတ်လုပ်၊ တင်ပို့ မှတ်ပုံတင်လက်မှတ်အမှတ်ကို (၁.၁.၂၀၁၉)နေ့မှစ၍ စတင်ထည့်သွင်းဖော်ပြရန် ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်လျက်ရှိပါသည်။ ဈေးကွက်အတွင်း ရောင်းချနေသော ဓါတ်မြေသြဇာများ အမှန်တကယ် အာနိသင်ရှိ/မရှိ သုံးစွဲရန် သင့်မသင့်ကို သိရှိနိုင်ရန် မြေသြဇာဥပဒေအရ တိုင်းဒေသကြီး/ခရိုင် မြေသြဇာ စစ်ဆေးရေးအဖွဲ့များမှ ခရိုင်ချင်းအပြောင်းအလဲပြုလုပ်၍ စစ်ဆေးခြင်း၊ တိုင်းဒေသကြီးအတွင်းရှိ ဓါတ်ခွဲခန်းများတွင် အရည်အသွေးစံချိန်စံညွှန်းပြည့်မီမှုရှိ/မရှိ မြေသြဇာနမူနာများရယူ၍ ကြပ်မတ်စစ်ဆေးလျက်ရှိပါသည်။ မြေသြဇာကော်မတီ၏ (၆.၉.၂၀၁၉) ရက်စွဲပါစာအမှတ်၊ မြေသြဇာ/၂၀၁၈-၁၉ (၁၈၂၉၊ ၁၉၃၁၊ ၁၉၃၂၊ ၁၉၃၃)ဖြင့် မြေသြဇာလိုင်စင်(၅)မျိုးကို စီမံခန့်ခွဲရေး နည်းလမ်းဖြင့် အရေးယူဆောင်ရွက်ခဲ့ပါသည်။

မြေသြဇာကော်မတီမှ အပြစ်ပေးအရေးယူထားသည့် မြေသြဇာများကို ဈေးကွက်အတွင်း မရောင်းချနိုင်ရန် စစ်ဆေးခြင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးလုပ်ကိုင်သူ တောင်သူလယ်သမားများ အရည်အသွေးစံချိန်စံညွှန်း ပြည့်မီသော မြေသြဇာကို သုံးစွဲနိုင်ရန်အတွက် တင်သွင်းထုတ်လုပ်သောမြေသြဇာများကို မြေသြဇာဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ညွှန်ကြားချက်များပေးပို့စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။ မြေသြဇာအမျိုးအစားအလိုက် အရည်အသွေး ဓါတ်ခွဲဆောင်ရွက်စစ်ဆေးပြီးစီးမှုအခြေအနေနှင့် မြေသြဇာအရောင်းဆိုင် စစ်ဆေးဆောင်ရွက်မှုအခြေအနေကို ပူးတွဲပါအတိုင်း တင်ပြအပ်ပါသည်။

# ပဲခူးတိုင်းဒေသကြီးအတွင်း နှစ်အလိုက်၊ ပိုးသတ်ဆေးများ အရည်အသွေးစစ်ဆေးမှု အခြေအနေ

| စဉ် | နေ့စွဲ | အရည်အသွေးစစ်ဆေး ရန် ပေးပို့သည့်ဒေသ | အမျိုးအမည် | ထုတ်ပိုးမှု အရွယ်အစား | တင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ |
|---|---|---|---|---|---|
| ၁ | ၂၃.၃.၂၀၁၇ | တောင်ငူခရိုင်၊ တောင်ငူမြို့နယ် | ဆိုက်ပါမီသရင် (Cypermethrin 10% EC) | ၁၀၀စီစီ | အာမို |
| | | | ကော်ဘရာ (Chlopyrifos 40 EC) | ၁၀၀စီစီ | ရွှေခြင်္သေ့ |
| | | | အဆီဖိတ် (Acephate 75%W/W) | ၂၅၀ဂရမ် | မြန်မာ့သြဘာ |
| | | | ကာဘိုဖျူရမ် (Carbofuran 3%g) | ၁ ကီလိုဂရမ် | အင်းလေးရတနာ |
| ၂ | ၁၄.၃.၂၀၁၈ | သာယာဝတီခရိုင်၊ မင်းလှမြို့နယ် | ဆိုင်ပါမီသရင် (Cypermethrin 10% EC) | ၅၀၀စီစီ | မြန်မာအရစ်စတာ |
| | | | မက်နိုဖော့ခ် ၅၀အီးစီ | ၁၀၀စီစီ | မက် ပစိဖိတ် |
| ၃ | ၆.၂.၂၀၁၉ | ပြည်ခရိုင်၊ ပြည် မြို့နယ် | ဂိုးလိပလပ် (Metalaxyl 8% W/W+ Chlorothalonil64%W /W) | ၁၀၀ဂရမ် | အရစ်စတာလိုက်ဖ် ဆိုင်းရန့်စ် |
| | | | ဒင်ဂ (enamectin benzoate 5%) | ၂၀ဂရမ် | မြန်မာ့ဂိုးဒင်းဖိုက်တာ |
| ၄ | ၂၇.၂.၂၀၁၉ | တောင်ငူခရိုင်၊ တောင်ငူမြို့နယ် | ဘီဘီစီ ၉၅ အက်ပီ (Cartap) | ၁၀၀ဂရမ် | အင်းလေးရတနာ |
| | | | ရွှေမင်းသမီး (Thiamet hoxam 35% Sc) | ၁၀၀စီစီ | ရွှေခြင်္သေ့ |
| | | | ဒိုဇာ ၂၀ ဒဗလျူပီ (Imidacloprid 20%W/W) | ၅၀ဂရမ် | မြန်မာ့သြဘာ |
| ၅ | ၁၀.၇.၂၀၁၉ | ပဲခူးခရိုင်၊ ပဲခူး မြို့နယ် | ရွှေနဂါးပေါင်းသတ် ဘုရင် ၂၀ ဒဗလျူပီ<br>ရွှေနဂါးပေါင်းသတ် ဘုရင် | ၃၀ ဂရမ်<br>၃၀ ဂရမ် | မြန်မာ့ရွှေနဂါးစိုက်ပျိုး ရေးစွမ်းအားစု |

## ပိုးသတ်ဆေးများ စစ်ဆေးအရေးယူပြီးစီးမှုအခြေအနေ

| စဉ် | ရက်စွဲ | ခရိုင်/မြို့နယ် | ဆိုင်အမည် | စစ်ဆေးတွေ့ရှိသည့် အကြောင်းအရင်း | ပြစ်ဒဏ်ပေး ဆောင်ရွက်မှု |
|---|---|---|---|---|---|
| ၁ | ၆.၁၂.၂၀၁၆ | ပြည်မြို့ | ခနေမြိုင် | တရားမဝင်ပိုးသတ်ဆေး များတွေ့ရှိခြင်း | ပိုးသတ်ဆေးလက်လီ လက်ကားရောင်းချခွင့် လိုင်စင်နှင့် လက်လီ လက်ကားရောင်းချခြင်းအား (၆)လရပ်ဆိုင်း |
| ၂ | ၁၀.၁.၂၀၁၇ | လက်ပံတန်း | ဦးဝင်းရွှေ | ။ | ။ |
| ၃ | ၁၀.၁.၂၀၁၇ | လက်ပံတန်း | ဦးမောင်ကြီး | ။ | ။ |
| ၄ | ၁၂.၁.၂၀၁၇ | နတ္တလင်း | ဖိုးလပြည့် | ။ | ။ |
| ၅ | ၁၀.၁.၂၀၁၇ | နတ္တလင်း | ဇေယျာထွန်း | ။ | ။ |
| ၆ | ၁၀.၁.၂၀၁၇ | နတ္တလင်း | ထွန်းရတနာ | ။ | ။ |
| ၇ | ၁၀.၁.၂၀၁၇ | နတ္တလင်း | လပြည့်ဝင်း | ။ | ။ |
| ၈ | ၁၀.၁.၂၀၁၇ | လက်ပံတန်း | ရွှေလယ်ယာ | ။ | ။ |
| ၉ | ၁၀.၁.၂၀၁၇ | လက်ပံတန်း | ဦးသိန်းဆိုင်-၁ | ။ | ။ |
| ၁၀ | ၁၀.၁.၂၀၁၇ | လက်ပံတန်း | ဦးဇော်မင်း | ။ | ။ |
| ၁၁ | ၁၀.၁.၂၀၁၇ | လက်ပံတန်း | ဦးသိန်းဆိုင်-၂ | ။ | ။ |
| ၁၂ | ၁၀.၁.၂၀၁၇ | လက်ပံတန်း | မြင့်မခ | ။ | ။ |
| ၁၃ | ၁၀.၁.၂၀၁၇ | လက်ပံတန်း | ဦးဒေးဒေး | ။ | ။ |
| ၁၄ | ၁၀.၁.၂၀၁၇ | သုံးဆယ် | ရွှေပြည့်ဆံ | ။ | ။ |
| ၁၅ | ၁၀.၁.၂၀၁၇ | သုံးဆယ် | ကြည်သာ | ။ | ။ |
| ၁၆ | ၁၀.၁.၂၀၁၇ | သုံးဆယ် | ရွှေမြင့်မိုရ် | ။ | ။ |
| ၁၇ | ၁၀.၁.၂၀၁၇ | သုံးဆယ် | ရွက်ပွင့် | ။ | ။ |
| ၁၈ | ၉.၁.၂၀၁၉ | သာယာဝတီ | ရန့်သစ် | ။ | ပိုးသတ်ဆေးလက်လီ လက်ကားရောင်းချခွင့် လိုင်စင်နှင့် လက်လီ လက်ကားရောင်းချခြင်းအား (၃)လရပ်ဆိုင်း |

## မြေသြဇာအမျိုးအစားအလိုက် အရည်အသွေးခါတ်ခွဲစစ်ဆေးဆောင်ရွက်ပြီးစီးမှု အခြေအနေ

| စဉ် | ခရိုင် | ကွန်ပေါင်း | ယူရီးယား | တီစူပါ | ပိုတက် | ဂျစ်ပဆန် | သဘာဝ | ရွက်ဖျန်း | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| ၁ | ပဲခူးခရိုင် | ၁၄ | ၈ | - | ၁ | ၁ | ၇ | ၃ | ၃၄ |
| ၂ | တောင်ငူခရိုင် | ၃ | ၂ | ၁ | - | - | ၂ | - | ၈ |
| ၃ | ပြည်ခရိုင် | | | | | | | | |
| ၄ | သာယာဝတီ | | | | | | | | |
| ၅ | အခြား | ၃ | ၁ | | | | | | ၄ |
| | | | | | | | | | |
| | စုစုပေါင်း | ၂၀ | ၁၁ | ၁ | ၁ | ၁ | ၉ | ၃ | ၄၆ |

## မြေသြဇာအရောင်းဆိုင် စစ်ဆေးဆောင်ရွက်မှုအခြေအနေ

| စဉ် | ခရိုင် | ၂၀၁၈-၂၀၁၉ခုနှစ် | | | ၂၀၁၉ခုနှစ် အောက်တိုဘာလမှ နိုဝင်ဘာလထိ | | |
|---|---|---|---|---|---|---|---|
| | | မြို့နယ် | လိုင်စင်ရှိဆိုင် | စစ်ဆေးအကြိမ် | မြို့နယ် | လိုင်စင်ရှိဆိုင် | စစ်ဆေးအကြိမ် |
| ၁ | ပဲခူးခရိုင် | ၈ | ၂၁၈ | ၂၄၈ | ၇ | ၂၁၅ | ၁၁၃ |
| ၂ | တောင်ငူခရိုင် | ၆ | ၂၃၂ | ၃၄၄ | ၄ | ၂၄၉ | ၆၅ |
| ၃ | ပြည်ခရိုင် | ၆ | ၂၅၄ | ၂၉၁ | ၄ | ၂၆၄ | ၅၇ |
| ၄ | သာယာဝတီ | ၈ | ၂၇၅ | ၃၃၇ | ၇ | ၂၇၇ | ၅၅ |
| | | | | | | | |
| | စုစုပေါင်း | ၂၈ | ၉၇၉ | ၁၂၂၀ | ၂၂ | ၁၀၀၅ | ၂၉၀ |

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဖြူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်စိန် မေးမြန်းသည့် **“ဖြူးမြို့နယ်၊ ပြောင်သေကျေးရွာအုပ်စုအတွင်းရှိ ပြောင်သေချောင်းအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိ”**နှင့် စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။

ဖြူးမြို့နယ် ပြောင်သေချောင်းသည် ပဲခူးရိုးမမှ စတင်စီးဆင်းပြီး ဖြူးမြို့နယ်၊ ပြောင်သေ ကျေးရွာအုပ်စု၊ ကြူအင်းကျေးရွာအုပ်စု၊ အမဲခေါင်ကျေးရွာအုပ်စု၊ သစ်ချောက်ခင်ကျေးရွာအုပ်စုများကို ဖြတ်သန်းပြီး စစ်တောင်းမြစ်အတွင်းသို့ စီးဝင်ပါသည်။ နှစ်စဉ် သဲနုန်းများပို့ချမှုများခြင်း ရန်ကုန်-မန္တလေးကားလမ်းနှင့် ရထားလမ်းကြားတွင် လူနေအိမ်ခြေများ ချောင်းဧရိယာအတွင်းသို့ တိုးချဲ့နေထိုင်

လာခြင်း၊ ချောင်းရေိယာကျဉ်းမြောင်းလာခြင်း စသည်တို့ကြောင့် မိုးရာသီအခါ၌ ရေစီးရေလာနှေးကွေး ကြန့်ကြာပြီး လူနေအိမ်အချို့နှင့် မိုးစပါး စိုက်ခင်းများ ရေနစ်မြုပ်မှု ဖြစ်ပေါ်လျက်ရှိပါသည်။

ပြောင်သေချောင်းအား ရန်ကုန်-မန္တလေးကားလမ်းနှင့် ရထားလမ်းကြားတွင် အလျား (၄၀၀)ပေ ခန့်နှင့် ရထားလမ်းအောက်ဘက်တွင် အလျား (၃၀၀)ပေခန့် ပြန်လည်တူးဖော်ပေးသင့်ပါသည်။ ပြောင်သေချောင်းအား ရန်ကုန်-မန္တလေးကားလမ်းနှင့် ရထားလမ်းကြားတွင် မူလချောင်းအတိုင်း ပြန်လည်တူးဖော်နိုင်ရန် ချောင်းဝဲ/ယာ ပတ်ဝန်းကျင်ရှိဒေသခံများ ကျူးကျော်နေအိမ်များနှင့် ညှိနှိုင်း ဆောင်ရွက်ပြီး သဘောတူညီမှုရရှိမှသာလျှင် ဆောင်ရွက်နိုင်ပေးမည် ဖြစ်ပါကြောင်းကို တပါတည်း တင်ပြလိုပါသည်။

အဆိုပါလုပ်ငန်းအား (၂၀၁၉-၂၀၂၀)ခုနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေ စိစစ်ပြီး စာရင်းတွင် ပါဝင်ခြင်းမရှိခဲ့ပါသဖြင့် (၂၀၂၀-၂၀၂၁)ခုနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေတွင် လျာထား တင်ပြ တောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်းကို လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ဖြူးမြို့အနီးရှိ ဘန်းလောင်ချောင်းအား ရေစီးရေလာကောင်းမွန်စေရေးအတွက် ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ”**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ဖြူးမြို့အနီးရှိ ဘန်းလောင်ချောင်းအား ရေစီးရေလာကောင်းမွန်စေရေးအတွက် ပြန်လည်တူးဖော်ပေးနိုင်ရန် အစီအစဉ်ရှိ/ မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းမှာဖြစ်ပါတယ်။

အကျိုးအကြောင်းဖော်ပြချက်အနေဖြင့် ဖြူးမြို့နယ်၊ ဖြူးမြို့အနီးမှ ဘန်းလောင်ချောင်းသည် စစ်တောင်းမြစ်အထိ စီးဆင်းနေသည့် ရှည်လျားသော ချောင်းတစ်ခုဖြစ်ပါသည်။ အဆိုပါချောင်းသည် မူလက ရေစီးရေလာကောင်းမွန်သဖြင့် ဖြူးမြို့တွင်း မိုးတွင်းကာလ ရေကြီးရေလျှံမှုသဘာဝဘေးအန္တရာယ် ဖြစ်ပေါ်မှုမရှိခြင်း၊ လယ်ယာမြေများအတွက် အောင်ရေရရှိစေခြင်း အကျိုးကျေးဇူးများရှိခဲ့ပါသည်။

သို့သော် ယခုနောက်ပိုင်းနှစ်အနည်းငယ်အတွင်း ဘန်းလောင်ချောင်းတွင် ရေစီးရေလာ ကောင်းမွန်ခြင်းမရှိတော့ပါသဖြင့် မိုးတွင်းအခါ ဖြူးမြို့အနိမ့်ပိုင်းရပ်ကွက်များအတွင်း ရေကြီးရေလျှံမှု များကြောင့် သဘာဝဘေးအန္တရာယ်နှင့် နှစ်စဉ်ရင်ဆိုင်နေရခြင်း၊ တောင်သူလယ်သမားများအတွက် အောင်ရေများမရရှိတော့ခြင်းများ ဖြစ်ပေါ်လာခဲ့ပါသည်။

သို့ဖြစ်ပါ၍ သဘာဝဘေးအန္တရာယ်နှင့် တောင်သူများ၏ ကုန်ထုတ်လုပ်ငန်းများ ထိခိုက်လာပါ သဖြင့် ဘန်းလောင်ချောင်းကို ယခင်ကကဲ့သို့ ရေစီးရေလာ ပြန်လည်ကောင်းမွန်လာစေရေးအတွက် သက်ဆိုင်ရာဌာနက ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းလိုပါသည်။

**ဥက္ကဋ္ဌ။** ။ဦးသက်စိန် မေးမြန်းသည့် မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဖြူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်စိန် မေးမြန်းသည့် **"ဖြူးမြို့ အနီးရှိ ဘန်းလောင်ချောင်းအား ရေစီးရေလာကောင်းမွန်စေရေးအတွက် ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။

ဘန်းလောင်ချောင်းသည် ဖြူးမြို့နယ်၊ ဖြူးအရှေ့ကျေးရွာမှ စတင်ပြီး ဖြူးအရှေ့ကျေးရွာအုပ်စု၊ ရွာတန်းရှည်ကျေးရွာအုပ်စု၊ လိပ်ပေါက်ကျေးရွာအုပ်စု၊ အကြပ်အင်းကျေးရွာအုပ်စု ကျော်လှကြီးကျေးရွာ အုပ်စု၊ ချောင်းကောက်ကျေးရွာအုပ်စု၊ ဘန်းလောင်ကျေးရွာအုပ်စုများကို ဖြတ်သန်းပြီး စစ်တောင်းမြစ် အတွင်းသို့ စီးဝင်ပါသည်။ ဘန်းလောင်ချောင်းသည် ကျဉ်းမြောင်းတိမ်ကောလာပြီး ရေစီးရေလာ ကောင်းမွန်ခြင်းမရှိသည့်အတွက် မိုးတွင်းကာလတွင် ဖြူးမြို့အနိမ့်ပိုင်း ရပ်ကွက်များအတွင်း ရေကြီး ရေလျှံမှု ဖြစ်ပေါ်လျက်ရှိပါသည်။

ဘန်းလောင်ချောင်းအား ရန်ကုန်-မန္တလေးကားလမ်းမှ အရှေ့ဘက်သို့ အလျား (၁)မိုင်ခန့်အား မူလချောင်းအတိုင်း ပြန်လည်တူးဖော်နိုင်ရန်ဖြစ်ပါသည်။

အဆိုပါလုပ်ငန်းအား (၂၀၁၉-၂၀၂၀)ခုနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေ စိစစ်ပြီး စာရင်းတွင် ပါဝင်ခြင်းမရှိခဲ့ပါသဖြင့် (၂၀၂၀-၂၀၂၁)ခုနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေတွင် လျာထားတင်ပြ တောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေမရရှိပါက ဆောင်ရွက်ပေးနိုင်မည်မဟုတ်ပါကြောင်း လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ဥက္ကဋ္ဌကြီးခင်ဗျား- ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။အခု ကျွန်တော် မေးမြန်းတဲ့အထဲမှာ ဖြူးမြို့အနီးမှာရှိတဲ့ ဘန်းလောင်ချောင်းဟာ ဖြူးမြို့နှင့် တစ်ဆက်တစ်စပ်တည်း ရှိပြီးတော့ တောင်ဘက် အထက်မှာ ရှိပါတယ်။ ဒါကြောင့်မို့ မြို့နယ်အခြေစိုက် ဖြူးနဲ့ ဒါရိုက်ပတ်သက်ပါတယ်။ ဖြစ်တာကတော့ တဖြည်းဖြည်းချင်းဖြစ်လာတာပါ။ ဒါပေမယ့် အခုနောက်ပိုင်း(၃)(၄)နှစ်အတွင်းမှာ အခြေအနေသည် ပိုပိုပြီးတော့ ဆိုးလာတဲ့အတွက်ကြောင့် ဖြူးမြို့အတွင်းမှာ ရေလျှံမှုမရှိဘဲနဲ့ အခုနောက်ပိုင်းမှ ရေကြီး ရေလျှံမှုတွေ ဖြစ်တဲ့အတွက်ကြောင့် ရှင်းရှင်းပြောရမယ်ဆိုလျှင် အစကတည်းက တဖြည်းဖြည်း

ဖြစ်လာတာ။ ကျွန်တော်တို့ အစိုးရလက်ထက်ကျမှ အခြေအနေက ပိုဆိုးသွားတဲ့အတွက်ကြောင့် ခါတိုင်း ဖြူးမြို့ဟာ ရေလျှံတဲ့ အဆင့်တောင်မရှိပါဘူး။ ဒီ(၃)(၄)နှစ်အတွင်းမှာ ဒီချောင်းကြောင့် ရေကြီးရေလျှံမှုတွေဖြစ်တဲ့အတွက်ကြောင့် အစိုးရရဲ့ ပုံရိပ်လည်းထိခိုက်ပါတယ်။ ဒါကြောင့် ဒီဘန်းလောင်ချောင်းက မြို့နဲ့ အနီးစပ်ဆုံးဆက်စပ်နေတဲ့အတွက်ကြောင့် မြင်သာထင်သာရှိတဲ့ လုပ်ဆောင်ချက်တစ်ခု ဖြစ်တဲ့ အတွက် တကယ်လို့ အဆင်ပြေပါကတိုင်းဒေသကြီးအစိုးရအဖွဲ့ သဘာဝဘေးအန္တရာယ်ရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ခြင်းရှိ/မရှိ ဆက်စပ်မေးခွန်းမေးမြန်းလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးသက်စိန် မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၃)နှင့် ပတ်သက်သည့် ဆက်စပ်မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ မေးခွန်းအမှတ်စဉ် ၅(ဂ) (၃)နှင့် ပတ်သက်သည့် ဆက်စပ်မေးခွန်းကို ဖြေကြားရမယ်ဆိုလျှင် ထင်သာမြင်သာဖြစ်တဲ့ လုပ်ငန်းလတ်တလောအနေနဲ့ ရေကြီးနစ်မြုပ်မှုကို ကာကွယ်နိုင်မဲ့လုပ်ငန်းဖြစ်ကြောင်းကို တင်ပြပေးတာတော့ မှန်ပါတယ်။ ကျွန်တော်တို့အနေနဲ့ သဘာဝဘေးရန်ပုံငွေကို ဆောင်ရွက်နိုင်တဲ့ မူဝါဒနဲ့ လမ်းညွှန်ချက်ကို ပြည်ထောင်စုအစိုးရအဖွဲ့က လမ်းညွှန်ထားတာရှိပါတယ်။ အရေးပေါ် မဖြစ်မနေ ဆောင်ရွက်ရမဲ့ လုပ်ငန်းများ၊ ဘတ်ဂျက်အနေနဲ့ ဆောင်ရွက်လို့ရတဲ့ လုပ်ငန်းများနဲ့ ပတ်သက်ပြီး မဆောင်ရွက်ဖို့ လမ်းညွှန်ထားတာလည်းရှိပါတယ်။ ဒါကြောင့်မို့လို့ ဝန်ကြီးဌာနအနေနဲ့ သဘာဝဘေးအန္တရာယ်ဘတ်ဂျက်ကို တင်ပြပေးပါမယ်။ ရခြင်း/မရခြင်းကတော့ ပြည်ထောင်စုက မူဝါဒနဲ့ သက်ဆိုင်တာဖြစ်တဲ့အတွက် မူဝါဒနဲ့ ကိုက်ညီမယ်ဆိုလျှင် ရနိုင်ပါတယ်။ မူဝါဒနဲ့ မကိုက်ညီဘူးဆိုလျှင်တော့ ရမှာမဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ တင်ပြပေးပါမယ်လို့ပဲ ဖြေကြားလိုပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာ ကော်မတီအစီရင်ခံစာကို ရေးရာကော်မတီအဖွဲ့ဝင် ဦးဇော်မင်းဦး (ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ အစီရင်ခံစာကို ရေးရာကော်မတီအဖွဲ့ဝင် ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က တိုင်းဒေသကြီး လွှတ်တော်သို့ တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ အစီရင်ခံစာ။

**ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

**စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီမှ**

**(၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့တင်သွင်းသည့်အစီရင်ခံစာ(၄/၂၀၁၉)**

**နိဒါန်း**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီသည် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်စေရေး အထူးသဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ရှင်သန်အားကောင်းစေရေး၊ သိမ်းဆည်းခံလယ်ယာမြေများ မူလပိုင်ရှင်များထံ လက်ဝယ်သို့ အမြန်ရရှိရေး၊ နယ်ပယ်အသီးသီးရှိ ဌာန၊ အဖွဲ့အစည်းများနှင့် ဆက်စပ်သည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များအား ကြားနာစိစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

**ရည်ရွယ်ချက်**

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများကို တောင်သူများလက်တွေ့လိုက်နာကျင့်သုံးနိုင်မည့် နည်းစနစ်များနှင့်အညီ ဈေးကွက်ဝင်သီးနှံများ ထုတ်လုပ်ခြင်း၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်၍ မြေယာများမှန်ကန်စွာပိုင်ဆိုင်ပြီး မြေအသုံးချနေသော ပြည်သူများမြေယာခွန်နှင့်ပတ်သက်၍ သင့်လျော်သော မြေခွန်နှုန်းထားများ ပေးဆောင်ခြင်းဖြင့် နိုင်ငံတော်၏ ရသင့်ရထိုက်သော အခွန်များရရှိရန် ရည်ရွယ်ပါသည်။

**အစီရင်ခံသည့်ကာလအတွင်း ကော်မတီ၏ဆောင်ရွက်ချက်များ**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီသည် အစီရင်ခံသည့်ကာလအတွင်း ဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

- (၁၃.၁၁.၂၀၁၉)ရက်နေ့နှင့် (၁၄.၁၁.၂၀၁၉)ရက်နေ့များတွင် ပဲခူးမြို့ ဥဿာကျော် ဟိုတယ် အစည်းအဝေးခန်းမ၌ မြေယာဥပဒေများဆိုင်ရာ သုတေသီ ဦးမောင်မောင်ညွန့်မှ မြေယာပဋိပက္ခများဖြေရှင်းနိုင်ရေး၊ မြေယာဥပဒေဆိုင်ရာ၊ သစ်တောပယ်ဖျက်မှုနှင့် ပုံစံ(၇)ကိစ္စရပ်များ၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည် စိစစ်ရေးကိစ္စရပ်များ၊ စားကျက်မြေကိစ္စရပ်များအားရှင်းလင်းပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် အပြန်အလှန် ဆွေးနွေးခဲ့ကြပါသည်။

- (၂၁.၁၁.၂၀၁၉)ရက်နေ့မှ (၂၇.၁၁.၂၀၁၉) ရက်နေ့ထိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီသည် ကော်မတီသို့ ပေးပို့တိုင်ကြားလာသော တိုင်ကြားစာများနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-
  - ကဝမြို့နယ်၊ ခမေကြီးကျေးရွာနေ ဦးထွန်းဝင်းမှ ၎င်း၏အမည်ပေါက် ပုံစံ(၇) ရရှိသည့် ပဲခူးမြို့နယ်၊ မှော်လုံကျေးရွာအုပ်စုရှိ ဧရိယာ(၆.၈၃)ကေတွင် စိုက်ပျိုးလုပ်ကိုင်လျက်ရှိသော လယ်မြေနှင့် ကပ်လျက်တည်ရှိသော ငါးမွေးမြူရေး ကန်မှ ရေစိမ့်ထွက်၍ ပဲနှင့် စပါးများထွန်ယက်စိုက်ပျိုးမရခြင်း၊ သီးနှံများပျက်စီး ဆုံးရှုံးခြင်းနှင့် ပတ်သက်၍ ဖြေရှင်းပေးရန် တိုင်ကြားစာအပေါ် စိစစ်၍ ပဲခူးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် မှော်လုံကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့တို့မှ ကွင်းဆင်းစစ်ဆေးရေး အရေးယူဆောင်ရွက်ပေးရန် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌသို့ တင်ပြခဲ့ပါသည်။
  - အလားတူ မြေယာကိစ္စများနှင့် စပ်လျဉ်း၍ ပဲခူးမြို့နယ်မှ တိုင်ကြားစာ(၄)စောင် ဒိုက်ဦးမြို့နယ်မှ (၁)စောင်၊ မိုးညိုမြို့နယ်မှ (၁)စောင် စုစုပေါင်းတိုင်ကြားစာ (၆)စောင်နှင့် စပ်လျဉ်း၍ ကော်မတီမှ စိစစ်ဆောင်ရွက်ဆဲဖြစ်ပါသည်။
- (၂၅.၁၁.၂၀၁၉)ရက်နေ့မှ (၂၇.၁၁.၂၀၁၉)ရက်နေ့ထိ (၁၀)ကေအောက် လုပ်ကွက်ငယ် တောင်သူများမှ စိုက်ပျိုးရေးလုပ်ငန်းနှင့် တွဲဖက်ဆောင်ရွက်နိုင်သော မွေးမြူရေး လုပ်ငန်းများအား တောင်သူအကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ဆောင်ရွက်ရေး၊ သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်း ဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြီး အကြံပြုချက်များရယူကာ လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ Modern Farm လုပ်ကွက်ငယ်များ ဖော်ဆောင်နိုင်ရေး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့တိုက်တွန်းရန် ဆွေးနွေးခဲ့ပါသည်။

**အစီရင်ခံသည့်ကာလအတွင်း ကော်မတီ၏တွေ့ရှိချက်များ**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီသည် အစီရင်ခံသည့်ကာလအတွင်း တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- တောင်သူအများစုမှာ စိုက်ပျိုးရေးလုပ်ငန်းများအား သမရိုးကျစိုက်ပျိုးခြင်းကို ပိုမိုအားသန်သဖြင့် စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးအတွက် နည်းပညာ အဆင့်မြင့်သည့် နည်းစနစ်များဖြင့် အကောင်အထည်ဖော်လျက်ရှိသော်လည်း တောင်သူအနည်းစုသာ လိုက်နာစိုက်ပျိုးကြောင်း တွေ့ရှိရပါသည်။

- လယ်ယာလုပ်ငန်းတွင် စိုက်ထုတ်သည့်အရင်းအနှီးအား တောင်သူများလက်တွေ့ လိုက်နာကျင့်သုံးနိုင်ရန် အခြားသီးနှံတွဲဖက်စိုက်ပျိုးခြင်း၊ စိုက်ပျိုးရေးနှင့် တွဲဖက် နိုင်သည့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း အားနည်းကြောင်း တွေ့ရှိရပါသည်။
- မြေယာကိစ္စအငြင်းပွားမှုများအပေါ် တိုင်ကြားစာများ လျော့နည်းမှုမရှိခြင်းမှာ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ စိစစ်တင်ပြမှုများကိုအထက်အဆင့်ဆင့်မှ ပြီးပြတ်အောင် ဆောင်ရွက်မှု အားနည်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

**အစီရင်ခံသည့်ကာလအတွင်း အကြံပြုချက်များ**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီမှ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အောက်ပါအချက်များအား အကြံပြုတိုက်တွန်းအပ်ပါသည်-

- တောင်သူများလက်တွေ့အသုံးပြုရန် ဆန္ဒရှိသည့် စိုက်ပျိုးနည်းစနစ်များကိုသာ စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများအပြန်အလှန်ညှိနှိုင်း၍ လက်တွေ့ အကောင် အထည်ဖော်ဆောင်ရွက်ရန်၊
- ဘက်စုံပေါင်းစည်းစိုက်ပျိုးမွေးမြူရေးလုပ်ငန်းအား အကောင်အထည်ဖော်ရန်အလို့ငှာ ဆောင်ရွက်မည့်မြေနေရာရွေးချယ်ခြင်း၊ တွဲဖက်နိုင်သည့် မွေးမြူရေးလုပ်ငန်းရွေးချယ်ခြင်း၊ လုပ်ငန်းစဉ်များအား တောင်သူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာ ဌာနများနှင့်ညှိနှိုင်း၍ ဆောင်ရွက်ရန်၊
- ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများမှ တောင်သူများ၏ လယ်ယာမြေပိုင်ဆိုင်မှုကိစ္စ များအား မှန်ကန်စွာသိရှိမှသာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီသို့ အထောက် အကူပြုနိုင်မည်ဖြစ်သဖြင့် ပိုင်ဆိုင်မှုမှန်ကန်ရေး၊ လယ်ယာမြေနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအား တောင်သူများသိရှိရေးအတွက် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စသည့် သက်ဆိုင်ရာဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ရန် အကြံပြုပါသည်။

**ကော်မတီ၏ရှေ့လုပ်ငန်းစဉ်များ**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီမှ အောက်ဖော်ပြပါအချက်များနှင့်ပတ်သက်၍ အကောင်အထည် ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်-

- ဘက်စုံပေါင်းစည်းစိုက်ပျိုးမွေးမြူရေးလုပ်ငန်း(Integrated Farming) အဖြစ် လယ်ယာ လုပ်ငန်းနှင့်တွဲဖက် ပူးပေါင်းဆောင်ရွက်နိုင်သည့် အခြားသီးနှံစိုက်ပျိုးရေး၊ ပေါင်းစည်း ဆောင်ရွက်၍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများနှင့်ညှိနှိုင်း၍ ထုတ်ကုန်များမြင့်မားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊

ဝင်ငွေတိုးတက်ရေး စသည့် တောင်သူဘဝမြင့်မားလာစေရန် ဦးတည်ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်၊

- လယ်ယာကဏ္ဍတွင် တောင်သူအများစု စိတ်ဝင်စား၍ စိုက်ပျိုးနိုင်သည့် နည်းစနစ်များအားအသုံးပြု၍ သီးနှံအထွက်တိုးရေး ဈေးကွက်ဝင် လယ်ယာထွက်ကုန်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်စေရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အဆင့် ဌာနဆိုင်ရာများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်သွားရန်နှင့် လယ်ယာထွက်ကုန်များ၊ ဈေးကွက်ဝင်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ တောင်သူများနှင့် ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ရန်၊
- ကော်မတီသို့ရောက်ရှိလာသော မြေယာကိစ္စရပ်များနှင့် သက်ဆိုင်သောတိုင်စာများအား ကော်မတီမှစိစစ်ညှိနှိုင်းဆွေးနွေး၍ ကော်မတီ၏လုပ်ပိုင်ခွင့်များနှင့်အညီ အရေးယူ ဆောင်ရွက်သွားရန်၊
- သမရိုးကျစိုက်ပျိုးရေးမှ စက်မှုလယ်ယာစိုက်ပျိုးရေးစနစ်သို့ ဦးတည်လာသည်နှင့် အညီ လယ်ယာကုန်ထုတ်လမ်းများ ဖော်ဆောင်ပေးရန်၊

**နိဂုံး**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီသည် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ အစဉ်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် မြေယာကိစ္စရပ်များနှင့်ပတ်သက်၍ ပြည်သူများ၏ တိုင်ကြားစာများအား ကော်မတီ၏လုပ်ပိုင်ခွင့်များနှင့်အညီ အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပဲခူးတိုင်းဒေသကြီး လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ အစီရင်ခံစာ နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက လွှတ်တော်ရုံးဝန်ထမ်း အကြီးအမှူးထံ ယနေ့ (၁၆:၀၀) နာရီထက် နောက်မကျစေဘဲ အမည်စာရင်း တင်သွင်းကြဖို့ဖြစ်ပါတယ်။

**ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ “BRCCA အဖွဲ့ကို ဖျက်သိမ်းသော်လည်း BRCCA အဖွဲ့၏လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်နေသော BRCB(T) အဖွဲ့ကို ရပ်ဆိုင်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လိုအပ်သည့် စည်းမျဉ်းစည်းကမ်းများ စနစ်တကျရေးဆွဲပြီး တိုင်းဒေသကြီးတည်ဆောက်ရေး ကြီးကြပ်မှုကော်မတီအဖွဲ့မှ QC အဖွဲ့များ စနစ်တကျထားရှိပြီး တည်ဆောက်ရေးလုပ်ငန်းများအား ကြပ်မတ်ဆောင်ရွက်ရန် တိုက်တွန်းကြောင်း” အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“BRCCA အဖွဲ့ကို ဖျက်သိမ်းသော်လည်း BRCCA အဖွဲ့၏ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်နေသော BRCB(T) အဖွဲ့ကို ရပ်ဆိုင်း၍ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် လိုအပ်သည့် စည်းမျဉ်းစည်းကမ်းများ စနစ်တကျရေးဆွဲပြီး တိုင်းဒေသကြီး တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီအဖွဲ့မှ QC အဖွဲ့များ စနစ်တကျထားရှိပြီး တည်ဆောက်ရေး လုပ်ငန်းများအား ကြပ်မတ်ဆောင်ရွက်ရန် တိုက်တွန်းကြောင်း”** အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ် (၆)ဦးမှ အမည်စာရင်း တင်သွင်းထားပါတယ်။

သို့ဖြစ်ပါ၍ ပထမဦးစွာ ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ အခမ်းအနားအစီအစဉ် (၈)တွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်နိုင် တင်သွင်းသွားသော **“BRCCA အဖွဲ့ကို ဖျက်သိမ်းသော်လည်း BRCCA အဖွဲ့၏ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်နေသော BRCB(T) အဖွဲ့ကို ရပ်ဆိုင်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လိုအပ်သည့် စည်းမျဉ်းစည်းကမ်းများ စနစ်တကျ ရေးဆွဲပြီး တိုင်းဒေသကြီး တည်ဆောက်ရေးကြီးကြပ်မှုကော်မတီအဖွဲ့မှ QC အဖွဲ့များ စနစ်တကျ ထားရှိပြီး တည်ဆောက်ရေးလုပ်ငန်းများအား ကြပ်မတ်ဆောင်ရွက်ရန် တိုက်တွန်းကြောင်း”** အဆိုအား အကြောင်းပြချက်(၅)ခုဖြင့် ကန့်ကွက်သွားမဲ့ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးရဲလင်းနိုင် ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား- ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၅) အုပ်ချုပ်ရေးတွင် ပုဒ်မ ၂၅၇ (က)တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပြည်ထောင်စုဥပဒေနှင့်အညီ လည်းကောင်း၊ ပြည်ထောင်စုအစိုးရနှင့် ကြိုတင်ညှိနှိုင်း၍လည်းကောင်း မိမိတာဝန်ယူ အကောင်

အထည်ဖော်ရသည့် လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆိုင်ရာ နယ်ဘက်ဝန်ထမ်းအဖွဲ့အစည်းများကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်၊ (ခ)လိုအပ်သော နယ်ဘက်ဝန်ထမ်းများကို ခန့်အပ်နိုင်သည်လို့ ပြဋ္ဌာန်းထားသည်ကို အလေးထားဖို့ လိုအပ်မှာဖြစ်ပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေမှာ အခန်း(၄) တိုင်းဒေသကြီးအစိုးရတာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ ပုဒ်မ ၄၃ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပြည်ထောင်စုဥပဒေနှင့်အညီလည်းကောင်း၊ ပြည်ထောင်စုအစိုးရနှင့် ကြိုတင်ညှိနှိုင်း၍ လည်းကောင်း၊ မိမိတာဝန်ယူ အကောင်အထည်ဖော်ရသည့် လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆိုင်ရာ နယ်ဘက်ဝန်ထမ်းအဖွဲ့အစည်းများကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်၊ (ခ) လိုအပ်သော နယ်ဘက် ဝန်ထမ်းများကို ခန့်အပ်နိုင်သည်။ ဥပဒေအရ ပေးထားသည့် တိုင်းဒေသကြီး အစိုးရတာဝန်နှင့် လုပ်ပိုင်ခွင့်များကို မိမိတို့ လွှတ်တော်အနေနဲ့ စွက်ဖက်သကဲ့သို့ ဖြစ်မှာကို စိုးရိမ်မိပါတယ်။ ပြည်ထောင်စုအဆင့်က ပြုခဲ့သောဥပဒေနှင့် တိုင်းဒေသကြီးလွှတ်တော်ကအဆို ဘယ်အရာကို လိုက်နာရမလဲလို့ မေးခွန်းထုတ်စရာ ဖြစ်လာနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအပိုင်းကိုလည်း သတိချပ်ဖို့ တင်ပြရခြင်းဖြစ်ပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေအရ အဆိုနှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များကို နည်းဥပဒေ ၁၁၃ (ဂ)အရ ရှင်းလင်းပြတ်သား၍ တိကျစွာဖော်ပြသော အကြောင်းရပ်တစ်ခုပါရှိရမည်။ (ဃ)အရ မဆီလျော်သော အကြောင်းပြချက်များ ခိုင်လုံသော အထောက်အထားမပါရှိသည့် ယူဆချက်များ၊ မသင့်လျော်သော အသုံးအနှုန်းများ ဂုဏ်သရေကို ထိခိုက်စေသည့် ဖော်ပြချက်များ မပါရှိစေရ ဟု အဆိုနှင့် ပတ်သက်ပြီးတော့ အတိအလင်း ပြဋ္ဌာန်း ထားပါတယ်။

အဆိုပါ စကားရပ်များ မဆီလျော်ခြင်း၊ အဆိုတွင် “တိုင်းဒေသကြီး တည်ဆောက်ရေး ကြီးကြပ်မှု ကော်မတီအဖွဲ့မှ” QC အဖွဲ့များ စနစ်တကျထားရှိပြီး တည်ဆောက်ရေးလုပ်ငန်းများအား ကြီးကြပ် ဆောင်ရွက်ရန် တိုက်တွန်းကြောင်း” ဆို၍ ဖော်ပြပါရှိပါသည်။ ထို့ကြောင့် တိုင်းဒေသကြီး တည်ဆောက် ရေးကြီးကြပ်မှု ကော်မတီအဖွဲ့” လုံးဝမရှိပါ။ ကျွန်တော်တို့အနေနဲ့ လေ့လာအားနည်းလို့ မသိတာလား ဆိုတာလည်း တစ်ပိုင်းဖြစ်ပါတယ်။ မရှိသည့် ကော်မတီအဖွဲ့ QC အဖွဲ့များ စနစ်တကျထားရှိပြီး တည်ဆောက်ရေးလုပ်ငန်းများအား ကြီးကြပ်ဆောင်ရွက်ရန် မည်သို့မျှ မဖြစ်နိုင်ကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ မရှိသည့် ကော်မတီအဖွဲ့ကို အဆိုအဖြစ် အတည်ပြုပါက လွှတ်တော်အတွက် များစွာ ထိခိုက်သွားမည်ကို သတိချပ်စေလိုပါတယ်။ မရှိတဲ့အဖွဲ့နဲ့ ပတ်သက်လို့ အဆိုကို အတည်မပြုနိုင်ရန် ကန့်ကွက်ရခြင်းဖြစ်ပါတယ်။ မိမိတို့ ပဲခူးတိုင်းပြည်သူများ၏ အကျိုးကို လေးလေးနက်နက် စဉ်းစား ပေးလိုပါတယ်။ BRCCA နှင့် BRCB(T) လုပ်ထုံးလုပ်နည်းများစွာ ကွာခြားသည်ကိုလည်း ယခင် လုပ်ထုံး လုပ်နည်းအတိုင်းဟု များစွာ စဉ်းစားစရာ ဖြစ်နေပါတယ်။

ဥပဒေပြုလွှတ်တော်ကို ကြီးမှူးပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ- ဥပဒေပြုလွှတ်တော်အနေဖြင့် ဥပဒေဖြင့် ဆန့်ကျင်သော ဆုံးဖြတ်ချက်မချမှတ်ဖို့ အရေးကြီးပါတယ်။

နယ်ဘက်ဝန်ထမ်းများကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်ဟု အတိအလင်း ပြဋ္ဌာန်းထားပါသည်။ တိုင်းဒေသကြီးအစိုးရက ဖွဲ့စည်းသော အဖွဲ့က ဘာကိစ္စမှာ မှားနေလဲ အထောက်အထားက တိကျရ ပါမယ်။ မှားတဲ့သူများကို အရေးယူဆောင်ရွက်ရမှာဖြစ်ပါတယ်။ မှားနေတာက ဘယ်သူလဲ၊ မှားတဲ့သူကို အရေးယူထုတ်ပယ်ဖို့ တိုင်ကြားရမှာက မှားကြောင်းသိရှိတဲ့ သူများ၏တာဝန်သာ ဖြစ်ပါတယ်။ တစ်ဖွဲ့လုံး မှားတယ်ဆိုပြီး အထောက်အထားမဲ့ ပြောဆိုဖို့ကို ဥပဒေက ခွင့်ပြုမထားပါဘူး။

ဒါ့အပြင် နံပါတ်(၄)အနေနဲ့ ပြည်သူပူးပေါင်းပါဝင်ခွင့်နှင့် ပညာရှင်အပိုင်းပဲ ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့တွင် ပြောကြားသော မိန့်ခွန်းတွင် ပြည်သူများ အစိုးရနှင့်အတူ ပူးပေါင်းပါဝင်ပြီး တက်ညီလက်ညီ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။ ထို့ကြောင့် BRCB(T) သည်လည်း တည်ဆောက်ရေးလုပ်ငန်း များတွင် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ပေးနေသော အဖွဲ့ဖြစ်ပါသည်။ ပညာရှင်များ ပူးပေါင်းပါဝင်မှုကို ကြိုဆိုရမှာ ဖြစ်ပါတယ်။ QC များရှိနေခြင်းသည် အစိုးရအပေါ် ပြည်သူများ၏ ယုံကြည်မှု ပိုမို အားကောင်းစေပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ နယ်ဆင်းတဲ့သူတိုင်း QC များရှိတဲ့အတွက် ပြည်သူပိုမိုယုံကြည်ကြောင်းကို လုပ်ငန်းတွေနဲ့ ပိုမိုယုံကြည်မှုရကြောင်းကို နယ်ဆင်းတဲ့ လွှတ်တော်ကိုယ်စားလှယ်တိုင်း သိရှိရမှာဖြစ်ပါတယ်။ ပြည်သူများပူးပေါင်းပါဝင်ဆောင်ရွက်ရေးဆိုတဲ့ အစိုးရ၏ မူဝါဒကို အကောင်အထည်ဖော်ရာ ရောက်ပါသည်။ ဘယ်အဖွဲ့အစည်းတွေက ပြည်သူပူးပေါင်း ပါဝင်မှုကို မလိုလားတဲ့ အဖွဲ့အစည်းရှိနေကြောင်းကိုလည်း ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ သတိချပ်ရမှာဖြစ်ပါတယ်။

ကျွမ်းကျင်ရာနယ်ပယ်အလိုက် ပညာရှင်များအပိုင်း ကွာခြားမှုရှိပါသည်။ မိမိတို့ ကိုယ်စားလှယ်များ တည်ဆောက်ရေးလုပ်ငန်းသဘောသဘာဝများကို အားလုံးသိရှိနိုင်ရန် ခက်ခဲပါသည်။ ရေရှည်တည်တံ့ ဖွံ့ဖြိုးစေရန် ကျွမ်းကျင်ရာနယ်ပယ်အလိုက် ပညာရှင်များ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရန် လမ်းဖွင့် ပေးဖို့ လိုအပ်တယ်ဆိုတာကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြလိုပါတယ်။

တည်ကော်က QC များအား တာဝန်ယူကြပ်မတ်နိုင်မလား ဝန်ကြီးတာဝန်ယူပြီး ဖြေကြားချက် ကိုလည်း ကြားသိချင်ပါတယ်။ တည်ကော် ၁၈-၁၉ ဘဏ္ဍာနှစ် ဘယ်နှစ်ကြိမ် အစည်းအဝေးထိုင်ဖြစ်လဲ မေးမြန်းစေလိုပါတယ်။ QC အပိုင်းသာ ပါလာပြီဆိုလျှင် တိုင်းဒေသကြီးတည်ကော်က လက်ရှိ လုပ်ငန်း တွေကို ပြည့်စုံလုံလောက်အောင် ထမ်းဆောင်နိုင်ခြင်းမရှိတဲ့ တည်ကော်ကို QC တာဝန်ပါ ထပ်ပေးမယ် ဆိုလျှင် တိုင်းဒေသကြီးအတွက် အခက်အခဲများစွာရှိမှာဖြစ်ပါတယ်။ တိုင်းဒေသကြီးမှာ အမှန်တကယ် ရှိတာက တိုင်းဒေသကြီးတည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီလုပ်ငန်းသာ တိုင်းဒေသကြီးမှာ ရှိပါတယ်။ အဆိုရှင်ရဲ့ အဆိုပါ တိုင်းဒေသကြီး တည်ဆောက်ရေးကြီးကြပ်မှု ကော်မတီအဖွဲ့ ဆိုတာကို မကြားဖူးခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအဖွဲ့ကြီးကိုသာ အဆိုအတိုင်း အတည်ပြု ပေးလိုက်မယ် ဆိုလျှင် လွှတ်တော်ရဲ့ ဂုဏ်သိက္ခာကို များစွာထိခိုက်လာနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ယခုကဲ့သို့ ကန့်ကွက်ဆွေးနွေးရခြင်းဖြစ်ကြောင်း ဆွေးနွေးလိုပါတယ်။

တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီများသာ အားကောင်းပါက QC အဖွဲ့များ ပေါ်ပေါက်စရာအကြောင်းမရှိပါ။ တိုင်းကော်မတီ ခရိုင် ဘယ်နှစ်ခါ ကွင်းဆင်းဖူးလဲ ဘယ်ညွှန်ကြားချက် ထွက်ခဲ့ဖူးလဲ လက်ရှိအနေနှင့် တည်ဆောက်ရေးလုပ်ငန်း ယခုထက်ပိုမို အရည်အသွေးကောင်းပါမည်ဟု ဘယ်အဖွဲ့အစည်း တာဝန်ခံမလဲ/ စနစ်ဟောင်းအတိုင်းကတည်းက ရှိခဲ့တဲ့ ကော်မတီနဲ့ QC ယခုလောက်ကောင်းခဲ့သလားဆိုတာ စနစ်တစ်ခု ကျော်ဖြတ်လာသူများ သိသာထင်ရှားမှာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ မရှိတဲ့အဖွဲ့တစ်ခုကို QC အနေနဲ့ တာဝန်ယူဆောင်ရွက်ခိုင်းခြင်းသည် လုံးဝမသင့်လျော်ခြင်းကို တင်ပြရင်းနဲ့ အချိန်ကာလအရ ကန့်ကွက်ရခြင်းဖြစ်ပါတယ်။ ခုချိန်တွင် တည်ဆောက်ရေးလုပ်ငန်းများ တင်ဒါခေါ်ပြီး လုပ်ငန်းစနေပြီဖြစ်ပါသည်။ ကိုယ်စားလှယ်တစ်ဦးအနေနဲ့ တည်ဆောက်ရေးလုပ်ငန်းတွေမှာ QC မရှိလို့ လုံးဝမဖြစ်တာကိုလည်း တင်ပြလိုပါတယ်။ အဆိုရှင်ရဲ့ အဆိုအရလည်း QC မရှိစေချင်တဲ့ သဘောလည်းမသက်ရောက်ပါဘူး၊ ဒါပေမယ့် QC ကို ဖွဲ့စည်း ကြီးကြပ်ဖို့အတွက်လည်း ကော်မတီအနေနဲ့ ဖော်ပြတဲ့နေရာမှာ လုံးဝလွဲမှားနေတဲ့အတွက်အဆိုသာ အတည်ပြုမယ်ဆိုလျှင် နောက်တိုင်းဒေသကြီးအစိုးရမှာ ပြင်ဆင်ချက်အဆိုကို မည်သူမည်ဝါမှတေးထား တာမတွေ့ရဘူး။ ဒါကြောင့်မို့လို့ ဒီအဆိုအတိုင်းသာ အတည်ပြုလိုက်မယ်ဆိုလျှင် တိုင်းဒေသကြီး လွှတ်တော်ရဲ့ ဂုဏ်သိက္ခာကို များစွာထိခိုက်နိုင်တဲ့အတွက် ယခုကဲ့သို့ ဆွေးနွေးရင်းနဲ့ ကန့်ကွက်ရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"BRCCA အဖွဲ့ကို ဖျက်သိမ်းသော်လည်း BRCCA အဖွဲ့၏ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်နေသော BRCB(T) အဖွဲ့ကို ရပ်ဆိုင်း၍ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် လိုအပ်သည့် စည်းမျဉ်းစည်းကမ်းများ စနစ်တကျရေးဆွဲပြီး တိုင်းဒေသကြီးတည်ဆောက်ရေး ကြီးကြပ်မှုကော်မတီအဖွဲ့မှ QC အဖွဲ့များ စနစ်တကျထားရှိပြီး တည်ဆောက်ရေး လုပ်ငန်းများအား ကြပ်မတ်ဆောင်ရွက်ရန် တိုက်တွန်းကြောင်း"** အဆိုနှင့် စပ်လျဉ်း၍ ကန့်ကွက်ဆွေးနွေးသွားမဲ့ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်ပပဟန် ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်၊ ကျွန်မတို့နိုင်ငံသည် ပြုပြင်ပြောင်းလဲရေးကာလကို သွားနေရသောနိုင်ငံဖြစ်သည်နှင့်အညီ ပညာရှင်များ များစွာလိုအပ်နေပါသည်။ ခေတ်အဆက်ဆက် ပညာရှင်ဟု ဆိုသူများ၏ အောက်ဝယ်တွင် အရည်အသွေး မပြည့်ဝသောအဆောက်အဦ၊ လမ်းတံတားများ ကြုံတွေ့ခဲ့ရပြီးလည်း ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးအတွင်း QC ကုမ္ပဏီပေါင်း (၁၆)ခုခန့် ရှိနေပါတယ်။ ဌာနဆိုင်ရာများနှင့် ကုမ္ပဏီများမှာ အများအားဖြင့် အရည်အသွေးစစ်ဆေးရေး

ကုမ္ပဏီများရှိခြင်းကို မနှစ်ခြိုက်ကြပါ။ ဌာနဆိုင်ရာတွေ ကျွန်မတို့ ကွင်းဆင်းတဲ့အချိန်မှာ လုပ်ငန်းနဲ့ ပတ်သက်ပြီး မေးတဲ့အခါ QC တွေကိုသာ မေးလိုက်ပါဆိုပြီး ခေါင်းရှောင်ကြပါတယ်။ ကျွန်မတို့ ကွင်းဆင်းတဲ့တောက်လျှောက် ၁၆ ရက် ၈ လပိုင်းမှာဆိုလျှင် ပြည်ခရိုင်တို့ သာယာဝတီခရိုင်တို့ကို ငွေစာရင်းကော်မတီအနေနဲ့ ကျေးလက်လမ်းအတွက် ကွင်းဆင်းတာတွေရှိပါတယ်။ အဲ့ဒီလို ကွင်းဆင်းတဲ့အခါ ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်အားလုံးသည် အင်ဂျင်နီယာအမြင် အင်ဂျင်နီယာအတတ်ကို မတတ်တဲ့သူတွေများပါတယ်။ သို့သော် ကျွန်မတို့ဟာ တိုင်းပြည်ကို ချစ်တဲ့စိတ်တစ်ခုတည်းနဲ့ လေ့လာမှု၊ သင်ယူမှုများကို ပြုလုပ်ကြပါတယ်။ အဲ့ဒီလို ကွင်းဆင်းတဲ့အခါမှ ကျွန်မတို့ လွှတ်တော်မှာလည်း အင်ဂျင်နီယာအကြံပေးတွေထားပါတယ်။ ကျွန်မတို့ ကွင်းဆင်းမယ်ဆိုတဲ့အချိန်မှာ အင်ဂျင်နီယာအကြံပေးတွေကို တရားဝင်စာနဲ့ဖိတ်ပါတယ်။ သို့သော်လည်း ကျွန်မတို့သွားတဲ့အချိန်မှာ ပဲခူးတိုင်းအနောက်ခြမ်းကို အင်ဂျင်နီယာအကြံပေးတွေ တစ်ယောက်မှ မပါပါဘူး။ အရှေ့ခြမ်းကိုတော့ နှစ်ယောက်ပါတယ်လို့ပြောပေမယ့် တစ်ရက်လောက်ပဲ လိုက်ပြီးတော့ နေမကောင်းဘူးဆိုပြီး ပြန်သွားပါတယ်။ အဲ့လိုမျိုးတွေ ရှိပါတယ်။ ဆိုလိုချင်တဲ့အဓိပ္ပါယ်က ကျွန်မတို့ ကွင်းဆင်းတဲ့ အခါမျိုးတွေမှာ အကြံပေးတွေကော လုပ်ငန်းနဲ့ ပတ်သက်တဲ့ QC တွေကော ဌာနဆိုင်ရာ တွေကော အားလုံးနဲ့ ပေါင်းပြီး လမ်းအရည်အသွေးတွေ ကြည့်ကြမယ်၊ ဒါ တကယ်ကော ပြီးပြီလား၊ မပြီးသေး ဘူးလား ဒါမျိုးတွေ ကြည့်ဖို့သွားတဲ့အချိန်မှာ ဌာနဆိုင်ရာတွေက ဒီအပိုင်းတွေမှာ လိုက်လာတာ မျိုးလောက်ပဲရှိပြီးတော့ လုပ်ငန်းနဲ့ ပတ်သက်တာတွေ မေးတဲ့အခါမှာ တစ်ချို့အပိုင်းတွေမှာ အားနည်းနေတာကို တွေ့ရ ပါတယ်။ ကျွန်မတို့မြို့နယ်တွေအတွက် QC စစ်ဆေးရသော အဆောက်အဦ၊ လမ်းတံတားများမှာ ယခုအချိန်မှာ ဌာနဆိုင်ရာလုပ်ငန်းတွေထက်စာရင် အရည်အသွေး ပိုမိုတိုးတက် ကောင်းမွန်လာတာကို တွေ့ရခြင်း ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တိုင်းဟာ မိမိနယ်မြေတိုင်းကို ကွင်းဆင်းကြတဲ့ လူတွေချည်းပါပဲ။ ကွင်းဆင်းတဲ့အချိန်တိုင်းမှာ ပြန်လည်ပြီးတော့ သုံးသပ်မယ်ဆိုလျှင် တွေ့နိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဌာနဆိုင်ရာလုပ်ငန်းနဲ့ ကုမ္ပဏီလုပ်ငန်းနဲ့မှာ ကုမ္ပဏီက QC စစ်ထားသော လုပ်ငန်းမှာ QC မစစ်ဘဲနဲ့ ထားခဲ့တဲ့လုပ်ငန်းတွေထက် များစွာကွာခြားနေတာကို တွေ့ရပါတယ်။

မြို့နယ်တိုင်းတွင် တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီများ ဖွဲ့စည်းထားပါသည်။ ၎င်းကော်မတီများသည် လုပ်ငန်း၏ ၂၅% ၊ ၅၀%၊ ၇၅%၊ နှင့် ၁၀၀% များတွင် သွားရောက်စစ်ဆေးပြီး လက်မှတ်ရေးထိုးကြရပါသည်။ တစ်ချို့ကုမ္ပဏီတွေက ၂၅% လည်း မပြနိုင်ဘဲနဲ့ မြေပြင်အခြေအနေလည်း မကြည့်ခဲ့ရဘဲနဲ့ လုပ်ငန်းတွေ လုပ်ဆောင်နေတာ မသိရဘဲနဲ့ ၅၀မှာ တစ်ဖြတ် ပြန်ပြတာမျိုးတွေ ကျွန်မတို့ကြုံရပါတယ်။ အဲ့ဒီလို ဖြစ်နေတဲ့အချိန်မှာ ဒီလုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ ကွင်းဆင်းတဲ့ အခါမှာ ကော်မတီအဖွဲ့မှ ပါလာသော အင်ဂျင်နီယာများ၏အဖြေမှာ အကောင်းဘက်မှသာ ပြောကြား သွားကြောင်း တွေ့ရပါသည်။ ဒီလုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ ဘာတွေလိုအပ်ချက်ရှိသေးလဲ၊ ဘာတွေ လိုအပ်သေးလဲ မေးတဲ့အချိန်မှာ အကောင်းဘက်ကသာပဲ ဦးတည်ပြီး ပြောသွားကြောင်း တွေ့ပါတယ်။ နောက်တစ်ခုက ကျွန်မတို့ ၂၅ % မှာ စာသင်ကျောင်းဆိုလည်း မြေတူးချိန် မကြည့်ရဘဲ ပေပြည့်

ပါသည်ဟု ဘာကို ထောက်ခံရမလဲ၊ အပြင်ဘက် အနာအဆာလောက်သာကြည့်ပြီး မှတ်ချက်ပြုနေပါလျှင် ခိုင်ခံ့ပြီး အရည်အသွေးပြည့်ဝသော အဆောက်အဦများ ရရှိလာမည်မဟုတ်ပါဘူး။ မြို့နယ်ကော်မတီများတွင် အရည်အသွေးစစ်ဆေးရန် စက်ပစ္စည်းကိရိယာများ မရှိခြင်းသည်လည်း လုပ်ငန်းအရည်အသွေးများစွာ ထိခိုက်ကျဆင်းစေပါသည်။ မြို့နယ်တည်ဆောက်ရေးကော်မတီက ပစ္စည်းတွေမရှိခြင်းကြောင့် အရည်အသွေးကို စမ်းသပ်ဖို့ ခက်ခဲပါတယ်။ QC တွေမှာတော့ လုပ်ငန်းသုံးစက်ပစ္စည်းကိရိယာတွေ စုံစုံလင်လင်ရှိပါတယ်။ ကျွန်မတို့ မြို့နယ်မှာဆိုလျှင် ရွေးကောက်ပွဲကော်မရှင်ရုံး ဘယ်အချိန်ကျလာလဲမသိဘူး။ ဘတ်ဂျက်မသိလိုက်ရဘူး။ ရွေးကောက်ပွဲကော်မရှင်ရုံး ဆောက်တော့မယ်ဆိုမှ QCက ဘယ်သူလဲ၊ ဘယ်ကလဲ မေးလိုက်တဲ့အခါမှာ ရွေးကောက်ပွဲကော်မရှင်ရုံး ဆောက်တော့မယ့်မြေက သဲချိုင်းမြေဖြစ်ပါတယ်။ အဲ့တော့ သဲချိုင်းမြေဖြစ်တဲ့အတွက် မြေကြီးဟာ စမ်းကို စမ်းသပ်ရတော့မယ်။ ကျွန်မတို့အနေနဲ့က ရွေးကောက်ပွဲကော်မရှင်ရုံးက ကုမ္ပဏီကလာပြီးဆောက်သွားလျှင်လက်ခံရမယ့် အပိုင်းတွေရှိပါတယ်။

သို့သော်လည်း QC ရှိခြင်းအားဖြင့် မြေကြီးကိုစမ်းပေးရမယ်။ ဒါတွေသည် သင်္ချိုင်းမြေ ဖြစ်တဲ့အတွက် တူးဆွတဲ့အခါမှာ ပြာတွေရှိမယ်။ အထဲမှာ သင်္ဂြိုလ်ထားတဲ့ အရိုးတွေရှိမယ်။ အင်္ကျီတွေ ရှိမယ်၊ ဒါမျိုးတွေရှိခြင်းကြောင့် မြေကြီးမှာ ခံနိုင်ဝန်အား တစ်ထပ်ဖြစ်စေ၊ နှစ်ထပ်ဖြစ်စေ၊ သုံးထပ်ဖြစ်စေ ခံနိုင်ဝန်ဘယ်လောက်ထိရှိမလဲဆိုတဲ့ စမ်းသပ်မှုတွေ လုပ်ရမယ်။ လုပ်ခိုင်းတာတွေလည်း ရှိပါတယ်။ နောက်တစ်ခုက ကျွန်မတို့ဆီမှာ လုပ်ငန်းစတင်တော့မယ်ဆိုလျှင် ကျွန်မတို့ကိုယ်တိုင် သံချောင်းဂိတ်တွေကအစ လိုက်ပြီးတော့ တိုင်းတာတွေရှိပါတယ်။ ပြည့်တဲ့ သံချောင်းဂိတ်နဲ့သာပဲ အသုံးပြုခံပြီးတော့ အကယ်၍ သံချောင်းဂိတ်မပြည့်တဲ့ဟာမျိုးတွေဆိုလျှင် ကုမ္ပဏီကို ပြန်ပြီးတော့ လဲခိုင်းတဲ့ဟာမျိုးတွေရှိပါတယ်။ QC များရှိခြင်းကြောင့် လုပ်ငန်းမစတင်မီ မြေကြီးစမ်းသပ်ရန် လိုအပ်ပါက စမ်းသပ်စေခြင်း၊ သံချောင်း၊ အုတ်၊ ဘိလပ်မြေ၊ သဲ၊ ကျောက်စရစ်များ စမ်းသပ်ခြင်းတို့အားလည်း ပြုလုပ်ဆောင်ရွက်ပေးပါသည်။ ကျွန်မတို့ မြို့နယ်တွေမှာ သဲ၊ ကျောက်စရစ်တွေ ထွက်ပါတယ်။ မြို့နယ်က ထွက်ငြားသော်လည်းပဲ မြို့နယ်က မြစ်အလယ်ခေါင်မှာ သဲ၊ ကျောက်စရစ်ကို လုပ်ပြီးလျှင် တစ်ခါတည်း CPA နဲ့ တင်ပြီး ယူသွားပါတယ်။ ကျွန်မတို့မြို့နယ်မှာ အကျတွေသာ ကျန်ခဲ့တာ များပါတယ်။ အဲဒါမျိုးတွေဆိုရင် QC တွေက လက်မခံဘဲနဲ့ ရေစစ်ပြီး ဇကာစစ်ပြီးတာနဲ့ ပြန်ပြီး ပို့ရတဲ့အပိုင်းတွေထိ လုပ်ရပါတယ်ဆိုတော့ ကျွန်မတို့မြို့နယ်တွေမှာ QC လုပ်ငန်းတွေနဲ့ ခရိုင်တွေမှာ အင်မတန်မှ အောင်မြင်တဲ့လုပ်ငန်းတွေကို တွေ့ရပါတယ်။ ဥပမာ CPR ဘယ်လောက်ရှိလဲ စမ်းတာတွေ၊ နောက်တစ်ခုက ပန်းတောင်းမြို့နယ်မှာ ၄ခန်းတွဲ ၃ထပ် ဝန်ထမ်း အိမ်ရာ ဆေးရုံမှာ ဆောက်တဲ့ဟာဆိုလျှင် ၃၁ ရက် ၇ လပိုင်းမှာတော့ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ရေးရာကော်မတီခန်းမှာ QC တွေကနေ ကုမ္ပဏီတွေကို တိုင်တဲ့အတွက် လာရောက်ပြီး ရှင်းလင်းရတာတွေ ရှိပါတယ်။ ၂၄.၇.၂၀၁၉ မှာ ပန်းတောင်းမှာ အလုပ်သမားတွေ ပိုက်ဆံမပေးတဲ့ ကုမ္ပဏီနဲ့ ပတ်သက်ပြီး ကော်မတီကွင်းဆင်းရင်းကနေ QC တွေရဲ့ တင်ပြချက်တွေကနေ ၃၁ ရက် ၇ လပိုင်းမှာ QC တွေကော အားလုံးကို ဖိတ်ပြီးတော့

ကြားနာတဲ့ အပိုင်းဖြစ်ပါတယ်။ အဲ့ဒီမှာ သူတို့ရဲ့ လုပ်ငန်း အရည်အသွေးတွေ မပြည့်မီတာတွေ တိုင်တွေကို QC က စစ်ထားတယ်၊ ကုမ္ပဏီက အရည်အသွေး မီပါတယ်ပြောနေတယ်။ ဒီကနေ အငြင်းပွားရင်းကနေ ပန်းတောင်းမြို့နယ် ဆေးရုံဝန်ထမ်းအိမ်ရာကနေ ၄၇ တိုင်အထိ ပြန်ပြီးတော့ ဖြိုပစ်တဲ့အပိုင်းတွေ ရှိပါတယ်။ ဒါတွေဟာ QC ရှိခြင်းအားဖြင့် ကျွန်မတို့ မြို့နယ်မှာ အားသာချက်တွေ များစွာ ရှိပါတယ်။ ဒါဟာ ကျွန်မတို့အနေနဲ့ ပညာရှင်ပိုင်းတွေကို ထောက်ခံဆွေးနွေးနေတာ ဖြစ်ပါတယ်။

ဥပမာ ကျွန်မတို့မြို့နယ်မှာ QC အချို့နှင့် Viber Group ဖွဲ့ထားပြီး နေ့စဉ်လုပ်ငန်း ဆောင်ရွက်မှုများ၊ အရည်အသွေးမီ/မမီများအား အချိန်နှင့်တစ်ပြေးညီ ပို့ပေးခြင်းကြောင့် မိမိမြို့နယ် အခြေအနေ လုပ်ငန်းအဆင့်ဆင့်တို့အား သိရှိပြီးဖြစ်ပါသည်။ နောက်တစ်ခုက ကျွန်မတို့ အုတ်တံတိုင်း ကာမယ်ဆိုလျှင် ရေထွက်ပေါက်တွေ ဘယ်လောက်ရှိသင့်တယ် ဆိုတာမျိုးတွေ အင်ဂျင်နီယာတွေက တွက်ချက်ပြီးတော့ လုပ်ငန်းဆောင်ရွက်တာတွေ၊ တစ်ချို့မြို့နယ် တွေမှာ အားကစားရုံတွေမှာ ၆-၁ သုံးရမယ့်နေရာမှာ ၃-၁ တွေသုံးလို့ ကိုယ်စားလှယ်တွေနဲ့ QC တွေနဲ့ မြင်ရတာတွေဟာ ဒါမျိုးတွေက QC တွေရဲ့ အားသာချက်တွေ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ရေးလုပ်ငန်းများ စတင်တော့မှာဖြစ်သည့်အတွက် အဆိုအရ အစိုးရ အဖွဲ့အစည်းများအနေဖြင့် စည်းမျဉ်းစည်းကမ်းများ ရေးဆွဲနေဦးမည်ဆိုလျှင် လုပ်ငန်းကြန့်ကြာမှုများ၊ အရည်အသွေးညံ့ဖျင်းမှုများ ဖြစ်ပေါ်လာမှာဖြစ်ပါကြောင်း၊ နိုင်ငံ၏တိုးတက်မှုအတွက် ကိုယ်စားလှယ် များအနေဖြင့် မျှစ်စို့ ကလေးကနေ ဝါးပင်အဖြစ် ကြီးထွားလာမှာကို ချိုးပြီးမစားဘဲ ကြမ်းတွေချိုး၍ ခေါင်မိုးတွေဖေါက်ပေးပြီး ကြီးထွားခွင့်ပေးစေလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ နိဂုံးချုပ်အနေဖြင့် အဆိုရှင်တင်သွင်းသော **"BRCCA အဖွဲ့ကို ဖျက်သိမ်းသော်လည်း BRCCA အဖွဲ့၏ လုပ်ထုံး လုပ်နည်းများအတိုင်း ဆောင်ရွက်နေသော BRCB(T) အဖွဲ့ကို ရပ်ဆိုင်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လိုအပ်သည့် စည်းမျဉ်းစည်းကမ်းများ စနစ်တကျရေးဆွဲပြီး တိုင်းဒေသကြီးတည်ဆောက်ရေး ကြီးကြပ်မှုကော်မတီအဖွဲ့မှ QC အဖွဲ့များ စနစ်တကျထားရှိပြီး တည်ဆောက်ရေးလုပ်ငန်းများအား ကြပ်မတ်ဆောင်ရွက်ရန် တိုက်တွန်းကြောင်း"** အဆိုကို ကန့်ကွက်ဆွေးနွေးပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ နတ်တလင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်နိုင်တင်သွင်းသော **"BRCCA အဖွဲ့ကို ဖျက်သိမ်းသော်လည်း BRCCA အဖွဲ့၏ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက် နေသော BRCB(T) အဖွဲ့ကို ရပ်ဆိုင်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လိုအပ်သည့် စည်းမျဉ်း**

**စည်းကမ်းများ စနစ်တကျရေးဆွဲပြီး တိုင်းဒေသကြီးတည်ဆောက်ရေး ကြီးကြပ်မှုကော်မတီအဖွဲ့မှ QC အဖွဲ့များ စနစ်တကျထားရှိပြီး တည်ဆောက်ရေးလုပ်ငန်းများအား ကြပ်မတ်ဆောင်ရွက်ရန် တိုက်တွန်းကြောင်း"** အဆိုကို ထောက်ခံဆွေးနွေးမဲ့ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦး ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အခုလို ဆွေးနွေးတဲ့အခါ ပုဂ္ဂိုလ်ရေးခံစားချက်မပါပါဘူး။ တိုင်းဒေသကြီးအစိုးရ၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ပြည်သူများရဲ့ အကျိုးကို ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ဒီလို ဆွေးနွေးတင်ပြတဲ့နေရာမှာ ကျွန်တော် အချက်(၃)ချက်ကို ဦးတည်ပြီးတော့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ လက်ရှိကျွန်တော်တို့ရဲ့မြို့နယ်မှာ ရှိတဲ့အခြေအနေတွေကို သက်သေထားပြီးတော့ ကျွန်တော့်အနေနဲ့ ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ အဲ့ဒီအချက်(၃)ချက်ကတော့ ယခင်နှစ် (၂၀၁၈-၂၀၁၉) ဘတ်ဂျက်ဖြင့်ဆောင်ရွက်သည့် အဆောက်အဦ၊ လမ်း၊ တံတား စသည့် တည်ဆောက်ရေးလုပ်ငန်းအများစုမှာ အဆင်ပြေချောမွေ့ခြင်းမရှိပါဘူး။ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် မဆောင်ရွက်နိုင်ခြင်း၊ သတ်မှတ်အရည်အသွေးမပြည့်မီခြင်းများ တွေ့ရှိရပါသည်။ နံပါတ်(၂)အနေနဲ့ အရည်အသွေးစစ်ဆေး၍ တာဝန်ယူထားသည့် QC များမှာလည်း တိကျစွာ စစ်ဆေးနိုင်ခြင်းမရှိပါဘူး။ တာဝန်ခံစစ်ဆေးသည့် လုပ်ငန်းများမှာလည်း လုပ်ကိုင်သည့်ကုမ္ပဏီများကို ထိန်းချုပ်နိုင်ခြင်းမရှိပါဘူး။ နံပါတ်(၃)အချက်အနေနဲ့ BRCB(T) အဖွဲ့အနေဖြင့်လည်း တည်ဆောက်ရေးလုပ်ငန်း လုပ်ကိုင်သည့် ကုမ္ပဏီများကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင် မဆောင်ရွက်နိုင်ခြင်း၊ အရည်အသွေးပြည့်မီအောင် မဆောင်ရွက်နိုင်ခြင်းများကို တာဝန်ခံနိုင်ခြင်းမရှိပါဘူး။ အရည်အသွေးစစ်ဆေးရန် ငှားရမ်းထားသော QC အဖွဲ့များ တာဝန်ယူမှု၊ တာဝန်ခံမှု အားနည်းသည့်အပေါ် ထိန်းချုပ်နိုင်မှု အားနည်းခြင်းများ ရှိပါသည်။ ဒီအချက်(၃)ချက်အပေါ်မှာ အခြေခံပြီးတော့ ကျွန်တော့်မြို့နယ်မှာ ဖြစ်ပျက်နေတာကို တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ ပထမဦးဆုံး ဆွေးနွေးချင်တာက ပြီးခဲ့တဲ့ ၂၀၁၈-၂၀၁၉ ဘတ်ဂျက်မှာ ဆောင်ရွက်တဲ့ တည်ဆောက်ရေး လုပ်ငန်းတွေထဲမှာ လမ်းလုပ်ငန်းတွေကတော့ အတော်အသင့် ပြီးမြောက်ပါတယ်။ တံတားတွေ၊ စာသင်ကျောင်းတွေ၊ တခြားအဆောက်အဦတွေကတော့ ရာနှုန်းပြည့် မပြီးသေးပါဘူး။ ကျွန်တော်တို့ဆီမှာ စာသင်ကျောင်းတွေ (၇၅%) တတိယအရစ်လောက်နဲ့ ရပ်ထားတဲ့ကျောင်းတွေ အများကြီး ရှိပါတယ်။ Extension တွေ ပေးထားရပါတယ်။ ယခုအချိန်အထိ လာကြည့်လို့ရပါတယ်။ သွားလာရေးခက်ခဲတဲ့အတွက် သတ်မှတ်ကာလအတွင်းမှာ ပြီးစီးအောင် မဆောင်ရွက်နိုင်တာကို နားလည်လက်ခံပေးလို့ရပေမယ့် မြို့ပေါ်ရပ်ကွက်တွေ၊ မြို့နဲ့နီးစပ်တဲ့ သွားလာရေးလွယ်ကူတဲ့နေရာတွေမှာ ဆောင်ရွက်တဲ့ကိစ္စတွေ မပြီးပြတ်တဲ့ကိစ္စကတော့ အင်မတန်မှ ရပ်ဆိုးလှပါတယ်။

ဥပမာအနေနဲ့ မြို့ပေါ်ရပ်ကွက်တွေအနေနဲ့ ပြွန်တန်ဆာမြို့ တိုက်နယ်ဆေးရုံ ဝန်ထမ်း အိမ်ရာ၊ သဲကုန်းမြို့ တိုက်နယ်ဆေးရုံဝန်ထမ်းအိမ်ရာနဲ့ ဆရာဝန်နေအိမ်တို့ကို YED ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်ပါတယ်။ (၄၀%)သာ ပြီးစီးမှုသတ်မှတ်ပြီးတော့ လုပ်ငန်းကို ရပ်လိုက်ရပါတယ်။ အမှန်

ကတော့ (၄၀%)တောင် မပြီးပါဘူး။ သတ်မှတ်တဲ့ (၄၀%)တောင် မပြီးလို့ ဟိုတလောကမှလာပြီး ဖြည့်လုပ်ရတဲ့ အနေအထားတောင် ရှိပါတယ်။ သဲကုန်းမြို့ပေါ်က အ.လ.က ခွဲ ရွှေပေါက်ကံကျောင်းမှာ (၁၂၀' x ၆၀') (Steel Structure) စာသင်ဆောင်ဟာ ဇီလီယက်ပရိုက် ကုမ္ပဏီလီမိတက်မှ ဆောက်လုပ်ပါတယ်။ (၇၅%) တတိယအရစ် ငွေထုတ်ပြီးလို့ အောက်ကြမ်းခင်းတွေ ကွဲအက်ကျွံကျတာ၊ နံရံတွေ အက်ကွဲကုန်တာမို့လို့ ကျောင်းအကျိုးတော်ဆောင်အဖွဲ့တွေဟာ ကျွန်တော်တို့ သက်ဆိုင်ရာ ကိုယ်စားလှယ်တွေကို တင်ပြလာပါတယ်။ ပညာရေးမှူးကို တင်ပြပါတယ်။ အဲ့ဒါနဲ့ QC အဖွဲ့တွေ၊ မြို့နယ်တည်/ကော်အဖွဲ့နဲ့ လွှတ်တော်ကိုယ်စားလှယ်တွေက BRCB(T) က တာဝန်ရှိတဲ့သူတွေကိုလည်း ကျွန်တော်တို့ ခေါ်ပါတယ်။ သွားရောက်စစ်ဆေးပြီးတော့ (၇၅%) နဲ့ ရပ်ထားလိုက်ရပါတယ်။ ပြန်ပြင်ရမယ့်ကိစ္စတွေကို ပြန်ပြင်ပေးဖို့ ပြောကြားခဲ့ပါတယ်။ ယခုအချိန်အထိ ပြန်လည်ပြင်ဆင်ခြင်း မရှိသေးပါဘူး။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ ဒုတိယအချက်ကို ဦးတည်ပြီး ပြောလိုတာကတော့ ပိန်းဇလုပ်မြို့ နယ်မြေမီးသတ်စခန်း (၄)ခန်းတွဲ (၂)ထပ် ဝန်ထမ်းနေအိမ် (၁၃၀' x ၂၂ ') ကို တော်ဝင်လန်းကုမ္ပဏီလီမိတက်မှ ဆောက်လုပ်ပါတယ်။ ဆောက်လုပ်နေစဉ်မှာပဲ တံခါးကျည်းဘောင်တွေကို တောသားနဲ့ လုပ်ထားတာတွေ့ရှိလို့ ကြီးကြပ်ရေး အဖွဲ့က တွေ့ရှိလို့ တင်ပြလို့ ပြန်ပြင်ခိုင်းရပါတယ်။ QC တွေ မသိပါဘူး။ ကျွန်တော်တို့ ပြောတဲ့အခါမှ QC တွေသိပါတယ်။ နောက် ၁၀၀% ပြီးစီးပြီဆိုပြီး ငွေထုတ်သွားပါတယ်။ ထုတ်ပြီးတဲ့အခါမှာ လုပ်ငန်းအပ်တော့မယ်ဆိုပြီး မြို့နယ်မီးသတ်ဦးစီးမှူး၊ လွှတ်တော်ကိုယ်စားလှယ်တွေ၊ မြို့နယ်တည်/ကော်အဖွဲ့ တွေကနေပြီးတော့ လက်ခံဖို့အတွက် သွားရောက်စစ်ဆေးပါတယ်။ စစ်ဆေးတဲ့အခါမှာ ပါလာတဲ့ အင်ဂျင်နီယာရဲ့ တွေ့ရှိချက်အရ ပြန်ပြင်ရမယ့်အပိုင်းတွေ များစွာ တွေ့ရှိရပါတယ်။ ဆေးသားလိုအပ်တာတွေ၊ အခြားလိုအပ်ချက်တွေကို မပြောလိုသော်လည်းပဲ အဆိုးဝါးဆုံးကတော့ ရေချိုးခန်း ရေကျပေါက်တွေကတော့ အပေါက်က မြင့်ပြီးတော့ ကျန်တဲ့နေရာတွေက နိမ့်နေတယ်။ ရေထွက်စရာ မရှိပါဘူး။ အဝတ်လျှော်လို့မရပါဘူး။ ဗိုလ်ထိုင်အိမ်သာတွေ တစ်ခုမှ ရေဆွဲလို့မကျပါဘူး။ အဲ့ဒီအခြေအနေတွေကို QC တွေက မသိဘူးလားလို့ မေးမြန်းမယ့်နေရာရှိပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ပြောကြားလိုတာက ကျွန်တော်တို့ မြို့နယ်နဲ့ တခြားမြို့နယ်နဲ့ မတူပါဘူး။ ပညာရေးဌာနက ဆောက်လုပ်တဲ့ စာသင်ကျောင်း တွေကတော့ သတ်မှတ်ချက် အရစ်လိုက် ငွေထုတ်ခါနီးမှာ လက်မှတ်ထိုးခိုင်းတာရှိပါတယ်။ လာရောက် စစ်ဆေးခိုင်းတာရှိပါတယ်။ တခြားလုပ်ငန်းတွေကတော့ ကျွန်တော်တို့ဘက်ခြမ်းမှာ ထိုးခိုင်းခြင်းမရှိပါဘူး။ သူ့ဘာသာ QC တွေနဲ့ပဲ လက်မှတ်ထိုးပြီး ထုတ်သွားတာပါပဲ။ အဲ့ဒီမီးသတ်စခန်းဝန်ထမ်းအိမ်ရာတွေနဲ့ ရွှေပေါက်ကံစာသင်ကျောင်းတွေကို စစ်ဆေးဖို့ တာဝန်ယူတာကတော့ IICကုမ္ပဏီ QC အဖွဲ့ပဲ ဖြစ်ပါတယ်။ ခုနက တင်ပြခဲ့တဲ့ တိုက်နယ်ဆေးရုံဝန်ထမ်းအိမ်ရာတွေကို စစ်ဆေးဖို့ တာဝန်ယူတာကတော့ ရွှေကမ္ဘာ၊ ငွေကမ္ဘာကုမ္ပဏီဖြစ်ပါတယ်။ ဒီဆေးရုံ(၂)ခုလုံးရဲ့ ဝန်ထမ်းအိမ်ရာများဟာ (၄၀%)နဲ့ လုပ်ငန်းဖျက်လိုက်ရတဲ့အပြင် ဆောက်လုပ်ထားမှုကလည်း အရပ်ဘက် ပန်းရံဆရာလောက်တောင် အဆင်မပြေတာတွေ လွဲချော်တာတွေ အများကြီးရှိပါတယ်။ အခုအချိန်မှာ အချိန်မရွေးလာကြည့်လို့ ရပါတယ်။

ဒါကြောင့်မို့လို့ အရည်အသွေးစစ်ဆေးမှုကို တာဝန်ယူထားရတဲ့ QC တွေ တိကျစွာ စစ်ဆေးနိုင်ခြင်း မရှိဘူးလို့ ယူဆရမှာဖြစ်ပါတယ်။

နောက်တစ်ခါ ကျွန်တော်တို့ဘက်မှာ QC တွေဟာ တစ်ယောက် နှစ်ယောက်ကနေပြီးတော့ အမျိုးအစားမတူတဲ့လုပ်ငန်းတွေ၊ နောက်တစ်ခုက မြို့နယ်မတူတာတွေ အဲ့ဒီလုပ်ငန်းတွေ အများကြီးကို စုပြီး လက်ခံပြီးတော့ ဟိုပြေးလိုက် ဒီပြေးလိုက် လုပ်နေတာမျိုးတွေ ရှိပါတယ်။ အဲ့ဒီအတွက်လည်း အားနည်းချက်တွေ အများကြီး ဖြစ်ပေါ်ပါတယ်။ QC တွေကတော့ သက်ဆိုင်ရာကုမ္ပဏီတွေကို ယုံကြည်မှုလွန်ကဲပြီး ပေါ့ပေါ့လျော့လျော့စစ်တာတွေ၊ လျှော့ပေါ့စစ်တာတွေ ရှိပါတယ်။ ကျွန်တော် ရှေ့မှာတင်ပြခဲ့တဲ့ ရွှေပေါက်ကံစာသင်ကျောင်းကို စစ်တဲ့အခါမှာ IIC ကုမ္ပဏီ လီမိတက်ကလူတွေကို မေးတယ်။ ဒီစလစ်လောင်းတော့ မင်းမရှိဘူးလား မင်းမကြည့်ဘူးလားလို့ မေးတော့မဟုတ်ပါဘူးတဲ့။ သူသေချာမှာထားပါတယ်။ ဒီစလစ်ကို လောင်းတဲ့အခါမှာ စပ်တဲ့အချိုးတွေ ဘာတွေ သေချာ ကြည့်ပြီးတော့ သူလာမှ လောင်းပါလို့ မှာထားပါတယ်တဲ့။ သို့သော် သူမရှိတဲ့အချိန် ညဘက်တွေမှာပဲ လောင်းလောင်းသွားတယ်တဲ့။ သူလာရင် မလောင်းတော့ဘူးတဲ့။ QC တွေအနေနဲ့ ကုမ္ပဏီတွေအပေါ်မှာ ထိန်းချုပ်နိုင်မှု အားနည်းတာကို တွေ့ရှိရပါတယ်။ ကျွန်တော့်အနေနဲ့ နောက်ဆုံး ဆွေးနွေးလိုတာက ရှေ့မှာ ကျွန်တော်တင်ပြခဲ့သလိုပဲ အဆင်မပြေမှုတွေ အများကြီးဖြစ်နေပြီ။ ဘယ်သူက တာဝန်ယူမှာလဲ၊ ဘယ်သူက တာဝန်ခံမှာလဲ။ ကုမ္ပဏီကလား၊ QC တွေကလား၊ BRCB(T) ကလား။ အခု ကျွန်တော်တို့ ဘယ်သူ့ကို ပြောရမလဲ မသိဘူး။ အများကြီးရှိပါတယ်။ ဒါက ဥပမာတစ်ခု အနေနဲ့ ပေးတာပါ။

ရွှေပေါက်ကံကျောင်းမှာဆိုရင် အန္တရာယ်ရှိကျောင်းဆောင်မှာ ကျောင်းသားလေး တွေက ဘုန်းကြီးကျောင်းမှာသွားနေပြီး သင်နေရတယ်။ အခုထက်ထိ ကျောင်းခန်းထဲ မဝင်ရဘူး။ ခုန ကျွန်တော် ပြောတဲ့ ဝန်ထမ်းအိမ်ရာတွေ အခုထက်ထိ မပြီးသေးဘူး။ ဝန်ထမ်းလေးတွေက ဝန်ထမ်းအိမ်ရာ ကျပြီဆိုတော့ တိုက်ခန်းလေးတွေနဲ့ နေရပြီဆိုပြီးတော့ ဝမ်းပန်းတသာဖြစ်နေတယ်။ ဒါပေမယ့် အခုအချိန်ထိ အိမ်ပေါ်မတက်ရသေးဘူး။ အဲ့တော့ အဲ့အနေအထားကို ဘယ်သူ့ကို ပြောရမလဲ။ ကျွန်တော်တို့ ဘယ်သူ့ကိုပြောလို့ ပြောရမှန်းမသိဘူး။ ကျွန်တော် ဒီမှာမေးခွန်းလေးတွေ တင်ထား ပါတယ်။ BRCB(T)အနေနဲ့ ကုမ္ပဏီကို တာဝန်ခံမလား၊ QC ကို တာဝန်ခံမလားဆိုတဲ့ မေးခွန်းကို မေးမြန်းရမယ့် အနေအထားဖြစ်နေပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ကတော့ ပုဂ္ဂိုလ်ရေးကို အခြေခံပြီး ဆွေးနွေးခြင်းမဟုတ်ပါဘူး။ BRCB(T)ခေါင်းဆောင်နဲ့ ပုဂ္ဂိုလ်ရေး တော်တော်လေးကို ရင်းနှီးပါတယ်။ လိုအပ်တဲ့စာရွက်စာတမ်းတွေ ကုမ္ပဏီအဖွဲ့က တောင်းလို့မရဘူး။ QC အဖွဲ့ဆီက တောင်းလို့မရဘူး။ ကျွန်တော် သူ့ဆီကနေ တောင်းပါတယ်။ ကျွန်တော့်ကို သေချာလုပ်ပေးပါတယ်။ ကျွန်တော် ပုဂ္ဂိုလ်ရေးကို အခြေခံပြီး ဆွေးနွေးခြင်းမဟုတ်ပါဘူး။ လက်ရှိဖြစ်ပျက်နေတဲ့ ကျွန်တော်တို့ မြို့နယ်မှာ ဖြစ်ပျက်နေတဲ့ အနေအထားကို သက်သေထားပြီး ဆွေးနွေးခြင်း ဖြစ်ပါတယ်။ နောက်တစ်ခုက Third Party စနစ်ကို ထောက်ခံပါတယ်။ ကန့်ကွက်ခြင်းမဟုတ်ပါဘူး။ အခုပြောတာ ကတော့ QC တွေကို ထိန်းကျောင်းမှုအားနည်းနေတဲ့ BRCB(T) ရဲ့နေရာမှာ အားကောင်း မောင်းသန်

အဖွဲ့အစည်းတစ်ခုခု QC တွေကိုစနစ်တကျ ထိန်းချုပ်နိုင်ဖို့ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ရှိတဲ့ အဖွဲ့တစ်ခုကနေပြီးတော့ ပိုပြီးတော့ ထိထိရောက်ရောက် ကြီးကြပ်ကွပ်ကဲနိုင်ဖို့ လိုအပ်တဲ့ အတွက်ကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဦးကျော်ကျော်နိုင်၏အဆိုကို ထောက်ခံကြောင်း ဆွေးနွေးတင်ပြပါတယ်။

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဦးအောင်အောင်၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်အောင်၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်နိုင်တင်သွင်းသော **“BRCCA အဖွဲ့ကို ဖျက်သိမ်းသော်လည်း BRCCA အဖွဲ့၏ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်နေသော BRCB(T) အဖွဲ့ကို ရပ်ဆိုင်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လိုအပ်သည့် စည်းမျဉ်းစည်းကမ်းများ စနစ်တကျရေးဆွဲပြီး တိုင်းဒေသကြီးတည်ဆောက်ရေး ကြီးကြပ်မှုကော်မတီအဖွဲ့မှ QC အဖွဲ့များ စနစ်တကျထားရှိပြီး တည်ဆောက်ရေးလုပ်ငန်းများအား ကြပ်မတ်ဆောင်ရွက်ရန် တိုက်တွန်းကြောင်း”** အဆိုကို ထောက်ခံဆွေးနွေးသွားမယ့် မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်အောင်ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဆွေးနွေးမည့် အကြောင်းအရာများဟာ မိမိတို့ တိုင်းဒေသကြီးကို စည်းစနစ်တကျ ပိုမိုဖွံ့ဖြိုးစေလိုသော ရည်ရွယ်ချက်ဖြင့် အပြုသဘောဆောင်ဆွေးနွေးခြင်းဖြစ်ပါတယ်။ ပထမဦးစွာ BRCB(T) ဖွဲ့စည်းပုံနှင့် ပတ်သက်၍ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့တွင် မေးခွန်းမေးမြန်းခဲ့ပြီး ဖြစ်ပါတယ်။ BRCR(T) ဖွဲ့စည်းခြင်းသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၂၅၆)နှင့် (၂၅၇)တို့အရ နယ်ဘက်ဝန်ထမ်းများကို ခန့်အပ်နိုင်သည်လို့ ဖော်ပြထားသည်မှာ မှန်ကန်ပါတယ်။ သို့သော် ဖွဲ့စည်းသော နယ်ဘက်အဖွဲ့များသည် ကျွန်တော်တို့တိုင်းဒေသကြီးအတွက် မည်မျှ အကျိုးရှိပြီး အထောက်အကူပြုသည်ကိုလည်း ဆန်းစစ်ရမှာဖြစ်ပါတယ်။ ယခုလက်ရှိ BRCR(T)၏ လုပ်ငန်းတာဝန်များမှာ Third Party (QC) များအား ရွေးချယ်ခြင်း၊ တာဝန်သတ်မှတ်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှုများအပေါ် အကဲဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ စစ်ဆေးခများကို သတ်မှတ်ခြင်း၊ လိုအပ်သည့် စစ်ဆေးမှုဆိုင်ရာအသုံးစရိတ်များ သတ်မှတ်ခြင်းများပြုလုပ်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တင်ပြရန် Third Party (QC)နှင့် ကုမ္ပဏီကြား အငြင်းပွားမှုများကို ဖြေရှင်းပေးရန် တည်ဆောက်ရေး လုပ်ငန်းတင်ဒါများတွင် အသုံးပြုမည့် Structural Design, Specufication & Estimate စစ်ဆေးခြင်းအား ပူးပေါင်းဆောင်ရွက်ရန်တို့ အဓိက ပါဝင်ပါသည်။ အချိန်ကို ငဲ့ကွက်သောအားဖြင့် အကြောင်းအရာကို အပြည့်အစုံတင်ပြခြင်းမပြုတော့ပါဘူး။ ထို့ကြောင့် BRCB(T)၏ လုပ်ငန်းတာဝန်အများစုမှာ တိုင်းဒေသကြီးတည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရေးကော်မတီ၏ လုပ်ငန်း

တာဝန်များနှင့် အလားတူပင်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လုပ်ငန်းတာဝန်အဖွဲ့အစည်းနှစ်ခု ထားရှိရန် မလိုအပ်သောကြောင့် BRCB(T)ကို ရပ်ဆိုင်းသင့်ကြောင်း တင်ပြထောက်ခံဆွေးနွေးအပ်ပါတယ်။

ဒီလို ဆွေးနွေးရခြင်းရဲ့ အကြောင်းရင်းမှာ ရှေ့မှာ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ဆွေးနွေးခဲ့တဲ့အတိုင်း များစွာသော အခက်အခဲတွေ အကျပ်အတည်းတွေနဲ့ အဆင်ပြေခဲ့သလို မပြေတဲ့နေရာတွေလည်း များစွာရှိနေတာကို ကျွန်တော်တို့ သဘောပေါက်ပါတယ်။ လက်ရှိ BRCB(T)က တည်ဆောက်ရေးလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ဘယ်လောက်ထိ ကြီးကြပ်နိုင်ပြီလဲ။ မြို့နယ်(၂၈) မြို့နယ်မှာ (၂၈)မျိုးထွက်လာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ထိုနည်းတူစွာပဲ ရှေးယခင်တုန်းက တည်ဆောက်ရေးလုပ်ငန်း များ စိစစ်ရေးကော်မတီက ဘာတွေလုပ်ခဲ့လို့လဲလို့မေးလျှင် ဒီနေရာမှာလည်း အားနည်းချက်တွေများစွာ ရှိမှာပဲဖြစ်ပါတယ်။ အဲ့တော့ တည်ဆောက်ရေးလုပ်ငန်းများစိစစ်ရေး ကော်မတီက အားနည်းချက်တွေ ရှိခဲ့တယ်ဆိုလျှင် တည်ဆောက်ရေးနဲ့ ပတ်သက်တဲ့ လုပ်ငန်းတွေကို ကြီးကြပ်ဖို့ တာဝန်ရှိနေတာကို မလုပ်လုပ်အောင် နောက်ကနေ ထပ်ပြီး တွန်းအားပေးဖို့ ထပ်မံဆောင်ရွက်ခြင်းမျိုး လုပ်ဆောင်နေမယ့်အစား နောက်ထပ် BRCB(T)လို့ ဖွဲ့လိုက်တဲ့အခါမှာတော့ လက်ရှိ တည်ဆောက်ရေးလုပ်ငန်းများစိစစ်ရေး ကော်မတီကလည်း BRCB(T)က လုပ်လိမ့်မယ်။ တို့နဲ့ မဆိုင်တော့ဘူး။ ငါတို့ကို သီးခြားတာဝန် ပေးတာမဟုတ်ဘူး။ အဲလိုရှောင်ထွက်တဲ့ပုံစံမျိုးတွေ ရှိမှာဖြစ်တဲ့အတွက် ပိုပြီးတော့ တာဝန်ယူမှု၊ တာဝန်ခံမှုနဲ့ အနီးကပ်ကြီးကြပ်မှုအပိုင်းမှာ အားနည်းသွားတဲ့ အပိုင်းတွေလည်း တွေ့ရှိရပါတယ်။ ကျွန်တော်တို့ ဆိုလိုခြင်းသည် အဖွဲ့အစည်းတွေများလာရင် ဟိုလူက လုပ်မှာလိုလို၊ ဒီလူက  လုပ်မှာလိုလိုနဲ့ ဒီလို ဇဝေဇဝါသဘောမျိုးမဖြစ်စေလိုတဲ့အတွက်ကြောင့်လည်း လက်ရှိ BRCB(T) နောက်ထပ် ဖွဲ့စည်းတဲ့အဖွဲ့အစည်းတွေကို မဖွဲ့ဘဲနဲ့ လက်ရှိ ဖွဲ့စည်းပြီးသား တည်ဆောက်ရေးလုပ်ငန်းများစိစစ်ရေးကော်မတီက ဒီ (QC) တွေကို ထားရှိပြီး ဆက်လက်စိစစ်စေလိုတဲ့ ကြပ်မတ်စေလိုတဲ့ ရည်ရွယ်ချက်နဲ့ တင်ပြခြင်းလည်းဖြစ်ပါတယ်။

မှန်ပါတယ် ကျွန်တော်တို့ Third Party (QC) များ မရှိခင်ကတည်းက လက်ရှိတည်ဆောက်ရေးလုပ်ငန်းများစိစစ်ရေးကော်မတီက လုပ်ငန်းကိုနိုင်နင်းစွာဆောင်ရွက်နိုင်ခြင်း မရှိပါဘူး။ ဆောင်ရွက်နိုင်ခြင်းမရှိဘူးလို့ ပြောရခြင်းအကြောင်းရင်းသည် လက်ရှိကျွန်တော်တို့ တိုင်းဒေသကြီး တည်ဆောက်ရေးကော်မတီ၊ မြို့နယ်တည်ဆောက်ရေးကော်မတီ ဒီကော်မတီတွေ အားလုံးတို့သည်ရှိသမျှ လုပ်ငန်းအားလုံးကို စိစစ်နိုင်ဖို့ဆိုတာဟာ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ဘူး။ ဒါကြောင့် ရှေ့ပိုင်းမှာ အားနည်းချက်ရှိခဲ့ပေမယ့် အခုအချိန်မှာတော့ Management လုပ်ရုံ၊ ကြီးကြပ်ရုံ လောက်သာဖြစ်ပါတယ်။ ဘာကြောင့်လဲ၊ QC အဖွဲ့များ ထားရှိပြီးဖြစ်ပါတယ်။ ခုန ကိုယ်စားလှယ်ကြီးများ ဆွေးနွေးသွားတဲ့ အထဲမှာ QC အဖွဲ့များ ထားရှိခြင်းဟာ ကောင်းမွန်ပါတယ်ဆိုတာကို ကျွန်တော့်အနေနဲ့ လက်ခံပါတယ်။ ဒါကြောင့် QC အဖွဲ့များထားရှိခြင်းသည် လိုအပ်ပါတယ်။ ဒါကြောင့် QC တွေကို ထားမယ်။ သို့သော် QCကိုပြန်ပြီးထိန်းချုပ်မယ့် Management လုပ်မယ့် အဖွဲ့အစည်းကိုသာ ရည်ညွှန်းခြင်းဖြစ်ပါတယ်။ QCကိုပြန်ပြီး Management လုပ်မယ့် အဖွဲ့အစည်းသည် လက်ရှိအပိုင်း(၂)ပိုင်း ခွဲခြားတင်ပြချင်

တာသည် တည်ဆောက်ရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် ဌာနဆိုင်ရာများက မိမိတို့ဌာနရဲ့ တည်ဆောက်ရေးလုပ်ငန်းများကို ကြီးကြပ်ရတာဖြစ်ပါတယ်။ တည်ဆောက်ရေးလုပ်ငန်းများကို ကြီးကြပ်တဲ့အခါမှာ Client လို့ခေါ်သော မူလလုပ်ငန်းအပ်နှံသူတွေရဲ့ အခန်းကဏ္ဍ ကလည်း ပျောက်ဆုံးနေတဲ့သဘောဖြစ်နေပါတယ်။ ဘာကြောင့်ဒီလိုတင်ပြတာလဲဆိုလျှင် QC က လုပ်ငန်းတွေကို စိစစ်တဲ့ မှတ်တမ်းတွေ၊ Report တွေထားတယ်။ အဲ့ဒီထားတဲ့ မှတ်တမ်းတွေ၊ Reportတွေအတိုင်း BRCB(T)အဖွဲ့ကို တင်ပြမယ်။ BRCB(T)အဖွဲ့က လက်မှတ်ထိုးပေးမှ ငွေထုတ်ပေးမယ်ဆိုတဲ့ အခြေအနေတွေ၊ အဲ့ဒီအချက်ကို ကျွန်တော်တို့ ကုမ္ပဏီများအားလုံးကလည်း နားလည်ပါတယ်။ ရှေ့မှာ တင်ပြထားသကဲ့သို့ ကိုယ်စားလှယ်များ သိတဲ့ဟာတွေသိသလို မသိတဲ့ဟာတွေ မသိဘူး။ အဲ့လို ဖြစ်ရခြင်း၏ အကြောင်းရင်းသည် ကိုယ်စားလှယ်များ ထောက်ခံခြင်း၊ မထောက်ခံခြင်းဆိုတာ မြို့နယ် တည်ကော်က ကိုယ်စားလှယ်များ ထောက်ခံခြင်း၊ မထောက်ခံခြင်းဆိုတာကို အဓိကအားဖြင့် မစဉ်းစား တော့ဘဲနဲ့ BRCB(T)၏ ထောက်ခံချက်ရလျှင် ငွေထုတ်လို့ရမယ်ဆိုတဲ့ အသိတစ်ခုသည် ကုမ္ပဏီများ ဘက်က ဌာနဆိုင်ရာများဖြစ်သော Clientနဲ့တကွ မြို့နယ်တည်ဆောက်ရေးကော်မတီများ လွှတ်တော် ကိုယ်စားလှယ်များအပေါ်မှာ အလေးထားမှု၊ အာရုံဝင်စားမှု၊ စိတ်ဝင်စားမှုအားနည်း၍ တင်ပြမှု ဆောင်ရွက်မှုအားနည်းသွားခြင်း ဖြစ်တယ်လို့လည်း ကျွန်တော့်အနေနဲ့မြင်မိပါတယ်။

ဒီအခြေအနေတွေအားလုံးဟာ ဘာကြောင့်ဖြစ်သလဲ၊ တစ်ချို့တစ်ချို့သော နေရာတွေမှာရှိပါ တယ်။ ကိုယ်စားလှယ်များတင်ပြသွားသည့်အတိုင်း လက်ရှိ(၂၈)မြို့နယ်မှာ အင်ဂျင်နီယာ ပညာရှင်တွေ အင်မတန်မှ နည်းပါးပါတယ်။ သို့သော် လက်ရှိတာဝန်ယူဆောင်ရွက်နေတဲ့ ပညာရှင်တွေသည် အလေးထားပေးရမယ့် ပုဂ္ဂိုလ်တွေဆိုတာလည်း မှန်ပါတယ်။ ပညာရှင်များဆိုတဲ့အထဲမှာ BRCB(T)ထဲမှာ လည်း ပညာရှင်တွေပါဝင်သလို တည်ဆောက်ရေးကော်မတီထဲမှာလည်း တိုင်းဒေသကြီး ဦးစီးအဆင့် အရာရှိဖြစ်သော အင်ဂျင်နီယာပေါင်း များစွာ ပါဝင်ပြီးသားလည်း ဖြစ်ပါတယ်။ အဲ့ဒီပုဂ္ဂိုလ်ဝန်ထမ်းများ ဟာလည်း အောက်ခြေဝန်ထမ်းဘဝကနေ Step by Step တက်လာတဲ့သူတွေလည်း ဖြစ်ပါတယ်။ လုပ်ငန်းအတွေ့အကြုံများစွာ ရင့်ကျက်ပြီးမှ ဒီနေရာ၊ ဒီရာထူးကို ရောက်ရှိလာတာဖြစ်တယ်ဆိုတဲ့ သဘောတရားလည်း သက်ရောက်ပါတယ်။ ဆိုလိုချင်တာက သူတို့ဌာနရဲ့ လုပ်ငန်းပိုင်းနဲ့ ပတ်သက်တဲ့ ဟာကို ဒီလုပ်ငန်းရဲ့ အကြီးအမှူးတစ်ယောက်သည် ဒီလုပ်ငန်းကို ကျွမ်းကျင်ပိုင်နိုင်စွာ သဘောပေါက် နားလည်ပြီးသားဖြစ်တယ်လို့ ကျွန်တော်တို့ ဖော်ပြလိုတာပါ။ အဲ့ဒီတော့ တာဝန်ကို ကျေအောင် ထမ်းဆောင်နိုင်ဖို့ဆိုတဲ့ နေရာမှာတော့ ဒီပုံစံအတိုင်းပဲ ကြီးကြပ်တဲ့နေရာမှာ အားနည်းရင် အားကောင်းအောင် ပေါ့လျော့နေရင် အလေးအနက်ထားအောင်ဆိုပြီး အစိုးရအဖွဲ့က လုပ်ဆောင်မှု အပိုင်းမှာ အားနည်းနေရင် တစ်ဖွဲ့လုံးတည်းကိုသာ လက်ရှိ တိုင်းဒေသကြီးတည်ဆောက်ရေး လုပ်ငန်း များစိစစ်ရေးကော်မတီကိုသာ တွန်းအားပေး၊ ဖိအားပေး၍ ဆက်လက်ဆောင်ရွက်မယ်ဆိုလျှင် ပိုမို ပြီးတော့ အဆင်ပြေမှာဖြစ်ပါတယ်။ အဲ့ဒီနေရာမှာ BRCB(T)ရဲ့ အားသာချက် အားနည်းချက်တွေကို တစ်ခုချင်းသည် လက်ရှိ တည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရေးကော်မတီထဲမှာလည်း တိုင်းဒေသကြီး

အဆင့် အရာရှိတွေများစွာပါဝင်ပါတယ်။ ဒါတွေကိုလည်း ကျွန်တော်တို့ အချိန်ကို ငဲ့ကွက်သောအားဖြင့် သီးခြားတင်ပြခြင်းမပြုတော့ဘဲနဲ့ တည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရေးကော်မတီရဲ့ ဖွဲ့စည်းပုံရဲ့ (ည)မှာပါဝင်တဲ့ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လုပ်ငန်းအတွေ့အကြုံရှိသော ပြင်ပအင်ဂျင်နီယာတစ်ဦး၊ ဒါလည်း ပါဝင်ပြီးသားဖြစ်ပါတယ်။ လက်ရှိ ဌာနဆိုင်ရာရှိတဲ့ ပညာရှင်တွေမဟုတ်ဘဲနဲ့ ပြင်ပပညာရှင် တစ်ဦးလည်း ဒီအထဲမှာ ထည့်သွင်း၍ ဖွဲ့စည်းထားခြင်းလည်း ဖြစ်တဲ့အတွက် တည်ဆောက်ရေး ကော်မတီဆိုတဲ့နေရာမှာ တိုင်းဒေသကြီးအဆင့်တင်မဟုတ်ဘဲနဲ့ မြို့နယ်တည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရေးကော်မတီအဆင့်အထိ ရှိတာဖြစ်သောကြောင့် ဒီလိုအဆင့်ဆင့်ကြီးကြပ်တဲ့နေရာမှာ ပိုပြီးတော့ အားကောင်းနိုင်တယ်။ ပိုပြီးတော့ ထိရောက်နိုင်တယ်။ မလုပ်ရင်လုပ်အောင် ကျွန်တော်တို့ အစိုးရ အဖွဲ့က တွန်းအားပေးဖို့ပဲ လိုတယ်လို့ ထင်ပါတယ်။

အဖွဲ့များစွာ ကွဲပြားသွားတဲ့အခါ ကြီးကြပ် တဲ့အခါမှာ လက်ရှိတာဝန်ယူတဲ့ ဌာနဆိုင်ရာရဲ့အဓိက လုပ်ဆောင်ချက်ကို ပျောက်သွားပြီးတော့ QC များကို ခုနက ကိုယ်စားလှယ်ကြီးများ တင်ပြသွား တဲ့အတိုင်း မှန်ပါတယ်။ QC ကိုသာ မေးကြ ဒီလုပ်ငန်းပိုင်းနဲ့ ပတ်သက်ပြီးတော့ ကောင်းလား၊ မကောင်းလား၊ ဘယ်လိုအခြေအနေရှိလဲ၊ မပြောတော့ဘူး QC တွေကိုသာ မေး၊ ဘာကြောင့်ဒီလို ဖြစ်လာသလဲ၊ Qc ရဲ့ pass နဲ့ BRCB(T)၏ ထောက်ခံချက်ရမှ ပိုက်ဆံပေးမယ်ဆိုတာသိရဲ့နဲ့ ကိုယ့်ကို လည်း ဂရုမစိုက်တဲ့အခါကျတော့ တို့လည်းမပြောတော့ပါဘူး။ ပြောလည်းပြောတာပဲရှိတယ်။ ကောင်းစေချင်လို့ပြောတာ ပြောတာပဲရှိတယ်။ ဂရုမစိုက်ဘူးဆိုတဲ့ အခြေအနေမျိုးတွေ ဖြစ်ရတဲ့အတွက် ဒါကို ကျွန်တော်တို့တိုင်းဒေသကြီးအတွင်းမှာ ထိရောက်တဲ့ အားကောင်းတဲ့ စီမံအုပ်ချုပ်မှုတွေ၊ အားကောင်းတဲ့စနစ်တွေနဲ့ပိုပြီးတော့ ကောင်းစေချင်တဲ့ပုံစံမျိုးပဲဖြစ်စေချင်ပါတယ်။ ဒီနေရာမှာ ဖွဲ့စည်းပုံ အရ ဖွဲ့စည်းခွင့်ရှိတယ်။ မှန်ပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၆၊ ၂၅၇ အရ ဝန်ထမ်းများကို ဖွဲ့စည်းနိုင်တယ်ဆိုတာ ပါဝင်သော်လည်း ဖွဲ့စည်းထားသော အဖွဲ့အစည်းများသည် တိုင်းဒေသကြီး အတွက် ဘယ်လောက်အထောက်အကူရှိသလဲ။ နောက်တစ်ခု လုပ်ပိုင်ခွင့်နဲ့ အခွင့်အာဏာ ဘယ်လောက်ထိရှိသလဲ။ ဆိုလိုချင်တဲ့အဓိပ္ပါယ်သည် နောက်ဆုံး ဒီအဖွဲ့က လက်မှတ်ထိုးပေးမှ ပိုက်ဆံ ထုတ်ခွင့်ရှိတယ်ဆိုတာသည် ပွင့်ပွင့်လင်းလင်းပြောရလျှင် မြို့နယ်မှာ တစ်ဦးချင်းစီမှာရှိသော တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ထောက်ခံပေးပြီးတဲ့ အပေါ်မှာမှ ထပ်၍ BRCB(T)က လက်မှတ်ထိုးပေးမှဆိုတဲ့အဆင့်မျိုးဟာကျတော့ ကျွန်တော်တို့နားလည်တာ ပြန်ပြီးတော့ ဖွဲ့စည်းပုံအရ ပြန်ပြီးတော့စဉ်းစားမယ်ဆိုလျှင် ပြည်သူက ရွေးချယ်တင်မြှောက်ထားသော လွှတ်တော်ကိုယ်စားလှယ် များထက် ပို၍ လုပ်ပိုင်ခွင့်အာဏာရှိသော အဖွဲ့အစည်းဖြစ်နေတယ်လို့လည်း ကျွန်တော်တို့ မြင်မိပါ တယ်။ ဒီအဖွဲ့အစည်းကို ဘယ်ပြည်သူက တင်မြှောက်တာလဲလို့မေးလျှင်တော့ အားလုံးနားလည် သဘောပေါက်နားလည်ထားပြီးသားလည်း ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် ပြည်သူကရွေးချယ်တင်မြှောက် ထားသောကိုယ်စားလှယ်များထက် လုပ်ပိုင်ခွင့် Power ပိုရှိနေသော အဖွဲ့အစည်းဖြစ်တဲ့အတွက် လက်ရှိ အဲ့ဒီအဖွဲ့အစည်းရဲ့ လုပ်ပိုင်ခွင့်နှင့် Power သည် လက်ရှိ ဌာနဆိုင်ရာအသီးသီးမှာ တာဝန်ယူနေသော

ပုဂ္ဂိုလ်များ ဘယ်နည်းနဲ့မဆို ဌာနဆိုင်ရာအသီးသီးမှာ တာဝန်ယူနေသော ပုဂ္ဂိုလ်များသည် မိမိတို့ဌာနရဲ့ လုပ်ငန်းကိုင်ငန်းတွေနဲ့ ပတ်သက်တဲ့ဟာ တာဝန်မယူလို့ ရကိုမရပါဘူး။ ထပ်ပြီးတော့ ကျွန်တော်တို့ ပြောချင်တာက BRCB(T)အဖွဲ့ တစ်ခုခု ချို့ယွင်းချက် လွဲမှားချက်ဖြစ်သွားမယ်ဆိုလျှင် အဲ့ဒီအဖွဲ့ကို တာဝန်ယူ၍ အရေးယူမယ့် အခန်းကဏ္ဍ မရှိပါဘူး။ တိုင်းဒေသကြီးအဆင့်မှာရှိသော ဦးစီးအရာရှိများ ကတော့ မှားယွင်းခဲ့မယ်ဆိုလျှင် သူတို့မှားယွင်းတဲ့ မှားယွင်းချက်ကို ဝန်ထမ်းစည်းမျဉ်းစည်းကမ်း ဥပဒေ အရအရေးယူခြင်း ဆိုတဲ့အပိုင်းတွေ များစွာရှိပြီးသားဖြစ်ပါလိမ့်မယ်။ ဒါကြောင့်ဒီလို အခြေအနေတွေဟာ မလိုလားအပ်သောအကြောင်းအရာတွေနဲ့ မလိုလားအပ်သောအခြေအနေတွေ ရောက်ရှိသွားနိုင်တယ်။

ဒီလို အခြေအနေတွေကို ကြိုတင်ပြီးတားမြစ်ချင်သောကြောင့် ဆက်လက်ပြီး ပြောရမယ်ဆိုလျှင် တစ်ချို့ လွှတ်တော်ကိုယ်စားလှယ်များလည်း သိပြီးသားဖြစ်မှာပါ။ လုပ်ငန်းလုပ်ပိုင်ခွင့်အပိုင်းတွေမှာ တင်ဒါခေါ် ယူခွင့်အပိုင်းတွေမှာ BRCB(T)၏သဘောထားနဲ့ပဲ တင်ဒါခေါ်ယူခြင်းမဟုတ်ဘဲနဲ့ BRCB(T)၏ မှတ်ချက်ကြောင့်ပဲ ရွေးချယ်တယ်ဆိုတဲ့ ကုမ္ပဏီမျိုးတွေတောင် ရှိနေတယ်ဆိုတဲ့ ဒီအခြေအနေတွေထိ ဖြစ်ပေါ်လာတဲ့အကြောင်းရင်းဟာ မြို့နယ်တွေအထိ တိုင်းဒေသကြီးအတွင်းမှာ ရှိနေကြသော (၂၈)မြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ လက်ရှိဌာနမှာတာဝန်ယူဆောင်ရွက် နေကြသော ဌာနဆိုင်ရာအကြီးအကဲများ၊ အစိုးရအဖွဲ့၊ ဒီကြားထဲတွေမှာ သူ့အပုပ်ချ ငါ့အပုပ်ချနဲ့ စည်းလုံး ညီညွတ်မှုကိုလည်း ပျက်ပြားစေနိုင်တဲ့ အခြေအနေမျိုး ဖြစ်ပေါ်စေနိုင်တဲ့အတွက် ဒီအခြေအနေတွေ အားလုံးကို ပိုမို၍ကောင်းမွန်စေလိုသော ရည်ရွယ်ချက်နှင့် ကျွန်တော်တို့ အခု အဆိုတင်သွင်းထားသော နတ်တလင်းမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်နိုင်ရဲ့ အဆိုကို ထောက်ခံဆွေးနွေးခြင်း ဖြစ်ပါတယ်။ လက်ရှိ QC အဖွဲ့များထားရှိခြင်းကို ဒီနေရာမှာလည်း ကျွန်တော်တို့ နားရှင်းစေလိုပါတယ်။ ထပ်ပြီးတင်ပြလိုတာက QC အဖွဲ့ဆိုတာက ဖျက်သိမ်းချင်တဲ့ သဘောမပါပါဘူး။ QC အဖွဲ့ကို ဆက်လက် ထားရှိစေလိုပါတယ်။ BRCB(T) ကိုသာ ရပ်ဆိုင်း၍ QC အဖွဲ့ကို တိုင်းဒေသကြီး တည်ဆောက်ရေး လုပ်ငန်းများစိစစ်ရေးကော်မတီက ကြီးကြပ်စေလိုတဲ့ သဘောကို ဆိုလိုပါတယ်။ ဒါကိုပိုပြီးတော့ နားရှင်းစေလိုပါတယ်။ ကျွန်တော်တို့ အကြံပြုရခြင်းရဲ့ အကြောင်းရင်းသည် လက်ရှိတည်ဆောက်ရေး လုပ်ငန်းများနှင့် ပတ်သက်ပြီးတော့ (၂%)ယူထားတယ်။ အဲ့ဒီ (၂%)က QC များလက်ထဲ ရောက်သလား ဆိုတော့ မရောက်ပါဘူး။ (၁.၆%) (၁.၇%) အဲ့လောက်ပဲ ရောက်နေတယ်။ ဒါဆို ကျန်တဲ့ ၃% ၄% ၊ ၅% သည် BRCB(T)၏ အသုံးစရိတ်သာလျှင် ဖြစ်ပါလိမ့်မယ်။ အဲ့လိုသုံးတဲ့အသုံးစရိတ်များနဲ့ ပတ်သက် ပြီးတော့ စာရင်းစစ်က ဝင်ရောက်စစ်ဆေးထားခြင်း၊ မှတ်တမ်းတင်ခြင်း၊ လွှတ်တော်ကို ပြန်တင်ပြခြင်း အကြောင်းတစ်စုံတစ်ရာလည်း မရှိပါဘူး။ ပြောရင်တော့ (.၃%)(.၄ %)(.၅ %)လို့ ပြောပေမယ့် တစ်တိုင်းလုံးရဲ့ လုပ်ငန်းများအပေါ်မှာ ခြုံငုံသုံးသပ်မယ်ဆိုရင် ငွေပမာဏသည် များစွာရှိတယ်ဆိုတာ စဉ်းစားရမှာဖြစ်ပါတယ်။

ဒီအပိုင်းတွေနဲ့ ပတ်သက်တဲ့ဟာသည် BRCB(T)ကို ပယ်ဖျက်လိုက်ပြီဆိုတာနဲ့ လက်ရှိ(၂%)သည် QC ကိုလည်း တိုက်ရိုက်ပေးလိုက်နိုင်ပြီဆိုလျှင် ရှေ့က ကိုယ်စားလှယ်တော်ကြီးများ ဆွေးနွေးသွားတဲ့

အတိုင်း QCအဖွဲ့များ ထပ်မံဖွဲ့စည်း၍သော်လည်းကောင်း၊ လူအင်အားတိုးချဲ့ ဖြည့်သွင်း၍သော် လည်းကောင်း ကြီးကြပ်နိုင်ပြီးတော့ လက်ရှိတည်ဆောက်ရေးလုပ်ငန်းများကို မြို့နယ်အသီးသီးမှာ ဒီ့ထက်မက ပိုမိုကောင်းမွန်သော အခြေအနေမျိုးတွေရောက်အောင် ဆက်လက်ဆောင်ရွက်နိုင်မယ့် အလားအလာကောင်းတွေဖြစ်လာမယ်လို့ အကြံပြုဆွေးနွေးတင်ပြလိုပါတယ်။ ဒါကြောင့် နိဂုံးချုပ် အားဖြင့် ပြောရမယ်ဆိုလျှင် နတ်တလင်းမြို့နယ်မှ ဦးကျော်ကျော်နိုင်တင်ပြတဲ့အဆိုသည် တကယ် လိုအပ်နေသော အဓိကပို၍ကောင်းမွန်စေသော၊ ပို၍ စည်းလုံးညီညွတ်စွာနဲ့ တည်ဆောက်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်အောင် အမှန်တကယ် အကျိုးရှိအောင်လို့ ရည်ရွယ်သော ရည်ရွယ် ချက်ဖြင့် တင်ပြဆွေးနွေးခြင်းလို့ သဘောပေါက်နားလည်ပြီးတော့ လက်ရှိ BRCB(T)ကို လုံးဝရပ်ဆိုင်း ပြီးတော့ အခြားတင်ပြခဲ့တဲ့ အကြောင်းအရာများ အပေါ်မှာလည်း ရည်ညွှန်းပြီးတော့လည်း ကိုယ်စား လှယ်ကြီးများ အားလုံး စဉ်းစားချင့်ချိန်နိုင်စေလိုပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ- **“BRCCA အဖွဲ့ကို ဖျက်သိမ်းသော်လည်း BRCCA အဖွဲ့၏လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်နေသော BRCB(T) အဖွဲ့ကို ရပ်ဆိုင်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လိုအပ်သည့် စည်းမျဉ်းစည်းကမ်းများ စနစ်တကျ ရေးဆွဲပြီး တိုင်းဒေသကြီးတည်ဆောက်ရေးကြီးကြပ်မှုကော်မတီအဖွဲ့မှ QC အဖွဲ့များ စနစ်တကျထားရှိပြီး တည်ဆောက်ရေးလုပ်ငန်းများအား ကြပ်မတ်ဆောင်ရွက်ရန် တိုက်တွန်းကြောင်း”** အဆိုကို ကျွန်တော့် အနေနဲ့ လေးလေးနက်နက်ထောက်ခံဆွေးနွေးအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ကျွန်တော်ပထမဆုံး ပြောချင်တာက အခြေအနေမှန်ဘက်ကို ဆွေးနွေးမှာဖြစ်တဲ့အတွက် ထောက်ခံတဲ့ဘက်ကိုလည်း လိုက်မှာမဟုတ်သလို ကန့်ကွက်တဲ့ဘက်ကိုလည်း လိုက်မှာမဟုတ်ပါဘူး။ လက်ရှိအခြေအနေ အမှန်အတိုင်းသိအောင် ဆွေးနွေးတင်ပြခြင်းဖြစ်ပါတယ်။ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ကျော်နိုင်၏ အဆိုကို လေ့လာကြည့်မယ်ဆိုလျှင် **“BRCCA အဖွဲ့ကို ဖျက်သိမ်းသော်လည်း BRCCA အဖွဲ့၏လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက် နေသော BRCB(T) အဖွဲ့ကို ရပ်ဆိုင်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လိုအပ်သည့် စည်းမျဉ်း စည်းကမ်းများ စနစ်တကျရေးဆွဲပြီး တိုင်းဒေသကြီးတည်ဆောက်ရေးကြီးကြပ်မှုကော်မတီအဖွဲ့မှ QC အဖွဲ့များ စနစ်တကျ ထားရှိပြီး တည်ဆောက်ရေးလုပ်ငန်းများအား ကြပ်မတ်ဆောင်ရွက်ရန် တိုက်တွန်းကြောင်း”** အဆို ဆိုပြီး တင်ပြထားပါတယ်။ ဒီဟာနဲ့ ပတ်သက်ပြီး လေ့လာကြည့်တဲ့အခါ တိုင်းဒေသကြီး တည်ဆောက်ရေးကြီးကြပ်မှုကော်မတီအဖွဲ့ဆိုတာ ပါပါတယ်။ အဲ့ဒီတော့ အခု လက်ရှိလည်း

တိုင်းဒေသကြီး တည်ဆောက်ရေးကြီးကြပ်မှုကော်မတီက ရှိနေပါတယ်။ ဘာဖြစ်လို့ အလုပ်မလုပ်သလဲ။ အဲဒါကို မေးခွန်းထုတ်စရာ နံပါတ်(၁)အချက်၊ သူတို့ရှိနေရဲ့သားနဲ့ အခုလက်ရှိ ရှိနေရဲ့သားနဲ့ ဘာလို့ အလုပ်မလုပ်သလဲ။ ဒါကြီးက သိပ်ပြီးစဉ်းစားစရာကောင်းတယ်။ မရှိလို့ မလုပ်ဘူးဆိုရင် တစ်မျိုး။ ရှိနေရဲ့သားနဲ့ ဘာမှမလုပ်ဘူး။ ဒီဟာကို ထပ်ပြီးတော့ တာဝန်ပေးတယ်ဆိုတော့ လွှတ်တော် အနေနဲ့လည်း စဉ်းစားစေချင်ပါတယ်။ နံပါတ်(၂)အချက်အနေနဲ့လည်း ဒီအဖွဲ့ဟာ အစိုးရအဖွဲ့ရဲ့ လက်အောက်က မဟုတ်ပါဘူး။ Thrird Party ဆိုတာ လွတ်လပ်တဲ့အဖွဲ့အစည်း၊ သူ့ဟာသူ ကောင်းရင် ကောင်းမယ်၊ ဆိုးရင်ဆိုးမယ်၊ ဆိုးရင်းဆိုးတဲ့တာဝန်သူတို့ယူ၊ ကောင်းရင်ကောင်းတဲ့တာဝန် သူတို့ခံ။ အစိုးရအဖွဲ့ရဲ့ အောက်မှာ ဒီအဖွဲ့ကိုထားမယ်ဆိုရင် ကျွန်တော့်အယူအဆနဲ့ဆို သွားပြီလို့ ယူဆပါတယ်။ ဒါက ကျွန်တော့် အယူအဆပါ။ နံပါတ်(၃)အချက်အနေနဲ့ BRCB(T)အဖွဲ့ရှိတယ်။ အစိုးရအဖွဲ့ရှိတယ်။ လွှတ်တော်ရှိတယ်။ သက်ဆိုင်ရာအဖွဲ့အစည်းအားလုံးရှိတယ်။ ယနေ့အချိန်အခါမှာ အကုန်လုံးဟာ Transitional Period လို့ခေါ်တဲ့ အသွင်ကူးပြောင်းမှုကာလကို ဖြတ်နေတယ်။ အကုန်လုံး လုံလောက်တဲ့ အဆင့်ကို မရောက် သေးဘူးလို့ယူဆပါတယ်။ အကုန်လုံး လေ့လာဆဲ၊ ဆည်းပူးဆဲ၊ သင်ယူဆဲ၊ ကြားနာဆဲ၊ အကုန်လုံး ကြိုးစားဆဲကာလမှာ ရှိနေတဲ့ ကာလဖြစ်တဲ့အတွက် ဒီဟာကို ကျွန်တော့်အနေနဲ့ ဒီနေ့အချိန်အခါမှာ ဒီလိုအနေအထားမှာပဲ ရှိနေဦးမယ်လို့ ယူဆပါတယ်။ အဲ့ဒီတော့ BRCB(T)မှာ ပြဿနာပေါ်တယ်။ အခုအဆိုပေါ်တယ်။ ဘာဖြစ်လို့ ဒီအဆိုပေါ်လဲ။ အဓိကကတော့ ကျွန်တော်တို့ သွားနေတဲ့ လွှတ်တော်၊ အစိုးရ၊ လွှတ်တော်မှာ လကုန်တဲ့ရက်တိုင်း ကျင်းပတဲ့ အစည်းအဝေးတွေဟာ အခုဆိုရင် (၃)လလောက် ရှိပြီ မကျင်းပနိုင်တာ။ ဝန်ကြီးချုပ်ကလည်း အစိုးရအဖွဲ့ကို ဦးဆောင်ပြီးတော့ မတက်ဘူး။ ဝန်ကြီးတွေ ကလည်း ဒေါက်တာစောညိုဝင်းတက်တယ်။ ဦးအောင်ဇော်နိုင်တက်တယ်။ ဦးညွှန့်ရွှေတက်တယ်။ အဲ့ဒီတော့ ဒီလောက်ပဲတက်ပြီး ကျန်တဲ့သူတွေက ဆွေးနွေးမှုအားပျော့တဲ့အခါ ဒီပြဿနာပေါ်လာတယ်လို့ ယူဆပါတယ်။ ဒါကတစ်ပိုင်း၊

နောက်တစ်ပိုင်းအနေနဲ့လည်း ဒီပြဿနာ နောက်တစ်ပိုင်းပေါ်လာတဲ့ အချက်က QC တွေညံ့လို့၊ QC တွေမှာ ပြဿနာပေါ်တဲ့အခါမျိုးကျတော့ ဒီQC တွေ မပေါ်ခင် ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်တွေ ဆောင်ရွက်တယ်။ ဆောင်ရွက်ပြီးတဲ့အခါ နောက်နှစ်ကျတော့ QC တွေ ဝင်လာတယ်။ နောက်နှစ်ကျတော့ BRCCA လုပ်တယ်။ နောက်နှစ်ကျတော့ BRCCA ဖျက်တယ်။ နောက်နှစ်ကျတော့ BRCB(T)ပေါ်လာတယ်။ အဲ့ဒီတော့ အဲ့ဒီ(၄)နှစ်ကို ခြုံကြည့်မယ်ဆိုလျှင် ဘယ်နှစ်မှာမှ ပြဿနာလျော့လျော့လျှူလျှူနဲ့ ပြီးသွားတာမရှိဘူး။ နှစ်တိုင်းမှာ ပြဿနာရှိနေတဲ့အတွက် ခု QC တွေရှိနေတာ နောက်လည်းရှိနေမှာပဲ။ တည်ဆောက်ရေးကော်မတီ လက်အောက်ကို ထည့်လည်း ရှိနေဦးမှာပဲ။ ရှိနေမယ်ဆိုတော့ ဒီပြဿနာတွေက လွှတ်တော်ရယ်၊ အစိုးရရယ်၊ QC ရယ်၊ QC အဖွဲ့တွေကိုထိန်းချုပ်တဲ့အဖွဲ့တွေရယ် ညှိနှိုင်းဆောင်ရွက်တိုင်ပင်မှုအားနည်းတယ်လို့ ယူဆတယ်။ ညှိနှိုင်းတိုင်ပင်ပေါင်းစပ်မှုသာ လုပ်လိုက်မယ်ဆိုလျှင် ဒီပြဿနာတွေက အကုန်လုံး မဟုတ်တောင် ပြေလည်သွားမယ်လို့ ကျွန်တော်အနေနဲ့ ယုံကြည်ပါတယ်။ ဒါအကောင်းဘက်ကို ရွေ့လာမယ်ဆိုတာ

ယူဆပါတယ်။ နောက်တစ်ခုက ဒီအဖွဲ့ကို ဖွဲ့ထားတာ ဒီအဖွဲ့ကို ဖွဲ့ထားတာဟာ ဝန်ကြီးချုပ် ဦးဆောင်တဲ့ အစိုးရအဖွဲ့က တာဝန်ယူပြီး ဖွဲ့ထားတာ။ ဝန်ကြီးချုပ်နဲ့အစိုးရအဖွဲ့ တစ်ဖွဲ့လုံးမှာ တာဝန် ရှိတယ်။ အဲ့ဒီတော့ ဒီအဖွဲ့ရဲ့ ဆိုးမွေ၊ ကောင်းမွေကို ဝန်ကြီးချုပ်က တာဝန်ယူပြီး ဖွဲ့ထားထာ၊ ကျွန်တော် ပြောချင်တဲ့သဘောက ဒီအဖွဲ့ကြီးတစ်ဖွဲ့လုံးက ဝန်ကြီးချုပ်က တာဝန်ယူထားတယ်။ အစိုးရအဖွဲ့က တာဝန်ယူထားတယ်။ ထိန်းကျောင်းရမယ်။ ကြပ်မတ်ရမယ်။ အဲဒါတွေ အားနည်းနေလို့ ဒီပြဿနာတွေ ပေါ်လာတယ်လို့ ယူဆတယ်။

နောက်တစ်ခုက တည်ဆောက်ရေးကော်မတီအဖွဲ့ကို ထည့်လိုက်မယ်ဆိုလျှင် ကျွန်တော့် အယူအဆအရ အားနည်းသွားလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ဝန်ကြီးချုပ်အဖွဲ့ အစိုးရအဖွဲ့ကနေ တာဝန်ယူပြီး ဖွဲ့ထားရာက ဝန်ကြီးတစ်ပါးတည်းရဲ့ လက်ထဲ ရောက်သွားမှာဖြစ်တဲ့အတွက် ဒါကျွန်တော် ထောက်ပြ ဆွေးနွေးခြင်းသာဖြစ်တယ်။ အကြောင်းအရာကို ကျွန်တော့်တစ်ဦးချင်းအနေနဲ့ မယူဆဘူး။ ကျွန်တော်တို့ဟာ နိုင်ငံရေးသမားတွေဖြစ်တယ်။ ယနေ့အချိန်ဟာ ကျွန်တော်တို့နိုင်ငံရဲ့ ခေါင်းဆောင် တွေဟာ အင်မတန်နူးညံ့တဲ့ နိုင်ငံရေးအနေအထားကို ဖြတ်သန်းနေရတယ်။ စိန်ခေါ်မှုများစွာကို ဖြတ်သန်းနေရတဲ့အချိန် ဖြစ်တဲ့အတွက် ကျွန်တော်ကတော့ လက်ရှိအခြေအနေကို မဖျက်ဘဲနဲ့ ပြုပြင်မယ်၊ ပြင်ဆင်မယ်၊ သုံးသပ်မယ်ဆိုရင်ရနိုင်တယ်လို့ ယူဆတဲ့အတွက် အသစ်တွေကို မကြည့်ဘဲနဲ့ ရှိပြီးသားတွေကိုပဲ ပိုကောင်းအောင် ထိန်းကျောင်းသွားသင့်တယ်လို့ ကျွန်တော်ယူဆတယ်။ နောက် တစ်ချက်ကလည်း လွှတ်တော်တာဝန်၊ အစိုးရတာဝန်ဟာ (၁၀)လ၊ (၁၁)လလောက်ပဲ ရှိတော့တဲ့ အချိန်အခါမှာ QC တွေကိုလည်း တာဝန်ပေးပြီးပြီ။ တင်ဒါတွေလည်း တာဝန်ပေးပြီးပြီ။ အဲ့လို အချိန်အခါမှာ ဒီအဖွဲ့ကို ဖျက်ပြီးကာမှ အဆိုရှင်ရဲ့သဘောကို စည်းမျဉ်းစည်းကမ်းတွေကို စနစ်တကျ ပြန်ရေးဆွဲဦးမယ်။ ရေးဆွဲပြီး ကြီးကြပ်မှုကော်မတီအဖွဲ့အောက်မှာလည်း ပြန်ထားဦးမယ်ဆိုတော့ ကြားထဲမှာ အချိန်ကာလများ ဟာသွားခဲ့သည်ရှိသော် ဒီလိုဆုံးဖြတ်ချက်ချလိုက်တာဟာ ကျွန်တော်တို့ လွှတ်တော်ကြောင့်လို့ ပွင့်ပွင့်လင်းလင်းပြောမယ်ဆို အပြောမခံနိုင်ဘူး။ လွှတ်တော်သည် စောင့်ကြည့် ထိန်းကြပ်တဲ့တာဝန်ပဲရှိတယ်။ ဒီလို တာဝန်ယူပြီးလုပ်လိုက်မယ်ဆိုလျှင် ရွေးကောက်ပွဲကာလကလည်း နီးကပ်လာပြီဖြစ်တဲ့အတွက် ကျန်ခဲ့တဲ့အချိန် ကာလကလည်း အင်မတန်နည်းနေတဲ့အတွက် ဒီကိစ္စကို အချိန်ယူပြီး တိုင်ပင်ဆွေးနွေးလိုက်ရင် ပိုပြီးတော့ကောင်းမယ်လို့ယူဆတဲ့အတွက် ကျွန်တော်ကတော့ အသစ်ကိုတော့ မသွားစေချင်သေးဘူး။ ရှိပြီးသားကိုပဲ မွမ်းမံပြီးတော့ သွားမယ်ဆိုလျှင် ပိုကောင်းမယ်လို့ ယူဆပါတယ်။

နောက်တစ်ခုကလည်း အစိုးရအဖွဲ့နဲ့ လွှတ်တော် လကုန်တိုင်းတွေမှာကျင်းပတဲ့ အစည်းအဝေး တွေကို ကျင်းပလိုက်မယ်ဆိုလျှင် ဝန်ကြီးချုပ်ကလည်း ဦးဆောင်ပြီးတက်ရောက်လိုက်မယ်ဆိုလျှင် လွှတ်တော်ကိုယ်စားလှယ်တွေကလည်း ညှိညှိနှိုင်းနှိုင်းလုပ်မယ်ဆိုလျှင် ကျွန်တော်တို့တိုင်းဟာ တခြား တိုင်းတွေထက် နာမည်ပိုကောင်း သွားမယ်လို့ယူဆပါတယ်။ အဲ့ဒီတော့ ကျွန်တော်ဆွေးနွေးတာတွေကို ပြန်ပြီးချုပ်ရမယ်ဆိုလျှင် Third Party ပဲ သီးသန့်ဖြစ်သင့်တယ်။ တည်ဆောက်ရေးကော်မတီအောက်ကို

ဒီအဖွဲ့က မဖြစ်သင့်ဘူး။ ကောင်းမွေ၊ ဆိုးမွေကို သူတို့လုပ်တဲ့အဖွဲ့ကပဲ ခံသင့်တယ်။ ကျွန်တော်တို့လွှတ်တော်က တာဝန်ခံစရာမလိုဘူးလို့ ကျွန်တော် ယူဆတယ်။ လွှတ်တော်က ဆုံးဖြတ်ချက်ချလိုက်လို့ တစ်ခုခုလွဲမှားသွားရင် လွှတ်တော်ရဲ့ တာဝန်လို့ အစိုးရအဖွဲ့က ထိုးချလာမှာကို ကျွန်တော်က အပြောမခံနိုင်တဲ့အတွက် အဲဒါကိုလည်း စဉ်းစားပေးစေချင်ပါတယ်။ နောက်တစ်ခုက လက်ရှိနိုင်ငံရေးအခြေအနေက နူးညံ့သိမ်မွေ့နေတဲ့အတွက် ကျွန်တော်ကတော့ အသစ်ကို မသွားချင်သေးဘူး။ အဟောင်းကိုပဲ မွမ်းမံချင်တယ်ဖြစ်တဲ့အတွက်ကြောင့် နတ်တလင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်နိုင်၊ **“BRCCA အဖွဲ့ကို ဖျက်သိမ်းသော်လည်း BRCCA အဖွဲ့၏လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက် နေသော BRCB(T) အဖွဲ့ကို ရပ်ဆိုင်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လိုအပ်သည့် စည်းမျဉ်းစည်းကမ်းများ စနစ်တကျရေးဆွဲပြီး တိုင်းဒေသကြီးတည်ဆောက်ရေးကြီးကြပ်မှုကော်မတီအဖွဲ့မှ QC အဖွဲ့များ စနစ်တကျထားရှိပြီး တည်ဆောက်ရေးလုပ်ငန်းများအား ကြပ်မတ်ဆောင်ရွက်ရန် တိုက်တွန်းကြောင်း”** အဆိုကို လွှတ်တော်မှာ မှတ်တမ်းအနေနဲ့ ထားရှိသင့်ပါကြောင်းဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးအောင်ကိုမင်း၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကိုမင်း၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ နတ်တလင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်နိုင်၊ **“BRCCA အဖွဲ့ကို ဖျက်သိမ်းသော်လည်း BRCCA အဖွဲ့၏လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်နေသော BRCB(T) အဖွဲ့ကို ရပ်ဆိုင်း၍ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် လိုအပ်သည့် စည်းမျဉ်းစည်းကမ်းများ စနစ်တကျရေးဆွဲပြီး တိုင်းဒေသကြီး တည်ဆောက်ရေးကြီးကြပ်မှုကော်မတီအဖွဲ့မှ QC အဖွဲ့များ စနစ်တကျ ထားရှိပြီး တည်ဆောက်ရေးလုပ်ငန်းများအား ကြပ်မတ်ဆောင်ရွက်ရန် တိုက်တွန်းကြောင်း”** အဆိုကို ထောက်ခံဆွေးနွေးသွားမဲ့ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်ကိုမင်း ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ Cabinet အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၉) အစည်းအဝေး ဆုံးဖြတ်ချက် ၅(ဠ)အရ BRCB(T)အဖြစ် ယာယီဖွဲ့စည်းမှုအား (၁၄.၁.၂၀၁၉)ရက်နေ့တွင် တာဝန်ပေး ဖွဲ့စည်းခဲ့တယ်လို့ သိရပါတယ်။ ဖွဲ့စည်းရတဲ့ ရည်ရွယ်ချက်ကတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း စတင်ဆောင်ရွက်မယ့် တည်ဆောက်ရေးလုပ်ငန်းများကို အရည်အသွေးစစ်ဆေး ကြီးကြပ်နိုင်ရန် အတွက်ဖြစ်ကြောင်း သိရှိရပါတယ်။ အဲ့ဒီလို့ဖွဲ့စည်းခြင်းနှင့် ပတ်သက်ပြီးတော့ ပဲခူးတိုင်းဒေသကြီး လွှတ်တော်အနေနဲ့ ဦးခင်မောင်ဝင်း၏ အောင်မြင်ခဲ့သော အဆိုနှင့်ပတ်သက်၍ လွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအတိုင်း လိုက်နာဆောင်ရွက်ပေးရန် ပဲခူးတိုင်းဒေသကြီးအစိုးရ အဖွဲ့သို့ အကြောင်းကြားခဲ့သော်လည်း အစိုးရအဖွဲ့ဘက်မှ ဆောင်ရွက်ချက်များအား လွှတ်တော်သို့

အကြောင်းပြန်ကြားခြင်း၊ လွှတ်တော်သို့ လာရောက်ဖြေကြားခြင်းများမရှိခဲ့ဘဲ BRCB(T) အဖွဲ့ဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် တည်ဆောက်ရေးလုပ်ငန်းများအတွက် QC ကုမ္ပဏီများကို ရွေးချယ်တာဝန်ပေးခဲ့ပါတယ်။ အဲ့ဒီလို QC ကုမ္ပဏီများရဲ့ စစ်ဆေးမှုအပိုင်းနဲ့ပတ်သက်ပြီးတော့ အဆင်မပြေမှုများရှိသည့်အတွက် ရွှေကျင်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဒေါ်လှလှဝင်းမှ (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့တွင် လုပ်ငန်းကျွမ်းကျင်သော QC Inspector များ ခန့်ထားပေးနိုင်ခြင်းရှိ/မရှိနှင့် ငွေထုတ်ယူရာမှာ ကြန့်ကြာခြင်းနှင့် ပတ်သက်ပြီးတော့ ပြောင်းလဲပေးရန် အစီအစဉ်ရှိ/မရှိ ဆိုတဲ့ မေးခွန်းများကိုလည်း မေးမြန်းထားခဲ့ပြီး ဖြစ်ပါတယ်။ လေးစားအပ် ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား၊ ကျွန်တော်တို့ မြို့နယ်တွေမှာ QC ကုမ္ပဏီတွေဟာ လုပ်ငန်းတွေကို စိစစ်တော့မယ်ဆိုလျှင် မြို့နယ်တည်ကော်အဖွဲ့ရှိပါတယ်။ တည်ကော်အဖွဲ့တွေ သွားရောက်စိစစ်တဲ့အခါမှာ သူတို့တွေရဲ့ အားနည်းချက်များကို များစွာတွေ့ရှိခံစားနေရတာ ဖြစ်ပါတယ်။ ဒါ ကျွန်တော်တို့ မြို့နယ်တစ်ခုတည်းမှာမဟုတ်ဘဲ တခြားမြို့နယ်တွေမှာလည်း ဒီလိုမျိုးပဲ တွေ့ကြုံနေ ရမယ်လို့ ကျွန်တော့်အနေနဲ့ မျှော်လင့်မိပါတယ်။

အဆိုရှင်တင်သွင်းခဲ့သော BRCCA သည် အမှန်တကယ်ပဲ ဖြစ်သင့်ဖြစ်ထိုက်သော အဆိုတစ်ခု ဖြစ်ပါတယ်။ မြို့နယ်များတွင်လည်း တတ်သိနားလည်ကျွမ်းကျင်ကြသည့် Engineer ဌာနတွေ ရှိကြပါတယ်။ အဆိုရှင်တင်ပြထားသည့် တိုင်းဒေသကြီးတည်ဆောက်ရေးကြီးကြပ်မှုကော်မတီ QCအဖွဲ့များကို စနစ်တကျ ဖွဲ့စည်းပြီး ကြပ်မတ်ဆောင်ရွက်သွားမည်ဆိုလျှင် အဆင်ပြေချောမွေ့နိုင်မှာ ဖြစ်ပါတယ်။ ယခုလက်ရှိ ဖြစ်ပေါ်နေသည်မှာ ယခင် BRCCA ယခု BRCB(T) အဖွဲ့ကို 2% ပေးသွင်းနေရပြီး တာဝန်ယူ တာဝန်ခံမှုမရှိသည့်အပြင် နယ်မြေများ ဥပမာ- ကြို့ပင်ကောက်မြို့နယ်မှာဆိုလျှင် အဆောက်အဦတစ်ခုကို စစ်ဆေးတော့မည်ဆိုလျှင် ၎င်းတို့အား ဖုန်းခေါ်ဆိုရခြင်း၊ သတ်မှတ်ချိန်တွင် မိမိတို့အဖွဲ့မှာ လူစုံနေသော်လည်း ၎င်းတို့အား စောင့်နေရခြင်းများ ရှိနေပါကြောင်း၊ ကြို့ပင်ကောက်မြို့နယ်တွင် စာသင်ကျောင်းတစ်ကျောင်းအား စစ်ဆေးသည့်အခါ ယခုဖွဲ့စည်းထားသော QC အဖွဲ့များနှင့် သွားရောက်စစ်ဆေးကြပါသည်။ စာသင်ခန်းများတွင် မြေသိပ်သည်းမှုရှိစေရန် မြေဖို့သည့်အခါ ရေသွင်းအခြောက်ခံပြီးမှ ဒင်ဆောင့်ရပါသည်။ သို့မှသာ အပေါ်မှလောင်းမည့် ကွန်ကရစ်သည် အက်ကွဲမှုမရှိဘဲ ရေရှည်ခံနိုင်မှာဖြစ်ပါတယ်။ ကွင်းဆင်းစစ်ဆေးချိန်တွင် QC အဖွဲ့အား သိပ်သည်းမှုရှိပြီလားဟု မေးမြန်းခဲ့ရာ QC အဖွဲ့ဝင် (ဆောက်လုပ်ရေးသမား)မှ သူတို့က သိပ်သည်းမှုရှိသည်ဟု ပြန်လည်ဖြေကြားခဲ့ပါသည်။ ယင်းဖြေကြားချက်သည် Engineer QC အဖွဲ့၏ ဖြေကြားမှုဖြစ်ပါသည်။ ပညာရှင်များကို လေးစားမှုရှိသော်လည်း ကျောင်းဆင်းစ Engineer များသာ နယ်တွေမှာ အလုပ်လုပ်နေကြသည့်အတွက် အားနည်းချက်များ ရှိနေပါသည်ကို တွေ့မြင်ရပါသည်။ သူတို့တွေက ပေါ့ပေါ့ပါးပါးနဲ့ လုပ်ကိုင်ဆောင်ရွက်နေတာ တွေ့ရှိရပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့က တာဝန်ယူမှု၊ တာဝန်ခံမှု လုံးဝမရှိဘူး။

သို့ဖြစ်ပါ၍ အဆိုရှင်တင်သွင်းသော **“BRCCA အဖွဲ့ကို ဖျက်သိမ်းသော်လည်း BRCCA အဖွဲ့၏လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်နေသော BRCB(T) အဖွဲ့ကို ရပ်ဆိုင်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လိုအပ်သည့် စည်းမျဉ်းစည်းကမ်းများ စနစ်တကျရေးဆွဲပြီး တိုင်းဒေသကြီးတည်ဆောက်ရေး ကြီးကြပ်မှုကော်မတီအဖွဲ့မှ QC အဖွဲ့များ စနစ်တကျထားရှိပြီး တည်ဆောက်ရေးလုပ်ငန်းများအား ကြပ်မတ်ဆောင်ရွက်ရန် တိုက်တွန်းကြောင်း”** အဆိုကို လေးလေးနက်နက် ထောက်ခံပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။ ဦးကျော်ကျော်နိုင်၏ အဆိုတွင်ပါသည့် **“BRCCA အဖွဲ့ကို ဖျက်သိမ်းသော်လည်း BRCCA အဖွဲ့၏ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်နေသော BRCB(T) အဖွဲ့ကို ရပ်ဆိုင်း၍”** ဆိုသည့်စကားရပ်ဟာ BRCCA အဖွဲ့နှင့်ပတ်သက်၍ လွှတ်တော်၏အကြံပြုချက်များရှိသော်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် အကြံပြုချက်များကို တည်ဆောက်ရေးအဖွဲ့များနှင့် ပတ်သက်ပြီးတော့ တာဝန်ခံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းများ ကြီးကြပ်ခနှင့် ငွေစာရင်းစစ်ဆေးခြင်း တည်ဆဲဥပဒေနှင့်အညီ အပြစ်ပေးအရေးယူဆောင်ရွက်ခြင်းများ ထည့်သွင်းပေးရန်ဆိုသည့် အချက်များအား လျစ်လျူရှုကာ BRCB(T)အဖွဲ့ကို အမည်ပြောင်းလဲတာဝန်ပေးခဲ့ပြီး ပါဝင်နိုင်ခဲ့တဲ့ ပုဂ္ဂိုလ်များ ပြောင်းလဲခြင်းမရှိခဲ့တာကို ရည်ရွယ်တာလို့ ကျွန်တော်ယူဆပါတယ်။ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၇ မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပြည်ထောင်စုဥပဒေနှင့်အညီလည်းကောင်း၊ ပြည်ထောင်စုအစိုးရနှင့် ကြိုတင်ညှိနှိုင်း၍လည်းကောင်း၊ မိမိတာဝန်ယူ အကောင်အထည်ဖော်ရမည့်လုပ်ငန်းများကို ဆောင်ရွက်ရန်၊ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆိုင်ရာနယ်ဘက်ဝန်ထမ်းအဖွဲ့အစည်းများကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။ (ခ) လိုအပ်သော နယ်ဘက်ဝန်ထမ်းများကို ခန့်အပ်နိုင်သည်လို့ ပြဋ္ဌာန်းထားရှိပါတယ်။ အဲ့ဒီလိုပြဋ္ဌာန်းထားတဲ့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ BRCCA ပဲဖြစ်ဖြစ် BRCB(T)ပဲဖြစ်ဖြစ် နယ်ဘက်ဝန်ထမ်း အဖွဲ့အစည်းတွေကို ဖွဲ့စည်းလို့ရပါတယ်။ ဒါပေမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေက နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပြည်ထောင်စုဥပဒေနှင့်အညီလို့ အတိအလင်းပြဋ္ဌာန်းထားတာကြောင့် ကျွန်တော်တို့ လွှတ်တော်က အကြံပြုထားတဲ့အချက်တွေဖြစ်တဲ့ ဖွဲ့စည်းပုံတွေ၊ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များ၊ လိုက်နာရမည့် စည်းကမ်းချက်တွေ၊ တာဝန်ယူမှု၊ တာဝန်ခံမှုတွေ၊ ငွေစာရင်းစစ်ဆေးတာတွေ၊ တည်ဆဲဥပဒေနဲ့အညီ အပြစ်ပေးအရေးယူတာတွေဟာ မဖြစ်မနေ ထည့်သွင်းရေးဆွဲဖို့ လိုအပ်မှာလည်း ဖြစ်ပါတယ်။ အဲ့ဒီအချက်တွေ မရေးဆွဲဘဲနဲ့ တာဝန်ပေးထားတာဖြစ်တဲ့ ဒီဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မညီညွတ်ဘူးလို့ သတ်မှတ်ရမှာဖြစ်ပါတယ်။

BRCB(T) ကို ယာယီဆိုပြီးတော့ တိုင်းဒေသကြီးအစိုးရက ဖွဲ့စည်းတယ်၊ QC ကုမ္ပဏီတွေ ရွေးချယ်ပြီး တည်ဆောက်ရေးလုပ်ငန်းတွေကို စစ်ခိုင်းတယ်၊ လာမယ့် ၁၄ ရက်နေ့ မနက်ဖြန်ဆိုလျှင် တစ်နှစ်ပြည့်ပြီဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် တည်ဆောက်ရေး လုပ်ငန်းတွေ စစ်ဖို့ဆိုပြီးတော့ ဖွဲ့ခဲ့ရာကနေ ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် QC ကုမ္ပဏီကိုတောင် ၁၅ရက် ၁၁လ ၂၀၁၉ ရက်နေ့အပြီး လျှောက်လွှာတင်သွင်းဖို့ သတင်းစာက ခေါ်သွားပြီးလည်း ဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်ပါမယ်။ ဒီလိုဆောင်ရွက်ထားပါတယ်လို့လည်း ကျွန်တော်တို့ လွှတ်တော်ကို အကြောင်းကြားတာ၊ လာရောက်ပြီး ရှင်းလင်းပြောကြားတာကိုလည်း မတွေ့ရဘူးဆိုတော့ ကျွန်တော်တို့ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လွှတ်တော်ကို အလေးမထားတဲ့ သဘော သက်ရောက်နေပါတယ်။ BRCB(T)ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် QC ကုမ္ပဏီတွေကို ရွေးချယ်ခွင့် ဆက်ပေးဦးမယ်ဆိုလျှင် ကျောင်းဆင်း အင်ဂျင်နီယာလေးတွေနေရာမှာ ပညာရှင်တွေကို မလေးစားလို့ မဟုတ်ပါဘူး။ ပညာရှင် တွေကို လေးစားပါတယ်။ အတွေ့အကြုံနည်းပါးတဲ့ အင်ဂျင်နီယာလေးတွေနဲ့ ဆက်ပြီး ကြုံတွေ့နေရဦး မှာပဲ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုလျှင် QC ကုမ္ပဏီက ခေါ်တဲ့အပိုဒ် (င)မှာ မိမိတို့ ဆောင်ရွက်လိုတဲ့ လုပ်ငန်းအမျိုးအစားအလိုက် PE ဒါမှမဟုတ် RSE အင်ဂျင်နီယာ အနည်းဆုံးတစ်ဦး Orginzation Chat တွင် ပါဝင်ရမယ်လို့ ထည့်သွင်းကြေငြာထားလို့ပဲ ဖြစ်ပါတယ်။ ဒါ့အပြင် တည်ဆောက်ရေးကုမ္ပဏီများကလည်း လုပ်ငန်းတွေကို တင်ဒါဆွဲဖို့အစား QC ကုမ္ပဏီပဲလုပ်တော့မယ်ဆိုပြီးတော့ ပြောဆိုလာတာတွေကိုလည်း ကြားသိမြင်တွေ့နေရတာပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်သွင်းတာက အစိုးရအဖွဲ့က စနစ်တကျ ဖွဲ့စည်းပေးဖို့ပဲ တင်သွင်းထားတဲ့အဆိုဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအချက်ကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေနဲ့ လေးလေးနက်နက် ထည့်သွင်းစဉ်းစားပေးဖို့ တင်ပြလိုပါတယ်။ နိဂုံးချုပ်အနေနဲ့ တင်ပြရလျှင် ကျွန်တော့်အနေနဲ့ ရည်ရွယ်ချက်ကောင်းကောင်း၊ အတွေ့အကြုံရှိတဲ့ အင်ဂျင်နီယာကြီးတွေ သက်ဆိုင်ရာ QC ၊ QA ၊ သင်တန်းဆင်းလက်မှတ်ရ အင်ဂျင်နီယာငယ်တွေ၊ ခေတ်မီကိရိယာအပြည့်အစုံနဲ့ ဖွဲ့စည်းထားတဲ့ QC ကုမ္ပဏီတွေနဲ့ လက်တွဲလုပ်ကိုင်ဖို့ မျှော်လင့်ပါတယ်။ ဒါ့အပြင် ပြည်သူလူထုရဲ့ အကျိုးစီးပွားအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုမရှိဘဲ အရည်အချင်းမရှိတဲ့ QC ကုမ္ပဏီတွေဆီက ပွဲစားကယူနေတဲ့ Third Party အဖွဲ့အစည်းကိုတော့ မလိုလားပါဘူး။ ဒါ့ကြောင့် အဆိုရှင် ဦးကျော်ကျော်နိုင်ရဲ့ အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးပြောကြားရင်းနဲ့ ကျွန်တော့်ရဲ့ တင်ပြချက်ကို နိဂုံးချုပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“BRCCA အဖွဲ့ကို ဖျက်သိမ်းသော်လည်း BRCCA အဖွဲ့၏ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်နေသော BRCB(T) အဖွဲ့ကို ရပ်ဆိုင်း၍ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် လိုအပ်သည့် စည်းမျဉ်းစည်းကမ်းများ စနစ်တကျရေးဆွဲပြီး တိုင်းဒေသကြီး တည်ဆောက်ရေးကြီးကြပ်မှုကော်မတီအဖွဲ့မှ QC အဖွဲ့များ စနစ်တကျထားရှိပြီး တည်ဆောက်ရေး လုပ်ငန်းများအား ကြပ်မတ်ဆောင်ရွက်ရန် တိုက်တွန်းကြောင်း”** အဆိုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည် ရှင်းလင်းဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ[ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန]။** ။ ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“BRCCA အဖွဲ့ကို ဖျက်သိမ်းသော်လည်း BRCCA အဖွဲ့၏ လုပ်ထုံး**

**လုပ်နည်းများအတိုင်း ဆောင်ရွက်နေသော BRCB(T) အဖွဲ့ကို ရပ်ဆိုင်း၍ တိုင်းဒေသကြီး အစိုးရအဖွဲ့ အနေဖြင့် လိုအပ်သည့် စည်းမျဉ်းစည်းကမ်းများ စနစ်တကျရေးဆွဲပြီး တိုင်းဒေသကြီးတည်ဆောက် ရေးကြီးကြပ်မှုကော်မတီအဖွဲ့မှ QC အဖွဲ့များ စနစ်တကျထားရှိပြီး တည်ဆောက်ရေး လုပ်ငန်းများအား ကြပ်မတ်ဆောင်ရွက်ရန် တိုက်တွန်းကြောင်း"** အဆိုကို ပြန်လည်ဖြေကြားပေးမှာဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီးအတွင်း ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီးရန်ပုံငွေနှင့် ဒေသန္တရရန်ပုံငွေ တို့ဖြင့် တည်ဆောက်သော လုပ်ငန်းများ အရည်အသွေးပြည့်မီရေးနှင့် သတ်မှတ်ချိန်အမီ ပြီးစီးနိုင်ရေး စစ်ဆေးကြီးကြပ်ရန် ရည်ရွယ်ချက်ဖြင့် Thrid Party (QC) စနစ်ကို မှန်ကန်စွာ ကျင့်သုံး၍ အကောင် အထည်ဖော်နိုင်ရန် ပြင်ပပညာရှင် အင်ဂျင်နီယာများ၊ ဌာနဆိုင်ရာများပါဝင်သည့် Bago Region Construction Control Authority ကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ Cabinet ၏ ဆုံးဖြတ်အတည် ပြုချက်ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ထိုကဲ့သို့ ဆောင်ရွက်ထားမှုကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရုံး၏ (၃၀.၈.၂၀၁၇) ရက်စွဲပါစာအမှတ်၊ ၇/၂-၁/ထောက်၃ (၆၂၆၄)ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခဲ့ပါသည်။

ထို့ပြင် (၂၂.၈.၂၀၁၇) ရက်နေ့တွင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဆောင်သောအဖွဲ့တို့ Viedo Conferencing ပြုလုပ်စဉ် Bago Region Construction Control Authority (BRCCA) ဖွဲ့စည်းဆောင်ရွက်မှုကို တင်ပြခဲ့ရာ "လိုအပ်သော ကုန်ကျစရိတ်များကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များကသာ စရိတ်ကျခံသွားရန်၊ ဥပဒေစည်းမျဉ်း စည်းကမ်းပြင်ပမှ လုံးဝဆောင်ရွက်ခြင်းမပြုရန်နှင့် မူလသဘောတူစာချုပ် ချုပ်ဆိုထားသော ကန်ထရိုက် စည်းမျဉ်းစည်းကမ်းအတိုင်းသာ ဆောင်ရွက်သွားရန်" ဟု ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ တစ်ဆင့် (၂၃.၁၀.၂၀၁၇) ရက်စွဲပါစာအမှတ်၊ ၁၇၇၉/၂၄၈ - ဖွဲ့စည်း ၁-၃/အဖရ(၂၀၀၇) ဖြင့် လမ်းညွှန်မှု ပေးခဲ့ပါသည်။

နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်နှင့်အညီ BRCCA အဖွဲ့သည် လုပ်ငန်းစစ်ဆေးမှု အခြေခံလမ်းညွှန်( Scope of Work ) များ ထုန်ပြန်၍ မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်း (Myanmar National Building Code )(MNBC) နှင့် ဆက်စပ်နိုင်ငံတကာ စံချိန်စံညွှန်းများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော မူဝါဒနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက် ရာတွင် လိုက်နာကျင့်သုံးရမည့် လမ်းညွှန်စာအုပ်၊ စစ်ဆေးသူလက်စွဲ (Inspector's Manual) လမ်းညွှန်ချက်များနှင့် အညီ Third Party အဖွဲ့များအား ကြီးကြပ်ကွပ်ကဲလျက် QC စစ်ဆေးမှုလုပ်ငန်း များကို ဆောင်ရွက်ခဲ့ပါသည်။

ထို့ပြင် BRCCA သည် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အင်ဂျင်နီယာများ၊ ဗိသုကာများနှင့် ဆက်စပ် ပညာရှင်များဖြင့် နည်းပညာဖြန့်ဝေခြင်း၊ သင်တန်းများပေးခြင်းတို့ကိုလည်း အခါအားလျော်စွာ ဆောင်ရွက်ပေးခဲ့ပါသည်။

သို့ရာတွင် အကြောင်းအမျိုးမျိုးကြောင့် BRCCA အဖွဲ့မှ လုပ်ငန်းဆောင်ရွက်ခြင်းများကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အမိန့်တစ်စုံတစ်ရာမရမချင်း ယာယီရပ်ဆိုင်းထားရန် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ (၆.၆.၂၀၁၉) ရက်စွဲပါစာအမှတ်၊ ၇/၂-၁/ထောက်၃ (၄၈၁၁) ဖြင့် အကြောင်းကြား ရပ်ဆိုင်းထားခဲ့ပါသည်။

၂၀၁၈ ခုနှစ် မိုးနီဘတ်ဂျက်ကာလ တည်ဆောက်ရေးကာလအတွင်း တည်ဆောက်ရေး လုပ်ငန်းများအား QC စစ်ဆေးခြင်းကို "တိုင်းဒေသကြီးတည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ"၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဆောင်ရွက်စေခဲ့ပါသည်။

သို့ရာတွင် ၂၀၁၈ မိုးနီဘတ်ဂျက်ကာလတွင် QC စစ်ဆေးမှုအခြေအနေများမှာ ကျေနပ်ဖွယ်ရာမရှိကြောင်း တွေ့ရှိရသဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးတည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီ (တည်/ကော်)တွင် အဖွဲ့ဝင်များမှာ တိုင်းအဆင့် ဌာနဆိုင်ရာအကြီးအကဲများဖြစ်ကြ၍ ၎င်းတို့ဌာနမှ ဆောင်ရွက်သည့် လုပ်ငန်းများအား QC စစ်ဆေးမှုကို ၎င်းတို့ကိုယ်တိုင် ကြီးကြပ်စစ်ဆေးခြင်းမှာ Conflict of Interest (COI) ဖြစ်ပေါ်နိုင်သဖြင့်လည်းကောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် QC လုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်ရန် သီးခြားလွတ်လပ်သည့်အဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်စေသင့်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

သို့ပါ၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တည်ဆောက်ရေးတင်ဒါလုပ်ငန်းများလည်း စတင်ဆောင်ရွက်နေပြီဖြစ်သောကြောင့် တည်ဆောက်ရေးလုပ်ငန်းများ စနစ်တကျအရည်အသွေးစစ်ဆေး ကြီးကြပ်ကွပ်ကဲနိုင်ရန်နှင့် နိုင်ငံတော်ဘဏ္ဍာငွေများ အကျိုးရှိရှိ မှန်မှန်ကန်ကန်သုံးစွဲနိုင်ရန် ကြီးကြပ်ရေး အတွက် အရေးတကြီးလိုအပ်နေပြီဖြစ်သောကြောင့် (၁၃.၁၂.၂၀၁၈) ရက်နေ့တွင် ကျင်းပပြုလုပ်သော ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ Cabinet အစည်းအဝေး အမှတ်စဉ်(၁၈/၂၀၁၈) ဆုံးဖြတ်ချက်အပိုဒ်-၆(စ)အရ ပဲခူးတိုင်းဒေသကြီး တည်ဆောက်ရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ပြီး လုပ်ငန်းများ စတင်ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပဲခူးတိုင်းဒေသကြီးလွှတ်တော်သို့ သဝဏ်လွှာကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ (၂၇.၁၂.၂၀၁၈) ရက်စွဲပါစာအမှတ်၊ ၇/၂-၁/ထောက်၃ (၁၂၅၁၅)ဖြင့် ပေးပို့ခဲ့ပြီးဖြစ်ပါသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးတည်ဆောက်ရေးလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့ (ယာယီ) Bago Region Construction Board (Temporary) ကို အဖွဲ့ဝင် (၅)ဦးဖြင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၁၄.၁.၂၀၁၉)ရက်စွဲပါ ရုံးအမိန့်အမှတ် (၀၁၃/၂၀၁၉) ဖြင့် ဖွဲ့စည်းခဲ့ပြီး၊ လုပ်ငန်းတာဝန်သတ်မှတ်ချက် (၁၃)ရပ်ကိုလည်း တစ်ပါတည်း သတ်မှတ်ပေးခဲ့ပါသည်။

BRCB(T) အနေဖြင့် အဖွဲ့ခေါင်းဆောင်(၁)ဦး၊ Professional Engineer (PE) အဖွဲ့ဝင် (၃)ဦး၊ ဥပဒေပညာရှင် (၁)ဦး (Finance & Admin ) တို့ဖြင့် ရုံးအဖွဲ့ ဖွဲ့စည်း၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့က သတ်မှတ်ပေးထားသော လုပ်ငန်းတာဝန်(၁၃)ရပ်အပြင် QC စစ်ဆေးရာတွင် မလွဲမသွေ စံပြုလိုက်နာအသုံးပြုရသည့် မြန်မာနိုင်ငံ

အင်ဂျင်နီယာကောင်စီမှ ထုတ်ပြန်ထားသော "မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်း" (Myanmar National Building Code, MNBC) နှင့် ဆက်စပ်အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများကိုပင် လိုက်နာဆောင်ရွက်ရမည်သာ ဖြစ်ပါသည်။

ထို့ပြင် ပြည်သူ့လွှတ်တော်တွင် အောင်မြင်ထားသော အဆိုဖြစ်သည့် Third Party စနစ်ကို ကျင့်သုံးနိုင်ရန် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များ ပေါ်ပေါက်လာရေးကို တာဝန်ရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်နေဆဲကာလဖြစ်သည့်အပြင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် သီးခြားစည်းမျဉ်းစည်းကမ်းများ ရေးဆွဲဆောင်ရွက်မည်ဆိုပါက တစ်ရုံးတစ်ထုံးဆောင်ရွက်နေသည့် အခိပ္ပါယ် သက်ရောက်သွားမည်ဖြစ်ပါသည်။

တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ပြည်ထောင်စုအဆင့်မှ ရေးဆွဲပြဋ္ဌာန်းမည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်းများ မထွက်ပေါ်သေးမီ မိမိတို့တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စိစစ်ခြင်း၊ ကြီးကြပ်ခြင်းဖြင့်သာ QC စစ်ဆေးမှုလုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြင့် အသင့်လျော်ဆုံး ဖြစ်ပါသည်။

BRCB(T)အဖွဲ့ကို ဖျက်သိမ်း၍ တိုင်းဒေသကြီးတည်ဆောက်ရေး ကြီးကြပ်မှုကော်မတီမှ QC အဖွဲ့များ စနစ်တကျထားရှိပြီး တည်ဆောက်ရေးလုပ်ငန်းများအား ကြပ်မတ်ဆောင်ရွက်ရန်မှာလည်း အထက်တွင် တင်ပြခဲ့သကဲ့သို့ တည်/ကော်တွင် ပါဝင်သည့် အဖွဲ့ဝင်များမှာ တည်ဆောက်ရေးလုပ်ငန်း ပိုင်ရှင်ဌာန (Owner Department) ၏ အကြီးအကဲများကိုယ်တိုင်ပင် ဖြစ်နေ၍ မိမိ၏ လုပ်ငန်းကို မိမိကိုယ်တိုင် ပြန်လည်စစ်ဆေးသည့်သဘော သက်ရောက်နေသဖြင့် Conflict Of Interest (COI) ဖြစ်ပေါ်စေနိုင်ပါသည်။

သို့ပါ၍ ပြည်ထောင်စုအဆင့်မှ ပြဋ္ဌာန်းမည့် Third Party ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများ မပေါ်ပေါက်မီ ယခုလက်ရှိ ဆောင်ရွက်နေသော တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အတည်ပြုထားသည့် BRCB(T) အဖွဲ့၏ အစီအစဉ်အရသာ ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ အဆိုရှင် ဦးကျော်ကျော်နိုင်က မိမိ၏အဆိုကို ရုပ်သိမ်းလိုခြင်း ရှိ/မရှိ တင်ပြပါ။

**ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အဆိုအနေနဲ့ BRCB(T) ဆိုတာကလည်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက်ပဲ ယာယီဖွဲ့စည်းထားတယ်ဆိုတာ ဝန်ကြီးဖြေကြားသွားတဲ့အထဲမှာပါပါတယ်။ ဆောက်လုပ်ရေးလုပ်ငန်းများနဲ့ပတ်သက်ပြီး ပဲခူးတိုင်းဒေသကြီး (၂၈)မြို့နယ်မှာ အဆင်ပြေတာရှိသလို အဆင်မပြေတာတွေလည်း ရှိပါတယ်။ ဒီအဆိုကို တင်ရတဲ့ ရည်ရွယ်ချက်က ပဲခူးတိုင်းဒေသကြီးမှာ ဆောက်လုပ်ရေးလုပ်ငန်းများကြီးကြပ်မှုစစ်ဆေးရေးတွေ လုပ်တဲ့အခါမှာ အဆင်မပြေတာတွေက

များနေပြီးတော့ အဆင်ပြေတာတွေက ခပ်နည်းနည်းပဲရှိပါတယ်။ ဒါကြောင့်မို့လို့ အဆိုကိုတင်ရခြင်းဖြစ်ပါတယ်။ ဒီအဆိုနဲ့ ပတ်သက်လို့ ၂၀၁၈-၂၀၁၉ ဘတ်ဂျက်အတွက်သာ (Temporary) ယာယီဖွဲ့စည်းတာဖြစ်တဲ့အတွက် အဆိုကို ရုတ်သိမ်းခြင်းမရှိဘဲနဲ့ လွှတ်တော်၏အဆုံးအဖြတ်ကို ရယူမှာဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ တင်ပြပါတယ်။

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- အဆိုရှင်က အဆိုကို ရုတ်သိမ်းလိုခြင်းမရှိသည့်အတွက် ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"BRCCA အဖွဲ့ကို ဖျက်သိမ်းသော်လည်း BRCCA အဖွဲ့၏လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်နေသော BRCB(T) အဖွဲ့ကိုရပ်ဆိုင်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လိုအပ်သည့် စည်းမျဉ်းစည်းကမ်းများ စနစ်တကျရေးဆွဲပြီး တိုင်းဒေသကြီးတည်ဆောက်ရေးကြီးကြပ်မှုကော်မတီအဖွဲ့မှ QC အဖွဲ့များ စနစ်တကျထားရှိပြီး တည်ဆောက်ရေးလုပ်ငန်းများအား ကြပ်မတ်ဆောင်ရွက်ရန် တိုက်တွန်းကြောင်း"** အဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူပါမယ်။ ဒီလိုဆောင်ရွက်ရာမှာ ဆန္ဒမဲပေးခြင်းကို Evoting applications ဆန္ဒမဲပေးပုံ အဆင့်ဆင့်ဖြင့် လွှတ်တော်၏ဆန္ဒကို ရယူပါမယ်။ ဒီလိုဆန္ဒရယူရာမှာ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှ ဆန္ဒမဲပေးရန် အသင့်ပြင်ပါဟု ဆိုသည်နှင့် Evoting applications အား ရွေးချယ်ပြီး မိမိနံပါတ်ဖြင့် နှိပ်၍ ဝင်ရန်ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးမှ ဆန္ဒမဲ ပေးနိုင်ပါပြီဟု ဆိုသည်နှင့် မိမိကြိုက်နှစ်သက်ရာတစ်ခုအား ရွေးချယ်ပြီး မဲပေးနိုင်ပါတယ်။ အကယ်၍ ထောက်ခံဆန္ဒပြုသည့် လွှတ်တော်ကိုယ်စားလှယ် ဦးရေများလျှင် အဆိုကို အတည်ပြုသည်ဟူ၍ လည်းကောင်း၊ နည်းလျှင် အဆိုကို အတည်မပြုဟူ၍လည်းကောင်း လွှတ်တော်သို့ ကြေညာမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးရန် အသင့်ရှိစေလိုပါတယ်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- လွဲမှားတဲ့ အမည်ဖော်ပြချက်ပါဝင်နေတဲ့ အဆိုတစ်ခုကို လွှတ်တော်မှာ မဲခွဲဆုံးဖြတ်မယ်ဆိုလျှင် နိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ ကျွန်တော်တို့အနေနဲ့သတ်မှတ်ဖို့ ခဲယဉ်းပါတယ်။ ဥက္ကဋ္ဌကြီးအနေနဲ့ ပြန်လည်စိစစ်စေလိုပါတယ်။ တည်ဆောက်ရေးအဖွဲ့ ကြီးကြပ်မှုအဖွဲ့ဆိုပြီး လွဲမှားတဲ့ အမည်ဖော်ပြချက်ကို ဒီအဆိုထဲမှာ အဆိုရှင်က တင်ပြထားတာဖြစ်ပါတယ်။ ဒီအဆိုကို မဲခွဲဆုံးဖြတ်မယ်ဆိုလျှင် နိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ ကျွန်တော်တို့အနေနဲ့ အတည်ပြုမယ်ဆိုလျှင် လွှတ်တော်အနေနဲ့ လေးလေးနက်နက် ပြန်လည်သုံးသပ်သင့်ပါတယ်လို့ ကျွန်တော့်အနေနဲ့ အကြံပြုချင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က ဒီလိုဆုံးဖြတ်ပြီး ဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားဆန္ဒများ၊ ဆွေးနွေးချက်များကို ကျယ်ကျယ်ပြန့်ပြန့် လွှတ်တော်အတွင်းမှာ ကြားနာမည်

ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဆက်လက်ပြီး ဆောင်ရွက်သွားမှာဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- အဆိုရှင်၏ အဆိုနှင့်ပတ်သက်ပြီး ထောက်ခံမဲ (၃၇)မဲ၊ ကြားနေမဲ (၄)မဲ၊ ကန့်ကွက်မဲ (၁၉)မဲဖြစ်ပါတယ်။ ယခု ထောက်ခံဆန္ဒပြုသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ များတဲ့အတွက် ဦးကျော်ကျော်နိုင်၏ အဆိုကိုအတည်ပြုကြောင်း ကြေညာပါတယ်။

**ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပဥ္စမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (ဆဋ္ဌမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို (၁၃:၀၀)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ (၁၆)ရက် (တနင်္လာနေ့) နံနက် (၁၀:၀၀)နာရီအချိန်မှာ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**[ဩဘာသံများ]**

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

ပဲခူးတိုင်းဒေသကြီးလွှတ်တော်

ပဲခူးမြို့

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်

အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ

မှ

(၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့တင်သွင်းသောအစီရင်ခံစာ

(၄/၂၀၁၉)

ရက်စွဲ၊ ၂၀၁၉ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်

Cover-file list 3

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီမှ တင်သွင်းသော အစီရင်ခံစာ

### နိဒါန်း

၁။ ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် လွှတ်တော်လုပ်ငန်းများအောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၇ အပိုဒ်(က)၊ (ခ)၊ (ဂ)အရလည်းကောင်း၊ ၂၀၁၃ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၃၊ ၂၄၊ ၂၅၊ ၂၆အရလည်းကောင်း၊ ၂၀၁၄ခုနှစ် တိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂ နည်းဥပဒေခွဲ (က)၊ (ခ)အရ ရေးရာကော်မတီ (၁၀)ခုဖွဲ့စည်းထားရှိသည့်အနက် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီသည်လည်းအပါအဝင်ဖြစ်ပါသည်။ ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအပါအဝင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များသည် မိမိတို့မြို့နယ်အလိုက် ကိုယ်စားပြု၍သော်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးတစ်ခုလုံးကို ကိုယ်စားပြု၍သော်လည်းကောင်း၊ ပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ဥပဒေပြုရေးစသည့် ကဏ္ဍပေါင်းစုံအတွက် ဥပဒေပြုရေးတာဝန်၊ အပြန်အလှန်ထိန်းကျောင်းရေးတာဝန်၊ ပြည်သူများကိုယ်စားပြုရေးတာဝန်များအရ လိုအပ်သော ဥပဒေများပြုစုပြဋ္ဌာန်းခြင်း၊ ပြဋ္ဌာန်းပြီးသောဥပဒေများမှ လိုအပ်ချက်များအား ပြင်ဆင်ဖြည့်စွက်ခြင်း၊ အဆို၊ မေးခွန်းများအား တင်သွင်းမေးမြန်းခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီအနေဖြင့် တိုင်းဒေသကြီးလွှတ်တော်တွင် တင်သွင်းသော ဥပဒေကြမ်း၊ ဆုံးဖြတ်ချက်၊ အဆို(သို့မဟုတ်)အစီရင်ခံစာများ၊ တိုင်းဒေသကြီးလွှတ်တော်တွင် ဖြေကြားခဲ့သည့် အချေများ၊ အဖြေများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့က ကတိပြုခဲ့သည့် အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို စိစစ်ခြင်းလုပ်ငန်းအား အဓိကတာဝန်ယူဆောင်ရွက်နေပါသည်။

### ရည်ရွယ်ချက်

၂။ ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီမှ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား အစီရင်ခံတင်ပြရန်ဖြစ်ပါသည်။

### အစီရင်ခံသည့် ကာလအတွင်း ကော်မတီ၏ ဆောင်ရွက်ချက်များ

၃။ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီအနေဖြင့် အစီရင်ခံသည့်ကာလ (၂၀၁၉ခုနှစ် အောက်တိုဘာလမှ နိုဝင်ဘာလ)အတွင်း ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများအား အောက်ပါနေ့ရက်များအတိုင်း ကျင်းပဆောင်ရွက်ခဲ့ပါသည်-

(က) **ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကျင်းပခြင်း**

(၁) **လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁၀/၂၀၁၉)။**
(၁၆.၁၀.၂၀၁၉)ရက်နေ့မှ(၂၅.၁၀.၂၀၁၉) ရက်နေ့ထိကျင်းပပြုလုပ်ခဲ့ရာ အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် (၁၃) ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များမှ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများအပေါ် ဝန်ကြီးဌာနအလိုက် ဖြေကြားခဲ့မှုများအား ကတိကဝတ်ဖြစ်၊ မဖြစ် စိစစ်ခြင်းများဆောင်ရွက်ခဲ့ပါ သည်။

(၂) **လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁၁/၂၀၁၉)။** (၁.၁၁.၂၀၁၉)ရက်နေ့မှ(၅.၁၁.၂၀၁၉) ရက်နေ့ထိကျင်းပပြုလုပ်ခဲ့ရာ အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဒုတိယ ပုံမှန်အစည်းအဝေးမှ (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးအထိ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များမှ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများ အပေါ် ကတိကဝတ်ပြု အဆို၊ ကြယ်ပွင့်ပြမေးခွန်း၊ ကြယ်ပွင့်မပြမေးခွန်းများ အား သီးခြားခွဲထုတ်၍ စာရင်းပြုစုခြင်း၊ ဝန်ကြီးဌာနအလိုက် အနှစ်ချုပ်ဇယား ရေးဆွဲခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

(၃) **လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁၂/၂၀၁၉)။** (၁၄.၁၁.၂၀၁၉)ရက်နေ့မှ (၂၀.၁၁.၂၀၁၉) ရက်နေ့ထိဆောင်ရွက်ခဲ့ရာ အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဒုတိယ ပုံမှန်အစည်းအဝေးမှ (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးအထိ ဆောင်ရွက်ရန် ကျန်သည့် ကတိကဝတ်များအား ဦးစီးဌာနခွဲ၍စာရင်းပြုစုခြင်း၊ (၂၀၁၉-၂၀၂၀) ဘတ်ဂျက်တွင်ပါဝင်သော လုပ်ငန်းများအား လက်ကျန်ကတိကဝတ် စာရင်းမှ ပယ်ဖျက်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့ပါသည်။

(၄) **လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁၃/၂၀၁၉)။** (၂၅.၁၁.၂၀၁၉)ရက်နေ့မှ (၂၇.၁၁.၂၀၁၉) ရက်နေ့ထိဆောင်ရွက်ခဲ့ရာ အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဒုတိယ အကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တွင် တင်သွင်းမည့် ကော်မတီအစီရင်ခံစာရေးသားပြုစုခြင်းများ ဆောင်ရွက်ခဲ့ ပါသည်။

**ကော်မတီ၏ စိစစ်သုံးသပ်တွေ့ရှိချက်များ**

၄။ ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၉.၉.၂၀၁၉)ရက်နေ့မှ (၄.၁၀.၂၀၁၉)ရက်နေ့ အထိ ကျင်းပပြုလုပ်ခဲ့သည့် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များမှမေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်း၊ ကြယ်ပွင့်မပြမေးခွန်းများအပေါ် ဝန်ကြီး ဌာနအလိုက်ကတိကဝတ်ဖြစ်မှုနှင့် ဒုတိယပုံမှန်အစည်းအဝေးမှ (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အထိ လက်ကျန်ကတိကဝတ်အခြေအနေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာနအား ကြယ်ပွင့်ပြမေးခွန်း(၇)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း(၅)ခု၊ စုစုပေါင်း(၁၂)ခုမေးမြန်းခဲ့ရာ ကတိကဝတ်ဖြစ်မှုမှာ ကြယ်ပွင့်ပြမေးခွန်း(၃)ခု၊ ကြယ်ပွင့်မပြမေးခွန်း(၁)ခု၊ စုစုပေါင်း(၄)ခုရှိပါသည်။ ထို့ကြောင့် ကတိကဝတ်လက်ကျန်စုစုပေါင်းအနေဖြင့် အဆို (၁)ခု၊ ကြယ်ပွင့်ပြမေးခွန်း(၁၄)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း(၄)ခု၊ စုစုပေါင်း(၁၉)ခု ကျန်ရှိပါသည်။

(ခ) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအား ကြယ်ပွင့်ပြမေးခွန်း(၂၂)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း(၇)ခု၊ စုစုပေါင်း(၂၉)ခု မေးမြန်းခဲ့ရာ ကတိကဝတ်ဖြစ်မှုမှာ ကြယ်ပွင့်ပြမေးခွန်း(၁၃)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း(၅)ခု၊ စုစုပေါင်း(၁၈)ခုရှိပါသည်။ ထို့ကြောင့်ကတိကဝတ်လက်ကျန်စုစုပေါင်းအနေဖြင့် အဆို (၄)ခု၊ ကြယ်ပွင့်ပြမေးခွန်း(၄၉)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း(၅၆)ခု၊ စုစုပေါင်း(၁၀၉)ခု ကျန်ရှိပါသည်။

(ဂ) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအား အဆို(၁)ခု၊ ကြယ်ပွင့်ပြမေးခွန်း(၈)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း(၄)ခု၊ စုစုပေါင်း(၁၃)ခုမေးမြန်းခဲ့ရာ ကတိကဝတ်ဖြစ်မှုမှာ အဆို(-)ခု၊ ကြယ်ပွင့်ပြမေးခွန်း(၂)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း(၁)ခု၊ စုစုပေါင်း(၃)ခုရှိပါသည်။ ထို့ကြောင့် ကတိကဝတ်လက်ကျန်စုစုပေါင်းအနေဖြင့် အဆို( - )ခု၊ ကြယ်ပွင့်ပြမေးခွန်း(၃၀)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း(၉)ခု၊ စုစုပေါင်း(၃၉)ခု ကျန်ရှိပါသည်။

(ဃ) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနအား ကြယ်ပွင့်ပြမေးခွန်း(၂၅)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း(၁၄)ခု၊ စုစုပေါင်း (၃၉)ခု မေးမြန်းခဲ့ရာ ကတိကဝတ်ဖြစ်မှုမှာ ကြယ်ပွင့်ပြမေးခွန်း(၁၅)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း(၅)ခု၊ စုစုပေါင်း(၂၀)ခုရှိပါသည်။ ထို့ကြောင့် ကတိကဝတ်လက်ကျန်စုစုပေါင်းအနေဖြင့် အဆို(၁)ခု၊ ကြယ်ပွင့်ပြမေးခွန်း(၅၆)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း(၂၁)ခု၊ စုစုပေါင်း(၇၈)ခု ကျန်ရှိပါသည်။

(င) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဌာနအား ကြယ်ပွင့်ပြမေးခွန်း(၁၄)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း(၆)ခု၊ စုစုပေါင်း(၂၀)ခုမေးမြန်းခဲ့ရာ ကတိကဝတ်ဖြစ်မှုမှာ ကြယ်ပွင့်ပြမေးခွန်း(၆)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း(-)ခု၊ စုစုပေါင်း (၆)ခုရှိပါသည်။ ထို့ကြောင့် ကတိကဝတ်လက်ကျန်စုစုပေါင်းအနေဖြင့် အဆို(-)ခု၊ ကြယ်ပွင့်ပြမေးခွန်း(၃၈)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း(၃၂)ခု၊ စုစုပေါင်း(၇၀)ခု ကျန်ရှိပါသည်။

(စ) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအား အဆို(၁)ခု၊ ကြယ်ပွင့်ပြမေးခွန်း(၄)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း(၂)ခု၊ စုစုပေါင်း (၇)ခု မေးမြန်းခဲ့ရာ ကတိကဝတ်ဖြစ်မှုမှာ အဆို(-)ခု၊ ကြယ်ပွင့်ပြမေးခွန်း(၂)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း

(–)ခု၊ စုစုပေါင်း(၂)ခုရှိပါသည်။ ထို့ကြောင့် ကတိကဝတ်လက်ကျန်စုစုပေါင်းအနေဖြင့် အဆို(–)ခု၊ ကြယ်ပွင့်ပြမေးခွန်း(၇)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း(၁)ခု၊ စုစုပေါင်း(၈)ခု ကျန်ရှိပါသည်။

(ဆ) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနအား ကြယ်ပွင့်ပြမေးခွန်း(၆)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း(၁)ခု၊ စုစုပေါင်း(၇)ခုမေးမြန်းခဲ့ရာ ကတိကဝတ်ဖြစ်မှုမှာ ကြယ်ပွင့်ပြမေးခွန်း(၃)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း(–)ခု၊ စုစုပေါင်း(၃)ခုရှိပါသည်။ ထို့ကြောင့် ကတိကဝတ်လက်ကျန်စုစုပေါင်းအနေဖြင့် အဆို(–)ခု၊ ကြယ်ပွင့်ပြမေးခွန်း(၄)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း(–)ခု၊ စုစုပေါင်း(၄)ခု ကျန်ရှိပါသည်။

(ဇ) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာနအား ကြယ်ပွင့်ပြမေးခွန်း(၃)ခုမေးမြန်းခဲ့ရာ ကတိကဝတ်ဖြစ်မှုမရှိသဖြင့် ကတိကဝတ် လက်ကျန်စုစုပေါင်းအနေဖြင့် ကြယ်ပွင့်ပြမေးခွန်း(၁)ခုသာကျန်ရှိပါသည်။

(ဈ) ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်၊ တရားသူကြီးချုပ်အား ကြယ်ပွင့်ပြမေးခွန်း(၂)ခု မေးမြန်းခဲ့ရာ ကတိကဝတ်ဖြစ်မှုမရှိသည့်အပြင် လက်ကျန်ကတိကဝတ်စာရင်းလည်း မရှိပါ။

(ည) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဥပဒေချုပ်ရုံးအား မေးခွန်းမေးမြန်းခဲ့မှုမရှိသည့်အပြင် ကတိကဝတ်လက်ကျန်အနေဖြင့်လည်း ကျန်ရှိမှုမရှိပါ။

(ဋ) ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးအား မေးခွန်းမေးမြန်းခဲ့မှုမရှိသဖြင့် ကတိကဝတ် လက်ကျန်စုစုပေါင်းအနေဖြင့် ကြယ်ပွင့်ပြမေးခွန်း (၁)ခုကျန်ရှိပါသည်။

(ဌ) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့အား ကြယ်ပွင့်ပြမေးခွန်း(၁၃)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း(၄)ခု၊ စုစုပေါင်း(၁၇)ခုမေးမြန်းခဲ့ရာ ကတိကဝတ်ဖြစ်မှုမှာ ကြယ်ပွင့်ပြမေးခွန်း(၃)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း(၁)ခု၊ စုစုပေါင်း (၄)ခုရှိပါသည်။ ထို့ကြောင့် ကတိကဝတ်လက်ကျန်စုစုပေါင်းအနေဖြင့် အဆို(၂)ခု၊ ကြယ်ပွင့်ပြမေးခွန်း(၁၄)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း(၅)ခု၊ စုစုပေါင်း(၂၁)ခုကျန်ရှိပါသည်။

(၃) သို့ဖြစ်ပါ၍ ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန် အစည်းအဝေးတွင် အဆို(၂)ခု၊ ကြယ်ပွင့်ပြမေးခွန်း(၁၀၄)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း (၄၃)ခု၊ စုစုပေါင်း(၁၄၉)ခုမေးမြန်းခဲ့ရာ ကတိကဝတ်ဖြစ်မှုအနေဖြင့်အဆို(–)၊ ကြယ်ပွင့်ပြမေးခွန်း(၄၇)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း(၁၃)ခု၊ စုစုပေါင်း(၆၀)ခုရှိခဲ့သဖြင့် ဒုတိယပုံမှန်အစည်းအဝေးမှ (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးအထိကတိကဝတ်လက်ကျန် စုစုပေါင်းအနေဖြင့် အဆို(၈)ခု၊ ကြယ်ပွင့်ပြမေးခွန်း(၂၁၄)ခု၊ ကြယ်ပွင့်မပြမေးခွန်း (၁၂၈)ခု၊ စုစုပေါင်း (၃၅၀)ခု ကျန်ရှိပါသည်။

၅။ ဒုတိယပုံမှန်အစည်းအဝေးမှ (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးအထိ အဆို၊ ကြယ်ပွင့်ပြမေးခွန်း၊ ကြယ်ပွင့်မပြမေးခွန်းများ၏ အခြေအနေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အဆိုစုစုပေါင်း (၂၇)ခု တင်သွင်းခဲ့ရာ အဆို(၂၀)ခု အတည်ပြုနိုင်ခဲ့ပြီး အဆို(၁၂)ခုအားပယ်ဖျက်နိုင်ခဲ့သဖြင့် ဆောင်ရွက်ရန်ကျန်သည့် အဆို(၈)ခုရှိပါသည်။

(ခ) ကြယ်ပွင့်ပြမေးခွန်း(၁၁၇၆)ခု မေးမြန်းခဲ့ရာ ကတိကဝတ်အဖြစ် (၇၇၄)ခုရှိပြီး (၅၆၀)ခုပယ်ဖျက်နိုင်ခဲ့သဖြင့် ဆောင်ရွက်ရန်ကျန်သည့် ကြယ်ပွင့်ပြမေးခွန်း(၂၁၄)ခုရှိပါသည်။

(ဂ) ကြယ်ပွင့်မပြမေးခွန်း(၉၀၃)ခု မေးမြန်းခဲ့ရာ ကတိကဝတ်အဖြစ် (၅၅၀)ခုရှိပြီး (၄၂၂)ခုပယ်ဖျက်နိုင်ခဲ့သဖြင့် ဆောင်ရွက်ရန်ကျန်သည့် ကြယ်ပွင့်မပြမေးခွန်း(၁၂၈)ခုရှိပါသည်။

(ဃ) သို့ဖြစ်ပါ၍ ဒုတိယပုံမှန်အစည်းအဝေးမှ (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးအထိ အဆို၊ ကြယ်ပွင့်ပြမေးခွန်းနှင့် ကြယ်ပွင့်မပြမေးခွန်း (၂၁၀၆)ခု တင်သွင်းမေးမြန်းခဲ့ရာ ကတိကဝတ်ဖြစ်မှု(၁၃၄၄)ခုရှိပြီး ဆဋ္ဌမအကြိမ်ကြားနာခြင်းတစ်စိတ်တစ်ပိုင်းဖြစ်သောမေးမြန်းဆွေးနွေးခြင်းကျင်းပပြုလုပ်ပြီးသည့်နောက် ကတိကဝတ်မှ(၉၉၄)ခု ပယ်ဖျက်နိုင်ခဲ့သဖြင့် ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန်သော ကတိကဝတ်(၃၅၀)ခုရှိပါသည်။ ထို့ကြောင့် ကတိကဝတ်မှ(၇၃.၉၆%)ပယ်ဖျက်နိုင်ခဲ့ပြီး ဆောင်ရွက်ရန်ကျန်သော ကတိကဝတ်မှာ (၂၆.၀၄%) ကျန်ရှိနေကြောင်း စိစစ်တွေ့ရှိရပါသည်။

**(နောက်ဆက်တွဲဇယားများဖြင့်အသေးစိတ်ဖော်ပြထားပါသည်။)**

၆။ ကော်မတီသည် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကျင်းပပြုလုပ်ပြီးနောက် အောက်ပါအတိုင်း စိစစ်သုံးသပ်တွေ့ရှိရပါသည်-

(က) ကြယ်ပွင့်ပြမေးခွန်းများ၏ နောက်ဆက်တွဲဆက်စပ်မေးခွန်းများနှင့်ပတ်သက်သည့်အဖြေများ၊ အခြားအထောက်အထားများနှင့်ပတ်သက်၍ စာဖြင့်ပြန်လည်ပေးပို့ ဖြေကြားရမည်များကို လွှတ်တော်အစည်းအဝေးကျင်းပပြုလုပ်ပြီးနောက် (၇)ရက်အတွင်း ပေးပို့ဖြေကြားရန် လွှတ်တော်ဥက္ကဋ္ဌကြီးကိုယ်တိုင်လမ်းညွှန်မှာကြားထားသော်လည်း ဝန်ကြီးဌာနအချို့သည် ပေးပို့ရန် ပျက်ကွက်ကြောင်းတွေ့ရှိရပါသည်။

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးအချို့သည် ကြယ်ပွင့်ပြမေးခွန်းများလာရောက်ဖြေဆိုရာတွင် လွှတ်တော်ရုံးနှင့် သက်ဆိုင်ရာမေးခွန်းရှင်လွှတ်တော်ကိုယ်စားလှယ်ထံပေးပို့ထားသောဖြေကြားချက်နှင့် အစည်းအဝေးတွင်နှုတ်ဖြင့်လာရောက်ဖြေဆိုချက်များ ကွဲလွဲနေသည်ကိုလည်း တွေ့ရှိရပါသည်။

(ဂ) တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်စပ်လျဉ်းသည့်မေးခွန်းများလာရောက်ဖြေဆိုရာတွင် ဝန်ကြီးတစ်ဦးအား သီးခြားတာဝန်ပေးထားခြင်း

မရှိဘဲ အလျဉ်းသင့်သလို ဝန်ကြီးများကို စေလွှတ်ဖြေကြားနေသည်ကို တွေ့ရှိရပါသည်။

(ဃ) (၂၀၁၉-၂၀၂၀)ဘတ်ဂျက်လုပ်ငန်းများ အတည်ပြုပြီးသော်လည်း တင်ဒါလုပ်ငန်းများ မပြီးပြတ်သေး၍ (၂၀၁၉-၂၀၂၀)ဘတ်ဂျက်တွင်ပါဝင်သည့် ကတိကဝတ်ပြုလုပ်ငန်းများအား ပယ်ဖျက်ခြင်းကို အပြီးသတ်ဆောင်ရွက်နိုင်ခြင်းမရှိသေးပါ။

**ကော်မတီ၏အကြံပြုချက်များ**

၇။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီအနေဖြင့် အောက်ပါအတိုင်းအကြံပြုတင်ပြအပ်ပါသည်-

(က) လွှတ်တော်ကိုယ်စားလှယ်များ၏ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများအပေါ် ကိုယ်စားပြုတာဝန်ယူဖြေကြားပေးသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ ဥပဒေချုပ်နှင့် စာရင်းစစ်ချုပ်တို့အနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိပြီး ပိုမိုတိကျမှန်ကန်သည့် စာရင်းဇယားများ၊ စာရွက်စာတမ်းအထောက်အထားများဖြင့်ဖြေဆိုရန်နှင့် ကတိကဝတ်ပြုပြီး အဆို၊ မေးခွန်းများအား လျှင်မြန်စွာအကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်ပါသည်။

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ ဥပဒေချုပ်နှင့် စာရင်းစစ်ချုပ်တို့အနေဖြင့် လွှတ်တော်၌မေးခွန်းများကို လာရောက်ဖြေဆိုရာတွင် တိကျရှင်းလင်းစွာဖြေဆိုရန်နှင့် အဆုံးသတ်ဖြေရှင်းချက်၌ သိသာထင်ရှားသည့်အကြောင်းပြချက်ပါရှိအောင်ထည့်သွင်းဖြေဆိုသင့်ပါသည်။ လတ်တလောဆောင်ရွက်နိုင်မှုမရှိပါကလည်း အကျိုးအကြောင်းခိုင်လုံစွာဖြင့် ဖြေဆိုရန်လိုအပ်ပါသည်။ သို့မှသာ ကတိကဝတ်ဖြစ်မှု၊ မဖြစ်မှုကို ရှင်းလင်းစွာ ခွဲခြားသတ်မှတ်နိုင်မည်ဖြစ်ပါသည်။

(ဂ) တိုင်းဒေသကြီးလွှတ်တော်တွင် အတည်ပြုခဲ့သည့် အဆို၊ မေးခွန်းများနှင့်ပတ်သက်၍ အစည်းအဝေးများ၊ ကြားနာခြင်းတစ်စိတ်တစ်ပိုင်းဖြစ်သောမေးမြန်းဆွေးနွေးခြင်းများတွင် လာရောက်ဖြေကြားရာ၌ ဆောင်ရွက်ချက်များအား သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများကိုယ်စား လာရောက်ဖြေဆိုပါကလည်း ဖြေဆိုသည့်ဝန်ကြီးမှ တာဝန်ယူ၊ တာဝန်ခံရန် လိုအပ်ပါသည်။

(ဃ) တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ ဥပဒေချုပ်နှင့် စာရင်းစစ်ချုပ်တို့အနေဖြင့် လွှတ်တော်အစည်းအဝေး၏ အဆို၊ မေးခွန်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ကြားနာခြင်းတစ်စိတ်တစ်ပိုင်းဖြစ်သော မေးမြန်းဆွေးနွေးပွဲများတွင် လာရောက်ဖြေဆိုရာတွင်လည်းကောင်း၊ စာဖြင့်ပြန်လည်ပေးပို့

ဖြေကြားပါမည်ဟု ကတိပြုခဲ့ပါက လွှတ်တော်အစည်းအဝေး၊ မေးမြန်းဆွေးနွေးပွဲများ ပြီးဆုံးပြီးနောက် (၇)ရက်အတွင်း တိကျစွာ လွှတ်တော်သို့ပေးပို့ရန် လိုအပ်ပါသည်။

(င) တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ ဥပဒေချုပ်နှင့် စာရင်းစစ်ချုပ်တို့သည် လွှတ်တော်တွင် အဆို၊ မေးခွန်းများလာရောက်ဖြေဆိုရာတွင် မူလပေးပို့ထားသော ဖြေကြားချက်နှင့် အစည်းအဝေးခန်းမအတွင်း လာရောက်ဖြေဆိုမှုများကွဲလွဲမှုမရှိစေရန် သတိပြုသင့်ပါသည်။ ဖြေဆိုချက်ကိုပြင်ဆင်မည်ဆိုပါကလည်း လွှတ်တော်ရုံးထံအချိန်မီပေးပို့ပြင်ဆင်ရန် လိုအပ်ပါသည်။

(စ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လွှတ်တော်၏ဆက်သွယ်ဆောင်ရွက်မှုများ၊ အဆို၊ မေးခွန်းဖြေဆိုမှုများ၊ ကြားနာခြင်းတစ်စိတ်တစ်ပိုင်းဖြစ်သော မေးမြန်းဆွေးနွေးပွဲများတွင် ဖြေဆိုမှုများနှင့်ပတ်သက်၍ဝန်ကြီးများအားအလျဉ်းသင့်သလို ကိုယ်စားဖြေကြားစေခြင်းများမှာ တာဝန်ယူမှု၊ တာဝန်ခံမှုအပိုင်းတွင် အားနည်းစေပါသည်။ သို့ဖြစ်ပါ၍ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်နှင့် ဝန်ကြီးတစ်ဦးအား သီးခြားတာဝန်ပေးအပ်ရန် လိုအပ်ပါသည်။

**ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များ**

၈။ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ ထပ်မံဆောင်ရွက်ရန်ကျန်ရှိသောလုပ်ငန်းများ၊ ဆောင်ရွက်သင့်သည့်ကိစ္စရပ်များနှင့် အရေးကြီးလုပ်ငန်းစဉ်များ ကျန်ရှိမှုမရှိစေရေးအတွက် အောက်ပါလုပ်ငန်းစဉ်များအား ဆက်လက်စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) ကော်မတီသည် တိုင်းဒေသကြီးလွှတ်တော်တွင်တင်သွင်းသော ဥပဒေကြမ်း၊ ဆုံးဖြတ်ချက်၊ အဆို သို့မဟုတ် အစီရင်ခံစာနှင့်စပ်လျဉ်း၍လည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်တွင်ဖြေကြားသောမေးခွန်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ကတိပြုခဲ့သော အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို စိစစ်ဆောင်ရွက်ရန်။

(ခ) ကတိကဝတ်ပြုပြီးသော အဆို၊ ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြမေးခွန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုအား စိစစ်ရန်အတွက် ကြားနာခြင်းတစ်စိတ်တစ်ပိုင်းဖြစ်သော မေးမြန်းဆွေးနွေးခြင်းများဆောင်ရွက်ပြီး လွှတ်တော်ဥက္ကဋ္ဌထံတင်ပြအစီရင်ခံရန်။

(ဂ) တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လွှတ်တော်တွင်ကတိကဝတ်ပြုထားသည့် လုပ်ငန်းများအပေါ်အမှန်တကယ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းရှိ၊ မရှိနှင့် သတ်မှတ်ဘဏ္ဍာရေးနှစ်ကာလအတွင်းပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းရှိ၊ မရှိတို့အား လိုအပ်ပါက ကွင်းဆင်းစိစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်။

(ဃ) ကတိကဝတ်ပြုခဲ့သော မေးခွန်းများ၊ အဆို၊ အချေများနှင့်သက်ဆိုင်သည့် လုပ်ငန်းများ စိစစ်ခြင်း၊ သက်ဆိုင်ရာမဲဆန္ဒနယ်မှ ဒေသခံလွှတ်တော်ကိုယ်စားလှယ်များနှင့်ထိတွေ့ ဆွေးနွေးခြင်း၊ လိုအပ်သည့်အကြံဉာဏ်များရယူခြင်းနှင့် တွန်းအားပေး ဆောင်ရွက်ခြင်းများဆောင်ရွက်ရန်။

(င) လက်ကျန်ကတိကဝတ်များအား အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ပြီး ကတိကဝတ်မှ ပယ်ဖျက်နိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီး လွှတ်တော်ရေးရာကော်မတီများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်။

(စ) လွှတ်တော်ပုံမှန်အစည်းအဝေးများတွင် တင်သွင်းသည့် လွှတ်တော်ရေးရာကော်မတီ များ၏အစီရင်ခံစာများအပေါ် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များမှ ပြန်လည် ရှင်းလင်းဆွေးနွေးချက်များအား ကတိကဝတ်ဖြစ်၊ မဖြစ်စိစစ်မှတ်တမ်းတင်ရန်နှင့် အဆိုပါကတိကဝတ်များအား လိုက်နာဆောင်ရွက်ခြင်းရှိ၊ မရှိကို ကြားနာခြင်းတစ်စိတ် တစ်ပိုင်းဖြစ်သော မေးမြန်းဆွေးနွေးခြင်းများတွင် ထည့်သွင်းမေးမြန်းဆွေးနွေးရန်။

(ဆ) ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပပြီးနောက် ကော်မတီအစည်းအဝေးအမြန်ခေါ်ယူ၍ ကတိကဝတ်ဖြစ်၊ မဖြစ် စိစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်။

(ဇ) (၂၀၁၉-၂၀၂၀)ဘတ်ဂျက်တွင်ပါဝင်သည့် ကတိကဝတ်ပြုလုပ်ငန်းများအား လက်ကျန် ကတိကဝတ်စာရင်းမှ ပယ်ဖျက်ခြင်းလုပ်ငန်းအား အပြီးသတ်ဆောင်ရွက်ရန်။

(ဈ) (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များမှ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများအပေါ် ဝန်ကြီးဌာနအလိုက် ကတိကဝတ် ပြုခဲ့သည့် အဆို၊ မေးခွန်းများနှင့် ဒုတိယပုံမှန်အစည်းအဝေးမှ (၁၃)ကြိမ်မြောက်ပုံမှန် အစည်းအဝေးအထိ ((၂၀၁၉-၂၀၂၀)ဘတ်ဂျက်ပါ ကတိကဝတ်ပြုလုပ်ငန်းများပယ်ဖျက် ပြီးနောက်) ဆောင်ရွက်ရန်ကျန်သည့် ကတိကဝတ်များအားပေါင်းစပ်ရန်၊ လက်ကျန် ကတိကဝတ်စာရင်းချုပ် လျှင်မြန်စွာထွက်ရှိနိုင်ရေးဆောင်ရွက်ရန်။

**နိဂုံး**

၉။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီအနေဖြင့် လွှတ်တော်၏ ဆောင်ပုဒ်ဖြစ်သည့် "ပြည်သူ့အသံ-လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ-လွှတ်တော်ဆန္ဒ၊ ပြည်သူများ၏မျှော်လင့်ချက်-လွှတ်တော်ကဖော်ဆောင်ရွက်" ဟူသော ဆောင်ပုဒ်နှင့်အညီ ပဲခူးတိုင်း ဒေသကြီးအတွင်းရှိ ပြည်သူများ၏အကျိုး၊ တိုင်းဒေသကြီး၏အကျိုးနှင့် နိုင်ငံတော်အကျိုးအတွက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိရာတွင် ဒုတိယပုံမှန်အစည်းအဝေးမှ (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိတင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများအား ကတိကဝတ်ဖြစ်၊ မဖြစ်

စိစစ်ခြင်းလုပ်ငန်းများ၊ ဆောင်ရွက်ပြီးကတိကဝတ်များကို မှတ်တမ်းတင်ခြင်း ဆောင်ရွက်ပါသည်။ အဆိုပါကတိကဝတ်များအား ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများပြုလုပ်၍လည်းကောင်း၊ ကြားနာခြင်း တစ်စိတ်တစ်ပိုင်းဖြစ်သောမေးမြန်းဆွေးနွေးခြင်းများပြုလုပ်၍လည်းကောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့်မေးမြန်းဆွေးနွေး၍လည်းကောင်းစိစစ်ခဲ့ပြီး ကတိကဝတ်များအား ပယ်ဖျက်ခြင်း၊ လက်ကျန်ကတိကဝတ်များအားမှတ်တမ်းတင်ခြင်းများကိုဆောင်ရွက်ကာ ဤအစီရင်ခံစာ အားပြုစုခဲ့ခြင်းဖြစ်၍ အတည်ပြုပေးနိုင်ပါရန် တင်သွင်းအပ်ပါသည်။

ဥက္ကဋ္ဌ<br>
အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်<br>
တာဝန်ခံချက်များစိစစ်ရေးကော်မတီ

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှ (၁၃)ကြိမ်မြောက်ပုံမှန် အစည်းအဝေးအထိ တင်သွင်းသည့် အဆို/ကြယ်ပွင့်ပြ/ကြယ်ပွင့်မပြ စုစုပေါင်းစာရင်းချုပ်

| စဉ် | အစည်းအဝေးကျင်းပသည့်ရက် | အဆို | ကြယ်ပွင့်ပြ | ကြယ်ပွင့်မပြ | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂.၅.၂၀၁၆)မှ (၁၇.၅.၂၀၁၆)ထိ | ၄ | ၄၈ | ၈၁ | ၁၃၃ |
| ၂။ | ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၁.၇.၂၀၁၆)မှ (၂၂.၇.၂၀၁၆)ထိ | ၁ | ၁၃၀ | ၁၀၄ | ၂၃၅ |
| ၃။ | ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃.၁၀.၂၀၁၆)မှ (၆.၁၀.၂၀၁၆)ထိ | ၁ | ၁၂၇ | ၁၁၄ | ၂၄၂ |
| ၄။ | ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၂.၁၂.၂၀၁၆)မှ (၆.၁.၂၀၁၇)ထိ | ၃ | ၈၀ | ၄၄ | ၁၂၇ |
| ၅။ | ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၀.၃.၂၀၁၇)မှ (၂၈.၄.၂၀၁၇)ထိ | ၂ | ၈၄ | ၈၇ | ၁၇၃ |
| ၆။ | ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃.၇.၂၀၁၇)မှ (၇.၇.၂၀၁၇)ထိ | ၃ | ၁၀၅ | ၃၂ | ၁၄၀ |
| ၇။ | ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၂၃.၁၀.၂၀၁၇)မှ (၁.၁၁.၂၀၁၇)ထိ | ၂ | ၁၀၃ | ၁၁၁ | ၂၁၆ |
| ၈။ | ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၄.၂.၂၀၁၈)မှ (၂၃.၄.၂၀၁၈)ထိ | ၃ | ၉၂ | ၅၅ | ၁၅၀ |
| ၉။ | ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၀.၉.၂၀၁၈)မှ (၁၈.၁၀.၂၀၁၇)ထိ | ၄ | ၁၄၇ | ၉၀ | ၂၄၁ |
| ၁၀။ | ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၈.၂.၂၀၁၉)မှ (၇.၃.၂၀၁၉)ထိ | ၂ | ၇၀ | ၆၅ | ၁၃၇ |

**ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှ (၁၃)ကြိမ်မြောက်ပုံမှန် အစည်းအဝေးအထိ တင်သွင်းသည့် အဆို/ကြယ်ပွင့်ပြ/ကြယ်ပွင့်မပြ စုစုပေါင်းစာရင်းချုပ်**

| စဉ် | အစည်းအဝေးကျင်းပသည့်ရက် | အဆို | ကြယ်ပွင့်ပြ | ကြယ်ပွင့်မပြ | စုစုပေါင်း |
|---|---|---|---|---|---|
| ၁၁။ | ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၀.၅.၂၀၁၉)မှ (၁၄.၆.၂၀၁၉)ထိ | - | ၈၆ | ၇၇ | ၁၆၃ |
| ၁၂။ | ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၉.၉.၂၀၁၉)မှ (၄.၁၀.၂၀၁၉)ထိ | ၂ | ၁၀၄ | ၄၃ | ၁၄၉ |
| | **စုစုပေါင်း** | ၂၇ | ၁၁၇၆ | ၉၀၃ | ၂၁၀၆ |

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီမှ
**ဆဋ္ဌမအကြိမ်ကြားနာခြင်းတစ်စိတ်တစ်ပိုင်းဖြစ်သော မေးမြန်းဆွေးနွေးခြင်း ကျင်းပပြုလုပ်ပြီးသည့်နောက် ဒုတိယပုံမှန်အစည်းအဝေးမှ**
**(၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးအထိ**ဝန်ကြီးဌာနအလိုက် မေးမြန်းခဲ့သည့် အဆို၊ ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြမေးခွန်းများ၏ ကတိကဝတ်ဖြစ်မှု၊
ကတိကဝတ်မှ ပယ်ဖျက်နိုင်မှုနှင့် လက်ကျန်ကတိကဝတ်အခြေအနေ

| စဉ် | ဝန်ကြီးဌာန | အဆို | | | | ကြယ်ပွင့်ပြမေးခွန်း | | | | ကြယ်ပွင့်မပြမေးခွန်း | | | | စုစုပေါင်း | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မေးမြန်း | ကတိ | ပယ် | လက်ကျန် | မေးမြန်း | ကတိ | ပယ် | လက်ကျန် | မေးမြန်း | ကတိ | ပယ် | လက်ကျန် | မေးမြန်း | ကတိ | ပယ် | လက်ကျန် |
| ၁ | လုံ/နယ် | ၃ | ၂ | ၁ | ၁ | ၁၀၅ | ၆၄ | ၅၀ | ၁၄ | ၉၄ | ၄၅ | ၄၁ | ၄ | ၂၀၂ | ၁၁၁ | ၉၂ | ၁၉ |
| ၂ | စိုက်/မွေး | ၈ | ၇ | ၃ | ၄ | ၃၀၅ | ၁၇၈ | ၁၂၉ | ၄၉ | ၂၆၈ | ၁၆၀ | ၁၀၄ | ၅၆ | ၅၈၁ | ၃၄၅ | ၂၃၆ | ၁၀၉ |
| ၃ | သယံဇာတ/<br>စည်ပင် | ၄ | ၃ | ၃ | | ၉၄ | ၆၀ | ၃၀ | ၃၀ | ၂၉ | ၁၈ | ၉ | ၉ | ၁၂၇ | ၈၁ | ၄၂ | ၃၉ |
| ၄ | စက်မှု/လျှပ်စစ် | ၄ | ၃ | ၂ | ၁ | ၂၆၇ | ၁၉၇ | ၁၄၁ | ၅၆ | ၂၀၇ | ၁၂၀ | ၉၉ | ၂၁ | ၄၇၈ | ၃၂၀ | ၂၄၂ | ၇၈ |
| ၅ | လူမှု | ၁ | ၁ | ၁ | | ၂၇၈ | ၂၁၀ | ၁၇၂ | ၃၈ | ၂၇၂ | ၁၉၄ | ၁၆၂ | ၃၂ | ၅၅၁ | ၄၀၅ | ၃၃၅ | ၇၀ |
| ၆ | စီမံ/ဘဏ္ဍာ | ၃ | ၁ | ၁ | | ၆၅ | ၃၁ | ၂၄ | ၇ | ၁၇ | ၄ | ၃ | ၁ | ၈၅ | ၃၆ | ၂၈ | ၈ |
| ၇ | တိုင်းရင်းသား | ၁ | | | | ၁၃ | ၉ | ၅ | ၄ | ၁ | | | | ၁၅ | ၉ | ၅ | ၄ |
| ၈ | လူဝင်မှု/<br>လူ့စွမ်းအား | | | | | ၄ | ၁ | | ၁ | | | | | ၄ | ၁ | | ၁ |
| ၉ | တရား<br>လွှတ်တော် | | | | | ၁၀ | ၃ | ၃ | | ၄ | ၂ | ၂ | | ၁၄ | ၅ | ၅ | |
| ၁၀ | ဥပဒေ | | | | | ၃ | | | | | | | | ၃ | | | |
| ၁၁ | စာရင်းစစ် | | | | | ၂ | ၁ | | ၁ | ၁ | | | | ၃ | ၁ | | ၁ |
| ၁၂ | ထွေအုပ် | ၃ | ၃ | ၁ | ၂ | ၃၀ | ၂၀ | ၆ | ၁၄ | ၁၀ | ၇ | ၂ | ၅ | ၄၃ | ၃၀ | ၉ | ၂၁ |
| | **စုစုပေါင်း** | ၂၇ | ၂၀ | ၁၂ | ၈ | ၁၁၇၆ | ၇၇၄ | ၅၆၀ | ၂၁၄ | ၉၀၃ | ၅၅၀ | ၄၂၂ | ၁၂၈ | ၂၁၀၆ | ၁၃၄၄ | ၉၉၄ | ၃၅၀ |

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီမှ **ဆဋ္ဌမအကြိမ်ကြားနာခြင်းတစ်စိတ်တစ်ပိုင်းဖြစ်သော မေးမြန်းဆွေးနွေးခြင်း** ကျင်းပပြုလုပ်ပြီးသည့်နောက် **ဒုတိယပုံမှန်အစည်းအဝေးမှ (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးအထိ** ပုံမှန်အစည်းအဝေးအကြိမ်ရေအလိုက် မေးမြန်းခဲ့သည့် အဆို၊ ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြမေးခွန်းများ၏ ကတိကဝတ်ဖြစ်မှု၊ ကတိကဝတ်မှ ပယ်ဖျက်နိုင်မှုနှင့် လက်ကျန်ကတိကဝတ်အခြေအနေ

| စဉ် | ပုံမှန် အစည်းအဝေး | အဆို | | | | ကြယ်ပွင့်ပြမေးခွန်း | | | | ကြယ်ပွင့်မပြမေးခွန်း | | | | စုစုပေါင်း | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မေးမြန်း | ကတိ | ပယ် | လက်ကျန် | မေးမြန်း | ကတိ | ပယ် | လက်ကျန် | မေးမြန်း | ကတိ | ပယ် | လက်ကျန် | မေးမြန်း | ကတိ | ပယ် | လက်ကျန် |
| ၁ | ဒုတိယ | ၄ | ၄ | ၄ | | ၄၈ | ၄၀ | ၄၀ | | ၈၁ | ၅၉ | ၅၄ | ၅ | ၁၃၃ | ၁၀၃ | ၉၈ | ၅ |
| ၂ | တတိယ | ၁ | ၁ | | ၁ | ၁၃၀ | ၁၁၅ | ၁၁၂ | ၃ | ၁၀၄ | ၉၂ | ၈၄ | ၈ | ၂၃၅ | ၂၀၈ | ၁၉၆ | ၁၂ |
| ၃ | စတုတ္ထ | ၁ | ၁ | ၁ | | ၁၂၇ | ၉၃ | ၈၂ | ၁၁ | ၁၁၄ | ၆၈ | ၆၈ | | ၂၄၂ | ၁၆၂ | ၁၅၁ | ၁၁ |
| ၄ | ပဉ္စမ | ၃ | ၃ | ၂ | ၁ | ၈၀ | ၄၆ | ၃၉ | ၇ | ၄၄ | ၁၇ | ၁၅ | ၂ | ၁၂၇ | ၆၆ | ၅၆ | ၁၀ |
| ၅ | ဆဋ္ဌမ | ၂ | ၁ | | ၁ | ၈၄ | ၆၀ | ၅၉ | ၁ | ၈၇ | ၆၀ | ၅၇ | ၃ | ၁၇၃ | ၁၂၁ | ၁၁၆ | ၅ |
| ၆ | သတ္တမ | ၃ | ၃ | ၁ | ၂ | ၁၀၅ | ၆၁ | ၅၀ | ၁၁ | ၃၂ | ၁၇ | ၁၆ | ၁ | ၁၄၀ | ၈၁ | ၆၇ | ၁၄ |
| ၇ | အဋ္ဌမ | ၂ | ၂ | | ၂ | ၁၀၃ | ၇၉ | ၆၃ | ၁၆ | ၁၁၁ | ၇၀ | ၆၃ | ၇ | ၂၁၆ | ၁၅၁ | ၁၂၆ | ၂၅ |
| ၈ | နဝမ | ၃ | ၂ | ၂ | | ၉၂ | ၇၉ | ၆၂ | ၁၇ | ၅၅ | ၄၅ | ၃၇ | ၈ | ၁၅၀ | ၁၂၆ | ၁၀၁ | ၂၅ |
| ၉ | ဒသမ | ၄ | ၂ | ၁ | ၁ | ၁၄၇ | ၈၉ | ၃၄ | ၅၅ | ၉၀ | ၃၇ | ၁၁ | ၂၆ | ၂၄၁ | ၁၂၈ | ၄၆ | ၈၂ |
| ၁၀ | (၁၁)ကြိမ်မြောက် | ၂ | ၁ | ၁ | | ၇၀ | ၃၇ | ၁၅ | ၂၂ | ၆၅ | ၄၂ | ၁၃ | ၂၉ | ၁၃၇ | ၈၀ | ၂၉ | ၅၁ |
| ၁၁ | (၁၂)ကြိမ်မြောက် | | | | | ၈၆ | ၂၈ | ၄ | ၂၄ | ၇၇ | ၃၀ | ၄ | ၂၆ | ၁၆၃ | ၅၈ | ၈ | ၅၀ |
| ၁၁ | (၁၃)ကြိမ်မြောက် | ၂ | | | | ၁၀၄ | ၄၇ | | ၄၇ | ၄၃ | ၁၃ | | ၁၃ | ၁၄၉ | ၆၀ | | ၆၀ |
| | **စုစုပေါင်း** | ၂၇ | ၂၀ | ၁၂ | ၈ | ၁၁၇၆ | ၇၇၄ | ၅၆၀ | ၂၁၄ | ၉၀၃ | ၅၅၀ | ၄၂၂ | ၁၂၈ | ၂၁၀၆ | ၁၃၄၄ | ၉၉၄ | ၃၅၀ |

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးများတွင် မေးမြန်းခဲ့သည့် အဆိုများအပေါ် ဝန်ကြီးဌာနအလိုက် မေးမြန်းထားမှုအခြေအနေ

| စဉ် | အကြိမ် | ကျင်းပသည့်ရက် | | ကာလ (ရက်) | လုံ/နယ် | စိုက်မွေး | သယံဇာတ/ စည်ပင် | စက်မှု လျှပ်စစ်/ လမ်းပန်း | လူမှု | စီမံ/ ဘဏ္ဍာ | တိုင်းရင်းသား | လူဝင်မှု/ လူ့စွမ်းအား | တရားလွှတ်တော် | စာရင်းစစ် | ဥပဒေ | အစိုးရ/ ထွေအုပ် | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မှ | ထိ | | | | | | | | | | | | | | |
| ၁ | ပထမပုံမှန် | ၈.၂.၂၀၁၆ | ၈.၄.၂၀၁၆ | ၁၄ | | | | | | | | | | | | | |
| ၂ | ဒုတိယပုံမှန် | ၁၂.၅.၂၀၁၆ | ၁၇.၅.၂၀၁၆ | ၄ | | ၁ | ၁ | ၁ | ၁ | | | | | | | | ၄ |
| ၃ | တတိယပုံမှန် | ၁၁.၇.၂၀၁၆<br>၂၁.၇.၂၀၁၆ | ၁၃.၇.၂၀၁၆<br>၂၂.၇.၂၀၁၆ | ၅ | | ၁ | | | | | | | | | | | ၁ |
| ၄ | စတုတ္ထပုံမှန် | ၃.၁၀.၂၀၁၆ | ၆.၁၀.၂၀၁၆ | ၄ | | ၁ | | | | | | | | | | | ၁ |
| ၅ | ပဉ္စမပုံမှန် | ၁၂.၁၂.၂၀၁၆ | ၆.၁.၂၀၁၇ | ၉ | ၁ | | | ၁ | | | | | | | | ၁ | ၃ |
| ၆ | ဆဋ္ဌမပုံမှန် | ၂၀.၃.၂၀၁၇ | ၈.၄.၂၀၁၆ | ၈ | ၂ | | | | | | | | | | | | ၂ |
| ၇ | သတ္တမပုံမှန် | ၃.၇.၂၀၁၇ | ၇.၇.၂၀၁၇ | ၅ | | ၁ | ၁ | ၁ | | | | | | | | | ၃ |
| ၈ | အဋ္ဌမပုံမှန် | ၂၃.၁၀.၂၀၁၇ | ၁.၁၁.၂၀၁၇ | ၈ | | ၁ | | | | | | | | | | ၁ | ၂ |
| ၉ | နဝမပုံမှန် | ၁၄.၂.၂၀၁၈ | ၂၃.၄.၂၀၁၈ | ၁၉ | | | ၁ | | | ၁ | ၁ | | | | | | ၃ |
| ၁၀ | ဒသမပုံမှန် | ၁၀.၉.၂၀၁၈ | ၁၈.၁၀.၂၀၁၈ | ၂၄ | | ၂ | | ၁ | | | | | | | | ၁ | ၄ |
| ၁၁ | (၁၁)ကြိမ်ပုံမှန် | ၁၈.၂.၂၀၁၉ | ၇.၃.၂၀၁၉ | ၁၄ | | ၁ | | | | ၁ | | | | | | | ၂ |
| ၁၂ | (၁၂)ကြိမ်ပုံမှန် | ၂၀.၅.၂၀၁၉ | ၁၄.၆.၂၀၁၉ | ၁၈ | | | | | | | | | | | | | |
| ၁၃ | (၁၃)ကြိမ်ပုံမှန် | ၉.၉.၂၀၁၉ | ၄.၁၀.၂၀၁၉ | ၂၀ | | | ၁ | | | ၁ | | | | | | | ၂ |
| | **စုစုပေါင်း** | | | | ၃ | ၈ | ၄ | ၄ | ၁ | ၃ | ၁ | | | | | ၃ | ၂၇ |

# ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးများတွင် မေးမြန်းခဲ့သည့် အဆိုများအပေါ် ဝန်ကြီးဌာနအလိုက် ကတိကဝတ်ပြုမှုအခြေအနေ

| စဉ် | အကြိမ် | ကျင်းပသည့်ရက် | | ကာလ (ရက်) | လုံ/နယ် | စိုက်မွေး | သယံဇာတ/ စည်ပင် | စက်မှု လျှပ်စစ်/ လမ်းပန်း | လူမှု | စီမံ/ ဘဏ္ဍာ | တိုင်းရင်းသား | လူဝင်မှု/ လူ့စွမ်းအား | တရားလွှတ်တော် | စာရင်းစစ် | ဥပဒေ | အစိုးရ/ ထွေအုပ် | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မှ | ထိ | | | | | | | | | | | | | | |
| ၁ | ပထမပုံမှန် | ၈.၂.၂၀၁၆ | ၈.၄.၂၀၁၆ | ၁၄ | | | | | | | | | | | | | |
| ၂ | ဒုတိယပုံမှန် | ၁၂.၅.၂၀၁၆ | ၁၇.၅.၂၀၁၆ | ၄ | | ၁ | ၁ | ၁ | ၁ | | | | | | | | ၄ |
| ၃ | တတိယပုံမှန် | ၁၁.၇.၂၀၁၆<br>၂၁.၇.၂၀၁၆ | ၁၃.၇.၂၀၁၆<br>၂၂.၇.၂၀၁၆ | ၅ | | ၁ | | | | | | | | | | | ၁ |
| ၄ | စတုတ္ထပုံမှန် | ၃.၁၀.၂၀၁၆ | ၆.၁၀.၂၀၁၆ | ၄ | | ၁ | | | | | | | | | | | ၁ |
| ၅ | ပဥ္စမပုံမှန် | ၁၂.၁၂.၂၀၁၆ | ၆.၁.၂၀၁၇ | ၉ | ၁ | | | ၁ | | | | | | | | ၁ | ၃ |
| ၆ | ဆဋ္ဌမပုံမှန် | ၂၀.၃.၂၀၁၇ | ၈.၄.၂၀၁၆ | ၈ | ၁ | | | | | | | | | | | | ၁ |
| ၇ | သတ္တမပုံမှန် | ၃.၇.၂၀၁၇ | ၇.၇.၂၀၁၇ | ၅ | | ၁ | ၁ | ၁ | | | | | | | | | ၃ |
| ၈ | အဋ္ဌမပုံမှန် | ၂၃.၁၀.၂၀၁၇ | ၁.၁၁.၂၀၁၇ | ၈ | | ၁ | | | | | | | | | | ၁ | ၂ |
| ၉ | နဝမပုံမှန် | ၁၄.၂.၂၀၁၈ | ၂၃.၄.၂၀၁၈ | ၁၉ | | | ၁ | | | ၁ | | | | | | | ၂ |
| ၁၀ | ဒသမပုံမှန် | ၁၀.၉.၂၀၁၈ | ၁၈.၁၀.၂၀၁၈ | ၂၄ | | ၁ | | | | | | | | | | ၁ | ၂ |
| ၁၁ | (၁၁)ကြိမ်ပုံမှန် | ၁၈.၂.၂၀၁၉ | ၇.၃.၂၀၁၉ | ၁၄ | | ၁ | | | | | | | | | | | ၁ |
| ၁၂ | (၁၂)ကြိမ်ပုံမှန် | ၂၀.၅.၂၀၁၉ | ၁၄.၆.၂၀၁၉ | ၁၈ | | | | | | | | | | | | | |
| ၁၃ | (၁၃)ကြိမ်ပုံမှန် | ၉.၉.၂၀၁၉ | ၄.၁၀.၂၀၁၉ | ၂၀ | | | | | | | | | | | | | |
| | **စုစုပေါင်း** | | | | ၂ | ၇ | ၃ | ၃ | ၁ | ၁ | | | | | | ၃ | ၂၀ |

# ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးများတွင် မေးမြန်းခဲ့သည့် အဆိုများအပေါ် ဝန်ကြီးဌာနအလိုက် ပယ်ဖျက်နိုင်မှုအခြေအနေ

| စဉ် | အကြိမ် | ကျင်းပသည့်ရက် | | ကာလ (ရက်) | လုံ/နယ် | စိုက်မွေး | သယံဇာတ/ စည်ပင် | စက်မှု လျှပ်စစ်/ လမ်းပန်း | လူမှု | စီမံ/ ဘဏ္ဍာ | တိုင်းရင်းသား | လူဝင်မှု/ လူ့စွမ်းအား | တရားလွှတ်တော် | စာရင်းစစ် | ဥပဒေ | အစိုးရ/ ထွေအုပ် | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မှ | ထိ | | | | | | | | | | | | | | |
| ၁ | ပထမပုံမှန် | ၈.၂.၂၀၁၆ | ၈.၄.၂၀၁၆ | ၁၄ | | | | | | | | | | | | | |
| ၂ | ဒုတိယပုံမှန် | ၁၂.၅.၂၀၁၆ | ၁၇.၅.၂၀၁၆ | ၄ | | ၁ | ၁ | ၁ | ၁ | | | | | | | | ၄ |
| ၃ | တတိယပုံမှန် | ၁၁.၇.၂၀၁၆<br>၂၁.၇.၂၀၁၆ | ၁၃.၇.၂၀၁၆<br>၂၂.၇.၂၀၁၆ | ၅ | | | | | | | | | | | | | |
| ၄ | စတုတ္ထပုံမှန် | ၃.၁၀.၂၀၁၆ | ၆.၁၀.၂၀၁၆ | ၄ | | ၁ | | | | | | | | | | | ၁ |
| ၅ | ပဥ္စမပုံမှန် | ၁၂.၁၂.၂၀၁၆ | ၆.၁.၂၀၁၇ | ၉ | ၁ | | | ၁ | | | | | | | | | ၂ |
| ၆ | ဆဋ္ဌမပုံမှန် | ၂၀.၃.၂၀၁၇ | ၈.၄.၂၀၁၆ | ၈ | | | | | | | | | | | | | |
| ၇ | သတ္တမပုံမှန် | ၃.၇.၂၀၁၇ | ၇.၇.၂၀၁၇ | ၅ | | | ၁ | | | | | | | | | | ၁ |
| ၈ | အဋ္ဌမပုံမှန် | ၂၃.၁၀.၂၀၁၇ | ၁.၁၁.၂၀၁၇ | ၈ | | | | | | | | | | | | | |
| ၉ | နဝမပုံမှန် | ၁၄.၂.၂၀၁၈ | ၂၃.၄.၂၀၁၈ | ၁၉ | | | ၁ | | | ၁ | | | | | | | ၂ |
| ၁၀ | ဒသမပုံမှန် | ၁၀.၉.၂၀၁၈ | ၁၈.၁၀.၂၀၁၈ | ၂၄ | | | | | | | | | | | | ၁ | ၁ |
| ၁၁ | (၁၁)ကြိမ်ပုံမှန် | ၁၈.၂.၂၀၁၉ | ၇.၃.၂၀၁၉ | ၁၄ | | ၁ | | | | | | | | | | | ၁ |
| ၁၂ | (၁၂)ကြိမ်ပုံမှန် | ၂၀.၅.၂၀၁၉ | ၁၄.၆.၂၀၁၉ | ၁၈ | | | | | | | | | | | | | |
| ၁၃ | (၁၃)ကြိမ်ပုံမှန် | ၉.၉.၂၀၁၉ | ၄.၁၀.၂၀၁၉ | ၂၀ | | | | | | | | | | | | | |
| | **စုစုပေါင်း** | | | | ၁ | ၃ | ၃ | ၂ | ၁ | ၁ | | | | | | ၁ | ၁၂ |

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးများတွင် မေးမြန်းခဲ့သည့် အဆိုများအပေါ် ဝန်ကြီးဌာနအလိုက် လက်ကျန်ကတိကဝတ်အခြေအနေ

| စဉ် | အကြိမ် | ကျင်းပသည့်ရက် | | ကာလ (ရက်) | လုံ/နယ် | စိုက်မွေး | သယံဇာတ/ စည်ပင် | စက်မှု လျှပ်စစ်/ လမ်းပန်း | လူမှု | စီမံ/ ဘဏ္ဍာ | တိုင်းရင်းသား | လူဝင်မှု/ လူ့စွမ်းအား | တရားလွှတ်တော် | စာရင်းစစ် | ဥပဒေ | အစိုးရ/ ထွေအုပ် | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မှ | ထိ | | | | | | | | | | | | | | |
| ၁ | ပထမပုံမှန် | ၈.၂.၂၀၁၆ | ၈.၄.၂၀၁၆ | ၁၄ | | | | | | | | | | | | | |
| ၂ | ဒုတိယပုံမှန် | ၁၂.၅.၂၀၁၆ | ၁၇.၅.၂၀၁၆ | ၄ | | | | | | | | | | | | | |
| ၃ | တတိယပုံမှန် | ၁၁.၇.၂၀၁၆<br>၂၁.၇.၂၀၁၆ | ၁၃.၇.၂၀၁၆<br>၂၂.၇.၂၀၁၆ | ၅ | | ၁ | | | | | | | | | | | ၁ |
| ၄ | စတုတ္ထပုံမှန် | ၃.၁၀.၂၀၁၆ | ၆.၁၀.၂၀၁၆ | ၄ | | | | | | | | | | | | | |
| ၅ | ပဥ္စမပုံမှန် | ၁၂.၁၂.၂၀၁၆ | ၆.၁.၂၀၁၇ | ၉ | | | | | | | | | | | | ၁ | ၁ |
| ၆ | ဆဋ္ဌမပုံမှန် | ၂၀.၃.၂၀၁၇ | ၈.၄.၂၀၁၆ | ၈ | ၁ | | | | | | | | | | | | ၁ |
| ၇ | သတ္တမပုံမှန် | ၃.၇.၂၀၁၇ | ၇.၇.၂၀၁၇ | ၅ | | ၁ | | ၁ | | | | | | | | | ၂ |
| ၈ | အဋ္ဌမပုံမှန် | ၂၃.၁၀.၂၀၁၇ | ၁.၁၁.၂၀၁၇ | ၈ | | ၁ | | | | | | | | | | ၁ | ၂ |
| ၉ | နဝမပုံမှန် | ၁၄.၂.၂၀၁၈ | ၂၃.၄.၂၀၁၈ | ၁၉ | | | | | | | | | | | | | |
| ၁၀ | ဒသမပုံမှန် | ၁၀.၉.၂၀၁၈ | ၁၈.၁၀.၂၀၁၈ | ၂၄ | | ၁ | | | | | | | | | | | ၁ |
| ၁၁ | (၁၁)ကြိမ်ပုံမှန် | ၁၈.၂.၂၀၁၉ | ၇.၃.၂၀၁၉ | ၁၄ | | | | | | | | | | | | | |
| ၁၂ | (၁၂)ကြိမ်ပုံမှန် | ၂၀.၅.၂၀၁၉ | ၁၄.၆.၂၀၁၉ | ၁၈ | | | | | | | | | | | | | |
| ၁၃ | (၁၃)ကြိမ်ပုံမှန် | ၉.၉.၂၀၁၉ | ၄.၁၀.၂၀၁၉ | ၂၀ | | | | | | | | | | | | | |
| | **စုစုပေါင်း** | | | | ၁ | ၄ | | ၁ | | | | | | | | ၂ | ၈ |

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးများတွင် မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများအပေါ် ဝန်ကြီးဌာနအလိုက် မေးမြန်းထားမှုအခြေအနေ

| စဉ် | အကြိမ် | ကျင်းပသည့်ရက် | | ကာလ (ရက်) | လုံ/နယ် | စိုက်မွေး | သယံဇာတ/ စည်ပင် | စက်မှု လျှပ်စစ်/ လမ်းပန်း | လူမှု | စီမံ/ ဘဏ္ဍာ | တိုင်းရင်းသား | လူဝင်မှု/ လူ့စွမ်းအား | တရားလွှတ်တော် | စာရင်းစစ် | ဥပဒေ | အစိုးရ/ ထွေအုပ် | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မှ | ထိ | | | | | | | | | | | | | | |
| ၁ | ပထမပုံမှန် | ၈.၂.၂၀၁၆ | ၈.၄.၂၀၁၆ | ၁၄ | | | | | | | | | | | | | |
| ၂ | ဒုတိယပုံမှန် | ၁၂.၅.၂၀၁၆ | ၁၇.၅.၂၀၁၆ | ၄ | ၅ | ၂၂ | | ၁၀ | ၁၀ | ၁ | | | | | | | ၄၈ |
| ၃ | တတိယပုံမှန် | ၁၁.၇.၂၀၁၆<br>၂၁.၇.၂၀၁၆ | ၁၃.၇.၂၀၁၆<br>၂၂.၇.၂၀၁၆ | ၅ | ၆ | ၄၁ | ၅ | ၂၈ | ၄၉ | | | | | | | ၁ | ၁၃၀ |
| ၄ | စတုတ္ထပုံမှန် | ၃.၁၀.၂၀၁၆ | ၆.၁၀.၂၀၁၆ | ၄ | ၄ | ၄၀ | ၅ | ၃၀ | ၄၅ | ၁ | | ၁ | | | | ၁ | ၁၂၇ |
| ၅ | ပဉ္စမပုံမှန် | ၁၂.၁၂.၂၀၁၆ | ၆.၁.၂၀၁၇ | ၉ | ၁၅ | ၂၆ | ၃ | ၈ | ၂၀ | ၂ | | | ၂ | ၁ | ၁ | ၂ | ၈၀ |
| ၆ | ဆဋ္ဌမပုံမှန် | ၂၀.၃.၂၀၁၇ | ၈.၄.၂၀၁၆ | ၈ | ၁၀ | ၂၅ | ၆ | ၁၃ | ၂၁ | ၆ | ၁ | | ၁ | | ၁ | | ၈၄ |
| ၇ | သတ္တမပုံမှန် | ၃.၇.၂၀၁၇ | ၇.၇.၂၀၁၇ | ၅ | ၁၄ | ၂၇ | ၄ | ၁၅ | ၂၉ | ၁၄ | | | | | | ၂ | ၁၀၅ |
| ၈ | အဋ္ဌမပုံမှန် | ၂၃.၁၀.၂၀၁၇ | ၁.၁၁.၂၀၁၇ | ၈ | ၉ | ၂၄ | ၁၀ | ၃၅ | ၂၂ | ၃ | | | | | | | ၁၀၃ |
| ၉ | နဝမပုံမှန် | ၁၄.၂.၂၀၁၈ | ၂၃.၄.၂၀၁၈ | ၁၉ | ၁၁ | ၈ | ၉ | ၃၅ | ၁၁ | ၁၂ | ၁ | | ၁ | | | ၄ | ၉၂ |
| ၁၀ | ဒသမပုံမှန် | ၁၀.၉.၂၀၁၈ | ၁၈.၁၀.၂၀၁၈ | ၂၄ | ၉ | ၂၄ | ၁၆ | ၄၀ | ၃၉ | ၇ | ၃ | | ၄ | | ၁ | ၄ | ၁၄၇ |
| ၁၁ | (၁၁)ကြိမ်ပုံမှန် | ၁၈.၂.၂၀၁၉ | ၇.၃.၂၀၁၉ | ၁၄ | ၂ | ၂၃ | ၁၂ | ၅ | ၁၁ | ၁၃ | ၂ | | | | | ၂ | ၇၀ |
| ၁၂ | (၁၂)ကြိမ်ပုံမှန် | ၂၀.၅.၂၀၁၉ | ၁၄.၆.၂၀၁၉ | ၁၈ | ၁၃ | ၂၃ | ၁၆ | ၂၃ | ၇ | ၂ | | | | ၁ | | ၁ | ၈၆ |
| ၁၃ | (၁၃)ကြိမ်ပုံမှန် | ၉.၉.၂၀၁၉ | ၄.၁၀.၂၀၁၉ | ၂၀ | ၇ | ၂၂ | ၈ | ၂၅ | ၁၄ | ၄ | ၆ | ၃ | ၂ | | | ၁၃ | ၁၀၄ |
| | စုစုပေါင်း | | | | ၁၀၅ | ၃၀၅ | ၉၄ | ၂၆၇ | ၂၇၈ | ၆၅ | ၁၃ | ၄ | ၁၀ | ၂ | ၃ | ၃၀ | ၁၁၇၆ |

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးများတွင် မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများအပေါ် ဝန်ကြီးဌာနအလိုက် ကတိကဝတ်ပြုမှုအခြေအနေ

| စဉ် | အကြိမ် | ကျင်းပသည့်ရက် | | ကာလ (ရက်) | လုံ/နယ် | စိုက်မွေး | သယံဇာတ/ စည်ပင် | စက်မှု လျှပ်စစ်/ လမ်းပန်း | လူမှု | စီမံ/ ဘဏ္ဍာ | တိုင်းရင်းသား | လူဝင်မှု/ လူ့စွမ်းအား | တရားလွှတ်တော် | စာရင်းစစ် | ဥပဒေ | အစိုးရ/ ထွေအုပ် | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မှ | ထိ | | | | | | | | | | | | | | |
| ၁ | ပထမပုံမှန် | ၈.၂.၂၀၁၆ | ၈.၄.၂၀၁၆ | ၁၄ | | | | | | | | | | | | | |
| ၂ | ဒုတိယပုံမှန် | ၁၂.၅.၂၀၁၆ | ၁၇.၅.၂၀၁၆ | ၄ | ၃ | ၁၇ | | ၁၀ | ၉ | ၁ | | | | | | | ၄၀ |
| ၃ | တတိယပုံမှန် | ၁၁.၇.၂၀၁၆<br>၂၀.၇.၂၀၁၆ | ၁၃.၇.၂၀၁၆<br>၂၂.၇.၂၀၁၆ | ၅ | ၃ | ၃၇ | ၃ | ၂၂ | ၄၉ | | | | | | | ၁ | ၁၁၅ |
| ၄ | စတုတ္ထပုံမှန် | ၃.၁၀.၂၀၁၆ | ၆.၁၀.၂၀၁၆ | ၄ | ၄ | ၂၃ | ၄ | ၂၂ | ၃၇ | ၁ | | ၁ | | | | ၁ | ၉၃ |
| ၅ | ပဥ္စမပုံမှန် | ၁၂.၁၂.၂၀၁၆ | ၆.၁.၂၀၁၇ | ၉ | ၇ | ၁၁ | ၂ | ၆ | ၁၆ | ၂ | | | | | | ၂ | ၄၆ |
| ၆ | ဆဋ္ဌမပုံမှန် | ၂၀.၃.၂၀၁၇ | ၈.၄.၂၀၁၆ | ၈ | ၁၀ | ၁၀ | ၅ | ၉ | ၁၉ | ၅ | ၁ | | ၁ | | | | ၆၀ |
| ၇ | သတ္တမပုံမှန် | ၃.၇.၂၀၁၇ | ၇.၇.၂၀၁၇ | ၅ | ၁၀ | ၁၂ | ၄ | ၆ | ၂၆ | ၁ | | | | | | ၂ | ၆၁ |
| ၈ | အဋ္ဌမပုံမှန် | ၂၃.၁၀.၂၀၁၇ | ၁.၁၁.၂၀၁၇ | ၈ | ၈ | ၁၃ | ၁၀ | ၃၁ | ၁၆ | ၁ | | | | | | | ၇၉ |
| ၉ | နဝမပုံမှန် | ၁၄.၂.၂၀၁၈ | ၂၃.၄.၂၀၁၈ | ၁၉ | ၁၀ | ၈ | ၇ | ၃၁ | ၈ | ၉ | ၁ | | ၁ | | | ၄ | ၇၉ |
| ၁၀ | ဒသမပုံမှန် | ၁၀.၉.၂၀၁၈ | ၁၈.၁၀.၂၀၁၈ | ၂၄ | ၄ | ၁၇ | ၁၃ | ၂၉ | ၁၄ | ၅ | ၂ | | ၁ | | | ၄ | ၈၉ |
| ၁၁ | (၁၁)ကြိမ်ပုံမှန် | ၁၈.၂.၂၀၁၉ | ၇.၃.၂၀၁၉ | ၁၄ | ၁ | ၁၂ | ၅ | ၄ | ၇ | ၄ | ၂ | | | | | ၂ | ၃၇ |
| ၁၂ | (၁၂)ကြိမ်ပုံမှန် | ၂၀.၅.၂၀၁၉ | ၁၄.၆.၂၀၁၉ | ၁၈ | ၁ | ၅ | ၅ | ၁၂ | ၃ | | | | | ၁ | | ၁ | ၂၈ |
| ၁၃ | (၁၃)ကြိမ်ပုံမှန် | ၉.၉.၂၀၁၉ | ၄.၁၀.၂၀၁၉ | ၂၀ | ၃ | ၁၃ | ၂ | ၁၅ | ၆ | ၂ | ၃ | | | | | ၃ | ၄၇ |
| | စုစုပေါင်း | | | | ၆၄ | ၁၇၈ | ၆၀ | ၁၉၇ | ၂၁၀ | ၃၁ | ၉ | ၁ | ၃ | ၁ | | ၂၀ | ၇၇၄ |

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးများတွင် မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများအပေါ် ဝန်ကြီးဌာနအလိုက် ပယ်ဖျက်နိုင်မှုအခြေအနေ

| စဉ် | အကြိမ် | ကျင်းပသည့်ရက် | | ကာလ (ရက်) | လုံ/နယ် | စိုက်မွေး | သယံဇာတ/ စည်ပင် | စက်မှု လျှပ်စစ်/ လမ်းပန်း | လူမှု | စီမံ/ ဘဏ္ဍာ | တိုင်းရင်းသား | လူဝင်မှု/ လူ့စွမ်းအား | တရားလွှတ်တော် | စာရင်းစစ် | ဥပဒေ | အစိုးရ/ ထွေအုပ် | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မှ | ထိ | | | | | | | | | | | | | | |
| ၁ | ပထမပုံမှန် | ၈.၂.၂၀၁၆ | ၈.၄.၂၀၁၆ | ၁၄ | | | | | | | | | | | | | |
| ၂ | ဒုတိယပုံမှန် | ၁၂.၅.၂၀၁၆ | ၁၇.၅.၂၀၁၆ | ၄ | ၃ | ၁၇ | | ၁၀ | ၉ | ၁ | | | | | | | ၄၀ |
| ၃ | တတိယပုံမှန် | ၁၁.၇.၂၀၁၆<br>၂၁.၇.၂၀၁၆ | ၁၃.၇.၂၀၁၆<br>၂၂.၇.၂၀၁၆ | ၅ | ၃ | ၃၇ | ၃ | ၂၀ | ၄၉ | | | | | | | | ၁၁၂ |
| ၄ | စတုတ္ထပုံမှန် | ၃.၁၀.၂၀၁၆ | ၆.၁၀.၂၀၁၆ | ၄ | ၄ | ၁၈ | ၂ | ၂၂ | ၃၄ | ၁ | | | | | | ၁ | ၈၂ |
| ၅ | ပဥ္စမပုံမှန် | ၁၂.၁၂.၂၀၁၆ | ၆.၁.၂၀၁၇ | ၉ | ၇ | ၁၁ | | ၄ | ၁၅ | ၂ | | | | | | | ၃၉ |
| ၆ | ဆဋ္ဌမပုံမှန် | ၂၀.၃.၂၀၁၇ | ၈.၄.၂၀၁၆ | ၈ | ၁၀ | ၁၀ | ၅ | ၉ | ၁၈ | ၅ | ၁ | | ၁ | | | | ၅၉ |
| ၇ | သတ္တမပုံမှန် | ၃.၇.၂၀၁၇ | ၇.၇.၂၀၁၇ | ၅ | ၈ | ၁၁ | ၃ | ၆ | ၂၀ | ၁ | | | | | | ၁ | ၅၀ |
| ၈ | အဋ္ဌမပုံမှန် | ၂၃.၁၀.၂၀၁၇ | ၁.၁၁.၂၀၁၇ | ၈ | ၄ | ၁၁ | ၇ | ၂၇ | ၁၃ | ၁ | | | | | | | ၆၃ |
| ၉ | နဝမပုံမှန် | ၁၄.၂.၂၀၁၈ | ၂၃.၄.၂၀၁၈ | ၁၉ | ၉ | ၆ | ၃ | ၂၅ | ၅ | ၉ | ၁ | | ၁ | | | ၃ | ၆၂ |
| ၁၀ | ဒသမပုံမှန် | ၁၀.၉.၂၀၁၈ | ၁၈.၁၀.၂၀၁၈ | ၂၄ | ၁ | ၃ | ၆ | ၁၅ | ၆ | ၁ | ၁ | | ၁ | | | | ၃၄ |
| ၁၁ | (၁၁)ကြိမ်ပုံမှန် | ၁၈.၂.၂၀၁၉ | ၇.၃.၂၀၁၉ | ၁၄ | | ၄ | | ၂ | ၃ | ၃ | ၂ | | | | | ၁ | ၁၅ |
| ၁၂ | (၁၂)ကြိမ်ပုံမှန် | ၂၀.၅.၂၀၁၉ | ၁၄.၆.၂၀၁၉ | ၁၈ | ၁ | ၁ | ၁ | ၁ | | | | | | | | | ၄ |
| ၁၃ | (၁၃)ကြိမ်ပုံမှန် | ၉.၉.၂၀၁၉ | ၄.၁၀.၂၀၁၉ | ၂၀ | | | | | | | | | | | | | |
| | စုစုပေါင်း | | | | ၅၀ | ၁၂၉ | ၃၀ | ၁၄၁ | ၁၇၂ | ၂၄ | ၅ | | ၃ | | | ၆ | ၅၆၀ |

# ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးများတွင် မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများအပေါ် ဝန်ကြီးဌာနအလိုက် လက်ကျန်ကတိကဝတ်အခြေအနေ

| စဉ် | အကြိမ် | ကျင်းပသည့်ရက် | | ကာလ (ရက်) | လုံ/နယ် | စိုက်မွေး | သယံဇာတ/ စည်ပင် | စက်မှု လျှပ်စစ်/ လမ်းပန်း | လူမှု | စီမံ/ ဘဏ္ဍာ | တိုင်းရင်းသား | လူဝင်မှု/ လူ့စွမ်းအား | တရားလွှတ်တော် | စာရင်းစစ် | ဥပဒေ | အစိုးရ/ ထွေအုပ် | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မှ | ထိ | | | | | | | | | | | | | | |
| ၁ | ပထမပုံမှန် | ၈.၂.၂၀၁၆ | ၈.၄.၂၀၁၆ | ၁၄ | | | | | | | | | | | | | |
| ၂ | ဒုတိယပုံမှန် | ၁၂.၅.၂၀၁၆ | ၁၇.၅.၂၀၁၆ | ၄ | | | | | | | | | | | | | |
| ၃ | တတိယပုံမှန် | ၁၁.၇.၂၀၁၆<br>၂၁.၇.၂၀၁၆ | ၁၃.၇.၂၀၁၆<br>၂၂.၇.၂၀၁၆ | ၅ | | | | ၂ | | | | | | | | ၁ | ၃ |
| ၄ | စတုတ္ထပုံမှန် | ၃.၁၀.၂၀၁၆ | ၆.၁၀.၂၀၁၆ | ၄ | | ၅ | ၂ | | ၃ | | | ၁ | | | | | ၁၁ |
| ၅ | ပဥ္စမပုံမှန် | ၁၂.၁၂.၂၀၁၆ | ၆.၁.၂၀၁၇ | ၉ | | | ၂ | ၂ | ၁ | | | | | | | ၂ | ၇ |
| ၆ | ဆဋ္ဌမပုံမှန် | ၂၀.၃.၂၀၁၇ | ၈.၄.၂၀၁၆ | ၈ | | | | | ၁ | | | | | | | | ၁ |
| ၇ | သတ္တမပုံမှန် | ၃.၇.၂၀၁၇ | ၇.၇.၂၀၁၇ | ၅ | ၂ | ၁ | ၁ | | ၆ | | | | | | | ၁ | ၁၁ |
| ၈ | အဋ္ဌမပုံမှန် | ၂၃.၁၀.၂၀၁၇ | ၁.၁၁.၂၀၁၇ | ၈ | ၄ | ၂ | ၃ | ၄ | ၃ | | | | | | | | ၁၆ |
| ၉ | နဝမပုံမှန် | ၁၄.၂.၂၀၁၈ | ၂၃.၄.၂၀၁၈ | ၁၉ | ၁ | ၂ | ၄ | ၆ | ၃ | | | | | | | ၁ | ၁၇ |
| ၁၀ | ဒသမပုံမှန် | ၁၀.၉.၂၀၁၈ | ၁၈.၁၀.၂၀၁၈ | ၂၄ | ၃ | ၁၄ | ၇ | ၁၄ | ၈ | ၄ | ၁ | | | | | ၄ | ၅၅ |
| ၁၁ | (၁၁)ကြိမ်ပုံမှန် | ၁၈.၂.၂၀၁၉ | ၇.၃.၂၀၁၉ | ၁၄ | ၁ | ၈ | ၅ | ၂ | ၄ | ၁ | | | | | | ၁ | ၂၂ |
| ၁၂ | (၁၂)ကြိမ်ပုံမှန် | ၂၀.၅.၂၀၁၉ | ၁၄.၆.၂၀၁၉ | ၁၈ | | ၄ | ၄ | ၁၁ | ၃ | | | | | ၁ | | ၁ | ၂၄ |
| ၁၃ | (၁၃)ကြိမ်ပုံမှန် | ၉.၉.၂၀၁၉ | ၄.၁၀.၂၀၁၉ | ၂၀ | ၃ | ၁၃ | ၂ | ၁၅ | ၆ | ၂ | ၃ | | | | | ၃ | ၄၇ |
| | စုစုပေါင်း | | | | ၁၄ | ၄၉ | ၃၀ | ၅၆ | ၃၈ | ၇ | ၄ | ၁ | | ၁ | | ၁၄ | ၂၁၄ |

# ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးများတွင် မေးမြန်းခဲ့သည့် ကြယ်ပွင့်မပြမေးခွန်းများအပေါ် ဝန်ကြီးဌာနအလိုက် မေးမြန်းထားမှုအခြေအနေ

| စဉ် | အကြိမ် | ကျင်းပသည့်ရက် | | ကာလ (ရက်) | လုံ/နယ် | စိုက်မွေး | သယံဇာတ/ စည်ပင် | စက်မှု လျှပ်စစ်/ လမ်းပန်း | လူမှု | စီမံ/ ဘဏ္ဍာ | တိုင်း ရင်း သား | လူဝင်မှု/ လူ့စွမ်းအား | တရား လွှတ် တော် | စာရင်းစစ် | ဥပဒေ | အစိုးရ/ ထွေအုပ် | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မှ | ထိ | | | | | | | | | | | | | | |
| ၁ | ပထမပုံမှန် | ၈.၂.၂၀၁၆ | ၈.၄.၂၀၁၆ | ၁၄ | | | | | | | | | | | | | |
| ၂ | ဒုတိယပုံမှန် | ၁၂.၅.၂၀၁၆ | ၁၇.၅.၂၀၁၆ | ၄ | ၁၀ | ၂၇ | ၂ | ၁၂ | ၃၀ | | | | | | | | ၈၁ |
| ၃ | တတိယပုံမှန် | ၁၁.၇.၂၀၁၆<br>၂၁.၇.၂၀၁၆ | ၁၃.၇.၂၀၁၆<br>၂၂.၇.၂၀၁၆ | ၅ | ၅ | ၃၄ | ၂ | ၂၁ | ၄၂ | | | | | | | | ၁၀၄ |
| ၄ | စတုတ္ထပုံမှန် | ၃.၁၀.၂၀၁၆ | ၆.၁၀.၂၀၁၆ | ၄ | ၁၈ | ၃၈ | ၂ | ၁၇ | ၃၅ | ၂ | | | ၁ | ၁ | | | ၁၁၄ |
| ၅ | ပဉ္စမပုံမှန် | ၁၂.၁၂.၂၀၁၆ | ၆.၁.၂၀၁၇ | ၉ | ၄ | ၂၀ | ၂ | ၈ | ၈ | ၁ | | | | | | ၁ | ၄၄ |
| ၆ | ဆဋ္ဌမပုံမှန် | ၂၀.၃.၂၀၁၇ | ၈.၄.၂၀၁၆ | ၈ | ၁၀ | ၂၃ | | ၁၀ | ၄၃ | | | | ၁ | | | | ၈၇ |
| ၇ | သတ္တမပုံမှန် | ၃.၇.၂၀၁၇ | ၇.၇.၂၀၁၇ | ၅ | ၂ | ၇ | | ၇ | ၁၄ | ၂ | | | | | | | ၃၂ |
| ၈ | အဋ္ဌမပုံမှန် | ၂၃.၁၀.၂၀၁၇ | ၁.၁၁.၂၀၁၇ | ၈ | ၁၄ | ၃၀ | ၃ | ၂၉ | ၃၀ | ၃ | | | | | | ၂ | ၁၁၁ |
| ၉ | နဝမပုံမှန် | ၁၄.၂.၂၀၁၈ | ၂၃.၄.၂၀၁၈ | ၁၉ | ၉ | ၇ | ၂ | ၂၅ | ၁၂ | | | | | | | | ၅၅ |
| ၁၀ | ဒသမပုံမှန် | ၁၀.၉.၂၀၁၈ | ၁၈.၁၀.၂၀၁၈ | ၂၄ | ၆ | ၂၁ | ၄ | ၄၅ | ၁၃ | | | | ၁ | | | | ၉၀ |
| ၁၁ | (၁၁)ကြိမ်ပုံမှန် | ၁၈.၂.၂၀၁၉ | ၇.၃.၂၀၁၉ | ၁၄ | ၉ | ၂၀ | ၅ | ၉ | ၂၀ | ၁ | | | ၁ | | | | ၆၅ |
| ၁၂ | (၁၂)ကြိမ်ပုံမှန် | ၂၀.၅.၂၀၁၉ | ၁၄.၆.၂၀၁၉ | ၁၈ | ၂ | ၃၄ | ၃ | ၁၀ | ၁၉ | ၆ | | | | | | ၃ | ၇၇ |
| ၁၃ | (၁၃)ကြိမ်ပုံမှန် | ၉.၉.၂၀၁၉ | ၄.၁၀.၂၀၁၉ | ၂၀ | ၅ | ၇ | ၄ | ၁၄ | ၆ | ၂ | ၁ | | | | | ၄ | ၄၃ |
| | **စုစုပေါင်း** | | | | ၉၄ | ၂၆၈ | ၂၉ | ၂၀၇ | ၂၇၂ | ၁၇ | ၁ | | ၄ | ၁ | | ၁၀ | ၉၀၃ |

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးများတွင် မေးမြန်းခဲ့သည့် ကြယ်ပွင့်မပြမေးခွန်းများအပေါ် ဝန်ကြီးဌာနအလိုက် ကတိကဝတ်ပြုမှုအခြေအနေ

| စဉ် | အကြိမ် | ကျင်းပသည့်ရက် | | ကာလ (ရက်) | လုံ/နယ် | စိုက်မွေး | သယံဇာတ/ စည်ပင် | စက်မှု လျှပ်စစ်/ လမ်းပန်း | လူမှု | စီမံ/ ဘဏ္ဍာ | တိုင်းရင်းသား | လူဝင်မှု/ လူ့စွမ်းအား | တရားလွှတ်တော် | စာရင်းစစ် | ဥပဒေ | အစိုးရ/ ထွေအုပ် | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မှ | ထိ | | | | | | | | | | | | | | |
| ၁ | ပထမပုံမှန် | ၈.၂.၂၀၁၆ | ၈.၄.၂၀၁၆ | ၁၄ | | | | | | | | | | | | | |
| ၂ | ဒုတိယပုံမှန် | ၁၂.၅.၂၀၁၆ | ၁၇.၅.၂၀၁၆ | ၄ | ၂ | ၂၃ | ၁ | ၁၀ | ၂၃ | | | | | | | | ၅၉ |
| ၃ | တတိယပုံမှန် | ၁၁.၇.၂၀၁၆<br>၂၁.၇.၂၀၁၆ | ၁၃.၇.၂၀၁၆<br>၂၂.၇.၂၀၁၆ | ၅ | ၅ | ၃၂ | ၂ | ၁၅ | ၃၈ | | | | | | | | ၉၂ |
| ၄ | စတုတ္ထပုံမှန် | ၃.၁၀.၂၀၁၆ | ၆.၁၀.၂၀၁၆ | ၄ | ၁၄ | ၇ | ၂ | ၁၃ | ၃၁ | | | | ၁ | | | | ၆၈ |
| ၅ | ပဉ္စမပုံမှန် | ၁၂.၁၂.၂၀၁၆ | ၆.၁.၂၀၁၇ | ၉ | ၁ | ၄ | ၁ | ၄ | ၅ | ၁ | | | | | | ၁ | ၁၇ |
| ၆ | ဆဋ္ဌမပုံမှန် | ၂၀.၃.၂၀၁၇ | ၈.၄.၂၀၁၆ | ၈ | ၈ | ၇ | | ၆ | ၃၉ | | | | | | | | ၆၀ |
| ၇ | သတ္တမပုံမှန် | ၃.၇.၂၀၁၇ | ၇.၇.၂၀၁၇ | ၅ | | ၃ | | ၃ | ၁၀ | ၁ | | | | | | | ၁၇ |
| ၈ | အဋ္ဌမပုံမှန် | ၂၃.၁၀.၂၀၁၇ | ၁.၁၁.၂၀၁၇ | ၈ | ၆ | ၂၄ | ၂ | ၂၂ | ၁၄ | | | | | | | ၂ | ၇၀ |
| ၉ | နဝမပုံမှန် | ၁၄.၂.၂၀၁၈ | ၂၃.၄.၂၀၁၈ | ၁၉ | ၅ | ၃ | ၂ | ၂၅ | ၁၀ | | | | | | | | ၄၅ |
| ၁၀ | ဒသမပုံမှန် | ၁၀.၉.၂၀၁၈ | ၁၈.၁၀.၂၀၁၈ | ၂၄ | | ၁၆ | ၄ | ၁၁ | ၆ | | | | | | | | ၃၇ |
| ၁၁ | (၁၁)ကြိမ်ပုံမှန် | ၁၈.၂.၂၀၁၉ | ၇.၃.၂၀၁၉ | ၁၄ | ၂ | ၁၅ | ၃ | ၅ | ၁၅ | ၁ | | | ၁ | | | | ၄၂ |
| ၁၂ | (၁၂)ကြိမ်ပုံမှန် | ၂၀.၅.၂၀၁၉ | ၁၄.၆.၂၀၁၉ | ၁၈ | ၁ | ၂၁ | | ၁ | ၃ | ၁ | | | | | | ၃ | ၃၀ |
| ၁၃ | (၁၃)ကြိမ်ပုံမှန် | ၉.၉.၂၀၁၉ | ၄.၁၀.၂၀၁၉ | ၂၀ | ၁ | ၅ | ၁ | ၅ | | | | | | | | ၁ | ၁၃ |
| | စုစုပေါင်း | | | | ၄၅ | ၁၆၀ | ၁၈ | ၁၂၀ | ၁၉၄ | ၄ | | | ၂ | | | ၇ | ၅၅၀ |

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးများတွင် မေးမြန်းခဲ့သည့် ကြယ်ပွင့်မပြမေးခွန်းများအပေါ် ဝန်ကြီးဌာနအလိုက် ပယ်ဖျက်နိုင်မှုအခြေအနေ

| စဉ် | အကြိမ် | ကျင်းပသည့်ရက် | | ကာလ (ရက်) | လုံ/နယ် | စိုက်မွေး | သယံဇာတ/ စည်ပင် | စက်မှု လျှပ်စစ်/ လမ်းပန်း | လူမှု | စီမံ/ ဘဏ္ဍာ | တိုင်းရင်းသား | လူဝင်မှု/ လူ့စွမ်းအား | တရားလွှတ်တော် | စာရင်းစစ် | ဥပဒေ | အစိုးရ/ ထွေအုပ် | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မှ | ထိ | | | | | | | | | | | | | | |
| ၁ | ပထမပုံမှန် | ၈.၂.၂၀၁၆ | ၈.၄.၂၀၁၆ | ၁၄ | | | | | | | | | | | | | |
| ၂ | ဒုတိယပုံမှန် | ၁၂.၅.၂၀၁၆ | ၁၇.၅.၂၀၁၆ | ၄ | ၂ | ၂၃ | ၁ | ၁၀ | ၁၈ | | | | | | | | ၅၄ |
| ၃ | တတိယပုံမှန် | ၁၁.၇.၂၀၁၆<br>၂၁.၇.၂၀၁၆ | ၁၃.၇.၂၀၁၆<br>၂၂.၇.၂၀၁၆ | ၅ | ၄ | ၃၂ | ၁ | ၁၅ | ၃၂ | | | | | | | | ၈၄ |
| ၄ | စတုတ္ထပုံမှန် | ၃.၁၀.၂၀၁၆ | ၆.၁၀.၂၀၁၆ | ၄ | ၁၄ | ၇ | ၂ | ၁၃ | ၃၁ | | | | ၁ | | | | ၆၈ |
| ၅ | ပဥ္စမပုံမှန် | ၁၂.၁၂.၂၀၁၆ | ၆.၁.၂၀၁၇ | ၉ | ၁ | ၄ | | ၄ | ၅ | ၁ | | | | | | | ၁၅ |
| ၆ | ဆဋ္ဌမပုံမှန် | ၂၀.၃.၂၀၁၇ | ၈.၄.၂၀၁၆ | ၈ | ၈ | ၇ | | ၆ | ၃၆ | | | | | | | | ၅၇ |
| ၇ | သတ္တမပုံမှန် | ၃.၇.၂၀၁၇ | ၇.၇.၂၀၁၇ | ၅ | | ၃ | | ၃ | ၉ | ၁ | | | | | | | ၁၆ |
| ၈ | အဋ္ဌမပုံမှန် | ၂၃.၁၀.၂၀၁၇ | ၁.၁၁.၂၀၁၇ | ၈ | ၆ | ၂၂ | ၁ | ၂၁ | ၁၂ | | | | | | | ၁ | ၆၃ |
| ၉ | နဝမပုံမှန် | ၁၄.၂.၂၀၁၈ | ၂၃.၄.၂၀၁၈ | ၁၉ | ၄ | ၁ | ၂ | ၂၁ | ၉ | | | | | | | | ၃၇ |
| ၁၀ | ဒသမပုံမှန် | ၁၀.၉.၂၀၁၈ | ၁၈.၁၀.၂၀၁၈ | ၂၄ | | ၃ | | ၄ | ၄ | | | | | | | | ၁၁ |
| ၁၁ | (၁၁)ကြိမ်ပုံမှန် | ၁၈.၂.၂၀၁၉ | ၇.၃.၂၀၁၉ | ၁၄ | ၂ | ၁ | ၂ | ၂ | ၄ | ၁ | | | ၁ | | | | ၁၃ |
| ၁၂ | (၁၂)ကြိမ်ပုံမှန် | ၂၀.၅.၂၀၁၉ | ၁၄.၆.၂၀၁၉ | ၁၈ | | ၁ | | | ၂ | | | | | | | ၁ | ၄ |
| ၁၃ | (၁၃)ကြိမ်ပုံမှန် | ၉.၉.၂၀၁၉ | ၄.၁၀.၂၀၁၉ | ၂၀ | | | | | | | | | | | | | |
| | **စုစုပေါင်း** | | | | ၄၁ | ၁၀၄ | ၉ | ၉၉ | ၁၆၂ | ၃ | | | ၂ | | | ၂ | ၄၂၂ |

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးများတွင် မေးမြန်းခဲ့သည့် ကြယ်ပွင့်မပြမေးခွန်းများအပေါ် ဝန်ကြီးဌာနအလိုက် လက်ကျန်ကတိကဝတ်အခြေအနေ

| စဉ် | အကြိမ် | ကျင်းပသည့်ရက် | | ကာလ (ရက်) | လုံ/နယ် | စိုက်မွေး | သယံဇာတ/ စည်ပင် | စက်မှု လျှပ်စစ်/ လမ်းပန်း | လူမှု | စီမံ/ ဘဏ္ဍာ | တိုင်းရင်းသား | လူဝင်မှု/ လူ့စွမ်းအား | တရားလွှတ်တော် | စာရင်းစစ် | ဥပဒေ | အစိုးရ/ ထွေအုပ် | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မှ | ထိ | | | | | | | | | | | | | | |
| ၁ | ပထမပုံမှန် | ၈.၂.၂၀၁၆ | ၈.၄.၂၀၁၆ | ၁၄ | | | | | | | | | | | | | |
| ၂ | ဒုတိယပုံမှန် | ၁၂.၅.၂၀၁၆ | ၁၇.၅.၂၀၁၆ | ၄ | | | | | ၅ | | | | | | | | ၅ |
| ၃ | တတိယပုံမှန် | ၁၁.၇.၂၀၁၆<br>၂၁.၇.၂၀၁၆ | ၁၃.၇.၂၀၁၆<br>၂၂.၇.၂၀၁၆ | ၅ | ၁ | | ၁ | | ၆ | | | | | | | | ၈ |
| ၄ | စတုတ္ထပုံမှန် | ၃.၁၀.၂၀၁၆ | ၆.၁၀.၂၀၁၆ | ၄ | | | | | | | | | | | | | |
| ၅ | ပဥ္စမပုံမှန် | ၁၂.၁၂.၂၀၁၆ | ၆.၁.၂၀၁၇ | ၉ | | | ၁ | | | | | | | | | ၁ | ၂ |
| ၆ | ဆဋ္ဌမပုံမှန် | ၂၀.၃.၂၀၁၇ | ၈.၄.၂၀၁၆ | ၈ | | | | | ၃ | | | | | | | | ၃ |
| ၇ | သတ္တမပုံမှန် | ၃.၇.၂၀၁၇ | ၇.၇.၂၀၁၇ | ၅ | | | | | ၁ | | | | | | | | ၁ |
| ၈ | အဋ္ဌမပုံမှန် | ၂၃.၁၀.၂၀၁၇ | ၁.၁၁.၂၀၁၇ | ၈ | | ၂ | ၁ | ၁ | ၂ | | | | | | | ၁ | ၇ |
| ၉ | နဝမပုံမှန် | ၁၄.၂.၂၀၁၈ | ၂၃.၄.၂၀၁၈ | ၁၉ | ၁ | ၂ | | ၄ | ၁ | | | | | | | | ၈ |
| ၁၀ | ဒသမပုံမှန် | ၁၀.၉.၂၀၁၈ | ၁၈.၁၀.၂၀၁၈ | ၂၄ | | ၁၃ | ၄ | ၇ | ၂ | | | | | | | | ၂၆ |
| ၁၁ | (၁၁)ကြိမ်ပုံမှန် | ၁၈.၂.၂၀၁၉ | ၇.၃.၂၀၁၉ | ၁၄ | | ၁၄ | ၁ | ၃ | ၁၁ | | | | | | | | ၂၉ |
| ၁၂ | (၁၂)ကြိမ်ပုံမှန် | ၂၀.၅.၂၀၁၉ | ၁၄.၆.၂၀၁၉ | ၁၈ | ၁ | ၂၀ | | ၁ | ၁ | ၁ | | | | | | ၂ | ၂၆ |
| ၁၃ | (၁၃)ကြိမ်ပုံမှန် | ၉.၉.၂၀၁၉ | ၄.၁၀.၂၀၁၉ | ၂၀ | ၁ | ၅ | ၁ | ၅ | | | | | | | | ၁ | ၁၃ |
| | စုစုပေါင်း | | | | ၄ | ၅၆ | ၉ | ၂၁ | ၃၂ | ၁ | | | | | | ၅ | ၁၂၈ |

ကုသရေးဦးစီးဌာန

တိုင်းဒေသကြီးကုသရေးဦးစီးဌာန၊ ပဲခူးမြို့

စာအမှတ်၊ ၈၇၂ / ပခတ-ကုသ / ဆေးပစ္စည်း / ၁၉

ရက်စွဲ၊ ၂၀၁၉ - ခုနှစ်၊ ဖေဖော်ဝါရီလ ( ၂၇ ) ရက်

ညွှန်ကြားရေးမှူးချုပ်
ကုသရေးဦးစီးဌာန
နေပြည်တော်

အကြောင်းအရာ။ ဆေးရုံသုံးပစ္စည်းများ ခွဲဝေချထားပေးနိုင်ပါရန် တင်ပြတောင်းခံခြင်းကိစ္စ

ရည်ညွှန်းချက်။ မြို့နယ်ကုသရေးဦးစီးဌာနမှူး၊ပြည်သူ့ဆေးရုံ၊ ကျောက်ကြီးမြို့၏ (၂၁.၂.၂၀၁၉) ရက်စွဲပါ စာအမှတ်၊ ၁၁၀၂ / မနမ / ပခတ / ဆေးရုံသုံးပစ္စည်း / ၂၀၁၉

အထက်အကြောင်းအရာပါ ကိစ္စနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် [illegible]နယ်ဆေးရုံ (၁၆)ခုတင်ဆံ့ အသစ်တိုးချဲ့ဖွင့်လှစ်ရန်အတွက် ဖွဲ့စည်းပုံဝန်ထမ်း [illegible] ပြီးဖြစ်ပါသဖြင့် ဆေးရုံအတွက် လိုအပ်သော ဆေးရုံသုံးပစ္စည်းများ ချထား [illegible] ရည်ညွှန်းချက်ပါစာအရ တင်ပြလာခြင်းအား သိရှိနိုင်ပါရန်နှင့် ထောက်ပံ့ပေးနိုင်ပါရန် [illegible] Indent Form နှင့်အတူ အစီရင်ခံတင်ပြအပ်ပါသည်။

တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူး(ကိုယ်စား)
ဒေါက်တာခင်စန်းမြင့်
ဒု - တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူး
ပဲခူးတိုင်းဒေသကြီး ၊ ပဲခူးမြို့

မိတ္တူကို
- ဒုတိယညွှန်ကြားရေးမှူးချုပ်(ဝယ်ယူရေး) ၊ ကုသရေးဦးစီးဌာန ၊ နေပြည်တော်။
- ဒုတိယညွှန်ကြားရေးမှူး (ဖြန့်ဖြူးရေး)၊ ဗဟိုဆေးသိုလှောင်ရေးဌာန၊ ရန်ကုန်မြို့။
- မြို့နယ်ကုသရေးဦးစီးဌာနမှူး ၊ ပြည်သူ့ဆေးရုံ ၊ ကျောက်ကြီးမြို့။
- ရုံးလက်ခံ။
- မျှောစာတွဲ။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

မြို့နယ်ကုသရေးဦးစီးဌာနမှူးရုံး

ကျောက်ကြီးမြို့၊ ပဲခူးတိုင်းဒေသကြီး

စာအမှတ်၊ ၁၁၈၂ /မနမ/ပခတ/ဆေးရုံသုံးပစ္စည်း/၂၀၁၉။

ရက်စွဲ ၊ ၂၀၁၉-ခုနှစ် ဖေဖော်ဝါရီ လ( ၂၁ ) ရက်။

သို့

တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူး

တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူးရုံး

ပဲခူးမြို့။

အကြောင်းအရာ။ ကျွန်းပင်ဆိပ်တိုက်နယ်ဆေးရုံ(စံကိုက်) အသစ် အတွက် လိုအပ်သော ဆေးရုံ သုံးပစ္စည်းစာရင်းများ တင်ပြတောင်းခံခြင်း။

အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်ကျွန်းပင်ဆိပ် တိုက်နယ်ဆေးရုံ (စံကိုက်) အသစ် အတွက် လိုအပ်သော ဆေးရုံ သုံးပစ္စည်းစာရင်းများကို ချထားပေးပါရန် ပူးတွဲပါဆေးတောင်းပုံစံနှင့် တကွ တင်ပြတောင်းခံအပ်ပါသည်။

မြို့နယ်ကုသရေးဦးစီးဌာနမှူး
မြို့နယ်ကုသရေးဦးစီးဌာန
ပြည်သူ့ဆေးရုံ၊ ကျောက်ကြီးမြို့နယ်

မိတ္တူကို -

- ရုံးလက်ခံ။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

မြို့နယ်ကုသရေးဦးစီးဌာနမှူးရုံး

ကျောက်ကြီးမြို့၊ ပဲခူးတိုင်းဒေသကြီး

စာအမှတ်၊ ၁၁၀၂ /မနမ/ပခတ/ဆေးရုံသုံးပစ္စည်း/၂၀၁၉။

ရက်စွဲ ၊ ၂၀၁၉-ခုနှစ် ဖေဖော်ဝါရီ လ( ၂၁ ) ရက်။

သို့

တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူး

တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူးရုံး

ပဲခူးမြို့။

အကြောင်းအရာ။ ကျွန်းပင်ဆိပ်တိုက်နယ်ဆေးရုံ(စံကိုက်) အသစ် အတွက် လိုအပ်သော ဆေးရုံ သုံးပစ္စည်းစာရင်းများ တင်ပြတောင်းခံခြင်း။

အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်ကျွန်းပင်ဆိပ် တိုက်နယ်ဆေးရုံ (စံကိုက်) အသစ် အတွက် လိုအပ်သော ဆေးရုံ သုံးပစ္စည်းစာရင်းများကို ချထားပေးပါရန် ပူးတွဲပါဆေးတောင်းပုံစံနှင့် တကွ တင်ပြတောင်းခံအပ်ပါသည်။

မြို့နယ်ကုသရေးဦးစီးဌာနမှူး

မြို့နယ်ကုသရေးဦးစီးဌာန

ပြည်သူ့ဆေးရုံ၊ ကျောက်ကြီးမြို့နယ်

၂.၁၂.၁၉

ကု သ ရေး ဦး စီး ဌာ န
တိုင်း ဒေ သ ကြီး ကု သ ရေး ဦး စီး ဌာ န ၊ ပဲ ခူး မြို့
ရက် စွဲ ၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ( ၂၃ ) ရက်

ဌာနဆိုင်ရာ အမိန့်စာ( ၀၄၄ / ၂၀၁၉)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၊ ကုသရေးဦးစီးဌာန ၊ နေပြည်တော်၏ (၃.၁.၂၀၁၉) ရက်စွဲပါ စာအမှတ် - ၁၀ က/ သနပ-ခန့် / ၂၀၁၉ / ၀၁၄ အရ ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာန လက်အောက်သို့ အထူးကိစ္စရပ်ဖြင့်ခန့်ထားသည့် သူနာပြု - သားဖွားဒီပလိုမာ(၃)နှစ် သင်တန်း အောင်မြင်ခဲ့သော သစ်လွင်သူနာပြု(၂၀)ဦးအား ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနတွင် (၂၁.၁.၂၀၁၉) ရက်နေ့၌ ကျင်းပပြုလုပ်သည့် (၄/၂၀၁၉)ကြိမ်မြောက် သူနာပြုဝန်ထမ်းရေးရာ စီမံခန့်ခွဲမှု ကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်အရ အမည်နှင့်ယှဉ်တွဲဖော်ပြပါဌာနများသို့ အလုပ်စတင်ဝင်ရောက် ထမ်းဆောင်သည့် နေ့မှစ၍ သူနာပြုများအဖြစ် ခန့်ထားလိုက်ပြီး လစာနှုန်းကျပ် (၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀) + စားစရိတ် (၂၀၀၀၀)ကျပ် + ဝတ်စုံစရိတ် (၂၀၀၀)ကျပ် ကို ခံစားခွင့် ပြုလိုက်သည်။

**ဆောလျင်စွာ အလုပ်ဝင်ရောက်ထမ်းဆောင်ရမည်ဖြစ်ပြီး အစိုးရအမှုထမ်းအဖြစ် (၃)နှစ် မပျက်မကွက် တာဝန်ထမ်းဆောင်ရမည်။**

**ထိုသို့ခန့်ထားခြင်းသည် ကျန်းမာကြောင်း ဆေးလက်မှတ် တင်ပြနိုင်မှသာ အတည်ဖြစ်သည်။**

| စဉ် | အမည် | ခုံနံပါတ် | ခန့်ထားသည့်ဌာန |
|---|---|---|---|
| ၁ | မယွန်းသီရိထွန်း | ၁၀၁၂ | ဇရပ်ကြီးတိုက်နယ်ဆေးရုံ၊ ထန်းတပင်မြို့နယ် |
| ၂ | မယွန်းမိမိနိုင် | ၁၀၁၁ | ဝဲကြီးတိုက်နယ်ဆေးရုံ ၊ ဖြူးမြို့နယ် |
| ၃ | မဇာဇာနှင်း | ၉၇၇ | ဝဲကြီးတိုက်နယ်ဆေးရုံ ၊ ဖြူးမြို့နယ် |
| ၄ | နော်ဆုမွန်ဦး | ၉၇၆ | ကျွန်းပင်ဆိပ်တိုက်နယ်ဆေးရုံ ၊ ကျောက်ကြီးမြို့နယ် |
| ၅ | နော်ဆုမွန်မွန်လှိုင် | ၉၇၅ | ကျွန်းပင်ဆိပ်တိုက်နယ်ဆေးရုံ ၊ ကျောက်ကြီးမြို့နယ် |
| ၆ | မဇင်မာဖြိုး | ၉၈၀ | ကညင်ကျိုးတိုက်နယ်ဆေးရုံ ၊ ကျောက်တံခါးမြို့နယ် |
| ၇ | မဖြူဇင်သော် | ၁၀၀၀ | ပိန်းဇလုပ်တိုက်နယ်ဆေးရုံ၊ညောင်လေးပင်မြို့နယ် |
| ၈ | မဖြိုးပွင့်ဖြူ | ၁၀၆၈ | ညောင်ခြေထောက်တိုက်နယ်ဆေးရုံ၊အုတ်တွင်းမြို့နယ် |
| ၉ | မောင်မြတ်မင်းဦး | ၁၀၀၈ | ထန်းတောကြီးတိုက်နယ်ဆေးရုံ ၊ ပဲခူးမြို့နယ် |
| ၁၀ | မောင်ဝေယံဖြိုး | ၁၀၈၁ | ဖောင်းတူတိုက်နယ်ဆေးရုံ ၊ ပဲခူးမြို့နယ် |
| ၁၁ | မောင်ထက်လွင် | ၉၈၅ | သရက်ကုန်းတိုက်နယ်ဆေးရုံ ၊ ကဝမြို့နယ် |
| ၁၂ | မသူဇာဝင်း | ၁၀၈၅ | မင်းရွာတိုက်နယ်ဆေးရုံ ၊ သနပ်ပင်မြို့နယ် |
| ၁၃ | မဆုသန္တာဝေ | ၁၀၅၄ | အလယ်ကုန်းတိုက်နယ်ဆေးရုံ ၊ကြို့ပင်ကောက်မြို့နယ် |

| | အမည် | ခုံနံပါတ် | ခန့်ထားသည့်ဌာန |
|---|---|---|---|
| ၁၄ | မရွှေစင်သက် | ၁၀၇၈ | အလယ်ကုန်းတိုက်နယ်ဆေးရုံ၊ကြို့ပင်ကောက်မြို့နယ် |
| ၁၅ | မနှင်းနုအောင် | ၁၀၆၀ | ကွေ့မတိုက်နယ်ဆေးရုံ၊ ရွှေတောင်မြို့နယ် |
| ၁၆ | မမိုးမိုးနိုင် | ၁၀၇၂ | ကျိုးသဲတိုက်နယ်ဆေးရုံ ၊ ရွှေတောင်မြို့နယ် |
| ၁၇ | မသန်းသန်းဆင့် | ၁၀၈၇ | ဓမ္မသော်တိုက်နယ်ဆေးရုံ ၊ ပေါက်ခေါင်းမြို့နယ် |
| ၁၈ | မဖြိုးအိန္ဒြာတင့်သူ | ၁၀၆၉ | ဓမ္မသော်တိုက်နယ်ဆေးရုံ ၊ ပေါက်ခေါင်းမြို့နယ် |
| ၁၉ | မရတနာဖွေး | ၁၀၇၇ | သာရဝေါတိုက်နယ်ဆေးရုံ ၊ လက်ပံတန်းမြို့နယ် |
| ၂၀ | မမေဇွန်ဇွန်ဦး | ၁၀၇၀ | ကိုင်းကြီးတိုက်နယ်ဆေးရုံ ၊ အုတ်ဖိုမြို့နယ် |

ဒေါက်တာအေးငြိမ်း
တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူး
ပဲခူးတိုင်းဒေသကြီး ၊ ပဲခူးမြို့။

မြန်

အမှတ်၊ ၃၀၅ /ပခတ-ကုသ /သနပ-ခန့် / ၂၀၁၉
ရက်စွဲ ၊ ၂၀၁၉ ခုနှစ် ၊ ဇန်နဝါရီလ ( ၂၃ ) ရက်

ဖြန့်ဝေခြင်း

- ဝန်ကြီးချုပ် ၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ၊ ပဲခူးမြို့။
- ဝန်ကြီး ၊ လူမှုရေးဝန်ကြီးဌာန ၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ၊ ပဲခူးမြို့။
- ညွှန်ကြားရေးမှူးချုပ် ၊ ကုသရေးဦးစီးဌာန ၊ နေပြည်တော်။
- ညွှန်ကြားရေးမှူး(စီမံ / ဘဏ္ဍာ / ဝထရ) ၊ ကုသရေးဦးစီးဌာန ၊ နေပြည်တော်။
- ညွှန်ကြားရေးမှူး(သူနာပြု) ၊ ကုသရေးဦးစီးဌာန ၊ နေပြည်တော်။
- ဆေးရုံအုပ် ၊ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ ၊ ဖြူးမြို့။
- မြို့နယ်ကုသရေးဦးစီးဌာနမှူး ၊ ပဲခူးတိုင်းဒေသကြီး ၊ ပဲခူးမြို့နယ်။
- လက်ထောက်ညွှန်ကြားရေးမှူး(သူနာပြု) ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ၊ ပဲခူးမြို့။
- မြို့နယ်ကုသရေးဦးစီးဌာနမှူး ၊ ပြည်သူ့ဆေးရုံ ၊ (သနပ်ပင် / ကဝ / ညောင်လေးပင် / ကျောက်တံခါး / အုတ်တွင်း / ထန်းတပင် / ကျောက်ကြီး / အုတ်ဖို / လက်ပံတန်း / ရွှေတောင် / ပေါက်ခေါင်း / ကြို့ပင်ကောက်) မြို့။
- သက်ဆိုင်ရာ တိုက်နယ်ဆရာဝန်များအားလုံး။
- သက်ဆိုင်ရာ သူနာပြုများအားလုံး။
- မျှောစာတွဲ / ရုံးလက်ခံ။

ကု သ ရေး ဦး စီး ဌာ န
တိုင်း ဒေ သ ကြီး ကု သ ရေး ဦး စီး ဌာ န ၊ ပဲ ခူး မြို့
စာ အ မှတ် ၊ [illegible]/ ပခတ – ကုသ / ဝထ – ခန့် / ၁၉
ရက် စွဲ ၊ ၂၀၁၉ ခုနှစ် ၊ ဧပြီလ (၁၉) ရက်

သို့
မြို့နယ်ကုသရေးဦးစီးဌာနမှူး
ပြည်သူ့ဆေးရုံ
ကျောက်ကြီးမြို့

အကြောင်းအရာ။ **နေ့စားဝန်ထမ်းခန့်ထားခွင့်ပြုခြင်းကိစ္စ**

ရည် ညွှန်း ချက်။ (၁) ကုသရေးဦးစီးဌာန၊ နေပြည်တော်၏(၂၉.၃.၂၀၁၉)ရက်စွဲပါ စာအမှတ်–
အစရ – ၁ (က – ၁) ၂၀၁၉ / ဝ၆၇၇

(၂) ကုသရေးဦးစီးဌာန၊ နေပြည်တော်၏(၂၉.၃.၂၀၁၉)ရက်စွဲပါ စာအမှတ်–
အစရ – ၁ (က – ၁) ၂၀၁၉ / ဝ၆၇၈

အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ ရည်ညွှန်းချက်(၁)ပါစာအရ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ကျွန်းပင်ဆိပ် တိုက်နယ်ဆေးရုံတွင် လစ်လပ်လျက်ရှိသော အငယ်တန်းဝန်ထမ်း ရာထူးနေရာများ၌ လုပ်ငန်းလိုအပ်ချက်အရ နေ့စားဝန်ထမ်း(၃)ဦးအား (၈.၄.၂၀၁၉) ရက်နေ့မှစ၍ ခန့်ထားခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

ရည်ညွှန်းချက်(၂)ပါစာအရ အဆိုပါ နေ့စားဝန်ထမ်းများအား နေ့စဉ် အလုပ်တက်၊ အလုပ်ဆင်းမှတ်တမ်းတွင် လက်မှတ်ရေးထိုးစေပြီး ကြီးကြပ်သူမှ ငွေထုတ်သူအရာရှိထံ နေ့စဉ်တင်ပြလျက် အတည်ပြုချက် ရယူထားရှိရန်နှင့် အလုပ်စတင်ဝင်ရောက်ကြောင်း ပြန်လည်တင်ပြရန်ဖြစ်ပြီး ထိုလတစ်လလုံး၏ နောက်ဆုံးရက်တွင် ငွေထုတ်ပေးမည့်ဘီလ်၌ ထိုလတစ်လလုံး၏ အလုပ်တက်၊ အလုပ်ဆင်း မှတ်တမ်း မိတ္တူမှန်ကို ပူးတွဲလျက် ထားရှိရန်ဖြစ်ကြောင်း အကြောင်းကြားလာပါသဖြင့် ထပ်ဆင့်အသိပေး အကြောင်းကြားပါသည်။

တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူး(ကိုယ်စား)
ဒေါက်တာခင်စန်းမြင့်
ဒု–တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူး
ပဲခူးတိုင်းဒေသကြီး ၊ ပဲခူးမြို့

မိတ္တူကို
- ညွှန်ကြားရေးမှူးချုပ် ၊ ကုသရေးဦးစီးဌာန ၊ နေပြည်တော်။
- ညွှန်ကြားရေးမှူး(စီမံ) ၊ ကုသရေးဦးစီးဌာန ၊ နေပြည်တော်။
- မျှောစာတွဲ / ရုံးလက်ခံ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ကုသရေးဦးစီးဌာန


စာအမှတ်၊ အစရ-၁(က-၁)၂၀၁၉/၀၆၇၈

ရက်စွဲ၊ ၂၀၁၉ခုနှစ်၊ မတ်လ ၂၉ ရက်

သို့

တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူး

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့

အကြောင်းအရာ။ **နေ့စားဝန်ထမ်းခန့်ထားခွင့်ပြုခြင်းကိစ္စ။**

ရည်ညွှန်းချက်။ ကုသရေးဦးစီးဌာန၏ ( ၂၉ - ၃ -၂၀၁၉)ရက်စွဲပါ စာအမှတ်၊ အစရ-၁ (က-၁) ၂၀၁၉/ ၀၆၇၇

၁။ အထက်ရည်ညွှန်းချက်ပါစာဖြင့် ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ကျွန်းပင်ဆိပ်တိုက်နယ်ဆေးရုံ၌ နေ့စားဝန်ထမ်း(၃)ဦးကို (၈-၄-၂၀၁၉) ရက်နေ့မှစတင်လျက် ခန့်ထားခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

၂။ အဆိုပါနေ့စားဝန်ထမ်းများအား နေ့စဉ်အလုပ်တက်၊ အလုပ်ဆင်းမှတ်တမ်းတွင် လက်မှတ်ရေးထိုးစေပြီး ကြီးကြပ်သူမှငွေထုတ်သူအရာရှိထံ နေ့စဉ်တင်ပြလျက် အတည်ပြုချက်ရယူထားရှိရန်နှင့် အလုပ်စတင်ဝင်ရောက်ကြောင်း ပြန်လည်တင်ပြရန်ဖြစ်ပါသည်။

၃။ လတစ်လ၏နောက်ဆုံးရက်တွင် ငွေထုတ်ပေးမည့်ဘီလ်၌ ထိုလတစ်လလုံး၏ အလုပ်တက်၊ အလုပ်ဆင်း မှတ်တမ်းမိတ္တူမှန်ကို ပူးတွဲလျက်ထားရှိရန်ဖြစ်ကြောင်း အကြောင်းကြားပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

(ဒေါက်တာကျော်ကျော်လွင်၊ ညွှန်ကြားရေးမှူး)

ကို ·

တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့

ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံ/ဘဏ္ဍာ)၊ ကုသရေးဦးစီးဌာန

ညွှန်ကြားရေးမှူး(ကုသ/ကာကွယ်/ဆေးခံ)၊ (ဘဏ္ဍာရေး)၊ ကုသရေးဦးစီးဌာန

မြို့နယ်ကုသရေးဦးစီးဌာနမှူး၊ ပြည်သူ့ဆေးရုံ၊ ကျောက်ကြီးမြို့

ရုံးလက်ခံ

မျှောစာတွဲ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန

စာအမှတ်၊ ကမဘ/ဃ-၀၇၁/၂၈၃

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၂၄) ရက်

အကြောင်းအရာ။ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ(၁၀)ရုံ အသစ်တိုးချဲ့ဖွင့်လှစ်ခွင့်ပြုခြင်း

၁။ တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ ကျေးရွာ(၁၀)ရွာတွင် (၁၆)ခုတင်ဆံ့တိုက်နယ်ဆေးရုံ (၁၀)ရုံစီ အသစ်တိုးချဲ့ဖွင့်လှစ်ခွင့်ပြုပါရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ (၈-၁၁-၂၀၁၈)ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၂၀/ ၂၀၁၈)မှ ဆုံးဖြတ်ချက်အရ သဘောတူကြောင်းကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ (၂၈-၁၁-၂၀၁၈)ရက်စွဲပါစာအမှတ်၊ ၃၁/၁၆၈/အဖရ (၂၀/၂၀၁၈)ဖြင့် အကြောင်းကြားလာချက်အရ နောက်ဆက်တွဲ (က) ဇယားပါ ဖွဲ့စည်းပုံ ဝန်ထမ်းအင်အားဖြင့် (၂၀၁၈)ခုနှစ်၊ ဒီဇင်ဘာလ(၂၄)ရက်နေ့မှစ၍ အသစ်တိုးချဲ့ဖွင့်လှစ်ခွင့်ပြုလိုက်သည်။

၂။ ယင်းကိစ္စနှင့် စပ်လျဉ်း၍ ကုန်ကျမည့် အသုံးစရိတ်များကို ငွေစာရင်းခေါင်းစဉ် "၁၈၊ ကျန်းမာရေးနှင့်အားကစား ၃။ ကုသရေးဦးစီးဌာန" အောက်ရှိ သက်ဆိုင်ရာ ငွေစာရင်းခေါင်းစဉ်ငယ်အောက်မှ ကျခံသုံးစွဲရမည်။

၃။ ဝန်ထမ်းများ ဖြည့်စွက်ခန့်ထားရာတွင် လုပ်ငန်းလိုအပ်ချက်အရ ဝန်ထမ်းအင်အားကို စိစစ်၍ ကုန်ကျစရိတ်တတ်နိုင်သမျှ အနည်းဆုံးဖြင့်သာ ဖြည့်စွက်ခန့်ထားရန်ဖြစ်ပြီး ရန်ပုံငွေရရှိရေးအတွက် ကုသရေးဦးစီးဌာန(ရုံးချုပ်)သို့ တင်ပြဆောင်ရွက်ရန် ဖြစ်ပါသည်။

24.12.2018

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

(ဒေါက်တာသီတာလှ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

ဖြန့်ဝေခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

ကု သ ရေး ဦး စီး ဌာ န
တိုင်း ဒေ သ ကြီး ကု သ ရေး ဦး စီး ဌာ န ၊ ပဲ ခူး မြို့
စာအမှတ်၊ ၁၂၁၃ / ပခတ - ကုသရေး / ဆဦ / ၁၉
ရက် စွဲ ၊ ၂၀၁၉ ခုနှစ်၊ မတ်လ ( ၁၈ ) ရက်

သို့

အုပ်ချုပ်မှုဒါရိုက်တာ
ဇင်ချောင်း ဆောက်လုပ်ရေးကုမ္ပဏီ

အကြောင်းအရာ။ **ကျောက်ကြီးမြို့နယ် ၊ ကျွန်းပင်ဆိပ်တိုက်နယ်စံကိုက် ဆောက်လုပ်ခြင်း လုပ်ငန်းအတွက် လွှဲပြောင်းလက်ခံခြင်း ကြန့်ကြာနေမှုအား တင်ပြရန် ကိစ္စ။**

ရည် ညွှန်း ချက်။ မြို့နယ်ကုသရေးဦးစီးဌာနမှူး၊ပြည်သူ့ဆေးရုံ၊ကျောက်ကြီးမြို့၏ (၆-၃-၂၀၁၉) ရက်စွဲပါ စာအမှတ်- ၀၁၃၅/မနမ/ပခတ/အဆောက်အဦ/၂၀၁၉

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ (၂၀၁၆-၂၀၁၇) ဘဏ္ဍာနှစ်မှစတင်၍ ဆောက်လုပ်ခဲ့သော ကျောက်ကြီးမြို့နယ် ၊ ကျွန်းပင်ဆိပ်တိုက်နယ်စံကိုက် ဆောက်လုပ်ခြင်း လုပ်ငန်းအတွက် ကျန်ရှိနေသောလုပ်ငန်းအနည်းငယ်ကို အပြီးသတ်ဆောင်ရွက်ရန်နှင့် လွှဲပြောင်းလက်ခံခြင်း ကြန့်ကြာနေမှုအား ရည်ညွှန်းပါစာအရ မြို့နယ်ကုသရေးဦးစီးဌာနမှူးမှ စာအကြိမ်ကြိမ်ဖြင့် အကြောင်းကြားခဲ့သော်လည်း ယနေ့အချိန်ထိ အကြောင်းပြန်ကြားခြင်းမရှိပါသဖြင့် ကုမ္ပဏီ အနေဖြင့် အမြန်ဆုံးဖြေရှင်းချက်ပေးနိုင်ပါရန် နှင့် လွှဲပြောင်းလက်ခံဆောင်ရွက်နိုင်ပါရန် အကြောင်း ကြားအပ်ပါသည်။

ဒေါက်တာအေးငြိမ်း
တိုင်းဒေသကြီးကုသ/ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး
ပဲခူးတိုင်းဒေသကြီး ၊ ပဲခူးမြို့

မိတ္တူကို
- ညွှန်ကြားရေးမှူး(အင်ဂျင်နီယာဌာနခွဲ) ၊ ကုသရေးဦးစီးဌာန ၊ နေပြည်တော်။
- မြို့နယ်ကုသရေးဦးစီးဌာနမှူး၊ပြည်သူ့ဆေးရုံ၊ကျောက်ကြီးမြို့။
- မျှောစာတွဲ။
- ရုံးလက်ခံ။

ကု သ ရေး ဦး စီး ဌာ န

တိုင်း ဒေ သ ကြီး ကု သ ရေး ဦး စီး ဌာ န ၊ ပဲ ခူး မြို့

စာ အ မှတ် ၊ ၂၉၃၇ /ပခတ-ကုသရေး/ ဆဦ /၁၉

ရက် စွဲ ၊ ၂၀၁၉ ခု နှစ် ၊ မေလ ( ၃၀ ) ရက်

သို့

အုပ်ချုပ်မှုဒါရိုက်တာ

ဇင်ချောင်းဆောက်လုပ်ရေးကုမ္ပဏီ

အကြောင်းအရာ။ **ကျွန်းပင်ဆိပ် တိုက်နယ်ဆေးရုံ(စံကိုက်) အဆောက်အဦအတွက် ကျန်ရှိသောလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်ပေးရန်ကိစ္စ။**

ရည် ညွှန်း ချက်။ မြို့နယ်ကုသရေးဦးစီးဌာနမှူး၊ပြည်သူ့ဆေးရုံ၊ကျောက်ကြီးမြို့၏(၂၆.၄.၁၉) ရက်စွဲပါစာအမှတ် - ၀၂၃၇/မနမ/ပခတ/အဆအဌ/၂၀၁၉

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ကျွန်းပင်ဆိပ်တိုက်နယ်ဆေးရုံ ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် (၁၆.၃.၂၀၁၈)ရက်နေ့တွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီ ဝင်များ ကျွန်းပင်ဆိပ် တိုက်နယ်ဆေးရုံသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး ကျန်ရှိသောလုပ်ငန်း များကို ရည်ညွှန်းပါစာအရ တင်ပြလာပါသဖြင့် သိရှိနိုင်ပါရန်နှင့် ပူးတွဲပါ ကျန်ရှိသောလုပ်ငန်း များကို အမြန်ဆုံးဆောင်ရွက်ပြီး လွှဲပြောင်းလက်ခံဆောင်ရွက်နိုင်ပါရန် အကြောင်းကြားအပ်ပါ သည်။

ဒေါက်တာအေးငြိမ်း

တိုင်းဒေသကြီးကုသ/ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး

ပဲခူးတိုင်းဒေသကြီး၊ပဲခူးမြို့

မိတ္တူကို

- ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပဲခူးမြို့။
- ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပဲခူးမြို့။
- ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာန၊ နေပြည်တော်။
- ညွှန်ကြားရေးမှူး(အင်ဂျင်နီယာဌာနခွဲ)၊ ကုသရေးဦးစီးဌာန ၊ နေပြည်တော်။
- အဖွဲ့ခေါင်းဆောင်၊ BRCB(T)၊ ပဲခူးတိုင်းဒေသကြီးတည်ဆောက်ရေးလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၊ ပဲခူးမြို့။
- မြို့နယ်ကုသရေးဦးစီးဌာနမှူး၊ ပြည်သူ့ဆေးရုံ၊ ကျောက်ကြီးမြို့။
- မျှောစာတွဲ/ရုံးလက်ခံ။

ကု သ ရေး ဦး စီး ဌာ န

တိုင်း ဒေ သ ကြီး ကု သ ရေး ဦး စီး ဌာ န ၊ ပဲ ခူး မြို့

စာ အ မှတ် ၊ ၂၈၇၉ /ပခတ-ကုသရေး/ ဆဦ / ၁၉

ရက် စွဲ ၊ ၂၀၁၉ ခု နှစ် ၊ ဇူလိုင်လ ( ၄ ) ရက်

သို့

အုပ်ချုပ်မှုဒါရိုက်တာ

ဖင်ချောင်း ဆောက်လုပ်ရေးကုမ္ပဏီ

အကြောင်းအရာ။ **ကျောက်ကြီးမြို့နယ်၊ ကျွန်းပင်ဆိပ်တိုက်နယ်ဆေးရုံ (စံကိုက်)အဆောက်အဦအတွက် ကျန်ရှိသောလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်ပေးရန်နှင့် လွှဲပြောင်းလက်ခံဆောင်ရွက်ရန်ကိစ္စ။**

ရည် ညွှန်း ချက်။ (၁)ဤရုံး၏ (၁၀.၅.၂၀၁၉) ရက်စွဲပါစာအမှတ် - ၁၉၃၇/ပခတ-ကုသရေး/ဆဦ/၂၀၁၉

(၂)မြို့နယ်ကုသရေးဦးစီးဌာနမှူး၊ ပြည်သူ့ဆေးရုံ၊ ကျောက်ကြီးမြို့၏ (၂၅.၅.၁၉) ရက်စွဲပါ စာအမှတ်-၀၃၄၉/မနမ/ပခတ/အဆောက်အဦ/၂၀၁၉

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ကျွန်းပင်ဆိပ်တိုက်နယ်ဆေးရုံ ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် ဆောင်ရွက်ရန်ကျန်ရှိသောလုပ်ငန်းများအား အမြန်ဆုံးဆောင်ရွက်ပြီး လွှဲပြောင်းလက်ခံဆောင်ရွက်နိုင်ရန် ရည်ညွှန်းပါစာ(၁)အရ အကြောင်းကြားထားပြီးဖြစ်သော်လည်း ယနေ့အချိန်ထိပြန်လည်တင်ပြထားခြင်းမရှိပါ၊

သို့ဖြစ်ပါ၍ အဆောက်အဦနှင့် ပတ်သက်၍ ဆောင်ရွက်ရန်ကျန်ရှိ သောလုပ်ငန်းများအား အမြန်ဆုံးဆောင်ရွက်ပြီး လွှဲပြောင်းလက်ခံဆောင်ရွက်ရန် ရည်ညွှန်းပါစာ(၂)အရ မြို့နယ်ကုသရေးဦးစီးဌာနမှူးမှ တင်ပြလာပါသဖြင့် အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်နိုင်ပါရန် ဒုတိယအကြိမ်ထပ်မံအသိပေး အကြောင်းကြားပါသည်။

ဒေါက်တာအေးငြိမ်း

တိုင်းဒေသကြီးကုသ/ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး

ပဲခူးတိုင်းဒေသကြီး၊ပဲခူးမြို့

မိတ္တူကို

- ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပဲခူးမြို့။
- ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပဲခူးမြို့။
- ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာန၊ နေပြည်တော်။
- ညွှန်ကြားရေးမှူး(အင်ဂျင်နီယာဌာနခွဲ)၊ ကုသရေးဦးစီးဌာန ၊ နေပြည်တော်။
- အဖွဲ့ခေါင်းဆောင်၊ BRCB(T)၊ ပဲခူးတိုင်းဒေသကြီးတည်ဆောက်ရေးလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၊ ပဲခူးမြို့။
- မြို့နယ်ကုသရေးဦးစီးဌာနမှူး၊ ပြည်သူ့ဆေးရုံ၊ ကျောက်ကြီးမြို့။
- မျှောစာတွဲ။
- ရုံးလက်ခံ။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
မြို့နယ်ကုသရေးဦးစီးဌာနမှူးရုံး
ကျောက်ကြီးမြို့၊ ပဲခူးတိုင်းဒေသကြီး
စာအမှတ် ၊ ၁၃၈၅/မနမ/ပခတ/အဆောက်အဦ/၂၀၁၉
ရက်စွဲ ၂၀၁၉ - ခုနှစ် အောက်တိုဘာလ( ၂၅)ရက်။

သို့

အုပ်ချုပ်မှု ဒါရိုက်တာ
ဇင်ချောင်းကုမ္ပဏီ
အမှတ်(၆၉၉)၊ နဝဒေးရပ်ကွက်
ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

အကြောင်းအရာ။ ။ တာဝန်ယူ ဆောက်လုပ်နေသော ကျွန်းပင်ဆိပ် တိုက်နယ်ဆေးရုံ (စံကိုက်) အဆောက်အဦ တည်ဆောက်ပြီးစီးပါက ဆောင်ရွက်ပြီးစီးကြောင်းသတင်းပို့ တင်ပြရန် ထပ်မံအသိပေးအကြောင်းကြားခြင်း။

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်ကျွန်းပင်ဆိပ်ကျေးရွာတွင် ဇင်ချောင်းကုမ္ပဏီ မှ တာဝန်ယူတည်ဆောက်နေသော ကျွန်းပင်ဆိပ်တိုက်နယ်ဆေးရုံ(၁၆)ကုတင် ဆံ့ စံကိုက် အဆောက်အဦကို ကျောက်ကြီး မြို့နယ် တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီဝင်များ အဖွဲ့ သည် (၁၉-၃-၂၀၁၈)ရက်နေ့ တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးလုနီးပါးရှိပြီး လုပ်ငန်းအချို့သာ ကျန်ရှိသည်ဖြစ်၍ ကော်မတီအဖွဲ့ မှ (၁၀၀%) ပြီး စီးကြောင်း ထောက်ခံ လက်မှတ် ရေးထိုးခဲ့ပြီးဖြစ်ပါသည်။ သက်ဆိုင်ရာ ကုမ္ပဏီ မှအပြီးသတ် လုပ်ငန်းအချို့ ကို (၃၁-၃-၂၀၁၈) ရက်နေ့ တွင် အပြီး သတ် လုပ်ငန်းများဆောင်ရွက် ပေးပါမည်ဟု ကတိပြု လက်မှတ်ရေးထိုးထားခဲ့ပါသည်။ ဆောင်ရွက်ရန် ကျန်ရှိနေသော လုပ်ငန်း များ အားလုံးအမြန်ဆုံးဆောင်ရွက်ပါရန်နှင့် လုပ်ငန်းများအားလုံးဆောင်ရွက်ပြီးစီးပါက ကျောက်ကြီး မြို့နယ် ကုသရေးဦးစီးဌာနမှူးရုံး သို့ သတင်း ပို့ တင်ပြရန် ထပ်မံအသိပေးအကြောင်းကြားပါသည်။

**(မှတ်ချက်-ကျွန်းပင်ဆိပ်တိုက်နယ်ဆေးရုံ(စံကိုက် )အဆောက်အဦတွင်ကျန်ရှိနေသောလုပ်ငန်းများပူးတွဲ တင်ပြအပ်ပါသည်)**

မိတ္တူကို-
- တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူး၊တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူးရုံး၊ပဲခူး
- ရုံးလက်ခံ။အရပ-၂၃

ကျွန်းပင်ဆိပ် တိုက်နယ်ဆေးရုံ (စံကိုက်)အဆောက်အဦ တွင်ကျန်ရှိနေသောလုပ်ငန်းများ

- ခွဲစိတ်ခန်း Antibactenial Venyl မခင်းရသေး
- ခွဲစိတ်ခန်းနှင့်မွေးခန်းစတီးတံခါးများ၊စပ်ကြောင်းအပေါက်များရှိနေပြီးစပရိန်ပတ္တာတပ်ဆင်ထားသည်ကိုမတွေ့ရ
- Xray room - Lead glass မတပ်ဆင်ရသေး
- Xray room - Lead shield တံခါးဝင်ပေါက်တွင် မကပ်ထားရသေး(တံခါးရှိ )
- Xray room စတီးတံခါးအောက်သို့နိမ့်ကျုံ့ကျ၍ အသုံးပြု၍မရဖြစ်နေခြင်း
- ရေစက်အိမ် တွင် ပြူတင်းပေါက် (၁) နှင့် အဝင်အထွက်တံခါးမကြီး(၁) မတပ်ဆင်ရသေး ဆေးမသုတ်ရသေး
- မီးစက်အိမ် တွင် ပြူတင်းပေါက် (၂) နှင့်အဝင်အထွက်တံခါးမကြီး(၁) မတပ်ဆင်ရသေး ဆေးမသုတ်ရသေး
- ဆေးရုံ ဆိုင်းဘုတ် စာလုံး မတပ်ဆင်ရသေး ၊ဆေးမသုတ်ရသေး
- မွေးခန်း၏စတီးတံခါးများသူ့အလိုလိုပြုတ်ကျပျက်စီးနေခြင်း
- အဆောက်အဦများဆောက်လုပ်ထားမှုအချိန်ကြာမြင့်သည်ဖြစ်၍ယိုယွင်းပျက်စီးမှုများပြုပြင်ပေးရန်

တိုင်း ဒေ သ ကြီး ဦး စီး မှူး ရုံး
အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
လူ ဝင် မှု ကြီး ကြပ် ရေး နှင့် ပြည် သူ့ အင် အား ဆိုင် ရာ
ပဲ ခူး တိုင်း ဒေ သ ကြီး၊ ပဲ ခူး မြို့
စာအမှတ်၊ ၃၀၂ / ထ - ၂ / ၀၃၅၆ / ထပရ
ရက်စွဲ ၊ ၂၀၂၀ - ခုနှစ်၊ ဇန်နဝါရီ လ ၂၂ ရက်

သို့

ပြည်ထောင်စုဝန်ကြီးရုံး
အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
နေပြည်တော်

အကြောင်းအရာ။ **ပဲခူးမြို့နယ်ဦးစီးမှူးရုံး အဆောက်အဦဆောက်လုပ်ရန် ရန်ပုံငွေဦးစားပေးချထားပေးနိုင်ပါရန် တင်ပြခြင်းကိစ္စ**

ရည် ညွှန်း ချက် ။ ပဲခူးမြို့နယ်ဦးစီးမှူးရုံး၏၁၅.၁.၂၀၂၀ရက်စွဲပါစာအမှတ်၊၃၀၂/တ/ ၂(၀၁၄၆)/ထပရ

၁။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်ဦးစီးမှူးရုံး မြေနေရာသည် ဥဿာမြို့သစ်ရပ်ကွက်ကြီး(၆)၊ သမိန်ဗရမ်းလမ်း၊ ဦးပိုင်အမှတ်(၉)၊ အလျား(၁၀၀)ပေ၊ အနံ(၈၀')ပေ၊ အကျယ်အဝန်း(၀.၂၂၉)ဧကရှိ မြေကွက်အား ဦးစီးဌာနအမည်ပေါက် နှစ်(၃၀)မြေဂရမ်ရရှိထားပြီးဖြစ်ပါသည်။

၂။ လက်ရှိအသုံးပြုလျက်ရှိသော ပဲခူးမြို့နယ်ဦးစီးမှူးရုံးသည် ဈေးပိုင်းရပ်ကွက်၊ မင်းလမ်း၊ အမှတ်(၈၇)ရှိ ရုံးအဆောက်အဦသည် သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း၊ အလျား(၅၉)ပေ၊ အနံ(၂၈)ပေ၊ အမြင့်(၃၉.၅)ပေရှိ၍ လွန်ခဲ့သော နှစ်ပေါင်း(၈၀)ခန့်မှ ဆောက်လုပ်ထားသော အဆောက်အဦးဖြစ်ပါသည်။ ၎င်းအဆောက်အဦ အား ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး၏ (၄.၂.၂၀၀၀)ပြည့်နှစ် ရက်စွဲပါစာအမှတ်၊ ပဂက-၂၀(၁၉၇/ ၂၀၀၀)ဖြင့် ပဆ-၁၀၀၄၊ မင်းလမ်း၊ ဈေးပိုင်းရပ်ကွက်၊ ပဲခူးမြို့ဖြင့် (၁/၂၀၀၀) ကြိမ်မြောက်အစည်းအဝေးမှ လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနသို့ တရားဝင်လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ ယခင်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပိုင်ဆိုင်ခြင်းဖြစ်ပါသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ (၂၃.၃.၂၀၀၀)ပြည့်နှစ် ရက်စွဲပါစာအမှတ်၊ ၃၃-၂၀၀၀(ဦး/တ) ၀၂၆ဖြင့် ၎င်းအဆောက်အဦနှင့်မြေနေရာအား အထွေထွေကုန်ပစ္စည်း ရောင်းဝယ်ရေးမှတစ်ဆင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ပါသည်။

၃။ အဆောက်အဦသည် နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ အမိုး၊ အကာ၊ အခင်းများမှာ ခိုင်မာမှု အားနည်းလာခြင်း၊ တိုးတက်လာသော ပဲခူးမြို့နယ်လူဦးရေအရ ရုံးမှတ်တမ်းများထားသိုရန် နေရာ ခက်ခဲလာခြင်း၊ ရုံးတွင်လာရောက်သော ပြည်သူများအနေဖြင့်လည်းကောင်း၊ ရုံးဝန်ထမ်းများအနေဖြင့် လည်းကောင်း နေ့စဉ်နှင့်အမျှ ကျဉ်းကျဉ်းကျပ်ကျပ် လုပ်ငန်းများဆောင်ရွက်နေရခြင်း၊ ရန်ကုန်-မန္တလေး လမ်းမကြီးဘေးတွင်တည်ရှိခြင်းကြောင့် ယာဉ်သွားယာဉ်လာများပြားခြင်းနှင့် ပြည်သူများနားနေရန် နေရာအလွတ်မရှိခြင်းများကြောင့် အခက်အခဲများဖြစ်ပေါ်လျက်ရှိပါသည်။

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်(၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ပဲခူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းစံ မှ "ပဲခူးမြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးသည် အလွန်ကျဉ်းမြောင်းနေပြီး ပြည်သူများ မှတ်ပုံတင်ပြုလုပ်ရာတွင် နေရာထိုင်ခင်း အခက်အခဲများရှိခြင်း၊ ဝန်ထမ်းများအတွက် သင့်တင့်မျှတသော ရုံးခန်းနှင့် အသုံးအဆောင်ပစ္စည်းများ မရှိခြင်းကြောင့် ရုံးအဆောက်အဦအား သင့်တော်သောနေရာသို့ ရွှေ့၍ ပြည်သူများအဆင်ပြေချောမွေ့မှုရှိစေရေး ကျယ်ပြန့်သောအဆောက်အဦ ရုံးနေရာအသစ်တစ်ခုကို တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ပဲခူးမြို့နယ်ဦးစီးမှူးရုံးသစ် ဆောက်လုပ်ရေးအတွက် ပြည်ထောင်စုဝန်ကြီးရုံးသို့ တင်ပြတောင်းခံသွားမည် ဖြစ်ပါကြောင်းနှင့် အဆောက်အဦဆောက်လုပ်ခွင့် မရရှိသေးပါသဖြင့် လက်ရှိအခြေအနေတွင် နေရာသစ်သို့ ပြောင်းရွှေ့ နိုင်ခြင်းမရှိသေးပါကြောင်း ရှင်းလင်းဖြေကြားခဲ့ပါသည်။

၅။ သို့ဖြစ်ပါ၍ မိမိဌာနပိုင်မြေနေရာတွင် အလျား(၇၀)ပေ၊ အနံ(၇၀)ပေ၊ အမြင့်(၁၄)ပေရှိ ပဲခူးမြို့နယ် ဦးစီးမှူးရုံး ရုံးအဆောက်အဦအသစ် ဆောက်လုပ်ရန်အတွက် ခန့်မှန်းကုန်ကျငွေ ကျပ်(၁၃၇.၀၀၀)သန်း (ကျပ်သန်းတစ်ရာသုံးဆယ်ခုနစ်တိတိ)အား ဦးစားပေး ခွင့်ပြုပေးနိုင်ပါရန် အင်ဂျင်နီယာ၏ ခန့်မှန်း တွက်ချက်မှု၊ မှတ်တမ်းဓါတ်ပုံများနှင့် ရုံးစာရွက်စာတမ်းများ ပူးတွဲပေးပို့တင်ပြအပ်ပါသည်။

(လက်မှတ်) ၁၅/၁/၂၀၂၀

တိုင်းဒေသကြီးဦးစီးမှူး (ယာယီ)
(သန်းဆွေဦး၊ ဒုတိယညွှန်ကြားရေးမှူး)

မိတ္တူကို -
- ရုံးလက်ခံ/ မျှော။